သြဂုတ်လ	- ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှု တိုးမြင့်စေရန်နှင့် ခရီးသည်များ အဆင်ပြေစေရန် e-Visa များထုတ်ပေးခြင်း၊ - (၄၇) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ပြုလုပ်ခြင်း၊ - (၄၆) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ အသိုက်အဝန်း ကောင်စီအစည်းအဝေးများ ပြုလုပ်ခြင်း၊ - မြန်မာနိုင်ငံ၏ ရှေ့ပြေးလူဦးရေစာရင်း ထုတ်ပြန်ခြင်း၊
စက်တင်ဘာလ	- (၃၆) ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး ပြုလုပ်ခြင်း၊ - ဘဏ္ဍာရေးဝန်ကြီးဌာနအောက်တွင် ငွေတိုက်ဦးစီးဌာနအား အသစ် ဖွင့်လှစ်ခြင်း၊

	- မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး လုပ်ငန်းအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခြင်း၊
	- I.K.B.Z Insurance Co., Ltd နှင့် Grand Guardian Insurance Public Co., Ltd တို့အား အမေရိကန်ဒေါ်လာဖြင့် အာမခံလုပ်ငန်းလက်ခံ ဆောင်ရွက်ခွင့်ပြုခြင်း၊
အောက်တိုဘာလ	- မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ပိုင်ခွင့်လိုင်စင် အပ်နှင်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ခြင်း၊
	- နိုင်ငံခြားဘဏ် ၉ ဘဏ်အား မြန်မာနိုင်ငံတွင် ဘဏ်ခွဲဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကနဦးအတည်ပြုချက် ထုတ်ပေးခြင်း၊
	- အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်းခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခြင်း၊
နိုဝင်ဘာလ	- ဒုတိယအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး ကျင်းပခဲ့ခြင်းနှင့် အဆိုပါအစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အာဆီယံ-အမေရိကန်နိုင်ငံများအကြား ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်း၊
	- မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ပူးတွဲကြေညာချက် တစ်ရပ်ထုတ်ပြန်ခြင်း၊
	- Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊
ဒီဇင်ဘာလ	- ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ ထုံးဘိုမြို့တွင် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း ဖွင့်လှစ်ခြင်း၊
	- အရင်းအနှီးဈေးကွက် ဖြစ်ပေါ်လာစေရေးအတွက် ရည်ရွယ်၍ မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံဒိုင်ဝါသုတေသနအဖွဲ့ လီမိတက်တို့ ပူးပေါင်း၍ ရန်ကုန်စတော့အိတ်ချိန်း ဖက်စပ်ကုမ္ပဏီလီမိတက် ထူထောင်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်း၊

ဇန်နဝါရီလ	- ဝင်ငွေနည်းပြည်သူများ ဝယ်ယူနိုင်စွမ်းရှိစေမည့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများရေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊ - အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အကူအညီ ရယူလျက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လ(၃၁) ရက်နေ့အထိ လုပ်သား အင်အား စစ်တမ်းကောက်ယူခြင်း၊ - မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များလာရောက်မှု တိုးတက်မြင့်မားလာစေရန် e-Visa စနစ်ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စ၍ ကမ္ဘာ့နိုင်ငံပေါင်း ၃၂ နိုင်ငံ ကို ထပ်မံခွင့်ပြုလိုက်သဖြင့် ကမ္ဘာ့နိုင်ငံ ပေါင်း ၁၀၀ မှ ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်နိုင်ပြီဖြစ်ခြင်း၊ - ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် သတ်မှတ်ချက်များကို ကြေညာချက်အမှတ်(၁/၂၀၁၅)ဖြင့် ထုတ်ပြန်ခြင်း၊ - ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင် အမျိုးအစားများအလိုက် သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခြင်း၊ - အစိုးရငွေတိုက်လက်မှတ်များ (Treasury Bills) ကို လေလံစနစ်ဖြင့် စတင်ရောင်းချခြင်း၊
ဖေဖော်ဝါရီလ	- ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုချီးမြှင့်ရေး စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊ - အခြေခံပညာကဏ္ဍတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့ မူလတန်းပညာရေးနှင့် အလယ်တန်းပညာရေး ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့ အထက်တန်းပညာရေး တိုးမြှင့်ဆောင်ရွက်ပေးမည် ဖြစ်ခြင်း၊

မတ်လ	- နေစွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် အရှေ့တောင် အာရှ နိုင်ငံများအနက် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင် ဆင်းသက်ခြင်း၊ - နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPL) ၏ (၆၅) ကြိမ်မြောက် ကမ္ဘာ့ ညီလာခံကို ပထမဆုံးအကြိမ် လက်ခံကျင်းပခြင်း၊ - ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထား များတိုးမြှင့် သတ်မှတ်ပေးရန် အမိန့်ကြော်ငြာစာအမှတ်၊ ၈၇/၂၀၁၅ ကို ထုတ်ပြန်ခြင်း၊ - ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့သည် ငြိမ်းချမ်းရေးတံခါးကို ပွင့်စေမည့် တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို လက်မှတ် ရေးထိုးနိုင်ခြင်း၊

အခန်း(၂)

မေခရိုစီးပွားရေးအခြေအနေ

အမေရိကန်ပြည်ထောင်စု၏စီးပွားရေးအခြေအနေသည် ၂၀၁၄ ခုနှစ်ပထမသုံးလပတ်တွင် အားနည်းမှုရှိခဲ့သော်လည်း အလုပ်လက်မဲ့နှုန်း ကျဆင်းလာမှု၊ ငွေကြေးဖောင်းပွမှုနှုန်း တည်ငြိမ်နေမှု၊ ဒေါ်လာတန်ဖိုး မြင့်တက်လာမှုနှင့် ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းလာမှုတို့ကြောင့် စတုတ္ထသုံးလပတ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၂.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းလာမှုနှင့် ဒေါ်လာတန်ဖိုး မြင့်တက်လာမှုတို့ကြောင့် အသားတင်ပို့ကုန်ကို ကျဆင်းစေမည်ဖြစ်သော်လည်း အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ ပြည်တွင်းဝယ်လိုအားမြင့်တက်လာမှု၊ ငွေကြေးဆိုင်ရာမူဝါဒများကို အမြဲမပြတ်စီမံခန့်ခွဲထောက်ပံ့ပေးနိုင်မှု၊ အိမ်ရာဈေးကွက် တည်ငြိမ်မှုတို့ကြောင့် ၂၀၁၅ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကို ၃.၃ ရာခိုင်နှုန်း တိုးတက်မည်ဟု IMF ကခန့်မှန်းထားပါသည်။

ယူရိုငွေကြေးသုံးစွဲသည့် နိုင်ငံများအနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် ဘဏ္ဍာရေးအကြပ်အတည်း ဖြစ်ပေါ်ပြီးနောက်ပိုင်းတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး စီးပွားရေးတိုးတက်မည်ဟု မျှော်မှန်းခဲ့ကြပါသည်။ သို့သော် စီးပွားရေးဆိုင်ရာလုပ်ငန်းများ ပြန်လည်နာလန်ထူလာနိုင်ရန် ဆောင်ရွက်ရန်လုပ်ငန်းများ များစွာကျန်ရှိနေခဲ့ပါသည်။ သို့ရာတွင် ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းခဲ့မှု၊ EURO ငွေကြေးတန်ဖိုးမြင့်တက်လာမှုနှင့် ဥရောပဆိုင်ရာဘဏ်လုပ်ငန်းအချို့ ဖျက်သိမ်းခဲ့သည့်အစီအစဉ်များကြောင့် ၂၀၁၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၁.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဥရောပကော်မရှင်မှ ဖော်ပြခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ၁.၇ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၂.၁ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းပါသည်-

ပုံ(၂-၁) ဥရောပသမဂ္ဂနိုင်ငံအချို့၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း)



Source; IMF.World Economic Outlook ,Jan 2015

ဂျပန်နိုင်ငံတွင် စားသုံးခွန်များ မျှော်မှန်းသည်ထက် တိုးမြင့်လာမှုကြောင့် ပြည်တွင်းဝယ်လိုအားကျဆင်းလာခြင်း၊ Structure ပြုပြင်ပြောင်းလဲမှုများ နှေးကွေးအားနည်းနေခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် အားနည်းခဲ့ပြီး စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ကျီဒီပီ)သည် မျှော်မှန်းထားသည်ထက် လျော့နည်းနေခဲ့၍ ၂၀၁၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း -၀.၁ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၁.၀ ရာခိုင်နှုန်း ရှိမည်ဖြစ်ကြောင်း IMF က ဖော်ပြထားပါသည်။

တရုတ်နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနေပြီး၊ အခြားဦးဆောင်ကဏ္ဍများတွင်လည်း တိုးတက်မှုများ နှေးကွေးနေသည့်အတွက် ၂၀၁၄ ခုနှစ် စီးပွားရေးတိုးတက်မှုသည် ၇.၄ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် ၆.၈ ရာခိုင်နှုန်းခန့်သာရှိမည်ဖြစ်ကြောင်း ခန့်မှန်းပါသည်။ သို့ဖြစ်၍ တရုတ်အာဏာပိုင်များသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အခွန်လျှော့ချခြင်း၊ စီးပွားရေးအခြေခံအဆောက်အအုံအတွက် ဘဏ္ဍာရေးသုံးစွဲမှုကို မြှင့်တင်ခြင်း၊ ပို့ကုန်တိုးမြှင့်ခြင်းစသည်ဖြင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုခန့်မှန်းခြေသည် ကျယ်ကျယ်ပြန့်ပြန့်ပြောင်းလဲမှုမရှိပါ ။ ကမ္ဘာ့လောင်စာဆီဈေးနှုန်းကျဆင်းမှုကြောင့် ပြည်ပဝယ်လိုအားကျဆင်းမှုကို ကာမိစေပြီး အစိုးရသစ်၏ မူဝါဒပြောင်းလဲမှုများကြောင့် စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာခဲ့သဖြင့် ၂၀၁၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၇.၂ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၇.၄ ရာခိုင်နှုန်းသို့ တိုးတက်မည်ဟု IMF မှ ခန့်မှန်းပါသည်။

စီးပွားရေးထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပြည်တွင်းဝယ်လိုအား တိုးလာခြင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဆက်သွယ်မှုများလာခြင်းတို့ကြောင့် စီးပွားရေးတိုးတက်မှုနှုန်းအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၄.၄ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၄.၄ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၄.၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းပါသည်-

ပုံ(၂-၂)ထွန်းသစ်စနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု(ရာခိုင်နှုန်း)



Source; IMF. World Economic Outlook ,Jan 2015

အာဆီယံနိုင်ငံအချို့၏ စီးပွားရေးအခြေအနေ

အာဆီယံဒေသသည် ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အားတစ်ခု ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ၃.၃ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားချိန်တွင် အာဆီယံ၏ ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၁၄ ခုနှစ်တွင် ၄.၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၅.၃ ရာခိုင်နှုန်း ရရှိမည်ဟု ခန့်မှန်းထားပါသည်။ အစိုးရများ၏ ကြွေးမြီလျော့နည်းမှု၊ သေချာသော စီးပွားရေးအခြေခံအုတ်မြစ်များ ခိုင်မာစွာ ဆောင်ရွက်ထားနိုင်မှုတို့ကြောင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးမှာ ကောင်းမွန်သော အနေအထားတွင် ရှိပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာနှင့်အာဆီယံနိုင်ငံများ စီးပွားရေးတိုးတက်မှုအတွက် အရေးပါသောနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး Core ASEAN Regional Outlook (IMF,OECD) အရ ၂၀၁၅ ခုနှစ်တွင် နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၅.၅ ရာခိုင်နှုန်း ရရှိမည်ဟု ခန့်မှန်းပါသည်။ စီးပွားရေးတိုးတက်မှုသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်၊ နောက်ဆုံးသုံးလပတ်တွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ခဲ့၍ ပျမ်းမျှ ၅.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ ဗဟိုဘဏ်အနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်း အနိမ့်ဆုံးဖြစ်ပေါ်စေရန် ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်လည်း တိုးတက်ခဲ့ပါသည်။

ထိုင်းနိုင်ငံသည် အာဆီယံနိုင်ငံများအနက် ဒုတိယစီးပွားရေး အခိုင်မာဆုံးသော နိုင်ငံဖြစ်ပါသည်။ ကာလရှည်နိုင်ငံရေး ဖိအားများကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါ က မျှော်မှန်းထားသည်ထက် လျော့နည်းခဲ့ပါသည်။

သို့သော် နိုင်ငံရေးတည်ငြိမ်လာမှုကြောင့် ၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ် စီးပွားရေးတိုးတက်မှုနှုန်းသည် ၀.၆ ရာခိုင်နှုန်းမှ နောက်ဆုံးသုံးလပတ်တွင် ၂.၂ ရာခိုင်နှုန်းသို့ရရှိလာ၍ ပျမ်းမျှ ၀.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် နှစ်စဉ်တိုးတက်မှုနှုန်း ၄.၀ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။

ပုံ(၂-၃) အာဆီယံနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု ခန့်မှန်းချက်

Source; IMF. World Economic Outlook ,Jan 2015

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် ယခုအခါတွင် တည်ငြိမ်မှုရှိနေပြီးပို့ကုန်ကုန်ပစ္စည်းများ အဓိကလုပ်ဆောင်သော လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာသည်ဟု ဗီယက်နမ်အာဏာပိုင်များကဆိုပါသည်။ ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် အခြားအရှေ့တောင်အာရှနိုင်ငံများအနက် ပမာဏအများဆုံးဖြစ်ပြီး ဂျီဒီပီ၏ ၆ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ဘဏ်မှ ဖော်ပြထားပါသည်။ ဗီယက်နမ်နိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံသူအများစုမှာ အရှေ့အာရှနိုင်ငံများမှဖြစ်ပါသည်။ အစိုးရပိုင်ဘဏ်လုပ်ငန်းနှင့် သမဝါယမကဏ္ဍတွင် အကြွေးတင်ရှိနေသောကြောင့် ဗီယက်နမ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်း လျော့ကျဖွယ်ရှိနေသော်လည်း ပို့ကုန်အဓိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုသည် ပြည်တွင်းဝယ်လိုအားနည်းပါးမှုကို တစ်စိတ်တစ်ဒေသအားဖြင့် ကာမိစေပါသည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၄ ခုနှစ်တွင် ၅.၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၅.၆ ရာခိုင်နှုန်းသို့ တိုးတက်လာနိုင်ဖွယ်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့မှ ခန့်မှန်း ထားပါသည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ခိုင်မာသော အကောင်အထည်ဖော်နိုင်မှုနှင့် အတူ ၂၀၁၆ ခုနှစ်တိုင် ဆက်လက်တိုးတက်နေမည်ဟု ခန့်မှန်းပါသည်။ ပြည်တွင်း ဝယ်လိုအား အခြေခံ ချဲ့ထွင်လာနိုင်မှုကြောင့် ၂၀၁၄ ခုနှစ် တတိယသုံးလပတ်တွင် စီးပွားရေးတိုးတက်မှု သည် ၅.၆ ရာခိုင်နှုန်းရှိရာမှ စတုတ္ထသုံးလပတ်တွင် ၆.၀ ရာခိုင်နှုန်းသို့ တိုးတက်လာပါသည်။ အိမ်ထောင်စုဝင်ငွေများတိုးတက်လာမှု၊ အထောက်အကူပေးနိုင်သောလုပ်သားဈေးကွက်များရှိမှု၊ လောင်စာဆီဈေးနှုန်းကျဆင်းမှုတို့က ပြည်တွင်းသုံးစွဲမှုကို မြင့်တက်စေခဲ့ပါသည်။ နိုင်ငံတကာ ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ပြည်ပပို့ကုန်တင်ပို့မှု လျော့နည်းလာမှုတို့ ကြောင့် စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၅ ခုနှစ်တွင် ပျမ်းမျှ ၅.၀ ရာခိုင်နှုန်းခန့်သာ တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

ကုန်သွယ်မှုဦးစားပေးဆောင်ရွက်နေသော စင်ကာပူနိုင်ငံသည် ၂၀၁၄ ခုနှစ် နှစ်ဝက်တွင် ဥရောပသမဂ္ဂ၊ ဂျပန်၊ တရုတ်နိုင်ငံတို့မှ ဝယ်လိုအားကျဆင်းလာမှုကြောင့် စီးပွားရေးတိုးတက်မှု အခြေအနေသည် ၂၀၁၄ ခုနှစ် ပထမသုံးလပတ်တွင်ရှိနေသော စီးပွားရေးတိုးတက်မှုနှုန်း ၃.၂ ရာခိုင်နှုန်းမှ နှစ်ဝက်တွင် ခန့်မှန်းထားသည်ထက် အနည်းငယ်လျော့နည်းခဲ့ပြီး ၂၀၁၄ ခုနှစ်၊ နောက်ဆုံး သုံးလပတ်တွင် ၂.၈ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါသည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စု၏ ဝယ်လိုအားမြင့်တက်လာမှု၊ ကမ္ဘာ့နည်းပညာ စက်မှုလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာမှု၊ အိမ်ထောင်စုများ၏ ကျန်းမာရေးဆိုင်ရာ စရိတ်သုံးစွဲမှုများကြောင့် ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုသည် နှစ်စဉ် ၃.၀ ရာခိုင်နှုန်း တိုးတက် လာမည်ဟု ခန့်မှန်းပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးသည် ၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်တွင် စီးပွားရေး တိုးတက်မှုသည် ၅.၃ ရာခိုင်နှုန်းရှိရာမှ စတုတ္ထသုံးလပတ်တွင် ၆.၉ ရာခိုင်နှုန်းသို့ တိုးတက် လာပါသည်။ ပြည်တွင်းအိမ်ထောင်စုများ၏ စားသုံးမှုမြင့်တက်လာမှု၊ နိုင်ငံခြားရောက် ဖိလစ်ပိုင် အလုပ်သမားများ၏ စွမ်းဆောင်ရည်မြင့်မားလာမှု၊ ဂျီဒီပီ၏ ၈.၆ ရာခိုင်နှုန်းမျှရှိသော နိုင်ငံခြားရောက် ဖိလစ်ပိုင်အလုပ်သမားများ၏ လွှဲပို့ငွေတိုးတက်လာမှုတို့ကြောင့် ၂၀၁၅ ခုနှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ၆.၂၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။

မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုနှုန်း အခြေအနေကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ (IMF)နှင့် ကမ္ဘာ့ဘဏ်တို့က ၈.၅ ရာခိုင်နှုန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) က ၈.၃ ရာခိုင်နှုန်းဖြင့် အရှေ့တောင်အာရှနိုင်ငံများအနက် ၂၀၁၅ ခုနှစ်၌ အလျင်မြန်ဆုံး တိုးတက်သည့် နိုင်ငံဖြစ်မည်ဟု ခန့်မှန်းပါသည်။ ပို့ကုန်ပစ္စည်းအမျိုးအမည် တိုးပွားလာခြင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူ နိုင်ငံခြားခရီးသွားဧည့်သည် တိုးပွားလာခြင်း၊ အကြွေးစနစ်ကျယ်ပြန့်

လာခြင်း(credit growth)၊ မြန်မာနိုင်ငံတွင် အမြောက်အများ ရင်းနှီးမြှုပ်နှံကြခြင်းနှင့် မူဝါဒပြုပြင်ပြောင်းလဲခြင်း၏ ရလဒ်အဖြစ် စီးပွားရေးအရယုံကြည်မှု ရှိလာခြင်းတို့ကြောင့် မြန်မာ့စီးပွားရေး တိုးတက်မှုမြင့်မားလာခြင်းဖြစ်သည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ သုံးသပ်ပါသည်။

ပုံ(၂-၄) မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းသည့် တိုးတက်မှုနှုန်း အခြေအနေ



Source: ADB April 2015, IMF Mar 2015, The World Bank March2015

မြန်မာ့မေခရိုစီးပွားရေးအခြေအနေ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လူမှုဘဝ သာယာဝပြောရေး၊ ဈေးနှုန်း တည်ငြိမ်မှု ရရှိရေး၊ ပြည်ပ ကုန်သွယ်မှု မြင့်တင်ရေး၊ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နေသည့် စီးပွားရေးစနစ် ဖြစ်ပေါ်ရေး၊ နိုင်ငံတကာ၏ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ ဖြစ်ပေါ်နေစေရေး၊ အတွက် မေခရိုစီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် မေခရိုစီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးပွားရေးနှင့်လူမှုရေး တိုးတက်လာခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်(ယာယီ)စာရင်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) မှာ ကျပ်ဘီလီယံ ၆၅,၄၃၇.၁ ရရှိခဲ့ပြီး တိုးတက်မှုနှုန်းအနေဖြင့် ၈.၇ ရာခိုင်နှုန်းရရှိခဲ့ပါသည်။ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) မှာ ကျပ် ၁,၂၆၅,၆၅၉ ဖြစ်ပါသည်။ စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဌာန်အနေဖြင့် လယ်ယာကဏ္ဍကြီးတွင် ၂၇.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၄.၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင်

၃၇.၇ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၉.၂ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)စာရင်းအရ ဘတ်ဂျက်လိုငွေဖြစ်ပေါ်ခဲ့ပြီး ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၃.၀ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီ အချိုးအနေဖြင့် ၃၅.၁ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းအနေဖြင့် ၂၀၁၅ ခုနှစ် မတ်လတွင် အမေရိကန်ဒေါ်လာ တစ်ယူနစ်လျှင် ၉၉၈ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်း အနေဖြင့် ၅.၉၀ ရာခိုင်နှုန်း ရှိပါသည်။ ပြည်ပပို့ကုန်အနေဖြင့် အမေရိကန် ဒေါ်လာ ၁၁,၂၀၄.၀ သန်းရှိခဲ့ပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၁၃,၇၅၉.၅ သန်း ရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေမှာ ၃.၁၈ သန်းရှိခဲ့ပြီး ၎င်းတို့သုံးစွဲခဲ့သည့် နိုင်ငံခြားငွေမှာ အမေရိကန်ဒေါ်လာ ၁၈၃၇.၀ သန်းရှိခဲ့ပါသည်။ အခြေခံအဆောက်အအုံများအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်တွင်းလျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုမှာ ကီလိုဝပ်နာရီ ၁၂,၄၄၂ သန်းရှိခဲ့ပါသည်။ လူ ၁,၀၀၀ လျှင် တယ်လီဖုန်း အသုံးပြုနိုင်မှုမှာ ၅၄၆ ဦးဖြစ်ပြီး အင်တာနက်သုံးစွဲနိုင်မှုမှာ ၃၄၄ ဦး ဖြစ်ပါသည်။ လူ ၁,၀၀၀ လျှင် မော်တော်ကားအသုံးပြုနိုင်မှုမှာ ၁၃ စီး ဖြစ်ပါသည်။

နိုင်ငံတော်၏လိုအပ်ချက်အရ ဦးစားပေးကဏ္ဍသတ်မှတ်ရေး၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား စီးပွားရေးဆန်ဆန် ဆောင်ရွက်ရေး၊ အရင်းအမြစ် များကို အကျိုးရှိဆုံး ခွဲဝေအသုံးချဆောင်ရွက်ရေး၊ အခွန်ရငွေနှင့်ဂျီဒီပီအချိုး တိုးတက်စေရန်နှင့် အခွန်ရုံးမှ စည်းကြပ် သည့်စနစ် (Official Assessment System) မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့် စနစ် (Self Assessment System) သို့ ကူးပြောင်းဆောင်ရွက်ရေးစသည့် မူဝါဒများချမှတ် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုသည့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး၊ ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု စနစ်များ ခိုင်မာတိုးတက်ရေးနှင့် ရှင်သန်သောစီးပွားရေးဖွံ့ဖြိုးမှု ရရှိစေရန် အစိုးရအဖွဲ့၏ အထွေထွေစီးပွားရေးမူဝါဒများကို အထောက်အကူပြု ငွေကြေးမူဝါဒများကို ချမှတ် ဆောင်ရွက်ခဲ့ပါသည်။

လူမှုစီးပွားရေးညွှန်ကိန်းများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၁-၂၀၁၂ (အမှန်)	၂၀၁၂-၂၀၁၃ (အမှန်)	၂၀၁၃-၂၀၁၄ (ရှေ့ပြေးအမှန်)	၂၀၁၄-၂၀၁၅ (မတ်လကုန် ယာယီ)
၁	**ဧရိယာ**					
	(က) အကျယ်အဝန်း	စတုရန်းမိုင်	၂၆၁,၂၂၈	၂၆၁,၂၂၈	၂၆၁,၂၂၈	၂၆၁,၂၂၈
		ဧကထောင်	၁၆၇,၁၈၆	၁၆၇,၁၈၆	၁၆၇,၁၈၆	၁၆၇,၁၈၆
	(ခ) အသားတင်စိုက်ပျိုးမြေ (စုစုပေါင်း ဧရိယာတွင် ပါဝင်မှု ရာခိုင်နှုန်း)	ရာခိုင်နှုန်း	၂၀.၁	၁၉.၇	၁၉.၆	၁၉.၇
၂	**စီးပွားရေးအခြေအနေ**					
	(က) ဂျီဒီပီ	ကျပ်သန်း	၄၆,၃၀၇,၈၈၇.၇	၅၁,၂၅၉,၂၆၀.၀	၅၈,၀၁၂,၇၅၄.၅	၆၅,၄၃၇,၀၉၅.၃
	(ခ) လူတစ်ဦးကျ ဂျီဒီပီ	ကျပ်	၉၂၃,၄၀၆	၁,၀၁၁,၆၈၉	၁,၁၃၃,၄၁၆	၁,၂၆၅,၆၅၉
	(ဂ) ဂျီဒီပီတိုးတက်မှုနှုန်း	ရာခိုင်နှုန်း	၅.၆	၇.၃	၈.၄	၈.၇
	(ဃ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း)					
	(၁)လယ်ယာ	ရာခိုင်နှုန်း	၃၂.၅	၃၀.၆	၂၉.၅	၂၇.၉
	(၂)စက်မှု	ရာခိုင်နှုန်း	၃၁.၃	၃၂.၄	၃၂.၄	၃၄.၄
	(၃)ဝန်ဆောင်မှု	ရာခိုင်နှုန်း	၃၆.၂	၃၇.၀	၃၈.၁	၃၇.၇
	(င) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း)					
	(၁)စားသုံးမှု	ရာခိုင်နှုန်း	၆၃.၀	၆၃.၄	၆၆.၃	၆၇.၂
	(၂)ရင်းနှီးမြှုပ်နှံမှု	ရာခိုင်နှုန်း	၂၉.၂	၂၉.၉	၃၁.၄*	၃၅.၁
	(၃)ပို့ကုန်	ရာခိုင်နှုန်း	၁၅.၄	၁၄.၈	၁၆.၇	၁၇.၆
	(၄)သွင်းကုန်	ရာခိုင်နှုန်း	၁၅.၈	၁၅.၁	၂၂.၉	၂၅.၄
၃	**ငွေကြေးနှင့်ဘဏ်လုပ်ငန်း**					
	(က)ငွေကြေးဖောင်းပွမှု(တစ်နှစ်ပျမ်းမျှ)	ရာခိုင်နှုန်း	၂.၈	၂.၉	၅.၇	၅.၉
	(ခ) ပြည်သူများ၏ စုဆောင်းငွေ	ကျပ်သန်း	၅,၈၅၀,၈၆၆	၉,၃၈၂,၁၀၆	၁၃,၄၆၉,၇၈၇	၁၅,၄၆၅,၂၉၄
	(ဂ) ပြည်သူများ၏ စုဆောင်းငွေ နှင့် ဂျီဒီပီအချိုး	ရာခိုင်နှုန်း	၁၂.၆	၁၈.၃	၂၃.၂	၂၃.၆
	(ဃ) ငွေလဲလှယ်မှုနှုန်း (Exchange Rate)	ကျပ်	၅.၃၉၉	၈၅၂	၉၆၇	၉၉၈
၄	**ကုန်သွယ်မှုအခြေအနေ**					
	(က) ကုန်သွယ်မှုပမာဏ	ဒေါ်လာသန်း	၁၈,၁၇၀.၇	၁၈,၀၄၅.၉	၂၄,၉၆၃.၅	၂၉,၁၅၆.၉
		ကျပ်သန်း	၁၄,၆၈၁,၈၉၃.၃	၁၅,၃၆၇,၅၅၀.၅	၂၄,၁၃၃,၄၂၀.၁	၂၉,၀၉၃.၅၈၇.၆
	(ခ)ကုန်သွယ်မှုနှင့် ဂျီဒီပီ အချိုး	ရာခိုင်နှုန်း	၃၁.၇	၃၀.၀	၄၁.၆	၄၄.၅
	(ဂ) အဓိကသွင်းကုန်များ					
	(၁) ရေနံထွက်ပစ္စည်းများ	ဒေါ်လာသန်း	၂,၀၀၄.၅	၁,၆၂၈.၁	၂,၃၉၁.၈	၂,၅၇၅.၇
	(၂) သယ်ယူပို့ဆောင်ရေးပစ္စည်းများ (မော်တော်ကား)	ဒေါ်လာသန်း	၇၆၉.၄	၁,၂၆၈.၈	၁,၃၃၅.၀	၁,၈၀၇.၅

* ၂၀၁၃-၂၀၁၄ (မတ်လကုန်) စာရင်းအရဖြစ်ပါသည်။

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၁-၂၀၁၂ (အမှန်)	၂၀၁၂-၂၀၁၃ (အမှန်)	၂၀၁၃-၂၀၁၄ (ရှေ့ပြေးအမှန်)	၂၀၁၄-၂၀၁၅ (မတ်လကုန် ယာယီ)
	(၃) အခြားစက်နှင့်စက်ပစ္စည်းများ	ဒေါ်လာသန်း	၉၈၀.၆	၆၉၂.၀	၁,၀၈၂.၃	၁,၅၇၉.၅
	(၄) သံနှင့်သံမဏိဆောက်လုပ်ရေး ပစ္စည်းများ	ဒေါ်လာသန်း	၈၇၆.၈	၅၄၇.၃	၈၁၃.၅	၁,၀၁၄.၇
	(၅) စားအုန်းဆီ	ဒေါ်လာသန်း	၃၈၈.၃	၂၅၁.၇	၄၀၀.၁	၃၄၁.၀
	(ဃ) အဓိကပို့ကုန်များ					
	(၁) သဘာဝဓာတ်ငွေ့	ဒေါ်လာသန်း	၃,၅၀၂.၅	၃,၆၆၆.၁	၃,၂၉၉.၂	၅,၁၇၈.၆
	(၂) ပဲအမျိုးမျိုး	ဒေါ်လာသန်း	၁,၁၂၀.၈	၉၆၁.၈	၈၉၆.၄	၁,၁၃၉.၉
	(၃) ချုပ်ပြီးအထည်	ဒေါ်လာသန်း	၄၉၇.၅	၆၉၅.၄	၈၈၄.၇	၁,၀၂၃.၄
	(၄) သစ်လုံး	ဒေါ်လာသန်း	၅၅၆.၈	၅၃၇.၃	၈၆၂.၉	၁၀.၈
	(၅) ကျောက်စိမ်း	ဒေါ်လာသန်း	၇၈၀.၃	၂၉၇.၉	၁၀၁၁.၆	၁,၀၁၈.၀
	(စ) ပို့ကုန် အဓိက တင်ပို့သည့် နိုင်ငံများ					
	(၁) ထိုင်းနိုင်ငံ	ရာခိုင်နှုန်း	၄၁.၉	၄၄.၆	၃၈.၄	၃၂.၂
	(၂) တရုတ်နိုင်ငံ	ရာခိုင်နှုန်း	၂၄.၇	၂၅.၁	၃၀.၃	၃၉.၆
	(၃) အိန္ဒိယနိုင်ငံ	ရာခိုင်နှုန်း	၁၁.၄	၁၁.၃	၁၀.၂	၆.၀
	(၄) စင်္ကာပူနိုင်ငံ	ရာခိုင်နှုန်း	၅.၉	၃.၂	၆.၂	၆.၁
	(၅) ဂျပန်နိုင်ငံ	ရာခိုင်နှုန်း	၃.၅	၄.၅	၄.၆	၄.၄
	(ဈ) သွင်းကုန် အဓိက တင်သွင်းသည့် နိုင်ငံများ					
	(၁) တရုတ်နိုင်ငံ	ရာခိုင်နှုန်း	၃၁.၀	၃၀.၁	၂၉.၉	၃၀.၅
	(၂) စင်္ကာပူနိုင်ငံ	ရာခိုင်နှုန်း	၂၇.၈	၂၈.၀	၂၁.၂	၂၄.၉
	(၃) ဂျပန်နိုင်ငံ	ရာခိုင်နှုန်း	၅.၆	၁၂.၀	၉.၄	၁၀.၅
	(၄) ထိုင်းနိုင်ငံ	ရာခိုင်နှုန်း	၇.၆	၇.၇	၁၀.၀	၁၀.၁
	(၅) ကိုရီးယားနိုင်ငံ	ရာခိုင်နှုန်း	၅.၀	၃.၈	၈.၉	၃.၀
၅	**လူမှုရေးတိုးတက်မှု**					
	(က)ကားစီးရေ(လူ၁,၀၀၀ လျှင်)	စီးရေ	၇	၈	၁၀	၁၃
	(ခ) တယ်လီဖုန်းအသုံးပြုမှု (လူ၁,၀၀၀ လျှင်)	လုံးရေ	၄၄	၈၆	၁၆၂	၅၄၆
	(ဂ) အင်တာနက်အသုံးပြုမှု (လူ၁,၀၀၀ လျှင်)	ဦးရေ	၀.၂	၁၇	၄၉	၃၄၄
	(ဃ) ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု	ကီလိုဝပ်နာရီ သန်း	၉,၉၂၈.၈	၁၀,၇၅၇.၅	၁၂,၄၂၂.၆	၁၄,၃၉၇.၉
၆	**ကမ္ဘာလှည့် ခရီးသည်**	ဦးရေ	၈၆၆,၉၈၉	၁,၃၃၉,၄၄၂	၂,၃၀၉,၈၆၄	၃,၁၈၄,၁၀၂

အခန်း(၃)

မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးအခြေအနေ

မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ပတ်သက်၍ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Gross Domestic Product-GDP) နှင့် စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲမှုအခြေအနေ၊ ဂျီဒီပီတိုးတက်မှုနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်း (Inflation)၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ ပြည်ပကုန်သွယ်မှု၊ ပြည်သူ့ဘဏ္ဍာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)။ နှစ်အလိုက်ဈေးနှုန်းအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် (၅၈,၀၁၂.၈) ဘီလီယံ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မတ်လကုန်အထိတွင် ကျပ် (၆၅,၄၃၇.၁)ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ဂျီဒီပီတိုးတက်မှုနှုန်း အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၈.၄)ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၈.၇) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လူတစ်ဦးစီ၏ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP)။ နှစ်အလိုက် ဈေးနှုန်းအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် (၁,၁၃၃,၄၁၆) ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် (၁,၂၆၅,၆၅၉) ရှိပါသည်။

စီးပွားရေး တိုးတက်မှု အခြေအနေ။ လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၃.၆) ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၃.၃) ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ စက်မှုကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၁၁.၄) ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၂.၄) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ဝန်ဆောင်မှုကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၁၀.၃) ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် (၁၀.၄) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

စီးပွားရေးပုံသဏ္ဌာန်။ စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲမှုအနေဖြင့် ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ပါဝင်မှုနှုန်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၂၉.၅) ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၂၇.၉) ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့သဖြင့် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုမှာ လျော့နည်းခဲ့ပါသည်။ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၃၂.၄) ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၃၄.၄) ရာခိုင်နှုန်း ဖြစ်ခြင်းကြောင့် မြင့်တက်ခဲ့ပါသည်။ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၃၈.၁) ရာခိုင်နှုန်းဖြစ်ပြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၃၇.၇)ရာခိုင်နှုန်း ဖြစ်ခြင်းကြောင့် အနည်းငယ် လျော့နည်းခဲ့ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်း။ ငွေကြေးဖောင်းပွမှုနှုန်း (နှစ်စဉ်ပျမ်းမျှ)မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၅.၉၀)ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၅.၇၂)ရာခိုင်နှုန်း ဖြစ်ပါသည်။

ပြည်ပကုန်သွယ်ရေးအခြေအနေ။ **ပို့ကုန်တန်ဖိုး**မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လ ကုန်တွင် အမေရိကန်ဒေါ်လာ (၁၂,၅၂၃.၇) သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် အမေရိကန် ဒေါ်လာ (၁,၃၁၉.၇) သန်း ပိုမိုတင်ပို့ခဲ့ပါသည်။ **သွင်းကုန်တန်ဖိုး**မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် အမေရိကန် ဒေါ်လာ (၁၆,၆၃၃.၂)သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် အမေရိကန်ဒေါ်လာ (၂,၈၇၃.၇) သန်း ပိုမိုတင်သွင်းခဲ့ပါသည်။ **ကုန်သွယ်မှု ပို့ငွေလိုငွေ**မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် လိုငွေ အမေရိကန်ဒေါ်လာ(၄,၁၀၉.၅) သန်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လိုငွေ အမေရိကန် ဒေါ်လာ (၂,၅၅၅.၅)သန်း ဖြစ်ပါသည်။ **ကုန်သွယ်မှု ပမာဏမှာ** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် အမေရိကန်ဒေါ်လာ (၂၉,၁၅၆.၉) သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် အမေရိကန်ဒေါ်လာ (၄,၁၉၃.၄) သန်း ပိုမိုခဲ့ပါသည်။

ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေစာရင်း။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းတွင် စုစုပေါင်း ရငွေကျပ် (၁၅,၅၈၉,၈၈၇.၁၃၄) သန်း ဖြစ်ပြီး စုစုပေါင်းအသုံးစရိတ် ကျပ် (၁၇,၅၈၅,၈၀၇.၇၀၀) သန်း ဖြစ်သဖြင့် လိုငွေ ကျပ်(၁,၉၉၅,၉၂၀.၅၆၆)သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေ ကျပ် (၁၄,၆၀၈,၀၄၂.၄၃၄) သန်း ဖြစ်ပြီး စုစုပေါင်း အသုံးစရိတ် ကျပ် (၁၄,၈၈၄,၃၇၈.၅၆၆) သန်း ဖြစ်သဖြင့် လိုငွေကျပ်(၂၇၆,၃၃၆.၁၃၂) သန်း ဖြစ်ပေါ်ခဲ့ပါသည်။

သာမန်ရငွေ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သာမန်ရငွေကျပ် (၁၄,၉၆၃,၂၃၄.၄၈၀) သန်း ရရှိခဲ့သဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ် (၁,၃၂၂,၆၉၀.၅၆၃) သန်း ပိုမိုရရှိခဲ့ပါသည်။

ငွေလုံးငွေရင်းရငွေ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် (၁၉၄,၀၅၀.၉၅၀) သန်း ရရှိခဲ့သဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ် (၈၀,၄၂၉.၆၅၆)သန်း လျော့နည်းခဲ့ပါသည်။

သာမန်အသုံးစရိတ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အသုံးစရိတ် (၁၂,၅၅၈,၁၃၈.၉၈၂) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ် (၂,၆၂၅,၇၇၄.၃၆၂) သန်း ပိုမိုသုံးစွဲခဲ့ပါသည်။

ငွေလုံးငွေရင်းအသုံးစရိတ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေလုံးငွေရင်း အသုံးစရိတ်များကို စိစစ်သုံးစွဲခွင့်ပြုခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် (၄,၅၂၉,၂၀၆.၃၇၆) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ် (၁,၃၀၅.၁၈၀)သန်း လျော့နည်းသုံးစွဲခဲ့ပါသည်။

ကြွေးမြီအသုံးစရိတ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် (၄၉၈,၄၆၂.၃၄၂)သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ်(၇၆,၉၅၉.၉၅၂)သန်း ပိုမိုသုံးစွဲခဲ့ပါသည်။

ဘဏ္ဍာရေးပိုငွေ/လိုငွေ။ ပြည်ထောင်စု၏ ရသုံးမှန်းခြေငွေစာရင်းအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းတွင် သာမန်စာရင်းမှ ပိုငွေကျပ် (၂,၄၀၅,၀၉၅.၄၉၈) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပိုငွေကျပ် (၃,၇၀၈,၁၇၉.၂၉၇) သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်း အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းတွင် လိုငွေ ကျပ် (၄,၃၃၅,၁၅၅.၄၂၆) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် လိုငွေကျပ် (၄,၂၅၆,၀၃၀.၉၅၀) သန်း ဖြစ်ပါသည်။ ဘဏ္ဍာရေး ပိုငွေ/လိုငွေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းတွင် လိုငွေ ကျပ် (၁,၉၉၅,၉၂၀.၅၆၆) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လိုငွေကျပ် (၂၇၆,၃၃၆.၁၃၂) သန်း ဖြစ်ပေါ်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်ရသုံးခန့်မှန်းခြေစာရင်း။ ရငွေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းတွင် ကျပ်(၂,၇၀၁,၇၀၇.၈၁၆)သန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ် (၁,၅၅၅,၃၅၂.၇၇၈) သန်း ပိုမိုရရှိခဲ့ပါသည်။အသုံးစရိတ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းတွင် ကျပ် (၂,၇၀၀,၃၉၆.၅၈၅) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ် (၁,၄၅၉,၃၈၂.၆၁၂) သန်း ပိုမို သုံးစွဲခဲ့ပါသည်။

ပြည်ပအကူအညီအထောက်အပံ့။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ပအကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံချက် (၉၈) ခုရှိပြီး အမေရိကန်ဒေါ်လာ သန်း (၅၄၃.၇၃) ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ပအကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံချက် (၁၁၅) ခုရှိပြီး အမေရိကန်ဒေါ်လာသန်း (၄၈၀.၃၃၈) ရှိပါသည်။ ပြည်ပချေးငွေမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း (၉၆၁.၆၂)နှင့် ဂျပန်ယန်း (၅၁,၀၅၂.၃၄) သန်း ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာသန်း (၁,၀၆၈.၃၈) ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍ။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် ကျပ်(၂၂,၉၈၃,၃၈၀.၇) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန် ထက် ကျပ်(၄,၇၆၉,၉၂၃.၈) သန်း ပိုမို ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုအခြေအနေကို နိုင်ငံပိုင် အခန်း၊ သမဝါယမပိုင်အခန်း၊ ပုဂ္ဂလိကပိုင် အခန်းဟူ၍ ခွဲခြားတင်ပြအပ်ပါသည်။

နိုင်ငံပိုင်အခန်း။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) စာရင်းအရ ရင်းနှီးမြှုပ်နှံမှု ကျပ် (၅,၈၂၇,၆၇၂.၈) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ် (၈၂၇,၅၃၇.၀) သန်း ပိုမို ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

သမဝါယမပိုင်အခန်း။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် ရင်းနှီးမြှုပ်နှံမှု ကျပ် (၂,၃၈၀.၄) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ် (၅၃၄.၅) သန်း ပိုမိုရင်းနှီးမြှုပ်နှံ ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်း။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် ရင်းနှီးမြှုပ်နှံမှု ကျပ် (၁၇,၁၅၃,၃၂၇.၅) သန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ် (၃,၉၄၁,၈၅၂.၃) သန်း ပိုမို ရင်းနှီးမြှုပ်နှံ ခဲ့ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (မတ်လကုန်) တွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၈,၂၉၈.၂)သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၄,၁၃၅.၂) သန်း ပိုမို ရင်းနှီးမြှုပ်နှံ ခဲ့ပါသည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (မတ်လကုန်)တွင် ရင်းနှီးမြှုပ်နှံမှု ကျပ် (၁,၂၀၆,၉၂၂.၀) သန်း ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ကျပ်(၅၀၈,၈၃၀.၃) သန်း လျော့နည်း ခဲ့ပါသည်။

ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေး။ တစ်နိုင်ငံလုံးရှိဘဏ်အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘဏ် (၂၃) ခု ရှိ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ဘဏ် (၁) ခု ပိုမိုခဲ့ပြီး ဘဏ်ခွဲအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘဏ်ခွဲ (၁,၀၄၀) ခု ရှိ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ဘဏ်ခွဲ (၃၄၅) ခု ပိုမိုခဲ့ပါသည်။ အလိုအလျောက် ငွေထုတ်စက်စနစ်ဖြင့် ဆောင်ရွက်သော ဘဏ် အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၃) ခုရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် (၄) ခု ပိုမိုခဲ့ပါသည်။ မှတ်ပုံတင်ထားသော ငွေရေးကြေးရေးကုမ္ပဏီ အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၉) ခု ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ထက် (၅) ခု ပိုမိုခဲ့ပါသည်။

ငွေလဲလှယ်နှုန်း။ ပျမ်းမျှငွေလဲလှယ်နှုန်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ညီမျှကျပ်ငွေ (၉၉၇.၈၃) ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ညီမျှကျပ်ငွေ (၉၆၆.၇၅) ရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှစ၍ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းအား Floating Exchange Rate စနစ်ဖြင့် ထိန်းကျောင်းနိုင်ခဲ့ပါသည်။

ဇယား(၃-၁) မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေ

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅
၁	၂	၃	၄
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး Gross Domestic Product (GDP)			
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)	ကျပ်ဘီလီယံ	၅၈,၀၁၂.၈ (ရှေ့ပြေးအမှန်)	၆၅,၄၃၇.၁ (မတ်လကုန်)
လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက် ဈေးနှုန်း)	ကျပ်	၁,၁၃၃,၄၁၆	၁,၂၆၅,၆၅၉
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း	(%)	၈.၄	၈.၃
ကဏ္ဍကြီးများအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း			
လယ်ယာ	(%)	၃.၆	၃.၃
စက်မှု	(%)	၁၁.၄	၁၂.၄
ဝန်ဆောင်မှု	(%)	၁၀.၃	၁၀.၄
စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုး (နှစ်အလိုက်ဈေးနှုန်း)			
လယ်ယာ	(%)	၂၉.၅	၂၇.၉
စက်မှု	(%)	၃၂.၄	၃၄.၄
ဝန်ဆောင်မှု	(%)	၃၈.၁	၃၇.၇

ဇယား (၃-၂)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်

စီမံကိန်းရည်မှန်းချက် နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(နှစ်အလိုက်စျေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

စဉ်	ကဏ္ဍ	စီမံကိန်းရည်မှန်းချက်	အကောင်အထည်ဖော်နိုင်မှုတန်ဖိုး		
			ပထမ (၆) လ	ဒုတိယ (၆) လ	၁ နှစ်
၁	စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	၆၆,၂၃၅,၇၀၆.၆	၂၂,၃၄၄,၃၀၆.၁	၄၃,၀၉၂,၇၈၉.၂	၆၅,၄၃၇,၀၉၅.၃
၂	လယ်ယာ	၁၃,၇၅၉,၀၂၉.၉	၃,၀၀၄,၈၆၅.၄	၉,၈၆၇,၉၅၈.၂	၁၂,၈၇၂,၈၂၃.၆
၃	သားငါး	၅,၀၄၄,၄၁၅.၂	၂,၃၀၉,၁၅၁.၈	၂,၉၂၉,၅၉၅.၀	၅,၂၃၈,၇၄၆.၈
၄	သစ်တော	၁၁၀,၉၇၆.၆	၃၅,၃၆၆.၅	၁၀၃,၀၁၃.၆	၁၃၈,၃၈၀.၁
၅	စွမ်းအင်	၄,၄၇၅,၇၂၂.၈	၁,၉၁၇,၈၀၀.၈	၂,၀၉၃,၆၃၀.၂	၄,၀၁၁,၄၃၁.၀
၆	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၇၁၀,၃၄၄.၁	၂၃၉,၅၂၅.၁	၅၄၄,၂၇၃.၃	၇၈၃,၇၉၈.၄
၇	စက်မှုလက်မှု	၁၃,၅၄၂,၅၂၈.၉	၃,၉၇၅,၃၉၆.၂	၉,၀၆၈,၃၁၁.၅	၁၃,၀၄၃,၇၀၇.၇
၈	လျှပ်စစ်မောတ်အား	၁,၀၁၉,၈၉၄.၁	၄၆၂,၆၇၆.၅	၄၆၂,၂၈၂.၆	၉၂၄,၉၅၉.၁
၉	ဆောက်လုပ်မှု	၃,၄၈၀,၆၁၈.၀	၁,၁၅၉,၁၁၄.၅	၂,၆၁၇,၉၇၆.၇	၃,၇၇၇,၀၉၁.၂
၁၀	ပို့ဆောင်ရေး	၇,၅၄၀,၉၇၀.၄	၃,၂၄၇,၇၆၀.၄	၄,၂၆၀,၇၈၃.၀	၇,၅၀၈,၅၄၃.၄
၁၁	ဆက်သွယ်ရေး	၅၈၈,၅၃၄.၈	၅၂၄,၇၃၄.၇	၆၉၆,၂၂၀.၅	၁,၂၂၀,၉၅၅.၂
၁၂	ငွေရေးကြေးရေး	၉၈,၉၂၄.၀	၅၇,၂၄၄.၄	၇၈,၅၄၆.၁	၁၃၅,၇၉၀.၅
၁၃	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁,၈၈၆,၂၂၂.၁	၈၈၅,၈၅၉.၁	၁,၁၃၉,၆၇၅.၁	၂,၀၂၅,၅၃၄.၂
၁၄	ပုဂ္ဂိုလ်ဆိုင်ရာဝန်ဆောင်မှု	၁,၄၉၈,၁၇၀.၃	၇၃၉,၃၃၈.၁	၇၉၇,၉၇၃.၆	၁,၅၃၇,၃၁၁.၇
၁၅	ကုန်သွယ်မှု	၁၂,၄၇၉,၃၅၅.၄	၃,၇၈၅,၄၇၂.၆	၈,၄၃၂,၅၄၉.၈	၁၂,၂၁၈,၀၂၂.၄
	ပါဝင်မှုအချိုးအစား (%)				
၁၆	လယ်ယာကဏ္ဍကြီး	၂၈.၆	၂၃.၉	၂၉.၉	၂၇.၉
၁၇	စက်မှုကဏ္ဍကြီး	၃၅.၀	၃၄.၇	၃၄.၃	၃၄.၄
၁၈	ဝန်ဆောင်မှုကဏ္ဍကြီး	၃၆.၄	၄၁.၄	၃၅.၈	၃၇.၇

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (၃-၃)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်
စီမံကိန်းရည်မှန်းချက် နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(နှစ်အလိုက်စျေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	စီမံကိန်း ရည်မှန်းချက်	အကောင်အထည် ဖော်နိုင်မှုတန်ဖိုး		
			ပထမ (၆) လ	ဒုတိယ (၆) လ	၁ နှစ်
၁	ကချင်ပြည်နယ်	၁,၅၅၁,၂၉၀.၅	၃၁၉,၄၃၈.၅	၉၂၂,၃၂၈.၅	၁,၂၄၁,၇၆၇.၀
၂	ကယားပြည်နယ်	၂၂၇,၈၇၆.၇	၈၄,၁၅၁.၆	၁၄၂,၂၇၆.၈	၂၂၆,၄၂၈.၄
၃	ကရင်ပြည်နယ်	၁,၁၃၃,၀၈၅.၄	၃၁၈,၄၇၅.၀	၈၄၇,၂၇၃.၀	၁,၁၆၅,၇၄၈.၀
၄	ချင်းပြည်နယ်	၂၄၂,၄၇၀.၄	၇၉,၀၇၀.၆	၁၅၅,၈၆၉.၀	၂၃၄,၉၃၉.၆
၅	စစ်ကိုင်းတိုင်းဒေသကြီး	၇,၂၃၂,၂၅၅.၇	၂,၀၉၁,၇၁၃.၅	၅,၃၃၈,၈၃၉.၃	၇,၄၃၀,၅၅၂.၈
၆	တနင်္သာရီတိုင်းဒေသကြီး	၃,၅၃၆,၁၆၆.၂	၁,၆၁၄,၁၀၃.၃	၁,၈၈၉,၉၇၃.၅	၃,၅၀၄,၀၇၆.၈
၇	ပဲခူးတိုင်းဒေသကြီး	၅,၁၈၈,၆၇၄.၁	၁,၃၂၅,၉၃၅.၄	၃,၈၆၂,၉၈၅.၅	၅,၁၈၈,၉၂၀.၉
၈	မကွေးတိုင်းဒေသကြီး	၆,၁၃၉,၁၃၂.၃	၂,၂၇၇,၀၈၀.၀	၃,၆၇၅,၆၉၉.၅	၅,၉၅၂,၇၇၉.၅
၉	မန္တလေးတိုင်းဒေသကြီး	၆,၇၈၆,၀၈၅.၆	၂,၂၇၄,၀၃၈.၃	၄,၃၇၄,၆၆၅.၆	၆,၆၄၈,၇၀၃.၉
၁၀	မွန်ပြည်နယ်	၂,၆၅၈,၇၁၉.၆	၈၄၄,၅၁၁.၀	၁,၇၁၈,၂၇၃.၄	၂,၅၆၂,၇၈၄.၄
၁၁	ရခိုင်ပြည်နယ်	၂,၉၅၆,၄၀၆.၄	၁,၀၆၀,၉၈၈.၄	၁,၉၈၀,၆၀၇.၄	၃,၀၄၁,၅၉၅.၈
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၃,၉၉၀,၉၈၆.၅	၅,၂၂၇,၄၉၃.၅	၉,၂၂၀,၄၄၂.၀	၁၄,၄၄၇,၉၃၅.၅
၁၃	ရှမ်းပြည်နယ်	၄,၁၇၃,၄၄၆.၁	၁,၃၅၆,၁၆၂.၆	၂,၆၆၅,၁၉၁.၃	၄,၀၂၁,၃၅၃.၉
၁၄	ဧရာဝတီတိုင်းဒေသကြီး	၈,၉၇၄,၇၉၈.၂	၂,၉၈၅,၁၂၂.၉	၅,၃၆၆,၅၂၆.၈	၈,၃၅၁,၆၄၉.၇
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၄၄၄,၃၁၂.၉	၄၈၆,၀၂၁.၅	၉၃၁,၈၃၇.၆	၁,၄၁၇,၈၅၉.၁

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (၃-၄)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်

စီမံကိန်းရည်မှန်းချက် နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

စဉ်	ကဏ္ဍ	စီမံကိန်း ရည်မှန်းချက်	အကောင်အထည် ဖော်နိုင်မှုတန်ဖိုး		
			ပထမ (၆) လ	ဒုတိယ (၆) လ	၁ နှစ်
၁	စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး	၅၄,၄၈,၂၆၃.၃	၁၇,၈၆၁,၂၄၉.၂	၃၅,၂၇၁,၀၉၃.၈	၅၃,၁၃၂,၃၄၃.၀
၂	လယ်ယာ	၁၁,၉၄၄,၀၈၇.၈	၂,၇၁၈,၅၇၀.၉	၈,၄၈၀,၇၇၁.၀	၁၁,၁၉၉,၃၄၁.၉
၃	သားငါး	၄,၄၃၉,၈၀၉.၉	၂,၀၈၀,၉၄၅.၁	၂,၄၃၈,၉၄၈.၂	၄,၅၁၉,၈၉၃.၃
၄	သစ်တော	၁၀၅,၄၁၀.၅	၃၂,၄၀၃.၂	၉၄,၀၂၉.၄	၁၂၆,၄၃၂.၆
၅	စွမ်းအင်	၈၀,၅၂၄.၁	၄၁,၀၈၂.၄	၄၇,၇၅၈.၂	၈၈,၈၄၀.၆
၆	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၄၅၁,၆၇၈.၆	၁၉၃,၄၉၇.၂	၄၁၉,၄၀၁.၇	၆၁၂,၈၉၈.၉
၇	စက်မှုလက်မှု	၁၁,၈၀၂,၃၈၄.၁	၃,၄၄၉,၀၆၇.၁	၇,၉၅၀,၂၀၅.၈	၁၁,၃၉၉,၂၇၂.၉
၈	လျှပ်စစ်ဓာတ်အား	၆၄၀,၂၀၆.၈	၃၂၁,၂၄၉.၃	၃၁၁,၄၇၄.၆	၆၃၂,၇၂၃.၉
၉	ဆောက်လုပ်မှု	၂,၈၅၂,၈၁၉.၁	၉၁၇,၄၈၇.၅	၂,၀၃၈,၄၆၂.၁	၂,၉၅၅,၉၄၉.၆
၁၀	ပို့ဆောင်ရေး	၆,၆၇၅,၂၉၃.၇	၂,၉၀၀,၆၄၀.၇	၃,၇၀၄,၈၃၁.၆	၆,၆၀၅,၄၇၂.၃
၁၁	ဆက်သွယ်ရေး	၂,၆၁၄,၁၇၉.၅	၈၈၇,၈၇၆.၇	၁,၅၄၇,၂၀၀.၀	၂,၄၃၅,၀၇၆.၇
၁၂	ဌေရေးကြေးရေး	၁၂၇,၆၆၀.၄	၇၃,၈၇၃.၆	၁၀၁,၃၆၄.၀	၁၇၅,၂၃၇.၆
၁၃	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁,၃၈၆,၉၃၉.၇	၆၁၃,၈၆၁.၁	၈၀၇,၅၈၀.၇	၁,၄၂၁,၄၄၁.၈
၁၄	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁,၂၅၁,၁၃၁.၄	၆၀၀,၇၁၇.၀	၆၆၈,၇၃၉.၄	၁,၂၆၉,၄၅၆.၄
၁၅	ကုန်သွယ်မှု	၁၀,၀၅၆,၁၃၇.၇	၃,၀၂၉,၉၇၇.၄	၆,၆၆၀,၃၂၇.၁	၉,၆၉၀,၃၀၄.၅

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (၃-၅)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက် နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	စီမံကိန်း ရည်မှန်းချက်	အကောင်အထည် ဖော်နိုင်မှုတန်ဖိုး		
			ပထမ (၆) လ	ဒုတိယ (၆) လ	၁ နှစ်
၁	ကချင်ပြည်နယ်	၁,၂၆၁,၇၅၅.၆	၂၆၁,၄၆၄.၉	၇၄၇,၈၁၁.၆	၁,၀၀၉,၂၇၆.၅
၂	ကယားပြည်နယ်	၁၉၆,၃၂၀.၅	၇၃,၀၆၇.၇	၁၂၃,၅၈၃.၈	၁၉၆,၆၅၁.၅
၃	ကရင်ပြည်နယ်	၁,၀၀၂,၇၄၈.၉	၂၈၅,၄၃၈.၄	၇၂၂,၉၈၄.၀	၁,၀၀၈,၄၂၂.၄
၄	ချင်းပြည်နယ်	၂၂၀,၆၀၂.၄	၆၇,၅၈၆.၁	၁၃၀,၅၈၂.၈	၁၉၈,၁၆၈.၉
၅	စစ်ကိုင်းတိုင်းဒေသကြီး	၆,၃၂၉,၀၁၅.၉	၁,၈၃၈,၃၁၇.၆	၄,၆၀၈,၅၉၄.၄	၆၄၄,၆၉၁၂.၀
၆	တနင်္သာရီတိုင်းဒေသကြီး	၁,၈၆၃,၁၀၁.၃	၈၀၆,၀၂၂.၆	၁,၀၇၀,၃၁၃.၈	၁,၈၇၆,၃၃၆.၄
၇	ပဲခူးတိုင်းဒေသကြီး	၄,၆၇၂,၇၄၅.၃	၁,၂၁၁,၂၇၇.၈	၃,၃၃၃,၀၃၄.၉	၄,၅၄၄,၃၁၂.၇
၈	မကွေးတိုင်းဒေသကြီး	၅,၁၇၀,၃၁၉.၀	၁,၉၄၂,၃၃၃.၉	၃,၀၉၅,၆၇၁.၅	၅,၀၃၅,၆၇၁.၄
၉	မန္တလေးတိုင်းဒေသကြီး	၆,၂၁၃,၉၇၆.၇	၂,၀၃၃,၉၅၀.၈	၃,၉၀၁,၄၀၀.၂	၅,၉၃၅,၃၅၁.၀
၁၀	မွန်ပြည်နယ်	၂,၃၅၅,၇၉၀.၀	၇၅၅,၄၂၈.၃	၁,၄၇၈,၃၀၄.၀	၂,၂၃၃,၇၃၂.၃
၁၁	ရခိုင်ပြည်နယ်	၂,၀၂၂,၈၉၅.၀	၆၅၇,၁၈၆.၄	၁,၃၁၉,၈၇၆.၃	၁,၉၇၇,၀၆၂.၇
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၂,၁၁၂,၈၀၆.၈	၄,၄၈၃,၆၅၈.၄	၇,၉၃၄,၂၇၇.၄	၁၂,၄၁၇,၉၃၅.၈
၁၃	ရှမ်းပြည်နယ်	၃,၆၉၉,၇၉၉.၁	၁,၂၁၁,၇၇၈.၁	၂,၂၃၈,၁၄၅.၃	၃,၄၄၉,၉၂၃.၄
၁၄	ဧရာဝတီတိုင်းဒေသကြီး	၆,၀၀၇,၈၅၄.၆	၁,၈၁၁,၆၃၀.၂	၃,၇၃၇,၀၈၆.၆	၅,၅၄၈,၇၁၆.၈
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၂၉၈,၅၃၂.၂	၄၂၂,၁၀၈.၀	၈၃၁,၇၆၁.၂	၁,၂၅၃,၈၆၉.၂

ဇာတ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (၃-၆)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)

ကဏ္ဍကြီးများအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်	ကဏ္ဍကြီး/ကဏ္ဍ	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်			၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်				
		စီမံကိန်းရည်မှန်းချက်	ရှေ့ပြေးအမှန်		စီမံကိန်းရည်မှန်းချက်		မတ်လကုန်(ယာယီ)		
			တန်ဖိုး	အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း)	တန်ဖိုး	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁	**လယ်ယာကဏ္ဍကြီး**	**၁၅,၈၆၅,၂၉၆.၇**	**၁၅,၃၄၆,၁၁၅.၂**	**၉၆.၇**	**၁၆,၄၈၉,၃၀၈.၂**	**၃.၉**	**၁၅,၈၄၅,၆၆၇.၈**	**၉၆.၁**	**၃.၃**
	၁ လယ်ယာ	၁၁,၆၃၃,၁၂၈.၃	၁၀,၉၅၉,၂၇၀.၅	၉၄.၂	၁၁,၉၄၄,၀၈၇.၈	၂.၇	၁၁,၁၉၉,၃၄၁.၉	၉၃.၈	၂.၂
	၂ သားငါး	၄,၀၈၂,၈၄၄.၆	၄,၂၁၇,၅၉၉.၇	၁၀၃.၃	၄,၄၃၉,၈၀၉.၉	၈.၇	၄,၅၁၉,၈၉၃.၃	၁၀၁.၈	၇.၂
	၃ သစ်တော	၁၄၉,၃၂၃.၈	၁၆၉,၂၄၅.၀	၁၁၃.၃	၁၀၅,၄၁၀.၅	-၂၉.၄	၁၂၆,၄၃၂.၆	၁၁၉.၉	-၂၅.၃
၂	**စက်မှုကဏ္ဍကြီး**	**၁၄,၃၃၈,၅၇၃.၉**	**၁၃,၉၆၄,၀၇၆.၀**	**၉၇.၄**	**၁၅,၈၂၇,၆၁၂.၇**	**၁၀.၄**	**၁၅,၆၈၉,၆၈၅.၉**	**၉၉.၁**	**၁၂.၄**
	၁ စွမ်းအင်	၇၀,၉၉၈.၉	၆၅,၂၈၃.၀	၉၁.၉	၈၀,၅၂၄.၁	၁၃.၄	၈၈,၈၄၀.၆	၁၁၀.၃	၃၆.၁
	၂ သတ္ထုနှင့်တွင်းထွက်ပစ္စည်း	၄၁၅,၁၂၆.၈	၄၀၇,၁၇၀.၅	၉၈.၁	၄၅၁,၆၇၈.၆	၈.၈	၆၁၂,၈၉၈.၉	၁၃၅.၇	၅၀.၅
	၃ စက်မှုလက်မှု	၁၀,၇၇၈,၇၃၆.၅	၁၀,၃၈၈,၈၇၉.၆	၉၆.၄	၁၁,၈၀၂,၃၈၄.၁	၉.၅	၁၁,၃၉၉,၂၇၂.၉	၉၆.၆	၉.၇
	၄ လျှပ်စစ်ဓါတ်အား	၅၇၃,၈၀၄.၄	၅၅၁,၈၄၄.၀	၉၆.၂	၆၄၀,၂၀၆.၈	၁၁.၆	၆၃၂,၇၂၃.၉	၉၈.၈	၁၄.၇
	၅ ဆောက်လုပ်မှု	၂,၄၉၉,၉၀၇.၃	၂,၅၅၀,၈၉၈.၉	၁၀၂.၀	၂,၈၅၂,၈၁၉.၁	၁၄.၁	၂,၉၅၅,၉၄၉.၆	၁၀၃.၆	၁၅.၉
၃	**ဝန်ဆောင်မှုကဏ္ဍကြီး**	**၁၉,၆၆၄,၉၄၂.၇**	**၁၉,၅၆၉,၇၂၃.၁**	**၉၉.၅**	**၂၂,၁၁၁,၃၄၂.၄**	**၁၂.၄**	**၂၁,၅၉၆,၉၈၉.၃**	**၉၇.၇**	**၁၀.၄**
	၁ ပို့ဆောင်ရေး	၆,၂၀၅,၈၅၄.၁	၆,၂၄၁,၂၂၉.၃	၁၀၀.၆	၆,၆၇၅,၂၉၃.၇	၇.၆	၆,၆၀၅,၄၇၂.၃	၉၉.၀	၅.၈
	၂ ဆက်သွယ်ရေး	၁,၅၄၇,၇၂၅.၁	၁,၅၄၆,၃၉၃.၂	၉၉.၉	၂,၆၁၄,၁၇၉.၅	၆၈.၉	၂,၄၃၅,၀၇၆.၇	၉၃.၁	၅၇.၅
	၃ ငွေရေးကြေးရေး	၁၀၃,၀၇၁.၄	၁၄၇,၆၁၃.၆	၁၄၃.၂	၁၂၇,၆၆၀.၄	၂၃.၉	၁၇၅,၂၃၇.၆	၁၃၇.၃	၁၈.၇
	၄ လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁,၁၄၄,၂၉၆.၀	၁,၂၇၁,၀၀၁.၀	၁၁၁.၁	၁,၃၈၆,၉၃၉.၇	၂၁.၂	၁,၄၂၁,၄၄၁.၈	၁၀၂.၅	၁၁.၈
	၅ ပြားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁,၁၁၉,၆၇၃.၆	၁,၁၄၅,၅၅၈.၃	၁၀၂.၃	၁,၂၅၁,၁၃၁.၄	၁၁.၇	၁,၂၆၉,၄၅၆.၄	၁၀၁.၅	၁၀.၈
	၆ ကုန်သွယ်မှုတန်ဖိုး	၉,၅၄၄,၃၂၂.၅	၉,၂၁၇,၉၂၇.၇	၉၆.၆	၁၀,၀၅၆,၁၃၇.၇	၅.၄	၉,၆၉၀,၃၀၄.၅	၉၆.၄	၅.၁
၄	**စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**	**၄၉,၈၆၈,၈၁၃.၃**	**၄၈,၈၇၉,၉၁၄.၃**	**၉၈.၀**	**၅၄,၄၂၈,၂၆၃.၃**	**၉.၁**	**၅၃,၁၃၂,၃၄၃.၀**	**၉၇.၆**	**၈.၇**

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (၃-၇)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်			၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်				
		စီမံကိန်းရည်မှန်းချက်	ရွှေ့ပြောင်းအမှုန်		စီမံကိန်းရည်မှန်းချက်		မတ်လကုန်(ယာယီ)		
			တန်ဖိုး	အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း)	တန်ဖိုး	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁	ကချင်ပြည်နယ်	၁,၂၃၇,၂၂၁.၇	၉၁၆,၂၃၅.၀	၇၄.၁	၁,၂၆၁,၇၅၅.၆	၂.၀	၁,၀၀၉,၂၇၆.၅	၈၀.၀	၁၀.၂
၂	ကယားပြည်နယ်	၁၇၈,၂၄၈.၀	၁၇၅,၃၈၆.၉	၉၈.၄	၁၉၆,၃၂၀.၅	၁၀.၁	၁၉၆,၆၅၁.၅	၁၀၀.၂	၁၂.၁
၃	ကရင်ပြည်နယ်	၈၆၉,၂၀၃.၈	၉၀၃,၅၆၈.၃	၁၀၄.၀	၁,၀၀၂,၇၄၈.၉	၁၅.၄	၁,၀၀၈,၄၂၂.၄	၁၀၀.၆	၁၁.၆
၄	ချင်းပြည်နယ်	၁၇၄,၄၉၇.၆	၁၇၀,၃၃၂.၄	၉၇.၆	၂၂၀,၆၀၂.၄	၂၆.၄	၁၉၈,၁၆၈.၉	၈၉.၈	၁၆.၃
၅	စစ်ကိုင်းတိုင်းဒေသကြီး	၅,၇၇၅,၀၈၂.၈	၅,၇၉၀,၃၉၉.၄	၁၀၀.၃	၆,၃၂၉,၀၁၅.၉	၉.၆	၆,၄၄၆,၉၁၂.၀	၁၀၁.၉	၁၁.၃
၆	တနင်္သာရီတိုင်းဒေသကြီး	၁,၇၀၃,၀၄၆.၄	၁,၇၃၁,၆၉၃.၆	၁၀၁.၇	၁,၈၆၃,၁၀၁.၃	၉.၄	၁,၈၇၆,၃၃၆.၄	၁၀၀.၇	၈.၄
၇	ပဲခူးတိုင်းဒေသကြီး	၄,၂၉၈,၅၇၂.၃	၄,၂၂၇,၁၆၅.၉	၉၈.၃	၄,၆၇၂,၇၄၅.၃	၈.၇	၄,၅၄၄,၃၁၂.၇	၉၇.၃	၇.၅
၈	မကွေးတိုင်းဒေသကြီး	၄,၇၈၀,၆၅၁.၆	၄,၇၈၇,၃၅၀.၅	၁၀၀.၁	၅,၁၇၀,၃၁၉.၀	၈.၂	၅,၀၃၅,၆၇၁.၄	၉၇.၄	၅.၂
၉	မန္တလေးတိုင်းဒေသကြီး	၅,၅၂၉,၀၀၄.၅	၅,၄၀၆,၈၉၆.၇	၉၇.၈	၆,၂၁၃,၉၇၆.၇	၁၂.၄	၅,၉၁၅,၃၅၁.၀	၉၅.၅	၉.၈
၁၀	မွန်ပြည်နယ်	၂,၁၃၃,၈၄၆.၃	၂,၀၄၂,၉၈၉.၂	၉၅.၇	၂,၃၅၅,၇၉၀.၀	၁၀.၄	၂,၂၃၃,၇၃၂.၃	၉၄.၈	၉.၃
၁၁	ရခိုင်ပြည်နယ်	၁,၉၁၄,၃၁၈.၈	၁,၈၇၅,၁၀၅.၉	၉၈.၀	၂,၀၂၂,၈၉၅.၀	၅.၇	၁,၉၇၇,၀၆၂.၇	၉၇.၇	၅.၄
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၁,၀၇၉,၄၅၀.၁	၁၁,၃၁၅,၃၅၀.၉	၁၀၂.၁	၁၂,၁၁၂,၈၀၆.၈	၉.၃	၁၂,၄၁၇,၉၃၅.၈	၁၀၂.၅	၉.၇
၁၃	ရှမ်းပြည်နယ်	၃,၅၂၃,၄၀၄.၄	၃,၂၇၃,၀၁၂.၅	၉၂.၉	၃,၆၉၉,၇၉၉.၁	၅.၀	၃,၄၄၉,၉၂၃.၄	၉၃.၂	၅.၄
၁၄	ဧရာဝတီတိုင်းဒေသကြီး	၅,၆၅၉,၆၃၃.၉	၅,၁၅၄,၈၇၈.၅	၉၁.၁	၆,၀၀၇,၈၅၄.၆	၆.၂	၅,၅၄၈,၇၁၆.၈	၉၂.၄	၇.၆
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၀၁၂,၆၃၁.၁	၁,၁၀၉,၅၄၈.၆	၁၀၉.၆	၁,၂၉၈,၅၃၂.၂	၂၈.၂	၁,၂၅၃,၈၆၉.၂	၉၆.၆	၁၃.၀

ဇာစ်မြစ် ။ စီမံကိန်းရေးဆဲရေးဦးစီးဌာန

ဇယား (၃-ခ)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)

ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ် စဉ်	ကဏ္ဍကြီး/ကဏ္ဍ	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်			၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်				
		စီမံကိန်း ရည်မှန်းချက်	ရှေ့ပြေးအမှန်		စီမံကိန်းရည်မှန်းချက်		မတ်လကုန်(ယာယီ)		
			တန်ဖိုး	အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း)	တန်ဖိုး	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁	**လယ်ယာကဏ္ဍကြီး**	**၁၇,၇၂၉,၃၁၈,၃**	**၁၇,၁၃၂,၉၅၈.၀**	**၉၆.၆**	**၁၈,၉၁၄,၄,၂၁.၇**	**၆.၇**	**၁၈,၂၄၉,၉၅၀.၅**	**၉၆.၅**	**၆.၅**
၁	လယ်ယာ	၁၃,၀၅၈,၆၄၀.၄	၁၂,၃၁၆,၀၈၁.၈	၉၄.၃	၁၃,၇၅၉,၀၂၉.၉	၅.၄	၁၂,၈၇၂,၈၂၃.၆	၉၃.၆	၄.၅
၂	သားငါး	၄,၅၀၉,၅၁၆.၈	၄,၆၃၁,၉၄၅.၉	၁၀၂.၇	၅,၀၄၄,၄၁၅.၂	၁၁.၉	၅,၂၃၈,၇၄၆.၈	၁၀၃.၉	၁၃.၁
၃	သစ်တော	၁၆၁,၁၆၁.၁	၁၈၄,၉၃၀.၃	၁၁၄.၇	၁၁၀,၉၇၆.၆	-၃၁.၁	၁၃၈,၃၈၀.၁	၁၂၄.၇	-၂၅.၂
၂	**စက်မှုကဏ္ဍကြီး**	**၁၉,၉၉၉,၆၈၄.၆**	**၁၈,၇၇၃,၈၅၀.၀**	**၉၃.၉**	**၂၃,၂၂၉,၁၀၇.၉**	**၁၆.၁**	**၂၂,၅၄၀,၉၈၇.၄**	**၉၇.၀**	**၂၀.၁**
၁	စွမ်းအင်	၃,၇၆၇,၀၉၆.၂	၂,၉၁၉,၉၇၅.၀	၇၇.၅	၄,၄၇၅,၇၂၂.၈	၁၈.၈	၄,၀၁၁,၄၃၁.၀	၈၉.၆	၃၇.၄
၂	သတ္ထုနှင့်တွင်းထွက်ပစ္စည်း	၇၀၈,၅၁၇.၀	၅၄၇,၆၄၅.၂	၇၇.၃	၇၁၀,၃၄၄.၁	၀.၃	၇၈၃,၇၉၈.၄	၁၁၀.၃	၄၃.၁
၃	စက်မှုလက်မှု	၁၂,၀၉၉,၅၀၉.၄	၁၁,၅၅၃,၅၄၅.၄	၉၅.၅	၁၃,၅၄၂,၅၂၈.၉	၁၁.၉	၁၃,၀၄၃,၇၀၇.၇	၉၆.၃	၁၂.၉
၄	လျှပ်စစ်ဓါတ်အား	၇,၂၈,၅၂၄.၇	၆၉၅,၈၅၄.၆	၉၅.၅	၁,၀၁၉,၈၉၄.၁	၄၀.၀	၉,၄၄,၉၅၉.၁	၉၀.၇	၃,၉
၅	ဆောက်လုပ်မှု	၂,၆၉၆,၀၃၇.၃	၃,၀၅၆,၈,၂၉.၈	၁၁၃.၄	၃,၄၈၀,၆၁၈.၀	၂၉.၁	၃,၇၇၇,၀၉၁.၂	၁၀၈.၅	၂၃.၆
၃	**ဝန်ဆောင်မှုကဏ္ဍကြီး**	**၂၁,၅၁၉,၉၅၀.၁**	**၂၂,၁၀၅,၉၄၆.၅**	**၁၀၂.၇**	**၂၄,၀၉၂,၁၇၇.၀**	**၁၂.၀**	**၂၄,၆၄၆,၁၅၇.၄**	**၁၀၂.၃**	**၁၁.၅**
၁	ပို့ဆောင်ရေး	၆,၉၅၅,၅၀၄.၁	၆,၉၂၆,၈၈၀.၁	၉၉.၆	၃,၅၄၀,၉၇၀.၄	၈.၄	၃,၅၀၈,၅၄၃.၄	၉၉.၆	၈.၄
၂	ဆက်သွယ်ရေး	၅၆၀,၇၂၆.၂	၉၁၃,၈၃၁.၇	၁၆၃.၀	၅၈၈,၅၃၄.၈	၅.၀	၁,၂၂၀,၉၅၅.၂	၂၀၇.၅	၃၃.၆
၃	ငွေရေးကြေးရေး	၇၉,၈၆၈.၂	၁၁၄,၃၈၅.၁	၁၄၃.၂	၉၈,၉၂၄.၀	၂၃.၉	၁၃၅,၇၉၀.၅	၁၃၇.၃	၁၈.၇
၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁,၃၅၅,၆၁၀.၁	၁,၆၈၃,၃၀၁.၂	၁၂၄.၂	၁,၈၈၆,၂၂၂.၁	၃၉.၁	၂,၀၂၅,၅၃၄.၂	၁၀၇.၄	၂၀.၃
၅	ဌားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁,၂၂၈,၆၂၈.၄	၁,၃၂၃,၈၉၇.၉	၁၀၇.၈	၁,၄၉၈,၁၇၀.၃	၂၁.၉	၁,၅၃၇,၃၁၁.၇	၁၀၂.၆	၁၆.၁
၆	ကုန်သွယ်မှုတန်ဖိုး	၁၁,၃၃၉,၆၁၃.၁	၁၁,၁၄၃,၆၅၀.၅	၉၈.၃	၁၂,၄၇၉,၃၅၅.၄	၁၀.၁	၁၂,၂၁၈,၀၂၂.၄	၉၇.၉	၉.၆
၄	**စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**	**၅၉,၂၄၈,၉၅၃.၀**	**၅၈,၀၁၂,၇၅၄.၅**	**၉၇.၉**	**၆၆,၂၃၅,၇၀၆.၆**	**၁၁.၈**	**၆၅,၄၃၇,၀၉၅.၃**	**၉၈.၈**	**၁၂.၈**

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဇယား (၃-၉)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ် စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်			၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်				
		စီမံကိန်းရည်မှန်းချက်	ရှေ့ပြေးအမှန်		စီမံကိန်းရည်မှန်းချက်		မတ်လကုန်(ယာယီ)		
			တန်ဖိုး	အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း)	တန်ဖိုး	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁	ကချင်ပြည်နယ်	၁,၅၅၀,၃၆၀.၃	၁,၀၈၆,၇၈၀.၃	၇၀.၁	၁,၅၅၁,၂၉၀.၅	၀.၁	၁,၂၄၁,၇၆၇.၀	၈၀.၀	၁၄.၃
၂	ကယားပြည်နယ်	၁၉၆,၅၂၃.၅	၁၉၇,၉၄၃.၉	၁၀၀.၇	၂၂၇,၈၇၆.၇	၁၆.၀	၂၂၆,၄၂၈.၄	၉၉.၄	၁၄.၄
၃	ကရင်ပြည်နယ်	၉၅၇,၁၄၇.၄	၁,၀၁၂,၈၇၉.၁	၁၀၅.၈	၁,၁၃၃,၀၈၅.၄	၁၈.၄	၁,၁၆၅,၇၄၈.၀	၁၀၂.၉	၁၅.၁
၄	ချင်းပြည်နယ်	၁၉၂,၂၉၆.၄	၁၉၀,၇၇၆.၄	၉၉.၂	၂၄၂,၄၇၀.၄	၂၆.၁	၂၃၄,၉၃၉.၆	၉၆.၉	၂၃.၁
၅	စစ်ကိုင်းတိုင်းဒေသကြီး	၆,၄၇၀,၅၀၂.၀	၆,၅၃၄,၄၆၄.၂	၁၀၁.၀	၇,၂၃၂,၂၅၅.၇	၁၁.၈	၇,၄၃၀,၅၅၂.၈	၁၀၂.၇	၁၃.၇
၆	တနင်္သာရီတိုင်းဒေသကြီး	၃,၂၅၄,၈၈၆.၉	၃,၄၀၈,၄၁၀.၉	၁၀၄.၇	၃,၅၃၆,၁၆၆.၂	၈.၆	၃,၅၀၄,၀၇၆.၈	၉၉.၁	၂.၈
၇	ပဲခူးတိုင်းဒေသကြီး	၄,၇၁၃,၆၉၇.၈	၄,၆၆၉,၆၁၇.၇	၉၉.၁	၅,၁၈၈,၆၇၄.၁	၁၀.၁	၅,၁၈၈,၉၂၀.၉	၁၀၀.၀	၁၁.၁
၈	မကွေးတိုင်းဒေသကြီး	၅,၄၈၅,၃၂၇.၆	၅,၄၇၇,၇၀၀.၆	၉၉.၉	၆,၁၃၉,၁၃၂.၃	၁၁.၉	၅,၉၅၂,၇၇၉.၅	၉၇.၀	၈.၇
၉	မန္တလေးတိုင်းဒေသကြီး	၆,၁၀၉,၉၅၀.၅	၅,၉၉၁,၉၉၃.၇	၉၈.၁	၆,၇၈၆,၀၈၅.၆	၁၁.၁	၆,၆၄၈,၇၀၃.၉	၉၈.၀	၁၁.၀
၁၀	မွန်ပြည်နယ်	၂,၃၄၈,၃၁၆.၅	၂,၃၀၇,၅၉၃.၄	၉၈.၃	၂,၆၅၈,၇၁၉.၆	၁၃.၂	၂,၅၆၂,၇၈၄.၄	၉၆.၄	၁၁.၁
၁၁	ရခိုင်ပြည်နယ်	၂,၇၉၇,၈၈၈.၁	၂,၃၂၉,၉၆၅.၂	၈၃.၃	၂,၉၅၆,၄၀၆.၄	၅.၇	၃,၀၄၁,၅၉၅.၈	၁၀၂.၉	၃၀.၅
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၂,၄၀၇,၁၃၄.၁	၁၂,၈၁၁,၁၀၀.၂	၁၀၃.၃	၁၃,၉၉၀,၉၈၆.၅	၁၂.၈	၁၄,၄၄၇,၉၃၅.၅	၁၀၃.၃	၁၂.၈
၁၃	ရှမ်းပြည်နယ်	၃,၉၀၁,၆၄၉.၆	၃,၇၂၄,၈၅၂.၃	၉၅.၅	၄,၁၇၃,၄၄၆.၁	၇.၀	၄,၀၂၁,၃၅၃.၉	၉၆.၄	၈.၀
၁၄	ဧရာဝတီတိုင်းဒေသကြီး	၇,၇၇၇,၉၆၂.၅	၆,၉၉၉,၀၇၉.၅	၉၀.၀	၈,၉၇၄,၇၉၈.၂	၁၅.၄	၈,၃၅၁,၆၄၉.၇	၉၃.၁	၁၉.၃
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၀၈၅,၃၀၉.၈	၁,၂၆၉,၅၉၇.၁	၁၁၇.၀	၁,၄၄၄,၃၁၂.၉	၃၃.၁	၁,၄၁၇,၈၅၉.၁	၉၈.၂	၁၁.၇

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ် သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ-၂ လူဦးရေစာရင်းများအရ မြန်မာနိုင်ငံ လူဦးရေ စုစုပေါင်းမှာ (၅၁.၄၈၆)သန်း ဖြစ်ပါသည်။ အဆိုပါ လူဦးရေတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၏ စာရင်းမကောက်ယူနိုင်သော ဒေသအချို့၏ ခန့်မှန်းလူဦးရေ (၁.၂၀၆) သန်း ပါဝင်ပါသည်။ စုစုပေါင်းလူဦးရေတွင် ကျားဦးရေမှာ (၂၄.၈၂၄) သန်း၊ အချိုးအစားအားဖြင့် (၄၈.၂)ရာခိုင်နှုန်း၊ မ ဦးရေမှာ (၂၆.၆၆၂) သန်းဖြစ်ပြီး၊ အချိုးအစားအားဖြင့် (၅၁.၈)ရာခိုင်နှုန်း ရှိပြီး ကျားဦးရေထက် (၁.၈၃၈) သန်း ပိုများပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ကျား၊ မ အချိုးသည် (မ ဦးရေ ၁၀၀ တွင် ရှိသော ကျားဦးရေ) (၉၃) ဦး ဖြစ်ပါသည်။ ကျားဦးရေပိုများသော ကချင်ပြည်နယ်(မ ဦးရေ ၁၀၀ တွင် ကျားဦးရေ ၁၀၈ ဦး) မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မ ဦးရေသည် ကျား ဦးရေထက် ပိုများသည်ကို တွေ့ရပါသည်။ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ကျား ဦးရေနှင့် မ ဦးရေ အချိုးများ တူညီနေပါသည်။ လူဦးရေအများဆုံး တိုင်းဒေသကြီးမှာ ရန်ကုန်တိုင်းဒေသကြီး လူဦးရေ (၇.၃၆၁) သန်းဖြင့် (၁၄.၃၀)ရာခိုင်နှုန်း ၊ ဧရာဝတီတိုင်း ဒေသကြီး (၆.၁၈၅) သန်းဖြင့် (၁၂.၀၁) ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး (၆.၁၆၆) သန်းဖြင့် (၁၁.၉၈)ရာခိုင်နှုန်း ဖြစ်ရာ အဆိုပါ တိုင်းဒေသကြီး (၃) ခု၏လူဦးရေသည် မြန်မာနိုင်ငံ လူဦးရေ၏ (၃၈.၂၉)ရာခိုင်နှုန်း ရှိပါသည်။ လူဦးရေအနည်းဆုံးဒေသမှာ ကယားပြည်နယ် (၀.၂၈၇) သန်းဖြင့် (၀.၅၆) ရာခိုင်နှုန်း၊ ချင်းပြည်နယ် (၀.၄၇၉) သန်းဖြင့် (၀.၉၃)ရာခိုင်နှုန်းနှင့် နေပြည်တော် (၁.၁၆၀) သန်းဖြင့် (၂.၂၅) ရာခိုင်နှုန်း တို့ဖြစ်ရာ အဆိုပါ တိုင်းဒေသကြီး/ ပြည်နယ် (၃) ခု၏ လူဦးရေသည် မြန်မာနိုင်ငံ လူဦးရေ၏ (၃.၇၄) ရာခိုင်နှုန်း ခန့်သာ ရှိပါသည်။

လူဦးရေသိပ်သည်းမှု။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ် သန်းခေါင်စာရင်း အစီရင်ခံစာတွင် တစ်စတုရန်း ကီလိုမီတာလျှင် (၇၆) ဦးဖြစ်ပါသည်။ လူဦးရေအထူထပ်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီး (၇၁၆) ဦး နှင့် မန္တလေးတိုင်းဒေသကြီးတွင် ဦးရေ (၂၀၀) တို့ဖြစ်ပါသည်။ လူဦးရေအကျဲပါးဆုံးဒေသမှာ ချင်းပြည်နယ် (၁၃)ဦး နှင့် ကချင်ပြည်နယ်(၁၉) ဦးတို့ ဖြစ်ပါသည်။

မြို့ပြ/ကျေးလက်နေလူဦးရေ။ ၂၀၁၄ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မြို့ပြနေလူဦးရေမှာ (၁၄.၈၇၈)သန်း နှင့် ကျေးလက်နေ လူဦးရေမှာ (၃၅.၄၀၂) သန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နေထိုင်သူ ဦးရေ (၁၀၀)လျှင် ဦးရေ(၇၀) မှာ ကျေးလက်တွင် နေထိုင်ပြီး၊ ဦးရေ(၃၀)မှာ မြို့ပြတွင် နေထိုင်ပါသည်။ မြို့ပြနေထိုင်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် (၇၀)ရာခိုင်နှုန်း၊ ကချင်ပြည်တွင် (၃၆) ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး (၃၅)ရာခိုင်နှုန်း ရှိပါသည်။ ကချင်ပြည်နယ်တွင် မြို့ပြလူဦးရေများရခြင်းမှာ ပြည်နယ်

အတွင်းရှိ သတ္တုတူးဖော်ရေးမိုင်းများတွင် လုပ်သားဦးရေ များပြားခြင်းကြောင့် ဖြစ်ပါသည်။ ကျေးလက်နေထိုင်မှုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် (၈၆) ရာခိုင်နှုန်းဖြင့် အများဆုံး ဖြစ်ပြီး၊ မကွေးတိုင်းဒေသကြီးတွင် (၈၅) ရာခိုင်နှုန်း၊ စစ်ကိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (၈၃) ရာခိုင်နှုန်း အသီးသီး နေထိုင်ကြပါသည်။

လူဦးရေတိုးနှုန်း။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို လွန်ခဲ့သည့် နှစ်ကာလများအတွင်း လူဦးရေပြောင်းလဲခြင်းများနှင့် နှိုင်းယှဉ်ဆန်းစစ်ရာတွင် ၂၀၀၃ ခုနှစ်မှ ၂၀၁၄ ခုနှစ် အတွင်း တစ်နှစ်လျှင် (၀.၈၉) ရာခိုင်နှုန်း ဖြင့် တိုးပွားလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏လူဦးရေတိုးနှုန်းသည် ၁၉၇၃ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း (၂.၀၂) ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၉၃ ခုနှစ်အတွင်း (၁.၄) ရာခိုင်နှုန်း၊ ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း (၁.၃၈) ရာခိုင်နှုန်း အသီးသီးရှိပြီး လူဦးရေတိုးနှုန်းသည် ထိုကာလများအတွင်း တစ်သတ်မတ်တည်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံဒေသတွင်း နိုင်ငံများနှင့် လူဦးရေအရွယ်အစား နှိုင်းယှဉ်ချက်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ခန့်မှန်းလူဦးရေ (၆၁၅) သန်းတွင် (၈.၄)ရာခိုင်နှုန်း ပါဝင်နေပြီး၊ အာဆီယံ ဒေသတွင်း အဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံ (အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ မလေးရှား၊ ကမ္ဘောဒီယား၊ လာအို၊ စင်ကာပူ၊ ဘရူးနိုင်း) တို့တွင် အဆင့် (၅)နေရာတွင် ရှိ၍ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့၏ နောက်တွင်ရပ်တည်နေသည်။

အသက်အပိုင်းအခြားနှင့် ကျား/မ ဖွဲ့စည်းမှုပုံစံ။ နိုင်ငံတစ်နိုင်ငံ၏လူဦးရေ နှင့် အသက် ဖွဲ့စည်းမှုပုံစံသည် အဆိုပါနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပေါ်တွင် တိုက်ရိုက် အကျိုး သက်ရောက်လျက် ရှိပါသည်။ ငယ်ရွယ်သူဦးရေ များပြားသည့် (အသက် ၁၅ နှစ်အောက် လူဦးရေ ရာခိုင်နှုန်းမြင့်မားသည့်) နိုင်ငံများသည် ပညာရေးနှင့် ကျန်းမာရေးတွင် ပိုမိုရင်းနှီး မြှုပ်နှံရမည်ဖြစ်ပြီး သက်ကြီးရွယ်အိုပေါများသည့် (အသက်၆၅နှစ်နှင့်အထက် လူဦးရေရာခိုင်နှုန်း မြင့်မားသည့်) နိုင်ငံများသည် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးလုပ်ငန်း များတွင် ပိုမိုရင်းနှီးမြှုပ်နှံရမည် ဖြစ်ပါသည်။ လူငယ်လူရွယ်ဦးရေ လျင်မြန်စွာ တိုးပွားလျက် ရှိသည့် နိုင်ငံများသည် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံရမည် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူဦးရေ၏ အသက်နှင့် ကျား၊ မ ဖွဲ့စည်းမှုပုံစံတွင် ကလေးများပါဝင်မှု အချိုးလျော့ကျလာခြင်းကြောင့် လူဦးရေပိရမစ် သည် အောက်ခြေကျဉ်းမြောင်းပြီး၊ အသက် (၁၀-၁၄) အုပ်စုတွင် သိသာထင်ရှားစွာ ဆေးသို့ ကားထွက်နေခြင်းကြောင့် လူငယ်လူရွယ်ဦးရေ လျင်မြန်စွာ တိုးပွားနေပြီး၊ အိုးပုံစံ လူဦးရေ

ပိရမစ်ကို ဖြစ်ပေါ်စေပါသည်။ ယခင် ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းများ နှင့် နှိုင်းယှဉ်ပါက သိသာစွာ ပြောင်းလဲခဲ့သည်ကို တွေ့ရှိရပါသည်။ ယခင်သန်းခေါင်စာရင်း (၂)ခု၏ လူဦးရေပိရမစ်သည် အသက်ငယ်ပိုင်း အုပ်စုတိုးပွားနေမှုကို ပြသည့် အောက်ခြေကားပုံစံဖြစ်ပြီး၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် အသက် (၀-၉) အုပ်စု၌ အောက်ခြေကျဉ်မြောင်းလာသည့် ပုံစံရှိနေသောကြောင့် မွေးနှုန်းကျဆင်းပြီး၊ ကလေးဦးရေ အချိုးလျော့နည်းလာသည့် အတွက် ပိရမစ်အောက်ခြေ ကျဉ်းမြောင်းလာသည်ကို တွေ့ရပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ လူငယ်လူဦးရေအချိုးသည် မြင့်တက်လျက်ရှိပြီး လူငယ်လူဦးရေ များပြားနေသည့် အတွက် မြန်မာနိုင်ငံသည် "လူဦးရေဆုလာဘ်" ကိုရရှိခံစားနေကြောင်း လူဦးရေပိရမစ်က ဖော်ညွှန်းနေပါသည်။ အသက်အပိုင်းအခြားအလိုက် လူဦးရေမှာ အသက် ၁၅နှစ်အောက် လူငယ်လူရွယ်ဦးရေသည် (၁၄.၄၀၀) သန်း အချိုးအစားအားဖြင့် (၂၈.၆၄) ရာခိုင်နှုန်း၊ အသက် (၁၅) နှစ် မှ (၅၉) နှစ် ကြား အလုပ်လုပ်နိုင်သော လူဦးရေသည် (၃၁.၄၀၆) သန်း အချိုးအစားအားဖြင့် (၆၂.၄၆) ရာခိုင်နှုန်း၊ အသက် (၆၀) နှစ်နှင့် အထက် သက်ကြီးလူဦးရေသည် (၄.၄၇၄)သန်း၊ အချိုးအစားအားဖြင့် (၈.၉၀) ရာခိုင်နှုန်း အသီးသီး ပါဝင်လျက်ရှိကြောင်း တွေ့ရပါသည်။

မှီခိုသူအချိုး။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အလုပ်လုပ်နိုင်သော ဦးရေ (အသက် ၁၅-၆၄) နှင့် မှီခိုသူ ဦးရေ (အသက် ၁၅ နှစ်အောက် ကလေးဦးရေ နှင့် ၆၅ နှစ် နှင့် အထက် သက်ကြီးရွယ်အိုဦးရေ) အချိုးကျဆင်းနေပါသည်။ စုစုပေါင်း မှီခိုသူအချိုးသည် ၁၉၈၃ ခုနှစ်တွင် (၇၃.၉) ရာခိုင်နှုန်း ရှိခဲ့ရာ မှ ၂၀၁၄ ခုနှစ်တွင် (၅၂.၄၄) ရာခိုင်နှုန်းရှိသည့်အတွက် များစွာလျော့ကျလာသည်ကို တွေ့ရပါသည်။ ကလေးမှီခိုသူအချိုးသည် ၁၉၈၃ ခုနှစ်တွင် (၆၇.၁) ရာခိုင်နှုန်းရှိရာမှ ၂၀၁၄ ခုနှစ်တွင် (၄၃.၇) ရာခိုင်နှုန်းသို့ လျော့ကျလာသဖြင့် (၂၃.၄) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရပါသည်။ ကလေးမှီခိုသူအချိုး လျော့ကျခြင်းကြောင့် စုစုပေါင်း မှီခိုသူ အချိုးလျော့ကျလာခြင်း ဖြစ်ပါသည်။ သက်ကြီးရွယ်အို မှီခိုသူအချိုးမှာ ၁၉၈၃ ခုနှစ်တွင် (၆.၈) ရာခိုင်နှုန်းရှိရာမှ ၂၀၁၄ ခုနှစ်တွင် (၈.၈) ရာခိုင်နှုန်း အထိ မြင့်တက်လာကြောင်း တွေ့ရသည်။

အိမ်ထောင်စု။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းအရ ၁၉၈၃ ခုနှစ်တွင် အိမ်ထောင်စု (၆.၄၉၆) သန်း ရှိရာမှ ၂၀၁၄ ခုနှစ်တွင် အိမ်ထောင်စု (၁၀.၈၇၈) သန်းအထိ တိုးလာခဲ့ပြီး၊ အိမ်ထောင်စုအရေအတွက် တိုးပွားမှု အမြင့်ဆုံးဒေသများမှာ ကရင်ပြည်နယ် (၁၆၆) ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် (၁၁၉) ရာခိုင်နှုန်း နှင့် ရန်ကုန်တိုင်းဒေသကြီး (၁၀၈) ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။ ပျမ်းမျှ အိမ်ထောင်စု အရွယ်အစားသည် (၄.၄) ဦး ဖြစ်ပါသည်။ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျမ်းမျှ အိမ်ထောင်စု အရွယ်အစား (၅.၁) ဦးဖြင့် အမြင့်ဆုံးဖြစ်ပြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် (၄.၁)

ဦးဖြင့် အနိမ့်ဆုံး ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ (၇၀.၂) ရာခိုင်နှုန်းသည် အိမ်ထောင်စုဝင်(၂)ဦးမှ (၅)ဦးကြားရှိပြီး၊ မြို့ပြနှင့်ကျေးလက်ဒေသအကြားတွင် အိမ်ထောင်စုဝင် အရေအတွက် ကွာခြားမှု အနည်းငယ်သာ ရှိပါသည်။

ယာဉ်အမျိုးမျိုးတင်သွင်းမှု။ မော်တော်ဆိုင်ကယ်တင်သွင်းမှုမှာ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် စီးရေ (၂၅,၂၇၃) စီး၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၂၉.၀) သန်း တင်သွင်းခဲ့သည့် အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၁၈,၄၀၇) စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၂.၅) သန်း ပိုမိုတင်သွင်းခဲ့ပါသည်။ ထွန်စက်တင်သွင်းမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးရေ (၁၈,၅၆၀) စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၀၀.၅) သန်း တင်သွင်းခဲ့သည့်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် စီးရေ (၄၄,၀၆၆) စီးလျော့နည်းပြီး ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၆၆.၁) သန်း ပိုမိုတင်သွင်းခဲ့ပါသည်။ ကုန်တင်ယာဉ် တင်သွင်းမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးရေ (၅၁,၆၁၇) စီး၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၅၅၁.၂) သန်း တင်သွင်းခဲ့သည့်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်က ထက်စီးရေ (၂၄,၄၀၆) စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၀၉.၉) သန်း လျော့နည်း တင်သွင်းခဲ့ပါသည်။ ခရီးသည်တင်ယာဉ်နှင့် VAN ကားများတင်သွင်းမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးရေ (၂၆,၅၇၄) စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၃၈၆.၉) သန်း တင်သွင်းခဲ့သည့်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် စီးရေ (၂၂,၂၉၈) စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၄၉.၇) သန်း ပိုမိုတင်သွင်းခဲ့ပါသည်။ မော်တော်ကား(ဆလွန်း) တင်သွင်းမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးရေ (၅၁,၄၇၀) စီး၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၄၀၄.၇) သန်း တင်သွင်းခဲ့သည့် အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် စီးရေ (၈,၃၅၈) စီး၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၃၂.၃) သန်း လျော့နည်းတင်သွင်းခဲ့ပါသည်။ အထူးကိစ္စအတွက် အသုံးပြုသော မော်တော်ယာဉ် တင်သွင်းမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးရေ (၃၀၀) စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၀.၈) သန်း တင်သွင်းခဲ့သည့်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် စီးရေ (၆၂)စီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၈.၆) သန်း လျော့နည်းတင်သွင်းခဲ့ပါသည်။

အခြေခံ အဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှု။ လူထု၏ အခြေခံ အဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှုသည် ပြည်သူသုံးကုန်စည် (Public Utilities) ဖြစ်ရာ ပြည်သူလူထု၏ လူနေမှုဘဝ အရည်အသွေးမြင့်မားရေးအား‌များစွာ အထောက်အကူပြုစေမည် ဖြစ်ပါသည်။ ထို့ပြင် စီးပွားရေး အဆောက်အုံတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဆိုင်ရာ တိုးတက်မှုမှာ မရှိမဖြစ် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်မာတ်အား ရရှိသုံးစွဲနိုင်မှု၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှု ရရှိသုံးစွဲနိုင်မှု၊ ဆက်သွယ်ရေး နှင့် မိုဘိုင်းဖုန်း အသုံးပြုနိုင်မှု၊ ရေရရှိနိုင်မှု၊ ကျန်းမာရေးနှင့်ပညာရေး

ဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်း၊ သတင်းအချက်အလက်ရရှိနိုင်မှု စသည်တို့အား တင်ပြ အပ်ပါသည်။

လျှပ်စစ်ဓာတ်အား။ လျှပ်စစ်မီး ရရှိသော ကျေးရွာမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် (၂၈,၁၉၄) ရွာ ဖြစ်ပါသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် (၃,၁၉၈) ရွာ တိုးတက်ခဲ့ပါသည်။ ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် ကီလိုဝပ်နာရီ (၁၄,၃၉၇.၉) သန်း ရှိပါသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ်လျှင် ကီလိုဝပ်နာရီ (၁,၉၇၅.၃) သန်း တိုးတက်ခဲ့ပါသည်။ ရေနံစိမ်းထုတ်လုပ်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်စည်(ထောင်) (၆,၉၉၅.၅၅၃) ဖြစ်ပါသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ်လျှင် အမေရိကန်စည် (ထောင်) (၂၆၁.၈၅၂) တိုးလာ ခဲ့ပါသည်။ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုဗပေသန်း (၆၄၇,၅၈၁) ဖြစ်ပါသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင်ကုဗပေသန်း (၁၈၈,၅၁၁) တိုးတက်ခဲ့ပါသည်။

ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု။ ဆက်သွယ်ရေးအနေဖြင့် တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းလိုင်းများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လိုင်းရေ (၅၂၆,၇၉၂) ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လိုင်းရေ (၅၃၃,၈၈၃) ရှိခဲ့ပါသည်။ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လိုင်းရေ (၂၇,၅၆၈,၂၄၄) ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် လိုင်းရေ (၁၉,၈၄၂,၆၇၁) တိုးတက်ခဲ့ပါသည်။

တယ်လီဖုန်းသုံးစွဲမှု။ လူဦးရေ (၁,၀၀၀) လျှင် သုံးစွဲနိုင်သော တယ်လီဖုန်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၅၄၆) လုံးဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၃၈၄) လုံး တိုးတက်ခဲ့ပါသည်။ အင်တာနက် အသုံးပြုမှု လိုင်းအရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၇,၇၃၆,၄၂၆) လိုင်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၁၅,၂၂၃,၂၂၁) လိုင်း တိုးတက်ခဲ့ပါသည်။ စာတိုက်လုပ်ငန်းတွင် အစိုးရစာတိုက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁,၃၈၄) ခုဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၁,၃၈၇) ခု ရှိခဲ့ပါသည်။

သယ်ယူပို့ဆောင်ရေး။ လမ်းဖောက်လုပ်မှုတွင် လမ်းမိုင်အရှည် စုစုပေါင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၄၀,၅၈၂) ကီလိုမီတာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၄၅၄) ကီလိုမီတာ တိုးတက်ခဲ့ပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၀.၀၅၉၉) ကီလိုမီတာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၀.၀၅၉၃) ကီလိုမီတာ ဖြစ်ပါသည်။ မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း) မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (ယာယီ စာရင်း)တွင် (၂၁,၄၆၀) ကီလိုမီတာ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၉၉) ကီလိုမီတာ တိုးတက်ခဲ့ပါသည်။ ယာဉ်အသုံးပြုမှုတွင် စုစုပေါင်းမှတ်ပုံတင်သောယာဉ်မှာ ၂၀၁၄-၂၀၁၅

ဘဏ္ဍာနှစ်တွင် (၅,၀၇၇,၆၉၉)စီး ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၈၄၀,၀၁၇) စီး တိုးတက်ခဲ့ပါသည်။ ကုန်တင်ယာဉ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၂၃၃,၉၀၃)စီး ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၇၄,၈၈၉) စီး တိုးတက်ခဲ့ပါသည်။ မီးရထားလမ်းအရှည်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သံလမ်းမိုင် (၄,၉၃၃) မိုင် ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် သံလမ်းမိုင် (၇၈) မိုင် တိုးတက်ခဲ့ပါသည်။ ခရီးသည်ဦးရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၄၈.၄၀) သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၅၃.၂၁) သန်း ရှိခဲ့ပါသည်။ ခရီး (၁) ကီလိုမီတာလျှင် သွားရောက်ခဲ့သည့် ခရီးသည်ဦးရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၆,၀၉၃) ဦး ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၆,၈၀၇)ဦး ရှိခဲ့ပါသည်။ ကုန်တန်ချိန်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၂.၂၉) သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၂.၄၇) သန်း ရှိခဲ့ပါသည်။ မြို့ပြလေကြောင်းတွင် ပြည်တွင်းလေဆိပ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လေဆိပ် (၆၆) ခုရှိခဲ့ပြီး လေဆိပ်အသစ် ဆောက်လုပ်မှုမရှိ၍ အရေအတွက်ပြောင်းလဲခြင်းမရှိပါ။ လေယာဉ်ခေါက်ရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီစာရင်း) တွင် (၄၉,၄၈၄) ခေါက်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၁,၂၆၁) ခေါက် လျော့နည်းခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တို့တွင် (၃)ခု ဖြစ်ပါသည်။ ပြည်ပခရီးသည်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၄.၇) သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၁.၉) သန်း တိုးတက်ခဲ့ပါသည်။ ပို့ကုန်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန် (၀.၀၂) သန်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် မက်ထရစ်တန် (၀.၀၁) သန်း တိုးတက်ခဲ့ပါသည်။ သွင်းကုန်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန် (၀.၀၁၅) သန်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် မက်ထရစ်တန် (၀.၀၀၃) သန်း တိုးတက်ခဲ့ပါသည်။ လေယာဉ်ထွက်ခွာနှင့် ဆိုက်ရောက် မှာ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ခေါက်ရေ (ထောင်) (၂၂.၅) ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် ခေါက်ရေ (ထောင်) (၈.၃၆) တိုးတက်ခဲ့ပါသည်။

ဆိပ်ကမ်း။ ဆိပ်ကမ်းအခြေအနေမှာ သဘော်အဝင်စီးရေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၄,၅၈၃) စီးဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၄,၈၁၅)စီး ရှိခဲ့ပါသည်။ စုစုပေါင်း ပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာပေါင်းမှာ TEU (000) ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၇၂၈.၁၁၄) ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၁၁၀.၉၄၅) တိုးတက်ခဲ့ပါသည်။ ကုန်သေတ္တာ အပါအဝင် စုစုပေါင်း ပို့ကုန်၊ သွင်းကုန်အားလုံးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန် (ထောင်) (၂၉,၆၈၉) ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် မက်ထရစ်တန် (ထောင်) (၁,၃၁၁) တိုးတက်ခဲ့ပါသည်။ ပြည်တွင်းဆိပ်ကမ်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တို့တွင် (၉) ခု ဖြစ်ပါသည်။ ပြည်တွင်းခရီးသည်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တို့တွင် (၀.၁၁) သန်း ဖြစ်ပါသည်။ ပြည်တွင်း ကုန်စည်ပမာဏမှာ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန် (၂.၉)သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် တန် (၀.၂) သန်း တိုးတက်ခဲ့ပါသည်။ ပြည်ပဆိပ်ကမ်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တို့တွင် (၉) ခု ဖြစ်ပါသည်။ ပြည်ပခရီးသည်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၀.၀၃၄) သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၀.၀၁၆) သန်း တိုးတက်ခဲ့ပါသည်။ ပြည်ပကုန်စည် ပမာဏမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန် (၂၆.၈) သန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် တန် (၁.၂) သန်း တိုးတက်ခဲ့ပါသည်။ ပြည်ပကုန်စည်ပမာဏမှာ TEU (000) ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၇၂၈) ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၂၅၈) တိုးတက်ခဲ့ပါသည်။

စိုက်ပျိုးရေးရရှိနိုင်မှု။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆည်နှင့်ကန်များမှ ရေပေးဝေနိုင်သော ဧရိယာမှာ ဆည်မှ (၁,၄၆၀,၆၁၇) ဧက၊ ကန် မှ (၂,၇၈၂,၀၄၅)ဧက ဖြစ်ပြီး၊ စုစုပေါင်း (၄,၂၄၂,၆၆၂) ဧက ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါသည်။

ကျန်းမာရေးကဏ္ဍ။ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူတစ်ရပ်လုံး လွှမ်းခြုံမှုရှိစေရေးနှင့် ကျန်းမာရေးစနစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ဒေသန္တရကျန်းမာရေးဌာနများအား အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာသင်တန်းများ၊ ပြည်သူလူထုအား အိမ်တိုင်ရာရောက် မိသားစုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ ကူးစက်ရောဂါ ကုသကာကွယ်ရေးလုပ်ငန်း၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ တိုးချဲ့ကာကွယ် ဆေးထိုးလုပ်ငန်းနှင့် ကျန်းမာရေးပညာပေးလုပ်ငန်း၊ ရေကောင်းရေသန့် ရရှိနိုင်ရေး၊ ယင်လုံအိမ်သာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်၊ ဆေးဝါးများ သုံးစွဲနိုင်ရေး နှင့် ဆေးသုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ် ကျယ်ကျယ်ပြန့်ပြန့်ရှိစေရန်၊ အရည်အချင်းမြင့်မားသည့် ကျန်းမာရေး လူစွမ်းအားစုများကို အလုံအလောက် လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်နှင့် ထိရောက်စွာ အသုံးချနိုင်ရန်အတွက် ကျန်းမာရေးလူစွမ်းအားစု အရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ဆေးပညာရပ်များကို စဉ်ဆက်မပြတ် ဆည်းပူးနိုင်ရန်၊ တိုးတက်များပြားသော စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ နိုင်ငံတကာရေးရာများကို စနစ်တကျ စီမံခန့်ခွဲ ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ သင်ကြားရေး အရည်အသွေး

မြင့်မားရေးနှင့် စီမံခန့်ခွဲမှုတွင်လည်း အဆင်ပြေချောမွေ့စေရန်တို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးကဏ္ဍ။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်စေရန်အတွက် အခမဲ့ပညာရေး အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခမဲ့မသင်မနေရ မူလတန်းပညာရေး အစီအစဉ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့အလယ်တန်း ပညာရေးအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကျောင်းနေရန် အခက်အခဲရှိနေသည့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းဆက်လက်တက်ရောက်နိုင်ရန်အတွက် ပညာသင် ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်လျက်ရှိရာ အခြေခံပညာအဆင့် တစ်တန်း၌ (၁,၀၀၂) ဦးနှုန်းဖြင့် အတန်း ၁၁ တန်းအတွက် (၁၁,၀၂၂)ဦး၊ မူလတန်းအဆင့်ကျောင်းသားဦးရေ (၅,၀၀၀) ဦး စုစုပေါင်း ကျောင်းသားဦးရေ (၁၆,၀၂၂) ဦး အတွက် ငွေကျပ် (၉၀၁.၃) သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းကလေးများအား ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ် ခြောက်အုပ် အခမဲ့အပြင် ကျောင်းဝတ်စုံ တစ်စုံစီ အခမဲ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

အခမဲ့ပညာရေးဆောင်ရွက်နိုင်ရန်အတွက် ပညာရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမှန်စာရင်းအရ ငွေကျပ် (၃၀၀.၀၂၀) ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမှန်စာရင်းအရ ငွေကျပ်(၇၆၀.၆၇၉)ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းအရ ငွေကျပ်(၈၉၂.၈၇၅) ဘီလီယံ နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းစာရင်းအရ ငွေကျပ် (၁,၁၅၈.၄၃၇) ဘီလီယံအထိ နှစ်စဉ်တိုးမြှင့်သုံးစွဲခဲ့ပါသည်။

ပညာရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲလာနိုင်သည်နှင့်အမျှ ကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဟောင်းပြုပြင်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သကဲ့သို့ လိုအပ်သော ဆရာ၊ ဆရာမများကိုလည်း တိုးမြှင့်ခန့်ထားနိုင်ခဲ့ပါသည်။

ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေး (Early Childhood Care and Education, ECCE) ဖြင့် မူကြိုပညာရေးအစီအစဉ်ကို အခြေခံကျောင်းများအားလုံးတွင် ဖွင့်လှစ်သင်ကြားပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

မိုဘိုင်းဖုန်းမှတစ်ဆင့် မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် သင်ရိုးညွှန်းတမ်းများကို ဘာသာရပ်အလိုက် အလွယ်တကူ လေ့လာနိုင်ရန် ဆောင်ရွက်လျက်ရှိရာ Pre School နှင့် Grade (1) အတန်းများအတွက် လေ့လာနိုင်မည်ဖြစ်ပြီး Grade (10) နှင့် Grade (11) အတွက် သင်ရိုးများကို မိုဘိုင်းဖုန်း Application အဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု။ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဦးစီးဌာနသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) နှင့် ပူးပေါင်း၍ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းအဖွဲ့ခွဲ၏ ဒုတိယအကြိမ် ဆွေးနွေးပွဲအဖြစ် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းများ အကောင်အထည်ဖော်မှုများအား ဆန်းစစ် လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ မူဘောင်ရေးဆွဲရေးနှင့် ပတ်သက်၍ ဆွေးနွေး အကြံပြုခြင်း အလုပ်ရုံဆွေးနွေးပွဲ၊ "လူအများ ထိခိုက်မှုနှင့် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း" နှင့် "အာဆီယံ ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ် ရေးဆွဲရေး အစည်းအဝေး" တို့ကို နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထို့ပြင် အာဆီယံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း အဖွဲ့၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံသဘာဝဘေး အန္တရာယ် တုံ့ပြန် ဆောင်ရွက်ရေး စားပွဲဝိုင်းလေ့ကျင့်ခန်းအစီအစဉ်များကို ရှမ်းပြည်နယ်တွင် ကျင်းပပြုလုပ် ခဲ့ပါသည်။ UNOCHA ၊ USAID အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ "အရေးပေါ်အခြေအနေ ကွပ်ကဲမှုဗဟိုဌာန တည်ထောင်ဆောင်ရွက်နိုင်ရေးအတွက် အဆောက်အဦ ဆောက်လုပ်နိုင်ရေး ဒီဇိုင်းရေးဆွဲခြင်း အလုပ်ရုံ ဆွေးနွေးပွဲ"ကို နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများကို ရပ်ရွာလူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် ဦးစီးမှူးများသည် ဒေသတွင်းရှိ ဦးစီးဌာန များ၊ INGOs၊ NGOs များနှင့် ပူးပေါင်းပြီး ရပ်ကွက်/ကျေးရွာများအထိ သွားရောက်၍ သဘာဝ ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး ဟောပြောပွဲများ ပြုလုပ်ခဲ့ရာ စုစုပေါင်း ပြည်သူလူထု (၂,၅၅၆) ဦးကို အသိပညာ ဖြန့်ဝေနိုင်ခဲ့ပါသည်။

ရပ်ရွာအခြေပြု ရွာဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေး။ ၁၉၉၃ ခုနှစ် ကလေး သူငယ်ဥပဒေအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော လူငယ်များနှင့် ခိုကိုးရာမဲ့ လူငယ်များ အား တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးငယ်များ သင်တန်းကျောင်း (၁၀) ခုတွင် လူငယ်ဦးရေ (၁,၂၅၀) လက်ခံ၍ ကျောင်းပညာနှင့် အသက်မွေး ဝမ်းကျောင်း ပညာသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ ကလေးသူငယ် အခွင့် အရေးဆိုင်ရာ ဥပဒေ(မူကြမ်း) ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးများကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံ ဆွေးနွေးပွဲများအား ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ် တို့အတွင်းရှိ မြို့နယ်(၂၂)မြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပါသည်။

ကျား/မတန်းတူညီမျှမှု။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ ရေးဆွဲရေးကော်မတီ၏ ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် အစည်းအဝေးများကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ရဲဝန်ထမ်း ဦးရေ (၅၀) ကို Gender & CEDAW အသိပညာပေး ဆွေးနွေးပွဲ ကျင်းပပြုလုပ် ခဲ့ပါသည်။ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် International Medical Corp တို့ ပူးပေါင်း၍ ကျား/မ အကြမ်းဖက်မှုဆိုင်ရာ သင်တန်းကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် ခရိုင်အဆင့် Gender နှင့် Convention on the Elimination of All Forms of Discrimination Against Women (CEDAW) အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ခွဲအား (၂၂.၉.၂၀၁၄) ရက်နေ့မှစ၍ ဖွဲ့စည်းပုံအသစ်ဖြင့် ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်။

သက်ကြီးစာတတ်မြောက်မှုနှုန်း။ သက်ကြီးစာတတ်မြောက်မှုနှုန်း အမျိုးသား/အမျိုး သမီး စုစုပေါင်းအနေဖြင့် ၂၀၁၄ ခုနှစ်သန်းခေါင်းစာရင်းအရ (၈၉.၅) ရာခိုင်နှုန်း ဖြစ်ပါသည်။

နိုင်ငံရပ်ခြားခရီးသည်များ။ ပြည်ပခရီးသည်များမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၃,၁၈၄,၁၀၂) ဦး ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်ထက် (၈၇၄,၂၃၈) ဦး တိုးတက်ခဲ့ပါသည်။

ပုံနှိပ်ထုတ်ဝေအဆင့်ရှိမီဒီယာ။ ကြေးမုံသတင်းစာ ထုတ်ဝေမှု စောင်ရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၆၅၈.၆၇) သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် စောင်ရေ (၃.၉၂) သိန်း လျော့နည်းခဲ့ပါသည်။ မြန်မာ့အလင်းသတင်းစာ ထုတ်ဝေမှုစောင်ရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် (၅၁၇.၈၅) သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် စောင်ရေ (၁.၅၇) သိန်း လျော့နည်း ခဲ့ပါသည်။ နယူးလိုက်မြန်မာသတင်းစာ ထုတ်ဝေမှုစောင်ရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၅၂.၀၇) သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် စောင်ရေ (၃.၁၃) သိန်း တိုးတက်ခဲ့ ပါသည်။ မြဝတီသတင်းစာ ထုတ်ဝေမှု စောင်ရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၇၂.၈၂) သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် စောင်ရေ (၂၉.၈၉) သိန်း တိုးတက်ခဲ့ပါသည်။ မြို့တော်သတင်းစာ ထုတ်ဝေမှု စောင်ရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၀.၉၇) သိန်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် စောင်ရေ(၀.၁၀) သိန်း လျော့နည်းခဲ့ပါသည်။ရတနာပုံသတင်းစာ ထုတ်ဝေမှုစောင်ရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၄.၀၁) သိန်းဖြစ်ပြီး၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ထက်စောင်ရေ (၀.၂၅) သိန်း တိုးတက်ခဲ့ပါသည်။

အီလက်ထရောနစ်မီဒီယာ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အစိုးရပိုင် မြန်မာရုပ်သံလိုင်းမှာ (၁၅) လိုင်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၁၀) လိုင်း တိုးတက်ခဲ့ပါသည်။ ဖက်စပ်လုပ်ငန်းတွင် မြန်မာ (MRTV-4)နှင့် ဆက်စပ်ရုပ်သံလိုင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၀) လိုင်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၇) လိုင်း တိုးတက်ခဲ့ပါသည်။ အင်္ဂလိပ်(MI) နှင့် Sky Net ရုပ်သံလိုင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၈၈) လိုင်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၁၀၅) လိုင်း တိုးတက်ခဲ့ပါသည်။ ရေဒီယိုလိုင်း ဝန်ဆောင်မှုလုပ်ငန်းမှာ အစိုးရပိုင် မြန်မာရေဒီယိုလိုင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၉)လိုင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကထက် (၁၅) လိုင်း တိုးတက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တို့တွင် အင်္ဂလိပ်လိုင်း ၁ လိုင်းရှိပြီး ဖက်စပ် မြန်မာလိုင်း (၆)လိုင်း ရှိပါသည်။

ဇယား(၃-၁၀) မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

၂၀၁၄ ခုနှစ် လူဦးရေ အခြေအနေ

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၄ ခုနှစ် ၊ မတ်လ
လူမှုရေးဖွံ့ဖြိုးတိုးတက်မှု		
လူဦးရေ		
စုစုပေါင်း	ဦးရေ(ထောင်)	၅၁,၄၈၆
ကျား	ဦးရေ(ထောင်)	၂၄,၈၂၄
မ	ဦးရေ(ထောင်)	၂၆,၆၆၂
မြို့ပြလူဦးရေ	ဦးရေ(ထောင်)	၁၄,၈၇၈*
ကျေးလက်လူဦးရေ	ဦးရေ(ထောင်)	၃၅,၄၀၂*
လူဦးရေတိုးနှုန်း	(%)	၀.၈၉
လူဦးရေသိပ်သည်းမှု (Population Density)	တစ်စတုရန်းကီလိုမီတာ	၇၆
မှီခိုမှုအချိုး (Dependency Ratio) (သက်ကြီး ၆၅+နှင့် သက်ငယ်(၀-၁၄)နှစ်)	(%)	၅၂.၄၄
မှီခိုမှုအချိုး (သက်ကြီး ၆၀+နှင့် သက်ငယ် (၀-၁၄) နှစ်)	(%)	၆၀.၁၀
ကလေးမှီခိုသူအချိုး	(%)	၄၃.၆၅**
သက်ကြီးမှီခိုသူအချိုး(သက်ကြီး၆၅+)	(%)	၈.၇၈

မှတ်ချက်။ ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ် အစီရင်ခံစာမှ ပြုစုထားသည့် စာရင်းဖြစ်ပါသည်။

*ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့၏ စာရင်းမကောက်ယူနိုင်ခဲ့သော လူဦးရေကို ထည့်သွင်းထားခြင်း မရှိပါ။

** အလုပ်လုပ်သူဦးရေကို အသက် (၁၅-၆၄)နှစ်အပေါ်တွက်ချက်ပါသည်။

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅
၁	၂	၃	၄
ယာဉ်အမျိုးမျိုးတင်သွင်းမှု (အရေအတွက်)			
မော်တော်ဆိုင်ကယ်	စီးရေ	၆,၈၆၆	၂၅,၂၇၃
ထွန်စက်	စီးရေ	၆၂,၆၂၆	၁၈,၅၆၀
ကုန်တင်ယာဉ်	စီးရေ	၇၆,၀၂၃	၅၁,၆၁၇
ခရီးသည်တင်ယာဉ်နှင့် VAN ကားများ	စီးရေ	၄,၂၇၆	၂၆,၅၇၄
မော်တော်ကား(ဆလွန်း)	စီးရေ	၅၉,၈၂၈	၅၁,၄၇၀
အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle)	စီးရေ	၃၆၂	၃၀၀
ယာဉ်အမျိုးမျိုးတင်သွင်းမှု (တန်ဖိုး)			
မော်တော်ဆိုင်ကယ်	ဒေါ်လာသန်း	၆.၅	၂၉.၀
ထွန်စက်	ဒေါ်လာသန်း	၃၄.၄	၁၀၀.၅
ကုန်တင်ယာဉ်	ဒေါ်လာသန်း	၇၆၁.၁	၅၅၁.၂
ခရီးသည်တင်ယာဉ်နှင့် VAN ကားများ	ဒေါ်လာသန်း	၁၃၇.၂	၃၈၆.၉
မော်တော်ကား(ဆလွန်း)	ဒေါ်လာသန်း	၄၃၇.၀	၄၀၄.၇
အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle)	ဒေါ်လာသန်း	၂၉.၄	၂၀.၈
အခြေခံအဆောက်အအုံဆိုင်ရာသုံးစွဲမှု			
လျှပ်စစ်မီးရရှိသောကျေးရွာ	ဦးရေ	၂၄,၉၉၆	၂၈,၁၉၄
ဆက်သွယ်ရေး			
အော်တိုတယ်လီဖုန်းလိုင်းများ	လိုင်း	၅၃၃,၈၈၃	၅၂၆,၇၉၂
မိုဘိုင်းဖုန်းလိုင်း	လိုင်း	၇,၇၂၅,၅၇၃	၂၇,၅၆၈,၂၄၄
လူဦးရေ ၁၀၀၀ လျှင်သုံးစွဲနိုင် သောတယ်လီဖုန်း	လုံး	၁၆၂	၅၄၆
အင်တာနက်/ အီးမေးလ်လိုင်း	လိုင်း	၂,၅၁၃,၂၀၅	၁၇,၇၃၆,၄၂၆
စာတိုက်			
အစိုးရစာတိုက်	ခုရေ	၁,၃၈၇	၁,၃၈၄

ဇယား(၃-၁၀) အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅
လမ်း			
လမ်းမိုင်အရှည်စုစုပေါင်း	ကီလိုမီတာ	၄၀,၁၂၈	၄၀, ၅၈၂
လမ်းသိပ်သည်းဆ	ကီလိုမီတာ/ စတုရန်း ကီလိုမီတာ	၀.၀၅၉၃	၀.၀၅၉၉
မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ကွန်ကရစ်လမ်း)	ကီလိုမီတာ	၂၁,၃၆၁	၂၁,၄၆၀
ယာဉ်အသုံးပြုမှု			
စုစုပေါင်းမှတ်ပုံတင်မော်တော်ယာဉ် (ခရီးသည်+ကုန်တင်)	စီးရေ	၄,၂၃၇,၆၈၂	၅,၀၇၇,၆၉၉
ကုန်တင်ယာဉ်	စီးရေ	၁၅၉,၀၁၄	၂၃၃,၉၀၃
မီးရထား			
မီးရထားလမ်းအရှည်	သံလမ်းမိုင်	၄,၈၅၅	၄,၉၃၃
ခရီးသည်	သန်း	၅၃.၂၁	၄၈.၄၀
ခရီးသည်မိုင်(တစ်ကီလိုမီတာလျှင်)	ဦးရေ	၆,၈၀၇	၆,၀၉၃
ကုန်တန်ချိန်	သန်း	၂.၄၇	၂.၂၉
မြို့ပြလေကြောင်း			
ပြည်တွင်းလေဆိပ်	ခုရေ	၆၆	၆၆
ပြည်တွင်းခရီးသည်	သန်း	၁.၇၈	၁.၆၈
လေယာဉ်ခေါက်ရေ	ခေါက်ရေ	၅၀,၇၄၅	၄၉,၄၈၄
အပြည်ပြည်ဆိုင်ရာလေဆိပ်	ခုရေ	၃	၃
ပြည်ပခရီးသည်	သန်း	၂.၈	၄.၇
ပို့ကုန်	မ/တန် သန်း	၀.၀၁	၀.၀၂
သွင်းကုန်	မ/တန် သန်း	၀.၀၁၂	၀.၀၁၅
လေယာဉ် (ထွက်ခွာ)	ခေါက်ရေ (ထောင်)	၁၄.၁၄	၂၂.၅
လေယာဉ် (ဆိုက်ရောက်)	ခေါက်ရေ (ထောင်)	၁၄.၁၄	၂၂.၅
ဆိပ်ကမ်း			
သဘော်အဝင်	စီးရေ	၄,၈၁၅	၄,၅၈၃

ဇယား(၃-၁၀) အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅
စုစုပေါင်းပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာပေါင်း	TEU(000)	၆၁၇.၁၆၉	၇၂၈.၁၁၄
ကုန်သေတ္တာအပါစုစုပေါင်း ပို့ကုန်၊ သွင်းကုန်အားလုံး	မ/တန် (ထောင်)	၂၈,၃၇၈	၂၉,၆၈၉
ပြည်တွင်းဆိပ်ကမ်း	ခုရေ	၉	၉
ပြည်တွင်းခရီးသည်	သန်း	၀.၁၁	၀.၁၁
ပြည်တွင်းကုန်စည်ပမာဏ	တန် (သန်း)	၂.၇	၂.၉
ပြည်ပဆိပ်ကမ်း	ခုရေ	၉	၉
ပြည်ပခရီးသည်	သန်း	၀.၀၁၈	၀.၀၃၄
ပြည်ပကုန်စည်ပမာဏ	တန် (သန်း)	၂၅.၆	၂၆.၈
ပြည်ပကုန်စည်ပမာဏ	TEU(000)	၄၇၀	၇၂၈

TEU(000) =၂၀ ပေတူညီယူနစ် လုံးရေ(ထောင်)

အခြေခံလိုအပ်ချက်များသုံးစွဲမှု			
ကျန်းမာရေး			
ပြည်သူ့ဆေးရုံများ	ဦးရေ	၉၈၈	၁၀၂၉
ပုဂ္ဂလိကဆေးရုံများ	ဦးရေ	၁၇၆	၁၈၂
ပုဂ္ဂလိကဆေးပေးခန်းများ	ဦးရေ	၅,၅၆၈	၅,၀၈၈
ခုတင်(အစိုးရ)	ဦးရေ	၄၅,၇၇၈	၄၇,၄၅၄
ဆရာဝန်	ဦးရေ	၃၁,၅၄၂*	၃၂,၈၆၁*
သူနာပြု	ဦးရေ	၂၉,၅၃၂*	၃၂,၆၀၉*
ကျန်းမာရေးကြီးကြပ်(အဆင့်-၁)	ဦးရေ	၅၃၆	၆၂၈
ကျွမ်းကျင်သူများနှင့် ကလေးမွေးဖွားမှု	%	၇၁.၆	၇၄.၉
အသက်၁၅နှစ်နှင့်အထက် လူဦးရေအတွင်း HIVဖြစ်ပွားမှုနှုန်း(၂၀၀၉ခုနှစ် အပေါ် အခြေခံ)	%	၀.၄၇	၀.၅၃

*ကျန်းမာရေးစီမံကိန်းစာရင်းများဖြစ်ပါသည်။

ဇယား (၃-၁၀) အဆက်

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅
ပညာရေး (အခြေခံ)			
အစိုးရ			
ကျောင်း	ဦးရေ	၄၃,၁၈၁	၄၄,၄၀၄
ကျောင်းသား	ဦးရေ ထောင်	၈,၅၁၇	၈,၇၇၇
ဆရာ/ဆရာမ	ဦးရေ	၂၈၁,၄၅၁	၃၄၇,၀၃၅
ပုဂ္ဂလိက			
ကျောင်း	ဦးရေ	၁၅၉	၂၈၀
ကျောင်းသား	ဦးရေ	၄၅,၂၇၄	၅၄,၂၅၁
ဆရာ/ဆရာမ	ဦးရေ	၂,၉၉၄	၂,၈၁၈
ပညာရေး (အဆင့်မြင့်)			
အစိုးရ			
ကျောင်း	ဦးရေ	၁၆၉	၁၆၉
ကျောင်းသား	ဦးရေ	၄၉၆,၅၀၅	၆၃၆,၈၁၅
ဆရာ/ဆရာမ	ဦးရေ	၂၃,၄၁၂	၂၅,၂၇၄
သက်ကြီး စာတတ်မြောက်မှုနှုန်း			
စုစုပေါင်း	(%)		၈၉.၅*
နိုင်ငံရပ်ခြားခရီးသည်များ			
ကမ္ဘာလှည့်ခရီးသည်များ	ဦးရေ	၂,၃၀၉,၈၆၄	၃,၁၈၄,၁၀၂
ပုံနှိပ်မီဒီယာ			
ကြေးမုံသတင်းစာ	စောင်ရေသိန်း	၆၆၂.၅၉	၆၅၈.၆၇
မြန်မာ့အလင်းသတင်းစာ	စောင်ရေသိန်း	၅၁၉.၄၂	၅၁၇.၈၅
The Global New Light of Myanmar	စောင်ရေသိန်း	၅၅.၂၀	၅၂.၀၇
မြဝတီသတင်းစာ	စောင်ရေသိန်း	၁၄၂.၉၃	၁၇၂.၈၂
မြို့တော်သတင်းစာ	စောင်ရေသိန်း	၁၁.၀၇	၁၀.၉၇
ရတနာပုံသတင်းစာ	စောင်ရေသိန်း	၃.၇၆	၄.၀၁

* ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရဖြစ်ပါသည်။

ဇယား(၃- ၁၀) အဆုံး

အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅
အီလက်ထရောနစ်မီဒီယာနှင့် တယ်လီဗီးရှင်းလိုင်းများ			
အစိုးရ			
မြန်မာ (MRTV,MWD)	လိုင်း	၅	၁၅
ဖက်စပ်			
မြန်မာ (MRTV-4) နှင့် ဆက်စပ် ရုပ်သံလိုင်းများ	လိုင်း	၃	၁၀
အင်္ဂလိပ် (MI) နှင့် Sky Net ရုပ်သံလိုင်းများ	လိုင်း	၃	၁၀၈
ရေဒီယိုလိုင်းများ			
အစိုးရ			
ပြန်ကြားရေးမှ မြန်မာ (မြန်မာ့အသံတိုင်းရင်းသား)	လိုင်း	၂	၁၇
ပြန်ကြားရေးမှ အင်္ဂလိပ် (မြန်မာ့အသံ အင်္ဂလိပ်)	လိုင်း	၁	၁
ကကပြည်မှမြန်မာ(သဇင်)	လိုင်း	၁	၁
ရန်ကုန်စည်ပင်(City FM)	လိုင်း	၁	၁
ဖက်စပ်			
မြန်မာ(ဒေသဆိုင်ရာFMများ)	လိုင်း	၆	၆
ပြည်တွင်းလျှပ်စစ်မာတ်အားသုံးစွဲမှု	ကီလိုဝပ်နာရီ (သန်း)	၁၂,၄၂၂.၆	၁၄,၃၉၇.၉
ထုတ်လုပ်မှု			
ရေနံစိမ်းထုတ်လုပ်မှု (Production of Crude Oil)	အမေရိကန်စည် (ထောင်)	၆,၇၃၃.၇၀၁	၆,၉၉၅.၅၅၃
သဘာဝမာတ်ငွေ့ထုတ်လုပ်မှု (Production of Natural Gas)	ကုဗပေ(သန်း)	၄၅၉,၀၇၀	၆၄၇,၅၈၁

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်မြင့်မားလာမှုကို ပုံပြဂရပ်များဖြင့် တင်ပြအပ်ပါသည်-

ပုံ (၃ -၁) စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၃-၂) ဂျီဒီပီ တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုံ(၃-၃) လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)



လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်(၁,၁၃၃,၄၁၆) ကျပ်ရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လ ကုန် ယာယီတွင် (၁,၂၆၅,၆၅၉)ကျပ် ရရှိခဲ့သဖြင့်(၁၃.၂,၂၄၃) ကျပ် တိုးတက် ရရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁,၂၈၁,၁၀၅)ကျပ် ရရှိရန် ရည်မှန်းခဲ့သော်လည်း ကျိဒီပီ အကောင်အထည်ဖော်နိုင်မှု (၉၈.၈) ရာခိုင်နှုန်း ရှိသဖြင့် (၁,၂၆၅,၆၅၉) ကျပ်သာ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးများ တိုးတက်လာသည်နှင့်အမျှ လူတစ်ဦးစီ ၏ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက် လာခဲ့ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုံ (၃ -၄) စီးပွားရေး ဖွဲ့စည်းမှု ပုံသဏ္ဌာန်(နှစ်အလိုက်ဈေးနှုန်း)



စီးပွားရေး ဖွဲ့စည်းမှု ပုံသဏ္ဌာန်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ လယ်ယာကဏ္ဍကြီးတွင် (၂၉.၉) ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ (၂၉.၅) ရာခိုင်နှုန်း သို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီးတွင် (၃၃.၈) ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ (၃၂.၄) ရာခိုင်နှုန်း သို့ လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးတွင် (၃၆.၃) ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ (၃၈.၁) ရာခိုင်နှုန်း သို့လည်းကောင်းအသီးသီးပြောင်းလဲဖြစ်ပေါ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မတ်လကုန် ယာယီ၏ လယ်ယာကဏ္ဍကြီးတွင် (၂၉.၆) ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ (၂၇.၉) ရာခိုင်နှုန်း သို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီးတွင် (၃၅.၀) ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ(၃၄.၄)ရာခိုင်နှုန်း သို့လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးတွင် (၃၆.၄) ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ (၃၇.၇) ရာခိုင်နှုန်း သို့လည်းကောင်း အသီးသီးပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ရင်းနှီးမြှုပ်နှံမှု အခြေအနေ

ပုံ (၃-၅) စုစုပေါင်းရင်းနှီးမြှုပ်နှံမှု နှင့် ဂျီဒီပီ အချိုး



နိုင်ငံပိုင် အခန်း၊ သမဝါယမနှင့် ပုဂ္ဂလိကပိုင်အခန်းတို့၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းကြောင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)တွင် ဂျီဒီပီ၏ (၃၅.၁) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံနိုင်ခဲ့ပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုံ (၃-၆) နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု၊ သမဝါယမနှင့် ပုဂ္ဂလိကအခန်း ရင်းနှီးမြှုပ်နှံမှု



၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)အတွင်း နိုင်ငံပိုင်အခန်းမှ ပိုမိုရင်းနှီး မြှုပ်နှံခဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းတို့ကြောင့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာ ခြင်းဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် ရင်းနှီးမြှုပ်နှံမှုတွင် သမဝါယမ ပိုင်အခန်းမှ ကျပ် (၂,၃၈၀.၄) သန်း အပါအဝင် ဖြစ်ပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

ပုံ (၃-၇) ပုဂ္ဂလိကအခန်း ရင်းနှီးမြှုပ်နှံမှု



နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု၊ အထူးစီးပွားရေးဇုန်များ၏ ရင်းနှီးမြှုပ်နှံမှု၊ အသေးစားနှင့် အလတ်စား ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်း ဖြစ်ပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

ပုံ (၃-၈) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု၏ ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း



ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နိုင်ငံတော်၏ ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်းမှာ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ထက် ပိုမိုလာပြီး (၂၆.၂) ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုံ (၃-၉) အခွန်ရငွေနှင့် ဂျီဒီပီအချိုး



ဇယားမြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ပြုပြင်ပြီး ခန့်မှန်းခြေ)စာရင်းတွင် အခွန်ရငွေနှင့်ဂျီဒီပီအချိုးမှာ (၆.၄) ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ)စာရင်းတွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ (၉.၂)ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ အခွန်အကောက်ရငွေ တိုးတက်လာရခြင်းမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်နှင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက် စသည့် အခွန် အကောက် (၄) မျိုးတို့ကို တိုးချဲ့ကောက်ခံနိုင်ခဲ့သည့်အတွက်ဖြစ်ပါ သည်။

ပုံ (၃ -၁၀) ဘတ်ဂျက်ပိုငွေ/လိုငွေနှင့် ဂျီဒီပီအချိုး



ဇယားမြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) စာရင်းတွင် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး (၀.၆)ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) စာရင်း တွင် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး (၃.၀)ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ဘတ်ဂျက်လိုငွေများတိုးလာရခြင်းမှာ သာမန် အသုံး စရိတ်များ ပိုမိုသုံးစွဲခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထောက်ပံ့ငွေများ ဖြည့်ဆည်း ပေးရခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပုံ(၃-၁၁) ပြည်သူတို့၏ စုဆောင်းငွေ



တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပုဂ္ဂလိကဘဏ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဘဏ် လုပ်ငန်း ဝန်ဆောင်မှုအသစ်များ တိုးချဲ့ လုပ်ကိုင်လျက်ရှိခြင်းကြောင့် ငွေစုဘဏ် အပ်ငွေများ အပြင် အချိန်ပိုင်း အပ်ငွေများ ပိုမိုများပြားလာပြီး ပြည်သူတို့၏ စုဆောင်းငွေ တိုးမြင့်လာခြင်းဖြစ်ပါသည်။

ဇယားမြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ချက်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဇန်နဝါရီလကုန်စာရင်း ဖြစ်ပါသည်။

ပုံ (၃-၁၂) နိုင်ငံခြား ငွေလဲလှယ်နှုန်း



ဇယားမြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နိုင်ငံခြားငွေလဲနှုန်း ပေါင်းစည်းရေး အစီအစဉ်အရ နိုင်ငံခြားငွေဈေး လေလံပွဲ (Foreign Exchange Auction) အား ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ် ရည်ညွှန်း နိုင်ငံခြားငွေ လဲလှယ်နှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် ဧပြီလတွင် အမေရိကန် တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာ (၉၆၂) ကျပ် ဖြစ်ခဲ့ပြီး တဖြည်းဖြည်း မြင့်တက်ခဲ့ရာ အောက်တိုဘာလကုန်တွင် (၁,၀၀၆)ကျပ်ထိ ဖြစ်ပေါ်ခဲ့ပါသည်။ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသည့် ကာလဖြစ်သဖြင့် သွင်းကုန်တန်ဖိုးမှာ ပို့ကုန်တန်ဖိုးထက် ပိုမို၍ နိုင်ငံခြားငွေဝယ်လိုအား မြင့်မားခြင်း၊ အမေရိကန်နိုင်ငံ၏ စီးပွားရေး ပြန်လည်ကောင်းမွန်

လာခြင်းများကြောင့် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာ ဆက်လက်မြင့်တက်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လတွင် (၁,၀၂၇) ကျပ်ထိ ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အမေရိကန် တစ်ဒေါ်လာလျှင် ပျမ်းမျှ (၉၉၈) ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။

ပုံ (၃-၁၃) ငွေကြေးဖောင်းပွမှုနှုန်း





ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ ပြန်လည် မြင့်တက်လာပြီး ပျမ်းမျှ (၅.၀၆) ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ မြင့်တက်လာရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုတိုးလာခြင်းတို့အပြင် ဈေးကွက်တွင် ဖြစ်ပေါ်နေသော ငွေလဲလှယ်နှုန်းထားအရ အမေရိကန် ဒေါ်လာဈေးနှုန်း မြင့်မားမှုကြောင့် ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်းဈေးနှုန်းများကို မြင့်တက်စေပြီး သွင်းကုန်ပစ္စည်း အသုံးပြုသည့် ကုန်ထုတ်လုပ်ငန်းများ၏ ထုတ်လုပ်မှုစရိတ်ကို ကြီးမြင့်စေသည့်အပြင် ပြည်တွင်း အထွေထွေကုန်ဈေးနှုန်းများနှင့် စားသုံးသူ ဈေးဆနှုန်း တွက်ချက်ရာတွင် အချိုးအစား အများဆုံး ပါဝင်သော အစားအစာအုပ်စု ကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တက်လာခြင်းတို့သည် ငွေကြေးဖောင်းပွမှုနှုန်း ဖြစ်ပေါ်ရခြင်း၏ အရေးပါသော အကြောင်းများ ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက် (၅.၂၆) ရာခိုင်နှုန်း ထက် လျော့နည်းခဲ့သော်လည်း ကျန်လများတွင် ငွေကြေး ဖောင်းပွမှုနှုန်း ရည်မှန်းချက်ထက် ပိုများကြောင်း တွေ့ရှိရပါသည်။

ပြည်ပကုန်သွယ်ရေးအခြေအနေ

ပုံ(၃-၁၄) ပို့ကုန်၊ သွင်းကုန် အခြေအနေ



ပုံ(၃-၁၅) အများဆုံး ပို့ကုန်ပစ္စည်းများ



ပုံ(၃-၁၆) အများဆုံးသွင်းကုန်ပစ္စည်းများ အခြေအနေ



ပုံ(၃-၁၇) ကုန်ပစ္စည်းအုပ်စုအလိုက်သွင်းကုန်များ အခြေအနေ



မြန်မာနိုင်ငံပို့ကုန်များသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်ကုန်ပစ္စည်း၊ သစ်ပါးလွှာနှင့် အထပ်သား၊ သဘာဝ ဓာတ်ငွေ့၊ သတ္တုတွင်းထွက်နှင့် ကျောက်မျက်ရတနာပစ္စည်း၊ ချုပ်ပြီးအထည်တို့တွင် ပိုမိုတင်ပို့ဆောင်ရွက်နိုင်ခဲ့ပါသည်။

နှမ်း၊ ရာဘာစိမ်းနှင့် သားရေစိမ်းတို့တွင် တင်ပို့မှု လျော့နည်းခဲ့ပါသည်။ ရာဘာစိမ်းတွင် မ/တန် (၁၀.၄) လျော့နည်းပြီး ဈေးနှုန်းအားဖြင့် ထက်ဝက်ခန့် ကျဆင်းခဲ့ပါသည်။ ငါးထုတ်လုပ်မှုတွင် မ/တန် (၃၀.၂)နှင့် အခြား ရေထွက်ပစ္စည်းများတွင် မ/တန် (၁၈၆.၇) လျော့နည်းပြီး ယခင်နှစ်ကာလထက် ပို့ကုန်ဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့၍ ဖြစ်ပါသည်။ နိုင်ငံအတွင်း ခရီးသွားဧည့်သည်များ ပိုမိုများပြားလာခြင်းကြောင့် ငါး၊ ပုဇွန်ကို ပြည်တွင်းစားသုံးမှု ပိုလာခြင်းနှင့် အရည်အသွေးဆိုင်ရာနည်းပညာလိုအပ်ချက်များကြောင့်လည်း အခြားရေထွက်ပစ္စည်းများတွင် တင်ပို့မှု ကျဆင်းခဲ့ပါသည်။

ပုံ(၃-၁၈) မြန်မာနိုင်ငံသို့လာရောက်သည့်ကမ္ဘာလှည့်ခရီးသည်နှင့်သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ



နိုင်ငံတော်မှ ပွင့်လင်းမြင်သာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံခြား ခရီးသွားများ လာရောက် လည်ပတ်ရန် စိတ်ဝင်စားသော ခရီးစဉ်ဒေသတစ်ခု ဖြစ်လာခြင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဒေသ ဝင်ပေါက်များအား တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားသားများ ဝင်/ ထွက်မှု လွယ်ကူအဆင်ပြေစေရန် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊ ပြည်ဝင်ခွင့်ဗီဇာနှင့် ဗီဇာသက်တမ်း တိုးမြှင့်ပေးရန်အတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ e-Visa အား ခွင့်ပြုပေးခဲ့ခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဇယား-၆ စာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီး ဌာန

အခြေခံ အဆောက်အအုံများ အခြေအနေ

ပုံ(၃- ၁၉) ပြည်တွင်းလျှပ်စစ်မောတ်အားသုံးစွဲမှု



ပြည်တွင်းလျှပ်စစ်မောတ်အား သုံးစွဲမှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီ (၁၂,၄၂၂.၆) သန်း သုံးစွဲနိုင်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၁၀၄.၂) ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီ (၁၄,၃၉၇.၉) သန်း သုံးစွဲနိုင်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၈.၄) ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီ (၁,၉၇၅.၃) သန်း ပိုမိုသုံးစွဲခဲ့ပါသည်။ နေပြည်တော်ကောင်စီ နယ်မြေရှိ နန်ချို၊ အထက်ပေါင်းလောင်း၊ ကချင်ပြည်နယ်ရှိ ချီဖွေငယ်၊ ကယားပြည်နယ်ရှိ ဘီလူးချောင်း (၃)၊ ပဲခူးတိုင်းအရှေ့ပိုင်းရှိ ဖြူးချောင်း ရေအားလျှပ်စစ် စက်ရုံအသစ်များ လည်ပတ်နိုင်ခဲ့ခြင်း၊ ကျေးရွာများတွင် မောတ်အား စနစ်မှ တိုးချဲ့ မောတ်အားပေးနိုင်ခြင်း၊ ပုဂ္ဂလိက မီးလင်းရေး လုပ်ငန်းများမှ ပိုမိုမီးပေးလာနိုင်ခြင်း၊ ရခိုင်ပြည်နယ်တွင် ရွှေသဘာဝမောတ်ငွေ့ဖြင့် မောတ်အားဖြန့်ဖြူးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လှော်ကား၊ ရွာမ၊ သာကေတ၊ အလုံတွင် သဘာဝမောတ်ငွေ့ သုံးအင်ဂျင်စက်များ တိုးချဲ့တပ်ဆင် မောတ်အားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဇယား-၆ စာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ

ပုံ(၃ - ၂၀) လူတစ်ထောင်လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းလုံးရေ ၇,၇၈၄,၈၆၆ လုံး တပ်ဆင်ပေးရန် နှင့် လူ(၁၀၀၀) လျှင် တယ်လီဖုန်း ၁၅၂ လုံး သုံးစွဲ နိုင်ရန် ရည်မှန်းခဲ့ပါသည်။ ဘဏ္ဍာနှစ်ကုန်ထိ တယ်လီဖုန်း လုံးရေ ၈,၂၉၉,၇၉၁ လုံး တပ်ဆင် နိုင်ခဲ့ပြီး လူ(၁၀၀၀) လျှင် သုံးစွဲ နိုင်သည့် တယ်လီဖုန်း မှာ ၁၆၂ လုံး ဖြစ်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် တယ်လီဖုန်းလုံးရေ ၁၃,၃၁၈,၂၁၅ လုံး တပ်ဆင် ပေးရန် နှင့် လူ(၁၀၀၀) လျှင် တယ်လီဖုန်း ၂၅၈ လုံး သုံးစွဲနိုင်ရန် ရည်မှန်းခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (မတ်လကုန်)တွင် တယ်လီဖုန်း လုံးရေ ၂၈,၁၃၄,၈၁၄ လုံး တပ်ဆင် နိုင်ခဲ့ပြီး လူ(၁၀၀၀) လျှင် သုံးစွဲနိုင်သည့် တယ်လီဖုန်းမှာ ၅၄၆ လုံး (၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မ အစီရင်ခံစာအရ) ထိ တိုးတက်လာခဲ့ပါသည်။ တယ်လီဖုန်းတပ်ဆင်မှု အနေဖြင့် ယခင်နှစ်ထက် ဖုန်းလုံးရေ ၁၉,၈၃၅,၀၂၃လုံး ပိုမို တပ်ဆင် နိုင်ခဲ့ပါသည်။ ထိုသို့တိုးတက်လာရခြင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအပြင် ပုဂ္ဂလိ ကအော်ပရေတာများကပါ တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် လစဉ်တိုးချဲ့ တပ်ဆင်ပေးခဲ့သောကြောင့် လူ(၁၀၀၀) လျှင် တယ်လီဖုန်း သုံးစွဲနိုင်မှု မှာလည်း သိသိသာသာတိုးတက် ခဲ့ရခြင်း ဖြစ်ပါသည်။

ဇာစ်မြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပုံ(၃ - ၂၁) လူတစ်ထောင်လျှင် အသုံးပြုနိုင်သော မော်တော်ကား



၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု၊ မီးလောင်မှု၊ သဘာဝ ဘေးဒဏ်ကြောင့် မောင်းနှင်နိုင်မှု မရှိတော့သည့် ယာဉ်များအပြင် မည်သည့် အကွာရာမဆို ထုတ်လုပ်သည့် အနှစ် (၂၀) ကျော် ယာဉ်များ မှတ်ပုံတင် သက်တမ်း (၅) နှစ်ကျော် နှစ် ပြတ်ခြင်း မရှိပါက မှတ်ပုံတင်ခ လျှော့ပေါ့၍ တင်သွင်းခွင့်ပြုခဲ့ပြီး သက်တမ်းနှစ်ပြတ်ခြင်း မရှိသည့် သုံးဘီးယာဉ် (သုံးဘီးဆိုင်ကယ်မပါ) များအား ပိုင်ရှင်၏ ဆန္ဒအရ အပ်နှံစေ၍ တင်သွင်းခွင့်ပြုခဲ့သောကြောင့် မော်တော်ယာဉ် စီးရေ များပြားလာရခြင်း ဖြစ်ပါ သည်။

ဇာစ်မြစ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပုံ (၃- ၂၂) ပြည်သူ့ဝန်ထမ်းအင်အား



ပြည်သူ့ဝန်ထမ်းအင်အားကို စီမံကိန်းရည်မှန်းချက် လျာထားရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ အနေဖြင့် ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားဖြင့် လျာထားခြင်းကြောင့် မပြည့်မီခြင်း ဖြစ်ပါသည်။ ကျန်းမာရေး၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေး၊ အားကစား၊ စက်မှု၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ပြည်ထဲရေး ဝန်ကြီးဌာနများသည် စီမံကိန်းရည်မှန်းချက် (ဖွဲ့စည်းပုံအင်အား) ကို ပြည့်မီခြင်း မရှိပါ။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပညာရေး

ပုံ(၃- ၂၃) ကျောင်းများအခြေအနေ



မူလတန်းလွန်ကျောင်းများကို အလယ်တန်းအဆင့်သို့ အဆင့်မြှင့်တင်ခြင်း ကြောင့် မူလတန်းကျောင်း အရေအတွက် လျော့နည်းသွားခြင်းဖြစ်ပါ သည်။

မူလတန်းလွန်ကျောင်းများကို အလယ်တန်းကျောင်းများ အဖြစ်လည်းကောင်း ၊ အလယ်တန်းကျောင်းများကို အထက်တန်း ကျောင်းများ အဖြစ်လည်းကောင်း အဆင့်မြှင့်တင် နိုင်ခဲ့သည့်အတွက် အလယ်တန်းနှင့် အထက်တန်း ကျောင်းများသည် ရည်မှန်းထားသည်ထက် ကျောင်းဦးရေ ပိုမို တိုးတက်လာခဲ့ပါ သည်။

ပုံ(၃- ၂၄)အခြေခံပညာကျောင်းဆရာများအခြေအနေ



မူလတန်း အဆင့်တွင် နေ့စား လပေး ဆရာ၊ ဆရာမများကို အမြဲတမ်း ဝန်ထမ်း အဖြစ် ခန့်အပ်ခဲ့သည့်အတွက် စီမံကိန်း ရည်မှန်းချက်ထက် ပိုမိုတိုးတက် ခဲ့ပါသည်။

အလယ်တန်းနှင့်အထက်တန်း အဆင့် များတွင် သက်ဆိုင်ရာ ဘာသာရပ်နှင့် ကိုက်ညီသော လိုအပ်သည့် ဆရာ၊ ဆရာမ များမရရှိခြင်း၊ ရာထူးတိုးမြှင့် ခန့်ထားမှု မပြုနိုင်သေးခြင်း၊ ဖွဲ့စည်းပုံ ပြည့်မီအောင် ခန့်ထားပေးရန် လိုအပ်နေခြင်း တို့ကြောင့် ရည်မှန်းချက်ထက် လျော့နည်းနေခြင်း ဖြစ် ပါသည်။

ဇယားမြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ(၃- ၂၅) အခြေခံပညာကျောင်းသားများအခြေအနေ



ပညာသင် ထောက်ပံ့ကြေးများ တိုးချဲ့ ချီးမြှင့်ခြင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းနေမြဲရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျောင်းပြင်ပ ပညာရေး ဆောင်ရွက်ခြင်း တို့ကြောင့် အလယ်တန်းနှင့်အထက်တန်း ကျောင်းသား ဦးရေ တိုးတက်ခဲ့ပါသည်။

ဇယားမြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ(၃-၂၆) တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့်ကောလိပ်များအခြေအနေ



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

တက္ကသိုလ်၊ ဒီဂရီကောလိပ် နှင့် ကောလိပ်ကျောင်း ဆရာဦးရေသည် ဖွဲ့စည်းပုံ အပြည့်ခန့်ထားရန်ရေးဆွဲထားသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရည်မှန်းချက်ထက် လျော့နည်းခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာန အသီးသီး အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် နှင့် ကောလိပ်ကျောင်းများတွင် စီမံကိန်း ရည်မှန်းချက်နှင့်အညီ ဆရာ ခန့်ထားနိုင်ခြင်း မရှိသေးပါ ။ ဘာသာရပ်အလိုက် အရည်အသွေး ပြည့်ဝသော ဆရာ/ဆရာမများ ပိုမိုခန့်အပ်နိုင်ရန် လိုအပ်ပါသည်။

ကျောင်းသား ဦးရေတွင် ပညာရေး ကောလိပ်များရှိ ဘွဲ့လွန် ကျောင်းသားများ သင်တန်းပြီးဆုံးသွားသဖြင့် ကျောင်းသားဦးရေ လျော့နည်းရခြင်း ဖြစ်ပါသည်။ ပညာသင်ကာလ ပြီးဆုံးသည့် ကျောင်းသားဦးရေများ လျော့နည်း ခြင်း ဖြစ်ပါသည်။

ကျန်းမာရေး

ပုံ(၃- ၂၇) ဆရာဝန်ဦးရေ



ဇယားမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ဆေးတက္ကသိုလ်များမှ ဆရာဝန်ဦးရေ တိုးတက် မွေးထုတ်နိုင်ခြင်း၊ ဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ များ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ စံကိုက် ပြင်ဆင်ဖွဲ့စည်းခြင်း တို့ကြောင့် နိုင်ငံ့ ဝန်ထမ်း ဆရာဝန်များ တိုးမြှင့်ခန့်ထားခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နိုင်ငံ့ ဝန်ထမ်းဆရာဝန်များ ခန့်ထားခြင်း၊ တိုးပွားလာ သော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန် ဦးရေ ထပ်မံတိုးမြှင့်ခန့်ထားခြင်းတို့ကြောင့် စီမံကိန်း ရည်မှန်းချက်ပြည့်မီလုနီးပါးဆရာဝန်ဦးရေ တိုးတက် လာခဲ့ပါသည်။

ပုံ(၃-၂၈) သူနာပြုဦးရေ



ဇယားမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးအတွက် နိုင်ငံတော်၏ လိုအပ်ချက် နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု အမျိုးအစားအလိုက် လိုအပ်သော ကျန်းမာရေး စွမ်းအားစုများ၊ အရည်အသွေးပြည့်မီသည့်ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးခြင်းကြောင့် သူနာပြုဦးရေသိသိသာသာတိုးတက်လာခဲ့ပါသည်။

ပုံ(၃-၂၉) သားဖွားဆရာမဦးရေ



ဇယားမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ စံကိုက်ပြင်ဆင် ဖွဲ့စည်းခြင်း တို့ကြောင့် သားဖွားဆရာမများ တိုးမြှင့်ခန့်ထားခြင်း၊ မိမိဒေသရှိ တိုက်နယ်ဆေးရုံ၊ ဒေသန္တရ ကျန်းမာရေး၊ ကျေးလက် ကျန်းမာရေးဌာနများတွင် ဦးစားပေး ခန့်ထားခြင်း တို့ကြောင့် သားဖွားဆရာမဦးရေ တိုးတက်ခဲ့ပါသည်။

စီးပွားရေးနှင့် လူမှုရေးအခြေအနေ သုံးသပ်ချက်

မြန်မာနိုင်ငံသည် စီးပွားရေးဆိုင်ရာ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုဥပဒေများ နိုင်ငံခြား ကုန်သွယ်မှု ဥပဒေများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ရေးဆွဲ အကောင်အထည်ဖော်လျက် ရှိပါသည်။ ထိုသို့ စီးပွားရေးဆိုင်ရာ မူဝါဒများ ပြုပြင်ပြောင်းလဲမှုများကြောင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်း၊ ကုန်သွယ်မှု ပမာဏ မြင့်မားလာခြင်းနှင့်အတူ အခြေခံအဆောက်အအုံများ တိုးတက်လာခြင်း၊ လူနေမှု အဆင့်အတန်း တိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားနေရပြီ ဖြစ်သည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာရောက်လုပ်ကိုင်နိုင်ရန် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံ၏စီးပွားရေးသည် ယခုထက် ပိုမိုဖွံ့ဖြိုး တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်ရရှိပါသည်။

အခန်း (၄)

ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်း

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမူဝါဒများနှင့်အညီ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ရာ ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့စီးပွားရေးအနေအထားနှင့် လိုက်လျောညီထွေဖြစ်စေရန်လည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့သည် လက်ရှိပြုပြင်ပြောင်းလဲမှုများ ကြီးမားသော အရှိန်ဖြင့် တိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ရန်၊ စွမ်းဆောင်မှုအားကောင်းစေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပဂ္ဂလိကကဏ္ဍသက်ဝင်လှုပ်ရှား၍ ရှင်သန်အားကောင်းလာစေရန် စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို အောင်မြင်စေရန် မူဝါဒများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ငွေကြေးမူဝါဒ (Monetary Policy)

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး၊ ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေးနှင့် ရှင်သန်သော စီးပွားရေးဖွံ့ဖြိုးမှု ရရှိစေရန် အစိုးရအဖွဲ့၏ အထွေထွေ စီးပွားရေးမူဝါဒများကို အထောက်အကူပြုရေး စသည့် ငွေကြေးမူဝါဒများ ချမှတ်ခဲ့ပြီး အောက်ဖော်ပြပါ ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အစိုးရငွေတိုက်စာချုပ် (Treasury Bond) နှင့် အစိုးရငွေချေး သက်သေခံလက်မှတ် (Treasury Bill) များ ထုတ်ဝေရောင်းချခြင်း၊ ဘဏ်များအကြား ငွေတိုက်စာချုပ်များ ရောင်းဝယ်ခြင်း (Interbank Bond Trading) စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းသုံးငွေကြေးဖြင့် သုံးစွဲနိုင်သော Myanmar Payment Union Card (MPU - Debit Card) ဖြင့် ငွေပေးချေခြင်း၊ MPU အဖွဲ့ဝင်ဘဏ်များ တိုးပွားလာရေးနှင့် MPUလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အားပေးဆောင်ရွက်ခြင်း၊

(ဂ) ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသစ်များ တိုးချဲ့ခွင့်ပြုခြင်းနှင့် ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊

(ဃ) နိုင်ငံတကာငွေပေးချေကတ်များဖြစ်သော Visa နှင့် Master Card များအတွက် လက်ခံဆောင်ရွက်ခြင်းကို ခွင့်ပြုပေးခြင်း၊ နိုင်ငံတကာကတ်တစ်ခုဖြစ်သော JCB Card ကို အသုံးပြုရန်အတွက် JCB နှင့် MPU တို့ Master Lincense Agreement ကို လက်မှတ်ရေးထိုးခြင်း၊

(င) Online Banking နှင့် Mobile Banking စနစ် လုပ်ကိုင်ဆောင်ရွက်ရန်အတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ခြင်း၊

ဖော်ပြပါမူဝါဒများအရ ငွေရေးကြေးရေးကဏ္ဍကို အောက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၅ ခုနှစ်၊ ဧန်နဝါရီလတွင် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း၍ အစိုးရငွေတိုက်လက်မှတ် (Treasury Bills) များကို လေလံစနစ်ဖြင့် စတင်ရောင်းချခဲ့ပါသည်။ လေလံတွင် နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားသည့် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော ပုဂ္ဂလိကဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအားလုံး ပါဝင်ခွင့်ရှိပါသည်။

(ခ) Myanmar Payment Union Card (MPU - Debit Card) ဖြင့် ငွေပေးချေခြင်းအားဆောင်ရွက်ရာတွင် MPU အဖွဲ့ဝင်ဘဏ် (၁၃) ဘဏ်ထိ ရှိလာပြီး အစီရင်ခံသည့်ကာလအထိအလိုအလျောက်ငွေထုတ်စက် (Automatic Teller Machine –ATM) (၁၂၅၁) လုံးနှင့် အရောင်းစင်တာ(Point of Sale -POS) (၂၉၉၈) ခု ၌ လက်ခံသုံးစွဲပေးလျက်ရှိပါသည်။ MPU လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ ပုဂ္ဂလိကဘဏ် (၂၃) ခုတို့မှ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဘဏ်ခွဲပေါင်း (၁၀၄၀) ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ (၄၂) ခုနှင့် နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ (၁) ခု၊ ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီ (၉) ခု ဖွင့်လှစ်ထားရှိ၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်တွင်း၌ နိုင်ငံခြားဘဏ်လုပ်ငန်းများလုပ်ကိုင်ရန် နိုင်ငံခြားဘဏ် (၉) ဘဏ်အတွက် ကနဦးအတည်ပြုချက်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားဘဏ်လုပ်ငန်း ရွေးချယ်ရေးကော်မတီမှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။

(ဂ) နိုင်ငံတကာငွေပေးချေကတ်ဖြစ်သော China Union Pay Card အား လက်ခံဆောင်ရွက်လျက်ရှိပြီး စာရင်းရှင်းလင်းခြင်း လုပ်ငန်းများတွင် ငွေလဲလှယ်နှုန်းဆုံးရှုံးမှု (Exchange Rate Risk) ကို လျော့ချရန်အတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစ၍ ကမ္ဘောဒီးယားသည် ယခင်က စင်ကာပူဒေါ်လာဖြင့် ဆောင်ရွက်ရာမှ အမေရိကန်ဒေါ်လာဖြင့် ပြောင်းလဲဆောင်ရွက်ပေးခဲ့ပါသည်။

(စ) ထို့ပြင် MPU အဖွဲ့ဝင်ဘဏ် (၁၃) ဘဏ်၌ နိုင်ငံတကာငွေပေးချေကတ်များဖြစ်သော Union Pay International Card (UPI Card) နှင့် Japan Credit Beuare Card (JCB Card) များကို လက်ခံဆောင်ရွက်ပေးနေပြီ ဖြစ်ပါသည်။ Visa Card နှင့် Master Card များ လက်ခံဆောင်ရွက်ခြင်းအတွက် ပုဂ္ဂလိကဘဏ် (၅) ဘဏ်အား ခွင့်ပြုပေးခဲ့ပြီး အဆိုပါဘဏ်များ၏ ATM နှင့် POS များတွင် အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

(ဆ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားငွေလွှဲလုပ်ငန်း ဆောင်ရွက်ရန် ရိုးမဘဏ်အား Western Union ဖြင့် ချိတ်ဆက်ဆောင်ရွက်ခွင့်ပြုခြင်း၊ သမဝါယမဘဏ်နှင့် ပထမပုဂ္ဂလိကဘဏ်တို့အား မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှု (Mobile Banking) ဆောင်ရွက်ခွင့်ပြုခြင်း စသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်များ ဆောင်ရွက်ခဲ့ပါသည်။

(ဇ) ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာပါသည်။

(ဈ) ပုဂ္ဂလိကအာမခံကုမ္ပဏီ (၂) ခုသည် အာမခံဆိုင်ရာလုပ်ငန်းကိစ္စရပ်များတွင် နိုင်ငံခြားငွေဖြင့် အာမခံလက်ခံဆောင်ရွက်ခြင်း၊ လျော်ကြေးပေးချေရာတွင်လည်း နိုင်ငံခြားငွေဖြင့် လျော်ကြေးပေးချေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

(ည) အာမခံလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ၂၀၁၄ ခုနှစ် မေလမှစ၍ အဝေးပြေးလမ်းမကြီးများဆိုင်ရာ အထူးခရီးသွား အာမခံ (Special Travel Insurance for Highway Roads) ကို တိုးချဲ့လုပ်ကိုင်ခဲ့ပါသည်။

ဘဏ္ဍာရေး မူဝါဒ (Fiscal Policy)

နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် စီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေး အထောက်အကူပြုနိုင်သော ရသင့်ရထိုက်သည့်

ရငွေများ တိုးမြှင့်လျာထားနိုင်စေရေး၊ အခွန်ရှောင်တိမ်းမှုမရှိသည့် အခွန်ပေးဆောင်မှုစနစ် ဖြစ်ပေါ်လာစေရေးနှင့် အသုံးစရိတ်များအား ပိုမိုခွဲဝေပေးခြင်းဖြင့် အရင်းအမြစ်များကို အကျိုးရှိဆုံး ခွဲဝေအသုံးချ ဆောင်ရွက်သွားစေရေး စသည့် မူဝါဒများ ချမှတ်ပြီး အောက်ပါ ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်-

(က) ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ချမှတ်ဆောင်ရွက်ပြီး ငွေကြေးနှင့်ကြွေးမြီ စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်စေရန် ငွေတိုက်ဦးစီးဌာနကို ၁.၉.၂၀၁၄ ရက်နေ့တွင် ဖွင့်လှစ်၍ အစိုးရ၏ ဘဏ္ဍာရေး ဆိုင်ရာ ကိစ္စရပ်များအား ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ခွဲဝေကျင့်သုံးနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ငွေကြေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည် တိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်နှင့် ပြည်သူများအတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများ တိုးတက် ရရှိအောင် ဆောင်ရွက်ရာတွင် အခွန်စည်းကြပ်ကောက်ခံမှုများအား ခေတ်မီ နည်းပညာများဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) ဘဏ္ဍာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးအား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ စတော့အိပ်ချိန်း တည်ထောင်ရန် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း၊

ဖော်ပြပါ မူဝါဒများအရ ဘဏ္ဍာရေးကဏ္ဍကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ဘဏ္ဍာရေးဝန်ကြီးဌာနအောက်တွင် ငွေတိုက်ဌာနဖွဲ့စည်း တည်ထောင်၍ ငွေတိုက် ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ ပံ့ပိုးကူညီမှုဖြင့် စတင်ဆောင်ရွက်ခြင်း၊ ခိုင်မာ အားကောင်းသော အစိုးရဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စာရင်းများ ထိန်းသိမ်းထားရှိခြင်းနှင့် အစီရင်ခံ တင်ပြခြင်းတို့ကို နိုင်ငံတကာအဆင့်မီ စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ပြည်တွင်းပြည်ပကြွေးမြီ အရင်းအတိုး ပေးဆပ်မှုများအတွက် ကြိုတင်ခန့်မှန်း နိုင်ရန် တို့အတွက် ကမ္ဘာ့ဘဏ်မှ နည်းပညာအကူအညီများ ရယူ၍ ဆောင်ရွက် လျက်ရှိပါသည်။

(ဃ) အကောက်ခွန်နှုန်းထား လျော့ချပြင်ဆင်သတ်မှတ်ခြင်း၊ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်သည့် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံနိုင်ခဲ့ ပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဘဏ္ဍာငွေခွဲဝေမှုကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ငွေလုံးငွေရင်းအသုံးစရိတ်စုစုပေါင်းမှာ ကျပ် (၅,၀၀၀,၁၃၆) သန်း ဖြစ်ပါသည်။ အဆိုပါ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၏ အသုံးစရိတ်မှာ ကျပ် (၁,၁၇၆,၃၇၉) သန်း ဖြစ်ပြီး စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်၏ (၂၃.၅၃) ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)စာရင်းအရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ငွေလုံးငွေရင်းအသုံးစရိတ်စုစုပေါင်းမှာ ကျပ် (၅,၈၂၇,၆၇၃) သန်း ဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၏ အသုံးစရိတ်မှာ ကျပ် (၁,၂၃၇,၉၅၈) သန်း ဖြစ်ပြီး စုစုပေါင်း ငွေလုံးငွေရင်း အသုံးစရိတ်၏ (၂၁.၂၄) ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် (၅၅၁,၇၂၃) သန်းဖြစ်ပြီး စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်၏ (၁၁.၀၃) ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) စာရင်းအရ ကျပ် (၄၈၆,၁၇၁) သန်း ဖြစ်ပြီး စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ်၏ (၈.၃၄) ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

(ဂ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ သတ္တုတွင်းဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် (၄၂၉) သန်းဖြစ်ပြီး စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်၏ (၀.၀၁) ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) စာရင်းအရ ကျပ် (၅၈၇) သန်းဖြစ်ပြီး စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်၏ (၀.၀၁) ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

(ဃ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် (၁၃၅) သန်းဖြစ်ပြီး စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်၏ (၀.၀၀၃) ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) စာရင်းအရ ကျပ် (၂၁၂) သန်း ဖြစ်ပြီး စုစုပေါင်း

ငွေလုံးငွေရင်းအသုံးစရိတ်၏ (၀.၀၀၄) ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ (ပြည်ထောင်စုဝန်ကြီးဌာနများ၏ သာမန်၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီ အသုံးစရိတ် စာရင်းများကို နောက်ဆက်တွဲ-၁ ဖြင့် ဖော်ပြထားပါသည်။)

(ဂ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းကို ခွဲဝေပေးခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ သာမန်အသုံးစရိတ်တွင် တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်း၌ ကယားပြည်နယ်သည် ကျပ် (၁၈,၄၅၁) သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရှမ်းပြည်နယ်သည် ကျပ် (၁၁၂,၂၂၅) သန်းဖြင့် အများဆုံးဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကရင်ပြည်နယ်သည် ကျပ် (၈,၇၃၉) သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ကျပ် (၁၁၄,၀၄၇) သန်းဖြင့် အများဆုံးဖြစ်ပါသည်။

(စ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) စာရင်းအရ သာမန်အသုံးစရိတ်တွင် တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်း၌ ကယားပြည်နယ်သည် ကျပ် (၂၃,၈၆၉) သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရှမ်းပြည်နယ်သည် ကျပ် (၁၇၇,၄၉၆) သန်းဖြင့် အများဆုံးဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကယားပြည်နယ်သည် ကျပ် (၃၂,၂၇၀) သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ကျပ် (၂၃၉,၆၇၀) သန်းဖြင့် အများဆုံးဖြစ်ပါ သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းတွင် တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်းအသုံးစရိတ်မှာ စုစုပေါင်း အရအသုံးခန့်မှန်းခြေငွေစာရင်း (၇.၇၀) ရာခိုင်နှုန်း ခွဲဝေနိုင်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) စာရင်းတွင် (၁၃.၃၁) ရာခိုင်နှုန်း သို့ တိုးတက်ခွဲဝေနိုင်ခဲ့ပါသည်။

(ဆ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ တိုင်းဒေသကြီး/ပြည်နယ်များ၏ စုစုပေါင်းအသုံးစရိတ်တွင် သာမန်အသုံးစရိတ် (၆၁.၆၉) ရာခိုင်နှုန်း ပါဝင်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်မှာ (၃၇.၈၄) ရာခိုင်နှုန်းနှင့် ကြွေးမြီ (၀.၄၇) ရာခိုင်နှုန်း ပါဝင်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ တိုင်းဒေသကြီး/ပြည်နယ်များ၏ စုစုပေါင်းအသုံးစရိတ်တွင် သာမန်အသုံးစရိတ် (၅၁.၇၆) ရာခိုင်နှုန်း ပါဝင်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်မှာ (၄၈.၀၈) ရာခိုင်နှုန်းနှင့် ကြွေးမြီ (၀.၁၆) ရာခိုင်နှုန်း ပါဝင်ပါသည်။ (တိုင်းဒေသကြီး/ပြည်နယ်များ၏ သာမန်၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီ အသုံးစရိတ်စာရင်းကို နောက်ဆက်တွဲ-၂ ဖြင့် ဖော်ပြထားပါသည်။)

ရသုံးမှန်းခြေငွေစာရင်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းတွင် သာမန်အသုံးစရိတ်စုစုပေါင်း ကျပ် (၁၀,၆၉၇,၈၇၅) သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်း ကျပ် (၅,၀၀၀,၁၃၆) သန်းဖြစ်ပြီး နိုင်ငံတော်၏ စုစုပေါင်းသာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်အချိုးမှာ (၆၈:၃၂) ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) စာရင်းတွင် သာမန်အသုံးစရိတ်စုစုပေါင်း ကျပ် (၁၃,၉၅၅,၈၇၅) သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းကျပ် (၅,၈၂၇,၆၇၃) သန်းဖြစ်ပြီး နိုင်ငံတော်၏ စုစုပေါင်းသာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် အချိုးမှာ (၇၁:၂၉) ဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် အချိုးကို လေ့လာကြည့်လျှင် သာမန်အသုံးစရိတ်ခွဲဝေသုံးစွဲမှုမှာ ပိုမိုများပြားနေကြောင်း တွေ့ရပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)စာရင်းတွင် ဘတ်ဂျက်လိုငွေ ကျပ် (၁,၉၉၄,၆၀၉) သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ဘတ်ဂျက်ပိုငွေ/ လိုငွေနှင့် ဂျီဒီပီအချိုးအား ဇယားဖြင့် တင်ပြပါသည်-

ဇယား(၄ - ၁) ဘတ်ဂျက် ပိုငွေ/လိုငွေနှင့် ဂျီဒီပီအချိုး

(ကျပ်သန်း)

အကြောင်းအရာ	၂၀၁၃-၂၀၁၄ (မတ်လကုန်)	၂၀၁၄-၂၀၁၅ (မတ်လကုန်)
၁	၂	၃
ဘတ်ဂျက်ပိုငွေ/လိုငွေ	(-) ၃၇၀,၉၉၅.၁	(-)၁,၉၉၄,၆၀၉.၃
ဂျီဒီပီ	၅၆,၆၈၀,၁၄၅.၃	၆၅,၄၃၇,၀၉၅.၃
ဘတ်ဂျက်ပိုငွေ/လိုငွေနှင့် ဂျီဒီပီအချိုး	(-)၀.၆	(-)၃.၀

		ငွေလုံးငွေရင်း	ပါဝင်မှုအချိုး	သာမန်	ပါဝင်မှုအချိုး	ကြွေးမြီ	ပါဝင်မှုအချိုး	စုစုပေါင်း	ပါဝင်မှုအချိုး
၀	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁	ဗဟိုအဖွဲ့အစည်းများ	၅၅,၅၅၅	၀.၉၅	၄,၂,၅၄၄	၀.၃၀			၉၈,၀၉၉	၀.၄၈
၂	နိုင်ငံခြားရေး	၂၃,၃၀၅	၀.၄၀	၃၃,၀၈၇	၀.၂၄			၅၆,၃၉၂	၀.၂၈
၃	ကာကွယ်ရေး	၁,၂၃၇,၉၅၈	၂၁.၂၄	၁,၁၄၇,၀၉၀	၈.၂၂	၂၁၁	၀.၀၄	၂,၃၈၅,၂၅၉	၁၁.၇၆
	-တပ်မြို့စည်ပင်သာယာရေး	၄၂	၀.၀၀၁	၉၂၀	၀.၀၁			၉၆၂	၀.၀၀၅
၄	နယ်စပ်ရေးရာ	၉၅,၄၃၅	၁.၆၄	၃၃,၆၈၃	၀.၂၄	၂၀၀	၀.၀၄	၁၉,၃၀၈	၀.၆၄
၅	မြည်ဆဲရေး	၉၉,၈၇၀	၁.၇၁	၁၉၉,၀၅၂	၁.၄၃	၃၃	၀.၀၁	၂၉၈,၉၅၅	၁.၄၇
၆	လူဝင်မှုကြီးကြပ်ရေးနှင့်မြည်သူ့အင်အား	၁,၄၉၅	၀.၀၃	၁၃,၈၅၂	၀.၁၀			၁၅,၃၄၇	၀.၀၈
၇	သာသနာရေး	၁,၇၉၂	၀.၀၃	၁၁,၀၆၆	၀.၀၈			၁၂,၈၅၈	၀.၀၆
၈	လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး	၅,၅၀၃	၀.၀၉	၁၀,၀၉၀	၀.၀၇			၁၅,၅၉၃	၀.၀၈
၉	မြန်ကြားရေး	၂၇,၄၁၂	၀.၄၇	၄၇,၀၂၀	၀.၃၄			၇၄,၄၃၂	၀.၃၇
၁၀	ယဉ်ကျေးမှု	၁၆,၁၇၆	၀.၂၈	၆,၁၈၁	၀.၀၄			၂၂,၃၅၇	၀.၁၁
၁၁	ပညာရေး	၂၄၄,၄၁၄	၄.၁၉	၈၅၇,၂၃၃	၆.၁၄			၁,၁၀၁,၆၈၇	၅.၄၃
၁၂	ကျန်းမာရေး	၃၀၇,၁၀၁	၅.၂၇	၃၅၅,၀၈၆	၂.၅၄			၆၆၂,၁၈၇	၃.၂၆
၁၃	အားကစား	၁၄,၀၁၉	၀.၂၄	၁၃,၂၃၃	၀.၀၉			၂၃,၂၉၂	၀.၁၃
၁၄	အလုပ်သမား	၈,၆၁၇	၀.၁၅	၁၃,၂၉၉	၀.၁၀			၂၁,၉၁၆	၀.၁၁
၁၅	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေ	၇,၁၀၀	၀.၁၂	၂၈၆,၆၉၄	၂.၀၅	၆၆၅	၀.၁၃	၂၉၄,၄၆၉	၁.၄၅
၁၆	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း	၃၄၄,၈၇၁	၅.၉၇	၂၄၄,၂၈၂	၁.၇၅	၅,၈၉၀	၁.၁၇	၅၉၉,၀၄၃	၂.၉၅
၁၇	မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသ	၃၃၅,၅၈၆	၅.၄၆	၁၀၃,၇၃၄	၀.၇၄	၅၈၀	၀.၁၂	၄၃၉,၉၀၀	၂.၁၇
၁၈	သတ္တုတွင်း	၅၈၇	၀.၀၁	၁၇၉,၈၉၉	၁.၂၉			၁၈၀,၄၈၆	၀.၈၉
၁၉	စက်မှု	၃၃၄,၇၇၂	၅.၇၅	၁၈၈,၃၇၅	၁.၃၅	၁၅,၂၃၉	၃.၀၃	၅၃၈,၃၈၆	၂.၆၅
၂၀	သိပ္ပံနှင့်နည်းပညာ	၇၇,၂၀၀	၁.၃၃	၄၀,၇၆၃	၀.၂၉			၁၁၇,၉၆၃	၀.၅၈
၂၁	စွမ်းအင်	၈၉,၃၆၆	၁.၅၃	၂,၇၁၆,၄၃၉	၁၉.၄၆	၁၅၀,၉၃၄	၃၀.၀၃	၂,၉၅၆,၇၃၉	၁၄.၅၈
၂၂	လျှပ်စစ်စွမ်းအား	၄၈၆,၁၇၁	၈.၃၄	၁,၅၃၂,၄၇၂	၁၀.၉၈	၃၁,၁၇၉	၆.၂၀	၂,၀၄၉,၈၂၂	၁၀.၁၀
၂၃	ဆောက်လုပ်ရေး	၂၉၀,၁၇၃	၄.၉၈	၃၇၄,၉၅၁	၂.၆၉	၄,၉၀၀	၀.၉၈	၆၇၀,၀၂၅	၃.၃၀
၂၄	ပို့ဆောင်ရေး	၇၀,၆၁၄	၁.၂၁	၁၄၂,၄၂၁	၀.၀၂	၄,၂၂၁	၀.၈၄	၂၁၇,၂၅၆	၁.၀၇
၂၅	ရထားပို့ဆောင်ရေး	၃၉,၉၄၄	၁.၃၇	၁၃၀,၈၄၆	၀.၉၄	၁၅,၆၀၇	၃.၁၁	၂၂၆,၃၉၇	၁.၁၂
၂၆	ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း	၈၈,၄၁၁	၁.၅၂	၃၃၉,၉၀၆	၂.၄၄	၁၅,၂၀၀	၃.၀၂	၄၄၃,၅၁၇	၂.၁၉
၂၇	စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေး	၂,၉၈၂	၀.၀၅	၉,၅၂၇	၀.၀၇	၂,၀၀၅	၀.၄၀	၁၄,၅၁၄	၀.၀၇
၂၈	ဟိုတယ်နှင့်ခရီးသွားလာရေး	၂၁၂	၀.၀၀၄	၄,၀၆၅	၀.၀၃			၄,၂၃၃	၀.၀၂
၂၉	သမဝါယမ	၃,၉၄၃	၀.၀၇	၃,၁၂၆	၀.၀၅	၁၅၁,၄၆၀	၃၀.၁၃	၁၆၂,၅၃၃	၀.၈၀
၃၀	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု	၁၀,၀၃၆	၀.၁၇	၁၂,၃၀၆	၀.၀၉			၂၂,၃၄၂	၀.၁၁
၃၁	ဘဏ္ဍာရေးဝန်ကြီးဌာန	၃၄,၂၈၉	၀.၅၉	၃,၁၈၆,၅၀၇	၂၂.၈၃	၁၀၀,၁၃၇	၁၉.၉၂	၃,၃၂၀,၉၃၃	၁၆.၃၇
၃၂	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၁၂,၁၀၈	၀.၂၁	၂၅၄,၀၁၂	၁.၈၂			၂၆၆,၁၃၀	၁.၃၂
၃၃	နေပြည်တော်စည်ပင်သာယာရေးကော်မတီ	၂,၃၀၀	၀.၀၄	၁၉,၀၀၉	၀.၁၄			၂၁,၃၀၉	၀.၁၀
၃၄	နေပြည်တော်ကောင်စီ	၁၁၆,၈၂၃	၂.၀၀	၁,၂၈၉	၀.၀၁			၁၁၈,၁၁၂	၀.၅၈
	ပြည်ထောင်စု	**၄,၅၂၉,၂၀၆**	**၇၇.၃၂**	**၁၂,၅၅၈,၁၃၉**	**၈၉.၉၈**	**၄၉၈,၄၆၂**	**၉၉.၁၃**	**၁၇,၅၈၅,၈၀၇**	**၈၆.၆၉**
	တိုင်းဒေသကြီး/မြည်နယ်	**၁,၂၉၈,၄၆၇**	**၂၂.၂၈**	**၁,၃၉၇,၃၃၆**	**၁၀.၀၂**	**၄,၁၉၄**	**၀.၈၃**	**၂,၃၀၀,၃၉၇**	**၁၃.၃၀**
	စုစုပေါင်း	**၅,၅၂၇,၆၇၃**	**၁၀၀.၀၀**	**၁၃,၉၅၅,၈၇၅**	**၁၀၀.၀၀**	**၅၀၂,၆၅၆**	**၁၀၀.၀၀**	**၂၀,၂၈၆,၂၀၄**	**၁၀၀.၀၀**

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(နောက်ဆက်တွဲ- ၂)

ဇယား(၄-၈)

တိုင်းဒေသကြီး/ပြည်နယ်အလိုက် သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ အသုံးစရိတ်

(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ							၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ (ယာယီ)							
		ငွေလုံးငွေရင်း	ပါဝင်မှုအချိုး	သာမန်	ပါဝင်မှုအချိုး	ကြွေးမြီ	ပါဝင်မှုအချိုး	စုစုပေါင်း	ပါဝင်မှုအချိုး	ငွေလုံးငွေရင်း	ပါဝင်မှုအချိုး	သာမန်	ပါဝင်မှုအချိုး	ကြွေးမြီ	ပါဝင်မှုအချိုး	စုစုပေါင်း	ပါဝင်မှုအချိုး
၁	၂								၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈
၁	ကချင်ပြည်နယ်	၁၉၉၅၄	၄.၂၅	၃၈၀၆၄	၄.၉၇			၅၈၀၁၈	၄.၆၈	၁၀၆၅၅၆	၈.၂၀	၁၆၀၆၆၃	၁၁.၅၀			၂၆၇.၁၉၉	၉.၉၀
၂	ကယားပြည်နယ်	၈၈၉၈	၁.၈၉	၁၈၄၅၁	၂.၄၁			၂၇.၃၄၉	၂.၂၀	၃၂.၂၇၀	၂.၄၉	၂၃.၈၆၉	၁.၇၁			၅၆.၁၃၉	၂.၀၈
၃	ကရင်ပြည်နယ်	၈.၇၃၉	၁.၈၆	၂၆.၄၃၇	၃.၄၅			၃၅.၁၇၆	၂.၈၄	၄၉.၇၇၈	၃.၈၃	၅၃.၁၃၄	၃.၈၀			၁၀၂.၉၁၂	၃.၈၁
၄	ချင်းပြည်နယ်	၂၁၈၄၆	၄.၆၅	၂၃.၆၃၆	၃.၀၉	၄.၂	၀.၂၀	၄၅.၉၆၄	၃.၇၀	၉၁၁.၁၇၀	၇.၀၂	၅၀.၇၃၁	၅.၆၃			၁၄၁.၉၈၀	၅.၂၅
၅	စစ်ကိုင်းတိုင်းဒေသကြီး	၂၁.၂၃၂	၄.၅၂	၉၀.၇၅၂	၁၁.၈၆			၁၁၁.၉၈၄	၉.၀၂	၁၀၀.၆၈၀	၇.၇၅	၁၅၃.၃၉၉	၁၀.၉၇			၂၅၄.၀၇၉	၉.၄၁
၆	တနင်္သာရီတိုင်းဒေသကြီ	၂၆.၀၅၂	၅.၅၅	၂၃.၅၈၂	၃.၀၈			၄၉.၆၁၄	၄.၀၀	၅၃.၈၄၂	၄.၁၅	၁၃၈.၆၈၁	၉.၄၂			၁၉၂.၅၇၃	၇.၁၃
၇	ပဲခူးတိုင်းဒေသကြီး	၂၅.၂၇၀	၅.၁၈	၄၈.၀၀၈	၆.၂၇			၇၃.၂၇၈	၅.၉၁	၄၆.၀၆၁	၃.၅၅	၈၂.၄၄၄	၅.၆၂			၁၂၈.၈၀၅	၄.၇၇
၈	မကွေးတိုင်းဒေသကြီး	၅၇.၄၁၁	၁၂.၂၃	၇၄.၇၆၃	၉.၇၇			၁၃၂.၁၇၄	၁၀.၆၅	၉၆.၀၉၀	၇.၄၀	၁၂၀.၁၉၈	၈.၆၀			၂၁၆.၂၈၈	၈.၀၁
၉	မန္တလေးတိုင်းဒေသကြီး	၃၈.၃၉၄	၈.၁၈	၇၃.၃၆၅	၉.၅၈	၃.၉၁၈	၆၆.၆၄	၁၁၅.၆၇၇	၉.၃၂	၈၁.၈၇၇	၆.၃၁	၉၃.၉၆၂	၆.၇၂	၁.၃၀၃	၃.၀၁	၁၇၇.၁၄၂	၆.၅၆
၁၀	မွန်ပြည်နယ်	၁၀.၅၈၄	၂.၂၅	၂၅.၆၉၇	၃.၃၆			၃၆.၂၈၁	၂.၉၂	၃၅.၇၀၆	၂.၇၅	၂၉.၈၃၆	၂.၁၃			၆၅.၅၄၂	၂.၄၃
၁၁	ရခိုင်ပြည်နယ်	၂၂.၄၅၃	၄.၇၈	၇.၂၈၄	၉.၅၂	၆၁၃	၁၀.၄၃	၉၅.၉၅၀	၇.၇၃	၁၀၂.၁၉၀	၇.၈၇	၉၆.၆၁၅	၆.၉၁	၇၅၅	၁၈.၀၀	၁၉၉.၅၆၀	၇.၃၉
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၁၄.၀၄၇	၂၄.၂၉	၇၈.၇၀၄	၁၀.၂၈	၈၆၆	၁၄.၇၃	၁၉၃.၆၁၇	၁၈.၄၆	၂၂၅.၇၄၆	၉.၀၀	၉၀၀	၂၁.၆၉	၃၁.၄၉	၃၄.၆၉	၃၆၆.၃.၂၆	၁၃.၅၇
၁၃	ရှမ်းပြည်နယ်	၅၁.၁၀၆	၁၀.၈၈	၁၁၂.၂၂၅	၁၄.၆၆			၁၆၃.၃၃၁	၁၃.၁၀	၁၈၉.၄၈၉	၁၄.၅၉	၁၇၇.၄၉၆	၁၂.၇၀	၁.၂၂၆	၂၉.၂၃	၃၆၈.၂၁၀	၁၃.၆၃
၁၄	ဧရာဝတီတိုင်းဒေသကြီး	၄၃.၆၃၈	၉.၂၉	၅၈.၉၄၂	၇.၇၀			၁၀၂.၅၈၀	၈.၂၇	၇၃.၀၅၈	၅.၆၃	၉၀.၆၆၂	၆.၄၉			၁၆၃.၇.၂၀	၆.၀၆
	စုစုပေါင်း	**၄၆၉.၆၂၄**	**၁၀၀.၀၀**	**၇၆၅.၅၁၀**	**၁၀၀.၀၀**	**၅.၈၇၉**	**၁၀၀.၀၀**	**၁,၂၄၁.၀၁၃**	**၁၀၀.၀၀**	**၁,၂၉၈.၄၆၇**	**၁၀၀.၀၀**	**၁,၃၉၇.၇၃၆**	**၁၀၀.၀၀**	**၄.၁၉၄**	**၁၀၀.၀၀**	**၂,၇၀၀.၃၉၇**	**၁၀၀.၀၀**
	ပါဝင်မှုရာခိုင်နှုန်း		**၃၇.၈၄**		**၆၁.၆၉**		**၀.၄၇**	**၁၀၀.၀၀**		**၄၈.၀၈**		**၅၁.၇၆**		**၀.၁၆**		**၁၀၀.၀၀**

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

အခန်း(၅)

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ

နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေတွင် ယခင်က ပါဝင်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ၂၀၁၂ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစ၍ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ စနစ်ကို စတင်ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ ပြည်ထောင်စုအဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေတွင်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် လည်းကောင်း ပါဝင်ကြပါသည်။

ပြည်ထောင်စုရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ပြည်ထောင်စုအစိုးရတွင် ပြည်ထောင်စု၏ ဘဏ္ဍာရေးရန်ပုံငွေ အစီအစဉ်ဖြင့် ဖွဲ့စည်းရာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါအတိုင်း ဝန်ကြီးဌာန (၁၃) ခု လက်အောက်တွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၃၆) ခု ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ၊ အသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်တွင် မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာန (၄) ခုတို့မှာ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းစာရင်းတွင် ပါရှိလာခြင်းမရှိတော့ဘဲ ပို့ဆောင်ရေးဝန်ကြီးဌာနအားလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း အဖြစ် ဖော်ပြထားပါသည်-

ဝန်ကြီးဌာန	အဖွဲ့အစည်း
(က) ပြန်ကြားရေးဝန်ကြီးဌာန	(၂)ခု
(ခ) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	(၁)ခု
(ဂ) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန	(၁)ခု
(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	(၁)ခု
(င) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	(၄)ခု
(စ) စွမ်းအင်ဝန်ကြီးဌာန	(၃)ခု
(ဆ) စက်မှုဝန်ကြီးဌာန	(၆)ခု

(ဇ) သတ္တုတွင်းဝန်ကြီးဌာန (၆)ခု
(ဈ) ဘဏ္ဍာရေးဝန်ကြီးဌာန (၄)ခု
(ည) ဆောက်လုပ်ရေးဝန်ကြီးဌာန (၁)ခု
(ဋ) ရထားပို့ဆောင်ရေးဝန်ကြီးဌာန (၂)ခု
(ဌ) မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၁)ခု
(ဍ) ပို့ဆောင်ရေးဝန်ကြီးဌာန (၄)ခု
စုစုပေါင်း **(၃၆)ခု**

ငွေကြေးသုံးစွဲမှု

၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ရငွေများ အားလုံးကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရပြီး သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် ကြွေးမြီ အသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ဘတ်ဂျက် လျာထားချက်အတိုင်း ကျခံသုံးစွဲရပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ သာမန် အသုံးစရိတ်များ၊ ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် ကြွေးမြီအသုံးစရိတ်များကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ပိုလျှံငွေ ပေါ်ပေါက်ပါက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပြန်လည်အပ်နှံရမည် ဖြစ်ပါသည်။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း အသုံးစရိတ်ကို သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းသုံး ရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် သာမန်အသုံးစရိတ်အောက်မှ ဆောင်ရွက်ကြရမည်ဖြစ်ပြီး လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက ဘဏ်များမှ ငွေချေးယူသုံးစွဲနိုင်သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေး အတွက် ကုန်ပစ္စည်း ထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းများအတွက် လိုအပ် သည့် သာမန်အသုံးစရိတ်ကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်း လုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အတွက် လိုအပ်သည့်ငွေကို လည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်နိုင်ပါသည်။ ထို့အပြင်

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန် ဖြစ်စေ လိုအပ်သော ငွေများကို ဘဏ်များမှချေးယူနိုင်ရန် ပမာဏကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးနိုင်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်စာရင်းအရ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သော ပြည်ထောင်စု အဆင့် အဖွဲ့အစည်း/ဝန်ကြီးဌာန (၁၃) ခု အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း စုစုပေါင်း (၃၆) ခု အနက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်း များမှာ (၆) ခု ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ) သာမန်ရငွေနှင့် အသုံးစရိတ်စာရင်းသည် ကုန်သွယ်မှုစာရင်းအရ ယာယီစာရင်းများကို အခြေခံ၍ ပြုစုထား သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေမှာ ကျပ် (၈၂၅၂၉၆၉.၉၂) သန်း ရရှိခဲ့ ပါသည်။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အသုံးစရိတ်မှာ ကျပ် (၄၉၅၂၀၀၄.၂၂) သန်း ဖြစ်ပါသည်။ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းရငွေ နှင့် အသုံးစရိတ်အား ထည့်သွင်း၍ တွက်ချက်ထားခြင်းမရှိပါ။

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ ယာယီစာရင်းအရ ရငွေ၊ သုံးငွေ အခြေအနေမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(ကျပ်သန်း)

စုစုပေါင်းရငွေ	**၈၂၅၂၉၆၉.၉၂**
စုစုပေါင်းသုံးငွေ	**၄၉၅၂၀၀၄.၂၂**
စုစုပေါင်းပိုငွေ/လိုငွေ	**(+) ၃၃၀၀၉၆၅.၇၀**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ ယာယီစာရင်းအရ ပြည်ထောင်စုဝန်ကြီးဌာနများ လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပိုငွေ၊ လိုငွေ ဖြစ်ပေါ်မှု အခြေအနေ အား ဖော်ပြအပ်ပါသည်။(ပူးတွဲ-၁)

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်နိုင်မှု

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ပြန်ကြားရေးဝန်ကြီးဌာန။** ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့သည် ပို၍ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပို၍/လို၍ (+/-)
(၁) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	၁၀၀၄၁.၅၉	၉၅၁၆.၆၄	(+)၅၂၄.၉၅
(၂) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	၂၀၄၆၆.၆၀	၁၀၀၄၃.၆၁	(+)၁၀၄၂၂.၉၉
စုစုပေါင်း	**၃၀၅၀၈.၁၉**	**၁၉၅၆၀.၂၅**	**(+)၁၀၉၄၇.၉၄**

(ခ) **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။** လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရန် ချေးငွေများ ထုတ်ချေးနေသော ဖွံ့ဖြိုးရေးဘဏ်တစ်ခု ဖြစ်ပြီး ပို၍ဖြင့် ဆောင်ရွက်ခဲ့ ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပို၍/လို၍ (+/-)
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်	၄၀၁၃၅.၀၀	၃၄၈၇၀.၃၉	(+)၅၂၆၄.၆၁
စုစုပေါင်း	**၄၀၁၃၅.၀၀**	**၃၄၈၇၀.၃၉**	**(+)၅၂၆၄.၆၁**

(ဂ) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။** ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှာ ပို၍ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပို၍/လို၍ (+/-)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း	၇၀၄၀၁၈.၄၇	၁၂၅၁၄၆.၈၆	(+)၅၇၈၈၇၁.၆၁
စုစုပေါင်း	**၇၀၄၀၁၈.၄၇**	**၁၂၅၁၄၆.၈၆**	**(+)၅၇၈၈၇၁.၆၁**

(ဃ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့သစ်တော လုပ်ငန်းမှာ ပို၍ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ(+/-)
(၁) မြန်မာ့သစ်လုပ်ငန်း	၅၀၅၄၄၀.၂၄	၃၃၄၈၄၆.၄၄	(+)၁၇၀၅၉၃.၈၀
စုစုပေါင်း	၅၀၅၄၄၀.၂၄	၃၃၄၈၄၆.၄၄	**(+)၁၇၀၅၉၃.၈၀**

(ဇ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။ လျှပ်စစ်မာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်မာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရန်ကုန်မြို့တော်လျှပ်စစ်မာတ်အားပေးရေးကော်ပိုရေးရှင်း တို့မှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး မြန်မာ့လျှပ်စစ်မာတ်အားလုပ်ငန်းမှာ HPGE နှင့် SHPC တို့မှမာတ်အားဝယ်ယူမှုစရိတ်၊ ပုဂ္ဂလိကကုမ္ပဏီများ နှင့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်မာတ်အားပေးစက်ရုံသို့ ပေးချေရသည့် မာတ်အားဝယ်ယူမှုစရိတ်များကြောင့် လိုငွေဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဝန်ကြီးဌာနအနေဖြင့် ပိုငွေဖြင့်ဆောင်ရွက်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ (+/-)
(၁) လျှပ်စစ်မာတ်အားထုတ်လုပ်ရေးလုပ်ငန်း	၁၂၀၀၀၀.၈၈	၅၀၀၈၂.၂၈	(+)၆၉၉၁၈.၆၀
(၂) မြန်မာ့လျှပ်စစ်မာတ်အားလုပ်ငန်း	၇၂၇၁၃၇.၀၈	၇၆၃၈၇၁.၁၅	(-)၃၆၇၃၄.၀၇
(၃) လျှပ်စစ်မာတ်အားဖြန့်ဖြူးရေးလုပ်ငန်း	၄၄၈၈၁၅.၇၆	၄၃၀၆၈၀.၆၂	(+)၁၈၁၃၅.၁၄
(၄) ရန်ကုန်မြို့တော်လျှပ်စစ်မာတ်အားပေးရေးကော်ပိုရေးရှင်း	၃၉၃၁၅၃.၀၂	၃၆၁၃၅.၄၆	(+)၃၁၈၃၇.၅၆
စုစုပေါင်း	**၁၆၈၉၁၀၆.၇၄**	**၁၆၀၅၉၄.၅၁**	**(+)၈၃၁၅.၂၃**

(စ) စွမ်းအင်ဝန်ကြီးဌာန။ မြန်မာ့ရေနံနှင့်သဘာဝမာတ်ငွေ့လုပ်ငန်း နှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး မြန်မာ့ရေနံမာတု ဗေဒလုပ်ငန်းမှာ စက်လည်ပတ်နိုင်မှုမရှိသောစက်ရုံများအတွက် အသုံးစရိတ်များကျခံသုံးစွဲရခြင်း၊ လျှပ်စစ်မာတ်အားခများနှုန်းထား အသစ်ဖြင့်ပေးချေရခြင်း၊ နိုင်ငံခြားမှဝယ်ယူသောကုန်ကြမ်းပစ္စည်းများမှာ ငွေလဲလှယ်နှုန်းတိုးမြှင့်လာခြင်း တို့ကြောင့် လိုငွေဖြင့်ဆောင်ရွက်ခဲ့သော်လည်း ဝန်ကြီးဌာနအနေဖြင့် ပိုငွေဖြင့်ဆောင်ရွက်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ (+/-)
(၁) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း	၂၃၇၅၃၈.၀၇	၅၈၀၈၄၉.၀၀	(+)၁၇၉၄၇၈၉.၀၇
(၂) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း	၆၄၇၀၀၃.၅၆	၆၄၉၃၂၃.၇၈	(-)၂၃၂၀.၂၂
(၃) မြန်မာ့ရေနံထွက်ပစ္စည်းရောင်း ဝယ်ရေးလုပ်ငန်း	၆၂၁၈၉၆.၆၅	၅၅၈၆၉၀.၁၀	(+)၆၃၂၀၆.၅၅
စုစုပေါင်း	**၃၆၄၄၅၃.၂၈**	**၁၇၈၈၈၆၂.၈၈**	**(+)၁၈၅၅၆၇၅.၄၀**

(ဆ) စက်မှုဝန်ကြီးဌာန။ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း တို့မှာ လစာနှင့်ပင်စင် ထောက်ပံ့ကြေး၊ ဝင်ငွေခွန်နှင့်ကုန်ကြမ်းဝယ်ခြင်း၊ ချေးငွေအပေါ်အတိုးပေးရခြင်း၊ ထုတ်ကုန်များ၏ ရောင်းဈေးနှုန်းမှာ ထုတ်လုပ်မှုစရိတ်မကာမိခြင်း၊ အထည်အလိပ် လုပ်ငန်းရှိ စက်ရုံများ၌ ကုန်ချောလက်ကျန်များနေခြင်း၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း လက်အောက်ရှိစက်ရုံ(၁၃)ရုံအား ပုဂ္ဂလိကသို့ဌားရမ်းထားခြင်း၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ(ချောက်) တို့မှာ ထုတ်လုပ်မှု မဆောင်ရွက်နိုင်ခြင်းတို့ကြောင့် လိုငွေဖြင့် ဆောင်ရွက်ခဲ့ရပါသည်။ ဝန်ကြီးဌာနတစ်ခုလုံး အနေဖြင့် လိုငွေ ကျပ်(၅၅၁၄၁.၀၉)သန်း ဖြစ်ပေါ်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ(+/-)
(၁) အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း	၁၉၂၁၁.၈၉	၃၀၈၉၇.၅၉	(-)၁၁၆၈၅၅.၇၀
(၂) အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း	၄၆၄၇.၃၂	၁၂၆၃၂.၆၆	(-)၇၉၈၅.၃၄
(၃) အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း	၄၂၀၆၇.၂၅	၅၂၄၇၁.၁၇	(-)၁၀၄၀၀၃.၉၂
(၄) အထည်အလိပ်လုပ်ငန်း	၁၃၉၄၈.၃၇	၃၁၃၄၃.၉၃	(-)၁၇၃၉၅.၅၆
(၅) ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း	၂၅၃၄၀.၀၄	၂၅၂၇၇.၃၄	(+)၆၂.၇၀
(၆) စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း	၃၄၇၇.၈၁	၁၁၂၁၁.၀၈	(-)၇၇၃၃.၂၇
စုစုပေါင်း	**၁၀၈၆၉၂.၆၈**	**၁၆၃၈၃၃.၇၇**	**(-)၅၅၁၄၁.၀၉**

(၈) သတ္တုတွင်းဝန်ကြီးဌာန။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၂)သတ္တုတွင်း လုပ်ငန်း၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓါတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေး နှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ(+/-)
(၁) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း	၄၉၉၀.၈၀	၁၉၈၄.၇၁	(+)၃၀၀၆.၀၉
(၂) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း	၃၂၄၃၁.၃၈	၁၂၀၅၄.၄၁	(+)၂၀၃၇၆.၉၇
(၃) အမှတ်(၃)သတ္တုတွင်းလုပ်ငန်း	၂၉၄၄၆.၅၁	၁၆၅၄.၀၆	(+)၂၇၇၉၂.၄၅
(၄) မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း	၂၅၈၅၄၄.၇၇	၅၀၇၀.၂၈	(+)၂၅၃၄၇၄.၄၉
(၅) မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတု ဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း	၇၂၈.၂၀	၂၄၁.၄၂	(+)၄၈၆.၇၈
(၆) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း	၁၁၅၃၁.၈၉	၁၁၇၆.၆၄	(+)၁၀၃၅၅.၂၅
စုစုပေါင်း	**၃၃၇၆၇၃.၅၅**	**၂၂၁၈၁.၅၂**	**(+)၃၁၅၄၉၂.၀၃**

(၉) ဘဏ္ဍာရေးဝန်ကြီးဌာန ။ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် နှင့် မြန်မာ့အာမခံလုပ်ငန်း တို့သည် ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ(+/-)
(၁) မြန်မာ့စီးပွားရေးဘဏ်	၂၆၅၇၂၄.၇၇	၂၃၄၃၁၀.၄၈	(+)၃၁၄၁၄.၂၉
(၂) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်	၁၃၆၃၄.၈၆	၄၁၀၈.၆၇	(+)၉၅၂၆.၁၉
(၃) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်	၂၃၈၀၅.၁၉	၂၇၂၈.၁၂	(+)၂၀၀၇၇.၀၇
(၄) မြန်မာ့အာမခံလုပ်ငန်း	၃၅၈၇၁.၇၅	၈၉၄၃.၄၄	(+)၂၆၉၂၈.၃၁
စုစုပေါင်း	**၃၃၉၀၃၆.၅၇**	**၂၅၀၀၉၀.၇၁**	**(+)၈၈၉၄၅.၈၆**

(ည) **ဆောက်လုပ်ရေးဝန်ကြီးဌာန။** ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆောက်လုပ်ငန်းမှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ(+/-)
(၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း	၃၁၈၉၃၆.၁၉	၃၀၂၄၇၁.၆၀	(+)၁၆၄၆၄.၅၉
စုစုပေါင်း	**၃၁၈၉၃၆.၁၉**	**၃၀၂၄၇၁.၆၀**	**(+)၁၆၄၆၄.၅၉**

(ဋ္ဌ) **ရထားပို့ဆောင်ရေးဝန်ကြီးဌာန။** ကုန်လမ်းပို့ဆောင်ရေးသည် ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားမှာ လိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် လိုငွေကျပ်(၆၀၂၆၇.၆၃)သန်း ဖြစ်ပေါ်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ (+/-)
(၁) မြန်မာ့မီးရထား	၆၁၇၃၈.၆၈	၁၂၃၁၂၅.၉၅	(-)၆၁၃၈၇.၂၇
(၂) ကုန်းလမ်းပို့ဆောင်ရေး	၁၁၅၀၂.၅၁	၁၀၃၈၂.၈၇	(+)၁၁၁၉.၆၄
စုစုပေါင်း	**၇၃၂၄၁.၁၉**	**၁၃၃၅၀၈.၈၂**	**(-)၆၀၂၆၇.၆၃**

(ဌ) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ကျပ်သန်း)

လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ (+/-)
(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၃၄၂၄၂၇.၀၄	၈၅၂၁၇.၉၁	(+)၂၅၇၂၀၉.၁၃
စုစုပေါင်း	**၃၄၂၄၂၇.၀၄**	**၈၅၂၁၇.၉၁**	**(+)၂၅၇၂၀၉.၁၃**

(ဍ) **ပို့ဆောင်ရေးဝန်ကြီးဌာန။** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာ့သဘော်ကျင်းလုပ်ငန်းနှင့် မြန်မာအမျိုးသားလေကြောင်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် လိုငွေဖြင့် ဆောင်ရွက်ခဲ့ရပါသည်။ ဝန်ကြီးဌာနအနေဖြင့် ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ကျပ်သန်း)

	လုပ်ငန်း/အဖွဲ့အစည်း	ရငွေ	အသုံးစရိတ်	ပိုငွေ/လိုငွေ (+/-)
(၁)	ပြည်တွင်းရေကြောင်းပို့ဆောင်ရေး	၁၀၁၉၁.၃၀	၁၂၅၄၆.၇၅	(-)၂၃၅၅.၄၅
(၂)	မြန်မာ့ဆိပ်ကမ်းအာဏာပိုင်	၅၀၅၁၉.၄၃	၁၆၈၄၇.၁၂	(+)၃၃၆၇၂.၃၁
(၃)	မြန်မာ့သဘော်ကျင်းလုပ်ငန်း	၇၆၃၅.၆၀	၇၀၂၄.၆၁	(+)၆၁၀.၉၉
(၄)	မြန်မာအမျိုးသားလေကြောင်း	၅၀၈၆၉.၄၅	၄၉၀၄၅.၀၈	(+)၁၈၂၄.၃၇
	စုစုပေါင်း	**၁၁၉၂၁၅.၇၈**	**၈၅၄၆၃.၅၆**	**(+)၃၃၇၅၂.၂၂**

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာန (၁၁)ခုမှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး ကျန်ပြည်ထောင်စုဝန်ကြီးဌာန (၂)ခုမှာ လိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်း(၂၇)ခုမှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်း အဖွဲ့အစည်း(၉)ခုမှာ လိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ဇယား (၅-၁)

(နောက်ဆက်တွဲ)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ မတ်လအထိ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏သာမန်ဝင်ငွေ/သုံးငွေနှိုင်းယှဉ်ချက်စာရင်း

(ကျပ်သန်း)

စဉ်		ဝန်ကြီးဌာန/လုပ်ငန်းအမည်	ဧပြီလမှမတ်လအထိ			မှတ်ချက်
			ဝင်ငွေ	အသုံးစရိတ်	(+/-)ပိုငွေ/လိုငွေ	
၁		၂	၃	၄	၅	၆
၁		**ပြန်ကြားရေးဝန်ကြီးဌာန**	**၃၀၅၀၈.၁၉**	**၁၉၅၆၀.၂၅**	**၁၀၉၄၇.၉၄**	
	၁	ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	၁၀၀၄၁.၅၉	၉၅၁၆.၆၄	၅၂၄.၉၅	
	၂	သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	၂၀၄၆၆.၆၀	၁၀၀၄၃.၆၁	၁၀၄၂၂.၉၉	
၂		**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**	**၄၀၁၃၅.၀၀**	**၃၄၈၇၀.၃၉**	**၅၂၆၄.၆၁**	
	၁	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်	၄၀၁၃၅.၀၀	၃၄၈၇၀.၃၉	၅၂၆၄.၆၁	
၃		**ဆက်သွယ်ရေးနှင့်သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာန**	**၇၀၄၀၁၈.၄၇**	**၁၂၅၁၄၆.၈၆**	**၅၇၈၈၇၁.၆၁**	
	၁	မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း	၇၀၄၀၁၈.၄၇	၁၂၅၁၄၆.၈၆	၅၇၈၈၇၁.၆၁	
၄		**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**	**၅၀၅၄၄၀.၂၄**	**၃၃၄၈၄၆.၄၄**	**၁၇၀၅၉၃.၈၀**	
	၁	မြန်မာ့သစ်လုပ်ငန်း	၅၀၅၄၄၀.၂၄	၃၃၄၈၄၆.၄၄	၁၇၀၅၉၃.၈၀	
၅		**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**	**၁၆၈၉၁၀၆.၇၄**	**၁၆၀၅၉၄၉.၅၁**	**၈၃၁၅၇.၂၃**	
	၁	လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးလုပ်ငန်း	၁၂၀၀၀၀.၈၈	၅၀၀၈၂.၂၈	၆၉၉၁၈.၆၀	
	၂	မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်း	၇၂၇၁၃၇.၀၈	၇၆၃၈၇၁.၁၅	-၃၆၇၃၄.၀၇	
	၃	လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း	၄၄၈၈၁၅.၇၆	၄၃၀၆၈၀.၆၂	၁၈၁၃၅.၁၄	
	၄	ရန်ကုန်မြို့တော်လျှပ်စစ်ဓါတ်အား ပေးရေးကော်ပိုရေးရှင်း	၃၉၃၁၅၃.၀၂	၃၆၁၃၅.၄၆	၃၁၈၃၇.၅၆	
၆		**စွမ်းအင်ဝန်ကြီးဌာန**	**၃၆၄၄၅၃.၂၈**	**၁၇၈၈၈၆၂.၈၈**	**၁၈၅၅၆၇.၄၀**	
	၁	မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း	၂၃၇၅၆၃.၀၇	၅၈၀၈၄၄.၀၀	၁၇၉၄၇၈.၀၇	
	၂	မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း	၆၄၇၀၀၃.၅၆	၆၄၉၃၂.၇၈	-၂၃၂၀.၂၂	
	၃	မြန်မာ့ရေနံထွက်ပစ္စည်းရောင်း ဝယ်ရေးလုပ်ငန်း	၆၂၁၈၉၆.၆၅	၅၅၈၆၉၀.၁၀	၆၃၂၀၆.၅၅	

ဇယား (၅-၁) အဆက်

စဉ်		ဝန်ကြီးဌာန/လုပ်ငန်းအမည်	ဖြေလမှမတ်လအထိ			မှတ်ချက်
			ဝင်ငွေ	အသုံးစရိတ်	(+/-)ပိုငွေ/လိုငွေ	
၁		၂	၃	၄	၅	၆
၇		**စက်မှုဝန်ကြီးဌာန**	**၁၀၈၆၉၂.၆၈**	**၁၆၃၈၃၃.၇၇**	**-၅၅၁၄.၀၉**	
	၁	အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း	၁၉၂၁၁.၈၉	၃၀၈၉၇.၅၉	-၁၁၆၈၅.၇၀	
	၂	အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း	၄၆၄၇.၃၂	၁၂၆၃၂.၆၆	-၇၉၈၅.၃၄	
	၃	အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း	၄၂၀၆၇.၂၅	၅၂၄၇၁.၁၇	-၁၀၄၀၃.၉၂	
	၄	အထည်အလိပ်လုပ်ငန်း	၁၃၉၄၈.၃၇	၃၁၃၄၃.၉၃	-၁၇၃၉၅.၅၆	
	၅	ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း	၂၅၃၄၀.၀၄	၂၅၂၇၇.၃၄	၆၂.၇၀	
	၆	စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း	၃၄၇၇.၈၁	၁၁၂၁၁.၀၈	-၇၇၃၃.၂၇	
၈		**သတ္တုတွင်းဝန်ကြီးဌာန**	**၃၃၇၆၇၃.၅၅**	**၂၂၁၈၁.၅၂**	**၃၁၅၄၂.၀၃**	
	၁	အမှတ်(၁)သတ္တုတွင်းလုပ်ငန်း	၄၉၉၀.၈၀	၁၉၈၄.၇၁	၃၀၀၆.၀၉	
	၂	အမှတ်(၂)သတ္တုတွင်းလုပ်ငန်း	၃၂၄၃၁.၃၈	၁၂၀၅၄.၄၁	၂၀၃၇၆.၉၇	
	၃	အမှတ်(၃)သတ္တုတွင်းလုပ်ငန်း	၂၉၄၄၆.၅၁	၁၆၅၅.၀၆	၂၇၇၉၂.၄၅	
	၄	မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း	၂၅၈၅၄.၇၇	၅၀၇၀.၂၈	၃၄၃၄.၄၄	
	၅	မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း	၇၂၈.၂၀	၂၄၁.၄၂	၈၈၆.၇၈	
	၆	မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း	၁၁၅၃၁.၈၉	၁၁၇၆.၆၄	၈၀၃၅.၂၅	
၉		**ဘဏ္ဍာရေးဝန်ကြီးဌာန**	**၃၃၉၀၃၆.၅၇**	**၂၅၀၀၉၀.၇၁**	**၈၈၉၄၅.၈၆**	
	၁	မြန်မာ့စီးပွားရေးဘဏ်	၂၆၅၇၂၄.၇၇	၂၃၄၃၁၀.၄၈	၃၁၄၁.၂၉	
	၂	မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်	၁၃၆၃၄.၈၆	၄၁၀၈.၆၇	၉၅၂၆.၁၉	
	၃	မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်	၂၃၈၀၅.၁၉	၂၇၂၈.၁၂	၂၁၀၇၇.၀၇	
	၄	မြန်မာ့အာမခံလုပ်ငန်း	၃၅၈၇၁.၇၅	၈၉၄၃.၄၄	၂၆၉၂.၃၁	
၁၀		**ဆောက်လုပ်ရေးဝန်ကြီးဌာန**	**၃၁၈၉၃၆.၁၉**	**၃၀၂၄၇၁.၆၀**	**၁၆၄၆၄.၅၉**	
	၁	ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း	၃၁၈၉၃၆.၁၉	၃၀၂၄၇၁.၆၀	၁၆၄၆၄.၅၉	

ဇယား (၅-၁) အဆုံး

စဉ်		ဝန်ကြီးဌာန/လုပ်ငန်းအမည်	ဧပြီလမှမတ်လအထိ			မှတ်ချက်
			ဝင်ငွေ	အသုံးစရိတ်	(+/-)ပိုငွေ/လိုငွေ	
၁		၂	၃	၄	၅	၆
၁၁		**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**	**၇၃၂၄၁.၁၉**	**၁၃၃၅၀၈.၈၂**	**-၆၀၂၆၇.၆၃**	
	၁	မြန်မာ့မီးရထား	၆၁၇၃၈.၆၈	၁၂၃၁၂၅.၉၅	-၆၁၃၈၇.၂၇	
	၂	ကုန်းလမ်းပို့ဆောင်ရေး	၁၁၅၀၂.၅၁	၁၀၃၈၂.၈၇	၁၁၁၉.၆၄	
၁၂		**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**	**၃၄၂၄၂၇.၀၄**	**၈၅၂၁.၉၁**	**၂၅၇၂၀၉.၁၃**	
၁၃		**ပို့ဆောင်ရေးဝန်ကြီးဌာန**	**၁၁၉၂၁၅.၇၈**	**၈၅၄၆၃.၅၆**	**၃၃၇၅၂.၂၂**	
	၁	ပြည်တွင်းရေကြောင်းပို့ဆောင်ရေး	၁၀၁၉၁.၃၀	၁၂၅၄၆.၇၅	-၂၃၅၅.၄၅	
	၂	မြန်မာ့ဆိပ်ကမ်းအာဏာပိုင်	၅၀၅၁၉.၄၃	၁၆၈၄၇.၁၂	၃၃၆၇၂.၃၁	
	၃	မြန်မာ့သဘော်ကျင်းလုပ်ငန်း	၇၆၃၅.၆၀	၇၀၂၄.၆၁	၆၁၀.၉၉	
	၄	မြန်မာအမျိုးသားလေကြောင်း	၅၀၈၆၉.၄၅	၄၉၀၄၅.၀၈	၁၈၂၄.၃၇	

အခန်း (၆)

ကဏ္ဍစီမံကိန်းများဆောင်ရွက်မှုအခြေအနေ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကဏ္ဍစီမံကိန်းများဆောင်ရွက်မှုအခြေအနေကို ကဏ္ဍအလိုက် တင်ပြအပ်ပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁၃,၇၅၉,၀၂၉.၉ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ ၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

လယ်ယာကဏ္ဍ

၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၆ - ၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၆ - ၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည် (မတ်လကုန်)အထိ **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် ၁၂,၈၇၂,၈၂၃.၆ သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၃.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း** အရ ၂.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် မိုးစပါး စိုက်ပျိုးမှုမှာ မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် စပ်မျိုးစပါးများကို ဖြန့်ဖြူးပေးခဲ့ခြင်း၊ ဆင့်ပွားမျိုးစေ့နှင့်မျိုးသန့်မျိုးပွားစေ့များ အသုံးပြုခဲ့ခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်ကို တောင်သူများ စိတ်ဝင်စား၍ ပိုမိုအသုံးပြုလာကြခြင်း၊ သွင်းအားစုများ ပြည့်ဝစွာသုံးစွဲလာကြခြင်း၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများမှ အောင်ရေနှင့် ဖြည့်စွက်ရေကို

ပေးဝေနိုင်ခဲ့ခြင်း၊ ရေပေးမြောင်းများနှင့် တူးမြောင်းအဆောက်အဦများကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့ခြင်း၊ ဆည်မြောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပိုမို ဆောင်ရွက်ခဲ့သဖြင့် အကျိုးပြုဧကပိုမိုခဲ့ခြင်း၊ လယ်လှပ်မြေများအား စက်မှုလယ်ယာ စနစ်ကျလယ်မြေများအဖြစ် ဖော်ထုတ်ပေးခဲ့ခြင်း၊ စိုက်ပျိုးစရိတ်ပြည့်စုံ၍ သွင်းအားစုများ ပိုမိုထည့်သွင်းနိုင်ခြင်းကြောင့် အထွက် တင်းထောင်ပေါင်း ၁၈,၇၅၃ ပိုမိုထွက်ရှိခဲ့ပါသည်။

အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုတွင် တောင်ယာမြေများ၌ ရာသီဥတုနှင့် ကိုက်ညီပြီး ဈေးနှုန်းကောင်းမွန်သည့် အစေ့ထုတ်ပြောင်းကို ပြောင်းလဲစိုက်ပျိုးခြင်း၊ သွင်းအားစုများကို နည်းစနစ်ကျကျ သုံးစွဲခြင်းတို့ကြောင့် အထွက်တင်းထောင်ပေါင်း ၃,၇၇၉ ပိုမိုထွက်ရှိခဲ့ပါသည်။ ဖူးစားပြောင်း စိုက်ပျိုးရာတွင် တောင်သူများမှ သိပ္ပံနည်းကျစိုက်နည်းစနစ်မှ အရေးကြီးသော နည်းပညာများကိုလိုက်နာဆောင်ရွက်ခြင်း၊ သက်တမ်းတို အထွက်ကောင်းမျိုးများကို အသုံးပြုခြင်းတို့ကြောင့် အထွက်ဖူးရေ ထောင်ပေါင်း ၃၁၈,၂၅၀ ပိုမိုထွက်ရှိခဲ့ပါသည်။ ပဲတီစိမ်းမှာ ရာသီဥတုနှင့် ကိုက်ညီမျှတပြီး ၊ ဈေးကွက်ဝင်သီးနှံဖြစ်သဖြင့် ပိုမိုစိုက်ပျိုးခဲ့ခြင်း၊ အထွက်နှုန်းကောင်းမွန်သည့် မုံရွာရွှေဒင်္ဂါးမျိုး ပြောင်းလဲသုံးစွဲခြင်းနှင့် သီးနှံပန်းပွင့်ချိန်တွင် ရာသီဥတုကောင်းမွန်မှုကြောင့် အထွက်တင်းထောင်ပေါင်း ၂,၅၆၆ ပိုမို ထွက်ရှိခဲ့ပါသည်။

ကြက်ပေါင်စေးစိုက်ပျိုးမှုမှာ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခဲ့ခြင်း၊ ပျိုးထောင်ခြင်းနှင့် အဖူးကူးသရုပ်ပြပွဲ၊ အစေးလှီးခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း သရုပ်ပြပွဲများ ပြုလုပ်ပေးခြင်း၊ အပင်အိုများခုတ်လှဲ၍ အပင်ပျိုများဖြင့် အစားထိုးစိုက်ပျိုးထားခြင်းကြောင့် အပင်ပျိုများမှ အထွက်နှုန်းတိုးတက်လာခြင်း၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် အထွက်ကောင်းမျိုးများ စိုက်ပျိုးထားခြင်း၊ အစေးလှီးဧက ပိုမိုလာခြင်း၊ နည်းပညာဖြန့်ဖြူးမှုများကို တောင်သူများမှ လက်ခံကျင့်သုံးလာခြင်း၊ နည်းစနစ်မှန် အစေးလှီးစနစ်များ အသုံးပြုခြင်းကြောင့် အထွက်ပေါင် ထောင်ပေါင်း ၄၆,၅၃၄ ပိုမို ထွက်ရှိခဲ့ပါသည်။

ကွမ်းသီးမှာ လွန်ခဲ့သော ၆ နှစ်ခန့်မှ စိုက်ပျိုးထားသည့် ကွမ်းသီးပင်များ ခူးဆွတ်နိုင်သဖြင့် ရိတ်သိမ်းဧကပိုမိုခဲ့ခြင်း၊ အသီးခူးခြင်းကို မိုးနှင့်နွေ နှစ်ရာသီလုံး ဆွတ်ခူးခြင်းကြောင့် အထွက် ပိသာထောင်ပေါင်း ၄,၂၁၆ ပိုမိုထွက်ရှိခဲ့ပါသည်။ ချည်မျှင်ရှည်ဝါမှာ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ခြင်းကြောင့် အထွက် ပိသာထောင်ပေါင်း ၁၅,၀၅၁ ပိုမို ထွက်ရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လယ်ယာကဏ္ဍ၏ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်းထုတ် လုပ်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ (၆-၃) လယ်ယာကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အစီရင်ခံသည့်ကာလတွင် **ကယားပြည်နယ်၌** တောင်ယာမြေများတွင် ရာသီဥတုနှင့် ကိုက်ညီပြီး ဈေးနှုန်းကောင်းမွန်သည့် အစေ့ထုတ်ပြောင်းကို ပြောင်းလဲစိုက်ပျိုးခြင်း၊ သွင်းအားစုများကို နည်းစနစ်ကျကျ သုံးစွဲခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်း ပိုမိုထွက်ရှိခဲ့ ပါသည်။ **ကရင်ပြည်နယ်**တွင် မိုးစပါး စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် စပ်မျိုးစပါးများကို ဖြန့်ဖြူးပေးခဲ့ခြင်း၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၄ ခုမှ မိုးစပါးအောင်ရေ ပေးဝေနိုင်ခဲ့ခြင်း၊ လယ်လုပ်မြေများအား စက်မှုလယ်ယာ စနစ်ကျလယ်မြေများအဖြစ် ဖော်ထုတ် ပေးခဲ့ခြင်း၊ ရေပေးမြောင်းများနှင့် တူးမြောင်းအဆောက်အဦများကို ပြီးပြည့်စုံအောင် ဆောင်ရွက် ပေးခဲ့ခြင်း၊ ဆည်မြောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သဖြင့် အကျိုးပြုဧကပိုမိုခဲ့ခြင်း၊ သွင်းအားစုများအတွက် ပြည်နယ်အစိုးရမှ ယူရီးယားမြေဩဇာကို လက်ငင်းစနစ်ဖြင့် လည်းကောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့်လည်းကောင်း ရောင်းချပေးခြင်းတို့ကြောင့် မိုးစပါးပိုမို ထွက်ရှိခဲ့ပါသည်။ကြက်ပေါင်စေးစိုက်ပျိုးမှုမှာ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခဲ့ခြင်း၊ ပျိုးထောင်ခြင်းနှင့် အဖူးကူးသရုပ်ပြပွဲ၊ အစေးလှီးခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း သရုပ်ပြပွဲများ ပြုလုပ်ပေးခြင်းတို့ကြောင့် ကြက်ပေါင်စေး ပိုမိုထွက်ရှိခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးစပါးစိုက်ပျိုးမှုမှာ သီးနှံစျေးကောင်းသဖြင့် စိုက်ပျိုးမှုပိုမိုခြင်း၊ အထွက်ကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲလာခြင်းကြောင့် မိုးစပါးပိုမိုထွက်ရှိခဲ့ပါသည်။ **တနင်္သာရီတိုင်းဒေသကြီး**တွင် ကြက်ပေါင်စေးစိုက်ပျိုးရာ၌ အပင်အိုများ ခုတ်လှဲ၍ အပင်ပျိုများဖြင့် အစားထိုးစိုက်ပျိုးထားခြင်းကြောင့် အပင်ပျိုများမှ အထွက်နှုန်းတိုးတက်လာခြင်း၊ ရေမြေသဘာဝ နှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ စိုက်ပျိုးထားခြင်း၊ အစေးလှီးဧကပိုမိုလာခြင်း၊ နည်းပညာဖြန့်ဖြူးမှုများကို တောင်သူများမှ လက်ခံကျင့်သုံးလာခြင်း၊နည်းစနစ်မှန် အစေးလှီးစနစ်များအသုံးပြုခြင်းကြောင့် ကြက်ပေါင်စေးပိုမိုထွက်ရှိခဲ့ပါသည်။ ကွမ်းသီးမှာ လွန်ခဲ့သော ၆ နှစ်ခန့်မှ စိုက်ပျိုးထားသော ကွမ်းသီးပင်များ ခူးဆွတ်နိုင်သဖြင့် ရိတ်သိမ်းဧကပိုမိုခဲ့ခြင်း၊ အသီးခူးခြင်းကို မိုးနှင့်နွေ နှစ်ရာသီလုံး ဆွတ်ခူးခြင်းကြောင့် ကွမ်းသီးပိုမိုထွက်ရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) အနေဖြင့် မိုးစပါးစိုက်ပျိုးမှုတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများမှ ဖြည့်စွက်ရေကိုပေးဝေနိုင်ခဲ့ခြင်း၊ ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးနိုင်ခဲ့ခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်ကို အသုံးပြုနိုင်ခြင်း၊ ဆင့်ပွားမျိုးစေ့နှင့် မျိုးသန့်မျိုးပွားစေ့များ အသုံးပြုခဲ့ခြင်းကြောင့် မိုးစပါးပိုမိုထွက်ရှိခဲ့ပါသည်။ **ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)** တွင် မိုးစပါးစိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်ကို တောင်သူများ စိတ်ဝင်စား၍ ပိုမိုစိုက်ပျိုးလာကြခြင်း၊ သွင်းအားစုများပြည့်ဝစွာ သုံးစွဲလာကြခြင်း၊ အထွက်ကောင်းမျိုးများ ပိုမိုစိုက်ပျိုးလာကြခြင်းတို့ကြောင့် မိုးစပါးပိုမိုထွက်ရှိခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ရာသီဥတုနှင့် ကိုက်ညီမျှတပြီး၊ စျေးကွက်ဝင်သီးနှံဖြစ်သဖြင့် ပိုမိုထွက်ရှိခဲ့ခြင်း၊ ချည်မျှင်ရှည်ဝါမှာ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ခြင်းကြောင့် ပိုမိုထွက်ရှိခဲ့ပါသည်။ **မန္တလေးတိုင်းဒေသကြီး**၌ ဖူးစားပြောင်းစိုက်ပျိုးရာတွင် တောင်သူများမှ သိပ္ပံနည်းကျစိုက်နည်းစနစ်မှ အရေးကြီးသော နည်းပညာများကို လိုက်နာဆောင်ရွက်ခြင်း၊ သက်တမ်းတိုအထွက်ကောင်းမျိုးများကို အသုံးပြုခြင်း တို့ကြောင့် ဖူးစားပြောင်း ပိုမိုထွက်ရှိခဲ့ပါသည်။ ပဲတီစိမ်းစိုက်ပျိုးရာတွင် စျေးကွက်ကောင်းမွန်မှုကြောင့် စိုက်ပျိုးမှုပိုမိုခဲ့ခြင်း၊အထွက်နှုန်းကောင်းမွန်သည့် မုံရွာရွှေဒင်္ဂါးမျိုးပြောင်းလဲသုံးစွဲခြင်းနှင့် သီးနှံပန်းပွင့်ချိန်တွင် ရာသီဥတုကောင်းမွန်မှုကြောင့် ပိုမိုထွက်ရှိခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၌ မိုးစပါးစိုက်ပျိုးရာတွင် အထူးအထွက်တိုးမျိုး စပါးစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျစနစ်ဖြင့် ပိုမိုစိုက်ပျိုးနိုင်ခြင်း၊ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးစရိတ်ပြည့်စုံ၍ သွင်းအားစုများ ပိုမိုထည့်သွင်းနိုင်ခြင်းကြောင့် မိုးစပါးပိုမိုထွက်ရှိခဲ့ပါသည်။

မျိုးကောင်း မျိုးသန့် မျိုးစေ့ ထုတ်လုပ်ခြင်း

လယ်ယာကဏ္ဍအနေဖြင့် ၂.၂ ရာခိုင်နှုန်းတိုးတက်ရရှိခဲ့ခြင်းမှာ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်နှင့် စိုက်ပျိုးသူတောင်သူများ စီးပွားရေး တွက်ခြေကိုက်ပြီး ဝင်ငွေအကျိုးအမြတ်မြင့်မား၍ လူနေမှုဘဝတိုးတက်လာစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါမျိုးများမှာ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားခြင်း၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ စားသုံးမှု အရည်အသွေးကောင်းမွန်ခြင်း စသည့် အရည်အသွေးများနှင့် ပြည့်စုံပါသည်။

ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲ ကျင့်သုံးခြင်း

ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်သို့ပြောင်းလဲ ကျင့်သုံးဆောင်ရွက်ရန် အထူးအထွက်တိုး စပ်မျိုးစပါးမျိုး၊ စပ်မျိုးနေကြာထုတ်လုပ်ခြင်းများအပြင် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးများ ထုတ်လုပ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ စပ်မျိုးစပါးထုတ်လုပ်ခြင်းကို ကုမ္ပဏီအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အထွက်နှုန်းကောင်းသော မိုးရာသီစပ်မျိုးစပါး ထုတ်လုပ်ခြင်းကို ပြည်ထောင်စုနယ်မြေ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အစီရင်ခံသည့်ကာလအထိ ဧက ၈၉၀ ၊ နွေစပါးရာသီ စပ်မျိုးစပါးထုတ်လုပ်ခြင်းကို ပြည်ထောင်စုနယ်မြေ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ၁,၁၄၆.၅ ဧက ကိုလည်းကောင်း အသီးသီး စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးစပ်မျိုး နေကြာထုတ်လုပ်ခြင်းကို ၁၈၉ ဧကနှင့် နွေစပ်မျိုးနေကြာ ထုတ်လုပ်ခြင်းကို ဧက ၁၅၀ အသီးသီးစိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့ပါသည်။

သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ရေ၊ မြေ၊ ရာသီဥတု နှင့်ရောဂါပိုးမွှားဒဏ်ခံနိုင်သည့် သီးနှံမျိုးသစ်များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊ ဥယျာဉ်ခြံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများအား ဇီဝနည်းပညာများနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှုများကို လေ့လာခြင်းနှင့် အရည်အသွေးများစမ်းသပ်ခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ နှင့်ပတ်သက်၍ သုတေသနပြုခြင်း၊ ထုတ်လုပ်ပြီး မျိုးသစ်များအား မှတ်ပုံတင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ အမာခံရိုက္ခာသီးနှံဖြစ်သည့် ဆန်စပါးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးနိုင်ရန် သက်လျင်၊ သက်လတ်လယ်စပါးမျိုးများ၊ ရေအနည်းလိုစပါးမျိုးများ၊ ဆားငံခံစပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများ၊တောင်ပေါ်ယာစပါးမျိုးများ၊ မြေပြန့်စပါးမျိုးများ၊ အရည်အသွေး ကောင်းစပါးမျိုးများကို ဖြန့်ဖြူးခဲ့ပါသည်။ စက်မှုသီးနှံများဖြစ်သည့် ဝါ ၊ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်တို့ကို သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုး၍ သုတေသနပြုလုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

လေ့ကျင့်ပညာပေးခြင်း

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် နည်းပညာသင်တန်းများကို ဝန်ထမ်းများ၊ တောင်သူများ၊ ပဂ္ဂလိကများအား သင်ကြားပို့ချပေးလျက် ရှိပါသည်။ ထို့ပြင် တောင်သူပညာပေးဟောပြောပွဲများ၊ သရုပ်ပြပွဲများကို ပြသ၍ နည်းပညာများကို လက်တွေ့ စည်းရုံးပညာပေးလျက်ရှိပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခေတ်မီစံပြစက်မှုလယ်ယာတောင်သူပညာပေးစိုက်ခင်းများသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ နိုင်ငံခြားဧည့်သည်တော်များ လာရောက်လျက်ရှိရာ လေ့လာမှုကို အခြေခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် စံပြစက်မှုလယ်ယာစိုက်ခင်းများ စီမံဆောင်ရွက်လျက် ရှိပါသည်။

မျိုးကောင်းမျိုးသန့်များကို အသုံးပြုပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် လိုက်နာကျင့်သုံးနိုင်မှသာ မျှော်မှန်းသည့်အထွက်နှုန်းကို ရရှိမည်ဖြစ်သဖြင့် စိုက်ပျိုးရေးဆိုင်ရာပညာရှင် များ၊ တောင်သူများ၊ ဝန်ထမ်းများစသည်တို့ကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လက်တွေ့ လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ်များသို့ ရာသီအလိုက် ကွင်းဆင်းပညာပေးလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာမြေများ ဖော်ထုတ်ခြင်း

စိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ရန် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်း ၁၀,၅၉၆.၇၇ ဧက၊ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ခြင်း ဧက ၁,၀၅၀ ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် သွင်းအားစုဖြစ်သည့် ဓါတ်မြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ဓါတ်မြေဩဇာအတုများ ပြုလုပ်ရောင်းချခြင်း၊ အရည်အသွေး စံချိန်စံညွှန်းများ ပြည့်ဝမှုမရှိခြင်းတို့ကြောင့် သုံးစွဲသူ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၀၂ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် မြေဩဇာဥပဒေကို လက်ရှိခေတ်စနစ်နှင့် လျော်ညီစေရန် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) အား အစီရင်ခံသည့်ကာလတွင် လွှတ်တော်သို့ တင်ပြ၍ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါသည်။

ထိုအတူ လက်ရှိမျိုးစေ့ဥပဒေကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီး ဖြစ်၍ ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ကို ပထမ(၆)လပတ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင် (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၅) ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်း

သီးနှံစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုငွေကြေးကို တောင်သူများသို့ ထုတ်ချေးလျက်ရှိရာတွင် သီးနှံအမျိုးအစားအလိုက်လည်းကောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လိုအပ်သော စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်ဖွံ့ဖြိုးရေးချေးငွေနှင့် အထူးစီမံချက်ချေးငွေများကိုလည်းကောင်း နှစ်တိုချေးငွေအဖြစ် တန်ဖိုးငွေကျပ် ၁,၁၇၁,၁၁၁.၇၄ သန်း ထုတ်ချေးပေးခဲ့ပါသည်။

သားငါးကဏ္ဍ။ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ "သားငါးကဏ္ဍ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ကျေးလက်ဒေသစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်" ဟူသောမူဝါဒကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို မတ်လကုန်တွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅,၀၄၄,၄၁၅.၂သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၈.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

သားငါးကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၆ - ၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၆ - ၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် ၅,၂၃၈,၇၄၆.၈ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၀၃.၉ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း** အရ ၇.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု

သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မွေးမြူသူများအား အရင်းအနှီးရရှိစေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမွဲလျော့ချရေး ရန်ပုံငွေမှ တိရစ္ဆာန် မွေးမြူရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ နို့ထုတ်လုပ်မှု တိုးတက်စေရန် မွေးမြူရေး ဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းနှင့် ဒေသခံနွားမများအား နို့ထွက်

ကောင်းမွန်သည့် နို့စားနွားမျိုးများဖြင့် မျိုးမြှင့်တင်သားစပ်၍ နို့စားနွား မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှလည်း မွေးမြူရေးချေးငွေများထုတ်ချေးပေးခြင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်နှင့် တိုးတက်မွေးမြူလာနိုင်စေရန်အတွက် မေထုန်မဲ့သားစပ်သင်တန်းနှင့် တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း (International Non Governmental Organization) / အစိုးရမဟုတ်သော အဖွဲ့အစည်း (Non Governmental Organization)များ ပူးပေါင်းပြီး မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းများနှင့် မွေးမြူရန်တိရစ္ဆာန်များ ထောက်ပံ့ပေးခြင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဖြူးပေးသော နို့စားနွား၊ အသားစားနွား၊ ခိုင်းနွား မျိုးရည်ခဲချောင်းများဖြင့် နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် အတွက် မေထုန်မဲ့နည်းဖြင့် မြို့နယ်များတွင် ရပ်ကွက်/ ကျေးရွာများအထိ ကွင်းဆင်း၍ သားစပ်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များသေဆုံးမှုလျော့ပါးရေးအတွက် ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

အသားထုတ်လုပ်မှု

အသားထုတ်လုပ်မှုတိုးတက်စေရေးအတွက် ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့တွင် အသေးစားနို့စားနွား မွေးမြူထုတ်လုပ်မှုတိုးတက်စေရန်နှင့် နို့နှင့်နို့ထွက်ပစ္စည်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မေထုန်မဲ့သားစပ်နည်းနှင့် မျိုးရိုးဗီဇနည်းပညာကို အသုံးပြု၍ တိရစ္ဆာန်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေးစီမံကိန်း၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ တစ်နိုင်တစ်ပိုင်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးသုတေသနစီမံကိန်း၊ မြန်မာနိုင်ငံအပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံနှံ့မှု ကြိုတင်ကာကွယ်တားဆီးရေးအတွက် ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် ပညာပေးလုပ်ငန်းစီမံကိန်း၊ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြန်မာ-နယူးဇီလန် နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မွေးမြူထုတ်လုပ်မှုတိုးတက်ရေးအတွက် တိရစ္ဆာန်အစာကျွေးမွေးခြင်း မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခသက်ရောက်မှုရှိသော လူထုအတွက် စားနပ်ရိက္ခာနှင့် ပြန်လည်ထူထောင်ရေး တိုးတက်မြင့်မားရေးစီမံချက်၊ စီပီကျေးလက်ရန်ပုံငွေထူထောင်ရေးစီမံကိန်း၊ ကျေးလက်လှည့်ပတ်ရန်ပုံငွေ ထူထောင်ရေး စီမံကိန်း၊ အပြင်းစား

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအရေးပေါ်ပြင်ဆင်မှု တိုးမြှင့်ဆောင်ရွက်ရန် အတွက် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရေး စီမံကိန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

အသားထုတ်လုပ်မှုတွင် ကျေးလက်ဒေသ တိုင်းရင်းကြက်မွေးမြူမှု ဖွံ့ဖြိုးရေးကဏ္ဍ အနေဖြင့် မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံ ထူထောင်၍ တိုင်းရင်းကြက်များ မွေးမြူထားပါသည်။ မကွေးတိုင်းတွင် သရက်စံပြနို့စားနွား မွေးမြူရေးခြံ၊ မင်းလှစံပြ ဆိတ်မွေးမြူရေးခြံ၊ ရေစကြိုဆိတ်မွေးမြူရေးခြံ၊ ပွင့်ဖြူစံပြဝက် မွေးမြူရေးခြံ၊ ရေတာရှည် စံပြ ဝက် မွေးမြူရေးခြံ၊ လပွတ္တာ ကျွဲမွေးမြူရေးခြံများဖြင့် နွား၊ ဆိတ်၊ ဝက်၊ ကျွဲများမွေးမြူခြင်း ကိုဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဥစားကြက်ကောင် ရေ (၁၇.၂၃၁) သန်း၊ အသားစားကြက်ကောင်ရေ (၁၅.၈၄၉၂) သန်း၊ တိုင်းရင်းကြက် ကောင်ရေ (၂၃၆.၂၀၅၄) သန်း၊ ကြက်စုစုပေါင်းကောင်ရေ (၂၆၉.၂၈၅၇) သန်း မွေးမြူခဲ့ပါသည်။ ကူးစက် ရောဂါ ကာကွယ်ဆေး အမျိုးမျိုးတွင် အဆ(၁,၀၅၃.၇၂၃)သန်း၊ ကာကွယ်ဆေး အမျိုးမျိုး ထိုးနှံခြင်းတွင် အကြိမ်(၃၉.၅၆)သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ(၄.၅၄၈) သန်း ဆောင်ရွက် နိုင်ခဲ့ပါသည်။ နွားမျိုးကောင်း မျိုးသန့်ပြန့်ပွားရေးအတွက် မေထုန်မဲ့ သားစပ်မှုတွင် (၃၀,၂၆၃) ကြိမ်၊ စနစ်တကျ သဘာဝသားစပ်မှုတွင် (၂၃၅,၁၃၆) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပျားရည်ထုတ်လုပ်မှု

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပျားနို့ထုတ်လုပ်မှုစီမံကိန်းကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ ပျားမွေးမြူရေး အဆင့်မြှင့်တင်ရေးနှင့် တိုးတက်မှု စီမံချက်ကို ရှမ်းပြည်နယ်တွင်လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပျားရည် ထုတ်လုပ်မှုတွင် ပေါင်(ထောင်)(၇,၈၆၀) ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပြည်ပတင်ပို့ရောင်းချရန် လျာထားချက် တန်(၂,၃၃၀) တွင် (၃,၅၅၀.၄၇)တန်နှင့် အမေရိကန်ဒေါ်လာ (၄.၀၈၃)သန်း ရရှိခဲ့ပါသည်။ ပျားများဖြင့် ဝတ်မှုန်ကူးပြောင်းစေခြင်းဖြင့် မျိုးကောင်းမျိုးသန့်နှင့် အောင်မြင်သော သီးနှံများ၊ မျိုးစေ့များကို ရရှိစေရန်အတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စိုက်ကွင်းများတွင် ပျားအုံများကို ရွှေ့ပြောင်းမွေးမြူခြင်းစနစ်ဖြင့် ဝတ်မှုန်ကူးခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

ရေထွက်ပစ္စည်းထုတ်လုပ်မှု

ငါးလုပ်ငန်းဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကာလအတွင်း ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေသော ရေထွက်ပစ္စည်းများကို ပြည်ပမတင်ပို့မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ စစ်ဆေးပေးလျက်ရှိရာတွင် ရေထွက်ပစ္စည်းများဖြစ်သည့် ရေချိုပုစွန် (၅၄.၇၃) တန်၊ ရေချိုငါး (၇၃,၄၂၆.၅၅) တန်၊ ရေငန်ပုစွန် (၁၃,၁၇၇.၆၂)တန်၊ ရေငန်ငါး (၃၂,၅၅၈.၅၂) တန်၊ ကဏန်း၊ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့် (၃,၄၅၉.၅၁) တန်နှင့် အခြားရေထွက်ပစ္စည်း (၂၂,၇၃၆.၂၁) တန်၊ စုစုပေါင်း (၁၄၅,၄၁၃.၁၄) တန် ကို အရည်အသွေးစစ်ဆေးပေးနိုင်ခဲ့ပါသည်။ ရေထွက်ကုန်နမူနာ အရေအတွက် (၃၇,၄၇၁) ခုကိုလည်း စစ်ဆေးပေးနိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းမှ ငါးမွေးမြူရေးလုပ်ငန်းများတွင် ဈေးကွက်ဝင်တန်ဖိုးမြှင့် ငါးမျိုးစိတ်များတိုးချဲ့မွေးမြူလာခြင်း၊ ဘုံငါးဖမ်းလုပ်ငန်းတွင် မြစ်ချောင်း၊ တာတမံ၊ ဆည်ရေပြင်နှင့် စပါးခင်းများအတွင်းသို့ ငါးမျိုးစိတ်များထည့်သွင်း မွေးမြူလာခြင်း၊ သဘာဝရေပြင် ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုစွန်မွေးမြူရေးလုပ်ငန်းအနေဖြင့် သမရိုးကျသဘာဝ မွေးမြူရေးစနစ်မှ သားပေါက်အစာ ထည့်သွင်းကျွေးမွေး၍ မွေးမြူလာခဲ့ပါသည်။ အင်းငါးထုတ်လုပ်မှုတွင်လည်း သဘာဝအတိုင်း ဖမ်းဆီးထုတ်လုပ်မှုအပြင် ငါးနေငါးထိုင် ကောင်းစေသော အစီအမံများဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေး လုပ်ငန်းရှင်များအတွက် ငါးမျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရေး ဆောင်ရွက်ပေးခြင်းအပြင် ငါးမွေးမြူရေးဆိုင်ရာ ဟောပြောပွဲများကိုလည်း ကျင်းပနိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှု

သားငါးကဏ္ဍ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရည်မှန်းချက်နှင့် အကောင်အထည်ဖော်နိုင်မှု (မတ်လကုန်) အခြေအနေကို အောက်ပါပုံဖြင့်ဖော်ပြပါသည်-

ပုံ (၆ - ၆) သားငါးကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်စျေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် တိုးတက်ရခြင်းမှာ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားပါက ဆောလျင်စွာ ထိန်းချုပ်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း တို့ကြောင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြစိမ်းရောင်စီမံကိန်းတွင်ပါဝင်သော မုံရွာမြို့နယ်၊ ဇလုပ်(အနောက်)ကျေးရွာနှင့် ထီးချိုင့်မြို့နယ်၊ လည်မှိုးကျေးရွာတို့တွင် အရင်းမပျောက်မတည်ငွေ တစ်ရွာလျှင် ကျပ်သိန်း (၃၀၀) ဖြင့် ဒေသန္တရကို တိုးတက်မွေးမြူနိုင်ခြင်း တို့ကြောင့်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်၊ မြို့နယ်အလိုက် ဆိတ်၊ ဥစားကြက်၊ အသားစားကြက် တိုးချဲ့မွေးမြူနိုင်ရန် လိုအပ်သည့် အရင်းအနှီးများကို စစ်ကိုင်းတိုင်းဒေသကြီး ဧယျာပဒေသာဖောင်ဒေးရှင်းနှင့် ဝန်ကြီးဌာနအစီအစဉ်ဖြင့် မွေးမြူရေးချေးငွေထုတ်ချေးပေးနိုင်ခြင်းတို့ကြောင့် အသား၊ နို့နှင့်ဥ ထုတ်လုပ်မှုများ တိုးတက်လာခြင်းတို့ကြောင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းအတွင်း ငါးမွေးမြူသူဦးရေ (၁,၄၅၃) ဦးရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငါးမွေးမြူသူဦးရေ (၁,၅၉၅) ဦး ရှိရာ ယခင်နှစ်ကထက် (၁၄၂)ဦး

တို့မှ မွေးမြူရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာခြင်းတို့ကြောင့် တိုးတက်မှု ရရှိခြင်းဖြစ်ပါသည်။ ထို့အပြင် ငါးမွေးမြူသူများအနေဖြင့် မွေးမြူရေးအသိပညာများ တိုးတက်လာခြင်းဖြင့် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များ မွေးမြူလာခြင်း၊ အစာကျွေးနည်းစနစ်များ မှန်ကန်လာခြင်းတို့ကြောင့် တိုးတက်လာခြင်း ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးအနေဖြင့် တိုးတက်ရခြင်းမှာ နွား၊သိုး၊ဆိတ်၊ဝက်၊ကြက် မွေးမြူရေး ဖြစ်ထွန်းမှု အလားအလာကောင်းသောမြို့နယ်များတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရန်ကာကွယ်ဆေးထိုးခြင်း၊ ပြည်သူလူထု အသိပညာပေးလုပ်ငန်း၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်များဖွံ့ဖြိုးတိုးတက်ရန် အခြေခံမွေးမြူရေးသင်တန်းများ၊ ကျေးလက်ကျန်းမာရေး လုပ်သားသင်တန်းများ စသည့်မွေးမြူရေးနှင့်ရောဂါထိန်းချုပ်ရေးဆိုင်ရာ နည်းပညာ အထောက်အပံ့များပေးနိုင်ခဲ့ခြင်း၊ တစ်နိုင်တစ်ပိုင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် အရင်းအနှီးအား နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိပါက ဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်အမျိုးအစား အလိုက် အစုအဖွဲ့များစုဖွဲ့ထားရှိပြီးဖြစ်ပါသည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဖြူးပေးသော နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမျိုးရည်ခဲချောင်းများဖြင့် နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မေထုန်မဲ့နည်းဖြင့် မြို့နယ်များတွင် ရပ်ကွက်/ ကျေးရွာအထိ (၁,၄၈၄) ကောင် သားစပ်ပေးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်(အသားကဏ္ဍ) စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ (၁၆၂) ရွာမှ မွေးမြူသူဦးရေ (၂,၈၈၅) ဦးအား ဒေသနွားမ (၃၇၃) ကောင်၊ ဒေသဆိတ် (၉,၈၇၆) ကောင်နှင့် ဒေသဝက် (၃၂၁) ကောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ကျေးရွာ (၂) ရွာမှ မွေးမြူသူဦးရေ (၄၄၂) ဦးအား ဒေသဆိတ် (၈၆၈) ကောင်အား ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့ပြီး၊ မွေးမြူရေးငါးနှင့် ရေချိုငါးထုတ်လုပ်မှုများ တိုးတက်အောင်လည်း ဆောင်ရွက်နိုင်ခဲ့သဖြင့် တိုးတက်မှုရရှိခြင်း ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် တိုးတက်ရခြင်းမှာ အသားကဏ္ဍအနေဖြင့် နိုင်ငံပိုင်အခန်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနလက်အောက်ရှိ ပျဉ်းမပင်ဝက်ခြံ၊ ရွာသာကြီးဘဲမွေးမြူရေးခြံနှစ်ခုမှသာ ထုတ်လုပ်နိုင်ခဲ့သော်လည်း သမပိုင်အခန်းအနေဖြင့် ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍအနေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးလာခြင်း၊ ကူးစက်ရောဂါ ဖြစ်ပွားမှုနည်းပါးခြင်းကြောင့် အသားနှင့်ဥထုတ်လုပ်မှု တိုးတက်

ကောင်းမွန်ရခြင်းကြောင့်လည်းကောင်း၊ ငါးမွေးမြူရေး လုပ်ငန်းများတွင် ဈေးကွက်ဝင်တန်ဖိုးမြှင့်ငါးများ တိုးချဲ့မွေးမြူခြင်းနှင့် ဈေးကွက်လိုအပ်ချက်နှင့်အညီ ငါးမျိုးစိတ်များအစားထိုး မွေးမြူလာခြင်းကြောင့်လည်းကောင်း၊ တောင်ပိုင်းခရိုင်အနေဖြင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းကို အသေးစားကမ်းနီးလုပ်ငန်းသာရှိသဖြင့် ထုတ်လုပ်မှု လျော့နည်းသွားသော်လည်း အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့၏ ကမ်းဝေးငါးဖမ်းလုပ်ငန်းမှ တိုးတက်ထုတ်လုပ်လျက်ရှိသောကြောင့်လည်းကောင်း၊ ကမ်းဝေးလှေစီးရေ တိုးတက်မှုမရှိသော်လည်း ငါးဖမ်းရက်တိုးမြှင့်သတ်မှတ်၍ ခေါက်ရေပိုမိုဖမ်းဆီးခြင်းတို့ကြောင့် ရေငန်ငါး၊ ပုစွန်ထုတ်လုပ်မှုများတိုးတက်လာခြင်းတို့ကြောင့်လည်းကောင်း တိုးတက်ရခြင်းဖြစ်ပါသည်။

သစ်တောကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁၁၀,၉၇၆.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ ၂၉.၄ ရာခိုင်နှုန်း လျော့နည်းရန် ရည်မှန်းထားပါသည်။

သစ်တောကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၆ - ၇) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၆ - ၈) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍ၏ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် ၁၃၈,၃၈၀.၁ သန်း ရရှိခဲ့၍ ရည်မှန်းချက်အပေါ်

၁၂၄.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၂၅.၃ ရာခိုင်နှုန်း လျော့နည်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှစ၍ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်လုပ်ငန်းနှစ်ရပ်လုံးသစ်အလုံးလိုက်တင်ပို့မှုကို လုံးဝရပ်ဆိုင်းခဲ့ပြီးဖြစ်ပါသည်။ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ နှစ်စဉ်တောထွက်ဘောင်အတွင်းမှ ထုတ်လုပ်ရန် သတ်မှတ်ခဲ့ခြင်းကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် သစ်တောကဏ္ဍ၏ထုတ်လုပ်မှု တန်ဖိုးသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက လျော့နည်းခဲ့သော်လည်း ရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ ကျွန်း (၇၂,၇၃၆) ကုဗတန်နှင့် သစ်မာ (၆၇၀,၇၂၂) ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများဖြစ်သည့် တိုင်၊ မျော၊ ထင်း၊ မီးသွေး၊ ဝါး နှင့် ကြိမ် အစရှိသည်တို့ကိုလည်း ဈေးကွက်လိုအပ်ချက်အရ ထုတ်လုပ်နိုင်ခဲ့ပါသည်။

သစ်တောသယံဇာတ ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ကျွန်းစိုရိုက်မှတ်ခြင်း (၇၁,၀၄၄)ပင်၊ သစ်မာ ပင်ထောင် ရိုက်မှတ်ခြင်း (၂၅၈,၈၃၁) ပင်၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း ဧက (၈,၀၀၀)၊ ခမွတာမျိုးဆက်ခြင်း (၄၀,၅၃၄) ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်း(၇,၈၃၂)ဧက၊ပေါင်းသင်ရှင်းလင်းခြင်း (၆၇,၆၁၃)ဧက၊ ပင်ကျပ်နှုတ်ခြင်း (၉,၉၇၉) ဧက၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း (၁၄၃,၈၉၀) ဧက၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း (၁,၅၀၂) မိုင်၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း (၁,၃၉၆) မိုင်၊ ကြိုးဝိုင်း တိုးချဲ့ဖွဲ့စည်းခြင်း (၁၈၃) စတုရန်းမိုင်နှင့်မီးကာကွယ်ခြင်း (၁၀၁,၄၈၃) ဧက တို့ကို ရာသီအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက် ရှိပါသည်။

သစ်တောစိုက်ခင်းများတည်ထောင်ရေး

သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများဖြစ်သည့် စီးပွားရေးစိုက်ခင်း(၇,၄၅၀) ဧက၊ ကျေးရွာသုံးစိုက်ခင်း ဧက(၃,၀၀၀)၊ ဒီရေတောစိုက်ခင်း ဧက (၆၀၀)၊ ရေဝေရေလဲစိုက်ခင်း (၉၅၀) ဧက နှင့် အရိပ်ပင်စိုက်ခင်း (၁,၃၅၀) ဧက တို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မိုးရာသီကာလအတွင်း ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးတည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ပုဂ္ဂလိက

လုပ်ငန်းရှင်များအား သစ်တောစိုက်ခင်းများ တည်ထောင် ခွင့်ပြုလျက်ရှိရာတွင် ပုဂ္ဂလိက ကျွန်းစိုက်ခင်း (၈,၀၁၁) ဧကနှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း (၁၂,၂၇၀) ဧက တို့ကိုလည်း စိုက်ပျိုး တည်ထောင်ခွင့်ပြုနိုင်ခဲ့ပါသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းတည်ထောင်ခြင်း ဧက (၅,၀၀၀)၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက (၅၀,၀၀၀)၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးချရေးဆောင်ရွက်ခြင်းတွင် စွမ်းအားမြှင့်မီးဖို ဖြန့်ဖြူးခြင်း (၉,၆၄၅) လုံး၊ လောင်စာတုံးသုံးစွဲခြင်း (၄,၆၁၂,၄၃၅)တုံး နှင့် စိုက်ပျိုးရေးစွန့်ပစ် ပစ္စည်းသုံးစွဲခြင်း (၁၁၅,၉၄၈) တန်တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေရရှိရေးလုပ်ငန်းတွင် ရေကန်ငယ် (၂၁) ကန်၊ မြေအောက်ရေတွင်း (၃) တွင်း၊ နုန်းတားဆည်ငယ် (၁၂၂) ခု တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို အလေးထား ဖိတ်ခေါ်ရန်လိုအပ်သကဲ့သို့ နိုင်ငံပိုင် သစ်အခြေခံစက်မှုလုပ်ငန်းများတွင်လည်း စက်စွမ်းအားမြှင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ် ပြောင်းလဲ ဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တရားမဝင် သစ်ထုတ်လုပ်မှုများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

ဒေသခံပြည်သူများအတွက် လိုအပ်သော သစ်တောဆိုင်ရာ ထွက်ကုန်များ ဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရေး တို့အတွက် သစ်တောသယံဇာတများ ရေရှည်ထုတ်ယူ သုံးစွဲနိုင်ရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးတို့သည် သစ်တောကဏ္ဍ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သစ်တောထောက်ခံချက်ရရှိရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းခြင်း၊ အဆိုပါ ဥပဒေအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေကြမ်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး လမ်းညွှန်ချက်များ မူကြမ်းရေးဆွဲခြင်း အစရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်ရေးအတွက် စိစစ်၍ သဘောထားပေးပို့ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းများကို ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအတွင်းရှိ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် (EIA) (SIA) အစီရင်ခံစာများ ထုတ်ပြန်ပေးလျက်ရှိပါသည်။

ပုံ (၆ - ၉)သစ်တောကဏ္ဍ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကချင်ပြည်နယ်တွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် မတ်လကုန်အထိ စီမံကိန်းရည်မှန်းချက်အပေါ် ၁၇၅.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်ကျွန်းထုတ်လုပ်မှုမှာ လျော့နည်းခဲ့သော်လည်း နိုင်ငံပိုင်သစ်မာ ထုတ်လုပ်မှုပိုမိုခဲ့ခြင်း၊ ပုဂ္ဂလိကကျွန်းနှင့်သစ်မာတို့ကို

ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ပိုမိုရောင်းချနိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ စီမံကိန်းရည်မှန်းချက်အပေါ် ၉၆.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်သစ်မာထုတ်လုပ်မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ စီမံကိန်းရည်မှန်းချက်အပေါ် ၈၂.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်သစ်မာ ထုတ်လုပ်မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ စီမံကိန်းရည်မှန်းချက်အပေါ် ၃၄၆.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်သစ်မာ ထုတ်လုပ်မှု လျော့နည်းခဲ့သော်လည်း ပုဂ္ဂလိကကျွန်းနှင့်သစ်မာတို့ကို ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ပိုမိုရောင်းချနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍ။ နိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဖော်ပြပါအတိုင်း **မူဝါဒများ** ချမှတ်၍ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ပြည်တွင်းစွမ်းအင်လိုအပ်ချက် ဖူလုံစေရေး ဦးစားပေး ဆောင်ရွက်ရန်၊

(ခ) စဉ်ဆက်မပြတ် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရန်၊

(ဂ) စွမ်းအင်အမျိုးအစားသစ်များနှင့် ပြန်ပြည့်မြဲ စွမ်းအင်အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရန်၊

(ဃ) စွမ်းအင်အသုံးပြုနိုင်မှု စွမ်းရည်တိုးမြင့်လာစေရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေးတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(င) အခြားအစားထိုး စွမ်းအင်အမျိုးအစားများကို အိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုနိုင်ရေး မြှင့်တင်ဆောင်ရွက်ရန်၊

(စ) ရှာဖွေတွေ့ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတများကို ထွက်ရှိရာ ဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံး ရရှိခံစားနိုင်မည့် သုံးစွဲမှုဖြစ်စေရေး ဆောင်ရွက်သွားရန်၊

(ဆ) စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကအပိုင်းမှ ပိုမိုပါဝင်စေရေး မြှင့်တင်ဆောင်ရွက်ရန်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၄,၄၇၅,၇၂၂.၈) သန်းဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ ၁၃.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်-

စွမ်းအင်ကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၆ - ၁၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၆- ၁၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ စွမ်းအင်ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

စွမ်းအင်ကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည် မတ်လကုန်ထိတွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် (၄,၀၁၁,၄၃၁.၀) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၈၉.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၃၆.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စွမ်းအင်မူဝါဒများနှင့်အညီ ဖော်ပြပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

မြေပေါ်ဘူမိရူပဗေဒကွင်းဆင်း လေ့လာရေးအဖွဲ့များသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ သာကြီးတောင်-စပယ်ဒေသ၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ မိုးကြိုးတွင်းဒေသ၊ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် မြေနီတောင်-လယ်ယားဒေသ၊ ရန်ကုန် တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားဒေသတို့တွင် စတုရန်းမိုင် ၁၀၀ တိုင်းတာခဲ့ပြီး၊ ရေနံရှာဖွေရေး ဘူမိဗေဒကွင်းဆင်းအဖွဲ့များသည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၊မြင်းကကုန်း(မြောက်)၊ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရေနံမဒေသ၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မအူပင် (တောင်/အနောက်) ဒေသတွင် စုစုပေါင်း (၅၁၃.၅၈၅)လိုင်း ကီလိုမီတာ တိုင်းတာပြီးစီးခဲ့ပါသည်၊

အစီရင်ခံသည့် ကာလအတွင်း ရေနံတွင်းသစ် ၂၉ တွင်း တူးဖော်ခဲ့ပြီး ၇၄ တွင်းကို တွင်းပြုပြင်ခြင်း/သဲကြော တိုးချဲ့သေနတ်ဖောက်ခြင်း ဆောင်ရွက်ခဲ့ပါသည်၊

ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ကုန်းပိုင်းလုပ်ကွက် ၃၁ ကွက်တွင် ကုမ္ပဏီ ၃၂ ခု၊ ကမ်းလွန်လုပ်ကွက် ၂၂ ကွက်တွင် ကုမ္ပဏီ ၁၉ ခု နှင့် ဆောင်ရွက်နိုင်ခဲ့ပါသည်၊

တိုတယ်ကုမ္ပဏီ (လုပ်ကွက် အမ်-၅/ဖ) ရတနာ သဘာဝဓာတ်ငွေ့မြေမှ ထိုင်းနိုင်ငံ ပီတီတီကုမ္ပဏီသို့ သဘာဝဓာတ်ငွေ့ ကုဗပေသန်း (၂၂၅,၂၃၇.၉၆၅၇) ရောင်းချခဲ့ပြီး ပက်ထရိုနပ် ကုမ္ပဏီ (လုပ်ကွက်အမ်-၁၂၊ ၁၃၊ ၁၄) ရဲတံခွန်သဘာဝဓာတ်ငွေ့မြေမှ ထိုင်းနိုင်ငံ၊ ပီတီတီ ကုမ္ပဏီသို့ သဘာဝဓာတ်ငွေ့ ကုဗပေသန်း (၁၂၇၈၄ဖ.၁၄၉၂) ရောင်းချခဲ့ပါသည်၊

ဒေဝူးကုမ္ပဏီ (လုပ်ကွက် အေ-၁/၃/အေဒီ-၇) ရွှေသဘာဝဓာတ်ငွေ့မြေမှ သဘာဝ ဓာတ်ငွေ့ များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုဗပေသန်း (၁၂၇,၉ဖ၃.၀၃၀၂၉) ရောင်းချခဲ့ပြီး၊ ပြည်တွင်း သုံးစွဲမှုအတွက် ကုဗပေသန်း (ဖ,၇၉၅.၃၂၅၁) ပို့လွှတ်ခဲ့ပါသည်။ ပီတီတီအီးပီအိုင်ကုမ္ပဏီ (လုပ်ကွက် အမ်-၃/၇/၉/၁၁) ဧောတိကသဘာဝဓာတ်ငွေ့ စီမံကိန်းမှ ထိုင်းနိုင်ငံ၊ ပီတီတီကုမ္ပဏီသို့ သဘာဝဓာတ်ငွေ့ ကုဗပေသန်း (၅၇,ဖ၂၄.၉၇၅၄၁) ရောင်းချခဲ့ပြီး၊ ပြည်တွင်းသုံးစွဲမှုအတွက် ကုဗပေ သန်း (၂၃,၁၉၅.၃၁၉၄) ပို့လွှတ်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်ထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စွမ်းအင်ကဏ္ဍ၏စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ (၆ - ၁၂) စွမ်းအင်ကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ စွမ်းအင်ဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမ ရေနံစိမ်းထုတ်လုပ်မှုတွင် မြစ်သာရွှေရည် ရေနံမြေမှာ သက်တမ်းကြာမြင့်လာပြီး အထွက်လျော့နည်းလာခြင်းကြောင့် ၉၇.၁ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရဲတံခွန် သဘာဝဓာတ်ငွေ့သိုက်၏ ထုတ်လုပ်မှု ပမာဏမှာ မူလခန့်မှန်းထားသည်ထက် ပိုမိုဆောလျင်စွာ ကျဆင်းလာပါသဖြင့် ၈၁.၃ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်မှ ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းများမှာ တွင်းဟောင်းများ ဖြစ်သဖြင့် အထွက်နှုန်းများ ကျဆင်းလာမှုကြောင့် ၉၂.၀ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး သရက်ခရိုင်၊ မင်းလှမြို့နယ် ရေနံမှော်မှ ရေနံစိမ်းများ တိုးတက် ထွက်ရှိလာခြင်းကြောင့် မကွေးတိုင်းဒေသကြီးတွင် ရည်မှန်းချက်ကျော်လွန်၍ အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ပုဂ္ဂလိကရေနံတွင်းများမှာ သက်တမ်း ကြာမြင့်သော တွင်းဟောင်းများဖြစ်သဖြင့် ရေနံစိမ်းအထွက်နှုန်းများ ကျဆင်းလာသောကြောင့် မန္တလေးတိုင်းဒေသကြီးတွင် ၉၁.၉ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ် ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစ၍ ထွက်ရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း (၁၃၄,၇၅၈.၀) ထုတ်လုပ်နိုင်ခဲ့သဖြင့် ရခိုင်ပြည်နယ်သည် ရည်မှန်းချက် ကျော်လွန်၍ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၄-၂၀၁၅ စီမံကိန်းရည်မှန်းချက်များ ရေးဆွဲရာတွင် သဘာဝဓာတ်ငွေ့ကို လျာထားခဲ့သော်လည်း ဘူးသွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို လျာထားခြင်းမရှိခဲ့ပါ။ အစီရင်ခံသည့်ကာလတွင် ဘူးသွင်းသဘာဝဓာတ်ငွေ့ ကုဗပေသန်း (၅၈၂.၀) ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ရည်မှန်းချက်ကျော်လွန်၍ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ရေနံတွင်းနှင့် သဘာဝဓာတ်ငွေ့တွင်းများမှာ သက်တမ်းကြာမြင့်သော တွင်းဟောင်းများဖြစ်သဖြင့် အထွက်နှုန်းများကျဆင်းခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၈၇.၁ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်ထိ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် စွမ်းအင်ကဏ္ဍ၏ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် ဘူးသွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို ဇယားဖြင့် ဖော်ပြပါသည်-

ဇယား (၆-၁)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စွမ်းအင်ကဏ္ဍ၏ အမျိုးသားစီမံကိန်းရည်မှန်းချက်

အမှတ်စဉ်	အကြောင်းအရာ	ရေတွက်ပုံ	အရေအတွက်		အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း
			စီမံကိန်းရည်မှန်းချက်	အကောင်အထည်ဖော်နိုင်မှု	
၁	၂	၃	၄	၅	၆
၁	ရေနံစိမ်း	အမေရိကန်စည် (ထောင်)	၆,၆၂၁.၃	၆,၉၉၅.၆	၁၀၅.၇
၂	သဘာဝဓာတ်ငွေ့	ကုဗပေသန်း	၇၀၄,၆၀၉	၆၄၇,၅၈၁	၉၁.၉
၃	ဘူးသွင်းသဘာဝဓာတ်ငွေ့	ကုဗပေသန်း	၉,၅၀၀	၅,၇၀၇	၆၀.၁

ဇာစ်မြစ်။ စွမ်းအင်ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရာ၌ ဖော်ပြပါ မူဝါဒများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) နိုင်ငံတော်၏ဓာတ်သတ္တုသိုက်များအား ရှာဖွေဖော်ထုတ်၍ ခေတ်မီ နည်းပညာများဖြင့် အဆင့်မြှင့်တင်ပြီး လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရှေ့ရှုဆောင်ရွက်ရေး၊

(ခ) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(ဂ) ကျယ်ပြန့်ထွန်းကားလာသည့် စျေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာစျေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် စျေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) ဓာတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(င) နိုင်ငံတော်၏ လုံခြုံရေးနှင့်စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာမြောက် ဓာတ်သတ္တုများကို စနစ်တကျ ထုတ်လုပ် စုဆောင်းထားရှိသွားရေး၊

(စ) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ယိုယွင်း ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး၊

(ဆ) မြန်မာ့ပုလဲများကို ပိုမိုမွေးမြူထုတ်လုပ်ရေးနှင့် နိုင်ငံတကာစျေးကွက်သို့ တိုးတက်ရောင်းချနိုင်ရေး အားပေးမြှင့်တင်ဆောင်ရွက်ရေး၊

(ဇ) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေး ဆောင်ရွက်ရာ၌ လက်လုပ်လက်စား (တစ်ပိုင်တစ်နိုင်) ဓာတ်သတ္တုထုတ်လုပ်သူ တိုင်းရင်းသားများကိုလည်း မျှတစွာ ထောက်ပံ့အားပေးဆောင်ရွက်ရေး။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်စျေးနှုန်း** အရ ကျပ် (၇၁၀,၃၄၄.၁) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်စျေးနှုန်း**အရ ၈.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ (၆ - ၁၃) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ (၆ - ၁၄) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ ။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၇၈၃,၇၉၈.၄)သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၁၀.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၅၀.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

စီမံကိန်းလျာထားချက်နှင့်အညီ ဓာတ်သတ္တုများ တိုးချဲ့ရှာဖွေနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ဆောမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လာရှိုးမြို့နယ်၊ နမ္မတူမြို့နယ်၊ သိန်းနီမြို့နယ်တို့တွင် ကျောက်မီးသွေး ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တို့တွင် ထုံးကျောက် ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့တွင် ခဲတူ (ဂရက်ဖိုက်) နှင့် ကျောက်မျက် ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တို့တွင် ရွှေရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်နှင့် ရှမ်းပြည်နယ်

(တောင်ပိုင်း)တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသတို့တွင် သံသတ္တုရိုင်း ရှာဖွေစမ်းသပ်ရေးလုပ်ငန်း၊ ကရင်ပြည်နယ် ၊ လှိုင်းဘွဲ့မြို့နယ်၊ ဂေါဒန်ကျောက်ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပန်လုံမြို့နယ်၊ ခဲ၊ သွပ်နှင့် ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၊ ကွမ်းဘောင်ဒေသတွင် တိုက်တေနီယမ် စမ်းသပ်တိုင်းတာရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ဘိုဝိဘွမ်းဒေသများတွင် ခရိုမိုက်သတ္တု ရှာဖွေစမ်းသပ်တိုင်းတာရေး သုတေသနလုပ်ငန်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် မိုးမိတ်မြို့နယ်တို့တွင် (Mineral Database) လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အလေးထားတိုးချဲ့ရှာဖွေ ဆောင်ရွက်ခဲ့ပါသည်။

သတ္တုသိုက်များ၏ တန်ချိန်ပမာဏနှင့် အရည်အသွေးများကို ဖော်ထုတ်တွက်ချက် ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ဆောမြို့နယ်တို့မှ ကျောက်မီးသွေး မက်ထရစ်တန်ချိန် (ဖြစ်နိုင်သည့်သတ္တုသိုက်ပမာဏအဆင့်) ၀.၈ သန်း၊ (အလားအလာရှိသောသတ္တုသိုက်ပမာဏအဆင့်) ၁.၂၅သန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ကောလင်းမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တို့မှ ထုံးကျောက် မက်ထရစ်တန်ချိန် (ဖြစ်နိုင်သည့်သတ္တုသိုက်ပမာဏအဆင့်) ၁၃၈၂.၇၁ သန်း၊ (အလားအလာရှိသောသတ္တုသိုက်ပမာဏအဆင့်) ၁၀၆.၂၅ သန်း၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကွီလေဝန်းကျင်ဒေသတွင် ဂေါဒန်ကျောက် မက်ထရစ်တန်ချိန် (ဖြစ်နိုင်သည့် သတ္တုသိုက်ပမာဏအဆင့်) ၀.၅ သန်း အသီးသီးတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း သတ္တုသိုက်များ၏ တန်ချိန်ပမာဏတွက်ချက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ဘိလပ်မြေစက်ရုံများအတွက် ကုန်ကြမ်းဖြစ်သည့် ထုံးကျောက်များကို စက်ရုံတည်ဆောက်လုပ်ကိုင်မည့် ပုဂ္ဂလိက လုပ်ငန်းရှင်များကို ဦးစားပေး၍ လုပ်ကိုင်ခွင့်များ ချထားပေးပြီး ဖြစ်ပါသည်။ ဂေါဒန်ကျောက်အနေဖြင့် မြန်မာနိုင်ငံတွင် သတ္တုသိုက်ပမာဏ နည်းသဖြင့် ဘိလပ်မြေစက်ရုံများအတွက် မလုံလောက်၍ ပုဂ္ဂလိကကုမ္ပဏီဖြစ်သည့် First Resources ကုမ္ပဏီနှင့် အကျိုးတူ ဆောင်ရွက်ပြီး ဝယ်ယူသုံးစွဲပါသည်။

ရွှေရောင်ပုလဲ (Deep Gold) များရရှိအောင် မုတ်ကောင် သားဖောက်မွေးမြူခြင်း လုပ်ငန်းအား (Pilot Scale) အနေနှင့် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ သားဖောက်ရယူပြီးနောက် ရွှေရောင်နှုတ်ခမ်းသား မုတ်ကောင်ကို ရွေးချယ်ကာ ရွှေရောင်ရင့်သော အပိုင်းကို ဆက်သားစအဖြစ် အသုံးပြုပြီးစမ်းသပ် ဝတ်ဆံသွင်း မွေးမြူလျက်ရှိရာ ဌာနပိုင် ပုလဲကျွန်းတွင်

အောင်မြင်မှု ၅၀ ရာခိုင်နှုန်းကျော် ရရှိခဲ့ပါသည်။ ကုမ္ပဏီများအနေနှင့် ဆက်လက်စမ်းသပ်မွေးမြူဆောင်ရွက်ခဲ့ပါသည်။

သတ္တုတွင်းဝန်ကြီးဌာနသည် စီမံကိန်းလျာထားခြင်းနှင့်အညီ ဓာတ်သတ္တုများ တိုးတက်ရေးအတွက်လုပ်ငန်း သဘောတူစာချုပ်ချုပ်ဆိုရန် တင်ပြထားသော ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုခြင်း၊ ထုတ်လုပ်မှုအထောက်အကူပြုသော ယမ်းနှင့်ဆက်စပ်ပစ္စည်း လိုအပ်မှုရရှိရေး ဆောင်ရွက်ပေးခြင်း၊ သတ္တုများလေလွင့်မှုမရှိစေရေးနှင့် ဆင့်တက်ပြုပြင်ရေးအတွက် လုပ်ကွက်များသို့ အဖွဲ့ဖြင့် သွားရောက်စစ်ဆေးခြင်း၊ လျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် ကြပ်မတ်ခြင်းနှင့် နည်းပညာလိုအပ်ချက်များ ပံ့ပိုးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထိုအပြင် လုပ်ကွက်များ၏ကြံ့ခိုင်ရေး၊ ဆင့်တက်ပြုပြင်သော စက်ရုံများကြံ့ခိုင်ရေး၊ စက်ရုံအတွက်လိုအပ်သော သတ္တုရိုင်းများကို ကြိုတင်စုဆောင်းထားရှိရေး၊ ကြံ့ခိုင်ရေး ဆောင်ရွက်မည့် လုပ်ကွက်နှင့် စက်ရုံများအားပြုပြင်ရန် ရပ်နားခွင့်တင်ပြစေရေး၊ ထုတ်လုပ်ရေး ပြန်လည်စတင်နိုင်မည့်ကာလတွင် ရပ်နားကာလ၏ လျာထားချက်ပြည့်မီရန် ထပ်ဆောင်း ထုတ်လုပ်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။ Cornerstone Resources (Myanmar) Co.Ltd သည် သွပ်စင်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ခဲ့ပါသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာစျေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျောက်မျက်ရတနာအချောထည် လုပ်ငန်းပိုမို တိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ စက်မှုဇုန် အနောက်ဘက်တွင် ကျောက်မျက်ရတနာရောင်းဝယ်ရေးစင်တာ (မြစ်ကြီးနား) Gems and Jewellery Trade Center, Myintkyina ကို ဖွင့်လှစ်ခဲ့ပါသည်။

ကျောက်မျက်ရတနာ အချောထည်စျေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ အချောထည်များကို ထိုက်သင့်သောအခွန်ငွေ ကောက်ခံပြီး ပြည်ပနိုင်ငံများသို့ ကုန်းကြောင်း၊ လေကြောင်းတို့ဖြင့် လွယ်ကူစွာပို့ဆောင်နိုင်ရန်၊ ကျောက်မျက်အချောထည်များ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်တို့ကို စစ်ဆေးခြင်း၊ ချိန်တွယ်ခြင်းများ ဆောင်ရွက်ရန်အတွက် One Stop Services Center ရုံးနှင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ရုံးသစ်တို့ကို မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်ထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ (၆ - ၁၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်
စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)



ဇာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းဦးစီးရုံးများ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စီမံကိန်း ရည်မှန်းချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ခန္ဓီးရတနာနယ်မြေ ကျောက်စိမ်းထုတ်လုပ်မှု ယာယီရပ်နားထားရာမှ ပြန်လည်ထုတ်လုပ်လာခြင်း၊ ရွှေသတ္တု အသေးစားလုပ်ကွက်များမှ သက်တမ်းတိုးလုပ်ကိုင်ရန် လျှောက်ထားမှုများပြားခြင်းနှင့် လုပ်ကွက်သစ်များ လျှောက်ထားလုပ်ကိုင်မှုများပြားခြင်းတို့ကြောင့် ရွှေသတ္တုထုတ်လုပ်မှု တိုးမြင့်ခဲ့ပါသည်။ ကျောက်မီးသွေး ထုတ်လုပ်မှု တိုးမြင့်လာခြင်းနှင့် ဖယ်ရိုနီကယ်ထုတ်လုပ်မှုများ ဝယ်လိုအားကောင်း၍ စီးပွားဖြစ်ထုတ်လုပ်လာခြင်း တို့ကြောင့် ရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် ကျောက်မီးသွေးထုတ်လုပ်သည့် ကုမ္ပဏီသစ်များ တိုးလာခြင်း၊ ကြေးနီနှင့် ရောရာသတ္တုရိုင်းနှင့် ခရိုမီယမ်သတ္တုရိုင်းအမယ်သစ်များ ထုတ်လုပ်ခဲ့ပါသည်။

ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကျောက်အမျိုးမျိုးဖြစ်သော သဲ၊ ကျောက်စရစ်၊ လမ်းခင်းကျောက်နှင့် ဂဝံကျောက် ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

ကချင်ပြည်နယ်တွင် နယ်မြေအခြေအနေအရ အချိန်ကြာမြင့်စွာ ရပ်နားထားသော ကျောက်စိမ်းလုပ်ငန်းများ ၂၀၁၄ခုနှစ် စက်တင်ဘာလမှသာ ပြန်လည်ဆောင်ရွက်နိုင်ခြင်း၊ အသေးစားရွှေလုပ်ကွက်များမှ ရွှေသတ္တုထုတ်လုပ်မှု လျော့နည်းခြင်း၊ ခဲနှင့်ရောရာသတ္တုရိုင်းတွင် ရွှေစပါးကုမ္ပဏီမှ ထုတ်လုပ်မှုရပ်နားထားခြင်း၊ မြန်မာ့အထွဋ်အထိပ်ကုမ္ပဏီမှ ထုတ်လုပ်မှု လျော့နည်းခြင်း၊ ဆန်းလင်းကုမ္ပဏီမှ သွပ်နှင့်ရောရာသတ္တုရိုင်း ထုတ်လုပ်မှုများ လျော့နည်းခြင်း တို့ကြောင့် အကောင်အထည်ဖော်နိုင်မှုလျော့နည်းခဲ့ပါသည်။

တနသ်္ဍာရီတိုင်းဒေသကြီးတွင် STAR HIGH ASIA PACIFIC PTE. LTD ကုမ္ပဏီမှ မြိတ်ဒေသတွင် ပင်လယ်သဲထုတ်လုပ်မှုမရှိခြင်း၊ ကျောက်မီးသွေး ထုတ်လုပ်သည့် ကုမ္ပဏီအချို့ ထုတ်လုပ်မှုရပ်နားထားခြင်း၊ မြန်မာရူဘီကုမ္ပဏီမှ ဂေါဒန်ကျောက်ထုတ်လုပ်မှု လျော့နည်းခြင်း၊ အသေးစားရွှေလုပ်ကွက်များ ပြန်လည်အပ်နှံခြင်း၊ ပုလဲအားမာန်လုပ်ကွက်နှင့် သိန္ဓောသတ္တုတွင်းလုပ်ကွက်များ ရပ်နားထားခြင်းကြောင့် ခဲမဖြူသတ္တုစုစင် ဖြာရာခိုင်နှုန်း ထုတ်လုပ်မှုလျော့နည်းခြင်းတို့ကြောင့် ရည်မှန်းချက်အပေါ် ၆၂.၁ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်းမှ သံမဏိတုံး/သံမဏိပြား ထုတ်လုပ်မှု လျော့နည်းခြင်း၊ အကျဉ်းဦးစီးဌာနမှ ကျောက်မာထုတ်လုပ်မှု လျော့နည်းခြင်း၊ ခွန်ထိန်းကျောက်ထုတ်လုပ်ငန်းမှ ကျောက်မာထုတ်လုပ်မှုရပ်နားခြင်း၊ ခနောက်စိမ်းသတ္တုသန့်စင်ထုတ်လုပ်မှုလျော့နည်းခြင်း၊ ကြယ်အလင်းတန်းကုမ္ပဏီမှ သွပ်နှင့်ရောရာသတ္တုရိုင်းထုတ်လုပ်မှုလျော့နည်းခြင်း၊ ရမည်းသင်းအကြီးစား ရွှေသတ္တုထုတ်လုပ်မှု လျော့နည်းခြင်း၊ ဘရိုက်တီးကျောက်မှုန့် ထုတ်လုပ်မှုလျော့နည်းခြင်းတို့ကြောင့် ရည်မှန်းချက်အပေါ် ၇၂.၆ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ခဲမဖြူသတ္တုသန့်စင် ၉၉.၉ ရာခိုင်နှုန်း ထုတ်လုပ်သည့် စက်ရုံ၏ ကျိုချက်မှုလုပ်ငန်းများ ရပ်နားထားခြင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ သံမဏိတုံးထုတ်လုပ်မှု လျော့နည်းခြင်းတို့ကြောင့် ရည်မှန်းချက်အပေါ် ၇၂.၀ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ဇယား (၆ - ၂)

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ ရွေးချယ်ထားသော သတ္တုနှင့်တွင်းထွက်ပစ္စည်းများထုတ်လုပ်မှု

စဉ်	အမျိုးအမည်	ရေတွက်ပုံ	စီမံကိန်း ရည်မှန်းချက်	အကောင်အထည် ဖော်နိုင်မှု	အကောင်အထည် ဖော်နိုင်မှု%
၁	ရွှေ	ထရိုင် အောင်စ	၇၅,၁၀၁	၄၂,၃၅၆	၅၆.၄
၂	သံမဏိတုံး	မ/တန်	၉၄,၃၀၁	၂၇,၂၆၅	၂၈.၉
၃	ကျောက်စိမ်း	ကီလို(၀၀၀)	၂၅,၆၀၉	၁၆,၇၀၁	၆၅.၂
၄	ကျောက်မျက်	ကရက်(၀၀၀)	၁၃,၇၄၁	၁၅,၂၇၃	၁၁၁.၁
၅	ကျောက်မီးသွေး	တန်	၉၅၁,၈၄၂	၄၅၇,၄၈၅	၄၈.၁
၆	ဖယ်ရိုနီကယ်	မ/တန်	၂,၆၀၀	၉၀,၆၂၁	၃,၄၈၅.၄

ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်စီမံကိန်းဦးစီးရုံးများ

လျှပ်စစ်ဓာတ်အားကဏ္ဍ။ လျှပ်စစ်ဓာတ်အားကဏ္ဍ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါအတိုင်း မူဝါဒများချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူး ပေးနိုင်ရေးအတွက် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြား စွမ်းအင်အရင်းအမြစ်များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး ထိရောက် အကျိုးရှိစွာ အသုံးပြုနိုင်စေရန်အတွက် ဓာတ်အားစနစ်မှ ဓာတ်အား ပိုမိုတိုးချဲ့ ပို့လွှတ်ပေးရေး၊

(ခ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ခေတ်မီ နည်းစနစ်များနှင့်အညီ ဆောင်ရွက်၍ ဒေသအလိုက် ဖြန့်ဖြူးရေးလုပ်ငန်းများတွင် ပုဂ္ဂလိက ပိုင်းမှ ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်သွားရေး၊

(ဂ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ပို့လွှတ်ခြင်းလုပ်ငန်းများကို သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် သက်ရောက်မှု အနည်းဆုံး ဖြစ်စေရေး အတွက် EIA/ SIA သုံးသပ်မှုများ ပြုလုပ်ဆောင်ရွက်သွားရေး၊

(ဃ) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာပြီး၊ စီးပွားရေးအသွင် ဆောင်သော လျှပ်စစ်လုပ်ငန်းများဖြစ်လာစေရေးအတွက် ကော်ပိုရေးရှင်းများ၊

ဘုတ်အဖွဲ့များ၊ ကုမ္ပဏီများ၊ ဒေသန္တရအဖွဲ့အစည်းများဖြင့် ပြုပြင်ပြောင်းလဲဖွဲ့စည်းရေး၊

(c) လျှပ်စစ်ဥပဒေနှင့်နည်းဥပဒေများအား စီးပွားရေး ပွင့်လင်းလာသော ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရေး ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကြံဉာဏ်အကူအညီများဖြင့် ဆောင်ရွက်ရေး။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၁,၀၁၉,၈၉၄.၁) သန်းဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ ၁၁.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၆ - ၁၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၆- ၁၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ၊ ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည် မတ်လကုန်အထိတွင် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ်(၉၂၄,၉၅၉.၁) သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၁၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှုများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ခွဲများအပါအဝင် (၄၈၉) မြို့ နှင့် ကျေးရွာအလိုက်မီးလင်းမှုအနေဖြင့် (၃,၁၉၈) ရွာထပ်မံမီးလင်းခဲ့၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိတွင် (၂၈,၁၉၄)ရွာအထိ မီးလင်းရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံအတွင်း ကျေးရွာပေါင်း (၆၃,၈၉၇) ရွာရှိသည့်အတွက် ကျေးရွာအလိုက် မီးလင်းမှုအနေဖြင့်(၄၄.၁) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါစက်မှုဇုန်အတွက် သာကေတ သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝန်းတွင် ကိုရီးယားနိုင်ငံ BKB ကုမ္ပဏီမှ (၅၀၀)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်နှင့် မြို့၊ ရွာ၊ ရပ်ကွက်များတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာလုပ်ငန်းများကိုစီမံဆောင်ရွက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင်လည်း ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ဖြင့် မြင်းခြံဒေသ၊ ကျောက်ဆည်နှင့် ဘဲလင်းဒေသတို့တွင် IPP Developer တို့မှ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် International Tender ခေါ်ယူခြင်း၊ ကျောက်ဆည်သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံကို ၂၃-၄-၂၀၁၄ ရက်နေ့တွင် ဖွင့်လှစ်ခြင်း၊ အမေရိကန် ဒေါ်လာသန်း ၄၈၀ ဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ(၂)ရုံ (၁၅၀x၂မဂ္ဂါဝပ်)ကို မြင်းခြံခရိုင် နဘူးအိုင်နှင့် မိတ္ထီလာခရိုင် ဝမ်းတွင်းဒေသတို့တွင် အမေရိကန်နိုင်ငံ(ACO) ကုမ္ပဏီမှ ၂၀၁၆ ခုနှစ်တွင် ပြီးစီးရန် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်တွင် သန်မြန်သူ ပုဂ္ဂလိကမီးလင်းရေးလုပ်ငန်းမှ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၅၀) မဂ္ဂါဝပ် ၊ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ငန်းတေးဓာတ်အားပေးစက်ရုံဝန်းတွင် Myanmar Lighting Power ကုမ္ပဏီ(IPP)မှ (၂၃၀)မဂ္ဂါဝပ်၊ သထုံမြို့ရှိ သထုံဓာတ်အားပေးစက်ရုံဝန်းတွင် World Bank မှ ချေးငွေအမေရိကန်ဒေါ်လာ သန်း(၁၄၀)ဖြင့် (၁၁၆.၀) မဂ္ဂါဝပ် တည်ဆောက်ရန် စီစဉ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့အနီး သိမ်ဥကျေးရွာ၊ ဇင်းကျိုက်မြို့အနီး ကုလားမတောင်၊ တနင်္သာရီတိုင်း၊ မေတ္တာမြို့အနီး ကျောက်မဲတောင်တို့တွင် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်း စောင့်ကြည့်လေ့လာလျက်ရှိပါသည်။ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် အရန်ဓာတ်အားအပါအဝင် တပ်ဆင်စက်အင်အား (၂၃,၅၉၄) မဂ္ဂါဝပ်ထိ ဖြစ်ပေါ်

လာရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ(JICA)နှင့် ပူးပေါင်း၍ Electricity Master Plan ရေးဆွဲ ဆောင်ရွက်ခဲ့ပါသည်။

ရေအားလျှပ်စစ်စီမံကိန်းကြီးများတွင် နန်ချိုနှင့် ဖြူးချောင်းတို့ အသစ်ဖွင့်လှစ်ခဲ့ပြီး အထက်ပေါင်းလောင်း၊ ရွှေလီ(၃)၊ အထက်ရဲရွာ၊ ဟတ်ကြီး၊ မဏိပူရ်၊ သူဌေး၊ အထက်ကျိုင်းတောင်း၊ အလယ်ပေါင်းလောင်း၊ အထက်နမ့်ထွမ်နှင့် အထက်ဘီလူးချောင်းစီမံကိန်းများ ဆက်လက်တည်ဆောက်လျက်ရှိပါသည်။ ရွှေလီ(၂) စီမံကိန်းမှာ အကြိုတည်ဆောက်မှု၊ အထက်သံလွင်(မိုင်းတုံ)စီမံကိန်းမှာ စူးစမ်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၅၀၀ ကေဗွီမဟာဓာတ်အားလိုင်းစီမံကိန်း(၁)ခု သပြေဝ(မိတ္ထီလာ)-နေပြည်တော်-တောင်ငူ ကို ဆက်လက်တည်ဆောက်လျက်ရှိပါသည်။ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း စီမံကိန်း(၁၄)ခု အနက်(၆)ခု၊ ၆၆ ကေဗွီဓာတ်အားလိုင်းစီမံကိန်း (၃၀)ခုအနက် (၁၂)ခု၊ ၃၃ ကေဗွီဓာတ်အားလိုင်း စီမံကိန်း (၃)ခုအနက် (၂)ခုတို့ ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက် တည်ဆောက်လျက် ရှိပါသည်။

၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ စီမံကိန်း(၈)ခု အနက်(၄)ခု၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း(၃၆)ခု အနက်(၈)ခု၊ ၃၃ကေဗွီဓာတ်အားခွဲရုံ စီမံကိန်း (၆)ခုအနက် (၄)ခုတို့ ပြီးစီး၍ ကျန်အပိုင်းများနှင့် ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်း(၃)ခုတို့၏ ကျန်အပိုင်းများကို ဆက်လက်တည်ဆောက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ (၆ - ၁၈)လျှပ်စစ်ဓာတ်အားကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်စျေးနှုန်း)



ဇယားမှတ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ၊ ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် ယာယီစာရင်းတွင် ရည်မှန်းချက်၏ (၉၀.၇) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခြင်းမှာ နေပြည်တော်ကောင်စီနယ်မြေရှိ နန်ချိုနှင့် အထက်ပေါင်းလောင်း၊ ကချင်ပြည်နယ်ရှိ ချီဖွေငယ်၊ ပုဂ္ဂလိကပိုင် (B.O.T)ဖြင့် ဆောင်ရွက်သော ကယားပြည်နယ်ရှိ ဘီလူးချောင်း(၃)၊ ပဲခူးတိုင်းအရှေ့ပိုင်းရှိ ဖြူးချောင်းရေအားလျှပ်စစ်စက်ရုံအသစ်များလည်ပတ်နိုင်ခဲ့၍ နိုင်ငံပိုင်လျှပ်စစ်မီး ပိုမိုသုံးစွဲနိုင်ခဲ့ပါသည်။ ကျေးရွာများတွင် နိုင်ငံပိုင်ဓာတ်အားစနစ်မှ တိုးချဲ့ဓာတ်အားပေးနိုင်ခြင်း၊ ပုဂ္ဂလိကဒီဇယ်လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများမှ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခြင်း၊ ရခိုင်ပြည်နယ်တွင် ရွှေသဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လှော်ကား၊ ရွာမ၊ သာကေတ၊ အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝန်းတွင် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များ တိုးချဲ့တပ်ဆင်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းတို့ကြောင့် ရည်မှန်းချက်ကို ပြည့်မီနီးပါး အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ လျှပ်စစ်ဓာတ်အား အသုံးပြုမှုအခြေအနေကို ဇယားဖြင့်ဖော်ပြအပ်ပါသည်-

ဇယား (၆ - ၃) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်

မတ်လကုန်ထိလျှပ်စစ်ဓာတ်အားအသုံးပြုမှုအခြေအနေ

အမှတ်စဉ်		အကြောင်းအရာ	ရေတွက်ပုံ	အရေအတွက်		အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း
				စီမံကိန်းရည်မှန်းချက်	အကောင်အထည်ဖော်နိုင်မှု	
၁		၂	၃	၄	၅	၆
		စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား	**ကီလိုဝပ်နာရီ သန်း**	**၁၃,၂၀၉.၄**	**၁၅,၈၉၉.၄**	**၉၂.၄**
၁		**နိုင်ငံပိုင်**	**။**	**၁၁,၅၉၁.၉**	**၁၁,၁၉၃.၁**	**၉၆.၆**
	၁	စက်ရုံသုံး	။	၃,၆၉၉.၃	၂,၉၅၄.၀	၇၉.၉
	၂	အိမ်သုံး	။	၃,၁၇၈.၇	၄,၀၇၄.၇	၁၂၈.၂
	၃	ဆေးရုံ၊ရုံး၊ကျောင်းစသည်များ	။	၂,၃၀၁.၁	၁,၇၄၀.၈	၇၅.၇
	၄	အထွေထွေသုံး	။	၉၀.၄	၈၀.၆	၈၉.၂
	၅	ကုမ္ပဏီသို့ရောင်းချခြင်း	။	၂,၃၂၂.၄	၂,၃၄၃.၀	၁၀၀.၉
၂		**သမဝါယမပိုင်**	**။**	**၁.၃၆၈**	**၁.၀၃၈**	**၇၅.၉**
၃		**ပုဂ္ဂလိကပိုင်**	**။**	**၅,၆၁၆.၁**	**၄,၇၀၅.၃**	**၈၃.၈**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် နိုင်ငံပိုင်အခန်း၌ အကြီးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၅ ရုံ၊ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အားဓာတ်အားပေးစက်ရုံ ၉ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင်သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၈ ရုံ၊ အသေးစားရေနွေးငွေ့စက်ရုံ ၅ ရုံတို့၌ စုစုပေါင်း (၄,၇၈၉) မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ (၁၁,၁၉၃.၁) သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အားဖြန့်ဖြူးမှု အတွက် ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အားလိုင်း (၄,၆၂၂) မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် (၄၅,၆၂၁) မိုင်အထိ သွယ်တန်းနိုင်ခဲ့ပါသည်။

ဇယား (၆ - ၄)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ၏ မတ်လကုန်အထိ အကောင်အထည်ဖော်မှုအခြေအနေ

(ကျပ်သန်း)

အမှတ်စဉ်			လုပ်ငန်းစီမံကိန်းများ	နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု (စီမံကိန်း)	သုံးစွဲမှု (မတ်လကုန်)	သုံးစွဲမှု ရာခိုင်နှုန်း
၁			၂	၃	၄
၄			**လျှပ်စစ်စွမ်းအား**	၃၁၂,၃၅၅.၁၄၅	၃၂၄,၄၆၇.၇၉၆	၁၀၃.၉
	၁		**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**	၈၇,၉၃၄.၁၄၂	၉၉,၉၉၀.၆၂၅	၁၁၃.၇
		၁	ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း(၇)ခု	၈၇,၉၃၄.၁၄၂	၉၉,၉၉၀.၆၂၅	၁၁၃.၇
	၂		**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**	၂၂၄,၄၂၁.၀၀၃	၂၂၄,၄၇၇.၁၃၁	၁၀၀.၀
		၁	ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း(၅၅)ခု	၂၂၄,၄၂၁.၀၀၃	၂၂၄,၄၇၇.၁၃၁	၁၀၀.၀

စက်မှုလက်မှုကဏ္ဍ။ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းနိုင်ရန်အတွက် စက်မှုလက်မှုကဏ္ဍသည် ဖော်ပြပါ မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်တန်ဖိုးမြှင့် ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး၊

(ခ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများကို ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်ရန်ဆောင်ရွက်ရေး၊

(ဂ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး နည်းပညာအတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး၊

(ဃ) ပြည်တွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြု၍ တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး။

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသော မူဝါဒများအရ အကောင်အထည်ဖော်နေသည့်အပြင် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များတည်ထောင်၍ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဇုန် (၁၉)ဇုန် တွင် အကြီးစား (၂,၉၂၁) ခု၊ အလတ်စား (၂,၅၅၀) ခု၊ အသေးစား (၃,၅၆၃) ခု၊ စုစုပေါင်း လုပ်ငန်း (၉,၀၃၄) ခု မှတ်ပုံတင် ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းရန် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁၃,၅၄၂,၅၂၈.၉ သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ ၉.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၆ - ၁၉) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၆ -၂၀)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊

စက်မှုလက်မှုကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁၃,၀၄၃,၇၀၇.၇ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၆.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၉.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ (၆- ၂၁) စက်မှုလက်မှုကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး / ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများ ၊

အစီရင်ခံသည့်ကာလအတွင်း ကချင်ပြည်နယ်တွင် စက်ယက္ကန်းလုပ်ငန်းနှင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ တွင်ကျယ်စွာထုတ်လုပ်နိုင်ခဲ့ပါသည်။ ကရင်ပြည်နယ် ဘားအံစက်မှုဇုန်တွင် မြဋ္ဌေးကြွယ်လင်းကုမ္ပဏီ၏သစ်အချောထည်စက်ရုံ၊ ဟံသာကြယ် ပလပ်စတစ် စက်ရုံတို့၏ ထုတ်လုပ်မှုများစတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စစ်ကိုင်းစက်မှုဇုန်တွင် ကောင်းမြတ်ကုမ္ပဏီ၊ တံခွန်သစ်အခြေခံကုမ္ပဏီ၊ တာမိုးညဲချမ်းသာသစ်အခြေခံစက်မှုလုပ်ငန်းကုမ္ပဏီတို့မှ သစ်ခွဲသားအမျိုးမျိုးနှင့် သစ်အခြေခံတန်ဖိုးမြှင့်ပစ္စည်းထုတ်လုပ်မှု၊ ဟုန်ပန်းအီလက်ထရောနစ် အင်ဒတ်စ်ထရီကုမ္ပဏီ၏ လျှပ်စစ်ဝါယာကြိုးအမျိုးအမျိုးထုတ်လုပ်မှု၊ ဟုန်ပန်းချည်မျှင် နှင့် အထည်ကုမ္ပဏီ၏ချည်မျှင်နှင့် ချည်ပိတ်ထုတ်လုပ်မှု၊ စွမ်းတာကုမ္ပဏီ၏ ချည်မျှင်ထုတ်လုပ်မှု၊ ကလေးစက်မှုဇုန်တွင် သွပ်ပြားထုတ်လုပ်မှု၊ မုံရွာစက်မှုဇုန်တွင် တင်ဝင်းထွန်းကုမ္ပဏီမှ သစ်ပါးလွှာ

အမျိုးမျိုးနှင့် သစ်အခြေခံကုန်ချောထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ယခင်နှစ်ကရုပ်ဆိုင်းထားခဲ့သော ငါး၊ ပုစွန်၊ အအေးခန်းနှင့် ငါးအသားလွှာ၊ ပုစွန်ခြောက်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာခဲ့ပါသည်။ ပဲခူးစက်မှုနယ်မြေတွင် Bago Sport Glove ဂေါက်လက်အိတ်စက်ရုံ၊ ဝင်းမေယယ် နှင့် Sun Star အထည်ချုပ် စက်ရုံ၊ Hung Kiu အထည်ချုပ်စက်ရုံ၏ Ward A အပြင် B , C တို့ပါစတင်လည်ပတ်လာခြင်း၊ KM Healthcare Co-Ltd ပိုင်စက်ရုံမှ(ဆေးရုံသုံး ခွဲစိတ်ခန်းသုံးဝတ်ရုံ၊ ခြုံလွှာဝတ်စုံ) ၊ Delta AIG ကားကူရှင် အစွပ်စက်ရုံ၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တွင် Jmks အထည်ချုပ်စက်ရုံ၊ ဝါးတူစက်ရုံများ၏ ထုတ်လုပ်မှုများ စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ဓူဝံစတီးတိုင်ကီလုပ်ငန်း၊ ဒိုင်းမွန်းလျှပ်စစ်မီတာ ဘောက်(စ်) လုပ်ငန်း၊ စိန်ရွှေမြ ကုမ္ပဏီလီမိတက်၏ တိရစ္ဆာန်အစာကြိတ်လုပ်ငန်း၊ ရွှေပင်သာကုမ္ပဏီလီမိတက်၏ ကြေးနီနှင့်ရောရာ သတ္တုဆင့်တက်သန့်စင်စက်ရုံနှင့် သံတော်မြတ် ဘိလပ်မြေစက်ရုံတို့ကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် နဂါးဘိလပ်မြေစက်ရုံ (တီကျစ်) မှ တစ်ရက်လျှင် ကလင်ကာတန် (၃၀၀) ကျ လိုင်းသစ် ထပ်မံတိုးချဲ့၍ တစ်နေ့ ဘိလပ်မြေတန် (၆၀၀) ထိထုတ်လုပ်နိုင်ခြင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ဆင်းရွှေလီသကြားစက်၊ Crown ဘိလပ်မြေစက်ရုံ၊ မူဆယ်မြို့နယ်တွင် နန့်အွန်သကြားစက်၊ ကိုးကန့်ယုံဖန်းနှင့် မူဆယ်ကိုးကန့် စီးကရက်စက်ရုံများ ထုတ်လုပ်မှုတိုးလာခြင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ဓုန်မှ Delta Industrial Group Co-Ltd ၊ Hakers Enterprise (Myanmar) Co-Ltd ၊ Donglong အထည်ချုပ်စက်ရုံ၏ ထုတ်လုပ်မှုများတိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေရရှိရေး ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ မတ်လကုန်အထိ SMIDB ဘဏ် မှ လုပ်ငန်းရှင် (၂၅၅) ဦးကို ချေးငွေထုတ်ချေးရန် အတည်ပြုချက် ရရှိခဲ့ပါသည်။ ယင်းတို့အနက် လုပ်ငန်းရှင် (၂၃၉) ဦးကို ချေးငွေလျာထားချက်၏ ၃၅.၁၁ ရာခိုင်နှုန်း (ကျပ် ၇,၀၂၁သန်း) ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ ဒေသအလိုက် ယက္ကန်းလုပ်ငန်း၊ သစ်သီးဝလံအခြေခံစားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်း၊ ရိုးရာဂျပ်ခုတ်လုပ်ငန်း၊ မြန်မာ့ရိုးရာယွန်းထည် လက်မှုလုပ်ငန်းများအတွက် အတတ်ပညာ၊ နည်းပညာရရှိရေး၊ စွမ်းအင်ကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေး၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ ရှိစေရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့ပြင် (Cluster) အစီအစဉ်ဖြင့် ချည်မျှင်နှင့်အထည်လုပ်ငန်းများအတွက် မိတ္ထီလာမြို့နှင့် ဝမ်းတွင်းမြို့ တို့တွင် (UNIDO) မှ ဦးစီး၍ အီတလီနိုင်ငံ၏ထောက်ပံ့ငွေဖြင့် ဆောင်ရွက်

လျက်ရှိပါသည်၊ ဒေသအစိုးရအစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧရယာပဒေသာ ဖောင်ဒေးရှင်း နှင့် သီဟထွန်းကုမ္ပဏီတို့မှ ၂၀၁၅ ခုနှစ်၊ မတ်လကုန်အထိ ချေးငွေကျပ် (၁၄၀.၂) သန်းကို ပံ့ပိုးကူညီခဲ့၍ အိမ်တွင်းစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပါသည်။

စက်မှုကဏ္ဍတွင် ပဂ္ဂလိက၏အခန်းကဏ္ဍ တိုးတက်လာရေးနှင့် နိုင်ငံပိုင်စက်ရုံများအတွက် ကျခံသုံးစွဲနေရသော စီမံခန့်ခွဲမှုအသုံးစရိတ်များ လျော့နည်းရေးအတွက် အချို့သော ပင်မစက်ရုံကြီးများနှင့် စက်ရုံခွဲများကို ပဂ္ဂလိကသို့ နှစ်တို/နှစ်ရှည် ငှားရမ်းခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ တာယာစက်ရုံ၊ ဘိလပ်မြေနှင့်ကျောက်ပြားစက်ရုံ၊ ပန်းကန်နှင့်ကြွေပြားစက်ရုံ၊ အထည်စက်ရုံ၊ ဆပ်ပြာစက်ရုံ၊ စက်ဘီးစက်ရုံ၊ အပ်ချုပ်စက်ရုံ၊ စက္ကူစက်ရုံ၊ အိမ်သုံးပစ္စည်းစက်ရုံအပါအဝင် ပင်မစက်ရုံ နှင့် စက်ရုံခွဲ (၅၉) ရုံကို ပဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်ခဲ့ပါသည်။

ပြည်ပချေးငွေ၊ နိုင်ငံပိုင် နိုင်ငံခြားငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။

(က) **ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်း။** တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ၏ချေးငွေဒေါ်လာ (၁၉.၉၉၈) သန်း၊ နိုင်ငံပိုင် နိုင်ငံခြားငွေ ဒေါ်လာ (၂.၂၂၂) သန်း၊ စုစုပေါင်းဒေါ်လာ (၂၂.၂၂) သန်းနှင့် China National Heavy Duty Truck Group Co., Ltd. (CNHTC) ဖြင့် (၁.၃.၂၀၁၁) ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ စက်ပစ္စည်း အားလုံး တပ်ဆင်မှုများ ဆောင်ရွက်ပြီးဖြစ်၍ စာချုပ်တန်ဖိုး၏ ၉၂.၄၅ ရာခိုင်နှုန်း ပေးချေပြီးဖြစ်ပါသည်။

(ခ) **ကုန်တင်ယာဉ်ဝင်ရိုးထုတ်လုပ်မှုစီမံကိန်း။** တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank (CDB) ချေးငွေ Euro (၅၂.၂၇၂) သန်း ဖြင့် CATIC Beijing Co., Ltd. နှင့် (၂၅.၆.၂၀၁၂) ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ စက်ပစ္စည်းများတပ်ဆင်ပြီးဖြစ်၍ စာချုပ်တန်ဖိုး၏ ၉၈.၁၉ ရာခိုင်နှုန်း ငွေပေးချေပြီးဖြစ်ပါသည်။

(ဂ) **မော်တော်ယာဉ် မိုလ်နှင့်ဒိုင် ထုတ်လုပ်မှု စီမံကိန်း။** တရုတ်ပြည်သူ့သမ္မတနိုင်ငံ CDB ချေးငွေ Euro (၃၁.၂၂၆) သန်းနှင့် CATIC Beijing Co., Ltd. ဖြင့် (၂၅.၆.၂၀၁၂) ရက်နေ့တွင် စာချုပ်ချုပ်ဆိုပြီး စက်ပစ္စည်းများ တပ်ဆင် စမ်းသပ် လည်ပတ်ပြီးဖြစ်၍ စာချုပ်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ပေးချေပြီး ဖြစ်ပါသည်။

(ဃ) **အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်း။** အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းကို နိုင်ငံပိုင် နိုင်ငံခြားငွေ ယူရို (၁၂၈.၅) သန်းဖြင့် Danieli & C.S.P. A Co., Ltd. နှင့် ၂၀-၁၁-၂၀၀၄ ရက်နေ့ တွင်လည်းကောင်း၊ Phase 2 ကို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ CDB ချေးငွေ ယူရို (၅၃၄.၈၃)သန်း ၊ နိုင်ငံတော်မှ စိုက်ထုတ်ငွေ ယူရို(၃၅.၁၇) သန်း၊ စုစုပေါင်းယူရို (၅၇၀) သန်းနှင့် Danieli India Ltd., နှင့်(၁၄-၇-၂၀၁၀) ရက်နေ့တွင်လည်းကောင်း၊ Phase 2A အား CDB ချေးငွေ ယူရို (၄၅) သန်းဖြင့် Danieli India Ltd. နှင့် ၁၄-၆-၂၀၁၁ နေ့တွင်လည်းကောင်း ၊ စီမံကိန်း Phase 3 အား CDB ချေးငွေယူရို (၅၀၂) သန်းဖြင့် ၁၄-၆-၂၀၁၁ ရက်နေ့တွင် Danieli Changshu Ltd. နှင့်လည်းကောင်း စာချုပ်ချုပ်ဆို၍ ဆောင်ရွက်လျက်ရှိပါသည်။ တိုးချဲ့စီမံကိန်းများအတွက် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ Phase 2 ၊ 2A နှင့် Phase 3 တို့၏ စက်ပစ္စည်းများကို သဘော်ာ တင်ပို့လျက်ရှိရာ Phase 2 အတွက် ၉၇.၄၁ ရာခိုင်နှုန်း ၊ Phase 2A အတွက် ၈၅.၅၉ ရာခိုင်နှုန်း နှင့် Phase 3 အတွက် ၉၅.၄၅ ရာခိုင်နှုန်း ရောက်ရှိပြီး ဖြစ်ပါသည်။ ငွေပေးချေမှုမှာ Phase 2 အတွက် စာချုပ်တန်ဖိုး၏ ၉၅ ရာခိုင်နှုန်း ၊ Phase 2A အတွက် ၉၀ ရာခိုင်နှုန်း နှင့် Phase 3 အတွက် ၉၀ ရာခိုင်နှုန်း ပေးချေပြီး ဖြစ်ပါသည်။

(ငး) **အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း။** အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယူရို (၁၃၇.၅) သန်းဖြင့် ရုရှားနိုင်ငံ Tyazhpromexport (TPE) ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို အကောင်အထည်ဖော်ခဲ့ပါသည်။စက်ပစ္စည်းတပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စာချုပ်တန်ဖိုး၏ (၉၁.၅) ရာခိုင်နှုန်း ကို ပေးချေပြီး ဖြစ်ပါသည်။

(စ) **တစ်နေ့တန်(၆၀)ကျသတင်းစာစက္ကူစီမံကိန်း(သာပေါင်း)။** နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန် ဒေါ်လာ(၃၆.၅) သန်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Machinery Import & Export Corporation (Tianjin) နှင့် (၁၂.၁၂.၂၀၀၁) ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ စက်ပစ္စည်းများ (၁၀၀) ရာခိုင်နှုန်း ရောက်ရှိပြီး စာချုပ် တန်ဖိုး၏ ၆၁.၉၅ ရာခိုင်နှုန်း ငွေပေးချေပြီးဖြစ်ပါသည်။

(ဆ) **ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ လွှဲပြောင်းရယူထားသော မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် တည်ဆောက်မည့် ကော့စတစ်ဆိုဒါ စက်ရုံစီမံကိန်းအတွက် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် China North Industries Corporation (NORINCO) တို့သည် (၃၁.၃.၂၀၁၄) ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ စာချုပ်တန်ဖိုးမှာ ယွမ်သန်း (၆၉၀) ဖြစ်ပြီး၊ EXIM Bank of China မှ ချေးငွေဖြင့် ဆောင်ရွက်ပါသည်။ NORINCO မှ ပေးပို့သော စီမံကိန်းဖြစ်နိုင်စွမ်း လေ့လာဆန်းစစ်ချက် (Feasibility

Study Report) အပေါ် စက်မှုဝန်ကြီးဌာန၏ အတည်ပြုချက် (Approval letter) ကို EXIM Bank of China သို့ပေးပို့ထားပြီးဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အစီရင်ခံစာ EIA Report Version(1) အပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပြင်ဆင်ဖြည့်စွက်စေလိုသည့် သဘောထားမှတ်ချက် (၁၁)ချက်အနက် (၁၀) ချက်အား ARTELIA (France) မှ ပြင်ဆင်ပေးပို့လာပြီဖြစ်၍ ကြိုတင်အတည်ပြုချက် ရရှိပြီးဖြစ်ပါသည်။ လူမှုဘဝဆန်းစစ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ Field Survey ဆောင်ရွက်ပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်း(၁၀)မျိုးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများ၊ 66KV မာတ်အားလိုင်း သွယ်တန်းခြင်း၊ Sub-Station တည်ဆောက်ခြင်း လုပ်ငန်းများနှင့်စက်ရုံသုံးအတွက်မြစ်ရေတင်လုပ်ငန်းများကိုစတင်ဆောင်ရွက်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် စီမံကိန်း ရည်မှန်းချက်၏ ၈၅ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ချင်းပြည်နယ်အနေဖြင့် ၇၀ ရာခိုင်နှုန်းကျော်သာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် အပြည့်အဝ အကောင်အထည်ဖော်နိုင်မှုမရှိခြင်းမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ကုန်စည်များ ပြောင်းလဲထုတ်လုပ်ရန် စီစဉ်နေခြင်း၊ နိုင်ငံပိုင်စက်ရုံများသည် အမှာစာရရှိမှု အပေါ်တွင်သာ ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်တွင် ထုတ်လုပ်ရန် ရည်မှန်းထားသော်လည်း ဖေါ်ပြပါ အချက်များ ကြောင့် ထုပ်လုပ်မှု လျော့နည်းခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

- ကချင်ပြည်နယ်တွင် အသေးစားနှင့် အလတ်စား စိုက်ပျိုးရေးအခြေခံ သစ်သီးဝလံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိခြင်း၊
- ကရင်ပြည်နယ်တွင် စိန်နှင့်သောင်း၊ 5 Speed ကုမ္ပဏီတို့၏ အထည်ချုပ် စက်ရုံများ၊ ဦးဆန်နီသိန်း ခါတ်သတ္တုပစ္စည်း ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းတို့သည် စက်ရုံတည်ဆောက်ဆဲ ဖြစ်၍ ထုတ်လုပ်မှု စတင်နိုင်မှုမရှိခြင်း ၊
- ပဲခူးတိုင်းဒေသကြီးတွင် New Hope အစာစပ်စက်ရုံ၊ Nike ရှူးဖိနပ်စက်ရုံ တို့သည် စက်ရုံတည်ဆောက်ပြီးစီး၍ စမ်းသပ်လည်ပတ်မှုသာရှိခဲ့ပြီး ထုတ်လုပ်မှု ဆောင်ရွက်နိုင်မှု မရှိခြင်း၊

- မွန်ပြည်နယ်၊ မော်လမြိုင်စက်မှုဇုန်တွင် EFR ခရမ့်ရော်ဘာစက်ရုံမှ အဆင့်မြင့် ရော်ဘာများ ထုတ်လုပ်ရန် လျာထားသော်လည်း ထုတ်လုပ်နိုင်မှုမရှိခြင်း၊
- ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့် ပေါင်းဆန်စက်များ တည်ဆောက် ပြီးစီးခဲ့သော်လည်း ပြည်တွင်းဈေးကွက် ကျဉ်းမြောင်းခြင်းနှင့် ပြည်ပသို့ တင်ပို့နိုင်မှု နည်းပါးခြင်း။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဖော်ပြပါမူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ နိုင်ငံအတွင်းရှိ လမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊

(ခ) မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံတကာဆက်သွယ်မှု လမ်းကြောင်းများရှိ ၂၀၃၀ ခုနှစ် နှစ်ရှည်စီမံကိန်း ပြီးဆုံးချိန်တွင် တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ ၅၀၀၁ အထက် ကျော်သည့် လမ်းများအား ၇၂ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ ၂၀၀၁ မှ ၅၀၀၀ အတွင်းရှိ လမ်းများအား ၄၈ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ ၅၀၁ မှ ၂၀၀၀ အတွင်းရှိ လမ်းများအား ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ ၅၁ မှ ၅၀၀ အတွင်းရှိ လမ်းများအား ၁၈ ပေ အကျယ် ကတ္တရာလမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ ၅၀ အောက် လျော့နည်းသည့် လမ်းများအား ၁၂ ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရေး၊

(ဂ) လမ်းမကြီးများကို အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်း အကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်းတံတားများအဖြစ် တည်ဆောက်ရေးနှင့် လမ်းအဆင့်များကို တိုးတက်အောင် ရည်မှန်းချက်ထား ဆောင်ရွက်မည်ဖြစ်၍ နှစ်စဉ် ၂ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်ရေး၊

(ဃ) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ငန်းဆောင်ရွက်မှုနှင့် ပစ္စည်းဝယ်ယူမှုများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန်နှင့် အဂတိလိုက်စားမှု ကင်းရှင်းစေရန် ပညာပေးမှု၊ အရေးယူမှုများကို အလေးထား ဆောင်ရွက်ရေး၊

(င) ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အင်ဂျင်နီယာများသည် ကမ္ဘာ့အဆင့်မီ နည်းပညာများ တတ်ကျွမ်းစေရန် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ပြည်တွင်း၊ ပြည်ပပညာသင်ကြားရေး အစီအစဉ်များဖြင့်

အရည်အသွေးမြှင့်တင်ရန်နှင့် သတင်းအချက်အလက်နှင့် နည်းပညာရပ်များဖြင့် ဆက်စပ်ဆောင်ရွက်နိုင်ရေး၊

(စ) ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်အရ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်း (ဘီအိုတီ) စနစ်ဖြင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် နည်ပညာပိုင်းပံ့ပိုးခြင်း၊ အတတ်ပညာပိုင်း အကူအညီပေးခြင်း၊ ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ပေးသွားရေး၊

(ဆ) နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပြည်တွင်းတွင် လမ်း/တံတားစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်ချေးငွေများဖြင့် လမ်း/တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့၊ ချေးငွေများ ရရှိအောင် ဆောင်ရွက်ရေး၊

(ဇ) ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး ရည်မှန်းချက်ကို အထောက်အကူပြုစေရန်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာနိုင်ရန် လမ်း/တံတားများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရေး၊

(ဈ) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်း ဖြစ်စေမည့် နိုင်ငံတစ်ဝန်းမြို့ပြဖွံ့ဖြိုးရေးမူဝါဒနှင့် မဟာဗျူဟာများချမှတ်ဆောင်ရွက်ရေး၊

(ည) နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပြည်သူတို့၏ အိမ်ရာလိုအပ်ချက်များပေါ်တွင် အခြေခံပြီး အိမ်ရာကဏ္ဍဆိုင်ရာ မူဝါဒနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးနည်းဗျူဟာများ ချမှတ်၍ ရန်ကုန်မြို့နှင့် မြို့ကြီးများတွင် အိမ်ရာစီမံကိန်းများ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ဋ) ဟန်ချက်ညီသော မြို့ပြကွန်ယက်စနစ် ပေါ်ပေါက်နိုင်ရန်နှင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ဥပဒေနှင့် ဌာနဖွဲ့စည်းပုံများ ပြဋ္ဌာန်းဆောင်ရွက်ရေး၊

(ဌ) လမ်းကွန်ယက်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စည်ပင်ဖွံ့ဖြိုးလာနိုင်သည့် မြို့ကြီးများကို ဖော်ထုတ်၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ပေးရေး၊

(ဍ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ဆောင်ရွက်ရေး၊

(ဃ) မြို့ပြနှင့်အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး အတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ ခေတ်မီနည်းပညာများ၊ ကျွမ်းကျင်သူများ အကူအညီဖြင့် ဆောင်ရွက်ရေး။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ **စုစုပေါင်းဆောက်လုပ်မှုတန်ဖိုး**ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃,၄၈၀,၆၁၈.၀ သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ ၁၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၆ - ၂၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၆ - ၂၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၃,၇၇၇,၀၉၁.၂ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၀၈.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၁၅.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဖော်ပြပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လမ်းမိုင်ပေါင်း ၂၇၇ မိုင် တိုးတက် ဖောက်လုပ်နိုင်ခဲ့၍ စုစုပေါင်း လမ်းမိုင်ပေါင်း ၂၅,၂၁၁-၆ မိုင် ဖောက်လုပ်ခဲ့ပြီး ဖြစ်ပါသည်၊

(ခ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ပေ ၁၈၀ အထက် တံတားများမှာ ကချင်ပြည်နယ်တွင် မိုးစစ်ချောင်းတံတား၊ ကယားပြည်နယ်တွင် ပွန်ချောင်းတံတား(ဘောလခဲ)၊ သီရိမင်္ဂလာ(လွိုင်ကော်)တံတား၊ သံလွင်တံတား (ဖားဆောင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မူးမြစ်ကူးတံတား(ပင်လည်ဘူး)၊ ဝါးရဲချောင်းတံတား၊ ရေနံချောင်းတံတား၊ ပဲခူးတိုင်းဒေသကြီးတွင် ထန်းပင်ကုန်း တံတား၊ မကွေးတိုင်းဒေသကြီးတွင် အမှတ်(၂) ပေါက်(ရေပြာ) တံတား၊ ရခိုင် ပြည်နယ်တွင် ဆင်ခုံတိုင်တံတား၊ စွန်ရဲတံတား၊ ဆမီးကြိုးတံတား၊ ရန်ကုန်တိုင်း ဒေသကြီးတွင် ဘုရင့်နောင်တံတား အမှတ်(၂)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဘိုကလေးတံတား၊ ဟိုင်းကြီးကျွန်းတံတားတို့ ဖြစ်ပါသည်၊

(ဂ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)တွင် ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းနှင့် လှိုင်သာယာမြို့နယ်တွင် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂)တို့ကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်၊

(ဃ) သက်တမ်းလွန် ပြည်သူ့အိမ်ရာများအနက် ရန်ကုန်တိုင်းဒေသကြီးတွင် ဗိုလ်တထောင်မြို့နယ် (၅၁)လမ်းအိမ်ရာစခန်း၊ ဗဟန်းမြို့နယ် လင့်လမ်း (ရွှေဂုံတိုင်) အိမ်ရာစခန်းနှင့် မန္တလေးတိုင်းဒေသကြီး စိတ္တရမဟီအိမ်ရာစခန်းတို့ကို ခေတ်မီဖွံ့ဖြိုးရေးအိမ်ရာအဖြစ် ပြန်လည်ဆောက်လုပ်ရန် ဆောင်ရွက်လျက် ရှိပါသည်၊

(င) "ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်"အနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနကဆောက်လုပ်ခဲ့သောရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း တိုက်ခန်း ဝယ်ယူခွင့်ရရှိသူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ ဝယ်ငှား (Hire Purchase) စနစ်ဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ရောင်းချ ပေးလျက်ရှိပါသည်၊

(စ) ၂၀၁၂ ခုနှစ် မှ ၂၀၁၅ ခုနှစ်အတွင်း လူမှုရေး၊ စီးပွားရေး အချက်အချာကျသည့် မြို့ပေါင်း(၅၆)မြို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန် စီမံထားသည့်အနက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၃၄)မြို့ ကို ဆောင်ရွက်ပြီးဖြစ်ပါသည်။ (၂) မြို့ကို ဆောင်ရွက်ဆဲဖြစ်ပြီး ကျန်ရှိသည့် မြို့ပေါင်း (၂၀) အနက်-

(၁) စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း အတွက် ကွင်းဆင်းတိုင်းတာခြင်း၊

(၂) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ကော့သောင်းမြို့ မြို့ပြစီမံကိန်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တန်ဖိုး နည်းအိမ်ရာစီမံကိန်း အဆောက်အဦပန္နက်ရိုက်ခြင်း၊ လမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေနံချောင်းမြို့၊ ချောက်မြို့ မြို့ပြစီမံကိန်း ဆောင်ရွက်ခြင်း၊

(၃) မန္တလေးတိုင်းဒေသကြီးတွင် မန္တလေး၊ မုံရွာ၊ မြင်းခြံ၊ မိတ္ထီလာမြို့တို့၏ စက်မှုဇုန်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိုးကုတ်မြို့၊ ပြင်ဦးလွင်မြို့၊ ပုဂံညောင်ဦးမြို့နှင့် ပုသိမ်ကြီးမြို့တို့၏ မြို့ပြစီမံကိန်းများ ဆောင်ရွက်ခြင်း၊

(၄) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၊ ပုဏ္ဏားကျွန်းမြို့၊ စစ်တွေမြို့၊ မြောက်ဦးမြို့၊ သံတွဲမြို့ စသည့်မြို့များ၏ မြို့ပြစီမံကိန်းများ ဆောင်ရွက်ခြင်း၊

(၅) ရန်ကုန်တိုင်းဒေသကြီးတွင် တွံတေးမြို့ Town Plan ရေးဆွဲခြင်း၊

(၆) ရှမ်းပြည်နယ်တွင် တောင်ကြီးမြို့၊ ကလောမြို့တို့တွင် မြို့ပြစီမံကိန်း ဆောင်ရွက်ခြင်း၊ မောက်မယ်မြို့၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့၊ မူဆယ် မြို့တို့ကိုမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရန်ကွင်းဆင်းတိုင်းတာခြင်း၊

(၇) ဧရာဝတီတိုင်းဒေသကြီးတွင် ဟင်္သာတ မြို့ပြစီမံကိန်း ဆောင်ရွက်ခြင်း၊ ပုသိမ်မြို့၊ ပြည်တော်သာအိမ်ရာစခန်း မြေနေရာအဆောက်အဦ ပန္နက် ရိုက်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

(ဆ) စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးလျက်ရှိပြီး ဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်၊

(ဇ) နိုင်ငံတစ်ဝန်း မြို့ပြလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် United Nations Human Settlements Program (UN-Habitat)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ KOICA (Korea)၊ ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Tourism and Transport (MLIT) ၊ JICA စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်၊

(ဈ) ထို့အပြင် ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဆောင်ရွက်လျက် ရှိပါသည်-

(၁) ကချင်ပြည်နယ်တွင် ရေဝိရေလွှဆည်၊

(၂) ကယားပြည်နယ်တွင် မယ်စဲ့စီးပွားရေးဘဏ်၊ စာကြည့်တိုက်များ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများ၊

(၃) ကရင်ပြည်နယ်တွင် ဝန်ထမ်းအိမ်ရာများ၊ ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျန်းမာရေးဌာနခွဲများ တိုးချဲ့ခြင်း၊

(၄) ချင်းပြည်နယ်တွင် ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ စာကြည့်တိုက်များ၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ရာဇဂြိုလ်ဆည်၊ မဏိပူရဆည်၊ ပေါင်းနက်ရေလွှဆည်၊ ကုန်းကြီးရေလွှဆည်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ရုပ်သံထပ်ဆင့်လွှင့်စက် တပ်ဆင်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေး အဆောက်အဦများ၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် တယ်လီနော၊ အော်ရီဒူးတာဝါတိုင်များ၊ ဘော်ဒါဆောင်နှင့် စက်သုံးဆီအရောင်းဆိုင်များ၊

(၈) မကွေးတိုင်းဒေသကြီးတွင် အမှတ်(၃၁) သရက်ဘိလပ်မြေစက်ရုံ ပြုပြင်မွမ်းမံခြင်း၊ မြို့ငှ Auto Mobile Mold & Die Manufacturing စက်ရုံ ပြုပြင်ခြင်း၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာစီမံကိန်း၊ ဆီမီးခုံဆိပ်ကမ်းနှင့် ဆိပ်ကမ်းပတ်လမ်း၊ မြို့သာစက်မှုဥယျာဉ်၊ ထီးတော်မိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊

(၁၀) မွန်ပြည်နယ်တွင် ဆင်ရွာပဒုမ္မာတန်ဖိုးမြှင့်ရာဘာစက်ရုံ၊ ကမ္ဘာ့ရတနာဘဏ်၊ ထောင်ဖုစာကြည့်တိုက်၊ ကျုံကဒတ်ဆေးရုံ၊ သဲချောင်း တိုက်နယ်ဆေးရုံ၊ ချောင်းနှစ်ခွတိုက်နယ်ဆေးရုံ၊ ကျိုက်ထိုမြို့နယ်တွင် တည်းခိုဆောင်များ၊

(၁၁) ရခိုင်ပြည်နယ်တွင် စစ်တွေမြို့ မန်မိုရီဟိုတယ်၊ ကျောက်ဖြူမြို့ ဗာရာဏသီဟိုတယ်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် မြေနီကုန်းခုံးကျော်တံတား၊ ကမ္ဘာအေး လူကူးခုံးကျော်တံတား၊ ပန်းဆိုးတန်းလူကူးခုံးကျော်တံတား၊ အောင်ဆန်းသူရိယ

လှသောင်းကျောင်းရှေ့ ခုံးကျော်တံတား၊ နယ်စပ်ရေးရာဌာန သိုလှောင်ရုံ၊ ဆေးတက္ကသိုလ်(၂)အကြီးစားပြုပြင်ခြင်း၊ ကူးစက်ဆေးရုံ၊ စိတ်ကျန်းမာရေးဆေးရုံ၊ SHANGALA ဟိုတယ်၊ မိုးကုတ်အင်းဟိုတယ်၊ ဗိုလ်ဗိုလ်မင်းဟိုတယ်၊ ဂရင်းမီးရထားဟိုတယ်၊ FMI ဟိုတယ်၊ ဗီယက်နမ်ဟိုတယ်၊ ကွန်တိန်နာရုပ်နားစခန်း၊ Crown Roffing (Space) အိမ်ရာစီမံကိန်း၊ ရွှေမိုးကောင်းကွန်ဒို၊ ရန်ရှင်းကွန်ဒိုမီနီယံ၊ Golden City Sedona ၊ Myint & Associate Business Tower ၊ 555 Merchant Business Center ၊ ကုန်သွယ်လယ်ယာရုံးဟောင်း Business Tower၊ Center Point Business Tower ၊ တိုယိုတာ ဂျပန်ကားကုမ္ပဏီမှ မော်တော်ကား အလုပ်ရုံနှင့် ပိုကာအချိုရည်စက်ရုံ၊

(၁၃) ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ ညောင်ရွှေမြို့၌ ဟိုတယ်ဇုန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဌာနဆိုင်ရာရုံးနှင့် ဝန်ထမ်းအိမ်ရာများ၊ လားရှိုးဆေးရုံ၊ မီးသတ်စခန်းရုံးများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရုံးနှင့်ဝန်ထမ်းအိမ်ရာများ၊ တာချီလိတ်မြို့ ပါဆတ်ကားလေးကွင်း၊ ဝမ်ကောင်းမြို့မဈေး၊ တာချီလိတ်ခရိုင် အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် မီနီမားကတ်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ပြည်သူ့ဆေးရုံ အကြီးစားမွမ်းမံခြင်းနှင့် ထိခိုက်ဒဏ်ရာရ အရေးပေါ်ကုသဆောင်အသစ် ဆောက်လုပ်ခြင်း၊ (၁၆) ကုတင်ဆုံ တိုက်နယ်ဆေးရုံသစ်များ၊ ယူနိုက်တက်ဧရာဝတီကုမ္ပဏီမှ ပုဂ္ဂလိကဆေးရုံနှင့် Shopping Mall၊ ညောင်တုန်းမြို့နယ်တွင် Good Brother Co. မှ ဆန်စက်၊ အထည်ချုပ်စက်ရုံများ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ ပြည့်ဝခိုင်မာ အဝေးပြေးကားဝင်း၊ ကားဂိတ်များ၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် သံဃာ့ဆေးရုံ၊ ဟိုတယ်၊ ကျောက်မျက်အချောထည် အလုပ်ရုံများ၊ ကားအရောင်းပြခန်း။

ပုံ (၆ - ၂၄) ဆောက်လုပ်မှုကဏ္ဍ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်
စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်စျေးနှုန်း)



ဇယား။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

ဇယား (၆ - ၅) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း
ဆောက်လုပ်ရေးကဏ္ဍ နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ၏
မတ်လကုန်ထိ အကောင်အထည်ဖော်မှုအခြေအနေ

အမှတ်စဉ်			လုပ်ငန်းစီမံကိန်းများ	နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု (Plan)	သုံးစွဲမှု (မတ်လကုန်)	သုံးစွဲမှု ရာခိုင်နှုန်း
၁			၂	၃	၄	၅
၁			**ဆောက်လုပ်ရေး**	**၃၁၇,၉၃၁.၅၉၂**	**၂၄၉,၂၅၇.၆၈၈**	**၃၄.၇**
	၁		**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**	**၃၀,၇၂၅.၆၁၉**	**၂၇,၃၀၂.၉၄၆**	**၈၈.၉**
		၁	ဆောင်ရွက်ဆဲလုပ်ငန်း (၁)ခု	၁၆,၅၀၉.၄၀၇	၁၃,၂၉၃.၂၂၄	၈၀.၅
		၂	လုပ်ငန်းစီမံကိန်းသစ် (၄)ခု	၁၄,၂၁၆.၂၁၂	၁၄,၀၀၉.၇၂၂	၉၈.၅
	၂		**လမ်းတံတားဦးစီး**	**၆၈၇,၂၀၅.၉၃၃**	**၂၂၁,၉၅၄.၃၄၂**	**၃၂.၃**
		၁	ဆောင်ရွက်ဆဲလုပ်ငန်း (၂၅၆)ခု	၆၆၅,၃၂၈.၉၃၃	၁၉၈,၈၇၇.၀၉၈	၂၉.၉
		၂	လုပ်ငန်းစီမံကိန်းသစ် (၆၅)ခု	၂၁,၈၇၇.၀၀၀	၂၃,၀၇၇.၆၄၄	၁၀၅.၅

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လမ်းဦးစီးဌာနအနေဖြင့် ငွေလုံးငွေရင်း မူလအသုံးစရိတ် ကျပ် (၆၈၇,၂၀၅.၉၇၃) သန်း ရရှိခဲ့ပါသည်။ ဖြည့်စွက်ငွေလုံးငွေရင်းအသုံးစရိတ်တွင် လမ်း (၇)လမ်း အတွက် ကျပ် (၆,၉၈၇.၃၀၈) သန်း၊ တံတားတည်ဆောက်ရန် (၂၄) စင်းအတွက် ကျပ် (၁၈,၅၅၇.၀၀၀) သန်း၊ စုစုပေါင်း ကျပ် (၂၅,၅၄၄.၃၀၈) သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်ရာတွင် သက်သာသော အတိုးနှုန်း မရရှိခြင်း၊ ချေးငွေ မရရှိခြင်း၊ Procurement Process များ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ လုပ်ငန်းအချို့မှာ တင်ဒါ ခေါ်ယူဆဲ ဖြစ်၍ လုပ်ငန်းများ စတင်နိုင်မှုမရှိခြင်း၊ တင်ဒါခေါ်ယူသောကြောင့် ဈေးနှုန်းများ ကျဆင်းသွားခြင်း၊ သဘောတူညီမှုစောင့်ဆိုင်းရခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင့်တိုင်း၌ ခွင့်ပြုချက်ရရှိမှသာ ဆက်လက်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဘတ်ဂျက်ပြန်လည်အပ်နှံသဖြင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

သီးသန့်ရန်ပုံငွေမှ ရန်ကုန်တိုင်းဒေသကြီးအတွင် မြို့နယ်များတွင် ရေစီးရေလာ ကောင်းမွန်ရန် ထိန်းသိမ်းရေးအတွက် ကျပ် (၆,၆၃၁.၀) သန်း၊ လုပ်ငန်းစီမံကိန်းအသစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်မြို့ ဇော်ဂျီမြစ်ကူးတံတား(ရဲစု) ပြုပြင် တည်ဆောက်ရန် ကျပ် သန်း (၁၅၀.၀၀၀) ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပို့ဆောင်ရေးကဏ္ဍ ရည်မှန်းချက်များ အောင်မြင်ရန် အောက်ဖော်ပြပါ မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(၁) မြန်မာနိုင်ငံ၏ပြည်တွင်းပြည်ပ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိကျင့်သုံးနေသော နိုင်ငံရေးနှင့် စီးပွားရေးစနစ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်နှင့် အပြည်ပြည် ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်တို့၏ သတ်မှတ်ပြဋ္ဌာန်းချက်များ အတိုင်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားရေး၊

(၂) ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် ဝန်ဆောင်မှုကဏ္ဍတို့၌ တိုးတက်အောင် ဆောင်ရွက်သွားရေး၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးအပိုင်းမှ အထောက်အကူပြုဆောင်ရွက်သွားရေး။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ်(၇,၅၄၀,၉၇၀.၄) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ ၇.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ (၆ - ၂၅) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ (၆ - ၂၆) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ပို့ဆောင်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်အထိတွင် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၇,၅၀၈,၅၄၃.၄) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၉.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ မူဝါဒများနှင့်အညီ အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(က) နယ်လေဆိပ်လေယာဉ်ကွင်း(၉)ခုအား အကြီးစားပြုပြင်ခြင်း၊ လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ပြည်တွင်းပြည်ပ လေယာဉ် ဆင်းသက်မှု ထိန်းသိမ်းခြင်း (၄၆,၀၁၉) ကြိမ်၊ ဖြတ်ကျော်ပျံသန်းသည့် လေယာဉ်များ ထိန်းသိမ်းခြင်း (၂၆၆,၂၃၇)ကြိမ် ဆောင်ရွက်ခဲ့ပါသည်၊

(ခ) ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာ-တူရကီ ၊ ၂၀၁၅ခုနှစ် ဧနနဝါရီလတွင် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံလေကြောင်း ပို့ဆောင်ရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ မြန်မာ-ဖိလစ်ပိုင် လေကြောင်းသဘောတူစာချုပ်(မူကြမ်း)ကို ညှိနှိုင်းရေးဆွဲခဲ့ပါသည်၊

(ဂ) စင်ကာပူအဲလိုင်း၊ တိုက်ဂါးအဲဝေး၊ အဲပုဂံ ၊ ကိုရီယန်အဲ ၊ ချိုင်းနား ဆောက်သမ် အဲလိုင်း၊ ဘီမမ်းအဲလိုင်း၊ ထိုင်းစမိုင်းအဲဝေး၊ ဘန်ကောက်အဲဝေး ၊ ဟောင်ကောင် ဒရက်ဂွန်၊ ထိုင်းအဲဝေးစ်အင်တာနေရှင်နယ်(ဘ) ၊အယ်အိုကေအဲလိုင်း၊ အဲကမ္ဘောဇ၊ ဗီယက်နမ်အဲလိုင်း၊ အဲမန္တလေး၊ ထိုင်းအဲအာရှ၊ ဆစ်ခ်အဲ၊ အောလ်နီပွန်အဲဝေး၊ ချိုင်းနားအိစ်သမ်အဲလိုင်း၊ မြန်မာအဲဝေးစ်အင်တာနေရှင်နယ်၊ အဲအာရှ ဘာဟက်ဒ်၊ Myanmar Aviation Centre Co.Ltd ၊ ဂိုးလ်ဒင်းမြန်မာအဲလိုင်း၊ ကာတာအဲဝေး နှင့် မလေးရှားအဲလိုင်းများသို့ Permit to operate ထုတ်ပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်၊

(ဃ) အာဆီယံနှင့် အမေရိကန်နိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေး ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပသည့် 2nd ASEAN - US Summit ၌ ထုတ်ပြန်မည့် Chairman's Statement တွင် ထည့်သွင်းရေးဆွဲရန် တင်ပြခြင်းနှင့် လေကြောင်းလုံခြုံရေးအတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးနည်းဥပဒေ(မူကြမ်း)ကို (၁၈-၆-၂၀၁၄) ရက်နေ့တွင် ရေးဆွဲရေး ကော်မတီသို့ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(င) Aviation Security ဆိုင်ရာအား Amendment 14 ဖြင့် ပြင်ဆင်ကျင့်သုံးခြင်း အပေါ် လိုက်နာဆောင်ရွက်နိုင်ရေး တင်ပြခြင်းကိစ္စရပ်နှင့် Facilitation Amendment 25 ပြင်ဆင်ဖြည့်စွက်နိုင်ရေး ကိစ္စရပ်အား ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးကော်မတီသို့ တင်ပြဆောင်ရွက်ခဲ့ခြင်း၊ လုံခြုံရေးအထူးဂရုပြု ဆောင်ရွက်ရန်ကိစ္စရပ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ပြည်တွင်း ၊ ပြည်ပ Airlines များသို့ အကြောင်းကြားခြင်း နှင့် CCTV လုံခြုံရေးကင်မရာများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(စ) နယ်လေဆိပ်များ၌ ဆက်သွယ်ရေးစက်များ ပြုပြင်ခြင်း ၊ အသစ်တပ်ဆင်ခြင်းနှင့် လေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေး၊ အချိန်မှန် ပျံသန်းနိုင်ရေး၊ စွမ်းအားပြည့် ပျံသန်းနိုင်ရေးအတွက် လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်း၊ လေကြောင်းဆက်သွယ်ရေးနှင့် လမ်းညွှန်မှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) မြန်မာအမျိုးသားလေကြောင်းသည် ခရီးသည် (၄၉၃,၄၄၇) ဦး ၊ ခရီးသည်မိုင် (၁၄၈.၀၃၄) သန်း၊ ကုန်တန်ချိန်(၂,၁၆၅)တန် ၊ ကုန်တန်မိုင်(၀.၆၇၂) သန်း သယ်ယူပို့ဆောင်ခဲ့ပါသည်၊

(ဇ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် Boeing Project အရ Boeing လေယာဉ်(၁၀)စီး အား အမေရိကန်နိုင်ငံ General Electric Commercial Services (GECAS) ကုမ္ပဏီမှ ငှားရမ်း၍ လည်းကောင်း ၊ ATR -72 (600) လေယာဉ်(၆)စီးအား Aerei da Transporto Regionale (ATR) ကုမ္ပဏီမှ အရစ်ကျဝယ်ယူ၍ လည်းကောင်း၊ ပြင်သစ်နိုင်ငံ ATR လေယာဉ်ပြုပြင်ထိန်းသိမ်းရေး (Maintenance Repair & Overhaul) အလုပ်ရုံတည်ဆောက်ရေးအတွက် လည်းကောင်း စာချုပ်ချုပ်ဆိုခဲ့ပါသည်။ Boeing Project ပါ e-Ticketing System , IATA အသိအမှတ်ပြု လေကြောင်းလိုင်းအတွက် လိုအပ်သည့် IT System နှင့် Training များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်မီစေရန်၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် ပြည်တွင်းခရီးစဉ်များ၊ ပြည်ပ ခရီးစဉ်များကို တိုးချဲ့ ပျံသန်းနိုင်ခဲ့ပါသည်၊

(ဈ) လေယာဉ်မှူး ၊ လေယာဉ်အင်ဂျင်နီယာများအား လိုင်စင်ထုတ်ပေးခြင်း ၊ ပျံသန်းမှု စစ်ဆေးခြင်း၊ လေဆိပ်/လေယာဉ်ကွင်းများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်း ခြင်းနှင့် လေဆိပ်များစီမံအုပ်ချုပ်ခြင်း၊ လေယာဉ်ကွင်း/ ပျံသန်းမှုအဆင့်အတန်း အတွက် ကြီးကြပ်ခြင်း၊ ပြည်တွင်းပြည်ပလေကြောင်း ကုမ္ပဏီများအား ပျံသန်း ခွင့်ပြုခြင်း၊ နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ်များ ချုပ်ဆိုခြင်းများကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်၏ စံချိန်စံညွှန်းနှင့် နိုင်ငံ၏လိုအပ်ချက်များနှင့်လျော်ညီစွာ ဆောင်ရွက်လျက် ရှိပါသည်၊

(ည) ကမ်းရိုးတန်း နှင့် ပြည်တွင်းရေကြောင်းသွား စက်တပ် ခရီးသည်တင်ရေယာဉ်များ တွဲ/တွန်း/ဆွဲ ရေယာဉ်များနှင့် စက်မဲ့တွဲများ လုံခြုံစိတ်ချမှုရှိစေရန် စစ်ဆေး၍ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ ဟိုတယ်ရေယာဉ်(Hotel Cruise) များကို လူမပါ စင်းလုံးငှား စနစ် (Bare Boat Charter) ဖြင့် ယာယီမှတ်ပုံတင်စေပြီး ပြည်တွင်း ရေကြောင်း (Inland Water)အတွင်း ပြေးဆွဲနိုင်ရန် လိုင်စင်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်၊

(ဋ) မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် ဗီယက်နမ်နိုင်ငံ Dong A Ship building Industry JSC တို့ Myanma Shipyards-Dong A JV Co,Ltd. အဖြစ် ဖွဲ့စည်းနိုင်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါသည်၊

(ဌ) ရေယာဉ်(၁၃)စီး အသစ်တည်ဆောက်ခြင်း၊ ရေယာဉ်(၃၈)စီး ပြုပြင်ခြင်း၊ ရေယာဉ် (၁၅)စီး အသေးစားပြင်ဆင်ခြင်းတို့ကို လျာထားချက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဍ) မြစ်ကြောင်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကျပ်(၂,၂၉၅.၉၁၀)သန်း ၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများအတွက် ကျပ်(၄.၈၀၀)သန်း ၊ ရေအရည် အသွေးစမ်းသပ်ခြင်းနှင့် သဲနုန်းသယ်ယူပို့ချခြင်းလုပ်ငန်း ကျပ်(၃၀၃.၆၉၀)သန်း ၊ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ကျပ် (၂,၃၁၀.၉၁၀) သန်း၊ လုပ်ငန်းသစ်အတွက် ကျပ်(၁၃၀.၈၈၅) သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(ဎ) ပြည်တွင်းရေကြောင်း ရေယာဉ်များ ပြေးဆွဲလျက်ရှိသော မြစ်ကြီးများ တစ်လျှောက်ရှိ မြို့ကြီးများအကြား ခရီးသည် (၁၂၂.၈၇) သိန်းနှင့် ကုန်တန်ချိန် (၁၇.၈၇)သိန်း၊ ခရီးသည်မိုင် (၉၆၆.၅၁)သိန်း၊ ကုန်တန်မိုင် (၂,၈၂၃.၅၃) သိန်း သယ်ယူပို့ဆောင်ခဲ့ပါသည်။

(ဏ) ပုဂ္ဂလိကပိုင် အင်မိုင်ခရေကြောင်းပို့ဆောင်ရေးသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် " ရွှေကိန္နရီ(၁) (၂) (၃) " ရေယာဉ်များဌားရမ်း၍ မန္တလေး-ပုဂံ၊ မန္တလေး-ဗန်းမော် ခရီးလမ်း နှင့် Interconnection Travels & Tours Co Ltd က "ပန်းတော်"ရေယာဉ်အားငှားရမ်း၍ မန္တလေး-ညောင်ဦး-ပုဂံ-ကျောက်မြောင်း ခရီးလမ်းတို့တွင် အကျိုးတူ ပူးပေါင်းပြေးဆွဲခဲ့ပါသည်၊

(တ) ဆူးလေဆိပ်ခံတံတားအမှတ် (၁၊ ၂၊ ၃၊ ၄) တို့အား ကုန်သေတ္တာ နှင့် အထွေထွေ ကုန်စည်ကိုင်ဆိပ်ကမ်းအဖြစ် အဆင့်မြှင့်တည်ဆောက်ခြင်းလုပ်ငန်းနှင့် နန်းသီတာ / ကျန်းမာရေးဆိပ်ကမ်းနှင့် ပန်းဆိုးတန်း-ဒလ ခရီးသည်တင်ဆိပ်ခံတံတား တို့အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့၏ စီမံကိန်းအဆိုပြုလွှာကို နိုင်ငံတော်သမ္မတရုံး နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြထားပါသည်၊

(ထ) သီလဝါဆိပ်ကမ်းတွင် ရေနံတင်ဆိပ်ကမ်းများ တည်ဆောက်လျက်ရှိရာ မြတ်မေတ္တာမွန် ဝန်ဆောင်မှုကုမ္ပဏီ လီမိတက်မှ (၁၀၀) ရာခိုင်နှုန်း၊ Apex Gas & Oil Public Co.Ltd မှ (၁၀၀) ရာခိုင်နှုန်း၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီ

လီမိတက်မှ (၉) ရာခိုင်နှုန်း ၊ မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက် (မြဝတီ ထရေးဒင်း)မှ (၃၅) ရာခိုင်နှုန်း ၊ Elite Petro-Chemical Co.Ltd မှ (၈၆) ရာခိုင်နှုန်း၊ မက်စ်မြန်မာ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှ (၅၅) ရာခိုင်နှုန်း ၊ Green Asia Services Co.Ltd မှ (၁၀၀) ရာခိုင်နှုန်း၊ Denko Petrochemical Co,Ltd မှ (၁၅) ရာခိုင်နှုန်း ၊ Thuriya Energy Depot Management Co,Ltd မှ (၂၅) ရာခိုင်နှုန်း၊ IGE Co,Ltd မှ (၂) ရာခိုင်နှုန်း၊ ကောင်းမြန်မာအောင် သဘော်ကုမ္ပဏီလီမိတက်မှ (၄၅) ရာခိုင်နှုန်း နှင့် Padauk Shwe Wah Petrochemical Co,Ltd မှ (၂၉)ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးခဲ့ပါသည်၊

(ဒ) မိုးလေဝသ ၊ ဇလဗေဒ၊ မြေငလျင်စသည့်စီမံကိန်း ၊ စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုရယူခြင်းဖြင့် လည်းကောင်း၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ ကုလသမဂ္ဂလက်အောက်ခံ အာရှ ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် အာဆီယံအဖွဲ့၏ ဖွံ့ဖြိုးမှု အစီအစဉ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ရယူခြင်းဖြင့် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(ဓ) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ရောင်ပြန်စတစ်ကာ(၃)မျိုးကို လိုင်စင်သက်တမ်းတိုးသည့် အချိန်တွင် ယာဉ်နောက်ဘက်၌ အခမဲ့ကပ်ပေးနိုင်ခဲ့ပါသည်။ ယာဉ်ကနဦးမှတ်ပုံတင်ရာတွင် ကွန်ပျူတာဖြင့် အစားထိုးလုပ်ဆောင်ခြင်းကို ရန်ကုန် (ထောက်ကြန့်) ၌ ၂၀၁၄ခုနှစ် ဩဂုတ်လ ၁ရက်နေ့မှ စတင်၍ ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(န) Smart Card ဖြင့် ယာဉ်မောင်းလိုင်စင် အစားထိုးဆောင်ရွက်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးတွင် လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးဘူတာကြီးနှင့် ယာဉ်ပျံဘူတာတို့တွင် တိုးချဲ့ဆောင်ရွက်ပေးခဲ့ပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေးဖြေ ဖြေဆိုခြင်းကိစ္စများကို ကွန်ပျူတာ အသုံးပြု ဆောင်ရွက်ခဲ့ပါသည်၊

(ပ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ၊ရွာသာကြီးနှင့် ရန်ကုန် တောင်ပိုင်းခရိုင်ရုံးတို့တွင် ယာဉ်စစ်ပုံစံ ကမ-၄ကို ကွန်ပျူတာဖြင့် စစ်ဆေးပြီး print out ထုတ်ပေးခြင်း စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်တွင်း

စက်မှုဇုံများမှ ထုတ်လုပ်သည့်ယာဉ် (၆,၃၁၉) စီး၊ ပြည်ပမှ တင်သွင်းသည့် မော်တော်ယာဉ် (၉၃၈,၇၁၀) စီး တို့ကို မှတ်ပုံတင်ပေးနိုင်ခဲ့ပါသည်၊

(ဖ) "ခက"နှင့် "ကခ" အက္ခရာ မော်တော်ယာဉ်များ၊ သုံးဘီးယာဉ်များ၊ ယာဉ်တိုက်မှုနှင့် မီးဘေး၊ သဘာဝဘေးဒဏ်များကြောင့် မောင်းနှင်နိုင်စွမ်းမရှိသည့် ယာဉ်များ၊ သက်တမ်း အနှစ်၂၀ကျော် ယာဉ်များအား ပိုင်ရှင်များ၏ဆန္ဒအရ အပ်နှံ၍ ယာဉ်တင်သွင်းခြင်းကိုခွင့်ပြုဆောင်ရွက်ပေးခဲ့ပါသည်၊

(ဗ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ခွင့်ပြုချက်ဖြင့် ပြည်ပမှ တင်သွင်းမည့် Brand New ကိုယ်ပိုင်လူစီးမော်တော်ယာဉ်အား ကနဦး မှတ်ပုံ တင်ခြင်းနှင့် ပြည်တွင်းကုမ္ပဏီများမှ (Complete Knock Down) စနစ်ဖြင့် ဝယ်ယူထုတ်လုပ်မည့် ကိုယ်ပိုင်လူစီးမော်တော်ယာဉ်အား ကနဦးမှတ်ပုံတင်ခြင်းတို့ကို သက်တမ်း(၃)နှစ် သတ်မှတ်ပေးရန်နှင့် အဋ္ဌားယာဉ်ပြောင်းလဲလျှင် မှတ်ပုံတင်သက်တမ်း (၁)နှစ် သတ်မှတ်ပေးရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဘ) လိုင်စင်အတု ကိုင်ဆောင်သူများအား တရားစွဲဆိုခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖြေဆိုရာတွင် မေးခွန်း၁၀၀ အနက် ၈၅ ခု မှန်မှသာလျှင် အောင်မြင်သည်ဟု သတ်မှတ်ခြင်း၊ "ဂ" ယာဉ်မောင်းလိုင်စင်ကို Bus ယာဉ်ဖြင့် စစ်ဆေး၍ အောင်မြင်မှသာလျှင် ခရီးသည်တင်ယာဉ်များ မောင်းနှင်ခွင့်ပြုခြင်း၊ ပြစ်မှုကျူးလွန်သည့် အကြောင်းအရာအလိုက် လိုင်စင်ရပ်သိမ်းသည့် ကာလထပ်မံသတ်မှတ်ခြင်း ၊ "သ" လိုင်စင်များအားရန်ကုန်တိုင်းဒေသကြီးတွင်သာ ဖြေဆိုခွင့်ပြုခြင်း၊ ပုဂ္ဂလိက ယာဉ်မောင်းသင်တန်းကျောင်းများ၏ စည်းကမ်းချက်များအား ခေတ်နှင့်အညီ ဖြည့်စွက်ထုတ်ပြန်ခြင်း၊"ဃ"နှင့် "ဂ" ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများအား Simulator အသုံးပြု၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးခြင်း၊ရုံးစိုက်ရာနယ်မြေများတွင် ယာဉ်မောင်းသင်တန်းကျောင်းဖွင့်လှစ်နိုင်ရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (၂၅)ရုံးအား ညွှန်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(မ) ကနဦးနှင့် နှစ်လဲယာဉ်စစ်ဆေးသည့်အခါ ခရီးသည်တင်ယာဉ်များသာ တိကျစွာစစ်ဆေး၍ လိုအပ်ချက်များ ပြန်လည်ပြုပြင်စေခဲ့ပါသည်။ အဝေးပြေးလမ်းမကြီးပေါ်တွင်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များအား ၂၀၁၄ခုနှစ်မေလမှ ၂၀၁၅ ခုနှစ် မတ်လအထိ (၇၈,၀၂၃) စီးစစ်ဆေးပြီး (၁၂,၇၁၈) စီးအရေးယူဆောင်ရွက်ခဲ့ပါသည်။ သင်မောင်းလိုင်စင် ၄၃၀,၉၀၈၊ လိုင်စင်အသစ် ၅၇၄,၁၅၁ ၊

နှစ်လဲသက်တမ်းတိုး ဖြ၅၇,ဖ၈၃ ၊အခြားလုပ်ငန်းများ ၇ဖ,၅၃၉ ၊ ယာဉ်မောင်းစစ်ဆေးခြင်း ၁,၂၃၉,၂၀၉ စုစုပေါင်း၂,၉၇၈,၄၈၇ ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၅ခုနှစ်၊ မတ်လအထိ "က-၁" မှ "ဌ" လိုင်စင်စုစုပေါင်း ၃,၄၂၀,၅၂၈ နှင့် "စ" လိုင်စင် ၁,၉၂,၅၉၇ ထုတ်ပေး ခဲ့ပါသည်၊

(ယ) မြန်မာ့မီးရထားသည် အထူးဇလီဖား (ဖ,၇၈၃) တုံး ဝယ်ယူရရှိခဲ့ပြီး သစ်သားဇလီဖား (ဖ၇,၇၀၇)တုံး လဲလှယ်ခဲ့ပါသည်။ ကွန်ကရစ်ဇလီဖား (၈၇၉,၇၀၂) တုံးထုတ်လုပ်နိုင်ခဲ့ပြီး (၇၉ဖ,၄၅ဖ) တုံးကို လဲလှယ်နိုင်ခဲ့ပါသည်။ လမ်းခင်းကျောက် (၁၁၂,၈၅၅.၉၃)ကျင်း ဖြည့်တင်းနိုင်ခဲ့ပါသည်။၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တွဲသစ်(၄၀) နှင့် TKZ-8 ဘိုဂီ အသစ်အလုံး (၇၀) တည်ဆောက်ပြီးစီးခဲ့ပါသည်။ အိန္ဒိယနိုင်ငံရိုတိုမက် အီလက်ထရီကယ် ပရိုက်ပိတ်ကုမ္ပဏီမှ စက်ကိရိယာနှင့် ကုန်ကြမ်းများဝယ်ယူ၍ ထရက်ရှင်မော်တာ (၂၃၂) လုံးကို ပြုပြင် ပြီးစီးခဲ့ပါသည်၊

(ရ) ဒီဇယ်စက်ခေါင်းအကြီးတန်းပြင်ဆင်မှု (၃၁) လုံး၊ အလတ်တန်း ပြင်ဆင်မှု (၂၂၇) လုံး၊ အလတ်တန်းမွမ်းမံမှု (၃၀) လုံးတို့ကိုဆောင်ရွက်နိုင်ခဲ့ပြီး လူစီးတွဲအကြီးတန်း ပြင်ဆင်ခြင်း (၄၇၄) တွဲ ၊ အလတ်တန်း ပြင်ဆင်ခြင်းတွဲ(၄၀၀) ၊ ကုန်တွဲအကြီးတန်းပြင်ဆင်ခြင်း(၉၉၃)တွဲ၊ အလတ်တန်းပြင်ဆင်ခြင်း (၁,၂၀၈)တွဲ တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒီဇယ်စက်ခေါင်း အရန်ပစ္စည်း (၉၁,၀၁၇) ခု အမျိုးအစား(၂ဖ၄) နှင့် တွဲအရန်ပစ္စည်း(၁၂၂,၅၈၅) ခု အမျိုးအစား(၁၂၉)မျိုး တီထွင်ထုတ်လုပ်နိုင်ခဲ့ပါသည်၊

(လ) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ဒီဇယ်အင်ဂျင်များကို မြင်းကောင်ရေ ၂၀၀၀ အား ဒီဇယ်စက်ခေါင်းများတွင် အစားထိုး တပ်ဆင်ပြီး Repower ပြုလုပ်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ခေါင်း (၃)လုံး ပြီးစီးခဲ့ပါသည်၊ ရထား ခုန်၊ ဆောင့် ၊ လူးခြင်း လျော့နည်းစေရန် ရထားသံလမ်းတစ်မိုင်လျှင် (၂၂) ဆက် သို့ လျှော့ချခြင်း နှင့် Themit Welding ဖြင့် ဂဟေဆက်ခြင်းကို ရန်ကုန်-မန္တလေး၊ ပဲခူး-မော်လမြိုင်နှင့် ရန်ကုန်-ပြည်ရထားလမ်းပိုင်းများတွင် ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဝ) ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် (Optical Fiber Cable) OFC သွယ်တန်းခြင်း၊ ရွာသာကြီးဘူတာ မှ ဘုရားသုံးဆူဘူတာအထိ (ဖ)ဘူတာတွင် Solid State Interlocking အချက်ပြစနစ်နှင့် နေပြည်တော်ဘူတာကြီးတွင် Computer

Based Interlocking (CBI) အချက်ပြစနစ်အား တပ်ဆင်ခြင်း၊ ဖိုက်ဘာ ဆက်ကြောင်း အသုံးပြု၍ EPABX Auto Exchange (၁၀) လုံး တပ်ဆင်ကာ Fiber Phone ကွန်ရက်တည်ဆောက်ခြင်း၊ ရန်ကုန်မှ ပြွန်တန်ဆာဘူတာအထိ ဘူတာများတွင် Operation Control Center စနစ်တပ်ဆင်၍ လမ်းပိုင်း တစ်လျှောက် ဘူတာများတွင် Mornitoring System များတပ်ဆင်ခြင်း၊ မိုးညှင်း-မြစ်ကြီးနား လမ်းပိုင်းတွင် VHF/UHF စနစ်ပြောင်းလဲ တပ်ဆင်ခြင်းနှင့် Repeater များအသစ်ပြန်လည်တပ်ဆင်ခြင်း ၊ ပဲခူး- မော်လမြိုင် လမ်းပိုင်း တစ်လျှောက်ဘူတာများတွင် Winch အချက်ပြစနစ်မှ ခေတ်မီ Warner Lever အချက်ပြစနစ်သို့ ပြောင်းလဲတပ်ဆင်ခြင်း၊ ခရီးသည်များပြားပြီး အရေးပါသည့် ဘူတာ (၁၁) ခုတွင် (CCTV) ကင်မရာတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(သ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးသည် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး၊ (၄၆) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ၊ ဗိုလ်ချုခံအခမ်းအနား၊ ပြည်ထောင်စုနေ့အခမ်းအနား ၊ စတုတ္ထအကြိမ် အမျိုးသား အားကစားပွဲတော်တို့တွင် ပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပါသည်၊

(ဟ) မကွေးမြို့ရှိ တက္ကသိုလ် ကျောင်းသားများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) သင်တန်းသားများနှင့် ဝန်ကြီးဌာန (၆) ခု၏ လူနှင့်ပစ္စည်းများ ပို့ဆောင်ပေးခြင်း၊ မကွေး-အမ်း၊ ရန်ကုန်မှ မြင်းခြံ ၊ ညောင်ဦး၊ မိတ္ထီလာ၊ မအူပင်ခရီးစဉ်များ၊ နေပြည်တော်-မကွေး-ပွင့်ဖြူ ၊ နေပြည်တော်-မန္တလေး ၊ မော်လမြိုင်-သံဖြူဇရပ် ခရီးစဉ်များ၊ ဝန်ထမ်းများအတွက် သောကြာနှင့် တနင်္ဂနွေနေ့များတွင် နေပြည်တော်-ရန်ကုန်-နေပြည်တော်ခရီးစဉ်များပြေးဆွဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဠ) ကုန်းလမ်းပို့ဆောင်ရေး နှင့် Forever Green Right Service Co.,Ltd တို့ပူးပေါင်းတည်ထောင်ထားသည့် Forever Green Road Transport Co., Ltd က CNG သုံး City Bus ယာဉ် (၂၅)စီးဖြင့် ဒဂုံတက္ကသိုလ် - ဆူးလေ ရန်ကုန်မြို့တွင်းယာဉ်လိုင်းကို ၂၀၁၅ ခုနှစ် ဧန်နဝါရီလ ၁ရက်နေ့တွင် စတင်ပြေးဆွဲခဲ့ပါသည်၊

(အ) ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း ဌာနပိုင်မြေနေရာ(၂၁)ခုတွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ ပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ မြေငှားရမ်းခ အပါအဝင် ကျပ် ၅,၉၁၁.၁၂၈ သန်းဝင်ငွေရရှိခဲ့ပါသည်၊

ပုံ (၆ - ၂၇)ပို့ဆောင်ရေးကဏ္ဍ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ရခိုင်ပြည်နယ်တို့သည် စီမံကိန်းရည်မှန်းချက်အပေါ် ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ကချင်ပြည်နယ် ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည် ရည်မှန်းချက်၏ ၉၀ ရာခိုင်နှုန်းကျော်လွန် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြေးဆွဲနေသော ယာဉ်စီးရေများတိုးလာခြင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ယာဉ်လိုင်းများ ပိုမိုတိုးချဲ့ပြေးဆွဲလာခြင်းကြောင့် ရည်မှန်းချက်ပြည့်မီခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတွင် မော်တော်ယာဉ်နှင့်ရေယာဉ်များ၏ ခရီးသည်နှင့်ကုန်စည် ပို့ဆောင်မှုလုပ်ငန်းများတိုးတက်လာခြင်း၊ ပုဂ္ဂလိကပိုင်တွင် ကုန်တင်မော်တော်ယာဉ်(ဝန်ပေါ့)စီးရေများ တိုးလာခြင်း၊ အဝေးပြေးလိုင်းနှင့်လိုင်းပေါင်းစုံမှ ဘတ်စ်ယာဉ်များတိုးချဲ့လာ၍ ခရီးသည်နှင့် ကုန်စည်ဝင်ငွေများ ပိုမိုရရှိလာခြင်းကြောင့် ရည်မှန်းချက် ပြည့်မီကျော်လွန်ခဲ့ပါသည်။

မြန်မာ့မီးရထားလက်မှတ်ခနှင့် မော်တော်ယာဉ်လက်မှတ်ခ ကွာဟမှုနည်းပါးခြင်း၊ အမြန်လမ်းမကြီးနှင့် လမ်းကွန်ယက်များတိုးချဲ့လာခြင်း၊ ကချင်ပြည်နယ်တွင် ကျောက်မျက်တူးဖော်မှုရပ်ဆိုင်းခြင်းနှင့် ကားလမ်းများကောင်းမွန်လာခြင်းတို့ကြောင့် လူစီးရထား(၄၈)စင်းတွဲဆွဲမှု ရပ်ဆိုင်းခဲ့၍ ခရီးသည်ဝင်ငွေလျော့နည်းခဲ့ပါသည်။ စက်ဆန်း-မြို့ဟောင်း၊ မြို့ဟောင်း-မြစ်ကြီးနား၊ မန္တလေး-ရန်ကုန် အမြန်ခရီးတွင် ကုန်ရရှိမှုလျော့နည်းခြင်း၊ ထုံးဖို-မြိုင်ကလေး ခရီးစဉ်တွင် ဂေါဒန်ကျောက်၊ ရွာမ-ကျောက်ဆွယ်ကျိုး-မြင်းခြံလမ်းပိုင်းတွင် သံမဏိ၊ ပလိပ်-လှိုင်းတက်မှ ရန်ကုန်တွင် သစ်လုံးတင်ပို့မှုများ ရပ်ဆိုင်းခြင်းနှင့် မြန်မာ့မီးရထား၏ပစ္စည်းနှင့် ကျောက်သယ်ယူမှုများလျော့နည်းခြင်းတို့ကြောင့် ဝင်ငွေများလျော့နည်းခဲ့ပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် ATR-42 (၁)စီး ၊ ATR-72 (၃)စီး ၊ BeechCraft (၂)စီး၊ Embraer (၂)စီး၊ Caravan (၂) စီး စုစုပေါင်း (၁၀) စီး နှင့် ပြေးဆွဲခဲ့သောကြောင့် ခရီးသည်ဦးရေနှင့် ခရီးသည်မိုင်ပိုမိုရရှိခဲ့ပါသည်။

ပြည်တွင်းရေကြောင်းသည် ခရီးလမ်း(၃၀)လျာထားခဲ့သော်လည်း အမှန်တကယ် ပြေးဆွဲနိုင်သောခရီးလမ်းမှာ(၂၆)လမ်းသာရှိခဲ့ပြီး ခရီးလမ်းများပိတ်သိမ်းခြင်း၊ ကုန်တင်ရေယာဉ်များ ငှားရမ်းမှုလျော့နည်းခြင်း၊ ခရီးသည်လိုက်ပါမှုနည်းပါးခြင်းနှင့် ကုန်တင်ဆောင်မှုလျော့နည်းခြင်းတို့ကြောင့် ခရီးသည်၊ခရီးသည်မိုင်၊ ကုန်တန်ချိန်၊ ကုန်တန်မိုင်များ လျော့နည်းရခြင်းဖြစ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ကုန်စည်အခွန်အခများ၊ သင်္ဘောအခွန်အခများ၊ သင်္ဘောကြီး ကုန်တင်ကုန်ချအခွန်အခများ၊ ရေယာဉ်ငှားခနှင့်ဆယ်ယူခများ၊ မီးပြတိုက် ဝင်ငွေ၊ ဖက်စပ်လုပ်ငန်းများမှဝင်ငွေ၊ ကုန်သေတ္တာကိုင်တွယ်ခ၊ ကုန်းတွင်းကုန်သေတ္တာစခန်း (၂)ခုဝင်ငွေနှင့် အခြားဝင်ငွေများ လျော့နည်းခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ ပုဂ္ဂလိကပိုင်လုပ်ငန်းများဖြစ်သည့် မော်တော်ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲပြီး ခရီးသည်နှင့် ကုန်စည်များ ပိုမိုသယ်ယူပို့ဆောင်လာနိုင်ခြင်းနှင့် ပုဂ္ဂလိကလေကြောင်းလိုင်းများ ပြေးဆွဲလာနိုင်ခြင်းတို့ကြောင့် ရည်မှန်းချက်ပြည့်မီခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနသည် အောက်ပါ မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(က) ခေတ်မီတိုးတက်ကောင်းမွန်သည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းစနစ်များကို နိုင်ငံတကာနည်းပညာများ၊ အရင်းအနှီးများနှင့် အကူအညီများရရှိရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ တတ်သိ ပညာရှင်များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ဖြစ်စေရေး၊

(ခ) ဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလာစေရန် ပုဂ္ဂလိကလုပ်ငန်းအစုအဖွဲ့များသို့ လုပ်ငန်းအပ်နှံ၍ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း (Public Private Partnership (PPP))နှင့် ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် (Local Service Provider) များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားရေး၊

(ဂ) နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများနှင့် အိုင်စီတီလုပ်ငန်းများ ဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်း/ပြည်ပ အော်ပရေတာများနှင့်အပြိုင် ယှဉ်ပြိုင်ဆောင်ရွက်သွားနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်သွားရေး၊

(ဃ) e- Government လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သွားခြင်းဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာလုပ်ငန်းစဉ်များ ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ လုပ်ငန်း အစီအမံများကိုလည်း အထောက်အကူပြုလာစေရေး၊

(င) ပြည်တွင်း/ပြည်ပ စာပို့တိုက်လုပ်ငန်းများကို သတင်းအချက်အလက် နည်းပညာဖြင့်လည်းကောင်း၊ ခေတ်မီစက်ပစ္စည်း ကိရိယာများကို အသုံးပြု၍ လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍကိုပါ ဆောင်ရွက်ခွင့်ပြု၍ ဝန်ဆောင်မှု အရည်အသွေးကို တိုးမြှင့်ဆောင်ရွက်သွားရေး၊

(စ) အဆင့်မြင့် ကွန်ပျူတာ ကြေးနန်း ဆက်သွယ်မှုစနစ်များကို နိုင်ငံတော်တွင် ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန်နှင့် ပြည်သူများလွယ်ကူ သက်သာစွာဖြင့် အသုံးပြုနိုင်အောင် ပုဂ္ဂလိကကဏ္ဍများမှလည်း တိုးချဲ့ပါဝင် ဆောင်ရွက်သွားရေး။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၅၈၈,၅၃၄.၈) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ ၆၈.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ (၆ - ၂၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ (၆ - ၂၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇာစ်မြစ်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်အထိတွင် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၁,၂၂၀,၉၅၅.၂) သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၂၀၇.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၅၇.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း အောက်ပါ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည်(၁.၉.၂၀၁၄)ရက်နေ့တွင် KDDI Summit Global Myanmar ကုမ္ပဏီ နှင့် Joint Operation အဖြစ် စတင် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တင်ဒါအောင်မြင်ပြီးသည့် ပြည်ပကုမ္ပဏီများ ဖြစ်သော အော်ရီဒူးမြန်မာလီမိတက်သည်(၁၅.၈.၂၀၁၄)ရက် နေ့နှင့် တယ်လီနောမြန်မာလီမိတက်သည်(၂၇.၉.၂၀၁၄)ရက်နေ့တွင် SIM ကဒ် များ စတင်ရောင်းချခဲ့ပြီး ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို ယှဉ်ပြိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်၊

(ခ) စာတိုက်ရုံးများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်/မြို့နယ်ခွဲ (၅) ခုတွင် အဆင့်(၇) ရှိ ကျေးရွာကိုယ်စားလှယ် စာတိုက်ရုံး (၅) ခု ကိုပိတ်သိမ်းပြီး၊ ကရင်ပြည်နယ်ရှိ မြို့နယ်ခွဲ (၂) ခု တွင်တိုးချဲ့ ဖွင့်လှစ်ခဲ့ပါသည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် ရခိုင်ပြည်နယ်များတွင် မြို့နယ်/မြို့နယ်ခွဲ (၆) ခု ရှိစာတိုက်ရုံးများကို အဆင့်တိုးမြှင့်ခဲ့ ပါသည်။ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့၏ စာတိုက်ရုံး (၆) ခုကို အဆင့်လျော့ချ ခဲ့ပါသည်၊

(ဂ) အမြန်ချောပို့လုပ်ငန်းကို နေပြည်တော်နှင့်မြို့ပေါင်း (၆၆) မြို့သို့လည်းကောင်း၊ ရန်ကုန်မြို့နှင့် မြို့ပေါင်း (၁၀၈) မြို့သို့ လည်းကောင်း၊ မန္တလေးမြို့နှင့် မြို့ပေါင်း (၇၂) မြို့သို့လည်းကောင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ အမြန်ငွေပို့လွှာလုပ်ငန်းကို မြို့ပေါင်း (၃၃၇) မြို့တွင် ဆောင်ရွက်ပြီးဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း(Express Mail Services International)သည် Gateway အဖြစ် Singapore နိုင်ငံကိုအသုံးပြု၍ ချောပစ္စည်းများ (Outband Items) ကို Yangon-Bangkok- Singapore လမ်းကြောင်းမှတစ်ဆင့် ကမ္ဘာ့ (၁၀၂)နိုင်ငံထိ ဝန်ဆောင်မှုလုပ်ငန်း (၅) မျိုးအား လုံခြုံလျင်မြန်စွာ အပြန်အလှန်ပေးပို့ ဆောင်ရွက်လျက်ရှိပါသည်၊

(ဃ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံမငေးမြို့နှင့် ဇလွန်မြို့နယ်တို့တွင် ကြေးနန်း

ရုံးများကို အဆင့်မြှင့်ခဲ့ပါသည်။ ကွန်ပျူတာဖြင့် ကြေးနန်းပေးပို့ခြင်း လုပ်ငန်းကို ရုံးပေါင်း (၂၁၃) ရုံးတွင် တပ်ဆင်ဆောင်ရွက်လျက်ရှိပါသည်၊

(c) တိုင်းဒေသကြီး/ ပြည်နယ်များတွင် အော်တိုတယ်လီဖုန်း ရုံးသစ် (၁၅) ရုံး ဖွင့်လှစ်ခြင်း နှင့် တယ်လီဖုန်းရုံး (၁၁) ရုံးတွင် လိုင်းအင်အား တိုးချဲ့ပေးခြင်း များကို ဆောင်ရွက်ခဲ့ပါသည်၊

(စ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အော်တို တယ်လီဖုန်း (၅,၅၅၁) လုံး အသစ်တပ်ဆင်ခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက် နှင့် တယ်လီနောမြန်မာလီမိတက်တို့က မိုဘိုင်းဖုန်း (၁၉,၈၄၂,၉၂၁) လုံး အသစ်တပ်ဆင်ခဲ့၍ တယ်လီဖုန်းလုံးရေပေါင်း (၁၉,၈၄၈,၄၇၂) လုံး တပ်ဆင်ခဲ့ပြီးဖြစ်ပါသည်၊

(ဆ) အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းအနေဖြင့် ပြည်တွင်းတွင် တည်ဆောက်ထား သည့် သတင်း အချက်အလက် ကွန်ရက် (IT Network) ကို အသုံးပြု၍ Video Conferencing Instant Messaging, e-Government, e-Banking,e-Trade စသည်တို့ကို လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင် ပြီဖြစ်ပါသည်။ ကိုယ်ပိုင် Domain Name (.mm) ဌားရမ်းခြင်း၊ ဌာနဆိုင်ရာများ၏ Website များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Server တွင် Web Hosting ပြုလုပ်ပေး၍ အင်တာနက်မှ ကြည့်ရှု နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ Public IP Address များ ဌားရမ်းခြင်း၊ အင်တာနက် လိုင်းမှတဆင့် ခရီးသွားလုပ်ငန်းများအတွက် Online Reservation System (Galileo) System အသုံးပြုနိုင်ခြင်း စသည်တို့ကို ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့ နှင့် အခြားမြို့ကြီးများတွင် အင်တာနက်၊ အီးမေးလ်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်း များကို ဌာနဆိုင်ရာများ၊ အစိုးရအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်ပုဂ္ဂလိကတို့အား ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အထိ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနောမြန်မာ လီမိတက်တို့ ချိတ်ဆက်အသုံးပြုလျက်ရှိသော အင်တာနက်လိုင်းအင်အား (၁၇,၇၃၆,၄၂၆) လိုင်းနှင့် သုံးစွဲသူဦးရေမှာ (၁၇,၈၆၅,၆၆၆)ရှိလာပြီ ဖြစ်ပါသည်၊

(ဇ) အဝေးဆက်သွယ်ရေးလုပ်ငန်းသည်ပခုက္ကူ-ကလေး-ဟားခါး SDH ဆက်ကြောင်း အား GbE IP မိုက္ကရိုဝေဗ့် ဆက်ကြောင်းအဖြစ် အဆင့်မြှင့်တင်ခြင်း (10 Hops)၊ ရန်ကုန်-မြဝတီ STM-4 ဆက်ကြောင်းအား GbE IP မိုက္ကရိုဝေ့ဗ် ဆက်ကြောင်း

အဖြစ် အဆင့်မြှင့်တင်ခြင်း (9 Hops)၊ ကလေး-တမူး GbE IP မိုက္ကရိုဝေဗ့် ဆက်ကြောင်းအား ပမာဏ တိုးချဲ့ခြင်း (3 Hops) နှင့် မန္တလေး-လားရှိုး-မူဆယ် STM-4 ဆက်ကြောင်းအား GbE IP မိုက္ကရိုဝေဗ့် ဆက်ကြောင်းအဖြစ် အဆင့်မြှင့်တင်ခြင်း (9 Hops) တို့ကို ဆောင်ရွက်ခဲ့ပါသည်။ မင်းတပ်-ကန်ပက်လက်-ဆော GbE IP (2+0) မိုက္ကရိုဝေဗ့် ဆက်ကြောင်း (2 Hops)၊ မန္တလေး- မြစ်ကြီးနား GbE IP မိုက္ကရိုဝေဗ့် ဆက်ကြောင်းအား ပမာဏ တိုးချဲ့ခြင်း (16 Hops) ကြံခင်း- ပြည်- မင်းဘူး-ပွင့်ဖြူ-ဆင်ဖြူကျွန်း-ပခုက္ကူ SDH ဆက်ကြောင်းအား GbE IP မိုက္ကရိုဝေဗ့် ဆက်ကြောင်းအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း (12 Hops)နှင့် 8E1/4E1 PDH ဆက်ကြောင်း များအား GbE IP မိုက္ကရိုဝေဗ့်ဆက်ကြောင်းအဖြစ် အဆင့်မြှင့်တင်ခြင်း(30 Hops) တို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) ကျေးလက်ဒေသနေ ပြည်သူများအား မိုဘိုင်းတယ်လီဖုန်းများ တိုးတက်သုံးစွဲနိုင်စေရန် GSM / UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်းမိုဘိုင်းစခန်း (၃,၉၂၈) ဖြင့် ကျေးလက်ဒေသများအထိပါလွှမ်းမိုးဖြန့်ကျက်ထားနိုင်ပြီဖြစ်ပါသည်။ ဆက်လက်၍ Mobile Payment နှင့် Mobile Banking စနစ်ကို ကျေးလက်ဒေသအရောက် ဆောင်ရွက်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းလျက်ရှိပါသည်၊

(ည) ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန် အထိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက (၂,၁၃၄) ခု၊ အော်ရီဒူး မြန်မာလီမိတက်က (၁,၆၁၇) ခု နှင့် တယ်လီနောမြန်မာလီမိတက်က (၁,၇၃၄) ခု၊ စုစုပေါင်း တာဝါတိုင် (၅,၄၈၅) ခု ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ပုံ (၆ - ၃၀) ဆက်သွယ်ရေးကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ် ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ဆက်သွယ်ရေးကဏ္ဍ အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ကယားပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ထိုကဲ့သို့အကောင်အထည်ဖော်နိုင်ခဲ့ရခြင်းမှာ ပုဂ္ဂလိကအော်ပရေတာများကပါ မိုဘိုင်းဖုန်းများ တပ်ဆင်လာသဖြင့် တယ်လီဖုန်းခေါ်ဆိုခနှင့် အင်တာနက်သုံးစွဲခများ ပိုမိုရရှိလာသောကြောင့် ဖြစ်ပါသည်။

ကယားပြည်နယ်သည် တယ်လီဖုန်းသုံးစွဲခကို ကျပ် (၅,၀၆၉.၃) သန်း ရရှိရန် ရည်မှန်းခဲ့သော်လည်း အကောင်အထည်ဖော်ရာတွင် ကျပ် (၃,၃၉၇.၆) သန်းသာရရှိခဲ့ပြီး ပုဂ္ဂလိကအော်ပရေတာများကလည်း တပ်ဆင်ခြင်းမရှိသေးသဖြင့် ရည်မှန်းချက်မပြည့်မီခြင်း ဖြစ်ပါသည်။

ဧယား (၆ - ၆) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း
ဆက်သွယ်ရေးကဏ္ဍ နိုင်ငံပိုင်အခန်းမှ လုပ်ငန်းစီမံကိန်းများ၏
မတ်လကုန်ထိ အကောင်အထည်ဖော်မှုအခြေအနေ

(ကျပ်သန်း)

အမှတ်စဉ်			လုပ်ငန်းစီမံကိန်းများ	နိုင်ငံတော်ဘဏ္ဍာခွဲဝေမှု (Plan)	သုံးစွဲမှု (မတ်လကုန်)	သုံးစွဲမှုရာခိုင်နှုန်း
၁			၂	၃	၄	၅
၁			**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**	**၁၄၆,၃၆၃.၃၆၈**	**၇၇,၉၁၂.၀၇၃**	**၅၃.၂**
	၁		**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**	**၂,၉၄၂.၀၀၀**	**၃၅၉.၆၂၁**	**၁၂.၂**
		၁	လုပ်ငန်းစီမံကိန်းသစ်(၁)ခု	၂,၉၄၂.၀၀၀	၃၅၉.၆၂၁	၁၂.၂
	၂		**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**	**၁၄၃,၄၂၁.၃၆၈**	**၇၇,၅၅၂.၄၅၂**	**၅၄.၁**
		၁	ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း (၅)ခု	၁၄၃,၄၂၁.၃၆၈	၇၇,၅၅၂.၄၅၂	၅၄.၁

ငွေရေးကြေးရေးကဏ္ဍ။ ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့စီးပွားရေး အနေအထားနှင့် လိုက်လျောညီထွေဖြစ်မည့် ဈေးကွက်စီးပွားရေးစနစ်ကို မြန်မာနိုင်ငံတွင် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ရာ အဆိုပါစီးပွားရေးမူဝါဒနှင့်အညီ ငွေကြေး တည်ငြိမ်စေရန်၊ ငွေပေးချေမှုစနစ် တိုးတက်ကောင်းမွန်စေရန်နှင့် ငွေရေးကြေးရေးစနစ် မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြီး ငွေကြေးမူဝါဒများကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၉၈,၉၂၄.၀) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ ၂၃.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၆ - ၃၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ (၆ - ၃၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်ထိတွင် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၁၃၅,၇၉၀.၅) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၃၇.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၁၈.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအတွက် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(က) မြန်မာ့စီးပွားရေးဘဏ်သည် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ကောင်တာများဖွင့်လှစ်၍ ငွေလွှဲစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ Online Phone Billing System အတွက် ပြင်ပအေးဂျင့် (၂၂) ဦး ခွင့်ပြုပြီး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်၊

(ခ) ဘဏ်ချေးငွေများ တိုးမြှင့်ထုတ်ချေးနိုင်ရန်အတွက် ကျပ်သိန်း(၁၀၀၀)နှင့်အောက် ချေးငွေ လျှောက်ထားသော ချေးငွေအမှုတွဲများအတွက် အထူးကိုယ်စားလှယ်

လွှဲစာနှင့် အရောင်းအဝယ် အရှုံးအမြတ်စာရင်း လက်ကျန်ရှင်းတမ်း ရယူခြင်း မပြုတော့ဘဲ ချေးငွေရယူသူများအား ဖြေလျော့မှုများ ဆောင်ရွက်ပေးခဲ့ပါသည်၊

(ဂ) ငွေစုဘဏ်စာရင်းမှ ငွေထုတ်ယူရာတွင် စာရင်းဖွင့်ထားသောဘဏ်တွင် သာမက ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေးနှင့် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁၃၇) ခု မှ နှစ်သက်ရာဘဏ်ခွဲ၌ ငွေစုဘဏ်စာရင်း အထောက်အထားပြ၍ ထုတ်ယူနိုင်ရန် ဆောင်ရွက် ပေးခဲ့ပါသည်။ ဆက်လက်၍ ငွေသွင်း၊ ငွေထုတ် လုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန်စေရေးအတွက် ငွေလွှဲကောင်တာများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အလိုအလျောက်ငွေထုတ်စက် စနစ်အသုံးပြုရန်အတွက် စမ်းသပ်ဆောင်ရွက်ခြင်း၊ ငွေစုဘဏ်စာရင်း လွှဲပြောင်းထုတ်ယူနိုင်သော ဘဏ်ခွဲ အရေအတွက် တိုးချဲ့ခွင့်ပြုခြင်း စသည်တို့ကိုလည်း ဆက်လက် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်၊

(ဃ) မြန်မာ့အာမခံလုပ်ငန်းသည် ၂၀၁၄ ခုနှစ် မေလမှစ၍ အဝေးပြေး လမ်းမကြီး များ ဆိုင်ရာအထူးခရီးသွားအာမခံလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။ ထို့ပြင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) စသည့် အဖွဲ့အစည်းများနှင့် နှစ်ဖက် သဘောတူ နားလည်မှု စာချုပ်များ ချုပ်ဆိုခဲ့ပါသည်၊

(င) တိုင်းဒေသကြီး/ပြည်နယ်များအားလုံး၌ ဆဋ္ဌမအကြိမ် မော်တော်ဆိုင်ကယ်စီမံချက် (One Stop Service) ဖြင့် တစ်နေရာတည်းတွင် နေ့ချင်းပြီး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်များအတွက် သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံကြေးငွေ လက်ခံကောင်တာများ ဖွင့်လှစ်၍ ပြည်သူများ အဆင်ပြေ ချောမွေ့စေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(စ) သမဝါ ယမ ငွေစုငွေချေးအသင်းများ၊ အသင်းသားများ၏ စုဆောင်းငွေများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်/သွင်းကုန်ဘဏ်မှ ရရှိသည့် ချေးငွေများဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ အသင်းသားများအတွက် ချေးငွေများအပြင် လယ်ယာသုံး စက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရေလုပ်ငန်း သုံးပစ္စည်းများအား Hire Purchase စနစ်ဖြင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ ပါသည်၊

(ဆ) ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကဘဏ် (၂၃) ဘဏ်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကုန်ထိ စုစုပေါင်းဘဏ်ခွဲ (၁၀၄၀) ဘဏ် ထပ်မံဖွင့်လှစ်နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ထားရှိသဖြင့် ပြည်သူများ ခေတ်မီဘဏ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာနိုင်ပြီး ပုဂ္ဂလိကဘဏ်များ၏ ဝင်ငွေများလည်း တိုးတက်ရရှိခဲ့ပါသည်၊

(ဇ) ပုဂ္ဂလိကဘဏ်များအပြင် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ (၄၂) ရုံး၊ နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ (၁) ခု၊ ပြည်တွင်း ငွေရေးကြေးရေးကုမ္ပဏီ (၉) ခု ဖွင့်လှစ်ခွင့်ပြုထားရှိပြီး ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်တွင်း၌ နိုင်ငံခြားဘဏ်လုပ်ငန်းများ လုပ်ကိုင်ရန် နိုင်ငံခြားဘဏ် (၉) ဘဏ်အတွက် ကနဦးအတည်ပြုချက်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားဘဏ်လုပ်ငန်းရွေးချယ်ရေး ကော်မတီမှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ပါသည်၊

(ဈ) ပုဂ္ဂလိကအာမခံကုမ္ပဏီများသည် ၂၀၁၄ ခုနှစ် မေလမှစ၍ အဝေးပြေးလမ်းမကြီးများဆိုင်ရာအထူးခရီးသွားအာမခံ (Special Travel Insurance for Highway Roads) ကို တိုးချဲ့လုပ်ကိုင်ခဲ့ကြပါသည်။ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများနှင့် တိုင်းဒေသကြီး/ပြည်နယ် အဝေးပြေးယာဉ်လိုင်းများနှင့် နားလည်မှုစာချုပ်များ ချုပ်ဆိုပြီး အဝေးပြေးခရီးသွား အာမခံလက်မှတ်များကို ရောင်းချနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကအာမခံလုပ်ငန်းများ တိုးတက်စေရန်အတွက် အထွေထွေအာမခံလုပ်ငန်းများကို အမေရိကန်ဒေါ်လာဖြင့် အာမခံလက်ခံ ဆောင်ရွက်ရန် IKBZ Co., Ltd နှင့် Grand Guardian Insurance Public Co., Ltd တို့အား ခွင့်ပြုမိန့်များ ချမှတ်ပေးထားပြီး လုပ်ငန်းများဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါသည်၊

(ည) မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအဖြစ် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပုဂ္ဂလိက အသေးစား ငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့အစည်းများအား ဥပဒေနှင့်အညီ တရားဝင် လိုင်စင်များ ခွင့်ပြုပေးခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ တိုင်းဒေသကြီး/ ပြည်နယ် များတွင် NGO (၂၈) ဖွဲ့၊ INGO (၃၂) ဖွဲ့၊သမဝါ ယမ (၈၆) ဖွဲ့၊ ပြည်ပကုမ္ပဏီ (၄၃) ဖွဲ့၊ ပြည်တွင်း ကုမ္ပဏီ (၁၃၇) ဖွဲ့၊ အစုစပ်ကုမ္ပဏီ (၂) ဖွဲ့၊ စုစုပေါင်း (၃၂၈) ဖွဲ့အား လုပ်ငန်းလိုင်စင်များ တိုးချဲ့ ထုတ်ပေးခဲ့ပါသည်၊

(ဋ) ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း၍ အစိုးရငွေတိုက်လက်မှတ် (Treasury Bills) များကို လေလံစနစ်ဖြင့် စတင်ရောင်းချခဲ့ပါသည်။ လေလံတွင် နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားသည့် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသော ပုဂ္ဂလိကဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ အားလုံး ပါဝင်ခွင့်ရှိပါသည်၊

(ဌ) ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် သတ်မှတ်ချက်များကို ထုတ်ပြန် ကြေညာပါသည်။

ပုံ (၆ - ၃၃) ငွေရေးကြေးရေးကဏ္ဍ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်
စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ရန်ကုန်တိုင်းဒေသကြီး တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း သမဝါယမဘဏ်ခွဲပေါင်း ၂၀ ခု ထပ်မံဖွင့်လှစ်ခဲ့သဖြင့် သမဝါယမပိုင်အခန်း၏ ဝင်ငွေများ တိုးတက်လာပါသည်။ အခြားသောပုဂ္ဂလိက ဘဏ်များမှ ဘဏ်ခွဲစုစုပေါင်း (၁၀၀) ခု တိုးချဲ့ဖွင့်လှစ်၍ ငွေကြေး

ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများ၏ ဝင်ငွေများ ပါဝင်လာခြင်းနှင့် အဝေးပြေးအမြန် လမ်းမကြီးများဆိုင်ရာ အာမခံလုပ်ငန်း တိုးချဲ့လုပ်ဆောင်နိုင်ခဲ့ခြင်း၊ ပုဂ္ဂလိကအသေးစား ငွေစုငွေချေးအဖွဲ့၏ ဝင်ငွေများပိုမိုလာခြင်းများကြောင့် ရန်ကုန်တိုင်းဒေသကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး မြင့်မားရခြင်းဖြစ်ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ကမ္ဘောဇောဏ်ခွဲ (၇) ခု၊ သမဝါယမဘဏ်ခွဲ (၂)ခု၊ အင်းဝဘဏ်ခွဲ (၁)ခု ၊ စုစုပေါင်း ဘဏ်ခွဲ (၁၀)ခု အသစ်ဖွင့်လှစ်ခြင်း ၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်ခွဲ၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲစသည့် ပုဂ္ဂလိကဘဏ်များ၏ ဝင်ငွေများ တိုးမြင့်လာသောကြောင့် အသားတင်ဝန်ဆောင်မှုတန်ဖိုး တိုးတက်လာခြင်း ဖြစ်ပါသည်။

ကရင်ပြည်နယ်တွင် မော်တော်ဆိုင်ကယ်စီမံချက်အား (One Stop Service) ဖြင့် တစ်နေရာတည်းတွင် နေ့ချင်းပြီး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်များအတွက် သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံကြေးငွေလက်ခံ ဆောင်ရွက်ပေးခြင်းများကြောင့် အဓိကအားဖြင့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်း၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးကို မတ်လကုန်အထိ **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁,၈၈၆,၂၂၂.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ ၂၁.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းအပေါ်မတ်လကုန်ထိ

စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်း

ပုံ(၆ -၃၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၆ - ၃၅)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် မတ်လကုန်အထိ **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် ၂,၀၂၅,၅၃၄.၂ သန်းရရှိခဲ့၍ ရည်မှန်းချက်၏ ၁၀၇.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ယခင်နှစ်ကထက် ၁၁.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ (၆ - ၃၆)လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)



ဇယား၌ပြ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဧပြီလမှစ၍ နိုင်ငံ့ဝန်ထမ်းများ၏လစာငွေကျပ် (၂၀,၀၀၀) တိုးမြှင့်လာခြင်း၊ သဘာဝပတ်ဝန်းကျင် နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီး ဌာနများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်များတွင် လိုအပ်သော ဆေးဝါးများ ယခင်နှစ်ကထက် ပိုမိုထောက်ပံ့ခြင်း၊ ပုဂ္ဂလိကပိုင် အဖွဲ့အစည်းများ၏ လစာနှင့် အသုံးစရိတ်များ တိုးလာခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့သည် ဖွဲ့စည်းပုံအသစ်အရ ဝန်ထမ်းအင်အားတိုးချဲ့ခြင်းတို့ကြောင့် ယခင်နှစ်ကထက် ၁၁.၈ ရာခိုင်နှုန်း တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးကို ရည်မှန်းချက် ထားရှိပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ နှင့် အများပြည်သူတို့ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိစေရေး အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အမှုပေါင်း (၁၃၆) မှုကို အရေးယူခဲ့ရာ လူကုန်ကူးခံရသူ (၃၉၉) ဦးတို့ကို ကယ်တင်နိုင်ခဲ့ပြီး တရားမဝင်ရွှေ့ပြောင်းသွားလာသူ (၁,၀၀၄) ဦးတို့ကို နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပါသည်။ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်သူ မြန်မာရွှေ့ပြောင်းအလုပ်သမား (၁၄၉၃)ဦးအား မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံပေးခဲ့ပြီး တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှား နိုင်ငံတို့မှ လူကုန်ကူးခံရသူ စုစုပေါင်း (၃၂၈) ဦးတို့အား လွှဲပြောင်းပေးခဲ့ပါသည်၊

(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ဘိန်းခင်းပေါင်း(၃၂,၂၃၇.၆၆)ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည် မြန်မာနိုင်ငံကူးလက်မှတ် စုစုပေါင်း (၁၉၆,၀၁၅) ကို ထုတ်ပေးခဲ့ပါသည်၊

(ဂ) နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်အတွက် မြို့ပြ/ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာဆု ချီးမြှင့်ရေးလုပ်ငန်း ကော်မတီမှ အောက်ပါဆု(၉)မျိုးအား ချီးမြှင့်ပေးအပ်နိုင်ရေး အမှတ်ပေးဇယားများဖြင့် စိစစ်ရွေးချယ် ဆောင်ရွက်ခဲ့ ပါသည်-

(က) ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆု

(ခ) ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးစံပြကျေးရွာဆု

(ဂ) စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု

(ဃ) စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု

(င) မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု

(စ) မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု

(ဆ) ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု

(ဇ) စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဆု

(ဈ) စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ်စည်ပင်သာယာရေးကော်မတီဆု

(ဃ) အမျိုးသားရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီသည် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ သဘာဝဘေး အန္တရာယ်ဖြစ်ပွားမှု(၅၃၃)ကြိမ်တွင် အိမ်ခြေ (၁၂,၉၄၉) လုံး၊ ဒုက္ခသည်ပေါင်း (၄၄,၃၆၉) ဦးအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်၊

(ဂ) နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီသည် နိုင်ငံသား (၁,၀၇၂) ဦး နှင့် နိုင်ငံခြားသား (၃၉၁) ဦးတို့အား အမည်မည်းစာရင်း စိစစ်ပေးခဲ့ပြီး နိုင်ငံသား(၈၄)ဦးအား အမည်မည်းစာရင်းရေးသွင်းခဲ့ပါသည်။ ထို့အပြင် နိုင်ငံသား (၈၉)ဦးအား အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးခဲ့ပါသည်။ INGO အသင်းအဖွဲ့ စုစုပေါင်း(၁၄)ဖွဲ့တွင် ပါဝင်သော အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံသား (၄၄) ဦးနှင့် နိုင်ငံခြားသားဦးရေ(၂၀) စုစုပေါင်း (၆၄) ဦးတို့အား စိစစ်ပေးနိုင်ခဲ့ပါသည်၊

(စ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင် ဆက်သွယ်ရေးနှင့်သတင်းနည်းပညာဌာန၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးနှင့် ခါတုဗေဒစစ်ဆေးရေးဌာနများ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်း၊ မှုခင်းရဲတပ်ဖွဲ့တွင် တပ်ဖွဲ့စု(၄)စု ထပ်မံတိုးချဲ့ဖွဲ့စည်းခြင်း၊ ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အသစ်တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အင်ကြင်းသပိုးကျေးရွာအုပ်စုတွင် အေးညိမ်းသာယာကျေးရွာ(၁)ရွာ၊ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာခရိုင် လယ်ဝေးမြို့နယ်တွင် အမှတ်(၇) ရပ်ကွက် (၁) ခု၊ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်တွင် ကမ်းထောင့်ကြီးကျေးရွာအုပ်စုအား ရပ်ကွက် (၅) ရပ်ကွက်ပါဝင်သော ကမ်းထောင့်ကြီးမြို့အဖြစ် လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာခရိုင် လယ်ဝေးမြို့နယ်တွင် ကျေးရွာအုပ်စု (၁) အုပ်စုတိုးချဲ့၍ ကျေးရွာအုပ်စု (၂) အုပ်စုအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဖာသင်းကျေးရွာအုပ်စုနှင့် ဖာသင်းကျေးရွာအား ရွှေသင်းကျေးရွာအုပ်စုနှင့် ရွှေသင်းကျေးရွာအဖြစ် အမည်ပြောင်းလဲခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အတွင်းရှိ တောင်အူကျေးရွာအုပ်စုနှင့် တောင်အူကျေးရွာအား တောင်ဦးကျေးရွာအုပ်စုနှင့် တောင်ဦးကျေးရွာအဖြစ် အမည်ပြောင်းလဲခြင်းနှင့် ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာအုပ်စု နယ်နိမိတ်အတွင်းမှ တဲအိမ်စုများအား ရွာသစ်ကေကျေးရွာအုပ်စု နယ်နိမိတ်အတွင်းသို့ ထည့်သွင်းဖွဲ့စည်း၍ အောင်မင်္ဂလာ ကျေးရွာအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းများ အမိန့်ကြော်ငြာစာများ ထုတ်ပြန် ဆောင်ရွက်ပေးခဲ့သည်၊

(ဇ) မိုးညှင်းခရိုင်၊ ဟားခါးခရိုင်၊ ရွှေဘိုခရိုင်၊ ပဲခူးခရိုင်၊ သာယာဝတီခရိုင်၊ မင်းဘူး ခရိုင်၊ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်၊ မော်လမြိုင်ခရိုင်၊ မြောက်ဦးခရိုင်၊ မြင်းခြံခရိုင်နှင့်

မအူပင်ခရိုင်တို့တွင် ကျေးရွာများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စုများ တိုးချဲ့ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ရပ်ကွက်များအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ မြို့များအဖြစ် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခြင်းတို့ကို လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး ကော်မတီသို့ တင်ပြထားခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အမှာစာ တင်ပြထား ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) တိုင်းဒေသကြီး/ပြည်နယ်များတွင် ခရိုင်(၇၄)ခရိုင်၊ မြို့နယ်(၃၃၀) မြို့နယ်၊ မြို့(၄၂၂)မြို့၊ ရပ်ကွက်(၃,၁၈၃)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၃,၆၀၂)အုပ်စု၊ ကျေးရွာ (၆၃,၈၆၀) ရွာ တည်ရှိပါသည်။ မြေယာစီမံခန့်ခွဲမှုတွင် စုစုပေါင်း (၁၀,၈၄၅) ခု၊ ယစ်မျိုးစီမံခန့်ခွဲမှုတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ယစ်မျိုး လိုင်စင် (၄၁,၂၁၀) ခု ခွင့်ပြုထားပြီး အခွန်လေးမျိုးအတွက် ကျပ်သန်းပေါင်း (၁၆,၈၃၉.၂၈၀) ကောက်ခံရရှိသဖြင့် (၁၀၆.၇၈)ရာခိုင်နှုန်း ကောက်ခံရရှိပြီး ဖြစ်ပါ သည်၊

(ည) မြန်မာနိုင်ငံ၏ကောင်းမွန်သောအုပ်ချုပ်မှုလုပ်ငန်းစဉ်ဆိုင်ရာဖိုရမ် (Myanmar Good Governance Forum) ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှ (၂၅) ရက်နေ့အထိ နေပြည်တော် MICC II တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်(United Nations Development Programme- UNDP) နှင့်ပူးတွဲ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဋ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် စုံစမ်းမှုများမှ သိမ်းဆည်းရမိသည့် ပစ္စည်းနှင့်ငွေတန်ဖိုး၊ တရားရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမိသည့် ပစ္စည်းနှင့် ငွေတန်ဖိုးနှင့် တရားရုံးမှဒဏ်ရိုက်သည့် ဒဏ်ကြေးငွေများ စုစုပေါင်းငွေ (၃၁၇,၆၁၉,၆၉၅)ကျပ် ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရရှိခဲ့ပါသည်၊

(ဌ) လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကျင့်ထုံး-၄၀၁(၁)အရ နိုင်ငံသားအကျဉ်းသား (၃,၀၁၈) ဦး နိုင်ငံခြားသား အကျဉ်းသား (၅၈) ဦး တို့ကို လွှတ်ပေးခဲ့ပါသည်၊

(ဍ) အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)တို့နှင့် ပူးပေါင်း၍ စစ်တွေအကျဉ်းထောင်၊ ကျိုင်းတုံအကျဉ်းထောင်၊ ကော့သောင်းအကျဉ်းထောင်၊ ထုံးဘို (အမှတ်-၂) နှင့် ထုံးဘို(အမျိုးသမီး)စခန်း၊ သံတွဲအကျဉ်းထောင်၊ မော်လမြိုင်အကျဉ်းထောင်၊ ဗန်းမော်အကျဉ်းထောင်၊ လားရှိုးအကျဉ်းထောင်၊ ကျောက်ဖြူအကျဉ်းထောင်၊ မန္တလေးဗဟိုအကျဉ်းထောင်၊ အင်္ဂါဘိုရာဘာစခန်း၊ သာယာဝတီဗဟိုအကျဉ်းထောင်၊ ဟိုခိုစခန်း၊ လွင်ကြီးစခန်း၊ ထုံးဘိုအမှတ်(၁)ကျောက်ထုတ်စခန်း၊ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် ရာဇဂြိုဟ်(၁/၂) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု

အတတ်သင်စခန်းတို့တွင် ရေနှင့်သန့်ရှင်းမှုဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း လုပ်ငန်းများအပြင် အကျဉ်းထောင်များ ဝင်ရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ပါသည်၊

(ဃ) မီးသတ်ဦးစီးဌာနသည် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အဖွဲ့အဆင့်ဆင့်ကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် (၁၄) ဖွဲ့၊ ခရိုင်အဆင့် (၆၃) ဖွဲ့၊ မြို့နယ်အဆင့် (၃၂၂) ဖွဲ့၊ ရပ်ကွက်အဆင့် (၂,၃၀၂) ဖွဲ့၊ ကျေးရွာအဆင့် (၅,၇၅၈) ဖွဲ့၊ စုစုပေါင်း (၈,၄၅၉) ဖွဲ့ကိုဖွဲ့စည်းနိုင်ခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်များ၌ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၂၁၆) ကြိမ် ဖွင့်လှစ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင် (၈,၇၂၈) ဦးကို သင်ကြားပို့ချခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည် -

(က) တပ်မတော်အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံတော်အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ၊ အရေးကြီးအဆောက်အဦများ၊ လေယာဉ်ကွင်းများ၊ စီမံကိန်းဝင်တည်ဆောက်ရေးလုပ်ငန်းများအား လုံခြုံရေး အပြည့်အဝ ဆောင်ရွက်ပေးခြင်းနှင့်တပ်စခန်းများသို့ ရိက္ခာဖြည့်တင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း နိုင်ငံတော်အစိုးရနှင့် SSA (ရွက်ဆစ်)အဖွဲ့တို့သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါသည်၊

(ခ) ရှမ်းပြည်နယ်အတွင်း နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လောက်ကိုင်နယ်မြေအတွင်း ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အင်အားစုများနှင့် တွေ့ဆုံတိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပါသည်။ တိုက်ခိုက်ရေးရဟတ်ယာဉ်တို့ဖြင့် ပစ်ကူပေးခြင်း၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု ကြောင့် ယင်းတို့၏ရည်ရွယ်ချက် ပျက်ပြားအောင် တားဆီးနိုင်ခဲ့ပါသည်၊

(ဂ) ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အကြမ်းဖက်သောင်းကျန်းသူနယ်မြေများတွင် ခိုအောင်းလှုပ်ရှားပြီး တိုက်ခိုက်ခြင်းနှင့် အဖျက်အမှောက် လုပ်ငန်းများမပြုလုပ်စေရေးနှင့် တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ၏ လုံခြုံရေး၊ နိုင်ငံခြားသားပညာရှင်များ၏ လုံခြုံရေးတို့ကိုလည်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်၊

(ဃ) တနင်္သာရီတိုင်းဒေသကြီးအတွင်း ပင်လယ်ပြင်စိုးမိုးရေးကို နယ်မြေခံ ပြည်သူ့စစ်အဖွဲ့များနှင့်ပူးပေါင်း၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရေဖြူ၊ထားဝယ်၊ သရက်ချောင်း၊

ပုလော၊ ကျွန်းစု၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း မြို့နယ်များအတွင်းနှင့် နယ်စပ်ဒေသတစ်လျောက်ရှိ အကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများဖြင့် ရှင်းလင်းခဲ့ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တစ်လျှောက် နယ်စပ်ဒေသရှိ သောင်းကျန်းသူများအား နယ်မြေများတွင် ဝင်ရောက် အခြေချမလှုပ်ရှားနိုင်အောင်လည်း တားဆီးကာကွယ်နိုင်ခဲ့ပါသည်၊

(ဂ) မြန်မာ့ပင်လယ်ပြင်ပိုင်နက်လုံခြုံရေးကို စစ်ဆင်ရေးနှင့် လုံခြုံရေးတိုက်ကင်းများလှည့်ခြင်း၊ လေကြောင်းပိုင်နက်လုံခြုံရေးကို လေကြောင်းကင်းထောက်ခြင်း၊ ကင်းလှည့်ခြင်းများဖြင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်၊

(စ) တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဒေသခံတိုင်းရင်းသား လူနာစုစုပေါင်း (၁၉၆,၃၃၁) ဦးတို့ကို အခမဲ့ဆေးဝါးကုသပေးခဲ့ပါသည်၊

(ဆ) မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး မြေထိန်းနံရံ ကျောက်တုံးများနှင့် မြေသားများ ပြိုကျခြင်းနှင့် ကျေးရွာအတွင်းသို့ ရေနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သဖြင့် ရေဘေးသင့် ပြည်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခြင်း၊ သဲဗြုံးအိတ်များ ချထားခြင်း၊ ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ပဲခူးတိုင်း ဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာခြင်းကြောင့် ပဲခူးမြို့ပေါ် ရပ်ကွက် (၇)ရပ်ကွက် ရေဝင်သဖြင့် ရေဘေးသင့် ပြည်သူများအား ခေါက်ဆွဲခြောက်၊ ထမင်းထုပ်၊ ရေသန့်ဗူး နှင့် ခေါက်ဆွဲကြော်တို့အား ထောက်ပံ့ပေးခဲ့ပါသည်၊

(ဇ) တပ်မတော်အနေဖြင့် စစ်ဆင်ရေး၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းတာဝန်များအပြင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ဘိန်းခင်းများကိုလည်း ဖျက်ဆီးနိုင်ခဲ့ပါသည်။ သစ်တောထွက်ပစ္စည်းများ တရားမဝင်သစ်ထုတ်ခြင်း၊ မှောင်ခို သယ်ဆောင်ခြင်း ဖော်ထုတ်စစ်ဆေးမှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံးမှ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်ပစ္စည်း (၄၂)မျိုးကို ထုတ်လုပ်ပေးသွင်းခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန။ နယ်စပ်ရေးရာဝန်ကြီးဌာနသည် လုပ်ငန်းများကို အကောင်အထည်ဖော်ရန် ရည်မှန်းချက်(၈)ရပ်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်-

(က) နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းတံတား လုပ်ငန်းအနေဖြင့် လုပ်ငန်းပြီးစီးမှုမှာမြေလမ်း (၁,၄၀၁/၀) မိုင်၊ ကျောက်လမ်း (၅၈၂/၀) မိုင်၊ ကတ္တရာလမ်း (၁၆၁/၄) မိုင်နှင့်လမ်းပြုပြင်ထိန်းသိမ်းခြင်း (၄၄၄/၀) မိုင် ဆောင်ရွက်ပြီးစီးခဲ့ပြီး တံတားကြီး(၄၄)စင်း၊ တံတားငယ်(၁,၄၄၁) စင်း၊ ကြိုးတံတား(၄၀)စင်းနှင့်ရေပြွန်(၇၄၈)ခု တည်ဆောက်ခဲ့ပါသည်၊

(ခ) ပညာရေးလုပ်ငန်းအနေဖြင့် အထက်တန်းကျောင်း(၂)ကျောင်း တည်ဆောက်ပေးခြင်းနှင့် မူလတန်းကျောင်း(၅)ကျောင်းကို အလယ်တန်းအဆင့်မြှင့်တင်တည်ဆောက်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးမြေ (၃,၆၆၀) ဧက ကိုဖော်ထုတ်ပေးခြင်း၊ အိမ်ထောင်စု (၄,၅၄၄)စုကို ဆိုလာတပ်ဆင်ပေးခြင်း၊ မြို့နယ် (၈၅)မြို့တွင် ရေအားလျှပ်စစ် တည်ဆောက်ပေးခြင်း၊ တန်ဘိုးနည်းအိမ်ရာ (၃၆၄)လုံး နှင့် ဝန်ထမ်းအိမ်ရာ (၁၂၃)လုံး တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အိန္ဒိယနိုင်ငံတို့ ပူးပေါင်း၍ မြန်မာ-အိန္ဒိယနယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတို့တွင် တံတားများဆောက်လုပ်ခြင်းနှင့် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်၊

(ဃ) ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် စာသင်ကျောင်း (၂၂) ကျောင်း ဆောက်လုပ်ပေးခြင်း၊ ဆေးပေးခန်း(၁၂)ခုဆောက်လုပ်ပေးခြင်း၊ ရေရရှိရေးလုပ်ငန်းများ၊ ဆေးဝါးထောက်ပံ့ရေးနှင့် အစားအစာထောက်ပံ့ခြင်းများကို SWISS Agency For Development Cooperation (SDC) နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်၊

(င) ရခိုင်ပြည်နယ်၊ မင်းပြား၊ မောင်တောနှင့် ဘူးသီးတောင် မြို့နယ်တို့တွင် အခြေခံပညာမူလတန်းကျောင်းများကို အင်ဒိုနီးရှားနိုင်ငံနှင့် ပူးပေါင်း၍ တည်ဆောက်ပေးခဲ့သည်၊

(စ) လူမှုအသိုက်အဝန်းအတွင်း သဟဇာတဖြစ်စေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပံ့ပိုးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး အထောက်အပံ့နှင့်

လူမှုကာကွယ်ရေးသင်တန်းများ၊ လမ်းတံတားနှင့် အခြေခံအဆောက်အအုံများ အားကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် United Nations Development Programme (UNDP) နှင့်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကျေးရွာအခြေပြု လူထုစွမ်းရည်မြှင့်တင်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ရေနှင့်သန့်ရှင်းရေးလုပ်ငန်းနှင့် တန်ဘိုးနည်း အိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းများအား United Nations High Commissioner for Refugees (UNHCR) နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) မြန်မာနိုင်ငံအသွင်ကူးပြောင်းရေး ကာလအတွင်း အခက်အခဲ ကြုံတွေ့နေရသော ဒေသများတွင် စားနပ်ရိက္ခာလုံခြုံမှုမရှိခြင်းအား လျော့နည်းစေရေးနှင့် အာဟာရချို့တဲ့မှုမရှိစေရေး ထောက်ပံ့ကူညီပေးမည့် စီမံကိန်းအား ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးများတွင် World Food Programme (WFP)နှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာသင်ကျောင်းများ ဆောက်လုပ်ခြင်းနှင့် စာသင်ကျောင်းများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ရှမ်းပြည်နယ်တွင် Nippon Foundation (စေတနာ) နှင့် ပူးပေါင်း၍လည်းကောင်း၊ စာသင်ကျောင်းဆောက်လုပ်ခြင်း စီမံကိန်းအား ရခိုင်ပြည်နယ်တွင် Nippon Foundation (BAJ)နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(ည) သဘာဝအရင်းအမြစ်များရေရှည်တည်တံ့စေရန် စီမံခန့်ခွဲခြင်းနှင့် စိုက်ပျိုးရေးနည်းပညာဆိုင်ရာအထောက်အကူပေးခြင်း လုပ်ငန်းနှင့်ပတ်သက်သော လုပ်ငန်း(၇)ခုကို Groupe de Recherches et d'Echanges Technologiques (GRET) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်၊

(၎) ကျန်းမာရေး၊ သောက်သုံးရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးစီမံကိန်းအား ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ကျန်းမာရေးလုပ်ငန်းနှင့် ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများအား Malteser International နှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်၊

(၅) ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အမျိုးသမီးဖွံ့ဖြိုးမှုလုပ်ငန်းများအား Swiss Foundation for Development Cooperation (SWISSAID) နှင့်ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(၃) အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းအား ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် Welthungerhilfe (Whh) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်၊

(၀) ကျေးရွာလူထုဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ပညာရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်း၊ အသေးစားစီးပွားရေးနှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ သဘာဝဘေး ကြိုတင် ကာကွယ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးစီမံကိန်းအား ကရင်ပြည်နယ်တွင် World Vision Myanmar နှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ Terra People Association (TPA) နှင့် ပူးပေါင်း၍ လည်းကောင်း၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူတို့တွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်ရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေး၊ ကျောင်းထောက်ပံ့ရေးလုပ်ငန်းများအား The Association of Medical Doctors of Asia (AMDA) နှင့်ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(တ) ၂၀၁၄-၂၀၁၅ စာသင်နှစ်တွင် လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းများမှ ကျား(၂,၆၉၉)ဦး၊ မ(၇၇၈) ဦး၊ စုစုပေါင်း (၃,၄၇၇)ဦး တို့ကို အခြေခံပညာ သင်ကြားပေးခဲ့ပါ သည်။ Bridge Asia Japan (BAJ) အဖွဲ့အစည်းနှင့် ပူးပေါင်း ဖွင့်လှစ်သည့် ထားဝယ် စက်မှုလက်မှုသင်တန်းကျောင်းကို ၁၅-၁၂-၂၀၁၄ ရက်နေ့ တွင်ဖွင့်လှစ်ခဲ့ပါသည်၊

(ထ) လောက်ကိုင်၊ လပွတ္တာ၊ ဘားအံနှင့်ထားဝယ် စက်မှုလက်မှုအထက်တန်းကျောင်း တို့မှ သင်တန်းသား (၃၁၉)ဦးနှင့် ပရဟိတဘုန်းတော်ကြီးကျောင်း (၂၈) ကျောင်း မှ ကျောင်းသား(၃,၁၉၀)ဦးတို့ကို သင်ကြားပေးခဲ့ပါသည်၊

(ဒ) တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်း၊ ရန်ကုန်မြို့တွင် "အသက်မွေးမှုပညာလေ့ကျင့်ရေးသင်တန်းကျောင်း (စက်/အလုပ်ရုံ)" ဖွင့်လှစ်ပြီး စက်ပြင်သင်တန်း၊ အခြေခံလျှပ်စစ်နှင့် အီလက်ထရွန်နစ်သင်တန်း၊ လျှပ်စစ် ဂဟေဆက်သင်တန်းတို့ကို သင်ကြားပေးလျက် ရှိပါသည်၊

(ဓ) အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (၃၇) ကျောင်း တွင် အခြေခံစက်ချုပ်၊ အဆင့်မြှင့်စက်ချုပ်၊ သိုးမွေး၊ ဂျပ်ခုတ်၊ ရက်ကန်း စသည့် သင်တန်းများကို ဖွင့်လှစ်ပေးပြီး သင်တန်းသူ၊ စုစုပေါင်း (၅,၉၅၃) ဦး သင်ကြား ပေးခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန။ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်ရေး နယ်နိမိတ် သတ်မှတ်ခြင်းများအား ဆောင်ရွက်ရန်နှင့် မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏ အကျိုးကို ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် မူဝါဒများချမှတ် ဆောင်ရွက်လျက် ရှိပါသည်။

(က) နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးရာ မူဝါဒကော်မတီ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အပါအဝင် အခြားဝန်ကြီးဌာနများမှ အမှာစာ (၅,၄၃၉) စောင်၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအစည်းအဝေးသို့ အမှာစာစောင်ရေ (၅၀)၊ စီးပွားရေးရာကော်မတီ အစည်းအဝေးသို့ အမှာစာ (၁၄)စောင်၊ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုရေးရာ ကော်မတီ အစည်းအဝေးသို့ အမှာစာ(၂)စောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးသို့ အမှာစာ (၂၈) စောင်တို့ကို စိစစ်လက်ခံခြင်း၊ နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ခ) အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (၂)ကြိမ်ဖွင့်လှစ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနတို့မှ သင်တန်းသားများနှင့် ပြင်ပသင်တန်းသားများ စုစုပေါင်းသင်တန်းသား(၃၄၃)ဦး တက်ရောက်ခဲ့ ကြပါသည်၊

(ဂ) သံတမန်ရေးရာသင်တန်း (၂) ကြိမ် ဖွင့်လှစ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သင်တန်းသားဦးရေ (၅၀) တက်ရောက်ခဲ့ပါသည်၊

(ဃ) မြန်မာ-အီးယူ ပထမအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို နေပြည်တော်၊ သင်္ဂီဟတိုတယ်၌ ၂၀၁၄ ခုနှစ်၊ မေလ (၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊

(င) မြန်မာ-ဂျပန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲကို (၁၉-၅-၂၀၁၄) ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို (၂၆-၂-၂၀၁၅)ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပခဲ့ပါသည်၊

(စ) အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် ကျင်းပသည့် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် ခဲ့ပါသည်၊

(ဆ) ဒုတိယအကြိမ်မြောက် မြန်မာ-အမေရိကန် လူ့အခွင့်အရေးဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ ဧန်နဝါရီလ (၁၄- ၁၅)ရက်နေ့များတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပခဲ့ပါသည်၊

(ဇ) ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂဌာနချုပ်၌ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ တွင် ကျင်းပပြုလုပ်သည့် ဇီဝလက်နက်တားဆီး ပိတ်ပင်ရေးစာချုပ် အဖွဲ့ဝင် နိုင်ငံများ အစည်းအဝေးတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်က မြန်မာနိုင်ငံ မှ ၁၉၇၂ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် ဇီဝလက်နက်တားဆီးပိတ်ပင်ရေး စာချုပ်အား အတည်ပြုပါဝင်သည့် စာချွန်လွှာအား စာချုပ်ထိန်းသိမ်းသည့် နိုင်ငံများဖြစ်သော ရုရှားဖက်ဒရေးရှင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စုကိုယ်စားလှယ်များထံသို့ ပေးအပ်ခဲ့ပါသည်၊

(ဈ) ကမ္ဘာ့ နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် Universal Periodic Review (UPR) နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကြီးမှူး၍ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၌ နေပြည်တော်ရှိ၊ အမရာဟိုတယ်တွင် ကျင်းပခဲ့ပါသည်၊

(ည) မြန်မာ-ဂျပန် တတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဋ) ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများ၊ ဂျပန်နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးခဲ့ကြပါသည်၊

(ဌ) ဖင်လန်နိုင်ငံ၊ ဟယ်လ်ဆင်ကီမြို့တွင် ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော (၉)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် ကျွမ်းကျင်သူပညာရှင်များနှင့် ထင်ပေါ်ကျော်ကြားသူများအဖွဲ့ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်၊

(ဍ) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၅ခုနှစ် အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်၊

(ဎ) ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် အုပ်ချုပ်ရေးမှူးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူးတို့ ဦးဆောင်သည့် ပူးတွဲကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့အနီးရှိ သက္ကေပြင် ဘင်္ဂလီကယ်ဆယ်ရေးစခန်းနှင့် အုန်းရေပေါ် ရခိုင်ကျေးရွာတို့သို့ သွားရောက်လေ့လာခွင့်ပြုခဲ့သည့်အတွက် ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီ များ၊ ရခိုင်ပြည်နယ် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများ ပေးအပ်ရန် ဆွေးနွေးနိုင်ခဲ့ကြပါသည်၊

(ဏ) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာစီ)၏ အလှူရှင်များအဖွဲ့မှ ကိုယ်စားလှယ်(၁၂)ဦးနှင့် ဆွစ်ဇာလန်နိုင်ငံရှိ အိုင်စီအာစီ ဌာနချုပ်မှ ကိုယ်စားလှယ် (၃)ဦးတို့သည် ၂၀၁၅ခုနှစ်၊ မတ်လ (၈-၁၄)ရက်နေ့အထိ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့သို့ သွားရောက်ခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ။ ပြည်သူ့ဟိုပြု ဝန်ဆောင်မှု အသိပညာပေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်ခြင်း၊ စာပေဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာအောင် ဆောင်ရွက်ခြင်း၊ မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်း မြှင့်တင်ခြင်းတို့ကို အဓိကထားဆောင်ရွက်ရန် အပါအဝင် လုပ်ငန်းစဉ် (၃၃) ရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည် -

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဦးစီးဌာနသည် ပြန်ကြားပေးရန် (၁၂၈,၇၁၁)ကြိမ်၊ ပညာပေးရန် (၄၆,၇၃၀) ကြိမ် နှင့် ဖျော်ဖြေပေးရန် (၁၀၈,၇၄၇) ကြိမ် အပေါ် ပြန်ကြားပေးရန် (၁၈၅,၅၅၄) ကြိမ်၊ ပညာပေးရန် (၅၈,၈၄၅) ကြိမ်၊ ဖျော်ဖြေပေးရန် (၁၂၂,၅၁၆) ကြိမ် ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(ခ) နေပြည်တော်(တပ်ကုန်း)တွင် Fiber Network ဆောင်ရွက်ခြင်း၊ UPS လိုင်းသွယ်တန်းခြင်း၊ Fiber လိုင်းအသစ်ဆွဲခြင်း၊ Solar System ပစ္စည်းများနှင့် DVB-T2 Transmitter ဝယ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဂ) ဒုံဟီးစက်ရုံ (50W)၊ အမာစက်ရုံ (1KW)၊ မိုပိုင်းလွတ်စက်ရုံ (50W)၊ ဟသ်ာတစက်ရုံ (1KW)၊ မိုင်းယု (၁၀၅) မိုင်စက်ရုံ (50W) နှင့် မာန်ဟီးရိုး (စယ်လန့်) စက်ရုံ (50W) စုစုပေါင်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (၆)ရုံကို တိုးချဲ့ တည်ဆောက်ပြီးရုပ်သံအစီအစဉ်များအား ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်၊

(ဃ) ဒီဂျစ်တယ်စနစ်ဖြစ်သည့် DVB-T2 စနစ်ဖြင့်ထုတ်လွှင့်ရာတွင် စုစုပေါင်းစက်ရုံ (၆၄) ရုံတို့တွင် DVB-T2 စက်များ တပ်ဆင်ပြီး Channel (၁၄) ခုကို ထုတ်လွှင့်ပေးလျက် ရှိပါသည်၊

(င) Radio FM လွှင့်စက်များကို စုစုပေါင်းစက်ရုံ (၂၄) ရုံတွင် တပ်ဆင်ပြီး မြန်မာပိုင်းရေဒီယိုအစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိပါသည်၊

(စ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စံနှင့်ညီကျေးရွာ စာကြည့်တိုက်ပေါင်း (၅,၈၃၂) တိုက် ဖွင့်လှစ်ခဲ့ပြီး၊ ရပ်ကွက်စာကြည့်တိုက် (၃၆၅) တိုက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) တိုင်းဒေသကြီး/ ပြည်နယ် (၁၅) ရုံးခွဲ ADSL (၁၁) ရုံးနှင့် SkyNet (၃) ရုံး စုစုပေါင်း (၁၄) ရုံး ၊ ခရိုင်ရုံး (၇၂) ရုံးတွင် ADSL (၄၃) ရုံး၊ SkyNet(၁၉)ရုံး စုစုပေါင်း(၆၂) ရုံးတပ်ဆင်ပြီး ဖြစ်ပါသည်၊

(ဇ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ ခရိုင်ရုံး (၄၃) ရုံးနှင့် မြို့နယ်ရုံး (၃) ရုံး စုစုပေါင်း (၄၆)ရုံးတွင် WiFi များ တပ်ဆင်ပေးပြီး ဖြစ်ပါသည်။ WiFi ထုတ်လွှင့်ပြသခြင်းဖြင့် သတင်းအချက်အလက်များကို လွယ်ကူမြန်ဆန်၍ ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်မည် ဖြစ်ပါသည်၊

(ဈ) ခရိုင်နှင့်မြို့နယ်ရုံး (၄၁၂) ရုံးတွင် မြေစိုက်နံရံကပ်စာစောင်များ စိုက်ထူပြသထားပြီး ပြည်သူကိုဗဟိုပြုသော အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်၊

(ည) နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှု (၁၃,၃၇၇) ကြိမ်၊ လက်ကမ်းစာစောင် ထုတ်ဝေမှု (၁,၀၂၈) ကြိမ်၊ နံရံကပ်စာစောင်ပြသမှု(၁၄,၃၅၅)ကြိမ်၊ ဓာတ်ပုံပြပွဲ (၁၃,၂၈၈) ကြိမ်၊ ဟောပြောပွဲ (၁၂,၈၁၃) ကြိမ် ခင်းကျင်းပြသပေးနိုင်ခဲ့ပါသည်၊

(ဋ) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ကူညီဆောင်ရွက်မှုများဖြင့် e-Library (၁၂) ခု ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်၊

(ဌ) နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့် အခမ်းအနားများ၊ အစည်းအဝေးများနှင့် နွေကြီးရက်ကြီး အခမ်းအနားများတွင် ပုံအရေအတွက် (၁,၂၁၇,၂၀၀) ကို မှတ်တမ်းတင်ခဲ့၍ ဓာတ်ပုံ (၇,၈၉၄)ပုံ ကူးယူခဲ့ပါသည်၊

(ဍ) ဒို့ကျေးရွာဂျာနယ်ကို တစ်လလျှင် (၂) ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရာ အတွဲ(၁၁)၊ အမှတ် (၁၇) မှ အတွဲ (၁၂)၊ အမှတ်(၆) အထိ စောင်ရေ(၁,၁၅၂,၆၇၀) စောင် ပုံနှိပ်ဖြန့်ချိခဲ့ပါသည်၊

(ဎ) ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၏ သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို အများပြည်သူများသိရှိနိုင်ရန် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ခြင်း၊ နေ့စဉ်နိုင်ငံတကာသတင်းများကို ဘာသာပြန်ဆိုပြီး Video File ပြုလုပ်၍ MOI Facebook နှင့် Youtube များ

တွင်လွှင့်တင်ခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးတို့၏ မိန့်ခွန်းများ မှတ်တမ်းပြုစုခြင်း၊ မြန်မာနိုင်ငံသို့ လာရောက်သည့် ပြည်ပသတင်းဌာနများမှ မီဒီယာသမားများအတွက် ပြည်ဝင်ခွင့်ဗီဇာများ ရရှိစေရန် စီစစ်ထောက်ခံမှုများပြုလုပ်ပေးခြင်း၊ လွှတ်တော်များတွင် ဆွေးနွေးမှုတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သတင်းများကို File Transfer Protocol (FTP) စနစ်ဖြင့် ပေးပို့ခဲ့သည့် သတင်းပုဒ်ရေမှာ (၁၆,၄၈၂) ပုဒ် ဖြစ်ပါသည်၊

(ဏ) သတင်းမီဒီယာ နည်းဥပဒေ(မူကြမ်း)ကို ညှိနှိုင်းရေးဆွဲခဲ့ပြီး နည်းဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်၊

(တ) ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ၁၄-၃-၂၀၁၄ ရက်စွဲပါ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၃)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံရေးပါတီထုတ်ဝေခွင့် မှတ်ပုံတင်လျှောက်ထားရာတွင် မှတ်ပုံတင်ကြေး နှင့်အတူ ပေးသွင်းသည့်အာမခံကြေးငွေများကို ၃-၉-၂၀၁၄ ရက်နေ့မှ စတင်၍ သက်ဆိုင်ရာ နိုင်ငံရေးပါတီများသို့ ပြန်လည်ပေးအပ်ခဲ့ပါသည်၊

(ထ) ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာ အမှတ်(၄၈/ ၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်၊

(ဒ) အရာတော်မြို့နယ်ရုံး၊ ပြင်စလူမြို့နယ်ခွဲရုံး၊ ဘောဂလီမြို့နယ်ခွဲရုံး၊ မင်းပြားမြို့နယ်ရုံး၊ ကာလိမြို့နယ်ရုံး၊ ကျောက်ကြီးရုံးဆောက်လုပ်ခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၂၀၀) ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်၊

(ဓ) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနသည် ရုပ်ရှင်ဇာတ်ကား (၁၂၀) ကား၊ ဗီဒီယိုတိပ်ခွေ(၂,၄၀၀) စစ်ဆေးရန် လျှာထားသော်လည်း ဇာတ်ကား (၁၃၇) ကား ၊ ဗီဒီယိုတိပ်ခွေ(၂,၀၉၃) ခွေစစ်ဆေးနိုင်ခဲ့ပါသည်။ သတင်းကား ရိုက်ကူးခြင်းတွင် သတင်းကား (၁၄) ကား လျှာထားခဲ့ရာ (၆)ကား ရိုက်ကူး ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(န) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် စက်ရုံ(၇) ရုံ မှ စာဖောင်ပေါင်း (၁၃၈,၅၃၀,၀၀၀) ပုံနှိပ်နိုင်ခဲ့ပါသည်၊

(ပ) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် မြန်မာ့အလင်း သတင်းစာစောင်ရေ (၅၁၈,၇၆၁)သိန်း၊ ကြေးမုံသတင်းစာစောင်ရေ (၆၄၈,၀၀၀) သိန်း၊ နယူးလိုက်အော့ဖ် မြန်မာသတင်းစာ စောင်ရေ (၂၂,၆၄၅) သိန်း ထုတ်လုပ်နိုင်ခဲ့ပြီး သတင်းလွှာစောင်ရေ(၀.၂၀၂) သိန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန။ ဘာသာအချင်းချင်း ချစ်ခင်ရင်းနှီးစွာ နေထိုင်ရေး၊ ဗုဒ္ဓဘာသာသံဃာတော်အချင်းချင်း ညီညွတ်ရေး အပါအဝင် မူဝါဒ(၇)ရပ်၊ လုပ်ငန်းစဉ်(၂၅)ရပ် တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) နေပြည်တော်၊ ဥပုဒ်တသန္တိပဋ္ဌကတ်ပြတိုက်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) နှင့် ရန်ကုန်မြို့ ပိဋကတ်ပြတိုက် စသည့် (၅) နေရာတို့တွင် e-Library ဖွင့်လှစ်နိုင်ရေးအတွက် ပိဋကတ် (၃) ပုံပါဠိတော်၊ အဋ္ဌကထာစသည့် ဗုဒ္ဓစာပေများ ကို e -Book ပြုလုပ်လျက်ရှိရာ စုစုပေါင်းစာအုပ် (၅၀၄) အုပ်အား e -Book အဖြစ်ပြုစုနိုင်ခဲ့ပြီး (၅၅၄) အုပ် (စာမျက်နှာ ၂၄၂,၂၄၉) Scan ဖတ်ရှုပြီးဖြစ်ပါသည်။ ပြည်ပသာသနာပြုဌာနခွဲ (ရန်ကုန်) တွင် Fiber တပ်ဆင်၍ Website လွှင့်တင်ပြီးပါက e-Library ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါသည်၊

(ခ) ပညာရေးဆောင်ရွက်ချက်များအနေဖြင့် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ စာဖြေဌာန (၁၄၅) ခု၌ နိကာယ်စာမေးပွဲ နှင့် စာဖြေဌာန (၅၀) တို့၌ ဓမ္မာစရိယ (ပါရာဇိကကဏ္ဍပါဠိ အဋ္ဌကထာ) စာမေးပွဲ၊ ပထမပြန်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ ကျင်းပခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။ အဘိဓမ္မာစာဖြေဌာနအသစ်ကို ရန်ကုန်တိုင်းဒေသကြီးအလုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် လိတ္ထူကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တွင် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) ပိဋကတ်ကျမ်းစာအုပ်များ၊ ဗုဒ္ဓဓမ္မစာပေများ၊ ပြင်ပမှဆရာတော် သံဃာတော်များ အပ်နှံသည့် ဘာသာရေးဆိုင်ရာစာအုပ်များကို ပုံနှိပ်ပေးလျက်ရှိရာ ပိဋကတ်ကျမ်းစာအုပ်ကြီး၊ ပိဋကတ် ကျမ်းစာအုပ်သေး၊ ပညာပေးတရားစာအုပ်၊ ပြင်ပလုပ်ငန်းစာအုပ်ကြီး၊ ပြင်ပလုပ်ငန်းစာအုပ်သေးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ကျမ်းစာအုပ်များ၊ စုစုပေါင်း (၁,၈၅၈,၉၅၄) အုပ် ရိုက်နှိပ် ပြီးစီးခဲ့ပါသည်၊

(ဃ) သာသနာပြဋ္ဌာန (၈) ဌာန တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် နယ်စပ်တောင်တန်းဒေသနှင့် ဝေးလံခေါင်သီသော နေရာများတွင် သာသနာပြဋ္ဌာနပေါင်း (၅၆၉) ဌာနရှိပါသည်။ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များအတွက် အစီရင်ခံ သည့်ကာလအတွင်း ဘုန်းတော်ကြီးသင် (မူ/မူလွန်/အလယ်တန်း) ကျောင်း (၇၅) ကျောင်း တိုးမြှင့် ဖွင့်လှစ်ခဲ့သဖြင့် စုစုပေါင်း (၁,၆၀၆) ကျောင်းအထိ ဖွင့်လှစ်နိုင်ခဲ့ပါသည်၊

(င) တရားအားထုတ်ရန် လာရောက်ကြသော နိုင်ငံပေါင်း (၆၇) နိုင်ငံမှ နိုင်ငံခြားသား ရဟန်းတော် (၃၂၇) ပါး၊ သီလရှင် (၁၈၃) ပါး၊ ယောဂီ (၃၅၇) ဦးတို့၏ ပြည်နေခွင့် သက်တမ်းတိုးမြှင့်ခြင်း၊ ပြည်ဝင်ဗီဇာလျှောက်ထားခြင်း၊ ပြည်ပြန်ဝင်ခွင့်ဗီဇာ လျှောက်ထားခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်၊

(စ) ပြည်ပနိုင်ငံများသို့ သာသနာပြုဆောင်ရွက်ရန်နှင့် ဘုရားဖူးကြွရောက် ကြသည့် ရဟန်း (၁,၄၈၈)ပါးနှင့်သီလရှင်(၅၀)ပါး၊ စုစုပေါင်း(၁,၅၃၈)ပါးတို့အတွက် နိုင်ငံကူးလက်မှတ်များ ဆောင်ရွက်ပေးခဲ့ပါသည်၊

(ဆ) ပိဋကတ် ဘာသာပြန် စာတည်းအဖွဲ့က ပိဋကတ်တော် ဘာသာပြန် စာမူများကို တည်းဖြတ်ပေးပြီးနောက် စာမူချော ပြုစုခြင်း၊ စာစီခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဌာနဆိုင်ရာအချက်အလက်များ ပြန်ဆိုစာစီခြင်းလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(၁) အဂ်ိုတ္တရနိကာယ(အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသက) စာအုပ်ထုတ်ရန် ပုံနှိပ်တိုက်သို့ အပ်နှံခြင်း၊

(၂) သံယုတ္တနိကာယ(နိဒါနဝဂ္ဂ)ကို ပိဒ်ရေ (၇၄) မှ (၁၇၀) ထိ တည်းဖြတ် စိစစ်ခြင်း၊

(၃) သံယုတ္တနိကာယ(သဂါထာဝဂ္ဂ)ကိုပိဒ်ရေ (၁၇၂) မှ (၂၆၅) ထိတည်းဖြတ် စိစစ်ခြင်း၊

(၄) သံယုတ္တနိကာယ(သဋ္ဌာယတန)ကို ပိဒ်ရေ (၁) မှ (၆၃) ထိ တည်းဖြတ် စိစစ်ခြင်း၊

(၅) The Role of Fundamental education in Myanmar နှင့် Forest Sangha New Letters (94)ကို ဘာသာပြန်ဆိုခြင်းများ။

(ဇ) ဗုဒ္ဓယဉ်ကျေးမှုပြတိုက်၊ ထိုင်းခန်းမအတွင်းရှိ ဆဋ္ဌသံဂါယနာတင် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များနှင့် အသုံးအဆောင်ပစ္စည်းများ လေဘယ်အသစ်ရေးသား၍ Stand များဖြင့် ပြသထားရှိခြင်း၊ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်သို့ ရဟန်းရှင်လူ၊ ပြည်သူများနှင့် ပြည်ပနိုင်ငံ အသီးသီးမှ လာရောက် လေ့လာသော ဧည့်သည်တော်များအား ရှင်းလင်းပြသခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ပါဠိဘာသာကို ဒီပလိုမာတန်းနှင့် ဒုတိယနှစ်(မဟာဝိဇ္ဇာ)များတွင် သင်ကြားပြီး အင်္ဂလိပ်စာနှင့် မြန်မာစာကို ဒီပလိုမာတန်းမှ ဒုတိယနှစ်(ဝိဇ္ဇာ) တန်းအထိ လည်းကောင်း၊ ဂျာမန်၊ တရုတ်၊ ဂျပန်ဘာသာတို့ကို ဘွဲ့လွန်တန်းများတွင် လည်းကောင်း၊ ဒုတိယနှစ် (ဝိဇ္ဇာ) တန်းတွင် မြန်မာစာပေ၊ ဗုဒ္ဓဝင်နှင့် ဗုဒ္ဓ၏ဟောကြားချက်များကို လည်းကောင်း သင်ကြားပေးပြီး ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ အာရဗီ ဘာသာနှင့်ဟိန္ဒီဘာသာများ ထပ်မံသင်ကြားပို့ချရန် ဆောင်ရွက်ခဲ့ပါသည်၊

(ည) မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့ တွင် မြန်မာ - တရုတ် " The Future development of Buddha Dhamma and the right thought of peace and harmony of the human beings" စာတမ်းဖတ်ပွဲကို ကျင်းပခဲ့ပါသည်။ " The International Conference on Buddhist Meditation Practices and Buddhist Psychology with a focus pain Management (Vedanaupassana) စာတမ်းဖတ်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ၊ ထိုင်း၊ သြစတြေးလျ၊ အိန္ဒိယ၊ အမေရိကန်၊ ဗြိတိန်စသော နိုင်ငံပေါင်း (၆) နိုင်ငံမှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား/သူများက စာတမ်း (၂၂) စောင်ကို ဖတ်ကြားခဲ့ပြီး စာတမ်းဖတ်ပွဲအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်တွင်း၊ ပြည်ပမှဧည့်သည်တော်များ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်၊

(ဋ) နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်ရှိ အောင်မောဠီတောင်ညွန့်၌ တည်ထားပူဇော်မည့် မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ၃-စ-၂၀၁၄ ရက်နေ့၊ ၀၇:၃၀ အချိန်တွင် ရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာမင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့ပါသည်၊

(၄) ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ကမ္ဘာ့ငြိမ်းချမ်းရေး ဆုတောင်းပွဲ အခမ်းအနား ကို ၂၇-၂-၂၀၁၅ ရက်နေ့တွင် တက္ကသိုလ်၏ မဟာဝိဇ္ဇမင်္ဂလာဓမ္မသဘင်၌ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(၃) ၂၀၁၄ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ၄-၃-၂၀၁၅ တပေါင်းလပြည့်နေ့တွင် နေပြည်တော်၊ ဥပ္ပါတသန္တိ စေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ စည်ကားသိုက် မြိုက်စွာ ဆင်ယင်ကျင်းပရာ ဘွဲ့တံဆိပ်တော်ရ ရဟန်း(၁၅၀)ပါး၊ သီလရှင် ဆရာကြီး (၁၃)ပါး၊ လူပုဂ္ဂိုလ် အမျိုးသား (၁၃)ဦး၊ လူပုဂ္ဂိုလ် အမျိုးသမီး(၂၈)ဦး တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့် အပ်နှင်းခဲ့ပါသည်၊

(၅) မရမ်းကုန်းမြို့နယ် (၅၇) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၇-၂-၂၀၁၅ ရက်နေ့တွင် မဟာပါသာဏ လိုဏ်ဂူတော်၌လည်းကောင်း၊ သတ္တမ အကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇)ပါး စုံညီအစည်းအဝေးကို ၂၂-၂-၂၀၁၅ ရက်နေ့မှ ၂၃-၂-၂၀၁၅ ရက်နေ့ထိ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကုန်းမြေရှိ ဝိဇ္ဇယမင်္ဂလာဓမ္မသဘင်၌ လည်းကောင်း၊ သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးများကို ၂၄-၂-၂၀၁၅ ရက်နေ့မှ ၂၆-၂-၂၀၁၅ ရက်နေ့ထိ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတို့၌ ကျင်းပ နိုင်ခဲ့ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊အမျိုးသား မှတ်ပုံတင်ရေးလုပ်ငန်းနှင့် ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်-

(က) မိုးပွင့်စီမံချက် အဆင့် (၆/၇) ကာလအတွင်း အိမ်ထောင်စုလူဦးရေစာရင်း (၂၀၉,၄၁၃) ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (၇၀၅,၇၆၉) ကတ်နှင့် မိုးပွင့် (အထူး)စီမံချက်အရ အိမ်ထောင်စုလူဦးရေစာရင်း (၁၉၁,၈၆၆) ခု၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား (၉၀၄,၈၇၆) ကတ် အား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်၊

(ခ) တည်ဆဲမြန်မာနိုင်ငံသားဥပဒေအရ ဧည့်နိုင်ငံသား လက်မှတ်နှင့် ဧည့်နိုင်ငံသား စိစစ်ရေးကတ်ပြား စုစုပေါင်း (၃၅၈) ဦး၊ နိုင်ငံသားပြုခွင့်လက်မှတ်နှင့် နိုင်ငံသား ပြုခွင့် စိစစ်ရေးကတ်ပြား စုစုပေါင်း (၃,၁၂၇) ဦးတို့ ထုတ်ပေးခဲ့ပါသည်၊

(ဂ) ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အရာထမ်း/အမှုထမ်း(၄၂)ဦးအား နိုင်ငံပေါင်း(၁၃)နိုင်ငံသို့လည်းကောင်း၊ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်အတွက် အရာထမ်း/အမှုထမ်း(၅၀)ဦးအား နိုင်ငံပေါင်း (၃၅) နိုင်ငံသို့လည်းကောင်း စေလွှတ်ခဲ့ပါသည်၊

(ဃ) နိုင်ငံခြားသားများ ပြည်တွင်းနေထိုင်ခွင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူ (၃၃,၆၅၆) ဦး၊ ပြည်ပြန်ဝင်ဗီဇာအတွက် (၈,၁၂၄) ဦးနှင့် ဆိုက်ရောက်ဗီဇာ (On Arrival Visa) (၁၃၀,၈၅၆) ဦးတို့အတွက် ဆောင်ရွက်ပေးခဲ့ပါသည်၊

(င) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေအား (၁၈-၁၁-၂၀၁၄) ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်၊

(စ) ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက် နေ့မှစတင်၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် (၃)ခုတွင် e-Visa စနစ်ဖြင့် နိုင်ငံပေါင်း (၁၀၀) အား အသုံးပြုခွင့်ပြုခဲ့ပြီး e-Visa လျှောက်ထားသူ (၉၁,၂၁၆) ဦး အနက် ခွင့်ပြုပြီးသူ (၉၀,၇၁၆) ဦး ရှိရာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အသီးသီးမှ ဝင်ရောက်သူ(၇၇,၅၃၁) ဦး ရှိခဲ့ပါသည်၊

(ဆ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်ခြင်းနှင့်ပတ်သက်၍ သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ပြီး စုစုပေါင်း နယ်စပ် ဝင်/ထွက်ပေါက် (၁၆)ပေါက်ဖြင့် သွားလာခွင့်ပြုခဲ့ပါသည်၊

(ဇ) နယ်စပ် ဝင်/ထွက် သွားလာမှုများနှင့် ပတ်သက်၍ တိုးချဲ့ဆောင်ရွက်ရန် အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ပြည်ဝင်စနစ် (Visa Policy in Myanmar) ကျင့်သုံး အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပခဲ့ပါသည်၊

(ဈ) ရေဆိပ်စစ်ဆေးရေးအဖွဲ့မှ ဝင်ရောက် သင်္ဘော(၁,၆၈၃) စီး နှင့် ထွက်ခွာ သင်္ဘော (၁,၄၄၇)စီးကို စစ်ဆေးခဲ့ပြီး၊ ကမ္ဘာလှည့်သင်္ဘော (၂၅) စီး ဝင်ရောက်/ထွက်ခွာခဲ့ပါသည်။ သင်္ဘောသားဦးရေ (၄၁,၀၁၁) ဦးအား ကမ်းဆင်း ခွင့်ပြုခဲ့ပါသည်။ နိုင်ငံခြားသားအဝင်(၁,၀၀၁,၈၄၂) ဦး၊ အထွက် (၉၉၀,၈၄၉) ဦး၊ မြန်မာနိုင်ငံသား

အဝင် (၆၃၆,၅၈၁) ဦး၊ အထွက် (၆၅၂,၅၆၀) ဦး စစ်ဆေးခဲ့ပြီး၊ နိုင်ငံကူး လက်မှတ် (၁,၃၃၂)အုပ်ကို အပ်နှံခဲ့ပါသည်၊

(ည) ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်လေဆိပ် စစ်ဆေးရေးအဖွဲ့မှ ဆိုက်ရောက်ဗီဇာ ထုတ်ပေးသူ (၁၁၇,၄၁၅) ဦး အတွက် အမေရိကန်ဒေါ်လာ (၅,၅၁၉,၂၀၀) ရရှိခဲ့ပါသည်၊

(ဋ္ဌ) ရန်ကုန်ရေဆိပ်မှ ဆိုက်ရောက်ဗီဇာထုတ်ပေးသူ(၁၃,၄၄၁)ဦးအတွက် အမေရိကန် ဒေါ်လာ (၄၀၅,၇၅၀)၊ Over Stay ဖြစ်သူ (၅၄,၄၉၀)ဦး အတွက် အမေရိကန် ဒေါ်လာ(၁,၅၂၇,၀၇၅) ရရှိခဲ့ပါသည်။ နယ်စပ်နှင့် ကုန်းလမ်းမှ နိုင်ငံခြားသား (၁,၅၅၃,၁၆၈) ဦး ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသား (၆,၇၀၉,၄၀၈) ဦးထွက်ခွာ ခဲ့ပါသည်၊

(ဍ) အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးမှု (၁,၀၀၉,၆၄၇)ဦး၊ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုမှာ (၆၅၆,၁၃၄) ဦး၊ အသက်(၁၀)နှစ်မှ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ် ရေးကတ်ပြား လဲလှယ်ထုတ် ပေးသူ (၂၅၅,၂၆၄)ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူထုတ်ပေးမှု (၃၇၉,၁၆၁) ဦး၊ သက်သေခံ ကတ်ပြားထုတ်ပေးမှုမှာ (၉,၀၉၃)ဦး၊ ယာယီသက်သေခံကတ်ပြား ထုတ်ပေးမှုမှာ (၃,၂၆၉) ဦး ထုတ်ပေးခဲ့ပါသည်၊

(ဎ) တိုင်းဒေသကြီး/ပြည်နယ်များရှိ ရပ်ကွက်/ ကျေးရွာအုပ်စု မြေပုံများကို Arc GIS Software ကို အသုံးပြု၍ နယ်နိမိတ်များရေးဆွဲခြင်းလုပ်ငန်းကို တိုင်းဒေသကြီး/ ပြည်နယ် (၁၀) ခုတို့တွင် ဆောင်ရွက်ခဲ့ပါသည်။

အားကစားဝန်ကြီးဌာန။ အားကစားဝန်ကြီးဌာနသည် နိုင်ငံတော်၏အဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသည့် "မြန်မာ့အားကစားမှကမ္ဘာ့ အားကစားသို့" အပါအဝင် မူဝါဒ(၄)ရပ်၊ လုပ်ငန်းစဉ်(၁၂) ရပ်တို့ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိပါသည်-

(က) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တက္ကသိုလ်/ ကောလိပ်များတွင် ဘောလုံး၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ စစ်တုရင်၊ ပိုက်ကျော်ခြင်း၊ ကာယဗလ မောင်/မယ်၊ ဘတ်စကတ်ဘော၊ ကြက်တောင်၊ ဖူဆယ်၊ အေရိုးဗစ်၊ ရေကူး၊ ကရာတေးဒို၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ခြေလျင်တောင်တက် (လမ်းလျှောက်ခြင်း)၊ အလှခတ်မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ ဂေါက်သီး၊ စက်ဘီး၊ ပြေးခုန်ပစ်၊

အလေးမ၊ လက်ဝှေ့၊ သေနတ်ပစ်၊ ဟော်ကီ ပြိုင်ပွဲ စသည့် အားကစားနည်းများဖြင့် ပြိုင်ပွဲ (၁၃ဖ) ပွဲအား ကျင်းပခဲ့ပါသည်၊

(ခ) (၁၅)ကြိမ်မြောက် အာဆီယံသက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ပြိုင်ပွဲ၊ ဒုတိယအကြိမ် လူငယ်အိုလံပစ် အားကစားပြိုင်ပွဲ၊ (၄၈)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲစသည့် နိုင်ငံတကာအားကစားပြိုင်ပွဲများဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်(၄၂)ခု၊ ငွေတံဆိပ်(၄၀) ခု၊ကြေးတံဆိပ်(၄၅)ခု၊စုစုပေါင်းဆုတံဆိပ် (၁၂၇)ခုရ ရှိခဲ့ပါသည်၊

(ဂ) နဝမအကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ၊ (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ် အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်ပြိုင်ပွဲ၊ စူပါးစီးရီး ပိုက်ကျော်ခြင်းပြိုင်ပွဲစသည့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ ရွှေတံဆိပ်(၂၁)ခု၊ ငွေတံဆိပ်(၂၀)၊ကြေး တံဆိပ် (၃၄)ခု၊ စုစုပေါင်း ဆုတံဆိပ်(၇၅)ခု ရရှိခဲ့ပါသည်၊

(ဃ) ပြည်ပနိုင်ငံများသို့ ညီလာခံ၊ အစည်းအဝေး၊ ဆွေးနွေးပွဲ၊ လေ့လာရေးနှင့် ဒိုင်တာဝန် ထမ်းဆောင်ရန်အတွက် ကိုယ်စားလှယ်စုစုပေါင်း (၁၁၂)ဦးကို စေလွှတ်ခဲ့ပါသည်။ တရုတ်နိုင်ငံတွင် ဖွင့်လှစ်သည့် Master in International Sport Humanity Socialism မဟာဘွဲ့သင်တန်းသို့ သင်တန်းသား(၁)ဦး စေလွှတ်ခဲ့ပါသည်။ အားကစားသမား (၂၄၂)ဦးအား ပြည်ပနိုင်ငံများသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်ရန် စေလွှတ်ခဲ့ပါသည်၊

(င) တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံများမှ နိုင်ငံခြားနည်းပြဆရာ (၇ဖ) ဦးတို့မှ အားကစားနည်းပညာများအား လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်၊

(စ) အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင် အားကစားသမားများအား စခန်းသွင်း လေ့ကျင့်လျက်ရှိရာ နေပြည်တော် နှင့် ရန်ကုန်မြို့တွင် အားကစားနည်း (၃၂)နည်းအတွက် အုပ်ချုပ်သူ/နည်းပြ (၁၈၄) ဦး၊ အားကစားသမား စုစုပေါင်း(၉၄၇) ဦးတို့ဖြင့် စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိပါသည်၊

(ဆ) အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်း၍ အားကစားနှင့် ပညာရေးပေါင်းစပ်အစီအစဉ်အရ B.Sc(Sport)၊ သိပ္ပံဘွဲ့(အားကစား) ပထမနှစ်

(First Semester) သင်တန်းအား ဒဂုံတက္ကသိုလ် (ရန်ကုန်) နှင့် ရတနာပုံ တက္ကသိုလ် (မန္တလေး) တို့တွင် ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား/ကျောင်းသူ(၁၀၉)ဦး တက်ရောက် သင်ကြားခဲ့ပါသည်။ ပထမနှစ် (Second Semester)အား (၂.၆.၂၀၁၄) ရက်နေ့ တွင် ဆက်လက်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား(၆၀)ဦး၊ ကျောင်းသူ(၄၂)ဦး စုစုပေါင်း (၁၀၃)ဦး တက်ရောက်သင်ကြားလျက်ရှိပါသည်၊

(ဇ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ တက္ကသိုလ်/ကောလိပ်များနှင့် အခြေခံပညာ ကျောင်းများတွင် အားကစားနည်း (၁၉) မျိုးကို အခြေခံ၍ အားကစားသင်တန်း များဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့ပါသည်၊

(ဈ) အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)တွင် အားကစားနည်း(၂၅)နည်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သင်တန်းသူ (၃၇၁) ဦး လေ့ကျင့်သင်ကြားပေးလျက် ရှိပြီး ပြည်တွင်းအားကစားပြိုင်ပွဲ (၁၉)မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် (၂၁) ခု၊ ငွေတံဆိပ် (၂၇) ခု၊ ကြေးတံဆိပ် (၄၄)ခု စုစုပေါင်း (၉၂)ခု ရရှိခဲ့ပါသည်။ ပြည်ပ အားကစားပြိုင်ပွဲ (၆)မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် (၇) ခု၊ ငွေတံဆိပ် (၆) ခု၊ ကြေးတံဆိပ် (၁၁)ခု စုစုပေါင်း (၂၄)ခု ရရှိခဲ့ပါသည်၊

(ည) အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် အားကစားနည်း(၂၅)နည်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သင်တန်းသူ (၅၇၆) ဦး လေ့ကျင့်သင်ကြားပေးလျက် ရှိပြီး ပြည်တွင်းအားကစားပြိုင်ပွဲ(၂၁)မျိုး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် (၁၃၁) ခု၊ ငွေတံဆိပ် (၁၅၈)ခု၊ ကြေးတံဆိပ် (၁၆၂)ခု စုစုပေါင်း (၄၅၁) ခု ရရှိခဲ့ပါသည်။ပြည်ပအားကစားပြိုင်ပွဲဖြစ်သည့် (၉)ကြိမ်မြောက်အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် (၅) ခု၊ ငွေတံဆိပ် (၈) ခု၊ ကြေးတံဆိပ် (၇)ခု စုစုပေါင်း (၂၀) ခု ရရှိခဲ့ပါသည်၊

(ဋ) အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)တွင် အားကစားနည်း (၂၅) နည်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သင်တန်းသူ (၁၅၀) ဦး လေ့ကျင့်သင်ကြားပေးလျက် ရှိပြီး ပြည်တွင်းအားကစားပြိုင်ပွဲ(၈)မျိုး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် (၆) ခု၊ ငွေတံဆိပ် (၁၅)ခု၊ ကြေးတံဆိပ် (၄၀)ခု စုစုပေါင်း (၆၁) ခု ရရှိခဲ့ပါသည်။ ပြည်ပအားကစားပြိုင်ပွဲ(၆)မျိုးကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်၊

(ဌ) အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)တွင် အားကစားနည်း (၁၀) နည်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သင်တန်းသူ (၁၅၀) ဦး လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။

ပညာရေးဝန်ကြီးဌာန။ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် ပညာ၊ ဉာဏ၊ လူမှုစွမ်းရည် မြင့်မားသည့် လူစွမ်းအားအရင်းအမြစ်များကို ဖန်တီးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်-

(က) အခြေခံစာတတ်မြောက်ရေးနေ့ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင် မြို့နယ် မိုးကောင်းကျေးရွာအုပ်စု စံပြကျေးရွာ၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တို့၌ ကျင်းပခဲ့ပြီး အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကို မြို့နယ်ပေါင်း (၂၉) မြို့နယ်တွင် ဆောင်ရွက်ခဲ့ပါသည်၊

(ခ) ၂၀၁၄ ခုနှစ်၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပခဲ့ ပါ သည်၊

(ဂ) ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ အခြေခံပညာရေး ဥပဒေ(မူကြမ်း)၊ အဆင့်မြင့်ပညာရေးဥပဒေ(မူကြမ်း)နှင့် ပုဂ္ဂလိကပညာရေး ဥပဒေ (မူကြမ်း)တို့ကို အခန်းကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်၊

(ဃ) အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲနှင့် ဆက်စပ် ဥပဒေများ၊ နည်းပညာဥပဒေများ၊ တက္ကသိုလ်ပဋိညာဉ် စာတမ်းရေးဆွဲရေး ညှိနှိုင်း ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်၊

(င) ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်နိုင်ရန် ပုဂ္ဂလိကပညာရေး ဥပဒေရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲကို စိန်ရတုခန်းမ၌ ကျင်းပခဲ့ပါ သည်၊

(စ) နိုင်ငံတော်အစိုးရ၊ လွတ်တော်ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များသည် အမျိုးသားပညာရေး ဥပဒေနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ပညာရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ပြီး ပူးတွဲကြေညာချက် တစ်ရပ် ထုတ်ပြန်ခဲ့ ပါ သည်၊

(ဆ) အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ ဥပဒေပြုလွှတ်တော်၊ ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာ ကွန်ရက်နှင့် ကျောင်းသား ကိုယ်စားလှယ်များ ပါဝင်သော လေးပွင့်ဆိုင် ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်၊

(ဇ) ပညာသင်နှစ်အတွင်း အထောက်အကူပြု သင်တန်းများ၊ ပုံမှန်သင်တန်းများ၊ အဆေးသင်သင်တန်းများ နှင့် ဒီပလိုမာ သင်တန်းများကို ဖွင့်လှစ်ခဲ့ပါသည်၊

(ဈ) အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားအဆင့် အင်္ဂလိပ်ဘာသာစကားစွမ်းရည်ပြိုင်ပွဲ ၊ ဘွဲ့လွန်အဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲတို့ကို ကျင်းပခဲ့ပါသည်၊

(ည) အခြေခံမူလတန်းနှင့် အလယ်တန်းဗဟိုအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်တွင် ကျင်းပခဲ့ပါသည်၊

(ဋ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများတွင် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန် အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း (၁၃၀) ခုကို ဖွင့်လှစ်နိုင်ခဲ့ပါသည်၊

(ဌ) ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းအားလုံးတွင် မူလတန်းကြိုအတန်းများ တွဲဖက် ဖွင့်လှစ်ထားရာ မူကြိုကလေး ဦးရေ ကျား (၄၆၅)ဦး၊ မ (၄၅၁)ဦး ၊ စုစုပေါင်း (၉၁၆) ဦး တက်ရောက် သင်ယူခဲ့ပါသည်၊

(ဍ) အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်နှင့် အခမဲ့မသင်မနေရ အလယ်တန်း ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အခြေခံပညာ မူလတန်းအတွက် တန်ဖိုးငွေကျပ်(ဖ,၆၂၁.၀၉) သန်းတန်ဖိုးရှိ စာအုပ်ရေ (၂၆.၅၇)သန်းနှင့် အလယ်တန်းအတွက် တန်ဖိုးငွေကျပ် (၄,၇၇၅.၁၆) သန်း တန်ဖိုးရှိ စာအုပ်ရေ (၂၂.၃၁) သန်း အခမဲ့ ဖြန့်ဝေပေးခဲ့ပါသည်၊

(ဎ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မူလတန်းအဆင့် ကျောင်းသုံးစာအုပ် အုပ်ရေ (၂၄.၂၅)သန်း၊ အလယ်တန်းအဆင့် ကျောင်းသုံးစာအုပ် အုပ်ရေ (၂၄.၉၉) သန်း၊ အထက်တန်းအဆင့် ကျောင်းသုံးစာအုပ် (၈.၀၁)သန်း၊ စုစုပေါင်း ကျောင်းသုံး စာအုပ် အုပ်ရေ (၅၇.၂၅) သန်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အမီ ရိုက်နှိပ်ခဲ့ပါ သည်၊

(ဏ) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ကောလိပ်များတွင် သင်တန်း၊ ဆွေးနွေးပွဲ နှင့် ဟောပြောပွဲများ ကျင်းပမှု အခြေအနေများ အနေဖြင့်-

(၁) အင်္ဂလိပ် ဘာသာစကား အမျိုးသား ဗဟိုဌာနတွင် Problem Based Learning Workshop ကို ဖွင့်လှစ် ခဲ့ပါသည်၊

(၂) ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် e-Resources (Database) သင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်၊

(၃) ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှုသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့ပါသည်။

(တ) ပညာရေးကောလိပ်များရှိ ဆရာ၊ ဆရာမများ အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြင့်မားရေးအတွက် ဗြိတိသျှကောင်စီနှင့် ပူးပေါင်း၍ အင်္ဂလိပ်စာ (English for Education College Trainers - EFECT) သင်တန်းပို့ချရန် ဆောင်ရွက်ခဲ့ပါသည်၊

(ထ) အခြေခံပညာဦးစီးဌာနများတွင် ခန့်အပ်ထားသည့် ဘွဲ့ရဆရာများ သင်တန်းပို့ချနိုင်ရေးအတွက် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူး သင်တန်းကို ပညာရေးကောလိပ်များတွင် သက်ဆိုင်ရာဦးစီးဌာနအစီအစဉ်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ် (၁၈၈) မြို့နယ်တွင် အင်အား (၂၉,၆၁၇) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်၊

(ဒ) ပညာရည်ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံပညာအလယ်တန်း ပညာသင်ဆု၊ အထက်တန်းအဆင့် ပညာသင်ဆုများနှင့် အခြေခံပညာအဆင့်အလိုက် အတန်းအားလုံးတွင် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပညာသင်ထောက်ပံ့ကြေးကို မူလတန်းအဆင့်တွင် ဦးရေ(၁၀,၀၁၀)၊ အလယ်တန်းအဆင့်တွင် (၄,၀၀၈)ဦး နှင့် အထက်တန်းအဆင့်တွင် (၂,၀၀၄) ဦး၊ စုစုပေါင်း (၁၆,၀၂၂) ဦး ထောက်ပံ့ပေးနိုင်ခဲ့ပါသည်၊

(ဓ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စီမံချက်မြို့နယ် (၇၂) မြို့နယ်တွင် ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဖြင့် ထိရောက်စွာ သင်ကြားပေးနိုင်ရေး အတွက် ဗဟိုအဆင့် နည်းပြသင်တန်းကို ရန်ကုန်မြို့၊ ရန်ကင်းပညာရေး ကောလိပ်၌ ကျင်းပခဲ့ရာ နည်းပြများအပါအဝင် ဦးရေ(၃၀၀) တက်ရောက်ခဲ့ပါသည်၊

(န) အခြေခံပညာ(မူလတန်းပြ) ဆရာ၊ဆရာမများ၏ သင်ကြားမှု အရည်အသွေးမြင့်မားရေးအတွက် ပထမအဆင့် မွမ်းမံသင်တန်းကို ရန်ကုန်ပညာရေး တက္ကသိုလ်

တွင်ဖွင့်လှစ်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား/သူ (၁၃၅)ဦး တက်ရောက်ခဲ့ပါသည်၊

(ပ) ပညာရေးသုတေသနဌာနအနေဖြင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး ပြဌာန်းစာအုပ်များနှင့် သင်တန်း လမ်းညွှန်စာအုပ်များကို ရေးဆွဲပြုစုခဲ့ပါသည်၊

(ဖ) ပညာရေးဝန်ဆောင်မှု လုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေများကိုထုတ်ပြန်ခဲ့ပြီးဖြစ်၍ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်း (၂၈၀) အထိ ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်၊

(ဗ) အခြေခံပညာ ကျောင်းသင်ခန်းစာများ၊ ဆရာအတတ်ပညာဆိုင်ရာ သင်ခန်းစာများနှင့် ပညာရေး အကောင်အထည်ဖော်မှု ဆိုင်ရာ လမ်းညွှန်ချက်များကို စာသင်နှစ်အတွင်း ရေဒီယိုကဏ္ဍမှ ပညာရေး အသံလွှင့် အစီအစဉ် စုစုပေါင်း (၂၀၀) ကို ထုတ်လွှင့်ပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဘ) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နှင့် ဆရာ/ဆရာမများ၏ အရည်အသွေးမြင့်မားစေရန်အတွက် ပါရဂူဘွဲ့တက်ရောက်ရန် (၄) ဦး၊ မဟာဘွဲ့တက်ရောက်ရန် (၄) ဦး၊ ဒီပလိုမာ/သင်တန်းတက်ရောက်ရန် (၁၉၅) ဦး တို့ကို ပြည်ပသို့ စေလွှတ်ခဲ့ပါသည်။ ဆရာ၊ဆရာမများနှင့် ဝန်ထမ်းများအား ပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်သို့ စေလွှတ်ရာတွင် အလုပ်ရုံဆွေးနွေးပွဲ/ အစည်းအဝေးသို့ (၅၃၈) ဦး၊ လေ့လာရေးခရီး/ပြိုင်ပွဲသို့ ဦးရေ(၆၄၀)၊ စုစုပေါင်း (၁,၃၈၁) ဦးကို စေလွှတ်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။ ကျေးလက်၊ မြို့ပြဆင်ခြေဖုံးနှင့် နယ်စပ်ဒေသများ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကျန်းမာရေးစနစ်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရေး အပါအဝင် မူဝါဒ(၇)ရပ် ၊ လုပ်ငန်းစဉ်(၁၅) ရပ်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဥပဒေများအနေဖြင့် အဆိပ်များဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းရင်းဆေးဝါးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း၊ အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ မြန်မာနိုင်ငံဆေး ကောင်စီဥပဒေကြမ်းတို့အား ပြဌာန်းခဲ့ပြီး မြန်မာနိုင်ငံ ဆေးပညာနှင့် ဆေးပညာ နှီးနွယ်ဘွဲ့၊ ဒီပလိုမာလက်မှတ်များဆိုင်ရာ ဥပဒေကြမ်းနှင့် အမျိုးသားအစားအသောက်ဥပဒေကြမ်းတို့အား ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်ခဲ့ပါသည်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာနသည် မြို့ကုန်း၊ လိုဘာခို၊ တောင်ပေါက်၊ မကျီးဘုတ်၊ ရွှေပန်းကုံးစံပြ၊ ပလူဇဝ၊ ဘုက္ကန်၊ အင်းကြီး၊ သမုတ်၊ မောတောင်၊ ဖောင်တော်သီ၊ ချဉ်ယုတ်ကွင်း၊ ရေနုံကြီး၊ လင်းကယ်၊ ကြို့ပင်၊ သူဌေးကုန်း၊ ရေမျက်နှီ၊ တမုတ်ဆိုး၊ ကြာညှပ်၊ ပျားစီ၊ သာဝတ္ထိ၊ တရနာ၊ သဲကုန်း၊ ကင်းမွန်းချောင်း၊ ပိုးရွှီပြင်၊ မူစေးကျွန်း၊ လွမ်းလုံးပိုက်၊ သပြုချိုင်၊ ငမောက်ချောင်း၊ စေတီတောင်၊ ဆိုက်ခေါင်၊ နောင်ထော်၊ မိုင်းအင်း၊ ကျိုက်လတ်၊ မြစ်တရာ(ဂျမ်းကပ်)၊ အင်းမ၊ သပြေချောင်း၊ ထီဆိပ်ဘုရားစု တိုက်နယ်ဆေးရုံများနှင့် မုံရွာတက္ကသိုလ်ဆေးရုံ၊ မကွေးတက္ကသိုလ်ဆေးရုံ၊ ငပလီ(လင်းသာ)ဆေးရုံ စုစုပေါင်း ဆေးရုံ(၄၁)ရုံအား အသစ်ဖွင့်လှစ်ခဲ့ပြီး ဝမ်းတွင်းမြို့နယ် သဲတောမြို့ အောင်ချမ်းသာအရပ်၌ ဒေသနှုတရ ကျန်းမာရေးဌာန(၁)ခုအား အသစ်တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်၊

(ဂ) (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ(၅၉၆)ရုံအား ဖွဲ့စည်းပုံပြင်ဆင်ခြင်းနှင့် (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ(၂၁)ရုံအား အဆင့်မြှင့်တင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန (၁,၆၈၄) ဌာနတို့ကို ဖွဲ့စည်းပုံအသစ်ဖြင့် ဝန်ထမ်းအင်အား ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဃ) ကျေးလက်ကျန်းမာရေးဌာန (၁၂)ဌာနနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲ (၅၄) ဌာနအား အသစ်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(င) ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်း ကျင်းပရေး စီမံချက် ၂၀၁၅ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ အသည်းရောင်အသားဝါ "ဘီ"ပိုး ကာကွယ်ဆေးနှင့် ဖြန့်ဖြူးရေးဆေးခန်းတွင် (၂၂,၇၁၄)ဦး အသည်းရောင်အသားဝါရောဂါကာကွယ်ဆေး လာရောက်ထိုးနှံခဲ့ပါသည်၊

(စ) ပြည်သူ့ကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာလုပ်ငန်းမှ ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှု ပေါင်း(၆၂,၃၅၅)၊ ရောဂါရှာဖွေရေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှု ပေါင်း(၅၈,၃၈၆) ဆောင်ရွက်ပေးခဲ့ပြီး သင်တန်း(၁၄)ကြိမ်၊ ကွင်းဆင်းကြိမ်ရေ (၃၀) ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) ရောဂါကာကွယ်ရေး နှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် နယ်စပ် ဒေသကျန်းမာရေး ဝန်ထမ်းများအား ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း ဆိုင်ရာသင်တန်းများ၊ ပြည်သူလူထုအား အိမ်တိုင်ရာရောက် မိသားစုကျန်းမာရေး

စောင့်ရှောက်မှုလုပ်ငန်း၊ ကူးစက်ရောဂါ ကုသကာကွယ်ရေးလုပ်ငန်း၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း၊ တိုးချဲ့ကာကွယ် ဆေးထိုးလုပ်ငန်း နှင့် ကျန်းမာရေးပညာပေးလုပ်ငန်း၊ ရေကောင်းရေသန့် ရရှိနိုင်ရေးနှင့် ယင်လုံ အိမ်သာလုပ်ငန်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေး ခဲ့ပါသည်၊

(ဇ) နယ်စပ်ဒေသကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်မှု အနေဖြင့် တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်း ပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေးခြင်းအနေဖြင့် ကွင်းဆင်းအဖွဲ့ (၁၂၃)ဖွဲ့ဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး နှင့် နေပြည်တော် ပျဉ်းမနားသံဃာ့ဆေးရုံများတွင် နယ်လှည့်ကုသခြင်း၊ ပြည်သူ များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေး ခဲ့ပါသည်၊

(ည) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စင်ကာပူနိုင်ငံမှ Operation Smile အဖွဲ့၊ အိန္ဒိယနိုင်ငံ Smile Train အဖွဲ့၊ ဂျာမနီနိုင်ငံ Interplast အဖွဲ့၊ ဂျပန်နိုင်ငံ Okayama University အဖွဲ့တို့နှင့် ပူးပေါင်း၍ နူတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား လည်းကောင်း၊ Seoul National University Hospital, Korea International Cooperation Agency LG Electronic နှင့် ပူးပေါင်း၍ သားအိမ်ခေါင်း ကင်ဆာကာကွယ်ရေး လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်၊

(ဋ) နီပေါနိုင်ငံ Tilganga Eye Center မျက်စိအထူးကုအဖွဲ့နှင့်လည်းကောင်း၊ Australian နိုင်ငံ Sydney Adventist Hospital နှင့် စင်ကာပူနိုင်ငံ National University Heart Center တို့မှ နှလုံးအထူးကု ဆရာဝန်ကြီးများနှင့် လည်းကောင်း၊ ဂျပန်နိုင်ငံ Department of Spinal Surgey and Medical Engineering, Mie University Graduate School of Medicine, Tsu City

နှင့် ပြင်သစ်နိုင်ငံတို့မှ အရိုးအထူးကု ဆရာဝန်ကြီးများနှင့်လည်းကောင်း၊ အမေရိကန်နိုင်ငံ၊ နယူးယောက်အခြေစိုက် International Surgical Mission Support မှ ခွဲစိတ်အထူးကုအဖွဲ့နှင့်လည်းကောင်း ပူးပေါင်း၍ ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဌ) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများအနေဖြင့် လုပ်ငန်းလိုင်စင်(ယာယီ)များ ခွင့်ပြုပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအနေဖြင့် နိုင်ငံတော်အဆင့် ပွဲတော်များ၊ အခမ်းအနားများ၊ ပြိုင်ပွဲများ၊ အစည်းအဝေးများ၊ ခရီးစဉ်များနှင့် နိုင်ငံခြားဧည့်သည်တော်များအား ကျန်းမာရေး စောင့်ရှောက်မှု ပေးခဲ့ပါသည်၊

(ဍ) ဆေးလူမှုဆက်ဆံရေးဌာနအနေဖြင့် ဗဟိုဆေးသိုလှောင်ရေး၊ ဝယ်ယူရေးဌာနစိတ်မှ ဆေးပစ္စည်း(၁,၂၀၅)မျိုးအတွက် ကျပ် (၁၇၃,၀၉၆.၉၀၇) သန်း၊ငွေစာရင်းဌာနစိတ်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်ဆေးရုံ အသီးသီးသို့ ကျပ်(၄၂၆,၇၆၄.၇၅၆) သန်း၊ FEC (၉၉,၉၅၇) နှင့် အမေရိကန်ဒေါ်လာ (၂၇,၆၈၄,၁၂၀.၉၂) တန်ဘိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ခွဲဝေဖြန့်ဖြူးပေးခဲ့ပါသည်၊

(ဎ) စီမံကိန်းဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်း၍ GAVI အထောက်အပံ့ဖြင့် မြို့နယ်ပေါင်း (၆၀)တွင် တစ်မြို့နယ်လျှင် အရန်သားဖွားဆရာမ (၂၀) ဦးစီ အသစ်မွေးထုတ်ရန်နှင့် မိခင်ကလေးဘေဘက်ချာစနစ်ကို မြို့နယ်(၂) မြို့နယ်တွင် စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် မြို့နယ်(၁၂၀) အတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၀) ခု ဆောက်လုပ်ခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်၊

(ဏ) သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မန္တလေးမှ ကျောင်းသား၊ ကျောင်းသူများ၊ အလုပ်သင်ဆရာဝန်များ၊ ကြီးကြပ်သူ ဆရာ၊ ဆရာမများသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ မြို့နယ်များသို့ သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူခြင်း၊ ပညာပေးခြင်း၊ ကုသခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်၊

(တ) ဘွဲ့ကြိုသင်တန်းသားများအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ (Health Education)ကို ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်သင်ကြားပေးရန် ဆောင်ရွက်ခဲ့ပါသည်၊

(ထ) တိုင်းရင်းဆေးရုံများတွင် ပြင်ပလူနာ(၁၅၂,၈၉၈)ဦး၊ အတွင်းလူနာ(၁၁,၁၃၀)ဦး၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများတွင် ပြင်ပလူနာ (၉၃၅,၃၅၃) ဦးတို့အား ကုသ

ပေးခဲ့ပြီး ကွင်းဆင်းကုသလူနာ (၄၇၂,၃၀၆) ဦးတို့အား ကုသမှုများ ဆောင်ရွက် ပေးခဲ့ပါသည်၊

(ဒ) တိုင်းရင်းဆေးဝါးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အသစ် ထုတ်ပေး ခြင်း (၄၀၁)ခု၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း(၉၈၃)ခု၊ ထုတ်လုပ်ခွင့် လိုင်စင်သစ် (၁၈၂)ခု၊ ထုတ်လုပ်ခွင့် လိုင်စင်သက်တမ်းတိုး (၂၆၅) ခုနှင့် ထုတ်လုပ်ခွင့်လိုင်စင် ဖြည့်စွက် (၄၂) ခုတို့အား ခွင့်ပြုပေးခဲ့ပါသည်၊

(ဓ) တိုင်းရင်းဆေးပညာ သုတေသန နှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်မှုအနေဖြင့် မှတ်ပုံတင် ဆေးဝါး ဓာတ်ခွဲစမ်းသပ်မှု အဖြေလွှာထုတ်ပေးခြင်း၊ Certificate ထုတ်ပေးခြင်း၊ ပရဆေးကုန်ကြမ်းများ၏ စစ်မှန်မှုအားစစ်ပေးခြင်း၊ ဓာတ်ခွဲခန်း Report ပေးပို့ ပြီးသော မှတ်ပုံတင် တိုင်းရင်းဆေးဝါးများ၏ (Stability and Shelf-Life) အား စစ်ဆေးခြင်း၊ ဈေးကွက်တွင်ရောင်းချနေသည့် မှတ်ပုံတင်ပြီး ဆေးဝါးများအား ဓာတ်ခွဲစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(န) ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်ရေး၊ ကျန်းမာရေး ကဏ္ဍ ဘဏ္ဍာငွေရှာဖွေဖြည့်တင်းရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် လည်းကောင်း၊ အထောက်အထား အခြေပြု မြို့နယ်ကျန်းမာရေး ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့ မြို့နယ်တို့တွင်လည်းကောင်း ကျင်းပခဲ့ပါသည်၊

(ပ) မရှိမဖြစ်ပေးအပ်ရမည့် ကျန်းမာရေး ဝန်ဆောင်မှု ကုန်ကျစရိတ်များကို One Health Costing Tool Software အသုံးပြု၍ တွက်ချက်ခြင်း ဆွေးနွေးပွဲများ၊ အမျိုးသား ကျန်းမာရေး အသုံးစရိတ်စာရင်း ပြုစုရေး ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်တွင် ကျင်းပခဲ့ပါသည်၊

(ဖ) ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးစနစ် သုတေသနနည်းပညာနှင့် သုတေသနစီမံခန့်ခွဲမှုသင်တန်း (Health Systems Research Methodology and Research Management for BHS-Basic Health Staff Working in Regional and Township Levels) တို့ကို ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်၊

(ဗ) သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ကျန်းမာရေးစနစ် သုတေသန လုပ်ငန်း(၄)ခု၊ ကူးစက်တတ်သောရောဂါ သုတေသနလုပ်ငန်း(၁၂)ခု၊ ကူးစက်မှု မရှိသောရောဂါ သုတေသနလုပ်ငန်း(၄)ခု၊ ပတ်ဝန်းကျင်သုတေသန လုပ်ငန်း (၂)ခု၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်း(၁၀)ခု၊ မိခင်၊ မွေးကင်းစ၊ ကလေးနှင့်

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်း(၇)ခု၊ သက်ကြီးကျန်းမာရေး သုတေသန လုပ်ငန်း(၁)ခုတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဘ) အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းများအနေဖြင့် ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်(၈)ခုရှိ အခြေခံပညာ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချသော စားသောက်ကုန် အမျိုးမျိုးတို့အား ဓာတ်ခွဲစစ်ဆေးခြင်း၊ ရွှေ့လျားဓာတ်ခွဲယာဉ် အသုံးပြု၍ တိုင်းဒေသကြီး/ပြည်နယ်ရှိ ဈေးများသို့လှည့်လည်၍ အိမ်ရှင်မများ ဝယ်ယူသော အစားအသောက်များ ဓာတ်ခွဲစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(မ) အစားအသောက်ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းများ အနေဖြင့် နိုင်ငံတော်အတွင်း ထုတ်လုပ်တင်သွင်းရောင်းချလျက်ရှိသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊အရည်အသွေးပြည့်မီရေးနှင့် စပ်လျဉ်းသည့်ကိစ္စများကိုဆောင်ရွက်ခဲ့ပါသည်။ အစားအသောက်လုပ်ငန်း(၃၁)ခုနှင့် သောက်ရေသန့်လုပ်ငန်း(၅၉)ခုတို့ကို လုပ်ငန်းသစ် ထောက်ခံချက်လက်မှတ် ထုတ်ပေးခဲ့ပါသည်၊

(ယ) အစားအသောက်နမူနာ(၃,၆၈၆)မျိုးကို ဈေးကွက်နမူနာ ကောက်ယူဓာတ်ခွဲစစ်ဆေး ခဲ့ပါသည်။ အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်း (၂၂၄) ခုအား ကွင်းဆင်း စစ်ဆေးခဲ့ပါသည်၊

(ရ) ဆေးဝါးကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းများအနေဖြင့် သတ်မှတ်ချက်နှင့် ညီညွတ်သော ဆေးဝါးမှတ်ပုံတင်လက်မှတ် အသစ်(၁,၁၅၃)ခု၊ သက်တမ်း တိုးလက်မှတ် (၉၈၆)ခုနှင့် အချက်အလက်ပြောင်းခြင်း လက်မှတ်(၅၀၄)ခုတို့ကို ထုတ်ပေးခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့သော ဆေးဝါးလုပ်ငန်း(၇၇)ခုနှင့် ဈေးကွက်ရှိ ဆေးဝါးများ စစ်ဆေးခြင်း(၄၁၂)ခု တို့ကို စစ်ဆေးခဲ့ပါသည်။ နမူနာကောက်ယူစစ်ဆေးခဲ့သော အလှကုန်(၃၈၈)ခု အနက် တားမြစ်ဓါတုပစ္စည်းများ ပါဝင်နေသော အလှကုန်(၁၅)ခုအား သုံးစွဲရန်မသင့်ကြောင်း ကြေညာခဲ့ပါသည်၊

(လ) ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်၊ ရန်ကုန်တွင် B.Med.Tech (Prosthetics and Orthotics) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ခြေတုလက်တုကျွမ်းကျင်မှုနည်းပညာ) ဘာသာရပ်သင်တန်းတစ်ခုကို ၂၀၁၅ ပညာသင်နှစ်မှစ၍ တိုးချဲ့ဖွင့်လှစ်သင်ကြားရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဝ) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ၂၀၁၅ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်မည့် ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ (ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး)သင်တန်း ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(သ) သူနာပြုတက္ကသိုလ်(ရန်ကုန်/မန္တလေး) နှင့် သူနာပြု/သားဖွားသင်တန်းကျောင်းများတွင် သူနာပြု၊ သားဖွားဒီပလိုမာ (၃)နှစ် သင်တန်း၊ ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်း၊ အမျိုးသမီးကျန်းမာရေး ဆရာမ(ဂ)လ သင်တန်း၊ သူနာပြု သိပ္ပံဘွဲ့(ပေါင်းကူး) (၂)နှစ် သင်တန်းနှင့် အထူးပြုသူနာပြု ဒီပလိုမာ(ဂ)လ သင်တန်း တို့ကို ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဟ) Service Availability Mapping နည်းပညာကို အသုံးပြု၍ ဖွားသေစာရင်းများပြည့်စုံမှု လေ့လာဆန်းစစ်ခြင်း သုတေသနလုပ်ငန်း (Pilot Implementation of the Service Availability Mapping including completeness of vital registration in one selected township)ကို ရေတာရှည်မြို့နယ်တွင် ဆောင်ရွက်ခဲ့ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူငယ်ထုအတွင်း ယဉ်ကျေးမှု ကိုယ်ခံအား ကောင်းမွန်စေရေးအတွက် ပြုစုပျိုးထောင်ရေး အပါအဝင် မူဝါဒ(၅)ရပ် ၊ လုပ်ငန်းစဉ်(၂၇) ရပ်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) (၈)ကြိမ်မြောက် အာဆီယံနိုင်ငံအတွင်း ထူးချွန်သော စီးပွားရေးလုပ်ငန်းဆုချီးမြှင့်ပွဲ နှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား၊ (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာထိပ်သီးအစည်းအဝေး၊(၁၇) ကြိမ်မြောက် အာဆီယံ လူမှုရေး - ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေး၊ (၃၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး၊ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့အတွက် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနဌ ကျင်းပသည့် တည်ခင်းဧည့်ခံပွဲများ၊ ဂုဏ်ပြုပွဲများတွင် ဖျော်ဖြေတင်ဆက်ခဲ့ပါသည်၊

(ခ) အခြားသောနိုင်ငံများမှ ပြည်ပဧည့်သည်တော်များအား ဖျော်ဖြေတင်ဆက်ခြင်း တို့ကို ပြန်ကြားရေးဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အဆို၊ အကများဖြင့် ဧည့်ခံခဲ့ကြပါသည်၊

(ဂ) နယ်လှည့်ကပြဖျော်ဖြေ တင်ဆက်မှုအစီအစဉ်ဖြင့် မဟာပုဂံအနုပညာ ဖျော်ဖြေရေး အဖွဲ့သည် ပုဂံမြို့၊ ပခုက္ကူမြို့၊ မြင်းခြံမြို့၊ နွားထိုးကြီးမြို့၊ ကျောက်ပန်းတောင်းမြို့နှင့် ရမည်းသင်းမြို့များတွင် ထုတ်လုပ်ဌာနခွဲမှ အနုပညာရှင်များက အငြိမ့်အစီအစဉ်၊ တေးသံသာအစီအစဉ်များဖြင့် ဖျော်ဖြေခဲ့ကြပါသည်၊

(ဃ) မျိုးဆက်သစ် အနုပညာရှင်များ ပြုစုပျိုးထောင်ခြင်း အနေဖြင့် အမျိုးသား ယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် ကျောင်းသား၊ ကျောင်းသူ (၆၂၂) ဦး၊ အမျိုးသား ယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (မန္တလေး)တွင် ကျောင်းသား၊ ကျောင်းသူ (၁၉၈) ဦး၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်) တွင် ကျောင်းသား၊ ကျောင်းသူ (၁၁၅) ဦး နှင့် အနုပညာအထက်တန်းကျောင်း (မန္တလေး)တွင် ကျောင်းသား၊ ကျောင်းသူ (၈၅) ဦး ပညာသင်ကြားပေးနိုင်ခဲ့ ပါသည်၊

(င) မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးအနေဖြင့် ပုဂံဒေသ၊ စစ်ကိုင်းဌာနခွဲ၊ မန္တလေးဒေသ၊ ပဲခူးဒေသ၊ ဘားအံဌာနခွဲ၊ စစ်တွေ ဌာနခွဲ၊ ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း၊ မြစ်ကြီးနားဒေသ၊ ရန်ကုန်ဌာနခွဲ၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်း ကျောင်း(ပြည်)၊ ဟားခါးဌာနခွဲ၊ ပြည်ဌာနစု၊ ပုသိမ်ဌာနစု၊ တကောင်းဌာနခွဲ၊ ကျိုင်းတုံဌာနစုတို့တွင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်၊

(စ) ရန်ကုန်ဒေသ၊ ပဲခူးဌာနခွဲ၊ ဘားအံဌာနခွဲ၊ မော်လမြိုင်ဌာနခွဲ၊ ပြည်ဌာနစု၊ တောင်ကြီး ဌာနခွဲ၊ ကျိုင်းတုံဌာနစု၊ လားရှိုးဌာနစု၊ စစ်တွေဌာနခွဲ၊ သရေခေတ္တရာမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊ မော်လမြိုင်ဌာနခွဲ၊ ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း (ပြည်)၊ စစ်ကိုင်းဌာနခွဲ၊ ရွှေဘို-ဟန်လင်း၊ မန္တလေးဌာနခွဲတို့မှ ရှေးဟောင်းယဉ်ကျေးမှုဇုန်ဒေသများ၊ ရှေးဟောင်းနေရာများ၊ ရှေးဟောင်းကုန်းများ၊ ရှေးဟောင်းအဆောက်အအုံများအား သုတေသနပြု ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ်များကို အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဥပဒေဖြင့် ကာကွယ်နိုင်ရေး ဆောင်ရွက်ခြင်းအနေဖြင့် ရန်ကုန်ဒေသ၊ စစ်တွေဌာနခွဲ၊ ပဲခူးဌာနခွဲ၊ တောင်ကြီးဒေသ၊ မန္တလေးဌာနခွဲ၊ တကောင်းဌာနခွဲ၊ ပြည်ဌာနစုတို့တွင် ဥပဒေ၊ နည်းဥပဒေများဖြင့် ကာကွယ်ထိန်းသိမ်းနိုင်ရန် ရှေးဟောင်းအဆောက်အအုံ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (မူကြမ်း) နှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေ(မူကြမ်း) ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်၊

(ဇ) ရှေးဟောင်းပစ္စည်းများ စုဆောင်းမှု အခြေအနေများအနေဖြင့် -

(၁) ဝက်လက်မြို့နယ် ၊ ဟန်လင်းစံပြကျေးရွာမှ အပ်နှံသည့် ရွှေလက်ပတ်ပြောင်ကွင်း(၁)ကွင်း၊ထန်းတပင်မြို့နယ်၊ မရွေဥကျေးရွာမှ အပ်နှံခဲ့သည့် ကုန်းဘောင်ခေတ်လက်ရာ ရွှေနားကပ်(၁)ရံ၊ ရွှေဘိုခရိုင်၊ ဟန်လင်းစံပြ ကျေးရွာသူ/ သားများမှ အပ်နှံသည့် ဟန်လင်းရှေးဟောင်း သုတေသန ပြတိုက်တွင် ပြသနိုင်ရန် အတွက် ကျောက်လက်နက်များ၊ ကြေးလက်နက် များ၊ ပုတီးစေ့များ၊ ဒင်္ဂါး၊ မြေအိုးများ၊ မင်းဘူး(စကု) မြို့နယ်၊ ကျီးပင်ကန် အမှတ်(၁) ကျေးရွာမှ အပ်နှံခဲ့သည့် ပျူခေတ်လက်ရာ ရွှေနရားခေါင်း လက်ကြပ် ၁ ကွင်း ၊ ပဲခူးမြို့တပ်ဦး ကျောင်းတိုက် ဆရာတော် မှ အပ်နှံသည့် ကဖန်နားဇော်(၁)ရံ၊ ပြည်မြို့နယ်၊ ပန်းတင်ကျေးရွာမှ အပ်နှံသည့် ပျူခေတ်နှောင်းလက်ရာ ကြေးဘုရားဆင်းတု (ထိုင်တော်မူ)(၁)ဆူ၊ ဘားအံမြို့ ဓမ္မာရုံကျောင်းတိုက် ဆရာတော်မှ အပ်နှံသည့် ရှေးဘုရား ဆင်းတု(၁)ဆူ၊ ငွေဘုရားဆင်းတု(၁) ဆူ၊ မင်းလှမြို့နယ်၊ ဂျင်းရဲမြောင်းကျေးရွာမှ အပ်နှံသည့် ချက်ကျောက်ဝါ ဘုရားဆင်းတုအသေး(၁)ဆူ မဟာပိန္နဲရုပ်တု၊ ဗိုက်ပူရဟန္တာရုပ်တု ဂဝံမျက်နှာဖုံးပါ ကျောက်ရုပ်တုနှင့် ကြေးပစ္စည်းများ၊ ကမ်းရင်းကျေးရွာမှ အပ်နှံသည့် ကျောက်ကွင်း(၄)ခုနှင့် ကြေးပဲကွပ် (၅)ခု ၊ရွှေတောင်မြို့နယ် ၊ ယွန်းတန်းရပ်ကွက်မှ အပ်နှံသည့် ကြေးခြင်္သေ့အရွယ်အစားမျိုးစုံ (၄၅)ခု၊ ကြေးဟင်္သာအလေး အရွယ်အစား မျိုးစုံ(၆၇)ခု၊ ငွေဒင်္ဂါးပြားငယ်(၁) ခု၊ မြေဆေးတံအကျိုး (၃)ခု၊ အချင်း(၃၈ စင်တီမီတာ)ရှိ ကြေးလင်ဗန်း(၁) ချပ်၊ အချင်း (၁၂ စင်တီမီတာ)ရှိ ကြေးခွက် အပဲ့ (၁) ခု၊ ကြက်ဆူတော(တောင်)ရွာမှ အပ်နှံသည့် ကြေးဗုဒ္ဓဆင်းတုတော် ဦးခေါင်းပိုင်း (၅ စင်တီမီတာ) စသည်တို့

အပ်နှံခြင်း အတွက် ဆုငွေ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်၊

(၂) ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ မှန်ဘောင်သွင်း အလှဆင်ထားသော ကျောက်ဖြစ်ရုပ်ကြွင်းသွား (၄) ခုပါ ကားချပ် (၁) ခု ၊ သွား (၄) စုံတို့ကို လှူဒါန်းခဲ့ပါသည်၊

(၃) မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် တဝဂူအနီးမှ ရရှိသော ဆင်းတုတော်များ၊ ကျောက်လက်နက်များနှင့် အခြားပစ္စည်းများ၊ ပျူခေတ် နှောင်းပိုင်းဟု ယူဆရသည့် အမှတ်တံဆိပ်ပါ အမိုးအုတ်ချပ်တို့ကို အပ်နှံခဲ့ကြပါသည်၊

(၄) ရွှေတောင်မြို့နယ်၊ ပျဉ်းပင်ကိုင်းကျေးရွာတွင် တူးဖော်ရာမှ ရရှိခဲ့သော ဆင်ရုပ်ပုံသဏ္ဌာန်ပါရှိပြီး (ဆေးထောင့်ဆုံဟုယူဆရ၍) အောက်တွင် ပျူစာပါရှိသည့် ပစ္စည်းအပ်နှံ ရရှိခဲ့ပါသည်။

(စျ) ပြတိုက်များ၊ နန်းတော်ကြီးများခင်းကျင်းပြသမှု များအနေဖြင့် တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ပြတိုက်များ ခင်းကျင်းပြသနိုင်ရေးအတွက် ပြတိုက်ပေါင်း (၂၆) ခုနှင့် ပုဂံနန်းတော် အပါအဝင် ရန်ကုန်မြို့ရှိ အများပြည်သူများ လေ့လာနိုင်ရန် အတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်၊

(ည) ရှေးဟောင်း သုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း၊ ပြတိုက်ပညာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်၊

(ဋ) ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ ၏ Booklet စာအုပ်များကို ကမ္ဘာ့အမွေအနှစ်ဒေသနှင့် လျော်ညီသည့် Booklet စာအုပ်ထုတ်ဝေနိုင်ရေးအတွက် Perfect Magazine ထုတ်ဝေခြင်း ၊ Monitoring Note များ ရေးသားခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဌ) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI)မှ ပညာရှင်များ၊ ဤဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ပုဂံဒေသရှိ အာနန္ဒာဘုရားကြီးအား မွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်းများ အားလည်းကောင်း၊ WMF အဖွဲ့ဖြင့် ရွှေနန်းတော်ကျောင်းကြီးအား ပြုပြင်ထိန်းသိမ်းရန်အတွက် လည်းကောင်း၊ UNESCO မှ Mr Dr.rik Ponne သည်

သရေခေတ္တရာမြို့ဟောင်း သုတေသနပြုလုပ်ငန်းများကို ပူးပေါင်းကွင်းဆင်းဆောင်ရွက်လျက် ရှိပါသည်၊

(ခု) မြန်မာ-ပြင်သစ် ပညာရှင်များ ပူးပေါင်း၍ ကြေးခေတ်၊ သံခေတ် သချိုင်းရာများ တည်ရှိရာ မြန်မာနိုင်ငံအလယ်ပိုင်း၊ အုတ်အိုင်ဒေသအနီးတွင် ကြေးခေတ် သုတေသနလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။ နိုင်ငံတော်နှင့် ပြည်သူ တို့၏ လူမှုစီးပွား လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ(၈)ရပ်ဖြင့် ဦးတည် ဆောင်ရွက်လျက် ရှိပါသည်-

(က) အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာများ၊ သဘောတူစာချုပ်များ ဆောင်ရွက်မှု အခြေအနေ-

(၁) ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာများ၊ ကိုရီးယား သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား Myanmar Development Institute (MDI) တည်ထောင်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ဘင်္ဂလားဒေ့ရှ်-တရုတ်- အိန္ဒိယ- မြန်မာ (၄)နိုင်ငံ စီးပွားရေးစကြံ့ မူဘောင်အောက်မှ နှစ်နိုင်ငံ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံအစိုးရတို့အကြား ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့ဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးခဲ့ပါသည်၊

(၂) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် ဖွဲ့စည်းတည်ထောင်မှု သဘောတူစာချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့အကြား အကူအညီပေးရေးဆိုင်ရာ ငွေကြေးသဘောတူစာချုပ်၊ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြင်သစ်သမ္မတနိုင်ငံ၊ ငွေကြေးဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့အစည်း တို့အကြား အကူအညီပေးရေးဆိုင်ရာ ငွေကြေး သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

(ခ) လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုနိုင်သည့် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လိုက်နာရမည့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် စည်းမျဉ်း စည်းကမ်းများကို ဆွေးနွေးနိုင်ရန်အတွက် ဂျပန်နိုင်ငံ တရားဝင်ဖွဲ့ဖြိုးမှုအကူအညီဖြင့် Joint Meeting for Environmental Impact Assessment (EIA) အစည်းအဝေးကို (၂၃-၁၂-၂၀၁၄) ရက်တွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရုံးအမှတ်(၁) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဂ) နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် South-Centre ကိုယ်စားလှယ်အဖွဲ့တို့ ပူးပေါင်းပြုလုပ်သော အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်မှုစီမံကိန်းများ ရေးဆွဲရာတွင် ထည့်သွင်း စဉ်းစားရမည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်များနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို (၁၄-၁-၂၀၁၅)ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဃ) နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုများ အနေဖြင့် ဂျီအမ်အက်စ် ဖန္ဒမ်းပင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်အရ စွမ်းအင်ကဏ္ဍ စီမံခန့်ခွဲမှု၊ လေ့လာသင်ယူမှု အစီအစဉ်ကို မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် ဇွန်လ (၁၅)ရက်နေ့ မှ (၂၀)ရက်နေ့ အထိ နေပြည်တော်ရှိ သင်္ဂီဟတိုတယ်၌ ကျင်းပပြုလုပ်ခဲ့ ပါသည်၊

(င) ထိုင်းနိုင်ငံအခြေစိုက် IMF TA Office ၏ အစီအစဉ်ဖြင့် Overview of Macroeconomics အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၄ ခုနှစ် ဇွန်လ (၂)ရက်နေ့မှ (၃)ရက်နေ့ထိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊

(စ) OECD နှင့် UK, USAID တို့ပူးပေါင်း၍ မူဝါဒဆိုင်ရာ ဆွေးနွေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဇူလိုင်လ (၂)ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဆ) နဝမအကြိမ် အရှေ့အာရှ ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် သဘာဝတောရိုင်းတိရစ္ဆာန် တရားမဝင် ကူးသန်းရောင်းဝယ်မှု တိုက်ဖျက်ရေး ကြေညာစာတမ်း (မူကြမ်း) အား အင်္ဂလိပ်မှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းကိစ္စအား ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) အာဆီယံ ပေါင်းစပ်ဆက်သွယ်ရေးဆိုင်ရာ ASEAN Public-Private Partnership (PPP) Program (APP) စီမံချက်အရ မြန်မာနိုင်ငံ၏ Master Plan on ASEAN Connectivity (MPAC) အား အကောင်အထည် ဖော်မှုအောက်တွင် အကျုံးဝင်သည့် စီမံချက်(၁၁)ခုနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၃)ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနခွဲ သက်ဆိုင်ရာဌာန များနှင့် အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်၊

(စျ) အာဆီယံစီးပွားရေး အဆင့်မြင့်အရာရှိများ၏ အကြိုညှိနှိုင်း အစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးမှ ထွက်ပေါ်လာသည့် ရလဒ်များအား ဘာသာရပ်ဆိုင်ရာ ဌာနများသို့ အသိပေးခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို (၅-၃-၂၀၁၅) ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနခွဲ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ည) နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေး ကော်မတီအစည်းအဝေးကို (၂၄)ကြိမ် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင် နိုင်ငံခြားပညာသင်ဌာန (၁,၀၀၅)ခု မှ ကမ်းလှမ်းလာသည့် ပညာသင်ဆု(၂,၄၁၅)ဆုအနက် ပညာသင်ဆု (၂,၂၂၂)ဆုနှင့် သက်ဆိုင်သည့် သင်တန်းနှင့် ဘွဲ့/ဒီပလိုမာသင်တန်းများ အတွက် သင်တန်းသား(၆၂၉၅)ဦး စေလွှတ်နိုင်ရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အသီးသီးသို့ ခွဲဝေပေးခဲ့ပါသည်။ ဘွဲ့မယူသော သင်တန်းသားဦးရေ (၂,၆၄၅)ဦး နှင့် ဘွဲ့/ဒီပလိုမာ သင်တန်းသားဦးရေ(၃၆၉)ဦး၊ စုစုပေါင်း(၃,၀၁၄)ဦး စေလွှတ်နိုင်ခဲ့ပါသည်၊

(ဋ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ထားဝယ် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရန် အတွက် မြန်မာနိုင်ငံစက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်းနှင့် မဲခေါင်-အိန္ဒိယ တောင်ဖက် စီးပွားရေးစကြံ့ ဖွံ့ဖြိုးမှုတိုးတက်စေရေး သုတေသန၊ နည်းပညာ လေ့လာသုံးသပ်ရေး သုတေသန၊ ပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍအကြား ငွေရေး ကြေးရေးပူးပေါင်းဆောင်ရွက်ရေး သုတေသနတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဌ) ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ) ၏ အကူအညီဖြင့် Investment Promotion (IP) Training & Workshop ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနခွဲ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ (ည) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၁ (၎) တို့ပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် ပေးရန် မလိုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်၊

(၄) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့ ပေါင်းစည်းထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေ (ဒုတိယမူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲ အား ရန်ကုန်မြို့ Chatrium Hotel တွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊

(၅) စတုတ္ထကြိမ်မြောက် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဖိုရမ်အား ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နေပြည်တော် Hotel Max ၌ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(၆) မော်တော်ယာဉ်(၃၅၂)စီးနှင့် မော်တော်ဆိုင်ကယ် (၁,၀၈၂)စီးတို့အား နိုင်ငံပိုင် စာရင်းရေးသွင်းနိုင်ရေး ဆောင်ရွက်ခဲ့ပြီး၊ သံရည်ကျိုဖျက်ဆီးရန်အတွက် မော်တော်ယာဉ်(၁၇၆)စီး၊ မော်တော်ဆိုင်ကယ် (၉၁၅)စီးတို့အား မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်းသို့ အပ်နှံနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်၊

(၇) မှတ်တမ်းဖလှယ်ခြင်း အစီအစဉ်အရ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ သူရိယသတင်းစာ (၁၉၁၁-၁၉၅၄) မိုက်ကရိုဖလင် (၄၆) လိပ်အား ငှားရမ်း၍ Microfilm မှ Digital Format ဖြင့် ကူးပြောင်းရယူ သိမ်းဆည်းခြင်းနှင့် ပညာရေးနှင့် သက်ဆိုင်သည့် သုတေသနဆိုင်ရာ စာအုပ်များ အား Digitization နည်းပညာဖြင့် သိမ်းဆည်းနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်၊

(၈) တနင်္သာရီတိုင်းဒေသကြီး၊ ပြန်တမ်းများ၊ ဒေသဆိုင်ရာ အချက်အလက်များ၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီရင်ခံစာများ၊ စီမံချက်၊ စီမံကိန်း ရည်မှန်းချက်များပါဝင်သည့် မှတ်တမ်းစာအုပ်(၁၃၀)အုပ်၊ CD (၂)ချပ်၊ ဧရာဝတီ တိုင်းဒေသကြီး၊ တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဒေသဆိုင်ရာ အချက်အလက်များ၊ အစီရင်ခံစာများ၊ Gazetteer များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာများ ပါဝင်သည့် မှတ်တမ်းစာအုပ် (၁၈၃) အုပ်၊ CD (၂၅) ချပ် ရယူစုဆောင်း နိုင်ခဲ့ခြင်း၊ ပျဉ်းမနားမြို့နယ်၊ ညောင်ပင်ကြီးစုရွာ၊ သိမ်ကျောင်းတွင် ထိန်းသိမ်း ထားသော ရှေးဟောင်းပေစာချပ်များ ဖြစ်သည့် သီပေါမင်းလက်ထက် စာချွန်လွှာ၊

မဏိရတနာပုံကျမ်း (မြန်မာသက္ကရာဇ် ၈၅၂ ခုနှစ်)၊ ဝိမူရဇာတ်တော်ကြီး (မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ်) တို့အား Digitization လုပ်ငန်းဆောင်ရွက်၍ Digital Format ဖြင့် ရယူစုဆောင်းနိုင်ခဲ့ပါသည်၊

(ခ) နိုင်ငံခြားရေးဝန်ကြီးဌာနမှ မှတ်တမ်းများ ရယူနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ (၂၄) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်သည့် မှတ်တမ်းများ DVD (၅) ချပ်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပေးပို့သော စာချုပ်မူရင်း/ မိတ္တူ(၃)ခုအား လက်ခံရရှိခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံ များ ချုပ်ဆိုသည့်စာချုပ် (၁၃)ခု၊ စာတွဲ (၂၆)တွဲအား လွှဲပြောင်း ရယူနိုင်ရန် ခွင့်ပြုမိန့် တင်ပြထားဆဲ ဖြစ်ပါသည်၊

(ဂ) မော်ကွန်းဥပဒေအရ ဌာနများမှ ပေးပို့လျက်ရှိသည့် ပုံမှန်မှတ်တမ်းရယူခြင်း အပြင် မှတ်တမ်းရယူရေး စီမံချက်ဖြင့် မြန်မာ့ရုပ်မြင်သံကြားမှ လစဉ်ရိုက်ကူး ထုတ်လွှင့်ခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ သမိုင်းဝင် အသံမိန့်ခွန်းများအား CD အသွင် ကူးယူရရှိနိုင်ရေးနှင့် နိုင်ငံတော်အဆင့် ကျင်းပသည့် အခမ်းအနားများအား သမိုင်းဝင် သိမ်းဆည်းနိုင်ရေးအတွက် Sky Net ရုပ်သံလိုင်းဖြင့် ဆက်သွယ် ညှိနှိုင်းရယူခဲ့ပါသည်၊

(ဃ) သုတေသီများ မှီငြမ်းနိုင်ရန် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော မော်ကွန်းဝင်မှတ်တမ်းများအား မပျောက်မပျက်စေဘဲ တစ်စုတစ်စည်းတည်း ထိန်းသိမ်းထားရှိရန် စီမံချက်ဖြင့် ပြင်ပမှအုပ်ချုပ်မှုဆိုင်ရာ သမိုင်းဆိုင်ရာ အထောက်အထား တန်ဘိုးရှိသော ရှားပါးစာအုပ် (၁၄၄)အုပ်နှင့် မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း(၂)အုပ်၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်စာအုပ် (၂)အုပ် တို့အား ဝယ်ယူစုဆောင်းခဲ့ပါသည်၊

(င) ၂၀၁၄-၂၀၁၅ အမျိုးသားစီမံကိန်းဥပဒေအပေါ် ပထမ (၆) လပတ်အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ပါသည်၊

(စ) စီမံကိန်းကော်မရှင်မှ အတည်ပြုခဲ့သည့် ၂၀၁၅-၂၀၁၆ အမျိုးသားစီမံကိန်းဥပဒေကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ပါသည်၊

(ဆ) အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမ (၅)နှစ် စီမံကိန်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း (ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုကို ၂၀၁၅ ခုနှစ် ဧန်နဝါရီလ တွင် လွှတ်တော်သို့ တင်ပြခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့ပါသည်၊

(မ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့လာသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် နှစ်ပတ်လည် အစီရင်ခံစာများ (ဧပြီလ မှ မတ်လ အထိ) အကောင်အထည်ဖော်နိုင်မှု အခြေအနေများ ပြုစုခဲ့ပါသည်၊

(ယ) အမျိုးသားစာရင်းအင်းစနစ် SNA 1993/ 2008 အား ခန့်မှန်းတွက်ချက်ရန် One Page Business Census (2013/ 14) ပါအခြေခံအချက်အလက်များ တောင်းခံခြင်းကိစ္စအား UNDP သို့ အမှာစာများ ပြုစုပေးပို့ခဲ့ပါသည်၊

(ရ) ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်းဝင်အဖြစ်မှ လွတ်မြောက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ညွှန်ကိန်းများကို ပြုစုခဲ့ပါသည်၊

(လ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တိုင်းဒေသကြီး / ပြည်နယ်/ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စီမံကိန်းရုံး တာဝန်ခံများနှင့်အတူ (Mid–Term Review) ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဝ) ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၊ တစ်ဦးကျဝင်ငွေဆိုင်ရာ ဆပ်ကော်မတီ(၁/၂၀၁၅) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၁၃-၃-၂၀၁၅ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဌာန၌ ပြုလုပ်ခဲ့ပါသည်၊

(သ) ဒုတိယသမ္မတ(၂) နှင့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ညီလာခံ၏ အတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံရာတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ အဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ၏ အချက်အလက်များအား အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ပြုစုခဲ့ပါသည်၊

(ဟ) တိုင်းဒေသကြီး/ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီတို့မှ ပေးပို့လာသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းရန် အဆိုပြုချက်များ ပြုစုခြင်း တို့ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(၁) မြန်မာနိုင်ငံ ဆင်းရဲမှုနှင့် စားဝတ်နေရေး အခြေအနေ လေ့လာမှုစစ်တမ်း Myanmar Poverty Living Condition Survey (MPLCS)အတွက် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးများသို့ ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်၊

(၂) ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၈ရက်နေ့တွင်နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် (Third Wave) အရှိန်မြှင့်တင်မှုနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ် အလုပ်ရုံ ဆွေးနွေးပွဲ များပြုလုပ်ခဲ့ပါသည်၊

(၃) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာနိုင်ငံဆင်းရဲမှုနှင့် စားဝတ်နေရေး အခြေအနေ လေ့လာမှုစစ်တမ်း Myanmar Poverty Living Condition Survey (MPLCS) ကောက်ယူရေးအတွက် ကူညီဆောင်ရွက်ပေးခြင်းနှင့် ၂၆-၁-၂၀၁၅ မှ ၁၂-၂-၂၀၁၅ ရက်နေ့အထိ (MPLCS) စစ်တမ်းကောက်ယူမှုအခြေအနေ အစီရင်ခံစာများ ပြုစုခဲ့ပါသည်။

(ဌ) အမျိုးသားစာရင်းအင်းစနစ် SNA 1993/ 2008 သို့ပြောင်းလဲ တွက်ချက်ရာတွင် ကိုရီးယားနိုင်ငံ KOICA မှ ကျွမ်းကျင်ပညာရှင် နှင့် ADB မှ ကျွမ်းကျင်သူ အကြံပေးပုဂ္ဂိုလ်တို့က သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် အမျိုးသားစာရင်းအင်းစနစ် ဆိုင်ရာ သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(အ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့နှင့်အညီ ဆောင်ရွက်ခွင့်ပြုရန် တင်ပြလာသော ကုမ္ပဏီများ၏ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအလိုက် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို စိစစ်ပြီး တွေ့ရှိချက်များကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အကြောင်းပြန်ကြားခဲ့ပါသည်၊

– စီမံကိန်းလုပ်ငန်းများ၏ ဘီကျူ (Bill of Quantity) များ စိစစ်ခြင်း လုပ်ငန်းအနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း(၂၇)ခု၏ ဘီကျူများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စီမံကိန်း(၃)ခု၏ ဘီကျူများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ စီမံကိန်း(၄)ခု၏ ဘီကျူများ စိစစ်ခဲ့ပါသည်၊

– ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (၁-၄-၂၀၁၄) ရက်နေ့မှ ၃၁-၃-၂၀၁၅ ရက်နေ့အထိ) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) တို့ ပူးပေါင်း၍ "Public-Private Partnerships (PPPs) for Infrastructure Development in Myanmar" အလုပ်ရုံ ဆွေးနွေးပွဲ အား ၂၆-၁၁-၂၀၁၄ ရက်နေ့နှင့် ၂၇-၁၁-၂၀၁၄ ရက်နေ့တို့တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်၊

(၂) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဥပဒေ(မူကြမ်း)အား ရေးဆွဲတင်ပြလျက်ရှိရာ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့်အစည်းအဝေးကို ၂၉-၁၂-၂၀၁၄ရက်နေ့ တွင်ပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီး ဥပဒေ(မူကြမ်း) အပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ပြည်ထောင်စုရှေ့နေ ချုပ်ရုံးသို့ အကြောင်းကြားခဲ့ပါသည်။

- နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ အိမ်ရာစီမံကိန်းများရှိ အဆောက်အဦများနှင့် မြေယာကွက်များ စီမံခန့်ခွဲမှုကော်မတီကို ဖျက်သိမ်း၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်သို့ လွှဲပြောင်း ဆောင်ရွက်ရန်အတွက် ကော်မတီအား (၉-၁၀-၂၀၁၅) ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၅) ဖြင့် ပယ်ဖျက်ခဲ့သော်လည်း ကော်မတီ လက်ဝယ်ကျန်ရှိနေသော ဆောင်ရွက်နေဆဲ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊
- ထုတ်လုပ်မှုဆိုင်ရာ စာရင်းအင်းများ စုစည်းဆောင်ရွက်ခြင်း အနေဖြင့် လယ်ယာစိုက်ပျိုး ထုတ်လုပ်မှုဆိုင်ရာ စာရင်းအင်းများ၊ စက်မှုကဏ္ဍ၊ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ ထုတ်လုပ်မှုစာရင်းအင်းများ၊ ဝန်ဆောင်မှုဆိုင်ရာ စာရင်းအင်းများ စုစည်းဆောင်ရွက်ခြင်းအနေဖြင့် ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး စာရင်းအင်းများ၊ လူမှုရေးနှင့် အလုပ်သမားစာရင်းအင်းများ၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းအင်းများ စုစည်းဆောင်ရွက်ခြင်းအနေဖြင့် ဈေးနှုန်းနှင့် ပြည်တွင်းကုန်သွယ်ရေး စာရင်းအင်းများ၊ ပြည်ပကုန်သွယ်ရေးစာရင်းအင်းများ၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းအင်းများ စုစည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊
- ဖွားသေစာရင်းအင်းများ စုစည်းဆောင်ရွက်ခြင်းအနေဖြင့် ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(၁) မွေးဖွားမှုမှတ်ပုံတင်ခြင်း လုပ်ငန်းအတွက် ရှေ့ပြေး စမ်းသပ်ဒေသ (Pilot Area) အဖြစ် မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်(၄၄)မြို့နယ်တွင် မွေးဖွားမှုမှတ်ပုံမတင်ရသေးသည့် ငါးနှစ်အောက် ကလေးများကို မွေးဖွားမှုမှတ်ပုံတင်ခြင်းကို ယူနီဆက်ဖ်တို့နှင့် ပူးပေါင်း၍ စီမံချက်ရေးဆွဲ ဆောင်ရွက်ခဲ့ပါသည်၊

(၂) နေပြည်တော် Thingaha Hotel တွင် ပြုလုပ်သည့် ဖွားသေပုံစံ စာရင်းသွင်းခြင်း နည်းပြသင်တန်း (TOT) ကို တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ခံများ တက်ရောက်ခဲ့ပါသည်၊

(၃) ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ဖွားသေစာရင်းအင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ဖွားသေနှုန်းထားများ တွက်ချက်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနတို့နှင့် ညှိနှိုင်းအစည်းအဝေးကို ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

- e-Government ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် ဝန်ကြီးဌာန Website, ဝန်ကြီးဌာန Intranet Website ပေါ်တွင် သတင်း အချက်အလက်များကို Update ပြုလုပ်ခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ Website ပေါ်တွင် ရွှေဈေး၊ ဒေါ်လာဈေးနှင့် ဈေးနှုန်းစာရင်းများကို နေ့စဉ် Update ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်၊
- ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ အမျိုးသားစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ (NSDS) ရေးဆွဲအကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်၊
- အာရှဖွံ့ဖြိုးရေးဘဏ်မှ Institutional and Statistics Law Consultant မှ Myanmar Statistics Act ကို ရေးဆွဲတင်ပြရာ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင် အက်ဥပဒေအား အသစ်ပြန်လည် ရေးဆွဲရေးအတွက် အဆိုပါ စာရင်းအင်း ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေရေးထုံးနှင့်အညီ စိစစ် ဆောင်ရွက်နိုင်ရန် ပေးပို့ခဲ့ပါသည်၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေး လုပ်ငန်း

ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးဆိုင်ရာ ညွှန်ကိန်း(၇၃)ခုကိုဖော်ထုတ်နိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ သုံးလပတ်အလိုက် စိစစ်သုံးသပ် တင်ပြလျက်ရှိပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန။ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ခြင်း၊ လုပ်သားများ လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်ပေးခြင်း၊ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ခြင်း အပါအဝင် လုပ်ငန်းစဉ် (၃၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

(က) အလုပ်ရှင်၊ အလုပ်သမားတို့အကြားတွင် ဖြစ်ပွားသော အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖျန်ဖြေပေးခဲ့ရာ ဆောင်ရွက်ရန် အမှုပေါင်း (၈၄၈) မှု ကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် လုပ်ငန်းပြီးစီးမှုမှာ ၁၀၀ရာခိုင်နှုန်း ဖြစ်ပါသည်။ ပြီးပြတ်သည့်အမှုများအနက် (၄၆၅)မှုမှာ ငွေကြေး အကျိုးခံစားခွင့် ရရှိပြီး အလုပ်သမား (၆,၄၅၂)ဦးအား အကျိုးခံစားခွင့် ရငွေကျပ် (၁,၇၅၁.၀၈၅) သန်း၊ အမေရိကန်ဒေါ်လာ (၃,၇၇၀.၇၆၀) နှင့် ဘတ် (၁၆,၁၂၀) ကို ရရှိစေရန် ဆောင်ရွက်ပေးခဲ့ပါသည်၊

(ခ) တိုင်စာ၊ ပစ်စာများဆောင်ရွက်ပေးမှုမှာ ဆောင်ရွက်ရန် အမှု(၇၀) ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် လုပ်ငန်းပြီးစီးမှု (၁၀၀)% ဖြစ်ပြီး အလုပ်သမား (၂၃၉) ဦးအား အကျိုးခံစားခွင့်ရငွေ ကျပ်(၁၀၉.၃၀၄)သန်းကို ရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ဇုန်အတွင်း (၅၁) ရုံ၊ ဇုန်ပြင်ပ (၂၃)ရုံ စုစုပေါင်း (၇၄)ရုံ၌ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်များ ချုပ်ဆို ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဃ) ပြည်တွင်းအလုပ်အကိုင်တွင် မှတ်ပုံတင်သူ (၈၉၄,၄၄၃) ဦးရှိပြီး၊ အလုပ်ရရှိရန် ဦးရေ (၄၁၁,၄၀၀) လျာထားရာ၊ (၂၈၂,၀၇၉) ဦး အလုပ်ရရှိ သဖြင့် (၆၈.၆)% အလုပ်ရရှိခဲ့ပါသည်။ ပြည်ပမှတ်ပုံတင်သူ ဦးရေ (၂၇,၅၀၀) ဖြစ်ပြီး ဦးရေ(၁၅,၁၅၀) အလုပ်အကိုင် ရရှိခဲ့ပါသည်၊

(င) မြို့နယ်အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီများမှ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်ခဲ့ရာ အသစ်

လက်ခံရရှိမှု (၅၀)မှအား စစ်ဆေးဆုံးဖြတ်ခဲ့ပြီး အလုပ်သမား (၅၇)ဦးအား အကျိုးခံစားခွင့် ကျပ် (၅၈.၈၇၅) သန်းကို ရရှိစေရန် ဆောင်ရွက်ပေးခဲ့ပါသည်၊

(စ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် နိုင်ငံခြားသားအလုပ်သမား (၁၂၅၂) ဦးကိုမှတ်ပုံတင်ကတ် ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးပေးခြင်း ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ ဖွဲ့စည်းထားသော အလုပ်သမားနှင့် အလုပ်ရှင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား အသိပညာတိုးမြှင့်ရေး ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လူမှုရေးဆွေးနွေးပွဲများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပါဝင်၍လည်းကောင်း၊ အလုပ်ရှင် အလုပ်သမား နှစ်ပွင့်ဆိုင်ပါဝင်၍လည်းကောင်း စုစုပေါင်း (၅) ကြိမ် ကျင်းပခဲ့ပါသည်၊

(ဇ) မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုမည့် လုပ်ငန်းခွင်အခွင့်အရေး နှင့် စံသတ်မှတ်ချက်များရရှိစေရေး စီမံကိန်းများ၏ ရည်ရွယ်ချက်ကို ဆန်းစစ်မှုပြုရန် အကြံပေးကော်မတီ (Advisory Committee) ထူထောင်ရန် အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်အစည်းဝေး ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဈ) အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခြင်းအစီအစဉ်အရ International Labour Organization (ILO) နှင့် ပူးပေါင်း၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများဖြင့် သုံးပွင့်ဆိုင်နှင့် အလုပ်ရှင်၊ အလုပ်သမားနှစ်ပွင့်ဆိုင်၊ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ည) ILO ရန်ကုန်မှ Freedom of Association and Social Dialogue Project ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းအကြံပေး ကော်မတီ Project Advisory Committee (PAC) ကိုဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအား ပြန်လည်သုံးသပ်ခြင်း၊ ဆက်လက် ဆောင်ရွက်ရမည့် ရည်မှန်းချက်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခြင်း အစည်းအဝေးများကို ပြုလုပ်ခဲ့ပါသည်၊

(ဋ) သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် အစီအစဉ်အတွက် ILO နှင့် နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကိုကျင်းပပြုလုပ်ပြီး သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အလုပ်သမားရေးရာ ဥပဒေများ

ဖြစ်သည့် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းပေးရေး ဥပဒေများကို ပြင်ဆင်ရာတွင် ဆွေးနွေးပွဲများမှ ရရှိလာသော ရလဒ်များအပေါ် အခြေခံ၍ ဆွေးနွေးကြပါသည်၊

(၄) (၂၃) ကြိမ်မြောက်အာဆီယံအလုပ်သမားဝန်ကြီးများ၊ (၁၀) ကြိမ်မြောက် အာဆီယံ အဆင့်မြင့်အလုပ်သမားအရာရှိကြီးများ၊ (၈)ကြိမ်မြောက် အာဆီယံ+၃ အလုပ် သမားဝန်ကြီးများ၊ စတုတ္ထအကြိမ်မြောက် လူ့စွမ်းအားအရင်းအမြစ် ညီလာခံ၊ (၁၂)ကြိမ်မြောက်အာဆီယံ + ၃ အဆင့်မြင့် အလုပ်သမား အရာရှိကြီးများ အစည်းအဝေးတို့ကို နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂တွင် မြန်မာနိုင်ငံမှ အဓိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်၊

(၅) ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာစာတမ်း အကောင်အထည်ဖော်ရေး အာဆီယံကော်မတီ၏ သတ္တမအကြိမ်မြောက်အစည်းအဝေးကို မြန်မာနိုင်ငံမှ အဓိမ်ရှင်အဖြစ် ကျင်းပခဲ့ပါသည်၊

(၆) ASEAN-ILO/Japan Project on Promotion and building income security and employment services in ASEAN အစည်းအဝေးကို မြန်မာနိုင်ငံမှ အဓိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်၊

(၈) (၇) ကြိမ်မြောက် စက်မှုလုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာ အာဆီယံ-အိုင်အယ်လ်အို-ဂျပန် လုပ်ငန်းစီမံကိန်း ပူးပေါင်းဆောင်ရွက်မှု ကော်မတီ ညှိနှိုင်းအစည်းအဝေး ကို မြန်မာနိုင်ငံမှ အဓိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်၊

(၉) အာဆီယံ-ဂျပန်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ် ၂၀၁၄ ခုနှစ် အတွက် စီမံကိန်းရေးဆွဲမှုနှင့် ဆန်းစစ်အကဲဖြတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံမှ အဓိမ်ရှင်အဖြစ် လက်ခံကျင်းပ ခဲ့ပါသည်၊

(၁၀) သတ္တမအကြိမ်မြောက် အာဆီယံယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် တိုးတက် ကောင်းမွန်သော အလုပ်သမားရေးရာ ကျင့်သုံးမှုများဆိုင်ရာ အာဆီယံ အဆင့်မြင့် အလုပ်သမားအရာရှိကြီးများ၏ လုပ်ငန်းအဖွဲ့ အစည်းအဝေးများ၊ အလုပ်အကိုင် နှင့်စက်မှုလုပ်ငန်းခွင်ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆဋ္ဌမအကြိမ်မြောက် အာဆီယံ ဒေသတွင်းသုံးပွင့်ဆိုင် လူမှုရေးဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်၊

(ဒ) ကလေးအလုပ်သမား ပပျောက်ရေးနှင့် ပတ်သက်သည့် ILO (Myanmar Program on the Elimination of Child labour) နှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အစည်းအဝေး (၁၆)ကြိမ် ကျင်းပခဲ့ပါ သည်၊

(ဓ) အိမ်ထောင်စုများ၏ နေထိုင်စားသုံးမှုစရိတ် စစ်တမ်းကောက်ယူရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေး ဆိုင်ရာ အမျိုးသားကော်မတီ တတိယအကြိမ်မြောက်အစည်းအဝေးကို ပြုလုပ်ခဲ့ ပါသည်၊

(န) အနည်းဆုံးအခကြေးငွေ စာရင်းကောက်ယူရေးသင်တန်းအား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ခဲ့ပြီး၊ အနည်းဆုံး အခကြေးငွေ စစ်တမ်းကောက်ယူရေး မေးခွန်းလွှာများအား ပိုမိုနားလည်စေရန် အတွက် ကနဦးစစ်တမ်းကောက်ယူခြင်းကို နေပြည်တော်ကောင်စီ ပျဉ်းမနားမြို့၌ ပြုလုပ်ခဲ့ပါသည်၊

(ပ) အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထ အကြိမ်မြောက် အစည်းအဝေးကို ပြုလုပ်ခဲ့ပြီး အိမ်ထောင်စုများ၏ နေထိုင် စားသောက်မှုစရိတ် စစ်တမ်းမေးခွန်းလွှာများကို ပိုမိုနားလည်စေရန် အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးများအား သင်တန်းပို့ချခဲ့ပါသည်၊

(ဖ) အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပဉ္စမ အကြိမ်မြောက် အစည်းအဝေးကို ပြုလုပ်ခဲ့ပြီး၊ အနည်းဆုံးအခကြေးငွေ သတ်မှတ် နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံ မြို့နယ်၊ ပင်လုံခန်းမတွင် အလုပ်သမားကိုယ်စားလှယ်များနှင့်လည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွင် အလုပ်ရှင်ကိုယ်စားလှယ်များနှင့်လည်းကောင်း ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်၊

(ဗ) နေပြည်တော်ကောင်စီအပါအဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၆-၁-၂၀၁၅ ရက်နေ့မှ ၂၈-၂-၂၀၁၅ ရက်နေ့အထိ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အိမ်ထောင်စုများ၏ နေထိုင်စားသောက်မှုစရိတ် စစ်တမ်းများ ကောက်ယူခဲ့ပါသည်၊

(ဘ) အခြေခံအလုပ်သမား အဖွဲ့အစည်း (၁၅၅၁)ဖွဲ့၊ မြို့နယ်အလုပ်သမား အဖွဲ့အစည်း (၅၉) ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် (၅) ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း (၂၈) ဖွဲ့၊ မြို့နယ်အလုပ်ရှင် အဖွဲ့အစည်း(၁)ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့ချုပ်(၁)ဖွဲ့တို့အား အသိအမှတ် ပြုလက်မှတ်များ ထုတ်ပေးပြီး ဖြစ်ပါသည်၊

(မ) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၃၀-၈-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉/၂၀၁၃ ဖြင့် ပြဋ္ဌာန်းခဲ့ရာ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်၊

(ယ) ၁၉၄၈ ခုနှစ် အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်းဥပဒေနှင့် ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေတို့အား ပြင်ဆင်ရေးဆွဲခြင်း၊ ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေးအက်ဥပဒေနှင့် ၁၉၉၉ ခုနှစ် ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေတို့ကို အသစ်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်၊

(ရ) ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ၊ ၁၉၃၄ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ရေနံမြေ (အလုပ်သမားနှင့် သက်သာချောင်ချိရေး)အက်ဥပဒေတို့ကို ပြင်ဆင် ဖြည့်စွက်ရေးဆွဲလျက် ရှိပါသည်၊

(လ) နိုင်ငံခြားသားအလုပ်သမားဥပဒေအား ပြဋ္ဌာန်းနိုင်ရန် အသစ်ရေးဆွဲခြင်း၊ ၁၉၅၁ ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများအက်ဥပဒေ၊ ၁၉၃၆ ခုနှစ် လုပ်ခပေးရေး အက်ဥပဒေ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ (မူကြမ်း)တို့ကို အသစ်ရေးဆွဲလျက်ရှိပါသည်၊

(ဝ) ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရ အေဂျင်စီ (၂၂၅) ခု အနက် အေဂျင်စီ (၁၆၇) ခုမှ ပြည်ပနိုင်ငံများသို့ အလုပ်သမား (၇၀,၇၈၈) ဦး စေလွှတ်ခဲ့ပါသည်၊

(သ) သာမန်နိုင်ငံကူး လက်မှတ်ထုတ်ပေးရေး ဌာနစိတ်ကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတွင်လည်းကောင်း၊ နယ်စပ်မြို့များဖြစ်သော မယ်ဆိုင်၊ မဲဆောက်နှင့်ရနောင်း မြို့များတွင် One-Stop Service Center များဖွင့်လှစ်၍ ဆောင်ရွက်ခဲ့ရာ (၂,၇၂၈) ဦးကို သာမန်နိုင်ငံ ကူးလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပါသည်၊

(ဟ) ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာ Departure နှင့် ပြည်ပဆိုက်ရောက် Arrival တို့တွင် ၂၀-၇-၂၀၁၄ ရက်နေ့မှစ၍ မြန်မာ့ရွှေပြောင်း

အလုပ်သမားများ သတင်းပို့နေရာ(Myanmar Migrant Workers' Reporting Counter) ကို ဖွင့်လှစ်ခဲ့ပါသည်၊

(ဌ) ၁၈-၁၂-၂၀၁၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူနေ့ အခမ်းအနားကျင်းပခဲ့ပါသည်၊

(အ) ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်မှုများကို ၁၉၉၉ ခုနှစ်ပြည်ပအလုပ်အကိုင် ဆိုင်ရာဥပဒေဖြင့် ဆောင်ရွက်လျက်ရှိပြီး ခေတ်နှင့်လျော်ညီမှုရှိစေရန် အတွက် ပြင်ဆင် ရေးဆွဲလျက်ရှိပါသည်၊

- အလုပ်သမားဥပဒေစစ်ဆေးရေးအရာရှိများသည် အလုပ်ရုံ၊ စက်ရုံ (၁၃,၉၄၀) ရုံရှိ အလုပ်သမား(၄၂၃,၄၉၁) ဦး၊ ဆိုင်နှင့်အလုပ်ဌာန (၁၁,၅၁၄) ဌာနရှိ အလုပ်သမား (၇၁,၃၀၃)ဦးကို စစ်ဆေးနိုင်ခဲ့ပါသည်။ အလုပ်ရုံ စစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံ(၆,၀၈၆) ရုံရှိအလုပ်သမား (၂၉၁,၀၇၇) ဦးကို စစ်ဆေးနိုင်ခဲ့ပါသည်၊
- လူမှုဖူလုံရေးဥပဒေအား ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် အတည်ပြုခဲ့ပြီး လူမှုဖူလုံရေးနည်းဥပဒေအား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ်(၆)မျိုး အနက် (၃)မျိုးကို ကျင့်သုံး အကောင်အထည် ဖော်လျက်ရှိပါသည်။ အလုပ်ဌာန(၃၄,၉၀၇) မှတ်ပုံတင်နိုင်ခဲ့ပြီး၊ အာမခံအလုပ်သမား (၇၇၈,၈၃၇) ဦး မှတ်ပုံတင်ခဲ့ပါသည်၊
- ဆေးရုံကြီးများနှင့် ဆေးခန်းများအတွက် X-ray Machine, CT scan, MRI, USG, Endoscope, Echocardiogram နှင့် Laboratory Machine, Reagents,ART, Anti-TB& MDRTB drugs, Antiviral for Hepatitis- B &Hepatitis- C Vaccines တို့ကို မိမိဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူသုံးစွဲခဲ့ပါသည်၊
- မန္တလေးအလုပ်သမားဆေးရုံကြီး ခွဲစိတ်ခန်းအား ကျန်းမာရေး စံနှုန်းနှင့်အညီ ဆောက်လုပ်ခြင်း၊ ခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းနှင့် အကြီးစားပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပါသည်၊
- လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းများအသစ် ဆောက်လုပ်ပြီး တစ်ဆက် တစ်စပ်တည်း လုပ်ငန်းများအဖြစ် လိုအပ်သော ရုံးသုံးစက်ကရိယာများ၊ ပရိဘောဂများ၊ ရုံးသုံးယာဉ်များ၊ ဆေးပစ္စည်းကိရိယာများလည်း ဝယ်ယူခဲ့ပါသည်၊

- အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် (၈,၆၁၆.၅၂၉)သန်း သုံးစွဲခဲ့ပြီး (၉၈.၈) ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးဖြစ်စဉ်များအတွက် ထောက်ပံ့မှု လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော လူငယ်များနှင့် ခိုကိုးရာမဲ့လူငယ်များ အား တိုင်းဒေသကြီး/ပြည်နယ်များတွင် လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီး ကလေးများ သင်တန်းကျောင်း (၁၀) ခု ဖွင့်လှစ်ထားပြီး လူငယ်ဦးရေ (၁,၂၅၀) လက်ခံထားရှိ၍ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားခြင်းတို့ကို ဆောင်ရွက် လျက်ရှိပါသည်၊

(ခ) သင်တန်းကျောင်းများမှ အကျင့်စာရိတ္တတိုးတက် ကောင်းမွန်လာသည့် လူငယ် အမျိုးသား/အမျိုးသမီးဦးရေ(၅၄၀) ကို မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံပေးခဲ့ ပါသည်။ ၂၀၁၄-၂၀၁၅ ပညာရေးနှစ် အတွက် လူမှုဝန်ထမ်း ဦးစီးဌာနရှိ သင်တန်း ကျောင်း/ဌာနငယ်များတွင် ပညာသင်ကြားနေသော မူလတန်းကျောင်းသား (၂၆၉) ဦး၊ အလယ်တန်းကျောင်းသား (၁၉၂) ဦး၊ အထက်တန်းကျောင်းသား (၃၈) ဦးနှင့် တက္ကသိုလ်ကျောင်းသား (၁၃) ဦး တို့အတွက် စုစုပေါင်းပညာသင်စရိတ် ကျပ် (၈.၁၆၃) သန်း ခွဲဝေ ထောက်ပံ့ပေးခဲ့ပါ သည်၊

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် ထောက်ပံ့ကြေးခေါင်းစဉ်အလိုက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ(၂၂၇) ခု၊ မသန်စွမ်းဂေဟာ (၁၀)ခု ၊ ဘိုးဘွားရိပ်သာ (၇၃)ခု၊ အမျိုးသမီးဂေဟာ(၁၁) ခု တို့ကို ကူညီပေးလျက်ရှိပါသည်၊

(ဃ) လူကုန်ကူးခံရသူများအား ပြန်လည်ခေါ်ယူခြင်းနှင့် မိဘရပ်ထံ ပြန်လည်အပ်နှံ ခြင်းလုပ်ငန်းများအတွက် UNICEF, International Organization for Migration (IOM) နှင့် World Vision တို့၏ ထောက်ပံ့မှုဖြင့် ပြန်လည် ပို့ဆောင်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေ(မူကြမ်း) ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပါသည်၊

(စ) ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် ခရိုင်အဆင့် Gender နှင့် Convention on the Elimination of All Forms of Discrimination Against Women (CEDAW) အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ ရေးဆွဲရေး ကော်မတီ၏ ပဉ္စမအကြိမ်နှင့်ဆဋ္ဌမအကြိမ် အစည်းအဝေးများကို ကျင်းပပြုလုပ် ခဲ့ပါသည်၊

(ဇ) အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင် ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနခွဲအား ၂၂.၉.၂၀၁၄ ရက်နေ့မှစ၍ ဖွဲ့စည်းပုံအသစ်ဖြင့် ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်၊

(ဈ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPAတို့ ပူးပေါင်း၍ Situation Analysis in Myanmar Validation Workshop အား ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ည) နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ရဲဝန်ထမ်း ဦးရေ (၅၀) ကို Gender & CEDAW အသိပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ် ခဲ့ပါ သည်။ ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားအား ဧ.၃.၂၀၁၅ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် International Medical Corp တို့ ပူးပေါင်း၍ ကျား/မ အကြမ်းဖက်မှုဆိုင်ရာသင်တန်းကို ကျင်းပပြုလုပ် ခဲ့ပါသည်၊

(ဋ) နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၅၇/၂၀၁၄)အရ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၁၁)ရက်နေ့ တွင် ဖွဲ့စည်းခဲ့ပါသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်ချက်များအပေါ် အခြေခံ ကာ နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း အစီအစဉ်များကို ပံ့ပိုးပေးမည့် အားလုံးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး စနစ် တစ်ရပ်ရေးဆွဲရန် တာဝန်ပေးအပ်ခဲ့ပါသည်၊

(၄) လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်၍ မူဝါဒနှင့်မဟာဗျူဟာမူကြမ်းများ ရေးဆွဲခဲ့ပါသည်၊

(၃) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ဒေသအဆင့် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ Health Age International (HAI) တို့ ပူးပေါင်း၍ကျင်းပခဲ့ပြီး၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် လူမှုကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာရေးဆွဲခြင်း၊ ဒေသအဆင့် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာသဘောတရားများ၊ ကလေးသူငယ်များ၊ အလုပ်လုပ်သော အသက်အပိုင်းအခြားတွင်ရှိသောသူများ၊ သက်ကြီးရွယ်အိုများအတွက် လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများအား ဆွေးနွေးခဲ့ကြပါသည်၊

(၅) လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်(မူကြမ်း)ကို လုပ်ငန်းကော်မတီနှင့် နည်းပညာအထောက်အကူပြုအဖွဲ့တို့ ပုံမှန်တိုင်ပင်ဆွေးနွေးလျက် အပြီးသတ်ရေးဆွဲခဲ့ပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အတည်ပြုခဲ့ပါသည်၊

(၈) မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၅/၂၀၁၄)တွင် တင်ပြခဲ့ပြီး မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် မိတ်ဆက်ခြင်းအခမ်းအနားကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊

(တ) လူမှုဝန်ထမ်းဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (HAI) တို့ပူးပေါင်း၍ သက်ကြီးရွယ်အို လူမှုရေးပင်စင်ပေးနိုင်ရေး ဖြစ်တန်စွမ်း လေ့လာမှုလုပ်ငန်းအား မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်၊

(ထ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (HAI) တို့ ပူးပေါင်း၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဒ) သက်ကြီးရွယ်အို လူမှုရေးပင်စင် ဖြစ်တန်စွမ်း လေ့လာမှုမှ တွေ့ရှိချက်များအား ပြန်လည်ဆွေးနွေးတင်ပြခြင်း အစည်းအဝေးအား လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဓ) မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်ကို 3rd Myanmar Development Forum တွင် (English) ဘာသာဖြင့် ဖြန့်ဝေခဲ့ပြီး Social Protection ဆိုင်ရာ Panel Discussion ပြုလုပ်ခဲ့ပါသည်၊

(န) လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အဖွဲ့ (HAI) တို့ပူးပေါင်း၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပုသိမ်မြို့နှင့် မော်လမြိုင်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ပ) နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသော အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီးဝါကြီး အဘိုး၊ အဘွား စုစုပေါင်း(၆၀၈) ဦးတို့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက် နေ့တွင် နိုင်ငံတော်သမ္မတ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့မှ သမ္မတ၊ ဒုတိယ သမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ရရှိသည့် လစဉ်ချီးမြှင့် ထောက်ပံ့ငွေ၏ ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသော ရန်ပုံငွေထဲမှ အထောက်အပံ့အဖြစ် တစ်ဦးလျှင် ငွေကျပ် (၂)သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ပါသည်၊

(ဖ) တိုင်းဒေသကြီး/ပြည်နယ်များမှ ပေးပို့လာသည့် လျှောက်လွှာများအရ ထပ်မံတိုးလာသည့် အဘိုး၊ အဘွား စုစုပေါင်း (၁၄၁) ဦးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံ သက်ကြီးဝါကြီးပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြု တစ်ဦးလျှင် ငွေကျပ်(၂)သိန်းစီကို ပေးအပ်ချီးမြှင့်လျက်ရှိပါသည်၊

(ဗ) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများအား ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့အတွင်းရှိ မြို့နယ်(၂၂)မြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပါသည်၊

(ဘ) Sign Language စကားဝိုင်းဆွေးနွေးပွဲများကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRPD) အသိပညာပေး သင်တန်းများ

ကို ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်၊

(မ) အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့) ကျိုင်းတုံမြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ယ) ကျောင်းသား/လူငယ် စုစုပေါင်း (၅,၈၆၄)ဦးအား မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲ နှင့် (HIV/ AIDS)ရောဂါ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ပါသည်၊

(ရ) မီးဘေး (၁၉၃) ကြိမ်၊ ရေဘေး (၃၃) ကြိမ်၊ လေဘေး (၉၅) ကြိမ်၊ အခြားဘေး(ကမ်းပြိုဘေး၊ မြေပြိုဘေး၊ မိုးကြိုးပစ်ဘေး၊ လူမှုပဋိပက္ခဖြစ်ပွားမှု၊ နယ်မြေအခြေအနေအရ ပြောင်းရွှေ့မှု) (၉၄) ကြိမ်ဖြစ်ပွားခဲ့ပြီး၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ရန်ပုံငွေ စုစုပေါင်းကျပ် (၄၄၀.၁၀၀) သန်း ထောက်ပံ့ခဲ့ပါသည်၊

(လ) ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးဌာန၊ ဖျာပုံခရိုးစဉ်တွင် ခမင်းဆိပ်ကျေးရွာ - မုန်တိုင်းဒဏ်ခံအဆောက်အဦ ဆက်လမ်းအား ကျောက်လမ်းခင်းရန်အတွက် ထောက်ပံ့ငွေ ကျပ်သိန်း(၅၀)၊ လပွတ္တာခရိုင်အတွက် အမိုးကိုင်းပါ Light Truck (HYUNDAI) ယာဉ်(၁)စီး၊ ဖျာပုံခရိုင်တွင် အမိုးကိုင်းပါ Light Truck (HYUNDAI) ယာဉ်(၁) စီးနှင့် ရေဒီယိုလုံးရေ (၂,၀၀၀) တို့အား ထောက်ပံ့ခဲ့ပါသည်၊

(ဝ) ပြင်စလူမြို့နယ်ခွဲရှိ မုန်တိုင်းဒဏ်ခံ အဆောက်အဦ (၅) လုံးတွင် အရေးပေါ်အခြေအနေ၌ အသင့်အသုံးပြုနိုင်ရန်အတွက် မီးစက်နှင့်ဆက်စပ်ပစ္စည်း (၅)စုံ အတွက် စုစုပေါင်း ကျပ် (၂.၂၇၆) သန်း ပယ်ယူ ထောက်ပံ့ခဲ့ပါသည်၊

(သ) မြန်မာမရီနာကုမ္ပဏီမှ ဖိုက်ဘာလေ့(၈)စီးကို ကျပ် (၁၇.၆၀၀) သန်း ဖြင့် ပယ်ယူခဲ့ပြီး၊ ပြင်စလူမြို့နယ်ခွဲရှိ မုန်တိုင်းဒဏ်ခံ အဆောက်အဦများ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်အတွက်(၅)စီးနှင့် ကရင်ပြည်နယ်အတွက် (၃)စီးအား ထောက်ပံ့ခဲ့ပါသည်၊

(ဟ) ရှမ်းပြည်နယ် လောက်ကိုင်ဒေသတွင် တိုက်ပွဲရှောင် ပြည်သူများနှင့် တိုက်ပွဲကျ စစ်သည်များအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ကျပ် (၉၈.၁၄၄) သန်း ထောက်ပံ့ခဲ့ပါသည်၊

(ဠ) ရခိုင်ပြည်နယ်၊ အောင်တံခွန်(၃)ခရီးသည်တင်ရေယာဉ် နစ်မြုပ်ခဲ့ရာတွင် အသက်ရှင် ကျန်ရစ်သူ ကျား (၁၀၃) ဦး၊ မ (၆၄) ဦး၊ စုစုပေါင်း (၁၆၇) ဦးနှင့် သေဆုံးသူ (၆၁) ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း (၄) မျိုးနှင့် ရန်ပုံငွေ အပါအဝင် စုစုပေါင်း ကျပ် (၄.၄၉၀) သန်း ထောက်ပံ့ခဲ့ ပါသည်၊

(အ) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စစ်ဘေးရှောင်ပလောင်လူမျိုးများအတွက် အစားအစာနှင့် ရိက္ခာထောက်ပံ့ငွေ ကျပ်သန်း(၄၀.၀)ကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ လွှဲပို့ထောက်ပံ့ခဲ့ပါသည်၊

- ပြည်ထောင်စုဝန်ကြီးဌ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် ရခိုင်ပြည်နယ်ရှိ သဘာဝဘေး ဒဏ်ခံစားခဲ့ရသည့်ဒေသများတွင် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျပ်သန်း (၃၀.၀) အား ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပါသည်၊
- ရေမျောဒုက္ခသည်များအား ပြန်လည်ခေါ်ယူခြင်းတွင် ပြည်တွင်းမြန်မာရေ လုပ်သား (၆) ဦး၊ ပြည်တွင်းရေမျော ဦးရေ (၄၇၀) တို့အတွက် ကယ်ဆယ်ရေးပစ္စည်း၊ စားစရိတ် နှင့် ခရီးစရိတ် စုစုပေါင်း ကျပ် (၅.၉၇၂) သန်း ထောက်ပံ့ခဲ့ပါသည်၊
- ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့မှ ပြန်လည်ရောက်ရှိလာသော မြန်မာ ရေလုပ်သား (၁)ဦးအတွက် ခရီးစရိတ် ကျပ် (၀.၃၆၁) သန်း၊ အိန္ဒိယနိုင်ငံ၊ ပို့ဘလဲယားမြို့မှ စင်းလုံးဌားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိ လာသော မြန်မာရေလုပ်သား (၄၁၁) ဦး အတွက် ကျပ် (၂.၄၆၂) သန်း တန်ဖိုးရှိကယ်ဆယ်ရေးပစ္စည်း(၃) မျိုးနှင့် နေရပ် ဒေသအရောက် စားစရိတ်နှင့်ခရီးစရိတ်များအား ထောက်ပံ့ခဲ့ပါသည်၊
- နေပြည်တော် သိုလှောင်ရုံ၊ ဘားအံမြို့သိုလှောင်ရုံ၊ မော်လမြိုင်မြို့သိုလှောင်ရုံ ၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ ဗဟိုသိုလှောင်ရုံတို့တွင် စုစုပေါင်း ကျပ် (၂၈၇.၇၇၈) သန်း တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူဖြည့်တင်းခဲ့ပါသည်၊
- ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် သဘာဝဘေး လျော့ပါးရေး လုပ်ငန်းအဖွဲ့ခွဲ၏ ဒုတိယအကြိမ် ဆွေးနွေးပွဲအဖြစ် မြန်မာနိုင်ငံ သဘာဝဘေး အန္တရာယ်လျော့ပါးရေး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများ

အကောင်အထည်ဖော်မှုများအား ဆန်းစစ်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ဆိုင်ရာ မူဘောင်ရေးဆွဲရေးနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုခြင်း အလုပ်ရုံ ဆွေးနွေးပွဲကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ပူးပေါင်း၍ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ သည်။

- ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် UNDP အဖွဲ့အစည်းတို့ ပူးပေါင်းပြီး အာဆီယံသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ တတိယအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံသဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး စားပွဲဝိုင်းလေ့ကျင့်ခန်း အစီအစဉ်များကို ရှမ်းပြည်နယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊
- လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ "အပြည်ပြည်ဆိုင်ရာ သဘာဝဘေး လျော့ပါးရေးနေ့အခမ်းအနား"ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ (MICC II) ၌ ကျင်းပပြုလုပ်ခဲ့ ပါ သည်၊
- ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် UNDP အဖွဲ့အစည်းတို့ ပူးပေါင်း၍ "လူအများထိခိုက်မှုနှင့် ဘေးအန္တရာယ်ကြုံတင် ပြင်ဆင်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသင်တန်း"ကို နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊
- ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ UNOCHA နှင့် USAID အဖွဲ့အစည်းတို့ပူးပေါင်း၍ "အရေးပေါ်အခြေအနေကွပ်ကဲမှုဗဟိုဌာန တည်ထောင် ဆောင်ရွက်နိုင်ရေးအတွက် အဆောက်အဦ ဆောက်လုပ်နိုင်ရေး ဒီဇိုင်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ"ကို နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်၊
- လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့်UNDP အဖွဲ့အစည်းတို့ပူးပေါင်း၍ "အာဆီယံပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအစဉ် ရေးဆွဲရေးအစည်းအဝေး" ကို နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ ပါသည်၊
- သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများကို ရပ်ရွာလူထုများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူး များသည် ဒေသတွင်းရှိဦးစီးဌာနများ၊ INGOs၊ NGOs များနှင့်ပူးပေါင်းပြီး

ရပ်ကွက်/ကျေးရွာများအထိ သွားရောက်၍ သဘာဝဘေးအန္တရာယ်လျော့ပါးရေး ဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲများပြုလုပ်ခဲ့ရာ စုစုပေါင်း ပြည်သူလူထု (၂,၅၅၆)ဦးကို အသိပညာ ဖြန့်ဝေနိုင်ခဲ့ပါသည်၊

- လူမှု စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ်နည်းပြသင်တန်းကို (၁၉) ကြိမ် ဖွင့်လှစ်ပို့ချခဲ့ပါသည်။ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (နည်းပြ) သင်တန်းကို (၂၆) ကြိမ်ဖွင့်လှစ်၍ နည်းပြသင်တန်းသား (၁,၃၉၁) ဦး ပို့ချပြီး၊ အဆိုပါ နည်းပြများနှင့်ပူးပေါင်းကာ သဘာဝဘေး လျော့ပါးရေးစေတနာ့ ဝန်ထမ်း လူငယ် (ဆင့်ပွား) သင်တန်းများကို (၃၆) ကြိမ်ဖွင့်လှစ်၍ သင်တန်းသား (၈၇၀) ဦး ပို့ချခဲ့ပါသည်၊
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန သည် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ပြဌာန်းထားရှိပြီးဖြစ်သည့် ဥပဒေ(၁)ခုအား ပြင်ဆင်ရေးဆွဲခြင်း၊ ဥပဒေ(၃)ခုနှင့် နည်းဥပဒေ(၂)ခုအား အသစ်ပြဋ္ဌာန်းနိုင်ရေး ရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်၊
- ကလေးသူငယ်ဥပဒေ (၁၉၉၃) ပြင်ဆင်ရေးဆွဲပြီး အသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက် လျက်ရှိသည့်ဥပဒေများမှာ မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေ၊ အမျိုးသမီးများအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ၊ သက်ကြီးရွယ်အို အခွင့်အရေးများဆိုင်ရာဥပဒေ တို့ ဖြစ်ပါ သည်၊
- အသစ်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိသည့် နည်းဥပဒေများမှာ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေများ၊ ရှေးဦးအရွယ်ကလေး သူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေများ တို့ဖြစ်ကြပါသည်၊
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် (၅,၅၀၂.၈၄၄) သန်း သုံးစွဲခဲ့ပြီး (၁၀၀.၀) ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။ အရည်အချင်းပြည့်ဝသော လူစွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊ ဇီဝမြေဩဇာများ၊ မျိုးစေ့သစ်များ တိုးချဲ့စမ်းသပ်ရေး အပါအဝင် မူဝါဒ(၁၂)ရပ် ၊ လုပ်ငန်းစဉ်(၉) ရပ်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေ(ဒသမ) မူကြမ်းနှင့် ပတ်သက်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး တည်ထောင်နိုင်ရေး၊ စက်မှုဒီဇိုင်း

မူပိုင်ခွင့်၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နည်းဗျူဟာ၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် စနစ်တည်ထောင်နိုင်ရေး နှင့် ပထဝီဆိုင်ရာအညွှန်းနှင့်ပတ်သက်သော ဆွေးနွေးပွဲ စသည်တို့ကို ကျင်းပခဲ့ပါသည်၊

(ခ) သုတေသနလုပ်ငန်းများအနေဖြင့် -

(၁) မြေရှားဒြပ်စင်အောက်ဆိုဒ် ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းမှ RE Hydroxide (1.2)Kg၊ Neodymium Oxide (215)gm နှင့် Lanthanum Oxide (295)gm ရရှိခဲ့ပါသည်၊

(၂) ဓာတုသုတေသနဌာနလုပ်ငန်းမှ Li_2CO_3 (1253.15)gm ကို ထုတ်ယူ ရရှိခဲ့ပါသည်၊

(၃) ကျေးလက်ဒေသများ လျှပ်စစ်ထုတ်လုပ်နိုင်ရေးတွင် အသုံးပြုနိုင်သော ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ သုတေသန လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်၊

(၄) နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများရှိ ရိုးရိုးတွင်ခုံ၊ ဖောက်ခုံများအား CNC Machine များအဖြစ်သို့ ပြုပြင်၍ သင်ထောက်ကူ ပစ္စည်းများအဖြစ် အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ရိုးရိုးတွင်ခုံ (TSL-360 N) (၆) လုံးနှင့် (SSB 17-DF) (၁) လုံး တို့အား PC-Based CNC Lathe Machine အဖြစ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) Petron Engine Trainer Stand၊ Diesel Engine Trainer Stand နှင့် Automobile Lighting System Trainer Board သင်ထောက်ကူပစ္စည်း ၃ မျိုး ကို အောင်မြင်စွာ သုတေသနပြု ထုတ်လုပ်နိုင်ခဲ့ပါသည်၊

(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများအလိုက် ကုန်ပစ္စည်း များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးပေးခြင်းနှင့် လက်တွေ့သုံးစွဲနည်းများအား ကျေးရွာ များသို့အရောက် ကွင်းဆင်းပြသခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော် ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး ဆိုင်ရာသုတေသန၊ကျန်းမာရေးဆိုင်ရာသုတေသန၊မွေးမြူရေးဆိုင်ရာသုတေသန လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်၊

(င) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ရေး အတွက် လိုအပ်သောသင်ကြားရေး ဆရာ၊ ဆရာမများ ဖြည့်ဆည်းခန့်အပ်ပေး ခြင်း၊ ဆရာ၊ ဆရာမ အရည်အသွေးမြှင့်တင်နိုင်ရေး ဌာနတွင်းသင်တန်းများ

ဖွင့်လှစ်ခြင်း၊ စာတမ်းများဖတ်ကြားခြင်း၊ သင်ခန်းစာများအား ဆွေးနွေးပို့ချခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(စ) စကော်ပူနိုင်ငံ၊ ဂျပန် နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စသည့်နိုင်ငံများနှင့် ပူးပေါင်း၍ စက်မှုနှင့်သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆရာဖြစ်သင်တန်း၊ e-Learning Center တည်ထောင်ခြင်း၊ နည်းပညာအထက်တန်းကျောင်း တည်ထောင်နိုင်ရေး၊ Higher National Diploma သင်တန်းများဖွင့်လှစ်နိုင်ရေး တို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ရေးအတွက် လိုအပ်သော သင်ကြားရေး ဆရာ၊ ဆရာမများ ဖြည့်ဆည်းခန့်အပ်ပေးခြင်း၊ ဆရာ၊ ဆရာမ အရည်အသွေးမြှင့်တင်နိုင်ရေး ဌာနတွင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ စာတမ်းများဖတ်ကြားခြင်း၊ သင်ခန်းစာများအား ဆွေးနွေးပို့ချခြင်းများ ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) စက်မှုနှင့်သက်မွေးပညာ မြှင့်တင်ရေးသင်တန်းဌာန၊ ဘယ်လင်းတွင် Machine Tools သင်တန်း၊ Auto Mechanics သင်တန်းနှင့် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တွင် Building Technology သင်တန်း၊ Electronic Technology သင်တန်းနှင့် Electrical Technology သင်တန်း စသည်တို့ကို ဖွင့်လှစ် ပို့ချခဲ့ပါသည်၊

(ဈ) မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းအဖွဲ့များပူးပေါင်း၍ Technical Vocational Education Training (TVET)ဆိုင်ရာ မူဝါဒ နှင့် ဥပဒေမူကြမ်းရေးဆွဲ တင်ပြ နိုင်ရေးအတွက် ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပါသည်၊

(ည) ဆရာ၊ ဆရာမများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသစ်ပြင်ဆင်ရေးဆွဲသည့် သင်ရိုးညွှန်းတမ်းများအတွက် မွမ်းမံသင်တန်းများ ပို့ချပေးခြင်း၊ ဘာသာရပ်အလိုက် Seminar များကျင်းပပေးခြင်း၊ ဘာသာရပ်အလိုက် သင်ကြားနည်းစနစ်ကြိုတင်ပြင်ဆင်ဆောင်ရွက်စေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဋ) ကွန်ပျူတာ ၊ အင်တာနက်နှင့် e-Libraryများကိုအသုံးပြု၍ သင်ခန်းစာအထောက်အကူပြုစာပေများ လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ တက္ကသိုလ်များအသီးသီးတွင် e-Library တည်ထောင်ဆောင်ရွက်ခြင်း၊

တက္ကသိုလ်အလိုက် ကိုယ်ပိုင် Website များရေး၍ Compus Network များ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(၄) တက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ၏ ပညာရပ်ဆိုင်ရာအရည်အချင်းများ မြင့်မားစေရေးအတွက် ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် မန္တလေးနည်းပညာ တက္ကသိုလ်တို့တွင် အင်္ဂလိပ်စာမဟာဘွဲ့သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာ သင်တန်းများကို ဖွင့်လှစ်သင်ကြားနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်၊

(၅) e-Government ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနများမှ သင်တန်းသားများခေါ်ယူ၍ သင်တန်းအပတ်စဉ်တစ်ခုလျှင် သင်တန်းသား ဦးရေ(၅၀)ဖြင့် သင်တန်းကာလ နှစ်လခွဲကြာ e-Government ဆိုင်ရာ ကွန်ပျူတာ ဘာသာရပ် ကျွမ်းကျင်မှုသင်တန်းများအား အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းကျောင်း၊ နေပြည်တော်တွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်၊

(၆) ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာ တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး) မှ ပညာသင်ဆု ရရှိသူ မဟာဘွဲ့သင်တန်းသား (၈) ဦးနှင့် ပါရဂူဘွဲ့ သင်တန်းသား (၅) ဦးအား တစ်ဦးလျှင် တစ်နှစ်ပညာသင်ထောက်ပံ့ကြေး ကျပ်(၆.၅)သိန်းစီ အား ပညာသင်ဆုအဖြစ် ပေးအပ်ခဲ့ပါသည်၊

(ဏ) လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရန်အတွက် National Technical Vocational Education Training Development Plan ရေးဆွဲအကောင်အထည်ဖော်ရေး၊ သက်မွေးပညာ သင်တန်းများအား Demand Driven Approach ဖြင့် သင်ကြားပေးနိုင်ရေး၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး တို့ကို ဆောင်ရွက် ခဲ့ပါသည်၊

(တ) အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်အရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ် (၃၀) နှင့် သင်တန်းသားဦးရေ (၄၀)၊ စုစုပေါင်း ဦးရေ(၇၀)အား ပြည်ပလေ့လာရေး၊ သင်တန်းနှင့် ဆွေးနွေးပွဲများ စေလွှတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ ကျွမ်းကျင်ပညာရှင် (၃၆)ဦးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများအတွက် အကြိပြု ဆွေးနွေးမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး
ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာနအနေဖြင့် လူစွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များမှာ-

(က) "နိုင်ငံတကာအဆင့်မီ ပညာရည် မြင့်မားရေး ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ်" အနေဖြင့် Partner University တည်ထောင်နိုင်ရန်အတွက် ဂျပန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဩစတေးလျနိုင်ငံ၊ ပြင်သစ်နိုင်ငံတို့နှင့် ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်၊

(ခ) နိုင်ငံတကာတက္ကသိုလ်များနှင့်ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့်-

(၁) ဥပဒေပညာရပ်များ တိုးတက်စေရန်အတွက် ရတနာပုံတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်တို့နှင့် Bridges Across Borders South East Asian Community Legal Education Initative(BABSEA-CLE)တို့ (MOU) ရေးထိုးခဲ့ပါသည်၊

(၂) ရန်ကုန်တက္ကသိုလ်နှင့် ဂျာမဏီနိုင်ငံ ကိုလုံးတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် Centre of Excellence for Urban and Regional Development (မြို့ပြနှင့်ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ CoE) ကို တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်၊

(၃) ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဒဂုံတက္ကသိုလ် နှင့် ထိုင်းနိုင်ငံအမျိုးသားအဆင့်ပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအကဲဖြတ်ခြင်းဆိုင်ရာ ရုံးတို့ (MOU) ရေးထိုးခဲ့ပါသည်၊

(၄) ရတနာပုံတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ Chiang Rai Rajabath University တို့ပူးပေါင်း၍ (၁၀) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ Conference ကို ပူးတွဲကျင်းပခဲ့ပါသည်၊

(၅) ပညာရေးဝန်ကြီးဌာနနှင့် United Nations Education, Scientific and Cultural Organization (UNESCO) တို့ပူးပေါင်း၍ သတင်းအတတ်ပညာ ဘွဲ့ကြိုသင်တန်းများကို နိုင်ငံတကာ အဆင့်မီရန် ဆောင်ရွက်ခဲ့ပါသည်၊

(၆) အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်သည် ခရီးသွားလုပ်ငန်း ပညာဘာသာရပ်ဖွံ့ဖြိုးရေးအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနနှင့် အီတလီနိုင်ငံတို့ ပူပေါင်း၍ ခရီးသွားလုပ်ငန်း အထောက်အကူပြုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(Development and Positive Reinforcement of Responsible Tourism in Myanmar-DPRRTM)ကို ဆောင်ရွက်ခဲ့ပါသည်။

(ဂ) တက္ကသိုလ်၊ ဒီဂရီကောလိပ် နှင့် ကောလိပ်များတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ သင်တန်းများပို့ချခြင်းများကို ရန်ကုန်တက္ကသိုလ်၌ (၃၉၉)ကြိမ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ (၁၉၇)ကြိမ်၊ ဒဂုံတက္ကသိုလ်၌ (၁၉)ကြိမ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ (၁၈၇) ကြိမ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်၌ (၆) ကြိမ် ကျင်းပခဲ့ပါသည်၊

(ဃ) တက္ကသိုလ်စီမံခန့်ခွဲရေးဆိုင်ရာ အရာထမ်းများ၊ ဆရာ၊ဆရာမများနှင့် ဓာတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်ရေးလုပ်ငန်း အနေဖြင့်-

(၁) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကွန်ပျူတာ ကျွမ်းကျင်မှုသင်တန်း၊ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း၊ အခမ်းအနားမှူးသင်တန်း၊ နိုင်ငံတကာအဆင့် ဆွေးနွေးပွဲ၊ အစည်းအဝေးပွဲ စသည်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်၊

(၂) ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် စီမံ/သင်ကြား အရာရှိကြီးများ အတွက် ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာ သင်တန်းကို ဖွင့်လှစ်ခဲ့ပါ သည်။

(၃) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်များနှင့် အာဆီယံတက္ကသိုလ်များရှိ ဘာသာစကားသင်ရိုးညွှန်းတမ်းများ ရှိုင်းယှဉ်လေ့လာသောအလုပ်ရုံဆွေးနွေးပွဲ၊Foreign Language Studies ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ဆရာ၊ ဆရာမများအတွက် လက်တွေ့အသုံးချ သုတေသနနည်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတို့ကို ကျင်းပခဲ့ပါသည်၊

(၄) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် United Nations Education, Scientific and Cultural Organization (UNESCO) Participation

Programအစီအစဉ်ဖြင့် ဘာသာစကားသင်ကြားရေးဆိုင်ရာ Workshop တို့ကို ကျင်းပခဲ့ပြီး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်၊

(၅) ရန်ကုန်တက္ကသိုလ်တွင် စာကြည့်တိုက်ဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများအတွက် Online Library သင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။

(ဇ) Student Exchange Programeဖြင့် မုံရွာတက္ကသိုလ်မှ ကျောင်းသူ၊ကျောင်းသား (၁၂)ဦးနှင့် ဆရာ၊ ဆရာမ(၂)ဦးကို စင်ကာပူနိုင်ငံ International Technology Education College သို့ (၂)ပတ်ကြာ သွားရောက်လေ့လာခဲ့ပြီး၊ စင်ကာပူနိုင်ငံ International Technology Education College မှ ကျောင်းသူ၊ ကျောင်းသား (၂၅)ဦး သည် မုံရွာတက္ကသိုလ်သို့ (၃)ရက်ကြာ လာရောက်၍ ကျောင်းသားအချင်းချင်း ယဉ်ကျေးမှုဖလှယ်၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်၊

(စ) တက္ကသိုလ်၊ ဒီဂရီကောလိပ် နှင့် ကောလိပ်များတွင် အသစ်ခန့်သော နည်းပြ၊ သရုပ်ပြများ၏ အင်္ဂလိပ်စာ အရည်အသွေး မြှင့်တင်ရေး အတွက် English Language Course for Higher Education Teachers (ELCHET) သင်တန်း၊ Refresher Course for English Lecturers သင်တန်းတို့ကို ဖွင့်လှစ်ပေးခဲ့ပါသည်၊

(ဆ) ဗြိတိသျှကောင်စီ နှင့် DFID တို့ပူးပေါင်း၍ Language Trainer ဦးရေ(၅၀)သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်မှစ၍ ရန်ကုန်ပညာရေး တက္ကသိုလ်၊ စစ်ကိုင်းပညာရေး တက္ကသိုလ်နှင့် ပညာရေးကောလိပ် (၁၉) ခုတို့တွင် ဆရာ/ဆရာမများနှင့် ဆရာ/ ဆရာမလောင်းများအား (၂)နှစ်တာ အင်္ဂလိပ်စာလေ့ကျင့် သင်ကြားပေးရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) စီးပွားရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက် အထောက်အကူပြုရန် အတွက် စက်မှု၊ သက်မွေးပညာရပ် လေ့ကျင့်သင်ကြားရေး (Technical Vocational Education Training: TVET) သင်တန်းများကို အခြားဝန်ကြီးဌာနများ၊ ပြင်ပလုပ်ငန်းရှင်များနှင့် တက္ကသိုလ်များ ပူးပေါင်း၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ် (Human Resource Development Programme: HRD) ဖြင့် သင်တန်းများတိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) တောင်ငူတက္ကသိုလ်တွင် HRD Diploma in Software Engineering (၉) လ သင်တန်း၊ Community Development အစီအစဉ်ဖြင့် စပါးစိုက်ပျိုးသူ

တောင်သူလယ်သမားများအတွက် The System of Rice Intensification (SRI) စပါး စိုက်ပျိုးနည်းစနစ် သင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကျန်းမာရေးလူစွမ်းအားစုအမျိုးမျိုးကို အမျိုးသားကျန်းမာရေးမူဝါဒများနှင့်အညီ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ် ကျယ်ကျယ်ပြန့်ပြန့် ရှိစေရန်၊ အရည်အချင်းမြင့်မားသည့် ကျန်းမာရေးလူစွမ်းအားစုများကို အလုံအလောက် လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်နှင့် ထိရောက်စွာ အသုံးချနိုင်ရန်အတွက် ကျန်းမာရေးလူစွမ်းအားစု အရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြောင်းလဲတိုးတက်နေသော အဆင့်မြင့်ဆေးပညာရပ်များကို စဉ်ဆက်မပြတ် ဆည်းပူးနိုင်ရန်၊ ကျန်းမာရေးဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် ပညာရေးစနစ်တစ်ခုကို စနစ်တကျ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ တိုးတက်များပြားသော စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ နိုင်ငံတကာရေးရာများကို စနစ်တကျ စီမံခန့်ခွဲကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် သင်ကြားရေး အရည်အသွေးမြင့်မားရေးနှင့် စီမံခန့်ခွဲမှုတွင်လည်း အဆင်ပြေ ချောမွေ့စေရန်တို့အတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ လေ့ကျင့်မွေးထုတ်ခဲ့သော ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်၊ ဆေးဝါးနှင့်ဆေးဘက်ပညာရှင် (၈၅၂) ဦး၊ လက်ခံသင်ကြားပေးသော သူနာပြုစုပေါင်း(၂၀၄၈) ဦး၊ မွေးထုတ်သည့် သူနာပြုသင်တန်းသားစုစုပေါင်း (၁၇၄၄) ဦး၊ လက်ခံသင်ကြားသည့် အခြေခံကျန်းမာရေး သင်တန်းသား(၁၅၆၈) ဦးနှင့် မွေးထုတ်သည့် အခြေခံကျန်းမာရေးဝန်ထမ်း (၁၂၀၉) ဦး၊ တိဘီနှင့်ရင်ခေါင်းရောဂါကုပညာ၊ ကာလသား ရောဂါပညာ၊ ဆေးရုံအုပ်ချုပ်မှုပညာ၊ ဆေးပညာသင်ကြားရေး၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ၊ အထွေထွေသွားရောဂါကုပညာ၊ အရေးပေါ်ကုသမှုဆေးပညာဒီပလိုမာစသည့် ဘွဲ့လွန်သင်တန်းသားဦးရေ (၁၇၆) ဦး၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံအပါအဝင် ဆေးပညာမဟာသိပ္ပံ (၇၅၆) ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာ သိပ္ပံ (၈) ဦး၊ ဆေးဝါးသိပ္ပံပါရဂူ (ပရဆေးဗေဒ၊ ဆေးဝါးဘက်ဆိုင်ရာဓါတုဗေဒ၊ ဆေးဝါး ဖော်စပ်ရေးဗေဒ၊ ဆေးလက်တွေ့ဆေးဝါးသိပ္ပံ)ဘွဲ့ အပါအဝင် ဆေးလက်တွေ့အခြေခံပါရဂူ (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊အဏုဇီဝဗေဒ၊ ပြည့်သူ့ ကျန်းမာရေး၊ သွားဘက်ဆိုင်ရာ ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ) ဘွဲ့(၂၇)ဦး၊ ဆေးလက်တွေ့ပါရဂူ (၉၃) ဦး၊ MRCP၊ MRCPCH၊ MRCOG၊

MRCS(General Surgery)၊ MRCS(Eye) အပါအဝင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်းများ ပညာရှင်ရှားပါးသည့် ဘာသာရပ်များအတွက် ပြည်ပနိုင်ငံများသို့ ပညာသင် စေလွှတ်သည့် သင်တန်းသား(၂၁၄) ဦး၊ မြန်မာတိုင်းရင်းဆေးပညာဘွဲ့ရ တိုင်းရင်းဆေးပညာရှင် (၃၃၅) ဦး၊ မြန်မာတိုင်းရင်းဆေးပညာဘွဲ့ရပေါင်းကူး(၂)နှစ်သင်တန်း (၄၄) ဦး၊ မြန်မာ တိုင်းရင်းဆေးပညာ မဟာသိပ္ပံ ဘွဲ့လွန် (၂၁) ဦး တို့ကို မွေးထုတ်ပေးခဲ့ပါသည်။

ထို့အပြင် ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဒီပလိုမာ သင်တန်း (၆)ခု၊ မဟာသိပ္ပံသင်တန်း(၁၁)ခုနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့(၁)ခုတို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါ သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ လုပ်သားများ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရန် ဟူသော ရည်မှန်းချက်နှင့်အညီ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှု သိပ္ပံများတွင် A.G.T.I မှ B.Tech ၊ B.Tech မှ B.E ပေါင်းကူးစနစ်ဖြင့် သင်ကြားသည့်စနစ်မှ Technician နှင့် Engineer အဖြစ် သင်ကြားပေးနိုင်မည့် A.G.T.I (၃)နှစ် သီးခြားသင်တန်းနှင့် B.Tech တိုက်ရိုက် (၄)နှစ် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်၊

(ခ) B.E တိုက်ရိုက် (၆)နှစ် သင်တန်းများ စတင်ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာကဏ္ဍတိုးချဲ့မြှင့်တင်အကောင်အထည် ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ (Technical Vocational Education Training (TVET) Task Force) ဖွဲ့စည်း၍ အစိုးရဝန်ကြီးဌာနအသီးသီးတွင် အသက်မွေး ဝမ်းကျောင်းပညာသင်တန်းများအား နယ်ပယ်ပေါင်းစုံမှ လူငယ်လူရွယ်များ တက်ရောက်နိုင်ရန်အတွက် ညှိနှိုင်း ချိတ်ဆက်၍ ဆောင်ရွက်ခဲ့ပါသည်။

(ဃ) နည်းပညာနှင့်သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်း၍ Vocational Training Institute, Technical High School, Technical Teachers Training Institute နှင့် The Welding Training Centre များ တည်ထောင်နိုင်ရန်၊ Higher National Diploma သင်တန်း၊ Welding သင်တန်းတို့ကို ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

(ဂ) ဆရာ၊ ဆရာမများ အရည်အသွေး ပြည့်ဝရေး၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(စ) တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဒေသလိုအပ်ချက်နှင့်အညီ အစိုးရစက်မှုလက်မှု သိပ္ပံများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများ၌ ဘက်စုံသက်မွေး ပညာသင်ဌာန (Polytechnic Centre)များ ဖွင့်လှစ်၍ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) သတင်းအချက်အလက်နည်းပညာကို အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ် (Myanmar Institute of Information Technology) ကို ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) နည်းပညာပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ ၊ နျူကလီးယား ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများ လုံခြုံစိတ်ချစေရေး ဆိုင်ရာ အစည်းအဝေး၊ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အခြေခံပညာကဏ္ဍ၊အဆင့်မြင့်ပညာကဏ္ဍ၊ အသက်မွေးပညာကဏ္ဍ တို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

လူငယ်သင်တန်းကျောင်း(၃၃)ကျောင်းဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသား/သူ (၃,၄၆၄)ဦးထိ တိုးမြှင့်လက်ခံနိုင်ခဲ့ပါသည်။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (၈)ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါသင်တန်းကျောင်းတွင် လက်သမား၊ ပန်းရံ၊သံချည်သံကွေး၊ အခြေခံစက်ပြင်သင်တန်း၊ လျှပ်စစ်သွယ်တန်းခြင်းနှင့် လျှပ်စစ်ဂဟေ သင်တန်းများ၊ ဒေသလိုအပ်ချက်အရ တစ်လုံးထိုးစက်ပြင်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြင် သင်တန်း စသည့်သင်တန်းများ ဖွင့်လှစ်ပေးလျက် သင်တန်းသား (၁,၂၅၄) ဦးသင်ကြားပေးခဲ့ပါသည်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(၃၇)ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသူ(၅,၉၅၃)ဦးအား အခြေခံအိမ်တွင်းမှု ပညာရပ်များနှင့်အဆင့်မြင့် စက်ချုပ်ပညာရပ်များ သင်ကြားပေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်တွင် ပညာရေးဘွဲ့ (B.Ed)(၅)နှစ် သင်တန်း၌ ဦးရေ(၄၂၀)၊ မူလတန်းဆရာအတတ်သင် (၃)နှစ်သင်တန်း၌ ဦးရေ(၃၁၀)တို့ သင်တန်းတက်ရောက်ခဲ့ပါသည်။ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်နှင့်စစ်ကိုင်း)တို့တွင် ကျောင်းသား (၁,၃၂၃)ဦး ပညာသင်ကြားခဲ့ပါသည်။

စက်မှုသင်တန်းကျောင်းများတွင် Mobile Vocational Training Team ဖွင့်လှစ်မှု အနေဖြင့်စစ်တွေမြို့၊ လေရှီးမြို့၊ နန်းယွန်းမြို့တို့တွင် လက်သမား၊ပန်းရံ၊ သံချည် သံကွေး သင်တန်း တွင် ဦးရေ(၅၀)၊အခြေခံလျှပ်စစ်သင်တန်းတွင် ဦးရေ (၂၀၀)၊ စုစုပေါင်း ဦးရေ (၂၅၀) သင်ကြားပေးခဲ့ပါသည်။

အိမ်တွင်းမှုသင်တန်းများကို Mobile Vocational Training Team ဖြင့် နေပြည်တော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ နေပြည်တော် ဧရယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာ၊ စိမ်းစားပင်ကျေးရွာ၊ ရှားစေးဖိုလ်ကျေးရွာ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ကျောက်ဖြူမြို့၊ စစ်တွေမြို့၊ ရသေ့တောင်မြို့၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ်တို့တွင် အခြေခံအိမ်တွင်းမှု သင်တန်းတွင် (၁,၆၅၆) ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင်(၅၃၂)ဦး၊ အဆင့်မြင့် စက်ချုပ်အထူးသင်တန်းတွင် (၄,၆၆) ဦး၊ သိုးမွေး စက်ဆွဲသင်တန်းတွင်(၁၂)ဦး၊ ကနုကမာကျောက်စီ ပန်းချီသင်တန်းတွင် (၁၃) ဦး၊ စုစုပေါင်း (၂,၆၇၉) ဦး သင်ကြားပေးခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ အလုပ်အကိုင်ရရှိစေရန်အတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် ပေါင်းစပ်၍ အထည်ချုပ်စက်ရုံများတွင် လိုအပ်သော ကျွမ်းကျင်စက်ချုပ်ဝန်ထမ်းများအဖြစ် စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးရန် Public Private Partnership စနစ်ဖြင့် Quick Win Plan ရေးဆွဲ၍ အိမ်တွင်းမှု သင်တန်းကျောင်းများမှအဆင့်မြင့် စက်ချုပ်သင်တန်းဆင်းကျောင်းသူများအား ဗဟိုလေ့ကျင့်ရေး ကျောင်းတွင် ခေတ်မီမော်တာ အထည်ချုပ်သင်တန်းကို အမှတ်စဉ်(၁)ခုလျင် ရက်သတ္တ ပတ်(၂) ပတ်ကြာ ဖွင့်လှစ်ပေးခဲ့ရာ အမှတ်စဉ် (၇)အထိ သင်တန်းသူ(၈၈၂)ဦး သင်ကြားပေးခဲ့ပြီး Myanmar Synergy Garment Co.Ltd ၊Cherry Garment Co.Ltd၊ Tri-Sea Garment Factory ၊ ခိုင်ပြည့်စုံ အထည်ချုပ်လုပ်ငန်း၊ မိဘမေတ္တာ အထည်ချုပ် လုပ်ငန်း၊ နီနီ မျိုးမျိုး

အထည်ချုပ်လုပ်ငန်း၊ နေမင်းအောင်အထည်ချုပ်စက်ရုံ၊ ထူးအထည်ချုပ်လုပ်ငန်း၊ E-Land Myanmar Co.Ltd ၊ SU YU EI အထည်ချုပ်စက်ရုံ၊ FIRST IMAGE အထည်ချုပ်စက်ရုံ၊ ရွှေနှင်းဆီအထည်ချုပ်စက်ရုံ ၊ Spike အထည်ချုပ်စက်ရုံများတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် အလုပ်ခန့်အပ်ပေးနိုင်ခဲ့ပါသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာနသည် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(၇) ကျောင်းဖွင့်လှစ်ထားပြီး သင်တန်းသူ(၈၆၄) ဦး၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (၄)ကျောင်းဖွင့်လှစ်၍ သင်တန်းသူဦးရေ (၁၈၀)တို့ကို သင်တန်းပို့ချခဲ့ပါသည်။ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းတွင် (၂၉၆)ဦးကိုလည်း သင်တန်းပို့ချခဲ့ပါသည်။ မျက်မမြင်ကျောင်း (၂)ကျောင်းမှ ဦးရေ(၂၂၀) ၊ နားမကြားသောကလေးများကျောင်း(၂) ကျောင်းမှ ကလေး (၂၁၈)ဦး တို့ကိုလည်း သင်တန်းပို့ချခဲ့ပါသည်။ ရန်ကုန်မြို့တွင် မသန်စွမ်းသက်ကြီးသင်တန်း ကျောင်း (၁) ကျောင်းမှ (၅၉) ဦး၊ မသန်စွမ်းသက်ငယ် သင်တန်း ကျောင်း (၂) ကျောင်း မှ(၃၂၄)ဦးတို့ကို သင်တန်းပို့ချခဲ့ပါသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင် ကျောင်း (၁)ကျောင်း ဆောက်လုပ်ခဲ့ပါသည်။

အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ပိုက်ဆက်သင်တန်း(၄)ကြိမ်ကို သင်တန်းသား(၇၂)ဦး၊ ကြီးကြပ်ရေးမှူးသင်တန်း (ပြင်ပ) (၂) ကြိမ်ကို သင်တန်းသား (၈၁) ဦး ၊ ကြီးကြပ်ရေးမှူး သင်တန်း(၂) ကြိမ်ကို သင်တန်းသား (၂၈) ဦး၊ အခြေခံဟောဆက်သင်တန်း (၁) ကြိမ်ကို သင်တန်းသားဦးရေ (၄၀) တို့ဖြင့် သင်တန်းပို့ချခဲ့ပါသည်။ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး)တွင် အခမဲ့ အခြေခံဟောဆက် သင်တန်း(၂)ကြိမ်ကို သင်တန်းသားဦးရေ (၄၀) ဖြင့်လည်းကောင်း၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ပုသိမ်)တွင် အခမဲ့အခြေခံဟောဆက်သင်တန်း (၁) ကြိမ်ကို သင်တန်းသား (၁၁) ဦးဖြင့် လည်းကောင်းဖွင့်လှစ်ခဲ့ရာ ကျွမ်းကျင်မှုဆိုင်ရာသင်တန်း၊ သင်တန်းသား စုစုပေါင်း (၂၉၂) ဦး လေ့ကျင့်မွေးထုတ်ခဲ့ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များထွန်းကားပြန့်ပွားရေးအတွက် အနုပညာအထက်တန်းကျောင်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်များကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်၍ ကျောင်းဆင်းပွဲများ၊ စွမ်းရည်ပြပွဲများဖြင့် အနုပညာမျိုးဆက်သစ်များ ပေါ်ထွက်စေရေးအတွက်

ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) နှင့် (မန္တလေး) တို့မှ ဝိဇ္ဇာဘွဲ့ (၁၆၁) ဦး၊ ဂုဏ်ထူးတန်းဘွဲ့ (၄၃) ဦး၊ အနုပညာ ဒီပလိုမာ (၁၁၇) ဦး၊ အနုပညာကွန်ပျူတာဒီပလိုမာဦးရေ (၂၀၀)၊ ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာဒီပလိုမာ ဦးရေ (၃၀)၊ ပြတိုက်ပညာဒီပလိုမာ ဦးရေ(၃၀)၊ စာကြည့်တိုက်ပညာဒီပလိုမာ ဦးရေ(၃၀) တို့ကို မွေးထုတ်နိုင်ခဲ့ပါသည်။ အနုပညာအထက်တန်းကျောင်း (ရန်ကုန်/မန္တလေး) တို့မှ သင်တန်းသား/သင်တန်းသူ (၇၃) ဦး ကို အောင်လက်မှတ် ထုတ်ပေးနိုင်ခဲ့ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ခေတ်နှင့်လျော်ညီသော စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်သုတေသနနှင့် ဖွံ့ဖြိုးမှုများကိုလုပ်ဆောင်ပြီး တက္ကသိုလ်၏အခန်းကဏ္ဍကို မြှင့်တင်ရန် ဦးတည်လျက်ရှိပါသည်။ အနာဂတ်နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းဆောင်တာများတွင် ကျောင်းသူ၊ ကျောင်းသားများအား နိုင်ငံတော်သစ်နှင့် ထိုက်တန်သည့် နိုင်ငံ့သားကောင်း အရည်အသွေးများ၊ ပညာရပ်ဆိုင်ရာ စွမ်းအားများ၊ နိုင်ငံကြီးသား စိတ်ဓါတ်များနှင့် ပြည့်စုံစေရန် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်သင်ကြားပေးမည့် ဆရာ/ဆရာမ ဦးရေ(၂၁၀) ရှိခဲ့ပြီး၊ ဘွဲ့ကြို ကျောင်းသား (၂,၀၀၃)ဦး၊ မဟာသင်တန်းကျောင်းသား (၁၃၇) ဦး၊ ပါရဂူသင်တန်း ကျောင်းသား(၁၈) ဦးနှင့် ဘွဲ့လွန်ဒီပလိုမာအတွက် ကျောင်းသား(၉) ဦး၊ စုစုပေါင်းကျောင်းသား (၂,၁၆၇) ဦးတက်ရောက်ခဲ့ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အား အာဆီယံနိုင်ငံအဆင့်နှင့် ရင်ဘောင်တန်းနိုင်သည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်အဆင့် ရောက်ရှိစေရန်အတွက် ဘွဲ့လွန်ပညာရှင်များ၊ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများအား ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ပေးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်များနှင့် နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်ပတက္ကသိုလ်များနှင့် ချိတ်ဆက်၍ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနရှိဦးစီးဌာန လုပ်ငန်းများနှင့် ညှိနှိုင်း၍ ဝန်ကြီးဌာန၏ လိုအပ်ချက်အတိုင်း သင်ရိုးညွှန်းတမ်းများ ပြန်လည်ညှိနှိုင်းရေးဆွဲခြင်း၊ ပြည်တွင်းပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ဖိတ်ခေါ်၍ ဟောပြောပို့ချစေခြင်း၊ သုတေသနစာတမ်းဖတ်ပွဲ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ အာဆီယံတက္ကသိုလ်များနှင့် ပညာသင်ကျောင်းများဖလှယ်၍ ပြည်ပတက္ကသိုလ်များသို့ လေ့လာရေးခရီးစေလွှတ်ခြင်း၊ သင်ကြားရေးလုပ်ငန်းများနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ ပိုမို ထိရောက်မှုရှိစေရန် ဆရာ၊ဆရာမနှင့် ဝန်ထမ်းများ တိုးချဲ့ခန့်ထားနိုင်ရန် စီစဉ်ခြင်းတို့ကို

ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ရိုးရိုးဘွဲ့ သင်တန်းသား(၂၂၂) ဦး၊ မဟာဘွဲ့ (၁၄) ဦး တို့ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန

သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဖော်ဆောင်လျက်ရှိပါသည်။ သစ်တောများ ပြုစုထိန်းသိမ်း ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း သာမက တက္ကသိုလ်နှင့်သင်တန်းကျောင်းများဖွင့်လှစ်ပြီး စနစ်တကျ သင်ကြားပို့ချဆောင်ရွက်လျက်ရှိပါသည်။ သစ်တောတက္ကသိုလ်တွင် ဘွဲ့ကြိုကျောင်းသား/ ကျောင်းသူ (၅၇၉)ဦးနှင့် မဟာသင်တန်း(၇)ဦး တက်ရောက်ခဲ့ပြီး ရိုးရိုးဘွဲ့(၁၇၇)ဦးနှင့် မဟာဘွဲ့(၂)ဦး ချီးမြှင့်ခဲ့ပါသည်။ Basic Computer Training Course (၂)ကြိမ် ဖွင့်လှစ်ခဲ့ပြီး ဘွဲ့ကြိုကျောင်းသား/ကျောင်းသူ ဦးရေ (၅၀) ကို သင်ကြားပို့ချခဲ့ပါသည်။

မြန်မာနိုင်ငံ သစ်တောကျောင်းတွင် အခြေခံသစ်တောပညာသင်တန်း (၂) ကြိမ် တွင် သင်တန်းသား (၁၉၈) ဦးနှင့် သစ်ဆွေးမြေ့ စစ်ဆေးအကဲဖြတ်ခြင်း သင်တန်းအတွက် သင်တန်းသား (၁၈) ဦး ကို စာတွေ့လက်တွေ့ သင်ကြားပို့ချနိုင်ခဲ့ပါသည်။

မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများအတွက်ကျွမ်းကျင်မှု ဆိုင်ရာနှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းတွင် အမှတ်(၁) သင်တန်းကျောင်း (နန်ချွန်၊ရေတာရှည်မြို့နယ်)တွင် သင်တန်း(၉)ကြိမ်၊ သင်တန်းသား(၁၇၉)ဦး၊ အမှတ်(၂) သင်တန်းကျောင်း (ပျဉ်းမနား မြို့နယ်)တွင် သင်တန်း(၇)ကြိမ်၊ သင်တန်းသား(၁၄၄)ဦး၊ အမှတ်(၃)သင်တန်းကျောင်း (အလုံမြို့နယ်)တွင် သင်တန်း(၁၃)ကြိမ်၊ သင်တန်းသား(၂၄၂)ဦး၊ စုစုပေါင်းသင်တန်းသား (၅၆၅)ဦး တက်ရောက်သင်ကြားခဲ့ပါသည်။

မြေတိုင်းဦးစီးဌာနသည် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ မြေတိုင်းကျောင်းတွင် အရာရှိ၊ တန်းမြင့်၊ အခြေခံမြေတိုင်းပညာသင်တန်းနှင့် မှန်ပြောင်းသင်တန်း(၄)မျိုးကို ဖွင့်လှစ်၍ သင်တန်းသားဦးရေ (၇၂) ဦးကို လေ့ကျင့်သင်ကြား ပို့ချပေးနိုင်ခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် အတွက် နိုင်ငံတကာ၏အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အမှတ်(၁)စက်မှုသင်တန်းကျောင်း (ဆင်တဲ)သည် သင်ကြားမှုအထောက်ကူပြုစက်ပစ္စည်းများနှင့် နည်းပညာအတွက် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ German International Development Cooperation-GIZ အဖွဲ့အစည်း၊ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Institute of Planing and Project Research-(IPPR) အဖွဲ့အစည်း၊ အမှတ်(၃) စက်မှု သင်တန်းကျောင်း

(သာဂရ)နှင့် အမှတ်(၅)စက်မှု သင်တန်း ကျောင်း(မကွေး) တို့သည် ကိုရီးယားသမ္မတနိုင်ငံ Korea International Cooperation Agency-KOICA အဖွဲ့အစည်းများနှင့် အမှတ်(၄)စက်မှု သင်တန်းကျောင်း(ပခုက္ကူ) နှင့်အမှတ်(၆)စက်မှု သင်တန်းကျောင်း(မြင်းခြံ)တို့သည် အိန္ဒိယ သမ္မတနိုင်ငံ HMT (International) Ltd အဖွဲ့အစည်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

စက်မှုသင်တန်းကျောင်းများ၌ စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ ကိရိယာနှင့် ပုံနှိပ်ပုံပြုလုပ်သူသင်တန်း၊ စက်ရုံပစ္စည်းဖစ်တာသင်တန်း၊ မော်တော်ယာဉ် မက္ကင်းနစ်သင်တန်း၊ လျှပ်စစ်စက်ပစ္စည်း ထုတ်လုပ်သူသင်တန်း၊ သွန်းလောင်းပုံသွင်း ပုံစံထုတ်လုပ်သူသင်တန်း၊ ကွန်ပျူတာသုံး စက်ခုတ်စားမှုနှင့် စက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ ကွန်ပျူတာနှင့် ကွန်ပျူတာသုံး ဒီဇိုင်းထုတ်လုပ်မှုသင်တန်း၊ အမာတင်လုပ်သားသင်တန်း၊ အီလက်ထရောနစ်ပညာသည်သင်တန်း၊ သံရည်ကျိုလုပ်သားသင်တန်း၊ တွင်ခုံ/ကြိတ်ခုံကိုင်တွယ် မောင်းနှင်မှုသင်တန်း၊ စက်ရုံလျှပ်စစ်ပညာသည်သင်တန်း၊ သံထည်နှင့်သံဂဟေဆက်လုပ်သား သင်တန်းတို့ကို ဖွင့်လှစ်ပို့ချလျှက်ရှိပြီး၊ သင်တန်းသား (၉၆၃) ဦးတို့ကို လေ့ကျင့်ပေးလျက် ရှိပါသည်။

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊သင်တန်းကျောင်းများ ကြီးကြပ်ရေးဌာနအောက် ရှိ စက်မှုသင်တန်းကျောင်း (၆) ကျောင်းတွင် လက်ရှိ (၁) နှစ် သင်တန်းများအဖြစ် ဘာသာရပ် စုစုပေါင်း (၁၅) ခု၊ သင်တန်းသား စုစုပေါင်း ဦးရေ (၁,၀၀၀) ဖြင့် သင်ကြားပို့ချလျက်ရှိပါသည်။

ရခိုင်ဒေသရှိလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုသင်တန်း အမှတ်စဉ် (၁) သင်တန်းကို ရခိုင်ဒေသမှလူငယ်(၇၅)ဦးအား လေ့ကျင့်သင်ကြားပေးပြီး၊ အမှတ်စဉ် (၂) နှင့် (၃) သင်တန်းများကို ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။ ကျေးလက်ဒေသများအရောက် စက်မှုနှင့် အသက်မွေးပညာရွှေ့လျားသင်တန်း (ရက်တို)များကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွှေ့လျားသင်တန်း (၁၂) ကြိမ်တိုင်တိုင် ဖွင့်လှစ်နိုင်ခဲ့ပြီး၊ကျေးလက် လူငယ်ဦးရေ (၈၁၀) အား စက်မှုနှင့်အသက်မွေး ပညာရပ်များကို သင်ကြားပေးခဲ့ပြီး တိုင်းဒေသကြီးလိုအပ်ချက်များအပေါ် မူတည်၍ ကျေးလက် ဒေသများအရောက် စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်းကို ဆက်လက်ဖွင့်လှစ် သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါ သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကို ကျွမ်းကျင်သော ရေကြောင်းပညာရှင်များ မွေးထုတ်ရန်နှင့် ရေကြောင်းပညာဖြင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ပါသည်။ ရေကြောင်းဘက်ဆိုင်ရာ ဘာသာရပ်များအလိုက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ဘွဲ့ကြို(၁,၇၁၈)ဦးနှင့် ဘွဲ့လွန်ဒီပလိုမာ (၁၃၈)ဦးတို့အား

လက်ခံသင်ကြားပေးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အထိ ဘွဲ့နှင်း သဘင်(၉)ကြိမ် ကျင်းပ၍ ကျောင်းသား၊ကျောင်းသူ(၂,၅၄၂)ဦးအား ဘာသာရပ်များအလိုက် ဘွဲ့အပ်နှင်းနိုင်ခဲ့ပြီး (၃၂၈)ဦး အား ဘွဲ့လွန်ဒီပလိုမာ အပ်နှင်းပေးနိုင်ခဲ့ပါသည်။ ဆရာ/ဆရာမများကို ပြည်ပပညာသင် စေလွှတ်ခဲ့ရာ ပါရဂူဘွဲ့ (၁၃)ဦး၊ မဟာဘွဲ့ (၃၉)ဦး ရရှိခဲ့ပြီး ပြည်တွင်းပါရဂူဘွဲ့(၁၈)ဦး ရရှိခဲ့ ပြီးဖြစ်ပါသည်။ ပြည်ပသင်တန်းသို့ပါရဂူဘွဲ့ (၆)ဦး နှင့် ပြည်တွင်းသင်တန်းသို့ ပါရဂူဘွဲ့(၃)ဦး တက်ရောက်လျက်ရှိပါသည်။ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ဖွင့်လှစ်သည့် သင်တန်းများသို့ အရာထမ်း/အမှုထမ်း၊ ဆရာ/ ဆရာမများ စုစုပေါင်း (၂၁၁)ဦး တက်ရောက်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဖွင့်လှစ်သည့် စာရင်းကိုင်သင်တန်းများသို့ အမှုထမ်း(၂၇)ဦး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ဖွင့်လှစ်သည့် ဆက်သွယ်ရေး သင်တန်းသို့ အရာထမ်း/အမှုထမ်း (၉)ဦး၊ စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် လျှပ်စစ်ကျွမ်းကျင် အခြေခံသင်တန်းသို့ အမှုထမ်း(၁)ဦး စေလွှတ်တက်ရောက် နိုင်ခဲ့ပါသည်။ ရေကြောင်းဘက် ဆိုင်ရာအတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် လုပ်ဆောင်နိုင်ရန် လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (HRD)အား ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ဖွင့်လှစ်ခဲ့ပြီး ဘွဲ့လွန်ဒီပလိုမာ အချိန်ပြည့်၊ အချိန်ပိုင်းသင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများအား သင်ကြား ပို့ချလျက်ရှိပါသည်။ ဘာသာရပ်များအလိုက် သုတေသနလုပ်ငန်းများကို တက္ကသိုလ်အစီအစဉ် ဖြင့်လည်းကောင်း၊ ပြည်ပတက္ကသိုလ်များနှင့် ပူးပေါင်း၍လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်သည် နှစ်စဉ်ပုံမှန် ဖွင့်လှစ်မြဲဖြစ်သော ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းများနှင့် ပြင်ပမှနိုင်ငံတကာကုန်သွယ်ရေယာဉ်များ တွင် တာဝန်ထမ်းဆောင်မည့်သူများအတွက် သင်တန်းများကို အပြည်ပြည်ဆိုင်ရာ ရေကြောင်း အဖွဲ့ချုပ်(IMO)၏သတ်မှတ်ချက်များနှင့် အညီဖွင့်လှစ်သင်ကြားနေသော ကောလိပ်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံကုန်သွယ် ရေကြောင်းကောလိပ်မှ ရေကြောင်း အရာရှိလောင်း(၂,၄၇၆)ဦး၊ အင်ဂျင်နီယာအရာရှိလောင်း (၂,၄၁၆)ဦးကို ဒီပလိုမာဘွဲ့/ အောင်လက်မှတ်များ ပေးအပ်နိုင်ခဲ့ပါသည်။ သင်တန်းအကြိမ်ပေါင်း (၁၄၁) ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသားဦးရေ (၅,၁၃၀) တက်ရောက်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) ၏ သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါသည်။

သမဝါယမဝန်ကြီးဌာန

သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမတက္ကသိုလ် (သန်လျင် နှင့် စစ်ကိုင်း)တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ဘွဲ့ရကျောင်းသား ဦးရေ (၁,၂၂၀) မွေးထုတ်ရန် လျာထားပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊ ပထမနှစ် သင်တန်းကာလမှစ၍ လေးနှစ်သင်တန်း တက်ရောက်ရမည် ဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊မတ်လကုန်အထိ တက်ရောက်နေဆဲ ဖြစ်ပါသည်။

သမဝါယမကောလိပ်(ဖောင်ကြီးနှင့်မန္တလေး)တွင် ဦးရေ (၄၈၀) ဘွဲ့ရရန် လျာထားပြီး အခြားဒီပလိုမာဘွဲ့ရကျောင်းသား(၃၉၈)ဦးမွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ပုဂံမြို့ရှိ ယွန်းပညာကောလိပ်တွင် ယွန်းပညာဒီပလိုမာဘွဲ့ရ ကျောင်းသား ဦးရေ (၄၀၀) မွေးထုတ်ပေးနိုင်ရန် လျာထား ပြီး ဒီပလိုမာ ဘွဲ့ရကျောင်းသား (၈၄) ဦး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။ ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍသည် ပုဂ္ဂလိက ပိုင်လုပ်ငန်းများ အများအပြားပါဝင်ပြီး နိုင်ငံတော်မှ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးလျက်ရှိသဖြင့် ခရီးသွားလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၁,၄၉၈,၁၇၀.၃)သန်း ဖြစ်ပေါ်ရန် နှင့် **ပုံမှန်ဈေးနှုန်း** အရ ၁၁.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်း

ပုံ(၆ - ၃၇) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)



ပုံ(၆ - ၃၈) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)



ဇာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၁,၅၃၇,၃၁၁.၇) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်

အပေါ် ၁၀၂.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၁၀.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍအနေဖြင့် ပညာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိက ကျောင်း (၂၀၆) ကျောင်း၊ ဘော်ဒါဆောင်လုပ်ငန်းနှင့် Day Special လုပ်ငန်း (၇,၁၈၃) ခု၊ နေ့ကလေးထိန်းလုပ်ငန်းဦးရေ (၂,၄၁၇) ခု၊ ကျန်းမာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကဆေးရုံ (၂၀၆) ရုံ၊ ဆေးကုသခန်း(၅,၅၇၄) ခု၊ တိုင်းရင်းဆေးကုခန်း (၈၉၃) ခု ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်မှ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုရှိသော နေရာများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်းကြောင့် ခရီးသွားလုပ်ငန်း၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်း။ မြန်မာနိုင်ငံသည် တော၊ တောင်၊ ရေ၊ မြေ သဘာဝ အရင်းအမြစ်များ ကြွယ်ဝသောနိုင်ငံဖြစ်ပြီး၊ ခရီးသွားလုပ်ငန်းအရင်းအမြစ်များလည်း များစွာရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာအရပ်ရပ်မှ အထူးအာရုံစိုက်မှုများကိုရရှိလာပြီး ၂၀၁၄ခုနှစ် အတွင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌနှင့် ဆက်စပ်အစည်းအဝေးများ၊ စီးပွားရေးအရ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများ၊ အလည်အပတ်လာရောက်လိုသူများကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက် ရှိပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း ခရီးစဉ်ဒေသအလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စနစ်တကျရှိစေရန်အတွက် အောက်ဖော်ပြပါအတိုင်း မူဝါဒ ၅ ရပ်ချမှတ် ဆောင်ရွက်လျက် ရှိပါသည်-

(က) ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခု ဖြစ်စေရေးနှင့် အမျိုးသားအဆင့် ဦးစားပေးကဏ္ဍတစ်ခု ဖြစ်စေရေး၊

(ခ) ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေ၊ မြေ၊ တော၊ တောင်သဘာဝ ပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း တိုးတက်ကျယ်ပြန့်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်တွင်း လူမှုစီးပွားရေး ဖွံ့ဖြိုးမှုအပေါ် ကျယ်ပြန့်စွာ အခြေခံရေး၊

(ဃ) အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာချိန်တွင်အသင့်ဖြစ်နေစေရေး အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ အပြန်အလှန် ကူးလူးဆက်ဆံမှုများ တိုးမြှင့်ရေး စသည်တို့ကို အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(င) အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ရန်နှင့် အိမ်နီးချင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်များအပေါ် အချိန်နှင့်တပြေးညီ အကောင် အထည် ဖော်ဆောင်ရွက်ရေး။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းစနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်စေရန် အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်း ဆိုင်ရာ အသင်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍ နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်/ထွက်မှု စနစ်တကျ လွယ်ကူအဆင်ပြေစေရေး၊ ခရီးသွားဧည့်သည် ပို့ဆောင်သည့်ယာဉ်များ စနစ်တကျနှင့် အဆင့်အတန်းမီဖြစ်စေရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ၏ ဝန်ဆောင်မှု အဆင့်အတန်းမြင့်မားရေး၊ ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုး တိုးတက်ရေးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ (၃,၁၈၄,၁၀၂) ဦးရှိသည့်အတွက် ယခင်နှစ်ထက် ခရီးသည် (၈၇၉,၄၈၅) ဦး တိုးတက်ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိဧည့်သည်များ သုံးစွဲသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၁,၈၃၇) သန်း ရရှိခဲ့ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်နှင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် စုစုပေါင်း ၄ မျိုး ထုတ်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် (၁၇၇)ခု၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် (၃၈၉) ခု၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း လိုင်စင် (၁၅၈) ခု နှင့် ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင် (၂၈၁) ခုအသီးသီး ထုတ်ပေးနိုင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်ချက်များအနေနှင့် ပြည်ပရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများ၊ ပြည်တွင်း၊ ပြည်ပခရီးသွားပြပွဲများ၊ အာဆီယံနှင့်အခြားအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဤဝန်ကြီးဌာန လက်အောက်ရှိ နယ်ရုံးခွဲများတွင် ဌာနမှ ထုတ်ဝေ

ထားသော ခရီးသွားမြှင့်တင်ရေးဆိုင်ရာ စာအုပ်၊ စာစောင်၊ လက်ကမ်းကြော်ငြာ၊ မြေပုံမျိုးစုံနှင့် CD/DVD ခွေတို့ကို ဖြန့်ဝေခဲ့ပါသည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ကို မြန်မာနိုင်ငံ၊ နေပြည်တော်၌ ၂၀၁၅ခုနှစ် ဧန်နဝါရီလ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်နှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံဒေသအား ဆွဲဆောင်မှုရှိပြီး စိတ်ဝင်စားဖွယ်ကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ရန်၊ အာဆီယံဒေသအား အာရှ-ပစိဖိတ်ဒေသအတွင်း အမြင့်ဆုံးယှဉ်ပြိုင်နိုင်စွမ်းရှိသော ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖန်တီးရန်နှင့် အများပြည်သူသိရှိရေး မြှင့်တင်ဆောင်ရွက်ရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိရေး ဆွဲဆောင်ရန်၊ အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရန်၊ အာဆီယံခရီးသွားလုပ်ငန်းလက်အောက်ရှိ ကဏ္ဍခွဲများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်တို့ ဖြစ်ပါသည်။

ပုံ(၆ - ၃၉) ဌာနခန့်အခြားဝန်ဆောင်မှုကဏ္ဍ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက်
စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်စျေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ဌာနခန့်အခြားဝန်ဆောင်မှုကဏ္ဍ၏ နိုင်ငံပိုင်အခန်းတွင်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးခြင်း၊ အိမ်ရာများ၏တစ်ယူနစ်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းတို့ကြောင့် ဌာနခန့်အခြားဝန်ဆောင်မှုကဏ္ဍတိုးတက်လာပါသည်။ ပုဂ္ဂလိကပိုင်အခန်း

တွင် ပုဂ္ဂလိကလုပ်ငန်းများမှတ်ပုံတင်ပြုလုပ်ရာ၌ လျင်မြန်ချောမွေ့စေရန် One Stop Service ဖြင့်ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများကို နိုင်ငံတကာအဆင့်မီ သည်ထိ ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဆွဲဆောင်မှု ကောင်းများ ဖန်တီးဖော်ထုတ်၍ ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ပုဂ္ဂလိကလုပ်ငန်းငယ်များ တိုးတက်စေရန်အတွက် ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းနှင့် ခရီးသွား ဝန်ဆောင်မှု လုပ်ငန်းများ၊အိမ်ငှားလုပ်ငန်းများ၊အင်တာနက်၊အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Toll Gate ၊ စက်သုံးဆီအရောင်းဆိုင်များ ၏ အရေအတွက် နှင့် ဝင်ငွေများ တိုးတက် လာခြင်း ကြောင့် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း ပြည့်မီခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ နိုင်ငံတော်၏စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ဖော်ပြပါ ကုန်သွယ်ရေး မူဝါဒများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော်ရေး၊

(ခ) ပို့ကုန်တိုးချဲ့မြှင့်တင်ရေး ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေး ခေတ်မီသတင်းဆက်သွယ်ရေး နည်းပညာ အသုံးပြု၍ ဆောင်ရွက်သွားနိုင်ရေး၊

(ဂ) ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုန်သွယ်မှုတိုးချဲ့ရေး၊

(ဃ) ကုန်သွယ်မှု ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊

(င) ပြည်တွင်းစားသုံးမှုနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော အရေးကြီး ကုန်စည်များ ဖူလုံရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍ၏ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၁၂,၄၇၉,၃၅၅.၄) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ ၅.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၆ - ၄၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဖျေးနှုန်း)



ပုံ(၆ - ၄၁) တိုးတက်မှုနှုန်း (ပုံမှန်ဖျေးနှုန်း)



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကုန်သွယ်မှုကဏ္ဍ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးသည် မတ်လကုန်အထိတွင် **နှစ်အလိုက်ဖျေးနှုန်း**အရ ကျပ် (၁၂,၂၁၈,၀၂၂.၄) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၇.၉၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဖျေးနှုန်း**အရ ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပြည်ပကုန်သွယ်မှုအခြေအနေ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်ပကုန်သွယ်မှုတန်ဖိုး (ပို့ကုန်တွင် Re-export အပါအဝင်) ကျပ် (၂၅,၁၈၆,၀၀၀.၀) သန်း (အမေရိကန်ဒေါ်လာ ၂၅,၇၀၀.၀ သန်း) နှင့် **ပုံမှန်ဖျေးနှုန်း**များအရ ၉.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်မှုကျပ် (၂၉,၀၉၃,၅၈၇.၆) သန်း (အမေရိကန်ဒေါ်လာ ၂၉,၁၅၆.၉ သန်း) ရရှိခဲ့ပြီး **ပုံမှန်ဖျေးနှုန်း**များအရ ၁၈.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပြည်ပပို့ကုန်ကို ကျပ် (၁၂,၄၄၆,၀၀၀.၀) သန်း(အမေရိကန်ဒေါ်လာ ၁၂,၇၀၀.၀ သန်း) ရရှိရန် ရည်မှန်းထားရာ ကျပ် (၁၂,၄၉၆,၅၃၁.၅) သန်း(အမေရိကန်ဒေါ်လာ ၁၂,၅၂၃.၇ သန်း) ရရှိခဲ့ပါသည်။ ပြည်ပသွင်းကုန်ကို ကျပ် (၁၂,၇၄၀,၀၀၀.၀) သန်း(အမေရိကန်ဒေါ်လာ ၁၃၀၀၀.၀

သန်း) ရရှိရန် ရည်မှန်းထားရာ ကျပ် (၁၆,၅၉၇,၀၅၆.၁) သန်း (အမေရိကန်ဒေါ်လာ ၁၆,၆၃၃.၂ သန်း) ရရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ကျပ် (၄,၁၀၀,၅၂၄.၆) သန်း (အမေရိကန်ဒေါ်လာ ၄,၁၀၉.၅ သန်း) ဖြစ်ပေါ်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဟောင်ကောင်အပါအဝင်) စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၃၄.၄ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ ၁၉.၆ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံ ၁၆.၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ ၇.၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ ၄.၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ပပို့ကုန်တန်ဖိုးအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန် ဒေါ်လာ (၂,၉၂၃.၅) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း အမေရိကန်ဒေါ်လာ (၉.၇) သန်း၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ (၄၂၀.၇) သန်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း အမေရိကန် ဒေါ်လာ (၁,၄၆၉.၅) သန်း၊ သစ်တောထွက်ပစ္စည်း အမေရိကန်ဒေါ်လာ (၉၈.၁) သန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ (၅,၁၇၈.၆) သန်း၊ စက်မှုကုန်ချောပစ္စည်း အမေရိကန် ဒေါ်လာ (၁,၀၅၄.၂) သန်း နှင့် အခြားပစ္စည်းများ အမေရိကန်ဒေါ်လာ (၁,၃၆၉.၄) သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ(၁၂,၅၂၃.၇) သန်း ရရှိခဲ့ပါသည်။

တန်ဖိုးအများဆုံးတင်ပို့သည့် ကုန်ပစ္စည်းများမှာ သဘာဝဓာတ်ငွေ့၊ ပဲအမျိုးမျိုး၊ ချုပ်ပြီးအထည်၊ ကျောက်စိမ်း၊ ဆန်၊ သတ္တုနှင့်သတ္တုရိုင်း၊ ငါး တို့ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံမှ ပို့ကုန်အများဆုံး တင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (ဟောင်ကောင် အပါအဝင်) အမေရိကန်ဒေါ်လာ (၄,၉၆၂.၅) သန်း၊ ထိုင်းနိုင်ငံ အမေရိကန် ဒေါ်လာ (၄,၀၂၈.၇) သန်း၊ စင်္ကာပူနိုင်ငံ အမေရိကန်ဒေါ်လာ (၇၅၈.၈) သန်း၊ အိန္ဒိယနိုင်ငံ အမေရိကန်ဒေါ်လာ (၇၄၅.၈) သန်း၊ ဂျပန်နိုင်ငံ အမေရိကန်ဒေါ်လာ (၅၅၆.၂) သန်းဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရင်းနှီးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ (၇,၆၀၇.၄) သန်း၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်းများ အမေရိကန်ဒေါ်လာ (၅,၀၀၇.၀) သန်း၊ စားသုံးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ (၄,၀၁၈.၈) သန်း တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဟောင်ကောင် အပါအဝင်) အမေရိကန်ဒေါ်လာ (၅,၀၇၅.၃) သန်း၊ စင်္ကာပူနိုင်ငံ အမေရိကန်ဒေါ်လာ (၄,၁၃၇.၄) သန်း၊ ဂျပန်နိုင်ငံ အမေရိကန်ဒေါ်လာ (၁,၇၄၉.၄) သန်း၊ ထိုင်းနိုင်ငံ အမေရိကန် ဒေါ်လာ (၁,၆၇၉.၀) သန်း၊ မလေးရှားနိုင်ငံ အမေရိကန်ဒေါ်လာ (၇၄၄.၀) သန်း ဖြစ်ပါသည်။

အများဆုံးတင်သွင်းသည့် ကုန်ပစ္စည်းများမှာ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ အခြားစက်နှင့်စက်ပစ္စည်းများ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေး အပိုပစ္စည်းများ၊ သွပ်ပြား၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းတို့ ဖြစ်ကြပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလွယ်ကူ ချောမွေ့စေရေးအတွက် ဖြေလျော့ပေးမှုများနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဖော်ပြပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးကဏ္ဍလုပ်ငန်းများ ပိုမိုစွမ်းဆောင်နိုင်ရန် ဝန်ကြီးရုံး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်၊

(ခ) Website များ ပိုမိုကောင်းမွန်ရန် Design ပြင်ဆင်ခြင်း၊Mobile Version ပြင်ဆင်ခြင်း၊ အကောက်ခွန်ဦးစီးဌာန၏ Website နှင့် ချိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်၊

(ဂ) ကုန်သွယ်ရေးဆိုင်ရာ ကုစားမှုအစီအမံများ ဥပဒေရေးဆွဲရေးအတွက် အကာအကွယ်ပေးရေး ဥပဒေများ(Safeguard Law, Anti-dumping and Countervailing Law) တို့ကို ရေးဆွဲပြဋ္ဌာန်းရန် လုပ်ဆောင်ခဲ့ခြင်း၊ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေနှင့်ယှဉ်ပြိုင်မှု ဥပဒေ ပြဋ္ဌာန်းခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဃ) မြန်မာနိုင်ငံမှ Enhanced Integrated Framework (EIF) လုပ်ငန်းစဉ်ဖြစ်သော Tier1 Project Proposal (မူကြမ်း) ပြင်ဆင်ခြင်း၊ Capacity Assessment Missionအဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လူစွမ်းအား အရင်းအမြစ်ဌာနခွဲတို့ပူးပေါင်း၍ နိုင်ငံခြားအကူအညီ၊ အထောက်အပံ့၊ ချေးငွေကိစ္စများနှင့် ပတ်သက်သောမူဝါဒများ၊ အစီအစဉ်များ၊ ဝယ်ယူရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲရေးစည်းမျဉ်းနှင့် စာရင်းစစ်ဆေးမှုစနစ် လိုအပ်ချက်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်၊

(င) အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-ဂျပန်၊ အာဆီယံ- ဩစတြေးလျ၊ နယူးဇီလန်နှင့်အာဆီယံ-အိန္ဒိယ၊ ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ-ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှုဒေသများ၏ ပင်ရင်းနိုင်ငံ

ဆိုင်ရာ စည်းမျဉ်း (Rules of Origin) များ ဆွေးနွေးညှိနှိုင်း၍ အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ဘရူနိုင်း၊ စင်္ကာပူ၊မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ထုတ်လုပ်/တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့် စနစ် (Self-Certification System) ဆောင်ရွက်ခြင်း၊ စက်မှုထုတ်ကုန်များအတွက် ပင်ရင်းနိုင်ငံထုတ်ကုန်ပစ္စည်း မှတ်ပုံတင်လက်မှတ်များအား စိစစ်ခွင့်ပြု ထုတ်ပေးခဲ့ပါသည်၊

(စ) အကောက်ခွန် မဟုတ်သော အတားအဆီးများ ဖယ်ရှားရေးအတွက် အာဆီယံတွင် နိုင်ငံအလိုက် (National Level Work Program) နှင့် ဒေသအလိုက် (Regional Level Work Program) ဆောင်ရွက်ရန် Intergovernmental agency body ဖွဲ့စည်းခဲ့ပါသည်။ အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ Non-Tariff Measures (NTMs) များကို UNCTAD Classification 2012 နှင့် လိုက်လျောညီထွေဖြစ်စေရန် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ASEAN Business and Investment Summit နှင့် ASEAN Business Award ဆုပေးပွဲတို့ကို သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် အထောက်အပံ့ပေးသော ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်၊

(ဆ) ကုန်သွယ်မှု အချက်အလက်များ ဘဏ္ဍာတိုက်ထူထောင်ရေး (Establishment of Myanmar National Trade Portal and Trade Repository) အတွက် United States Agency for International Development-USAID ၏ အကူအညီဖြင့် စီမံချက်ရေးဆွဲခြင်း၊ ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေး ဌာနခွဲမှ မော်တော်ကားအရောင်းစင်တာ၊ အရောင်းပြခန်းများဖွင့်လှစ်ရန် မြေပြင်စစ်ဆေးမှုများအား ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) ၂၀၁၅ ခုနှစ် (AEC) အာဆီယံအသိုက်အဝန်း အောင်မြင်ရေးအတွက် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် စျေးကွက်ယှဉ်ပြိုင်မှုစွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစီမံချက်များ ဆောင်ရွက်ခြင်းနှင့် ICT အသုံးပြု၍ e-government, e-commerce လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲမှ ပြည်တွင်း ကုန်စည်ပြပွဲ ၅၂ ပွဲ၊ ပြည်ပကုန်စည်ပြပွဲ ၂၈ ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသထွက်ကုန် ကုန်စည်ပြပွဲ ၅ ပွဲတို့ကို ကျင်းပခဲ့ပါသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် (၁၁) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (China-ASEAN Expo) ကျင်းပခဲ့ရာတွင် မြန်မာထွက်ကုန်ပစ္စည်းများ ပြသခဲ့ရာ Best City of Charm Pavilion, Best Exhibitor Organizer, Best Gralleria of Brands ဆု (၃) ဆုကို ရရှိခဲ့ပါသည်၊

(ည) အမျိုးသားပို့ကုန် မဟာဗျူဟာတွင် ဆောင်ရွက်နေသော ဦးစားပေး ဝန်ဆောင်မှု ကဏ္ဍ ဖြစ်သည့် ခရီးသွားလုပ်ငန်းအား Netherlands Trust Fund III ၏ အကူအညီဖြင့် Project Plan အား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့်အတူ ကယားပြည်နယ်အစိုးရအဖွဲ့တို့ စတင်ဆောင်ရွက်လျက်ရှိပါသည်၊

(ဋ) ရန်ကုန်၊ ဧရာဝတီ၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်တို့တွင် ခေတ်မီနည်းစနစ်များဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် နည်းပညာသင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်။ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစားအစာလုံခြုံစိတ်ချရမှု၊ သားငါးထုတ်လုပ်တင်ပို့မှု၊ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး အရည်အသွေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ စံချိန်စံညွှန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုမှ သုတေသနဝန်ဆောင်မှု လုပ်ငန်းများကို ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(GIZ) ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်၊

(ဌ) တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာသတင်းပြန်ကြားရေးဌာနများ ဖွင့်လှစ်၍ ဈေးကွက်၊ ဈေးနှုန်းသတင်း အချက်အလက်များ ဖြန့်ဝေခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ နည်းပညာများဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်၊

(ဍ) တရားမဝင် ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးလုပ်ငန်းတွင် Mobile Team များဖြင့် ဗဟိုကော်မတီ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် မူဆယ်-မန္တလေး လမ်းကြောင်းနှင့် မြဝတီ-ရန်ကုန် လမ်းကြောင်းတို့ဖြင့် ဖွဲ့စည်း၍ သတ်မှတ်ချက်ကာလဖြင့် တားဆီးစစ်ဆေးခဲ့ပြီး၊ မန္တလေး-မူဆယ်လမ်းကြောင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့

သို့လည်းကောင်း၊ မြဝတီ-ရန်ကုန်လမ်းကြောင်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့လည်းကောင်း လွှဲပြောင်းပေးခဲ့ပါသည်၊

(ဃ) ကုန်သွယ်မှုဗဟိုဌာနကို ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နယ်စပ်စခန်းရုံးများနှင့်ပတ်သက်၍ မန္တလေးရုံးခွဲ၊ ကျိုင်းတုံရုံးခွဲ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ လွယ်ကျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တမူး၊ ရိုဒ်၊ မြဝတီ၊တာချီလိတ်၊ ကော့သောင်းနှင့် မြိတ်နယ်စပ်စခန်းများတွင် တစ်ဖက်သတ်အကောက်ခွန်သက်သာခွင့်ရှိသည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ စားသုံးသူရေးရာ ဦးစီးဌာနရုံးများအား ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်ခဲ့ပါသည်။

ပုံ (၆ - ၄၂)ကုန်သွယ်မှုကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)


(ကျပ်သန်း)
၄၀၀၀၀၀၀.၀
၃၅၀၀၀၀၀.၀
၃၀၀၀၀၀၀.၀
၂၅၀၀၀၀၀.၀
၂၀၀၀၀၀၀.၀
၁၅၀၀၀၀၀.၀
၁၀၀၀၀၀၀.၀
၅၀၀၀၀၀.၀
၀.၀
၁၄၂၈၈၈၄.၃
၁၆၅၅၂၂၆.၀
၅၆၆၀၂၂.၄
၆၆၂၂၂၂.၀
၁၆၀၄၂၅.၄
၂၆၀၀၀၀.၀
၁၆၀၀၀၀.၀
၁၆၀၀၀၀.၀
၁

လုပ်ငန်း ဖွံ့ဖြိုးမှုနှင့်အတူ ဒေသထွက်ရိုးရာအဝတ်အထည်များ ပိုမိုထွက်ရှိပြီး ကုန်စည်စီးဆင်းမှု ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ငွေချည် ၆ အမျိုးအစားသီးနှံ၊ ပဲကြီး၊ ဈေးကွက်ဝင် ရွှေဘိုပေါ်ဆန်း စသည့် သီးနှံများကို ပိုမိုထုတ်လုပ်နိုင်ခြင်း၊ သားငါးကဏ္ဍတွင် ကြက်မွေးမြူရေး ဇုန်(၇)ဇုန်နှင့် နွားမွေးမြူရေးဇုန်(၁)ဇုန်တို့တွင် မွေးမြူရေးကောင်ရေများ တိုးပွားလာခြင်း၊ မြစိမ်းရောင် (မွေးမြူရေး) ကျေးရွာစီမံကိန်းအဖြစ် ကျေးရွာ(၆)ရွာတွင် ဒေသနွားမွေးမြူမှု တိုးတက်ရေး ဆောင်ရွက်ခြင်း၊ သတ္တုကဏ္ဍတွင် ရွှေဖက်စပ် အကြီးစားကုမ္ပဏီ(၁)ခု၊ အသေးစား ကုမ္ပဏီ(၁၀)ခုတို့သည် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူဖက်စပ် လုပ်ကိုင်လျက်ရှိခြင်း၊ ကျောက်မီးသွေးထုတ်လုပ်မှုများကို ကုမ္ပဏီ(၁၅) ခုတို့ဖြင့် ထုတ်လုပ်လျက်ရှိခြင်းတို့ကြောင့် တိုးတက်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် အဓိကသီးနှံဖြစ်သော ဆီအုန်း၊ ကြက်ပေါင်စေး၊ ကွမ်းသီး ကွမ်းရွက်စသည့် သီးနှံများကို ပိုမိုထုတ်လုပ်နိုင်ခြင်း၊ သားငါးကဏ္ဍတွင် ပုလဲထုတ်လုပ်မှု သိသာစွာတိုးတက်ခဲ့ခြင်းနှင့် မုတ်ခွံ၊ ရေနန်ငါး၊ ပုစွန်၊ ဘုံငါးဖမ်းလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ခြင်း၊ စက်မှုလက်မှုကဏ္ဍတွင် မြိတ်စက်မှုဇုန်မှ ရေခဲ၊ ငါးပုစွန် အခြောက်ခံလုပ်ငန်း၊ ငါးအသားလွှာလုပ်ငန်း၊ ဇုန်ပြင်ပလုပ်ငန်းများဖြစ်သည့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် ဆီအုန်းဆီကြမ်းလုပ်ငန်းများ တိုးတက်ခဲ့ခြင်း၊ ထားဝယ်မြို့၊ မေတ္တာမြို့နယ်ခွဲတွင် ထီးခီး၊ တနင်္သာရီမြို့နယ်တွင် မောတောင်နယ်စပ်စခန်းများ ဖွင့်လှစ်ခဲ့ခြင်းတို့ကြောင့် တိုးတက်ခဲ့ပါ သည်။

ရခိုင်ပြည်နယ် စစ်တွေနှင့် မောင်တောနယ်စပ်စခန်းများမှ ဆန်၊ နန္နင်းတက်၊ လဲမို့၊ မန်ကျည်းစေ့၊ ကုလားပဲ၊ ကွမ်းသီး၊ ဂဏာန်း၊ ငါးကုန်းညိုခြောက်၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်၊ ရေနန်ပုစွန်၊ ငါးသလောက်၊ ဝါးကြီး၊ ကြိမ်နှင့် အခြားကုန်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်ခြင်း၊ ရခိုင်ကမ်းလွန် သဘာဝဓါတ်ငွေ့ (ရွှေစီမံကိန်းမှ) ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်း၍ ကျောက်ဖြူမြို့မှ တရုတ်နိုင်ငံ ကူမင်းမြို့သို့ ပိုမိုတင်ပို့နိုင်ခဲ့ခြင်း၊ မာဘယ်လ် စက္ကင်ကျောက် ပိုမိုထုတ်လုပ်နိုင်ခြင်း၊ မောင်တော၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ စစ်တွေနှင့် ကျောက်ဖြူမြို့များမှ ထွက်ရှိသော ဆားများကို ရန်ကုန်တိုင်းဒေသကြီးသို့ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းတို့ကြောင့် တိုးတက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေဘိုပေါ်ဆန်း၊ ပုသိမ်ပေါ်ဆန်းမွှေး၊ ဧည့်မထဆန်များ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်၊ ပဲလွန်း၊ ပဲဖြူကလေး၊ ကုလားပဲများ ပြည်တွင်း/ပြည်ပ ပြန်လည်ရောင်းဝယ်ကုန်သွယ်နိုင်ခြင်း၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲမျိုးစုံ၊ ကုန်စိမ်းသီးနှံများကို ကုန်စည်ဒိုင်များမှတဆင့် ပြည်တွင်းရှိ အခြားဒေသများသို့ ကုန်သွယ်နိုင်ခြင်း၊ ဖမ်းဆီးရမိသော

နိုင်ငံပိုင်ကျွန်းနှင့် သစ်မာတိုင်၊ ကျွန်း၊ သစ်မာမျောနှင့် အခြားသစ်ထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ အဖျောက် ရေနံမြေမှ ဗူးသွင်းသဘာဝဓာတ်ငွေ့ အမြောက်အများ ထွက်ရှိလာခဲ့ခြင်း၊ တိုးလာသော စက်မှုလုပ်ငန်းသစ် (၁၅၁) ခု၏ ကုန်ထုတ်လုပ်မှုများ တိုးတက်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် အဆင့်မြင့်လယ်ယာ ဖော်ထုတ်ခြင်း၊ သီးနှံစံပြ စိုက်ခင်းများ ထူထောင်ခြင်း၊ သီးနှံမျိုးသန့်ဇုန်များ ထူထောင်ခြင်း၊ မတ်ပဲ၊ ပဲကြီး၊ ဆောင်းမြေပဲ၊ ဆောင်းနှမ်းသီးနှံများ ပိုမိုစိုက်ပျိုးထွက်ရှိလာခြင်း၊ ပဂ္ဂလိကပိုင် သကြားစက်၊ အုတ်စက်တို့မှ ထုတ်လုပ်မှုတိုးလာခြင်း၊ အစုလိုက်မွေးမြူရေး ဆောင်ရွက်ခြင်း၊ ငါးမွေးကန်များ တိုးချဲ့နိုင်ရန် ကျေးရွာအလိုက် မြစိမ်းရောင်စီမံကိန်းများ ဆောင်ရွက်ပေးခြင်းတို့ကြောင့် တိုးတက်ရခြင်း ဖြစ်ပါသည်။

သမဝါယမကဏ္ဍ။ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) သမဝါ ယမအတွေးအခေါ်၊ ကျင့်ဝတ်နှင့် အခြေခံမူများကို လိုက်နာဆောင်ရွက်ရေး၊

(ခ) ခေတ်မီနည်းပညာများနှင့် အတတ်ပညာ တတ်မြောက် အသုံးပြုနိုင်သည့် သမဝါယမအသင်းများ၊ အသင်းသားများ ဖြစ်စေရန် အားပေးဆောင်ရွက်ရေး၊

(ဂ) အရည်အသွေးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက် နည်းပညာနှင့် အထောက်အပံ့များ အားပေးဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သမဝါယမနည်းလမ်းများအရ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး၊

(င) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး လုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေရေးအတွက် သမဝါယမလုပ်ငန်းများအား စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

စီမံကိန်း ရည်မှန်းချက် လုပ်ငန်းစဉ်များကို ဖော်ပြပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) လူတန်းစားအလွှာပေါင်းစုံဆောင်ရွက်စေနိုင်မည့် အခြေခံ သမဝါယမအသင်း (၇,၃၈၇) သင်း နှင့် သမဝါယမအသင်းစု (၁၅) သင်း၊ စုစုပေါင်း သမဝါယမအသင်း (၇,၄၀၂) သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ၃၁-၃-၂၀၁၅ အထိ သမဝါ ယမ အသင်းပေါင်း (၃၄,၂၀၂) သင်း ဖွဲ့စည်းနိုင်ခဲ့ပါသည်၊

(ခ) တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန် ငွေစုငွေချေးနှင့် အသေးစားချေးငွေ လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်၊

(ဂ) သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော သမဝါ ယမအသင်း (၁,၀၉၆) သင်း၏ ငွေစုငွေချေး လုပ်ငန်းခွဲများမှ အသင်းသား (၉၁,၁၄၀) ဦးသို့ ကျပ် (၅,၆၂၈.၃၆၂) သန်းကို ထုတ်ချေးပေးနိုင်ခဲ့ပါသည်၊

(ဃ) ဒေသထွက်သယံဇာတ အရင်းအမြစ်များကို အသုံးပြုလုပ်ဆောင်သော စီးပွားရေး လုပ်ငန်းများဖြစ်သည့် ရေနံစိမ်းထုတ်လုပ်ခြင်းကို သမဝါယမအသင်း (၅) သင်း မှ လည်းကောင်း၊ ကျောက်စိမ်းအသားကျောက်၊ ရောရာ ကျောက်မျက်အရိုင်း၊ ဂဝံအုတ်ပြား၊ လမ်းခင်းကျောက်၊ မြစ်သဲ၊ ရေတွင်းကျောက်၊ ကျင်းကျောက်၊ စကျင်ကျောက်ထုတ်လုပ်ခြင်း လုပ်ငန်းများကို သမဝါယမအသင်း (၁၆) သင်းမှ ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(င) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးမြှင့်လာစေရေးအတွက် ချေးငွေများ ထုတ်ချေးပေးပြီး ဝက်၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်း၊ အိမ်ဆိုင်လုပ်ငန်းများ ဆောင်ရွက်ပြီး ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်၊

(စ) သမဝါယမအသင်းများမှ လိုအပ်လျက်ရှိသော ငွေကြေး၊ စက်ပစ္စည်းနှင့် နည်းပညာ များကို ဂျပန်၊ ကိုရီးယား၊ မလေးရှား နိုင်ငံများရှိ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်၊

(ဆ) ပို့ကုန်ပစ္စည်းများ ပိုမိုစျေးကွက်ရရှိလာစေရန်နှင့် ပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးလာစေရန် အတွက် (၆-၆-၂၀၁၄) မှ (၁၀-၆-၂၀၁၄) ရက်နေ့ အထိ ကျင်းပသော (၂၂) ကြိမ် မြောက် ကူမင်း ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲ၊ (၁၆-၉-၂၀၁၄)မှ (၁၉-၉-၂၀၁၄) ရက်နေ့ အထိ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့တွင် ကျင်းပသော (၁၁) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ (၂၅-၉-၂၀၁၄) မှ (၂၈-၉-၂၀၁၄) ရက်နေ့အထိ ကျင်းပသော ASEAN-China Forest and Wood Products Exhibition တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ (၁၁-၁၂-၂၀၁၄)မှ (၁၃-၁၂-၂၀၁၄)ထိ မူဆယ်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၄) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်ရေး ကုန်စည်ပြပွဲများသို့ သမဝါယမအသင်းများမှ ကျောက်မျက်ရတနာ၊ သစ်အချောထည်၊ ပန်းပုရုပ်ဖျိုးစုံ၊ ကြိမ်ထည်ပစ္စည်း၊ ရွှေချည်ထိုး၊ ငွေချည်ထိုး ပစ္စည်းများ၊ မြန်မာ့လက်မှု အနုပညာပစ္စည်းများအား သွားရောက်ပြသခဲ့ပါသည်၊

(၈) သမဝါယမနှင့် လူမှုစီးပွားရေး ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ် ပေးနိုင်ရန် သမဝါယမတက္ကသိုလ် (၂) ခုနှင့် သမဝါယမကောလိပ် (၂) ခုတို့တွင် ကျောင်းသား (၄,၃၁၀) ဦး တက်ရောက် သင်ကြားလျက်ရှိပြီး သမဝါ ယမ သင်တန်း ကျောင်း (၄) ကျောင်းနှင့် သမဝါ ယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း (၃) ကျောင်း တွင် လက်မှတ်ရ စာရင်းရေးစာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ အရာရှိများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ် သင်ကြား ပေးနိုင်ခဲ့ပါသည်၊

(၈၂) ကိုရီယားသမ္မတနိုင်ငံ Daedong Industrial Co.,Ltd မှ အမေရိကန်ဒေါ်လာ သန်း (၁၀၀) တန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာ (၁၀) မျိုး၊ (DT 100N၊ CK 2810၊ DS 3510၊ DS4110၊ DS 4510၊ EX 50၊ RX 6020၊ RX 9020၊ DSC 62၊ DSM 72 G) အား ဆိုင်းငံ့ ကာလ (၁) နှစ်နှင့် ပြန်ဆပ်ကာလ (၆) နှစ်၊ တစ်နှစ်လျှင် အတိုးနှုန်း (၂) ရာခိုင်နှုန်း ဖြင့် သမဝါယမအသင်းသား တောင်သူ လယ်သမားများအား အရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးရန် ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(၈၃) အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေး၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စားသောက်ကုန်၊ လူသုံးကုန်၊ အခြားနည်းပညာသင်တန်း (၉၉) ကြိမ်အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်၊

(၈၄) စံချိန်စံညွှန်းမီ အရည်အသွေးကောင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်လုပ်ငန်း ဓာတ်ခွဲစမ်းသပ်ခြင်းကို (၆၄၃) ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်၊

(၈၅) ယွန်းအတတ်ပညာရှင်နှင့် ရက်ကန်းအတတ်ပညာရှင် (၁,၁၁၃) ဦး လေ့ကျင့်ပျိုး ထောင် ပေးနိုင်ခဲ့ပါသည်၊

(၈၆) အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေအရ အသေးစားစက်မှုလက်မှု လုပ်ငန်း (၂,၀၂၁) ခု မှတ်ပုံတင် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်၊

(၈၇) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ် ဦးစီး ဌာနမှူးရုံးများ ဖွင့်လှစ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ရာ (၈.၅.၂၀၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၄) အရ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံး (၁၅) ရုံး ဖွင့်လှစ်ခွင့် ရရှိခဲ့ပြီး ဖြစ်ပါသည်၊

(ဏ) သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနသည် သမဝါယမပညာရေး၊ သုတေသန နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သမဝါယမသတင်းနှင့် ပြန်ကြားရေးလုပ်ငန်း၊ သမဝါ ယမ စီမံကိန်းနှင့် စစ်ဆေးရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန်နှင့် ပို့ကုန်သွင်းကုန် ဆိုင်ရာ ကုန်ပစ္စည်းဈေးနှုန်းသတင်းများ၊ ငွေလဲလှယ်ဈေးနှုန်းများ၊ နိုင်ငံတော်၏ ကုန်သွယ်မှုမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများစသည့် ကုန်သွယ်မှုဆိုင်ရာ သတင်း အချက်အလက်များကို မီဒီယာမှတစ်ဆင့် ပြည်သူလူထုအား အချိန်နှင့်တပြေးညီ သတင်းဖြန့်ဝေပေးလျက်ရှိပါသည်။

အခန်း(၇)

ဒေသန္တရစီမံကိန်းများ ဆောင်ရွက်မှုအခြေအနေ

ကချင်ပြည်နယ်



တည်နေရာ = မြောက်လတ္တီတွဒ်-၂၃ ဒီဂရီ ၃၈မိနစ်မှ ၂၈ဒီဂရီ ၁၅မိနစ်အတွင်း
အရှေ့လောင်ဂျီတွဒ်-၉၅ဒီဂရီ၁၂မိနစ်မှ ၉၈ ဒီဂရီ ၄၅ မိနစ် အတွင်း။

အကျယ်အဝန်း = ၃၄,၃၇၉.၂၂ စတုရန်းမိုင် (၂၂,၀၀၂,၇၀၃)ဧက

လူဦးရေ = ၁,၇၀၄ (ထောင်)(၂၀၁၄-၂၀၁၅)

ထူးခြားသည့် အမှတ်အသား = မြစ်ဆုံအပန်းဖြေစခန်း

ခရိုင် = (၄) ခရိုင်

မြို့နယ် = (၁၈) မြို့နယ်

အဓိကစီးပွားရေး = လယ်ယာ ၊ သတ္တု ၊ ကုန်သွယ်မှုကဏ္ဍ

ထူးခြားနေရာများ = ကျောက်စိမ်းပြတိုက် (ဖားကန့်)
အင်းတော်ကြီး ရွှေမဉ္ဇူဘုရား (မိုးညှင်း)
လန်းနုရေတံခွန် (ဝိုင်းမော်)
မေခ. မလိခမြစ်ဆုံ၊
ရေခဲတောင်များ၊ ခါကာဘိုရာဇီတောင်၊
ဂမ်လန်ရာဇီတောင်(ပူတာအို)
ကောင်းမှုလုံဘုရား (ပူတာအို)

ဆက်စပ်ဒေသများ = အရှေ့ - ရှမ်းပြည်နယ် ၊ တရုတ်နိုင်ငံ
အနောက် - အိန္ဒိယနိုင်ငံ ၊
စစ်ကိုင်းတိုင်းဒေသကြီး၊
တောင် - စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ကချင်ပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၁,၅၅၁,၂၉၀.၅) သန်း ဖြစ်ပေါ်ရန် နှင့် **ပုံမှန်ဈေးနှုန်း** အရ (၂.၀) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ကချင်ပြည်နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်း

ပုံ(၇-၁) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)



ပုံ(၇-၂) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)



ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၁,၂၄၁,၇၆၇.၀) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၈၀.၀) ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ (၁၀.၂) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြေယာအသုံးချမှု။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ကချင်ပြည်နယ်၏ မြေယာအသုံးချမှုအနေဖြင့် အသားတင်စိုက်ပျိုးမြေ (၇၆၃,၁၀၈) ဧက၊ ပလပ်ထားသည့်မြေ (၁၃၈,၀၂၈)ဧက၊ စိုက်ပျိုးနိုင်သောမြေရိုင်း (၃,၃၄၉,၉၆၇) ဧက၊ သစ်တောကြိုးဝိုင်း (၇,၆၄၉,၂၈၉) ဧက၊ အခြားသစ်တောမြေ (၅,၉၀၀,၉၀၁) ဧက၊ အခြားမြေ (၄,၂၀၁,၄၁၀) ဧက၊ စုစုပေါင်း (၂၂,၀၀၂,၇၀၃) ဧက ရှိပါ သည်။ ကုမ္ပဏီအဖွဲ့အစည်းများ နှင့် လုပ်ငန်းရှင်များက မြေလွတ်၊ မြေလပ် ၊ မြေရိုင်း (၁,၃၈၅,၉၁၉) ဧကရယူထားသည့်အနက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် (၁၇၃,၀၂၇) ဧက ဖော်ထုတ်ပြီး (၁၂၁,၁၅၄) ဧက တွင် စပါး၊ ကြံ၊ ဆီအုန်း၊ ကြက်ပေါင်စေးနှင့် အခြားသီးနှံတို့ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

ပုံ(၇-၃) ကချင်ပြည်နယ်
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဖျေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ လယ်ယာကဏ္ဍတွင် သီးနှံစုစုပေါင်း ဧက (၁၃.၁) သိန်း စိုက်ပျိုးရန် ရည်မှန်းခဲ့ရာ ဧက (၁၀.၇) သိန်း သာစိုက်ပျိုးနိုင်ခဲ့သဖြင့် ရည်မှန်းချက်ထက် ဧက (၂.၄)သိန်း လျော့နည်းခဲ့ပါသည်။ မိုးစပါးစိုက်ဧက (၉၅,၀၄၆) ၊ မတ်ပဲစိုက်ဧက (၂၀၄) ၊ ပဲစင်းငုံ စိုက်ဧက (၃၂၅)၊ မြေပဲစိုက်ဧက (၂၉,၉၂၅)၊ နှမ်းစိုက်ဧက (၄,၇၇၄)၊ ချက်ကြဲရင့် စိုက်ဧက (၁၁,၉၉၈)၊ ပီလောပီနံ စိုက်ဧက (၁၂,၁၃၀) လျော့နည်းခဲ့၍ ဖြစ်ပါသည်။

သီးနှံထွက်ရှိမှုတွင် မိုးစပါး တင်း(၂၉၆.၃)သိန်း၊ အစေ့ထုတ်ပြောင်း တင်း(၂၇.၉)သိန်း၊ မြေပဲ တင်း(၁၆.၄)သိန်း၊ နှမ်း တင်း(၂.၂)သိန်း၊ ကော်ဖီ တင်း(၁.၈)သိန်း၊ လက်ဖက် တင်း (၁၂.၂) သိန်း၊ ပီလောပီနံ တင်း(၁,၄၇၃.၉)သိန်း ထွက်ရှိခဲ့ပါသည်။

ကချင်ပြည်နယ်၏ လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများမှန်ကန်ရေးအတွက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ခြင်းကို ဝိုင်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် ဟိုပင်မြို့နယ်တွင် ဧက(၁၀၀)စီဖော်ထုတ်ခဲ့ပါသည်။ စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရန်အတွက် ပူတာအိုမြို့နယ် ဟိုဖိုင်ရေလွှဲဆည်၊ မိုးညှင်းမြို့နယ် ဆောင်းခါရေလွှဲဆည်၊ ဗန်းမော်မြို့နယ်

ပေါင်းနက်ရေလှောင်တမံ စီမံကိန်းများကို ဆောင်ရွက်ခဲ့ပါသည်။ စိုက်ပျိုးသူ တောင်သူ လယ်သမားများ စိုက်ပျိုးနည်းပညာများ တတ်ကျွမ်းနားလည်စေရန် တောင်သူပညာပေး သင်တန်းများနှင့် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အကျိုးဆောင်တောင်သူများ၏ လယ်ယာမြေများတွင် စံပြကွက် စမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စမ်းသပ်တွေ့ရှိသည့် စိုက်နည်းစနစ်များ၊ သီးနှံမျိုးကောင်းမျိုးသန့်များ စမ်းသပ်စိုက်ပျိုးခြင်း လုပ်ငန်းများကို စံပြကွက်များဆောင်ရွက်ခြင်း၊ စပ်မျိုးသီးနှံများ စမ်းသပ်ထုတ်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရန်အတွက် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနသည် စိုက်ပျိုးရေ စက်ရေတွင်း(၂၃)တွင်း တူးဖော်၍ မြေအောက်ရေ ထုတ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

သားငါးကဏ္ဍ။ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဖရီရှန် နို့စားနွားမ (၆၀) ကောင် ဖြန့်ဖြူးပေးခဲ့ပါသည်။ ကချင်ပြည်နယ်အတွင်း နို့စားနွား၊ ဒေသနွား၊ အသားတိုးနွား မျိုးကောင်းမျိုးသန့်များ တိုးပွားလာစေရန် နို့စားနွား (၁၁၂) ကောင် ၊ ဒေသနွား (၅၀,၁၄၇) ကောင်၊ အသားတိုးနွား (၆,၀၈၂) ကောင် တို့ကို မေထုန်မဲ့နည်းဖြင့် မျိုးမြှင့်သားစပ်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများဖြစ်သည့် ကျွန်းစိုရိုက်မှတ်ခြင်း (၃၉၇) ပင်၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းအပင် (၇,၁၉၅)၊ ဓမ္မတာမျိုးဆက်ခြင်း (၄၁၉) ပင် ၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းအပင် (၁၇၀)၊ အုပ်မိုးကာဆိုင်းလှဲခြင်းအပင် (၁၇၀)၊ ပေါင်းသင်ရှင်းလင်းခြင်း အပင် (၂၁၀)၊ ပင်ကျပ်နှုတ်ခြင်းအပင် (၁၀၀)၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း(၁၀၅)ပင်၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်းအပင် (၅၀)၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်းအပင်(၉၀)၊ မီးကာကွယ်ခြင်း (၅၇၅)ပင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းကိုလည်း စနစ်တကျ ထွက်ရှိနိုင်မှု အခြေအနေပေါ်မူတည်၍ ကျွန်း (၄,၀၉၃) ကုဗတန်၊ သစ်မာ ကုဗတန် (၆,၇၈၀) နှင့် တိုင် (၁၉,၄၄၇)လုံး ထုတ်လုပ်နိုင်ခဲ့ပါသည်။

တရားမဝင်ကျွန်းသစ် (၂,၆၀၂) တန် နှင့် သစ်မာ (၇,၉၉၄) တန်၊ စုစုပေါင်း (၁၀,၅၉၆) တန် ဖမ်းဆီးရမိခဲ့ပါသည်။ သစ်တောမရှိသောနေရာများတွင် သစ်တောများ တည်ထောင်ရန်နှင့် သစ်တော ပျက်စီးပြုန်းတီးသွားသောနေရာများတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းများကို တည်ထောင်လုပ်ကိုင်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း (၁,၅၉၁.၅) ဧကအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ တစ်အိမ်ထောင်ကျွန်း (၃) ပင်ဖြင့်အပင် (၃၄,၅၀၀)၊ သစ်မာအပင်(၂၀) ဖြင့်အပင် (၆,၀၀၀)၊ တစ်ရွာ (၁) ဧက စိုက်ခင်းအပင် (၃,၃၀၀)၊

ဆက်သွယ်ရေး လမ်းဘေးဝဲ/ယာတွင်အပင် (၂၀,၀၀၀)၊ လူထုဖြန့်ဝေစိုက်ပျိုးခြင်းအပင် (၈၆,၂၀၀)၊ ပင်ရေ စုစုပေါင်း (၁၅၀,၀၀၀) စိုက်ပျိုးခဲ့ပါသည်။ ပုဂ္ဂလိက ကျွန်းစိုက်ခင်း (၃၅) ဧက၊ ပုဂ္ဂလိကသစ်မာ စိုက်ခင်းဧက (၆၀)၊ ပုဂ္ဂလိကရော်ဘာစိုက်ခင်း ဧက (၄၀၀) တည်ထောင် စိုက်ပျိုးခဲ့ပါသည်။ အင်ခိုင်ဘွမ် အမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းနိုင်ရန်အတွက် သစ်တော ဦးစီးဌာနမှ ဦးဆောင်၍ တည်နေရာ၊ နယ်နိမိတ်အလားအလာ၊ အကျယ်အဝန်း သတ်မှတ်နိုင်ရေး၊ တောရိုင်းတိရစ္ဆာန် ကျက်စားမှု အခြေအနေအတွက် နှိုတိုက်သတ္တဝါ၊ ကျေးငှက်၊ ကုန်းနေရေနေ နှင့် တွားသွားသတ္တဝါ မျိုးစိတ်များ ကွင်းဆင်းလေ့လာခြင်း၊ ဒေသခံများ၏ဆန္ဒသဘောထားနှင့် အဆိုပြုဧရိယာအတွင်း မြေအသုံးချမှုများ ရှင်းလင်းစေရန်အတွက် ကွင်းဆင်း၍ သတင်း အချက်အလက်များ စုဆောင်းခြင်း စသည်တို့အား ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ လုံးခင်း၊ ဖားကန့်နှင့် မိုးညှင်း ရတနာ နယ်မြေ များတွင် (၁.၉.၂၀၁၄) ရက်နေ့မှစ၍ ခေတ်မီစက်ယန္တရားများဖြင့် ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းအား စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ လုံးခင်း၊ ဖားကန့် နှင့်မိုးညှင်း ရတနာ နယ်မြေများအတွင်း အကျိုးတူ/ပုဂ္ဂလိကလုပ်ကွက်များ တူးဖော်လုပ်ကိုင်ခွင့်ကို တိုင်းရင်းသား လုပ်ငန်းရှင်များကို စည်းကမ်းသတ်မှတ်ချက်နှင့်အညီလုပ်ကိုင်ခွင့်ချထားဆောင်ရွက် ပေးနိုင်ခဲ့ ပါသည်။

စက်မှုလက်မှုကဏ္ဍ။ ကချင်ပြည်နယ်တွင် စက်မှုဇုန် မရှိသော်လည်း ဗလမင်းထင် ဧရာဝတီမြစ်ကူးတံတား ချဉ်းကပ်လမ်းဘေးဝဲ/ယာတွင် စက်မှုရပ်ကွက် ဖော်ထုတ်ခဲ့ပြီး စက်မှု လုပ်ငန်းရှင်များကော်မတီ ဖွဲ့စည်းထားရှိကာ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေး အတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အနေဖြင့် မြစ်ကြီးနား ခရိုင်ရုံးနှင့် ဗန်မော်ခရိုင်ရုံးများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းသစ် (၂၀၆) ခု စက်မှုမှတ်ပုံတင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လုပ်ငန်း (၁,၀၈၁) ခုအား မှတ်ပုံတင် သက်တမ်း တိုးမြှင့်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

လျှပ်စစ်ကဏ္ဍ။ ချီဖွေငယ်(ချီဖွေ)၊ တာပိန်(၁)(ဗန်းမော်)၊ မလိ(ဝိုင်းမော်)၊ နန်းခမ်းခ (မိုးကောင်း)၊ ဂလိုင်ချောင် (ဟိုပင်)၊ နန့်တွမ် (ပူတာအို) ရေအားလျှပ်စစ်စက်ရုံတို့မှ စုစုပေါင်း လျှပ်စစ်မာတ်အား(၃၅၅.၉၆) မဂ္ဂါဝပ်ထုတ်လုပ်နိုင်ခဲ့ပြီး၊ နန့်တွမ်(ပူတာအို) ရေအားလျှပ်စစ် စက်ရုံမှအပ ကျန်စက်ရုံတို့မှာ ပင်မမာတ်အားလိုင်းအတွင်းသို့ ပို့လွှတ်ပေးနိုင်ခဲ့ပါသည်။ တာပိန်(၁)ရေအားလျှပ်စစ်မှ ပြည်ပသို့ လျှပ်စစ်မာတ်အား ကီလိုဝပ်နာရီထောင်ပေါင်း (၇၁၂,၉၂၆) ကို တင်ပို့ ရောင်းချ နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကွန်ကရစ်လမ်း(၁မိုင်၇ဖာလုံ)၊ ကတ္တရာလမ်း (၂၁၈ မိုင် ၇ ဖာလုံ)၊ ကျောက်ချောလမ်း (၉၉ မိုင် ၆ ဖာလုံ)၊ အမာခံလမ်း (၉၆ မိုင် ၁ ဖာလုံ)၊ မြေလမ်း (၆ မိုင် ၆ ဖာလုံ) ဆောင်ရွက်နိုင်ခဲ့ပြီး ကွန်ကရစ်တံတားများ အနေဖြင့် ရေပြွန်အပါ(၇၉၁) စင်း၊ သစ်သားတံတား (၁၉၅) စင်း တည်ဆောက်ပေးနိုင်ခဲ့ ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ရွှေဘို-မြစ်ကြီးနားကားလမ်းကို ၁၂ပေ အကျယ် ကတ္တရာလမ်း အဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းချဲ့ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြစ်ကြီးနား လေဆိပ်၊ ပူတာအိုလေဆိပ်နှင့် နောင်မွန်းလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ ပါသည်။ ထို့အပြင် ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ မန္တလေး- မြစ်ကြီးနား ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ပြည်ပအော်ပရေတာများဖြစ်သော Oredoo, Telenor တို့မှ တာဝါတိုင်များ စိုက်ထူဆောင်ရွက်လျက်ရှိပြီး တယ်လီဖုန်းကွန်ယက်များ ချဲ့ထွင်ပြီး တယ်လီဖုန်း SIM Card များကို ရောင်းချလျက်ရှိပါသည်။ မိုဘိုင်းစခန်းများမှအော်တိုတယ်လီဖုန်း (၃၆)လုံး၊ CDMA- CDMA-800 Mobile (၁,၅၀၀)ကျပ်တန် ဖုန်းအလုံး (၅,၉၈၀)၊ WCDMA Mobile (၁,၅၀၀)ကျပ် တန်ဖိုး (၆၃,၀၇၇)လုံး၊ GSM Mobile ဖုန်း (၁,၅၀၀) ကျပ်တန် အလုံး (၃,၅၂၀)၊ စုစုပေါင်းတယ်လီဖုန်း (၇၂,၆၁၃) လုံး အသစ်တပ်ဆင်အသုံးပြုနိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ မြန်မာ့စီးပွားရေးဘဏ်၊မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ CB ဘဏ်၊ ပဂ္ဂလိကဘဏ်(၇)ခု၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဒေအာမခံလုပ်ငန်းတို့ဖြင့် ငွေကြေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ် (၁၁) မြို့နယ်သို့ မိုးစပါးနှင့်ဆောင်းသီးနှံချေးငွေ (၁၇,၅၈၂.၆) သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ မြန်မာ့ စီးပွားရေးဘဏ်များသည် ငွေလွှဲခ ကျပ်သန်း (၁၇၂.၉၈) ရရှိပြီး၊ ကချင်ပြည်နယ်အတွင်း မြန်မာ့ စီးပွားရေးဘဏ်များက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ချေးငွေနှင့် ပဂ္ဂလိကလုပ်ငန်းရှင်များ သို့ ချေးငွေများအပေါ် အတိုး ကျပ်သန်း (၆၀၅.၄၆၀) ရရှိခဲ့ပါသည်။ သမဝါယမပိုင်အခန်းမှ အသေးစားငွေစုငွေချေး သမဝါယမအသင်း (၅၃) သင်း၊ လယ်ယာ ငွေစုငွေချေး သမဝါ ယမ အသင်း (၂၇၁) သင်း၊ ဌာနဆိုင်ရာ ငွေစုငွေချေး သမဝါ ယမ အသင်း (၃၂) သင်း တို့ဖြင့် ငွေကြေး ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ ငွေစုငွေချေး သမဝါ ယမအသင်း (၄၀၀) မှ အသင်းသား (၃၂,၉၁၂)ဦး သို့ ကျပ် (၆၂၅.၅၂) သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲမှုကဏ္ဍ။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အထက်တန်းကျောင်း အဆင့်သို့ (၉) ကျောင်း၊ အထက်တန်းကျောင်းခွဲအဆင့်သို့ (၁၄) ကျောင်း၊ အလယ်တန်းကျောင်း အဆင့်သို့ (၂၀) ကျောင်း၊ အလယ်တန်းကျောင်းခွဲအဆင့်သို့ (၃၄) ကျောင်း၊ မူလွန်ကျောင်း

အဆင့်သို့ (၃၄) ကျောင်း၊ မူလတန်းကျောင်းအဆင့်သို့ (၂၃) ကျောင်း၊ မူလတန်းကျောင်းခွဲ အဆင့် သို့ (၄၂) ကျောင်းနှင့် တွဲဖက်မူလတန်း(၃)ကျောင်း စုစုပေါင်း (၁၇၉) ကျောင်းကို အဆင့် တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အခြေခံပညာကျောင်းများတွင် အရည်သွေးမီ သင်ကြားသင်ယူမှု ပတ်ဝန်းကျင် ဖြစ်ထွန်းရေးအတွက် Computer များ၊ Media ပစ္စည်းများ နိုင်ငံတော်မှ ချပေးသော သိပ္ပံပစ္စည်းများဖြင့် အရည်အသွေးပြည့်မီအောင် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါ သည်။

ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုနှင့် အထက် အဆင့် များသို့ လူနာလွှဲပြောင်းပေးခြင်းစီမံချက်၊ မိသားစုကျန်းမာရေးစီမံချက်၊ အာဟာရ ဖွံ့ဖြိုးရေး စီမံချက်၊ ကလေးကျန်းမာဖွံ့ဖြိုးရေးစီမံချက်၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်၊ နှလုံး သွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်နှင့် ဖွားသေစာရင်းအင်းများကို မြို့နယ်အလိုက် ဆောင်ရွက်ခဲ့ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု လုပ်ငန်းများအနေဖြင့် ယင်လုံအိမ်သာ ပြုပြင်ခြင်း နှင့်အသစ်တည်ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေကောင်းရေသန့် ရရှိစေရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော အဝီစိတွင်း၊ စမ်းတွင်း၊ ရေပိုက်လိုင်းစနစ်နှင့် မိုးရေလှောင်ကန်များ တူးဖော်ခြင်း၊ လုပ်ငန်းများ၊ ဆေးရုံဆေးခန်းများမှ အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်း စနစ်တကျစွန့်ပစ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးအသိပညာ တိုးပွားစေရန်အတွက် တစ်ဦးချင်း၊ အုပ်စုလိုက် ပညာပေးဟောပြောခြင်း လုပ်ငန်းများ၊ လက်ကမ်းစာစောင်နှင့် ကြော်ငြာဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြစ်ကြီးနားပြည်သူ့ဆေးရုံ (၂၅) ကုတင်ဆံ့တိုးချဲ့ဆောင်၊ ဟိုပင်(၂၅) ကုတင်ဆံ့တိုက်နယ်ဆေးရုံ၊ မိုးညှင်းမြို့နယ်ရှိနန့်မွန်း (၁၆) ကုတင်ဆံ့တိုက်နယ်ဆေးရုံ၊ ဟဲပုကျေးလက် ကျန်းမာရေးဌာန၊ ဆိပ်သာကျေးလက်ကျန်းမာရေးဌာနနှင့် (၁၀)မိုင်ရွာသစ် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ နိုင်ငံပိုင်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနသည် ဝန်ထမ်းအိမ်ရာများ၏ တစ်ယူနစ်ငှားရမ်းခနှုန်းထားခများတိုးမြှင့်ခြင်း၊ ရုပ်ရှင် လုပ်ငန်းမှ ဝင်ငွေများ တိုးတက်လာခြင်း၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍတွင် ပုဂ္ဂလိကကိုယ်ပိုင် အထက်တန်းကျောင်း(၁)ကျောင်းဖွင့်လှစ်နိုင်ခဲ့ခြင်း၊ မြစ်ဆုံအပန်းဖြေစခန်း၊ ကရိန်နော်၊ မနောကွင်း စသည့် သဘာဝအလှအပများ၏ ဆွဲဆောင်မှုကြောင့် ခရီးသွားလုပ်ငန်းများ တိုးတက်လာပြီး ဆက်စပ်လျက်ရှိသော ဟိုတယ်လုပ်ငန်း၊ တည်ခိုခန်းလုပ်ငန်းများမှ လုပ်ငန်း ဦးရေနှင့် ဝင်ငွေများ များပြားလာခြင်းကြောင့်ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် တိုးတက်လာ ခဲ့ပါသည်။

ကုန်သွယ်ရေးကဏ္ဍ။ နယ်စပ်ကုန်သွယ်ရေးစခန်း (၂) ခု ဖြစ်သည့် လွယ်ဂျယ်နှင့် ကန်ပိုက်တီးစခန်းတို့မှ ဆန်၊ ရာဘာ၊ ပြောင်း နှင့် ဖရဲသီးတို့ကို တင်ပို့ ရောင်းချ နိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ကျပ် (၁၂,၀၈၀.၁၉) သန်း တင်ပို့နိုင်ခဲ့ပါသည်။ ကုန်ပစ္စည်းတင်သွင်းမှုအနေဖြင့် ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ၊ ကျပ် (၁၃,၄၀၈.၂၄) သန်း တင်သွင်းနိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်တင်သွင်း ဆောင်ရွက်လျှက်ရှိသော သမဝါယမအသင်းမှာ ဗန်းမော်မြို့မှ နန်းသိမ်ကိုအထွေထွေ စီးပွားရေးသမဝါယမအသင်းဖြစ်ပြီး၊ ကြိမ်အမျိုးအစား (၄၈၆) တန်ကို စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၃၄၃,၀၅၇) နှင့် ညီမျှသော မြန်မာငွေ ကျပ် (၂၉၁.၆) သန်း တင်ပို့နိုင်ခဲ့ပြီး ပြောင်းဆန် များအား မြန်မာငွေ ကျပ် (၁၄၇.၉) သန်း နှင့် ညီမျှသော အမေရိကန်ဒေါ်လာ(၀.၁၄၅) သန်း တင်ပို့ နိုင်ခဲ့ပါသည်။

လျှပ်စစ်မီးရရှိရေး။ ကချင်ပြည်နယ်ခရိုင်(၄)ခရိုင်၊ မြို့နယ်(၁၈)မြို့နယ်တွင် ကျေးရွာ (၂,၅၇၉) ရွာ ရှိသည့်အနက် ကျေးရွာပေါင်း (၄၇၈) ရွာကို ကျေးလက်မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ကျေးရွာမီးလင်းရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေမှာ ဓာတ်အားစနစ် (၄၂) ရွာ၊ ဒီဇယ်စက် (၁၀၈) ရွာ၊ အသေးစားရေအား (၁၆၁) ရွာ၊ ဆိုလာစနစ် (၁၀၀) ရွာ၊ စပါးခွံ (၄၃) ရွာ၊ စုစုပေါင်း (၄၇၈) ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်နယ်ရန်ပုံငွေဖြင့် ကျေးရွာပေါင်း (၁၇၀)နှင့် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာ (၄၁) ရွာ၏ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားလိုင်းများဆွဲခြင်း၊ ထရန်စဖော်မာတပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

သောက်သုံးရေရရှိရေး။ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ရေပေးရေးလုပ်ငန်းတွင် ကျပ် (၁,၇၅၃.၇၆၀) သန်းဖြင့်တွင်းနက် (၁၃) တွင်း၊ လက်တူးတွင်း (၄၀)၊ စိမ့်စမ်းရေသွယ် (၄၇) ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ ကျေးရွာပေါင်း (၁,၀၈၂) ရွာ အား ဆောင်ရွက်ပေးနိုင် ခဲ့ပါသည်။

စိုက်ပျိုးရေရရှိရေး။ ကချင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေရရှိရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆည်မြောင်းဦးစီးဌာနမှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဝိုင်းမော်မြို့နယ် ဝါရှောင်ရေလွှဲဆည် ရေပိုလွှဲအောက်ပိုင်း ရေစားချောက်အားမြေကာနံရံတည်ဆောက်ခြင်း၊ ဝါရှောင်ရေလွှဲဆည် လက်တံမြောင်း B2 တို့တွင် ရေတံခါးနှင့် လျှောက်လမ်း ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မိုးကောင်းနန်းမလွန်ချောင်းဆည် ရေသွယ်

တူးမြောင်းတူးဖော်ခြင်း၊ ပူတာအိုမြို့နယ် နမ့်ခမ်းထီကျောက်စီပန်းရံရေလွှဲဆည် ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းရရှိရေး။ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် ကျေးလက်အသေးစား ကုန်ထုတ်လုပ်ငန်း အစုအဖွဲ့များဖွဲ့စည်း၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အခြေခံအိမ်တွင်းမှူသင်တန်း(၄)ကြိမ်၊ ယက်ကန်းအခြေခံ သင်တန်း (၃) ကြိမ်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသင်တန်း(၁) ကြိမ်၊ အထည်ပန်းရိုက်နှင့် ဆေးရေးသင်တန်း (၁) ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်ရေးအတွက် လုပ်ငန်း အစုအဖွဲ့ (၄၀)၊ လုပ်ငန်းရှင် (၆၆၀) ကို ချေးငွေကျပ်သန်း (၇,၅၀၀) ကျော် ထုတ်ချေးပေးနိုင်ခဲ့ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ယက်ကန်းသင်တန်းကျောင်းသည် ဦးရေ (၃၀) ဦးကို သင်တန်းပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ကချင်ပြည်နယ်သည် တရုတ်နှင့်အိန္ဒိယ နိုင်ငံများနှင့် ထိစပ်လျက်ရှိပြီး မြစ်ဆုံဒေသ၊ ပူတာအို၊ ဖားကန့်၊ တနိုင်းဒေသများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဝင်ထွက်သွားလာလျက် ရှိပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ် (၂၃) ခု၊ တည်းခိုခန်း (၂၁၀) ခု၊ ခရီးသွား ဝန်ဆောင်မှု ကုမ္ပဏီ (၉) ခုရှိပြီး ပြည်တွင်း ခရီးသည် (၉၅,၄၂၃) ဦး နှင့် ပြည်ပခရီးသည် (၁၄,၁၇၂) ဦး ရောက်ရှိခဲ့ပါသည်။ ကချင်ပြည်နယ်တွင် သဘာဝတောတောင်များရှိခြင်း၊ ရာသီဥတု သင့်တင့်မျှတခြင်း၊ သဘာဝရင်းမြစ်နှင့် သယံဇာတ ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်း ပြည်ပခရီးသွားများ စိတ်ဝင်စားခြင်း၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် ပူတာအိုမြို့များတွင် လေဆိပ်များရှိခြင်း၊ ပြည်တွင်းလေကြောင်းလိုင်းများ၊ မြန်မာ့မီးရထားအပြင် ပုဂ္ဂလိက မီးရထားလိုင်းများ၊ မြစ်ကြီးနား - မန္တလေးနှင့် မြစ်ကြီးနား - ရန်ကုန်၊ မြစ်ကြီးနား-ဗန်းမော် ခရီးစဉ်များသို့ ပုဂ္ဂလိကအဝေးပြေးမော်တော်ယာဉ်များ ပြေးဆွဲလျက်ရှိခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

ကယားပြည်နယ်

တည်နေရာ		မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၉ မိနစ်
	=	မှ ၁၉ ဒီဂရီ ၅၇ မိနစ်
		အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆
		မိနစ် မှ ၉၇ ဒီဂရီ ၅၃ မိနစ် အတွင်း
အကျယ်အဝန်း		၄,၅၂၉.၅၆ စတုရန်းမိုင်၊
		၁၁,၇၃၀.၇ စတုရန်းကီလိုမီတာ
		၂,၈၉၈,၉၂၁ ဧက
လူဦးရေ		၂၈၉ (ထောင်) (၂၀၁၄-၂၀၁၅)
မြို့တော်	=	လွိုင်ကော်မြို့နယ်
ထူးခြားအမှတ်အသား	=	တောင်ကွဲစေတီ
ခရိုင်	=	လွိုင်ကော်ခရိုင်၊ဘောလခဲခရိုင်
မြို့နယ်	=	(၇) မြို့နယ်
အဓိကစီးပွားရေးကဏ္ဍ	=	လယ်ယာစိုက်ပျိုးရေး၊သားငါးကဏ္ဍ
ဆက်စပ်ဒေသများ	=	မြောက်ဘက်တွင် ရှမ်းပြည်နယ်၊
		အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊
		တောင်ဘက်နှင့်အနောက်ဘက်
		တွင် ကရင်ပြည်နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကယားပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၂၂၇,၈၇၆.၇) သန်း နှင့် **ပုံမှန်ဈေးနှုန်း**အရ (၁၀. ၁) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ကယားပြည်နယ်

၂၀၁၆-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး နှင့် တိုးတက်မှုနှုန်း

ပုံ (၇-၄)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ပုံ (၇-၅)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ်(၂၂၆,၄၈၅.၄) သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၉.၄) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ (၁၂.၁) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၂၁) ကယားပြည်နယ်
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်စျေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ ကယားပြည်နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှု နည်းပါးခြင်း၊ မိုးခေါင်ခြင်းများ ဖြစ်ပေါ်ခဲ့၍ တောင်ယာစပါး စိုက်ပျိုးချိန်မီ ရေမရရှိခြင်းကြောင့် လျာထားဧက လျော့နည်းခဲ့ပါသည်။ စီမံကိန်းရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်မဖော်နိုင်ခဲ့သော်လည်း တောင်ယာမြေများတွင် ရာသီဥတု နှင့် ကိုက်ညီပြီးဈေးကွက် ကောင်းမွန်သည့် အစေ့ထုတ်ပြောင်း သီးနှံအား ပြောင်းလဲစိုက်ပျိုးခဲ့ပါသည်။ အခြားသီးနှံများလည်းရာသီဥတု မမျှတခြင်းကြောင့် ရည်မှန်းချက်အပေါ် အနည်းငယ်စီ လျော့နည်း ထွက်ရှိခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးမှုမှာ ဒီးမော့ဆိုမြို့နယ်တွင် ဆည်၊ ကန် ပြုပြင်ခြင်း၊ ရှားတောမြို့နယ်တွင် သဘာဝရေခန်းခြောက်ခြင်း၊ ဖားဆောင်း နှင့် မယ်စဲ့မြို့နယ်များတွင်လည်း စိုက်ပျိုးရေ မရရှိခြင်း၊ သဘာဝရေခန်းခြောက်ခြင်းတို့ကြောင့် ယခင်နှစ် စိုက်ဧကထက် လျော့နည်းရခြင်းဖြစ်ပြီး၊ အထွက်များလည်းလျော့နည်းခဲ့ပါသည်။

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လိုအပ်သည့် စက်ကိရိယာများကို အရစ်ကျ စနစ်ဖြင့် ဝယ်ယူနိုင်ရန်အတွက် ဖွံ့ဖြိုးရေးချေးငွေနှင့် အထူးစီမံချက် ချေးငွေများကိုလည်း ထုတ်ချေးလျက်ရှိပါသည်။ နှစ်တိုချေးငွေအဖြစ် ထုတ်ချေးထားခြင်းဖြစ်ပြီး အစီရင်ခံသည့်ကာလ အထိ ထုတ်ချေးငွေမှာ ကျပ် (၁,၈၈၅,၆၀၀) ထောင် ဖြစ်ပါသည်။

သားငါးကဏ္ဍ။ ပြည်နယ်အတွင်း နွားနို့ ဖူလုံစွာ သောက်သုံးနိုင်ရန် နှင့် နို့ထွက်ပစ္စည်း ပိုမို ထုတ်လုပ်နိုင်ရန် နို့စားနွား မေထုန်မဲ့သားစပ် မွေးမြူရေးလုပ်ငန်းကို အလားအလာရှိသည့် မြို့နယ်များတွင် ဦးစားပေး စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များသို့ အတိုးနှုန်း သက်သာသော ချေးငွေများ ထုတ်ချေးပေးခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများ ပိုမို တိုးချဲ့လုပ်ကိုင်လာနိုင် ပါသည်။

သစ်တောကဏ္ဍ။ နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ နှစ်စဉ် တောထွက်ဘောင်အတွင်းမှ ထုတ်လုပ်ရန် သတ်မှတ်ခဲ့ခြင်းကြောင့် နှစ်ကုန်တွင် ရည်မှန်းချက် ပြည့်မီစွာ အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည် ထုတ်ယူ သုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ဓမ္မတာမျိုးဆက်ခြင်း၊ ကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ခြင်း၊ သစ်တော လမ်း ပြင်ဆင်ခြင်း နှင့် မီးဘေးကာကွယ်ခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါ သည်။

သတ္တုကဏ္ဍ။ ပုဂ္ဂလိကပိုင်အခန်းမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှိုးလိုက်ရောရာ (၆၁၄.၁) မ/တန်၊ ခနောက်စိမ်း (၄၆၆) မ/တန် ၊ ထုံးကျောက် (၃,၇၈၀) မ/တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ ကယားပြည်နယ်တွင် ရွှေကန္ဒရဝတီ ကိန္နရီကိန္နရာ၊ ရွှေထီး၊ DAY DAY၊ ရွှေယွန်ကြီး၊ ရွှေကယား၊ စက်ယက္ကန်းများအပြင် ငွေတောင်ပြည်၊ ပတ္တမြားမိုး၊ အေးအေးနိုင်၊ ယုယပန်း၊ ပြည်ငွေတောင် ယက္ကန်းတို့မှ ရိုးရာအမျိုးသား/အမျိုးသမီးဝတ် အင်္ကျီ လုံချည်များ ထုတ်လုပ်ခြင်း နှင့် KK ဘလောက်အုတ် လုပ်ငန်းအသစ် တိုးတက်ထုတ်လုပ်ခဲ့ ပါသည်။ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ချေးငွေများ ပံ့ပိုးကူညီလျက်ရှိခြင်းတို့ကြောင့် အိမ်တွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ အကြီးစား (၁၆) ခု၊ အလတ်စား (၂၈၀) ခု၊ အငယ်စား (၁၀၃) ခု၊ စုစုပေါင်း (၃၉၉) ခု မှတ်ပုံတင်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား (၂၀,၆၃၇) ကီလိုဝပ်နာရီ (ထောင်) နှင့် ပုဂ္ဂလိကပိုင် လျှပ်စစ်ဓာတ်အား (၁,၂၄၀) ကီလိုဝပ်နာရီ(ထောင်)၊ စုစုပေါင်း (၂၁,၂၆၆) ကီလိုဝပ်နာရီ(ထောင်) အသုံးပြုခဲ့ပါသည်။ ပြည်နယ်အတွင်း လောပိတအမှတ်(၁)၊

အမှတ်(၂) နှင့် အမှတ်(၃) လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့မှ လျှပ်စစ်ဓာတ်အားရယူ၍ 33KV ဓာတ်အားလိုင်း (၁၈) မိုင်ဖြင့် လွိုင်ကော်မြို့သို့လည်းကောင်း၊ လွိုင်ကော်မြို့ရှိ 33/11KV ခွဲရုံများမှ 11KV လိုင်းဖြင့် ဒီးမော့ဆိုမြို့ နှင့် ဖရူဆိုမြို့များသို့လည်းကောင်း၊ ဘောလခဲ-ဖားဆောင်း 33KV ဓာတ်အားလိုင်း (၇၇) မိုင်ဖြင့် ဘောလခဲမြို့၊ ဖားဆောင်းမြို့နှင့် ဘောလခဲမြို့နယ် နန်းဖဲကျေးရွာတို့ကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါသည်။

ရှားတောမြို့နယ်ကို 66KV လိုင်း(၁၉.၇၉)မိုင်၊ မယ်စဲ့မြို့နယ်ကို 33KV လိုင်း(၃၈)မိုင်၊ မော်ချီးဒေသကို 11/0.4KV ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ အစားထိုး ပြုပြင် ခြင်းလုပ်ငန်း (၇၅)ခု အား ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဘီလူးချောင်းရေအား လျှပ်စစ်စက်ရုံ (၃) ခုမှ လျှပ်စစ်ဓာတ်အား (၁,၂၀၀) ကီလိုဝပ်နာရီ(သန်း) နီးပါးထုတ်လုပ်နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ပြည်နယ်အတွင်း ဌာနဆိုင်ရာများ၏နိုင်ငံပိုင်အခန်း ဆောက်လုပ်မှုလုပ်ငန်းများ ယခင်နှစ်ထက် တိုးတက်လာခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ အောင်ပန်း - ပင်လောင်း- မိုးဖြဲ-လွိုင်ကော်လမ်း၊ လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်းတို့တွင် အပိုင်းလိုက် လမ်းခင်းခြင်း၊ ပြုပြင်ခြင်းနှင့် တံတားအပိုင်းတွင် ပွန်ချောင်းတံတား၊ သံလွင်မြစ်ကူးတံတား (ဖားဆောင်း)၊ အမြဲတမ်း သံကူကွန်ကရစ်တံတားများ စသည်တို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ကယားပြည်နယ်အတွင်း ပြည်သူများ ခရီးစရိတ်သက်သာစွာဖြင့် ခရီးသွားလာနိုင်ရေး၊ ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စေရန် သယ်ယူပို့ဆောင်နိုင်စေရေး အတွက် ရထားပို့ဆောင်ရေးအနေဖြင့် နေ့စဉ်အမှတ်(၁၄၇) အဆန်၊ (၁၄၈) အစုန် နေပြည်တော်-လွိုင်ကော် -နေပြည်တော် ပြေးဆွဲ ပေးလျက်ရှိခြင်း၊ ယာဉ်လိုင်း ၃၃ လိုင်း၊ ယာဉ်စီးရေ ၁၆၄ စီး ဖြင့် လွိုင်ကော်-ရန်ကုန်၊ လွိုင်ကော်-နေပြည်တော်-တောင်ငူ၊ လွိုင်ကော်-တောင်ကြီး၊ လွိုင်ကော်-မန္တလေး၊ လွိုင်ကော်-မိတ္ထီလာခရီးစဉ်များကိုလည်းကောင်း၊ ပြည်နယ်အတွင်း ယာဉ်လိုင်း ၁၄ လိုင်း၊ ယာဉ်စီးရေ ၁၂၄ စီး ဖြင့်လည်းကောင်း၊ ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေးခဲ့ပါသည်။ မြို့နယ်အတွင်း ခရီးသည် ယာဉ်လိုင်း ၁ လိုင်း၊ ပြည်နယ်အတွင်း ၁၄ လိုင်း၊ အခြားပြည်နယ်/တိုင်းဒေသကြီးများသို့ ၁၈ လိုင်း နှင့် အခြား ပြည်နယ်/တိုင်းဒေသကြီးများမှ ၁၀ လိုင်း၊ စုစုပေါင်းယာဉ်လိုင်း ၄၃ လိုင်းဖြင့် ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေး ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ပြည်နယ်အတွင်း မြို့ပြကျေးလက်ဒေသရှိ ပြည်သူများအတွက် တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်း (၅၃,၆၉၃) လုံး တိုးချဲ့တပ်ဆင်နိုင်ခြင်း နှင့် ဂျပန် ကုမ္ပဏီ နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့၏ ဆက်စပ် အဖွဲ့အစည်းဖြစ်သည့် Joint Operations(JO) ကုမ္ပဏီနှင့် ပူးပေါင်း၍ အော်တိုတယ်လီဖုန်းများကို တိုးတက် တပ်ဆင် နိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ ။ နိုင်ငံပိုင်အခန်းတွင် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ငွေစုဘဏ် အတိုးနှုန်း ကျဆင်းသွားသော်လည်း အပ်ငွေတိုးလာခြင်း၊ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် သူတစ်ပါး ထိခိုက်မှုအာမခံကို နယ်လှည့်ကွင်းဆင်း ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ခရီးသွားအာမခံမှာ ယခင်က ကျပ် (၁၀၀) ကောက်ခံရာမှ ကျပ် (၃၀၀) အထိ တိုးမြှင့် ကောက်ခံခြင်း၊ လိုင်စင်ရ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ သက်တမ်း တိုးခြင်းတို့ကြောင့် ဝင်ငွေများရရှိခဲ့ပါသည်။

ပြည်နယ်အတွင်းတွင် မြန်မာ့စီးပွားရေးဘဏ် ၃ ခု၊ ပုဂ္ဂလိကဘဏ် ၇ ခု ရှိပြီး၊ အလို အလျောက် ငွေထုတ်စက်စနစ်ဖြင့် ဆောင်ရွက်သော ပုဂ္ဂလိကဘဏ် ၅ ခုရှိပါသည်။ ပုဂ္ဂလိက အာမခံကုမ္ပဏီများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် မြန်မာ့အာမခံ လုပ်ငန်းဖြင့်သာ ဆောင်ရွက်လျက်ပါသည်။ ငွေစုငွေချေးလုပ်ငန်းခွဲ သမဝါယမအသင်းများတွင် ချေးငွေအပေါ် ရရှိသည့် အတိုးဝင်ငွေ ကျပ် (၁၈၉.၂) သန်း စုဆောင်းရရှိခဲ့ပါသည်။ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်/သွင်းကုန်ဘဏ်မှ ကျပ်(၅၅၇.၄၃) သန်းဖြင့် ချေးငွေနှင့် လယ်ယာသုံး စက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရေလုပ်ငန်း ပစ္စည်းများအား Hire Purchase စနစ်ဖြင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

သမဝါယမပိုင်အခန်းတွင် သမဝါ ယမ (ငွေစုငွေချေး)အနေဖြင့် သမဝါယမဖွံ့ဖြိုးရေး အရင်းမပျောက် မတည်ငွေ၊ ပြည်နယ်သမဝါယမ အသင်းစုချုပ် ပိုင်ငွေ(Financial Network) ၊ လွိုင်ကော်မြို့နယ်သမဝါယမအသင်းစု (Financial Network)၊ နိုင်ငံခြားချေးငွေ (China EXIM Bank) တို့မှ သက်သာသော အတိုးနှုန်းများဖြင့် ချေးငွေများ ထုတ်ချေး ပေးနိုင်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ ပညာရေးတွင် ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရန် ပြည်နယ်၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်၊ ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တ ကောင်းမွန်သည့် ဘက်စုံပညာပြည့်ဝသူများ၊ အရည်အသွေးမြင့် လူစွမ်းအား အရင်းအမြစ် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်၊ နည်းပညာဆိုင်ရာလုပ်ငန်း များတွင် တိုက်ရိုက်အသုံးပြုနိုင်မည့် အလယ်အလတ်တန်းစား ကျွမ်းကျင်ပညာရှင်များ ပြုစု ပျိုးထောင်ရန် ရည်မှန်းထားရှိပါသည်။

အထက်တန်းကျောင်း ၁၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၈ ကျောင်း၊ အလယ်တန်းကျောင်း ၁၅ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၄ ကျောင်း၊ မူလတန်းကျောင်း ၂၉၃ ကျောင်း၊ မူလတန်းကျောင်းခွဲ ၃၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး၊ အထက်တန်းတွင် ကျောင်းသား/ ကျောင်းသူ ၆,၆၄၈ ဦး၊ အလယ်တန်းတွင် ၂၀,၅၆၁ ဦး၊ မူလတန်းတွင် ၃၅,၀၄၉ ဦး ပေါင်း ၆၂,၂၅၈ ဦး သင်ယူလျက်ရှိပါသည်။

ကျန်းမာရေးတွင် ပြည်သူ့ဆေးရုံကြီးမှ ဝန်ဆောင်မှု ပိုမို ကောင်းမွန်လာပြီး နိုင်ငံတော်က ဆေးဝါးများအခမဲ့ ထောက်ပံ့လာသဖြင့် ပြည်သူများမှာ ပြင်ပဆေးခန်းများထက် ပြည်သူ့ဆေးရုံကို ပိုမိုအားကိုးလာပါသည်။ ပဂ္ဂလိက NGOs, INGOs အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊ NGO နှင့် ပူးပေါင်း၍ ပညာပေး သင်တန်းများဖွင့်လှစ်ခြင်း၊ ဆေးဝါးဖြန့်ဖြူးခြင်း၊ ဆေးစိမ်ခြင်ထောင်များ အခမဲ့ ဖြန့်ဝေ ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေး ဝန်ဆောင်မှု၊ စားသောက်ဆိုင်လုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်း၊ အလှပြင်ဆိုင်၊ ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားနိုင်သော နေရာများမှာ ငွေတောင်ဆည်၊ တောင်ကွဲစေတီ၊ ထီးပွင့်ကန်၊ ထီးဆဲခါးရေတံခွန်၊ ကန် ၇ ဆင့် ရေကန်၊ နေစက်လစက်ဘုရား တို့ဖြစ်ပါသည်။ လွိုင်ကော်မြို့တွင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ တည်းခိုနိုင်မည့် ဟိုတယ် နှင့် တည်းခိုခန်း (၁၄) ခုရှိပါသည်။ နိုင်ငံခြားသားတည်းခိုနိုင်သည့် ဟိုတယ်နှင့် တည်းခိုခန်းမှာ (၈) ခု ရှိပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ကယားပြည်နယ်သည် လွိုင်ကော်-ပင်လောင်း-တောင်ကြီးလမ်း၊ လွိုင်ကော်-ပင်လောင်း-မန္တလေးလမ်း၊ လွိုင်ကော်-ပင်လောင်း-နေပြည်တော်-ရန်ကုန်လမ်း တို့ဖြင့် ပြည်နယ်ထွက်ကုန်များ နှင့် ပြည်နယ် ပြင်ပဒေသများမှ ထွက်ကုန်များစီးဆင်းလျက်ရှိပါ သည်။

လျှပ်စစ်မီးရရှိရေး။ ပြည်နယ်အတွင်း မီးလင်းရေးဆောင်ရွက်မှုသည် ဒေသအလိုက် လွမ်းခြုံမှု လိုအပ်နေဆဲ ဖြစ်သော်လည်း မိတာတပ်ဆင်ပြီးစီးမှု (၂၃,၂၃၃) လုံးဖြစ်ပြီး၊ မီးလင်းပြီး အိမ်ထောင်စု (၆၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ဓာတ်အားလိုင်း၊ ဆိုလာ၊ ဒီဇယ် နှင့် အသေးစားရေအားတို့ဖြင့် (၁၆၄) ရွာအထိ မီးလင်းခဲ့ပြီး ဖြစ်ပါသည်။

သောက်သုံးရေရရှိရေး။ ဒီးမော့ဆိုမြို့နယ်၊ ဒေါရောက်ခူကျေးရွာ ရေပိုက်လိုင်း သွယ်ယူခြင်း၊ ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာ ရေပိုက်လိုင်းသွယ်ယူခြင်း(ရေတားတမံ)

(၂) ကန် ဆောင်ရွက်ခြင်း၊ UNICEF မှ ဆောင်ရွက်ပေးသော ဆယ်မိုင်ကျေးရွာ နှင့် သပြေကုန်းကျေးရွာ စိမ့်စမ်းရေ သွယ်ယူခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

စိုက်ပျိုးရေးရရှိရေး ။ တည်ဆောက်ပြီး ဆည်မြောင်းစီမံကိန်းများ၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများနှင့် ပျက်စီးယိုယွင်းလျက်ရှိနေသည့် ရေပေးမြောင်းများအား ဦးစားပေးအလိုက် ပြုပြင်ဆောင်ရွက်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အလုပ်အကိုင်ရရှိရေး။ ဒေသခံ လူငယ်များအား အလုပ်အကိုင် ဖန်တီးနိုင်ရေး အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ သွားရောက်၍ လေ့လာ ဆွေးနွေး ညှိနှိုင်း ခဲ့ပါသည်။ ဆွေးနွေးညှိနှိုင်းမှု၏ ရလဒ်အဖြစ် ကယားပြည်နယ် အစိုးရအဖွဲ့နှင့် SBS Group, Towars 21Service Co,Ltd တို့ပူးပေါင်း၍ ဒေသခံလူငယ်များအား ရွေးချယ်ခဲ့ပြီး ဂျပန်နိုင်ငံသို့ စေလွှတ်နိုင်ရေးအတွက် အမျိုးသား အမျိုးသမီးလူငယ် (၄၂) ဦးကို သင်တန်းပေးနေပြီ ဖြစ်ပါသည်။ ပြည်တွင်း အလုပ်အကိုင် ရရှိရေးအနေဖြင့် မှတ်ပုံတင်ထားသူ (၁,၆၈၇) ဦး မှ (၅၄၂) ဦး အလုပ်အကိုင်ရရှိခဲ့ ပါသည်။ ပြည်ပအလုပ်အကိုင်ရရှိရေးအတွက် မှတ်ပုံတင်ထားသူ ၆၇ ဦး ရှိပါသည်။ အလုပ်ရှင်၊ အလုပ်သမားအလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ချုပ်ဆိုထားသည့် စက်ရုံ၊ အလုပ်ရုံ (၂၉) ရုံရှိပါသည်။ ၂၀၁၄ ခုနှစ်တွင် အလုပ်ရှင်/ အလုပ်သမား စာရင်းများနှင့် အနည်းဆုံးကုန်ကျစရိတ်များနှင့် အနည်းဆုံး ကုန်ကျစရိတ်စစ်တမ်းကို ကောက်ယူပြုစုခဲ့ ပါသည်။ ကယားပြည်နယ်အတွင်း အလုပ်ဌာနပေါင်း (၉၉) ခုမှ အလုပ်သမား ဦးရေ (၁,၂၄၃) ဦးသည် လူမှုဖူလုံရေး ထည့်ဝင်ပြီးဖြစ်ပါသည်။ အလုပ်သမားများကို ကျန်းမာရေး စောင့်ရှောက်မှု ကုသပေးခဲ့ပါသည်။ လူမှုဖူလုံရေးအာမခံ အလုပ်သမားကဒ်ပြား (e-smart card) (၁,၂၆၆) ဦး အားထုတ်ပေးပြီးဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ နိုင်ငံတကာကုန်သွယ်ရေးဗဟိုဌာန (ICT) နှင့် နယ်သာလန်နိုင်ငံရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန CBI ၏ အကူအညီ Grant Aid ဖြင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအထိ ဆောင်ရွက်မည့် ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး(၃)နှစ် စီမံချက်အား စတင် အကောင်အထည်ဖော် လျက်ရှိပါသည်။ အဆိုပါ စီမံချက်အတွက် အကူအညီ အမေရိကန်ဒေါ်လာ (၁,၉၀၁,၁၀၈) သုံးစွဲသွားမည်ဖြစ်ကာ ပြည်နယ်၏ နိုင်ငံခြားဝင်ငွေရရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ သဘာဝပတ်ဝန်းကျင် မထိခိုက်သော စီးပွားရေးကို များစွာအထောက်အကူ ရရှိစေနိုင်မည် ဖြစ်ပါသည်။

ကရင်ပြည်နယ်



တည်နေရာ	=	အရှေ့လောင်ကျီတွဒ်-ဇွဖဒီဂရီ၁၀ မိနစ်မှ ဇွစဒီဂရီ၅၅မိနစ်၊ မြောက်လတ္တီတွဒ်-၁၅ဒီဂရီ၁၉ မိနစ်မှ ၁၉ဒီဂရီ၂၅မိနစ် အကြား။
အကျယ်အဝန်း	=	၁၁,၇၃၀.၈၅၁စတုရန်းမိုင်၊ ၇,၅၀၇,၇၃၃ ဧက
လူဦးရေ	=	ဦးရေ - ၁,၅၈၈ (ထောင်) (၂၀၁၄-၂၀၁၅)
မြို့တော်	=	ဘားအံမြို့
ထူးခြားသည့် အမှတ်အသား	=	ဇွဲကပင်တောင်
ခရိုင်	=	၄ခရိုင်၊ဘားအံ၊ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်
မြို့နယ်	=	၇မြို့နယ်
အဓိကစီးပွားရေးကဏ္ဍ	=	လယ်ယာ၊သားငါး၊စက်မှုလက်မှု
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ပဲခူးတိုင်းနှင့် မွန်ပြည်နယ်၊ တောင်ဘက်တွင် မွန်ပြည်နယ်၊ မြောက်ဘက်တွင် ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊

ကရင်ပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၁၁၃၃၀၈၅၅.၄) သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ (၁၅.၄) ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းထားပါသည်။

ကရင်ပြည်နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်း



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန် (ဧပြီလမှ မတ်လ) **နှစ်အလိုက်ဈေးနှုန်း**အရ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် (၁,၁၆၅,၇၄၈.၀) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၁၀၂.၉) ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ (၁၁.၆) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၉) ကရင်ပြည်နယ်
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်စျေးနှုန်း)



ဇယားစဉ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ မြေကြီးမြေပုံ မှန်ကန်ရေးနှင့် တောင်သူများ၏ လုပ်ကွက်ဧရိယာများ မှန်ကန်ရေးအတွက် ကွင်းမြေပုံများပြန်လည် တိုင်းတာဆောင်ရွက်ရန် ကွင်းပေါင်း (၁၂၁) ကွင်း၊ ကွင်းရှိဧရိယာ (၆၁,၃၁၇) ဧက၊ လက်ရှိဧရိယာ (၄၀,၃၄၂) ဧကကို လျာထားချက်အတိုင်း ဆောင်ရွက် ခဲ့ပါသည်။

မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များဖြစ်သော ပုလဲသွယ်စပ်မျိုးစပါးကီလို (၇,၇၂၀)၊ အထွက်ကောင်းမျိုး စပါးတင်း(၄,၇၀၀)၊ စိုက်ဧကအားဖြင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး (၆၄၃)ဧက၊ အထွက်ကောင်းစပါးမျိုး (၃၇၈,၇၉၁) ဧက၊ အရည်အသွေးကောင်းစပါးမျိုးဧက (၄၄,၆၅၀)၊ ဒေသ စပါးမျိုး (၁၀၄,၈၁၈) ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

ကရင်ပြည်နယ်အတွင်း လျှပ်စစ်မြစ်ရေတင် (၄) ခု၏ အကျိုးပြုစီစစ် ဧက(၄,၁၀၀)၊ ဒီဇယ်မြစ်ရေတင် (ရေစုပ်စက်ငှားရမ်း) အကျိုးပြုဧက (၅,၂၀၀) အနက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မိုးစပါးအောင်ရေ (၁၅၄) ဧကနှင့် နွေသီးနှံ (၁,၅၅၆) ဧက စုစုပေါင်းဧက

(၁,၇၁၀) ရေသွင်းစိုက်ပျိုး နိုင်ခဲ့ပါသည်။ ဆည်မြောင်းလုပ်ငန်းများဖြင့် စုစုပေါင်း (၆,၇၅၃) ဧက အကျိုးပြု ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်နယ်အစိုးရ၏ အစီအစဉ်အရ မိုးစပါးတစ်ဧက အထွက်နှုန်း တိုးတက် ထွက်ရှိရေး အတွက် ယူရီးယားမြေဩဇာ တစ်အိတ်လျှင် ကျပ်(၁၆,၅၀၀)နှုန်း လက်ငင်း ငွေချေစနစ်ဖြင့် လည်းကောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့် ဝယ်ယူလိုပါက တစ်အိတ်လျှင် ကျပ်(၁၇,၀၀၀) နှုန်းဖြင့် လည်းကောင်း ဖြန့်ဖြူးပေးခဲ့ပါသည်။ မြို့နယ်အလိုက် စုပေါင်းတမန်းနှိုးခြင်း၊ မြေဩဇာ ကြဲပက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာန တို့မှ ယခင်နှစ်ကထက် ချေးငွေများထုတ်ချေးပေးနိုင်ခြင်းကြောင့် တောင်သူများဓာတ်မြေဩဇာ အား ပိုမိုဝယ်ယူသုံးစွဲနိုင်ခဲ့ပါ သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီအတွင်း ရာဘာဧက (၁၃,၀၀၀) တိုးချဲ့ စိုက်ပျိုးရန် လျာထားသတ်မှတ်ပြီး စည်းရုံးဆောင်ရွက်ခဲ့ရာ ယနေ့အထိ (၃၇,၆၉၄) ဧက တိုးချဲ့စိုက်ပျိုး နိုင်ခဲ့ပါသည်။

ထို့အပြင် ရာဘာ၊ ကြံ၊ ကော်ဖီစသည့် စက်မှုသီးနှံများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုး နိုင်ရေးအတွက် နိုင်ငံတော်မှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ကျပ်(၆၁၁.၇၂) သန်းဖြင့် မြိုင်ကြီးငူအထူးဒေသရှိ မသန်စွမ်း ငြိမ်းချမ်းရေး အိမ်ထောင်စု အတွက် ရာဘာဧက (၂,၅၀၀) စိုက်ပျိုးရန် လျာထားခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု (၁၀၀) အတွက် ရာဘာ ဧက (၅၀၀)၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အိမ်ထောင်စု (၁၇၃) စု အတွက် ရာဘာ (၈၆၅) ဧက၊ စုစုပေါင်း (၁,၃၆၅) ဧကအား စိုက်ပျိုးပေးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျာထားဧက (၆၆၀) အနက် ဧက (၃၈၀) စိုက်ပျိုးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍ။ မွေးမြူရေးကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်အတွက် တိရစ္ဆာန် ကျန်းမာရေး နှင့် ပညာပေးလုပ်ငန်းများကို မြို့နယ်နှင့်ကျေးရွာအဆင့်များတွင် တိုးချဲ့လုပ်ဆောင်နိုင်ခဲ့ပြီး မေထုန်မဲ့ သားစပ်သင်တန်းနှင့် မြက်ချဉ်ဖတ်သင်တန်းတို့ကို တိုးချဲ့ပို့ချ နိုင်ခဲ့ပါသည်။ ကျေးလက် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရ၏ ရန်ပုံငွေကျပ် (၂၇၁.၈၅) သိန်းဖြင့် တိရစ္ဆာန်များ ဖြန့်ဖြူးခြင်း၊ တိရစ္ဆာန်ကာကွယ်ဆေးနှင့် ပစ္စည်းပံ့ပိုး ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

မွေးမြူရေးဇုန်များတွင် အသားကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန် ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဖာပွန်၊ မြဝတီတို့တွင် ဇုန်များတည်ထောင်ပြီး နို့စားနွားမွေးမြူရေးမှအပ ဥစားကြက်၊ အသားစားကြက်၊ ခိုင်းနွား၊ ဆိတ်နှင့် ဝက်မွေးမြူရေး လုပ်ငန်းများ တိုးတက် မွေးမြူနိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြေသားကန် အသစ်တူးဖော်ခြင်း၊ မြေသားကန်ဘောင် မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ပြည်နယ်ရန်ပုံငွေ ကျပ် ၁၁၃.၄၀၈ သန်းကို ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ယခင်နှစ်တွင် ငါးမွေးကန်ဦးရေ ၄၃၃ ကန် ရှိခဲ့ရာမှ ၄၅၄ ကန်အထိ တိုးချဲ့နိုင်ခဲ့၍ ငါး၊ ပုစွန်ထုတ်လုပ်မှု ပိုမိုတိုးတက်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုတွင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာသောကြောင့် ကျွန်းနှင့်သစ်မာတိုင်၊ မျောမှအပ ကျန်သစ်တောထွက်ပစ္စည်း ထုတ်လုပ်သူ များပြားလာ၍ ထင်း၊ ကြိမ်၊ သစ်ခေါက်၊ ခနို-သက်ငယ်၊ ပျားရည်၊ လင်းနို့ချေး၊ သစ်စေး၊ ဘုမ္မရာဇာများကို လျာထားချက် ပြည့်မီ ကျော်လွန်သည်အထိ ထုတ်လုပ်နိုင်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ တန်(၄၀၀၀) နှင့် တန်(၉၀၀) ဘိလပ်မြေစက်ရုံများအတွက် ရွှံ့စေးဖြူနှင့်အမယ်သစ် ဂေါဒန်ကျောက်တို့ကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထုံးကျောက်နှင့် ခနောက်စိမ်းသတ္တုသန့်စင်တို့ကို ယခင်နှစ်ထက်ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် အထူးအလေးထား ဆောင်ရွက်ခြင်း၊ သတ္တုတွင်းလမ်းများပြုပြင်ခြင်း၊ အဆင့်မြင့်နည်းပညာများဖြင့် သတ္တု ထုတ်လုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ အသေးစား စက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ဝါးအခြေခံလက်မှုထည်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြင် သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းများ ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေး ခဲ့ပါသည်။

ဘားအံစက်မှုဇုန်အတွင်း UMH အထည်ချုပ်စက်ရုံ၊ မြဒွေးကြွယ်လင်းစက်ဘီး ပြုပြင် တပ်ဆင်စက်ရုံ၊ သစ်အချောထည်စက်ရုံ၊ ဝင်းဝင်းဖယောင်းတိုင်လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ဟံသာကြယ် ပလပ်စတစ်ရေသန့်ဘူးခွံလုပ်ငန်း တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ချစ်လင်းမြိုင် အထည်ချုပ်စက်ရုံ၊ ချစ်လင်းမြိုင် တိုးချဲ့အထည်ချုပ်စက်ရုံ၊ UMH Ware house၊ ရွှေသံလွင်စီးကရက်စက်ရုံ၊ စိန်နှင့်သောင်း အထည်ချုပ်စက်ရုံ၊ 5 speed ကုမ္ပဏီ အထည်ချုပ် စက်ရုံ၊ မဟာဘားအံ အထည်ချုပ်စက်ရုံ (A)(B)၊ ဖဖဖ ပလပ်စတစ်ကော်ဖြတ်စ၊ ကော်စေ့ လုပ်ငန်း၊ မို့သိုလ်လင်း ကွန်ကရစ်အုတ်စက်ရုံ၊ ဦးစိုးသိန်း ကွန်ကရစ်လုပ်ငန်း၊ ညွန့်ဆိုင်စတီး လုပ်ငန်း၊ သံပန်းလုပ်ငန်း၊ ဆန်နီသိန်းကွန်ကရစ်အုတ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာ့စီးပွားရေးကော်ပိုးရေးရှင်း မှ ဘိလပ်မြေကို ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

မြဝတီမြို့နယ် သဃ်နိုးညီနောင်နှင့် ရွာသစ်ကျေးရွာကြား မြေဧရိယာ (၁,၂၀၁) ဧကတွင် စက်မှုဇုန်ဖော်ထုတ်ရန် လျာထားခဲ့ပါသည်။ မြဝတီစက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်း များကို ညီနောင်ဦးကုမ္ပဏီမှ ၁၇-၃-၂၀၁၃ ရက်နေ့မှ စတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၉၅) ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါသည်။ မြဝတီ စက်မှုဇုန်၌ အသေးစားအလတ်စား စက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသူ ပညာရှင်နှင့် လုပ်ငန်းရှင် များအား ဖိတ်ခေါ်၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက် ရှိပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ နိုင်ငံပိုင်အခန်းတွင် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)ရှိ သောက်ရေခပ် (၂) ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားကို လိုင်းအသစ်၊ ခွဲရုံအသစ်များ သွယ်တန်းတပ်ဆင်ပြီး သံတောင်ကြီးမြို့၊ ဘောဂလိမြို့နှင့် အနီးဝန်းကျင် ကျေးရွာ (၂၄) ရွာကို မီးပေးနိုင်ခြင်း၊ လျှပ်စစ်ဝန်ကြီးဌာနပိုင် ဒီဇယ်ဓာတ်အားပေးစက် (၄) လုံးကို တိုးချဲ့တပ်ဆင် ခြင်း၊ ဒေသတွင်းကိုယ့်အားကိုယ်ကိုး အသေးစားရေအား၊ ဆိုလာ၊ ဒီဇယ်ပုဂ္ဂလိက လျှပ်စစ်မီးများ ပိုမို ထုတ်လုပ်သုံးစွဲနိုင်ခြင်းတို့ကြောင့်ကျေးရွာ (၂၈၇) ရွာ ထပ်မံ မီးလင်း နိုင်ခဲ့ပါသည်။

ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်နိုင်ခဲ့၍ ကျေးလက်နေ ပြည်သူများလူနေမှုဘဝ မြင့်မားလာခြင်း၊ လျှပ်စစ်မီး(၂၄)နာရီ သုံးစွဲရသဖြင့် သတင်းမီဒီယာ ကဏ္ဍများ ကြည့်ရှုနိုင်ပြီး၊ အသိပညာ ဗဟုသုတ တိုးပွားလာခြင်း၊ ကျေးလက်နေ ကျောင်းသူ၊ ကျောင်းသားများ စာပေလေ့လာမှုတွင် အထောက်အကူဖြစ်ခြင်း၊ ကျေးလက်ကျောင်းများတွင် ကွန်ပျူတာကဲ့သို့သော သင်ထောက်ကူပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဓာတ်ကြိုးများမြေပြင်ပေါ်သို့ ကျရောက်ခြင်းများ မဖြစ်ပေါ်စေရန်၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်၊ ဌာနဝင်ငွေတိုးတက်စေရန်၊ပြည်သူများစိတ်ချမ်းမြေ့ စွာဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ တန် (၄၀၀၀) ဘိလပ်မြေစက်ရုံမှ စွန့်ပစ်အပူသုံး ရေနွေးငွေ့တာဘိုင် (၁) လုံး တည်ဆောက်ပြီး စက်ရုံ ဝန်ထမ်း များကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လမ်းတံတားလုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ နိုင်ငံတော်ဘက်ဂျက်ဖြင့် တိုးတက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဘားအံ-လှိုင်းဘွဲလမ်း၊ ဘားအံ-ပိုင်ရမ်းလမ်း၊ လှိုင်းဘွဲ-ပိုင်ကျုံလမ်း၊ လှိုင်းဘွဲ-ရွှေဂွန်းလမ်း၊ ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်း၊ အိန္ဒု-ဇာသပြင်လမ်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊

တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်း၊ သံတောင်သစ်-သံတောင် ကြီး(လမ်းသစ်) ၊ ဘားအံ-နောင်လုံ- ဂျိုင်း-ကျုံဒိုးလမ်း၊ ကျုံဒိုး-လှိုင်ကွယ်လမ်း၊ မုဒုံ-မြဝတီလမ်း (မဲသရော-လှိုင်ကွယ် အပိုင်း)၊ ဘုရားငါးဆူ-တံခွန်တိုင်-တောင်ဒီး-ဖားပြ-အနန်း ကွင်းလမ်း၊ ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်း၊ ကြာအင်းဆိပ်ကြီး-တဂေး-ခုတ်ခွား-ကျိုက်ဒုံလမ်း၊ ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်း၊ သဃ်ိန်း ညီနောင်-မဲပလဲလမ်း၊ မြဝတီ- ဝေါလေးလမ်း၊သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ ထီလုံ-တာပေါင်-ပတ-နဘူး-တံတားကျိုးလမ်း၊ ဖာပွန်-ကမမောင်းလမ်း၊ဝါးဘိုးတော-ကမမောင်းလမ်း၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ ထီလုံ-တာပေါင်-ပတ-နဘူး-တံတားကျိုး (ကော့ကရိတ်)လမ်း၊ ကော့ကရိတ်-အစွန်း-ကျိတ်-ကျိုက်ဒုံ-အဇင်းလမ်းတို့ကို တိုးချဲ့ပြုပြင် တည်ဆောက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ပြည်နယ်တစ်ခုဖြစ်ပြီး ယခင်က နယ်မြေဒေသငြိမ်းချမ်းမှုမရှိခဲ့၍ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် အဟန့်အတားများ ဖြစ်ခဲ့ပါသည်။ အခြေခံအဆောက်အအုံဖြစ်သည့် လမ်းတံတား တည်ဆောက်မှုများ အားနည်းခဲ့ပါသည်။ ပြည်နယ်၏အဓိကအသုံးပြုမှုမှာ ကုန်းလမ်းဖြစ်ပြီး ရေလမ်းကို ဒုတိယအသုံးပြုကြပါသည်။

ယခုအခါ နယ်မြေငြိမ်းချမ်းမှုများ ရရှိလာ၍ ပြည်နယ်အတွင်း လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ကျေးလက်လမ်းတံတားများ၊ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကော့ကရိတ်မြို့နယ် တောင်ပိုင်းဒေသများ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၏ အရှေ့ပိုင်း၊ မြောက်ပိုင်းဒေသများမှာ ဆက်သွယ်သွားလာရာတွင် ခက်ခဲမှုများရှိနေပါသည်။

ခရိုင်၊ မြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းများ ချောမွေ့လာခြင်း၊ အဝေးပြေး ကားလိုင်းများ၊ ပုဂ္ဂလိကပိုင် အဆင့်မြင့် မော်တော်ယာဉ်လိုင်း၊ အငှားယာဉ်များစီးရေ တိုးချဲ့ပြေးဆွဲလာခြင်းတို့ကြောင့် နိုင်ငံခြားသား ခရီးသွားဦးရေ တိုးတက်လာခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် မတ်လကုန်တွင် အော်တိုဖုန်း လုံးရေ (၁၀၀) တပ်ဆင်နိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် မတ်လကုန်ထိ (၃၇) လုံးတပ်ဆင် နိုင်ခဲ့ပါသည်။ (၁,၅၀၀) ကျပ် တန် တန်ဖိုးနည်းဖုန်း (၄၉၁,၉၁၆) လုံးကို ယခင်နှစ်က ဖြန့်ဖြူးခဲ့ပြီး ယခုနှစ်တွင် ဖုန်း (၁,၀၂၂,၁၀၉)လုံး ဖြန့်ဖြူးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ကရင်ပြည်နယ်အတွင်း တာဝါတိုင် (၂၀) တည်ဆောက်လျက်ရှိပြီး KDDI/Sumitomo ဂျပန်ကုမ္ပဏီနှင့် ပူးပေါင်း၍ GSM တာဝါတိုင်များ တိုးချဲ့တည်ဆောက်သွားမည် ဖြစ်ပါသည်။ အော်တိုအိတ်ချိန်း တပ်ဆင် ဆောင်ရွက်ခြင်း မရှိသေးသည့် ဖာပွန်မြို့တွင် အော်တို (၂၀၀) အိတ်ချိန်းတစ်ခု တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ADSL တပ်ဆင်

ပြီးစီးမှုအခြေအနေမှာ ဘားအံအော်တို အိတ်ချိန်းတွင် (၁၁၈)လိုင်း၊ ကော့ကရိတ်တွင်(၆)လိုင်း၊ မြဝတီတွင်(၁၄)လိုင်း စုစုပေါင်း (၁၃၈) လိုင်း ဖြစ်ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ကရင်ပြည်နယ်အတွင်းရှိ လယ်သမားများအား မိုးစပါး သီးနှံ၊ ဆောင်းသီးနှံ၊ ကြံစိုက်ပျိုးထုတ်လုပ်သူတိုင်းအတွက် ဘဏ်ချေးငွေများ ထုတ်ချေးရာတွင် ဆောင်းသီးနှံအတွက် ကျပ် (၃,၉၁၃.၈) သိန်းကို ကျေးရွာ (၃၈) ရွာမှ လူဦးရေ (၈၅၃) ဦး၊ (၄,၆၈၅) ဧကအတွက်လည်းကောင်း၊ ကြံစိုက်ပျိုးမှုအတွက် ကျပ် သိန်း (၂,၀၇၀) ကို ကျေးရွာ (၁၁) ရွာမှ လူဦးရေ (၃၁၁) ဦး၊ ဧက (၂,၀၇၀) အတွက်လည်းကောင်း ထုတ်ချေးခဲ့ပြီး၊ မိုးသီးနှံ ချေးငွေ ကျပ် (၅၆,၇၆၇) သိန်းအတွက် အတိုးငွေ ကျပ် (၁,၇၂၆.၀၉) သိန်းကို ကောက်ခံ ရရှိခဲ့ပါသည်။

နိုင်ငံပိုင်အခန်းအနေဖြင့် မြန်မာ့စီးပွားရေးပြည်နယ်ဘဏ် (၁) ရုံးနှင့်မြို့နယ်ဘဏ်ရုံးခွဲ (၈) ရုံးမှ လိုင်စင်မဲ့ယာဉ်များအား လေလံစနစ်ဖြင့် ရောင်းချရာတွင် ချလံရောင်းရငွေနှင့် အဆောက်အဦများ ဆောက်လုပ်ရာတွင် အာမခံစတော်ငွေအတွက် ငွေပေးအမိန့်လွှာ ရောင်းချရငွေ၊ ငွေလွှဲလုပ်ငန်းများမှ ငွေလွှဲခရငွေများကြောင့် ဝင်ငွေများတိုးတက်လာပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးပြည်နယ်ဘဏ် (၁) ရုံးနှင့်မြို့နယ်ဘဏ်ရုံးခွဲ (၄) ရုံးမှ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေနှင့် ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးခြင်းကြောင့် အတိုးရရှိခဲ့၍ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ မြန်မာ့အာမခံလုပ်ငန်း၏ အသက်အာမခံ၊ မီးနှင့် အထွေထွေ အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ရေကြောင်း(ကုန်ပစ္စည်း) အာမခံ စသည့်လုပ်ငန်းများမှ ဝင်ငွေများတိုးတက်ခဲ့ပါသည်။

သမဝါယမပိုင်အခန်းတွင် ငွေစုငွေချေးလုပ်ငန်းများ၏ အတိုးရငွေများ၊ သမဝါယမဘဏ်၏ချေးငွေမှ အတိုးရငွေ၊ ငွေလွှဲခရငွေ၊ အခြားရငွေ၊ ကော်မရှင်ရငွေများရရှိခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းတွင် ကမ္ဘာ့ရတနာဘဏ် (၂) ခု၊ ရိုးမဘဏ် (၁) ခု၊ ကမ္ဘောဇဘဏ် (၃) ခု၊ အသေးစားအလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (၂) ခု၊ ဧရာဝတီဘဏ် (၁) ခု၊ စုစုပေါင်း ပုဂ္ဂလိကဘဏ် (၉) ခု နှင့် မြို့နယ်များရှိအပေါင်ဆိုင် (၄၈) ဆိုင်၊ ဖာပွန်မြို့ရှိ ယွန်းနဒီ ငွေစုငွေချေးလုပ်ငန်းများ၏ အတိုးရငွေများရရှိခဲ့ပြီး ပြည်နယ်အစိုးရ၏ ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေများမှ အတိုးရငွေသည် ယခင်နှစ်ထက် ပိုမိုများပြားခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များမှာ ဘားအံမြို့နယ်တွင် (၄) ခု၊ မြဝတီမြို့နယ်တွင် (၅) ခုရှိပြီး အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ အသေးစားစက်မှုလုပ်ငန်းများသို့ ချေးငွေများ ပိုမိုထုတ်ချေးပေးခြင်း၊ မြဝတီမြို့မှ တစ်ဖက်နိုင်ငံသို့ နိုင်ငံကူးလက်မှတ် ထုတ်ပေး

ခြင်းကြောင့် အလုပ်သွားရောက်လုပ်သူများမှ ငွေလွှဲပို့ခြင်း၊ ကမ္ဘာ့ရတနာဘဏ်၊ ကမ္ဘောဇဘဏ်၊ ရိုးမဘဏ်၊ ဧရာဝတီဘဏ်စသည့်ဘဏ်များမှ ငွေလွှဲပို့ခဝင်ငွေများ တိုးတက် ရရှိခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ပညာရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် လူတိုင်းအတွက်ပညာရေး အစီအစဉ်များအရ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေမြဲရေး၊ မူလတန်းဆင့် ပြီးမြောက်ရေး၊ ကျောင်းပြင်ပ ပညာရေးဆောင်ရွက်မှု၊ သက်ကြီးစာတတ်မြောက်မှု၊ ကျောင်းအဆောက်အဦး ပိုမိုကောင်းမွန်ရေး၊ ဆရာ/ဆရာမများ အရေအတွက် ပြည့်စုံလုံလောက်ပြီး အရည်အသွေး ပိုမိုမြင့်မားရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် အကျိုး သက်ရောက်မှု နည်းပါးခြင်းများ ရှိနေပါသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် တောင်ပေါက် ကျေးလက်ကျန်းမာရေးဌာနကို (၁၆) ကုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ်လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ (၁၆) ကုတင်ဆံ့ တိုက်နယ်ဆေးရုံကို (၂၅) ကုတင်ဆံ့ ဆေးရုံအဖြစ်လည်းကောင်း ကျန်းမာရေးဌာန၏ ခွင့်ပြုမိန့်များအရ အဆင့်တိုးမြှင့်နိုင်ခဲ့ပါ သည်။

ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ကရင်ပြည်နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးညှိနှိုင်း၍ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်) နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်) တို့ကို ဖွဲ့စည်းခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိလာ၍ နယ်မြေအေးချမ်းသာယာလာသည်နှင့်အမျှ ပြည်နယ်အတွင်း ဝင်ရောက်လည်ပတ်သည့် နိုင်ငံခြားသားဝင်ရောက်မှုများမှာ ၂၀၁၃ ခုနှစ်တွင် (၄၃,၄၆၄) ဦး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၄၆,၉၆၄) ဦးဖြစ်၍ ခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ (၁၀) လုံး၊ အခန်းပေါင်း (၃၁၂) ခန်း၊ တည်ဆောက်ဆဲဟိုတယ်(၃)လုံး အခန်းပေါင်း(၂၆၂)ခန်း၊ လိုင်စင်လျောက်ထားဆဲ ဟိုတယ် နှင့် တည်းခိုခန်း(၂) လုံး အခန်းပေါင်း (၇၂) ခန်း၊ ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ရပြီး ဟိုတယ် (၂) လုံး အခန်းပေါင်း(၁၀၉) ခန်း၊ ပြည်နယ်အစိုးရအဖွဲ့သို့ လျောက်ထားဆဲ ဟိုတယ် (၂) လုံး အခန်းပေါင်း (၅၄) ခန်း ဖြစ်သဖြင့် ပြည်နယ်အတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာ (၁၉) လုံး အခန်းပေါင်း (၈၀၉) ခန်း ရှိလာမည်ဖြစ်ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ နယ်စပ်ကုန်သွယ်ရေးအနေဖြင့်မြဝတီမြို့၊ ကုန်သွယ်ရေးဇုန်မှ တစ်ဖက် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သော ပို့ကုန် (၈) မျိုးမှာ ငရုတ်သီးခြောက်၊ မြေပဲဆံ၊ ငါးမျိုးစုံ၊ ကြက်သွန်နီ၊ နှမ်း၊ ဂဏန်း၊ ပုစွန်၊ ပဲတီစိမ်းတို့ ဖြစ်ပြီး တစ်ဖက်ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းခဲ့သော သွင်းကုန်ပစ္စည်း (၁၀) မျိုးမှာ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ အခြားလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ အလှကုန်ပစ္စည်းမျိုးစုံ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ဆပ်ပြာ နှင့် နို့ဆီ၊ နို့စိမ်းတို့ ဖြစ်ပါသည်။ မြဝတီမြို့မှတဆင့် စက်ပစ္စည်းအမျိုးမျိုး၊ အချိုရည်၊ ပလပ်စတစ်ပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများ၊ စက်သုံးဆီများ၊ စားသုံးဆီ (စားအုန်းဆီ) များကို ဘားအံမြို့မှတဆင့် မြန်မာပြည်အထက်ပိုင်း၊ အလယ်ပိုင်းနှင့် အခြားမြို့နယ်များသို့ ကုန်သွယ်လျက်ရှိပါသည်။

အထက်ဖော်ပြပါကုန်စည်စီးဆင်းမှုများ အားကောင်းလျက်ရှိသော်လည်း ငြိမ်းချမ်းရေး အပြည့်အဝမရှိသေးခြင်း၊ လမ်းပမ်းဆက်သွယ်ရေး အားနည်းနေခြင်း၊ ကုန်စည်ဒိုင်ကြီးများ မရှိသေးခြင်း၊ နယ်စပ်မှ တရားမဝင် ကုန်စည်စီးဆင်းမှုများ ရှိနေခြင်းအစရှိသည့် အားနည်းချက်များရှိနေပါသည်။

လျှပ်စစ်မီးရရှိရေး။ ကရင်ပြည်နယ်အတွင်း အဓိကဓာတ်အား ဖြန့်ဖြူးနေသော ဘားအံဓာတ်အားခွဲရုံရှိ မိန်းထရန်စဖော်မာ No -1, 66/11 KV (၅) အမ်ဗွီအေမှ (၁၀) အမ်ဗွီအေသို့ ၂၀၁၄ ခုနှစ်တွင် အင်အားတိုးမြှင့် လဲလှယ်တပ်ဆင်ပြီးဖြစ်၍ ဓာတ်အားစနစ်မှ ဘားအံမြို့၊ လှိုင်းဘွဲမြို့ နှင့် အလှမ်းမီသော ကျေးရွာများကို တိုးချဲ့ဆောင်ရွက်ပေး နိုင်ခဲ့ပါသည်။

ဘားအံမြို့၊ ၆၆/၁၁ ကေဗွီ (၂၀) အမ်ဗွီအေ ဘားအံစက်မှုဇုန် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီး၍ စက်မှုလုပ်ငန်းများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘားအံမြို့နယ်၊ 66/11 KV ဘုရားကုန်း (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံတိုးချဲ့ တည်ဆောက်ခဲ့ပါသည်။ ဇာသပြင်-အိန္ဒုလမ်းရှိ ကျေးရွာ များ၊ ဆဒ္ဒန်ဂူအဝင် လမ်းတလျောက် ကျေးရွာများ၊ သံလှယ်- ကျားကလေး လမ်းတလျောက် ရှိကျေးရွာများကို ဓာတ်အားပေးနိုင်ပြီး စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်သဖြင့် ဝင်ငွေများပိုမို ရရှိကာ ကျေးရွာနေ ပြည်သူတို့၏ လူနေမှုဘဝ မြှင့်မားလာရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သောက်သုံးရေရရှိရေး။ ကရင်ပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသများ သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ၊ ပြည်နယ်အစိုးရ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ၊ စည်ပင်သာယာရေးအဖွဲ့များရန်ပုံငွေ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO)၊ နိုင်ငံတကာအစိုးရမဟုတ်သော

အဖွဲ့အစည်း (INGOs) များ၏ အကူအညီများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါ သည် ။

ကရင်ပြည်နယ်အတွင်းရှိ မြို့ (၁၈) မြို့၊ (မြို့နယ် (၇) ခု၊ ယခင်မြို့နယ်ခွဲ (၉) ခု၊ သံတောင်မြို့၊ ကျုံဒိုးမြို့) အနက် ဘားအံ၊ သံတောင်ကြီး၊ သံတောင်၊ မြဝတီ၊ ဖာပွန်မြို့များတွင် စည်ပင်သာယာရေးအဖွဲ့များမှ ပိုက်လိုင်းစံနစ်ဖြင့် မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက် ရှိပါသည်။

မြဝတီရွှေပြည်၊ မို့သိုလ်လင်း ကုမ္ပဏီ တို့မှ BOT စနစ်ဖြင့် ရပ်ကွက်(၃၊ ၄၊ ၅) တို့ကို သောင်ရင်းမြစ် နှင့် လက်ခတ်တောင်ရေ အရင်းအမြစ်မှ ရေရယူပေးဝေလျက်ရှိပြီး ရာနှုန်းပြည့် လွှမ်းခြုံနိုင်ရန်အတွက် BOT စနစ်များဖြင့် တိုးချဲ့ ဆောင်ရွက်လျက်ရှိပါသည်။ ကြာအင်း ဆိပ်ကြီးမြို့ ရပ်ကွက်အလိုက် မြို့နေလူဦးရေ (၈,၄၀၀) ကျော်အတွက် ရေလုံလောက်မှု ရှိစေရန် Treatment Plant အစီအစဉ်ဖြင့် ဇမိမြစ်ရေတင်လုပ်ငန်း ဆောင်ရွက်လျက် ရှိပါသည်။

ဖာပွန်မြို့နှင့် သံတောင်ကြီးမြို့၊ သံတောင် မြို့၊ ကျိုက်ဒုံ၊ လှိုင်းဘွဲ့မြို့၊ ရှမ်းရွာသစ် ကမမောင်း၊ လိပ်သို့၊ ဘောဂလီ၊ ဝေါလေတို့တွင် ပြည်သူများအတွက် ချောင်းရေ၊ စိမ့်စမ်းရေသွယ် စနစ်ဖြင့် ရယူသုံးစွဲလျက် ရှိသော်လည်း သန့်ရှင်းသော သောက်သုံးရေ ရာနှုန်းပြည့် လွှမ်းခြုံ နိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

ကျေးလက်ရေပေးရေးလုပ်ငန်း။ ကရင်ပြည်နယ်အတွင်း ကျေးရွာ(၂,၀၆၃) ရွာ အနက် ကျေးရွာ (၆၂၅) ရွာ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍(၃၀.၃) ရာခိုင်နှုန်း ဆောင်ရွက် ပြီး ဖြစ်ပါသည်။ ဆက်လက်ဆောင်ရွက်ရန်လိုအပ်သော ကျေးရွာများကို Regional WASH Planning ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အချက်အလက်များ ကောက်ယူရေး အစီ အစဉ်အရ ကျေးရွာအချက်အလက်များ ကောက်ယူရေးကော်မတီ၊ မြို့နယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာ (၁၅၉) ရွာ၌ ရေပေးရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး။ ကရင်ပြည်နယ်အတွင်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အသားတင်စိုက်ပျိုးမြေ စုစုပေါင်းဧရိယာ (၁,၁၅၄,၈၅၄) ဧကရှိရာမှ (၃) နှစ်တာကာလ အတွင်း စိုက်ပျိုးမြေ (၁၇၅,၂၃၇) ဧက တိုးချဲ့ဖော်ထုတ် စိုက်ပျိုးနိုင်ခဲ့ပါသည်။ စနစ်ကျစက်မှု လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ဧက (၁,၁၀၀) ဖော်ထုတ် ဆောင်ရွက်ခဲ့ပါသည်။

ကရင်ပြည်နယ်အတွင်းရှိ လယ်သမားများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိုးသီးနှံ ချေးငွေ ကျပ် သန်း (၅,၈၈၀) ထုတ်ချေးပေးခဲ့ပါသည်။ အထူးအထွက်တိုး စပ်မျိုးစပါးပုလဲသွယ်

မျိုးစေ့ကို နေပြည်တော်မှ ဂယ်ယူစိုက်ပျိုးလျက်ရှိပြီး ဒေသရေမြေနှင့်ကိုက်ညီသည့် အထွက်ကောင်း စပါးမျိုးဖြစ်သော ဆင်းသုခစပါးမျိုး၊ မျိုးပွားစိုက်ပျိုးထုတ်လုပ်ခြင်းကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုး ထုတ်လုပ်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိုးစပါးမျိုးသန့်ဇုန် ၈က (၁,၂၀၀) ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် စွမ်းရည်မြင့်မားခြင်း လုပ်ငန်းများ အနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကရင်ပြည်နယ်အတွင်းရှိ စီမံကိန်းကျေးရွာများမှ စိုက်ပျိုးရေး တောင်သူ(၄၀)၊ မဲခေါင်သိပ္ပံ အစီအစဉ်ဖြင့် အစေ့ထုတ်ပြောင်း ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကို တောင်သူ (၂၃)ဦး၊ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု သင်တန်းကို ကရင်ပြည်နယ် အတွင်းရှိ ဌာနဆိုင်ရာ၊ လုပ်ငန်းရှင်နှင့် NGO စုစုပေါင်း (၂၅)ဦးတို့ကို စာတွေ့လက်တွေ့ သင်တန်းပို့ချပေးနိုင်ခဲ့ခြင်း၊ စွန့်ဦးတီထွင်စီးပွားရေး လုပ်ငန်းရှင်များ ပေါ်ပေါက်လာရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို နှစ်ကြိမ် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD)၏ ချေးငွေဖြင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံအရှေ့ခြမ်းပြည်နယ်များ (ရှမ်းပြည်နယ်/ ကရင်ပြည်နယ်) စိုက်ပျိုး-စီးပွားဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း (Eastern States Agribusiness Project; ESAP) အတွက် စီမံကိန်းရေးဆွဲရေးအဖွဲ့သည် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့အတွင်း စီမံကိန်း ဖြစ်မြောက်နိုင်ခြေရှိသော ရေဘုတ်ရေလှောင်တမံ၊ ဆည်ရေသောက် ဧရိယာများ၊ သံလွင်မြစ်နှင့် ဂျိုင်းမြစ်တို့၏ မြစ်ရေတင်ရေသောက် ဧရိယာများ၊ ရေကြီးရေနက်ကွင်းများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများသို့ ကွင်းဆင်း လေ့လာခဲ့ပါသည်။

အလုပ်အကိုင်ရရှိရေး။ အစီရင်ခံသည့် ကာလအထိ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်အရ စုစုပေါင်း (၂၂) ဌာနကို စာချုပ်ချုပ်ဆိုနိုင်ခဲ့ပါသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် တည်ရှိသော SKY PIONEER Co., Ltd နှင့် မြန်မာနိုင်ငံရှိ Star Poineer Co,.Ltd တွင် တရားဝင် သွားရောက် အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမား ကျား/မ (၁၀၀) စီဖြင့် စုစုပေါင်းအယောက် (၂၀၀) ကို အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ကို ဘားအံမြို့တွင် ချုပ်ဆိုခဲ့ပါသည်။

ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် ကုမ္ပဏီ (၆၂) ခုဖြင့် ဆောင်ရွက်နေပြီး ထိုင်းနိုင်ငံတွင် တရားမဝင် ရောက်ရှိနေသော အလုပ်သမားများကို တရားဝင်

ဖြစ်စေရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ စခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

အစိုးရဌာနများနှင့် ပုဂ္ဂလိက၊ သမဝါယမနှင့် စက်မှုလက်မှု စိုက်ပျိုးရေးနှင့် အခြား တစ်ပိုင်တစ်နိုင် လုပ်ငန်းများ ဆောင်ရွက်နေမှုကြောင့် ကရင်ပြည်နယ်အတွင်း အလုပ်အကိုင်များ ရရှိခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ကရင်ပြည်နယ်သည် နိုင်ငံခြားသား ခရီးသွား ဧည့်သည်များ လည်ပတ်လေ့ရှိသော ဘားအံဒေသ၊ မြဝတီဒေသ၊ ဘုရားသုံးဆူ ဒေသများတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါ သည်။

ပြည်နယ်အတွင်း ကမ္ဘာလှည့် နိုင်ငံခြားသားဧည့်သည်များ၊ ပြည်တွင်း ခရီးသွား ဧည့်သည်များ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီကို ဖွဲ့စည်း၍ဆောင်ရွက် ခဲ့ပါသည်။

ငြိမ်းချမ်းရေး ရရှိလာ၍ နယ်မြေအေးချမ်းသာယာလာသည်နှင့်အမျှ ပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားသားခရီးသည် (၄၃,၄၆၄) ဦးဝင်ရောက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၄၆,၉၆၄) ဦး ဝင်ရောက် လည်ပတ်ခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ် ဧည့်သည် ပိုမို ရရှိကာ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက် လာခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ (၆၄) လုံး ခရီးသွား လုပ်ငန်းကုမ္ပဏီ (၈) ခု ဖြင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ဒေသခံ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခဲ့ပါသည်။

ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။ ငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံပိုင်ဘဏ် နှင့် ဘဏ်ရုံးခွဲ (၁၃)ရုံး၊ ပုဂ္ဂလိကဘဏ်နှင့် ဘဏ်ရုံးခွဲ (၁၅) ရုံး၊ ငွေကြေးကုမ္ပဏီ (၁) ခု စုစုပေါင်း(၂၉) ရုံးထိ တိုးချဲ့ ဖွင့်လှစ်၍ ဆောင်ရွက်ခဲ့ပါသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းတွင် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGO)၊ သမဝါယမအသင်းဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းတို့ ပါဝင်ပူးပေါင်းဆောင်ရွက်လျက် ရှိပါ သည်။

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး။ ပြည်တွင်းပြည်ပဈေးကွက်၊ ဈေးနှုန်း၊ ဝယ်လိုအားအခြေအနေများကို သတင်းရယူဖြန့်ဝေခြင်း၊ ပို့ကုန်ဈေးကွက်ရရှိရေး သတင်း အချက်အလက်များ ရှာဖွေစုဆောင်း၍ ဖြန့်ဝေပေးခြင်း၊ ပို့ကုန်သီးနှံများ၏ ဈေးကွက်ဈေးနှုန်း ခိုင်မာရေးအတွက် သီးနှံဆိုင်ရာ သတင်းအချက်အလက်များကို သီးနှံ ဆိုင်ရာအဖွဲ့အစည်းများနှင့်

ပူးပေါင်းဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် လာစေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

သီးနှံအလိုက် တစ်ပိုင်တစ်နိုင် စနစ်မှစီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ များနှင့် ညှိနှိုင်းပြီးဇုန်များ၊ အစုအဖွဲ့များနှင့်ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One product) ဖြစ်ပေါ်လာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာထွက်ကုန်မှအပ အခြားပို့ကုန်များ တင်ပို့နိုင်ရေးအတွက် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းရှင်များ (SMEs) များနှင့် ချိတ်ဆက်၍ဆောင်ရွက် လျက်ရှိပါသည်။

တရားမဝင်ကုန်သွယ်မှု လျော့နည်းရေးနှင့် ပတ်သက်၍ Mobile Team များ ဖွဲ့စည်း စစ်ဆေးဆောင်ရွက်ခြင်း၊ ပညာပေးစည်းရုံးဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက် နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ဖြင့် တရားမဝင် ကုန်သွယ်မှုများလျော့နည်း ပပျောက်အောင် စီမံဆောင်ရွက်လျက် ရှိပါသည်။

စီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ထားရှိသည့် ဦးစားပေး အစီအစဉ်များအရလည်းကောင်း၊ စီးပွားရေးအဆောက်အအုံပြောင်းလဲရန် ဦးတည်ချက်များ အရလည်းကောင်း၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများအရ လည်းကောင်း ဆက်စပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်း စီမံကိန်းများ ကျပ် (၃၉,၅၂၀.၁) သန်း၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်း စီမံကိန်းများ ကျပ် (၄၇,၇၇၈.၃) သန်း၊ နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကျပ် (၈၆၅.၅) သန်း၊ နိုင်ငံခြား အကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ ကျပ် (၅,၃၄၃.၂) သန်း၊ ပုဂ္ဂလိကဆိုင်ရာ တည်ဆောက်မှုများ ကျပ် (၁၀၉,၀၆၄.၀) သန်း၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ် (၆၉၇.၀) သန်း၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး ရန်ပုံငွေကျပ် (၂,၂၃၆.၈) သန်း အသီးသီး ဆောင်ရွက်ခဲ့ပါသည်။

ချင်းပြည်နယ်



တည်နေရာ = မြောက်လတ္တီတွဒ် - (၂၀)ဒီဂရီ(၄၀)မိနစ် နှင့်(၂၄) ဒီဂရီ ၀၉ မိနစ် အကြား၊
အရှေ့လောင်ဂျီတွဒ်- (၉၂)ဒီဂရီ(၃၆)မိနစ် နှင့် (၉၄)ဒီဂရီ (၀၈) မိနစ်အကြား

အကျယ်အဝန်း = ၁၃,၉၀၆.၉၇ - စတုရန်းမိုင်ပေါင်း
၈,၉၀၀,၄၅၉ - ဧက

လူဦးရေ = ဦးရေ - ၄၈၀ (ထောင်)
(၂၀၁၄-၂၀၁၅)

မြို့တော် = ဟားခါးမြို့

ခရိုင် = (၃) ခရိုင်(ဟားခါး၊ ဖလမ်း၊ မင်းတပ်)

မြို့နယ် = (၉) မြို့နယ်

မြို့နယ်ခွဲ = (၄)မြို့နယ်ခွဲ

အဓိကစီးပွားရေး= စိုက်ပျိုးမွေးမြူခြင်း

ဆက်စပ်ဒေသ = အရှေ့ဘက် - စစ်ကိုင်းတိုင်းဒေသကြီး ၈၀.၄ မိုင်၊ မကွေးတိုင်းဒေသကြီး၊ ၁၆၅.၂ မိုင်
အနောက်ဘက်- အိန္ဒိယနိုင်ငံ ၁၇၃.၂ မိုင်
ဘင်္ဂလားဒေ့ရှ် ၄၆.၀ မိုင်
တောင်ဘက် - ရခိုင်ပြည်နယ် ၁၂၄.၀ မိုင်
မြောက်ဘက် - အိန္ဒိယနိုင်ငံ ၁၀၄.၀ မိုင်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၂၄၂,၄၇၀.၄) သန်းဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ (၂၆.၄) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ချင်းပြည်နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၂၃၄,၉၃၉.၆) သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၆.၉) ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ (၁၆.၃) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၁၂) ချင်းပြည်နယ်
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မြေယာအသုံးချမှု။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အသားတင်စိုက်ပျိုးမြေ(၁၉၈,၀၃၅) ဧက၊ ပလပ်ထားသည့်မြေ (၅,၇၄၁)ဧက၊ စိုက်ပျိုးနိုင်သောမြေရိုင်း (၃,၀၈၈,၉၂၁) ဧက၊ သစ်တောကြိုးဝိုင်း (၁,၄၅၆,၆၁၄)ဧက၊ အခြားသစ်တောမြေဧက (၁,၁၄၀,၇၁၀)၊ အခြားမြေ (၃,၀၁၀,၄၃၈) ဧက ရှိပါသည်။

လယ်ယာကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ လယ်ယာမြေဖော်ထုတ်ခြင်းကို စက်မှုလယ်ယာဦးစီးဌာနမှ ကုန်းမြင့်လယ်ယာ ဧက (၁၅၀) ဖော်ထုတ် ခဲ့ပါသည်။ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ (INGO) ကူညီပံ့ပိုးမှုဖြင့် လှေခါးထစ်လယ် (၆) ဧက နှင့် တောင်သူများက (၁၁၂.၈၁) ဧက ဖော်ထုတ်နိုင်ခဲ့ ပါသည်။

သားငါးကဏ္ဍ။ ကျွဲနို့၊ နွားနို့ နှင့် ကျွဲနွားထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ အသားထုတ်လုပ်မှုနှင့် ဥထုတ်လုပ်မှုများ တိုးတက်လာပြီး တိရစ္ဆာန်မွေးမြူမှုအနေဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးသို့ ပြောင်းလဲဆောင်ရွက်ရာတွင် နွားနောက် (၄,၉၅၁) ကောင်၊ ဝက် (၈,၀၇၅) ကောင်၊ ဆိတ် (၁,၄၅၄) ကောင်တို့ကို မွေးမြူနိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်နှင့် သဘာဝသစ်တော သယံဇာတများရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုကို ကန့်သတ်ဆောင်ရွက်လျက်ရှိပြီး သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာ ပယောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း၊ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုပါဝင်စိုက်ပျိုးသည့် လူထု ဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း စီးပွားဖြစ် ကျွန်းနှင့် ထင်းရှူးစိုက်ခင်း ဧက (၂၀၀)၊ ပုဂ္ဂလိက သစ်မာ စိုက်ခင်း ဧက (၁၅.၇)၊ ကျွန်း ဧက (၃၀) ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်း (၆၁၁) ဧက တည်ထောင်ဆောင်ရွက်ခဲ့ပါသည်။ မိုးရာသီ လူထုလှုပ်ရှားမှုဖြင့် (၁၆၀,၈၂၇) ပင် ဖြန့်ဝေစိုက်ပျိုးခဲ့ပါသည်။ ရွှေ့ပြောင်းတောင်ယာ ပယောက်ရေးအတွက် သီးနှံသစ်တော ရောနှော စိုက်ပျိုးစေခြင်း၊ စိုက်ပျိုးပညာပေးခြင်း၊ ပျိုးပင်များ ဖြန့်ဝေပေးခြင်း စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ လမ်းခင်းကျောက် ကျင်း (၇၆,၁၀၀)၊ ကျောက်စရစ် ကျင်း (၆၉,၆၀၀)၊ သဲ ကျင်း (၅၈,၆၀၀) ထုတ်လုပ်နိုင် ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ မှတ်ပုံတင်ထုတ်ပေးပြီးသည့် အသေးစားအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများမှာ စပျစ်ဝိုင်လုပ်ငန်း၊ မြင်းဆိုသစ်တောထွက်ပစ္စည်းလုပ်ငန်း၊ ပရိဘောဂနှင့် သစ်သီးစုံဖျော်ရည်လုပ်ငန်း၊ ဗျူတီလင်းဝိုင်လုပ်ငန်း၊လန်းဆန်းအောင် သစ်သီးစုံဝိုင်နှင့် ဖျော်ရည်လုပ်ငန်း၊ ရွှေမက်မန်းဝိုင်လုပ်ငန်း၊ ဆီကြိတ်လုပ်ငန်းနှင့် မုန့်ဖုတ်လုပ်ငန်းများ ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆန်ကြိတ်လုပ်ငန်း (၅၉)ခု၊ ဆီကြိတ် လုပ်ငန်း(၁)ခု၊ အမှုန့်ကြိတ်လုပ်ငန်း(၁၀)ခု၊ သံဂဟေလုပ်ငန်း(၅)ခု၊ ပရိဘောဂလုပ်ငန်း (၁)ခု၊ ကျောက်ခွဲစက်လုပ်ငန်း (၁)ခု၊ သံတံခါးလုပ်ငန်း (၁)ခု၊ မုန့်ဖုတ်လုပ်ငန်း (၁)ခု၊ လောင်စာတုံး မီးသွေးလုပ်ငန်း (၁)ခု၊ စုစုပေါင်းလုပ်ငန်း (၈၀) ခုသည် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ထုတ်လုပ်ဆောင်ရွက် ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင် အခန်းမှ ကီလိုဝပ်နာရီထောင်ပေါင်း (၉,၁၃၉)၊ သမဝါယမပိုင်အခန်းမှ ကီလိုဝပ်နာရီ ထောင်ပေါင်း (၈၇)၊ ပုဂ္ဂလိကပိုင်အခန်းမှ ကီလိုဝပ်နာရီထောင်ပေါင်း (၅,၂၆၈) ထုတ်လုပ် နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ လမ်းပန်းဆက်သွယ်ရေးနှင့် ကူးသန်းသွားလာရေးတိုးတက်ကောင်းမွန်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ သိုင်းငင် - တီးတိန် - ရိဒ်လမ်း၊ ပခုက္ကူ - ပေါက် - ကျောက်ထု - မင်းတပ်လမ်း၊ ဂန့်ဂေါ - အိုက်ကားလမ်း၊ ကျောက်တော် - ပလက်ဝလမ်း၊ ဟားခါး - မတူပီလမ်း၊ ဟားခါး - ထန်တလန် - ဆာဆီချောက်လမ်း၊ တီးတိန် - တွန်းဇန် - ကျီခါးလမ်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်နယ်ဘတ်ဂျက်ဖြင့် မတူပီ-ပလက်ဝလမ်း၊ ဟားခါး-မတူပီလမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ တီးတိန်-တွန်းဇန်-ကျီခါးလမ်း၊ ထန်တလန်-နှာရိန်-ရေရွာ-မတူပီလမ်း၊ ထန်တလန်-လုံလဲလမ်း၊ ဖလမ်း-ရိဒ်လမ်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း၊ ဖို့ရွိက်-ထုတ်လိုင် လမ်း၊ ဖလမ်းမြို့ရှောင်ကွင်းလမ်း၊ တီးတိန်မြို့တွင်းလမ်း၊ ဟားခါးမြို့တွင်း(မြို့ပတ်)လမ်း၊ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း၊ လောင်းရှည်-ကျင်ဒွေးလမ်း၊ ရှာတလိုင်း-လိုတောလမ်း၊ မင်းတပ်မြို့တွင်းပတ်လမ်း၊ မတူပီမြို့တွင်းလမ်း၊ ကန်ပက်လက် မြို့တွင်းလမ်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဌာနဆိုင်ရာများက ရုံး၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ကျေးလက်ဒေသနှင့်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းတံတားလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာနှင့် ကျေးလက်အိမ်သာဆောက်လုပ်ခြင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းတံတားလုပ်ငန်းနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက် ပေးခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပို့ဆောင်ရေးကဏ္ဍတွင် သမဝါယမပိုင်အခန်းမှ ခရီးသည်ပို့ဆောင်မှုတွင် ခရီးသည်မိုင် (၂၂၈) (ထောင်)နှင့် ကုန်စည်ပို့ဆောင်မှုတွင် မ/တန် (ထောင်) (၁၃၀) ကို ပို့ဆောင် ပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ ခရီးသည်နှင့် ကုန်စည်တို့ကိုလည်း ပိုမို ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် တယ်လီဖုန်း တိုးချဲ့တပ်ဆင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကုန်အထိ တယ်လီဖုန်းအမျိုးမျိုး တိုးချဲ့တပ်ဆင်ပေးနိုင်မှုအနေဖြင့် အော်တိုတယ်လီဖုန်း (၄၈)လုံး၊ GSM Mobile ဖုန်း (၆,၆၅၃) လုံး၊ WCDMA Mobile ဖုန်းအလုံး (၃၅,၆၈၀) တို့ကို တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်များနှင့် ဟားခါးမြို့ရှိ သမဝါယမဘဏ်လီမိတက်တို့မှ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ ပညာရေးတွင် အခြေခံပညာ အထက်တန်း(၄)ကျောင်း၊ အထက်တန်းကျောင်းခွဲ (၁၁)ကျောင်း၊ အလယ်တန်းကျောင်းခွဲ (၅၆) ကျောင်း၊ မူလတန်း (၂၅) ကျောင်း၊ မူလတန်းကျောင်းခွဲ (၃၈) ကျောင်း၊ မူလတန်းလွန်ကျောင်း (၁၆) ကျောင်း၊ စုစုပေါင်း (၁၆၁) ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ကျေးလက်ကျန်းမာရေး (၁) ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၄) ခု အသစ် တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတို့၏ ဆေးဝါးလိုအပ်ချက်နှင့် ဆေးပစ္စည်းကိရိယာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ငွေပဒေသာပင် စိုက်ထူထားရှိမှု ပမာဏမှာ ကျပ် (၁၆၃.၉၉၅) သန်း ရှိပြီး မြို့နယ်ခွဲ/ တိုက်နယ်ဆေးရုံများ၏ ငွေပဒေသာပင် စိုက်ထူထားရှိမှု ပမာဏမှာ ကျပ် (၂၃.၅၀၁) သန်း ရှိပါသည်။

ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ နိုင်ငံပိုင်အခန်း အနေဖြင့်မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းအိမ်ရာဌာနရမ်းခဝင်ငွေများ၊ သမဝါယမပိုင် အခန်းမှ သတင်းစာကိုယ်စားလှယ်လုပ်ငန်းမှဝင်ငွေများ၊ ပုဂ္ဂလိကပိုင်အခန်းမှ စားသောက်ဆိုင်လုပ်ငန်း၊ အိမ်ဌားလုပ်ငန်းနှင့် တည်းခိုခန်းလုပ်ငန်းများ၏ဝင်ငွေတိုးတက် ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး -ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများဖြင့် ဒေသ တွင်းကုန်စည်များဖြန့်ဖြူးပေးခဲ့ပါသည်။ ပြည်မမှ ကုန်စည်များကို ချင်းပြည်နယ်ရှိ ရိခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ် လျက်ရှိသော်လည်း မိုးရာသီသွားလာရေး ခက်ခဲသဖြင့် နယ်စပ်ကုန်သွယ်ရေး ကုန်စည် စီးဆင်းမှုကြန့်ကြာပြီး ဖွံ့ဖြိုးမှုအားနည်းကြောင်း တွေ့ရှိရပါသည်။ ထန်တလန်မြို့နယ် ဘုံတလန်ကျေးရွာအနီးတွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

လျှပ်စစ်မီးရရှိရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျာ-ဂန့်ဂေါ-ဟားခါး (၆၆) ကေဗွီဓာတ်အားလိုင်း (၅၇)မိုင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်မီးလင်းရေးအတွက် ကျေးရွာ (၆၂) ရွာ အသစ်ထပ်မံ မီးလင်းစေနိုင်ခဲ့ပါသည်။ ကျေးရွာများ မီးလင်းရေး ဆောင်ရွက်ရာ တွင် မီးလင်းပြီး ကျေးရွာပေါင်း (၄၈၃) ရွာ ရှိပါသည်။

သောက်သုံးရေရရှိရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ သောက်သုံး ရေ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၅၉) ရွာ၊ စည်ပင် သာယာရေး အဖွဲ့မှ (၅၅) ရွာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ (၁၁) ရွာ၊ ယူနီဆက်ဖ်မှ (၄) ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဟားခါးမြို့ရေပေးဝေရေးလုပ်ငန်းစီမံကိန်းကို ဆောင်ရွက် လျက် ရှိပါသည်။

စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး။ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ အဓိကဖြစ်သည့် စိုက်ပျိုးရေးတိုးတက် ကောင်းမွန်ရေးအတွက် မူလရှိပြီး ဆည်မြောင်း တာတမံများကိုပြင်ဆင်ထိန်းသိမ်း၍ လျှုပ်တိတ်ဆည်များနှင့် ရေသွယ်မြောင်းများ တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေ ပိုမိုရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ စိုက်ပျိုးရေသွယ်မြောင်း လုပ်ငန်းကို ကျေးရွာ (၁၅) ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အလုပ်အကိုင်ရရှိရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဌာနဆိုင်ရာ အဖွဲ့အစည်း (၃၀) မှ ဝန်ထမ်းအသစ် (၇၇၂) ဦး ခေါ်ယူ ခန့်ထားနိုင်ခဲ့ ပါသည်။ ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ဖြစ်သည့် လမ်းတံတားတည်ဆောက်ခြင်း၊ ရေပေးရေးလုပ်ငန်းများနှင့် အခြားတည်ဆောက် ရေးလုပ်ငန်း များတွင်လည်း အလုပ်အကိုင်များ ရရှိခံစားလျက် ရှိပါသည်။ စက်မှုဇုန် တည်ဆောက်ရန်အတွက် ဟားခါးမြို့၊ မြို့သစ်ရပ်ကွက်၊ ဟားခါး-ထန်တလန် ကားလမ်းဘေး (၃၄.၅) ဧက လျာထား သတ်မှတ်ပါသည်။ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းတူ အစုအဖွဲ့များ ဖွဲ့စည်းပေးပြီး အစုအဖွဲ့များ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီး ဌာနတွင် SME Agency ရုံးခွဲ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။ ပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းရှင်များ လိုအပ်သည့် ချေးငွေများကို ထုတ်ချေးနိုင်ရေး စီစစ်ဆောင် ရွက်ပေးလျက် ရှိပါသည်။

ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဟားခါးမြို့၌ သမဝါယမဘဏ်လီမိတက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ သမဝါယမဦးစီးဌာနသည် မြို့နယ်(၉) မြို့နယ်မှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သော သမဝါယမအသင်း (၁၀၉) သင်းသို့ တရုတ်နိုင်ငံ (Exim Bank) ချေးငွေဖြင့် ကျပ် (၅၂၂.၂၄၈) သန်း ထုတ်ချေးပေးခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဟားခါးမြို့မှ (၂) မိုင် အကွာ ဟားခါး-ထန်တလန်ကားလမ်းဘေး သီးမစ်အရပ် (၅) ဧက တွင် ဟိုတယ်ဆောက်လုပ်မည် ဖြစ်ပါသည်။ ကန်ပက်လက်မြို့နယ်၊ မြို့ဟောင်းရပ်တွင် ဟိုတယ်ဇုန်အတွက် (၄၆.၇၁) ဧက လျာထားပြီး လက်ရှိ ဟိုတယ်(၃)ခု ဆောက်လုပ် ထားရှိပြီး

ဖြစ်ပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင် (၂) ဦးနှင့် ကုမ္ပဏီ (၃) ခု တို့သည် ဟိုတယ်ဆောက်လုပ်ရန် ခွင့်ပြုချက် ရရှိပြီး ဖြစ်ပါသည်။

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး။ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် တိုးတက်ကောင်းမွန်သည့် အခြေခံ အဆောက်အဦများ တည်ဆောက်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းနယ်ပယ်အလိုက် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအသင်းအဖွဲ့များ ပိုမိုအားကောင်း ခိုင်မာလာအောင် အားပေးမြှင့်တင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းဝယ်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊ လက်ကားဈေးကွက်နှင့် ကုန်စည်ဒိုင်ဈေးကွက်များ ပိုမိုဖွံ့ဖြိုးလာအောင် အားပေးခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ရေးကို စီစဉ် ဆောင်ရွက်လျက် ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး



တည်နေရာ	=	မြောက်လတ္တီတွဒ်- ၂၁ဒီဂရီ ၃၅မိနစ် မှ ၂၇ဒီဂရီ ၂၂ မိနစ်၊ ရှေ့လောင်ဂျီတွဒ်- ၉၄ဒီဂရီ၀ မိနစ် မှ ၉၇ဒီဂရီ ၀၈မိနစ်၊
အကျယ်အဝန်း	=	၃၆,၁၇၈.၇၂ စတုရန်းမိုင် ၂,၃၁၅,၄၃၈၂ကေ
လူဦးရေ	=	ဦးရေ – (၅,၃၄၆) (ထောင်) (၂၀၁၄-၂၀၁၅)
မြို့တော်	=	မုံရွာမြို့
ထူးခြားမှတ်သား	=	ကောင်းမှုတော်စေတီ
ခရိုင်	=	(၉) ခရိုင်
မြို့နယ်	=	(၃၇) မြို့နယ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ	=	(၁) ခု (နာဂဒေသ)
မြို့နယ်ခွဲ	=	(၇) ခု
ကျေးရွာအုပ်စု	=	(၁,၇၆၁) အုပ်စု
ကျေးရွာ	=	(၆,၀၀၄) ရွာ
အဓိကစီးပွားရေး	=	လယ်ယာကဏ္ဍ
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့တောင်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်၊တောင်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ချင်းပြည်နယ်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၇,၂၃၂,၂၅၅.၇) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ (၉.၆) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှုန့်ဝန်ဆောင်မှုတန်ဖိုးနှုန့် တိုးတက်မှုနှုန်း



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှုန့် ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်အထိ **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၇,၄၃၀,၅၅၂.၈) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၁၀၂.၇) ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ (၁၁.၃) ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

ပုံ(၇-၁၅) စစ်ကိုင်းတိုင်းဒေသကြီး
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဖျေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ လယ်ယာကဏ္ဍ တွင် တောင်သူအစီအစဉ်ဖြင့် ပလပ်မြေမှ (၂၉,၅၅၁) ဧက၊ မြေရိုင်းမှ (၃,၄၉၁) ဧက၊ တောရိုင်းမြေမှ (၉,၀၉၃) ဧက၊ စုစုပေါင်း (၄၂,၁၃၉) ဧက ဖော်ထုတ် စိုက်ပျိုးနိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက (၉,၉၈၄,၅၉၅) ဧက စိုက်ပျိုး နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ချည်မျှင်ရှည်ဝါသီးနှံဖြစ်သည့် ငွေချည် ၆ အမျိုးအစားကို (၇၄,၉၃၈) ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ငွေချည် ၆ အမျိုးအစား သီးနှံသည် ဈေးကွက်ဝင်ခြင်း၊ တောင်သူများ ပြုစုစောင့်ရှောက်မှုကောင်းပါက အထွက်တိုးခြင်း တို့ကြောင့် ပိုမို စိုက်ပျိုးခြင်းဖြစ်ပါသည်။ ပဲကြီးသီးနှံသည် ဈေးကွက်ဝင်ခြင်းကြောင့် ပိုမို စိုက်ပျိုးကြ၍ ယခင်နှစ်အလားတူကာလထက် (၃၄,၂၅၈) တင်း ပိုမို ထွက်ရှိခဲ့ပါသည်။ စက်မှုလယ်ယာဦးစီး ဌာနမှ မတ်လကုန်အထိ ဧကအလွှာ (၅၄,၉၆၄) ထွန်ယက်ပေးနိုင်ခဲ့ပါသည်။ လယ်ယာ

ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်လယ်ယာ စံပြကွက်များ စိုက်ပျိုးခဲ့ရာ နွေစပါး (၃၃၃) ဧက စိုက်ပျိုးခဲ့ပါသည်။

သီးနှံစုစုစိုက်ဧရိယာ (၉၉.၁) ဧကသိန်း စိုက်ပျိုးရန် ရည်မှန်းခဲ့ရာ (၉၉.၈) ဧကသိန်း စိုက်ပျိုးနိုင်ခဲ့သဖြင့် ရည်မှန်းချက်ထက် (၀.၇) ဧကသိန်း တိုးတက်ခဲ့ပါသည်။ ယင်းသို့ တိုးတက်ခဲ့ရာတွင် မိုးစပါး (၂၁,၂၀၇) ဧက၊ အစေ့ထုတ်ပြောင်း (၄,၇၈၂) ဧက၊ ဖူးစားပြောင်း (၃,၄၅၅) ဧက၊ ဝါ (၁၀,၆၇၇) ဧက စသည်တို့တိုးတက်ခဲ့ပါသည်။

စပါးမျိုးကွဲလျှော့ချရေးအတွက် ဇုန်အလိုက်သတ်မှတ် စိုက်ပျိုးရေးဆောင်ရွက်ခြင်း၊ စစ်ကိုင်း၊ မုံရွာခရိုင် တို့သည် ဝမ်းစာဖူလုံမှုမရှိသည့်ဧရိယာ ဖြစ်သဖြင့် အထူးအထွက်တိုး စပ်မျိုးစေ့ ထုတ်လုပ်ခြင်းမှ ရရှိမည့် F1 မျိုးစေ့များ စိုက်ပျိုးခြင်းဖြင့် တစ်ဧက အထွက်နှုန်း တိုးတက်လာစေခြင်း၊ ရွှေဘိုခရိုင်တွင် အရည်အသွေးကောင်းပြီး ဈေးကွက်ဝင်သည့် ရွှေဘို ပေါ်ဆန်းစပါးမျိုးများ တိုးတက် စိုက်ပျိုးခဲ့ပါသည်။

စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားရန်နှင့် (၂၈) ဧက စပ်မျိုးစပါး မျိုးစေ့ထုတ်ရန် စိုက်ပျိုးခဲ့ပြီး၊ ထွက်ရှိလာသော စပ်မျိုးစပါးအား မိုးစပါး (၁,၇၀၅) ဧက စိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေဆင်း (၁) စပ်မျိုးနေကြာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၇၉) ဧက မျိုးစေ့ ထုတ်ရန် စိုက်ပျိုးခဲ့ပြီး၊ ထွက်ရှိလာသော စပ်မျိုးနေကြာကို မိုးရာသီ၌ (၁,၂၆၃) ဧက၊ ဆောင်းရာသီ၌ (၁၄,၀၄၈) ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍ။ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူသူများအား အရင်းအနှီး ရရှိစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆင်းရဲမှု လျှော့ချရေး ရန်ပုံငွေမှ သိုး၊ ဆိတ်၊ ဝက်၊ ကြက် ချေးငွေများ ထုတ်ချေး ပံ့ပိုးလျက်ရှိပါသည်။ နို့ထုတ်လုပ်မှု တိုးတက် စေရေးအတွက် နို့စားနွား မွေးမြူရေးဇုန်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကြက်မွေးမြူရေးဇုန် (၇) ဇုန် နှင့် နွား မွေးမြူရေးဇုန် (၁) ဇုန်တို့တွင် မွေးမြူရေးကောင်များ တိုးပွားလျက် သားငါးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်လျက် ရှိပါသည်။

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်၊ မြို့နယ်အလိုက် ဆိတ်၊ ဥစားကြက်၊ အသားစားကြက် တိုးချဲ့မွေးမြူနိုင်ရန် လိုအပ်သည့် အရင်းအနှီးငွေ ထုတ်ချေး ဆောင်ရွက်လျက် ရှိပါသည်။ ယခုနှစ်တွင် ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ဝက် နှင့် ကြက် မွေးမြူသူ (၄၂)ဦးတွင် ကျပ် (၂၂၄) သိန်း ထုတ်ချေးပြီးဖြစ်ပါသည်။ ပညာပေး ဟောပြောမှု အနေဖြင့် ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ မွေးမြူရေးပညာပေးဟောပြော ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် (၅၃၀) ကြိမ် ဟောပြော ဆောင်ရွက်နိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ စုစုပေါင်း ငါးပိသာချိန် (၇၄၃.၉၃) သိန်း ရည်မှန်းထားရာ ယခုနှစ်တွင် ပိသာချိန် (၇၇၄.၃၅) သိန်း ထုတ်လုပ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ငါးမွေးမြူသူများအနေဖြင့် မွေးမြူရေးအသိပညာများ တိုးတက်လာ၍ မျိုးကောင်း မျိုးသန့် ငါးသားပေါက်များ မွေးမြူလာခြင်း၊ အစာကျွေးနည်းစနစ်များ မှန်ကန်လာခြင်းတို့ကြောင့် ဆောင်ရွက်မှုများ တိုးတက်လာခြင်း ဖြစ်ပါသည်။ ငါးကန်အရေအတွက် (၁၄၅၃) ကန်ရှိပြီး ငါးမွေးကန် ဧရိယာ (၆,၀၂၃.၃၄၂) ဧကဖြင့် ငါးများ မွေးမြူဆောင်ရွက် လျက်ရှိပါသည်။

သစ်တောကဏ္ဍ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းဧရိယာမှာ တိုင်းဒေသကြီးဧရိယာ၏ (၅၇.၆၃) ရာခိုင်နှုန်းရှိပါသည်။သစ်တောကြိုးဝိုင်းဧရိယာ (၅,၉၁၆,၁၅၃.၁၆) ဧကနှင့် ကြိုးပြင်ကာကွယ်တော (၁,၃၈၄,၀၇၆.၀၃) ဧက ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သဘာဝတောထိန်းသိမ်းခြင်း ဧက (၁၀,၀၀၀)၊ထင်းအစား အခြားလောင်စာသုံးစွဲခြင်း (၂,၂၈၁,၅၈၇)တုံး၊ စိုက်ခင်း တည်ထောင်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ ပုဂ္ဂလိကပိုင် ရေနံစိမ်းထုတ်လုပ်မှုအနေဖြင့် ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ခင်အေးမော်၊ ဓနအောင်၊ ရွှေအုပ်စုကုမ္ပဏီမှ ရေနံတွင်း (၃၂၀)၊ ကနီမြို့နယ်၊ ခုံကြီးကျေးရွာ၊ မြောင်းကုန်းမော် ရွှေကံပွင့် ကုမ္ပဏီမှ ရေနံတွင်း (၁၆၀)၊ ကျွန်းလှမြို့နယ်၊ မော်ကယ်မော်နှင့် နောင်ကောက်မော်တို့မှ ရေနံတွင်း (၂,၂၄၂) တွင်း၊ ကလေးမြို့နယ်တွင် လုံးဖုံး၊ ကိုင်းချောင်း၊ ကျောက်အုပ်၊ မိုးကောင်းရေနံမော်၊ ကလေးဝမြို့နယ်တို့တွင် ချောင်းကျင်၊ ကျောက်အုံဒေသတို့မှ ရေနံတွင်း (၂၀၆) တွင်း တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူဖက်စပ် တူးဖော်လုပ်ကိုင်နေသော အကြီးစားရွှေဖက်စပ် လုပ်ငန်းကုမ္ပဏီ(၁)ခု၊ အသေးစားရွှေဖက်စပ်လုပ်ငန်း ကုမ္ပဏီ(၁၀)ခုတို့ ဖြင့် ထုတ်လုပ်လျက် ရှိပါသည်။ ကျောက်မီးသွေးထုတ်လုပ်မှု များကို ကုမ္ပဏီ (၁၅) ခုတို့ဖြင့် ထုတ်လုပ် လျက်ရှိပါသည်။

စက်မှုလက်မှုကဏ္ဍ။ စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်ကိုင်းစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန်နှင့် ကလေးစက်မှုဇုန်တို့အပါအဝင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း (၄,၁၅၄) ခု၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် (၅၂,၀၄၂.၀၁၇) သန်းဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။ စစ်ကိုင်းစက်မှုဇုန်တွင် သစ်ခွဲသား အမျိုးမျိုးနှင့် သစ်အခြေခံ တန်ဖိုးမြှင့် ပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီများမှ ထုတ်လုပ်မှုများ၊ ဦးမောင်ကိုသစ်စက်၊ ဟုန်ပန်း အီလက်ထရောနစ်

အင်ဒက်စထရီကုမ္ပဏီ၏ လျှပ်စစ်ဝါယာကြိုးခွေ အမျိုးမျိုးထုတ်လုပ်မှု၊ ကလေးစက်မှုဇုန်တွင် ဦးစိုးစိုးမြင့် သွပ်ပြားထုတ်လုပ်မှု၊ မုံရွာစက်မှုဇုန်တွင် ရှန်တက်ဆန်စက်၊ ဇဝန ပဲခွဲစက်များ၊ စိုး၊ အောင်ဇမ္ဘူဟိန်း၊ မြဝင်း၊ ရွှေစွန်ညို၊ ရွှေခြူး၊ ဦးခင်မောင်ညိုစသည့် လုပ်ငန်းများ၏ စောင်နှင့် အဝတ်စကြိတ် လုပ်ငန်းများ လုပ်ကိုင်ခြင်း ကြောင့် စက်မှုလက်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

SME ချေးငွေကိစ္စနှင့် ပတ်သက်၍ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အတွက်ချေးငွေလျှောက်ထားသူ (၁၀၇) ဦးအနက်မှ လုပ်ငန်းရှင် (၂၇) ဦး ကို အသေးစား အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ကျပ်သန်း (၉၄၀) နှင့် ဇေယျာပဒေသာ ဖောင်ဒေးရှင်းမှ ကျောက်ပုတီးလုပ်ငန်း၊ အိုးလုပ်ငန်း၊ ကြိမ်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ယက္ကန်းလုပ်ငန်း၊ ချွေလှေစက်ထုတ်လုပ်ငန်းနှင့် ဂျုံရိုးဦးထုပ်လုပ်ငန်းများအတွက် ကျပ်(၈၀.၀၅) သန်း ထုတ်ချေးခဲ့ပြီး ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်စေရေး၊ ဓာတ်အား စနစ်ကောင်းမွန်ရေးအတွက် ၃၃ကေဗွီ ဓာတ်အား လိုင်းအသစ် တည်ဆောက်ခြင်း (၁၉.၈)မိုင်၊ ၁၁ကေဗွီဓာတ်အားလိုင်းအသစ် တည်ဆောက်ခြင်း (၁၃.၆၂)မိုင်၊ ၄၀၀ဗို့ ဓာတ် အားလိုင်း အသစ်တည်ဆောက်ခြင်း (၁၂.၂၀၂) မိုင်၊ ၃၃/၁၁ကေဗွီအေ ခွဲရုံ ၄ရုံ (၂၀အမ်ဗွီအေ) တည်ဆောက်ခြင်း၊ ၁၁/၀.၄ ကေဗွီအေခွဲရုံ (၉) ရုံ (၁.၇၃အမ်ဗွီအေ) တည်ဆောက်ခြင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်းမှ ဆွေးမြေ့ သစ်သားတိုင် (၈၆) တိုင်အား ကွန်ကရစ်တိုင်ဖြင့် အစားထိုး လဲလှယ်ခြင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်းမှ ဆွေးမြေ့ သစ်သားတိုင် (၄၄၄) တိုင်အား ကွန်ကရစ် တိုင်ဖြင့် အစားထိုး လဲလှယ်ခြင်း၊ ဗို့ ၄၀၀ ဓာတ်အားလိုင်း မှ ဆွေးမြေ့သစ်သား (၆၂၈) တိုင်ကို ကွန်ကရစ်တိုင်ဖြင့် အစားထိုး လဲလှယ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဆောက်လုပ်ရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြေကြီးတာဘောင် ချ/တင်ခြင်း၊ သဲကျောက်/ မြေနီ ဂျင်းကျောက်ခင်း ကြိတ်ခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ ကတ္တရာလမ်း သစ်ခင်းခြင်း၊ ကတ္တရာလမ်းချုံခြင်း၊ ကွန်ကရစ် တံတား တည်ဆောက်ခြင်း၊ ကွန်ကရစ်လမ်း ခင်းခြင်း၊ Box Culvert တည်ဆောက်ခြင်း၊ တံတားချဉ်းကပ်လမ်း ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများ ရာခိုင်နှုန်း ပြည့် ပြီးစီးခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိတွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ထီးချိုင့်-မြတောင်လမ်း (၈ရာဝတီမြစ်ကူးတံတား) တည်ဆောက် ခြင်းလုပ်ငန်းမှာ (၆၈) ရာခိုင်နှုန်း ပြီးစီးခဲ့ပါသည်။ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း ပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက် ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ မှတ်ပုံတင်ထား သော ယာဉ်စီးရေစာရင်းမှာ ယခင်နှစ်ထက်များလာပြီး၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ ယခင်က အသင်းအဖွဲ့ပေါင်း (၅၈)သင်းနှင့် ပြေးဆွဲရာမှ ယခုအခါတွင် All Star (မုံရွာ-မန္တလေး-ပြင်ဦးလွင်)၊ ဟိန်းစတား (မုံရွာ-နေပြည်တော်)၊ K Power (မုံရွာ-မန္တလေး-ပြင်ဦးလွင်)၊ ငွေစန္ဒာ(မုံရွာ-နေပြည်တော်) နှင့် ရွှေရင်ခွင်(မုံရွာ-တမူး) စသည့်ယာဉ်လိုင်းများ တိုးချဲ့လာပါ သည်။ ပဂ္ဂလိက ပို့ဆောင်ရေးတွင် လူစီး (၆,၇၃၄) စီး၊ ကုန်တင်(ဝန်ပေါ့) (၃,၃၇၆) စီး၊ ကုန်တင်(ဝန်လေး) (၄,၀၀၇) စီး၊ ခရီးသည်တင် (၁,၇၆၂)စီး၊ အခြား (၁,၃၄၉) စီး၊ သုံးဘီး (၄,၉၈၃)စီးနှင့် ထော်လာဂျီ (၁,၀၆၅) စီးတို့ဖြင့် သယ်ယူပို့ဆောင် ပေးနိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်းမှ ဖုန်းလုံးရေ (၄၅၆,၂၁၄) လုံး ရောင်းချ ပေးနိုင်ခဲ့ပါသည်။ ဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံပိုင်ဆက်သွယ်ရေးလုပ်ငန်းအပြင် ပဂ္ဂလိကပိုင် ဆက်သွယ်ရေး လုပ်ငန်းများပါ တိုးချဲ့ လုပ်ကိုင်လာကြပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ ပဂ္ဂလိက ဘဏ်ခွဲ ပေါင်း (၁၆)ခု တိုးတက်ဖွင့်လှစ်ခဲ့ပါသည်။ အာမခံကုမ္ပဏီအနေဖြင့် ကမ္ဘောဇ အာမခံ လုပ်ငန်းမှ မုံရွာမြို့၌ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ မိုးရာသီ ချေးငွေအတွက် ကျပ် (၁၃၀,၁၂၅.၈၈) သန်း၊ ဆောင်းရာသီချေးငွေအတွက် ကျပ် (၂၂,၂၂၆.၇၀) သန်း၊ မိုးကြိုု ချက်ကြိုထုတ်ချေးငွေအတွက် ကျပ် (၅,၇၂၁) သန်း၊ စုစုပေါင်းကျပ် (၁၅၈,၀၇၃.၅၈) သန်း ထုတ်ချေးပေးခဲ့ပါသည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။ ပညာရေးတွင်မုံရွာစီးပွားရေးတက္ကသိုလ်၌ ပြည်သူ့ ရေးရာစီမံခန့်ခွဲမှု မဟာသင်တန်း (MPA)၊ စီးပွားရေးစီမံခန့်ခွဲမှုမဟာသင်တန်း (MBA) တို့ကို ဖွင့်လှစ်ပို့ချလျက် ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ လွတ်တော်တွင် တင်ပြ ထားသော ကျောင်း (၄၅) ကျောင်း၊ အန္တရာယ်ကျောင်းဆောင်များ ဖျက်သိမ်းဆောက်လုပ်ခြင်း (၈၈) ကျောင်း၊ ကျောင်းသား ဦးရေအရ စာသင်ခန်းလိုအပ်၍ တိုးချဲ့အသစ် ဆောက်လုပ်ခြင်း (၁၆) ကျောင်း၊ ဥပဓိရုပ် မကောင်းသော ကျောင်းဆောင် ဆောက်လုပ်ခြင်း (၂၃) ဆောင် စသည့် လုပ်ငန်းများကို ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ကျန်းမာရေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ကျန်းမာရေးဦးစီး ဌာန အနေဖြင့် လုပ်ငန်းသစ် (၁၄၆) ခုတွင် ကျေးလက်ကျန်းမာရေးဌာန (၁) ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ (၆) ခု၊ မြို့နယ်ဆေးရုံ မြေထိန်းနံရံ နှင့် ရင်ခွဲရုံ (၁) ရုံ၊ ဝန်ထမ်းအိမ်ရာ (၁) ခု၊ မြို့နယ်ဆေးရုံတိုးချဲ့ဆောင် နှင့် ဝန်ထမ်းအိမ်ရာ (၁) ခု၊ စုစုပေါင်းလုပ်ငန်း (၁၀) ခု၊ ဖြည့်စွက်

လုပ်ငန်း (၂၂) ခုတွင် (၁၉) ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း (၂၃) ရာနှုန်းပြည့် အသီးသီး ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ကုန်စည်ဒိုင်များ တိုးတက်အောင်မြင်ရေးအတွက် စိုက်ပျိုးထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများအပေါ် စိုက်ပျိုးသူ၊ ရောင်းဝယ်သူများ အကျိုးအမြတ် မျှမျှတတ ရရှိစေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်စေရေး၊ အရည်အသွေးနှင့် အချိန်အတွယ်များမှန်ကန်စေရေးအတွက် စစ်ကိုင်းတိုင်း ဒေသကြီးရှိ မြို့နယ်အသီးသီးတွင် စိုက်ပျိုးထုတ်လုပ်သော ဒေသထွက်ကုန်များ စုပေါင်း ရောင်းချနိုင်သော ကုန်စည်ဒိုင် (၃) ဒိုင်ကို ဖွင့်လှစ်ပြီး ဖြစ်ပါ သည်။

လျှပ်စစ်မီးရရှိရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ ဓာတ်အားစနစ်ဖြင့် မီးလင်းပြီး ကျေးရွာပေါင်း (၁၃၆) ရွာ၊ ဆိုလာစနစ်ဖြင့် (၅၄၃) ရွာ၊ ရေအား (အသေးစား)စနစ်ဖြင့် (၈) ရွာ၊ စုစုပေါင်း (၆၈၇) ရွာ မီးလင်းပြီး ဖြစ်ပါသည်။

ပင်မဓာတ်အားစနစ်ဖြင့် သက်ဆိုင်သော မြို့များတွင် ဓာတ်အားလိုင်း တည်ဆောက် ခြင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပင်မဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသော အရပ်ဒေသများတွင် လျှပ်စစ်ဓာတ်အားကို အသေးစား အရင်းအမြစ်များမှ အခြေခံရယူ၍ ဒေသခံများ၏ ပါဝင်နိုင်မှု၊ ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုများဖြင့်ဆောင်ရွက်လျက် ရှိပါသည်။

သောက်သုံးရေရရှိရေး။ စည်ပင်သာယာရေးအဖွဲ့များမှ ကျေးလက်ဒေသကျေးလက်ရေပေးရေးလုပ်ငန်းတွင် တွင်းတိမ် (၆) တွင်း၊ တွင်းနက် (၄၄) တွင်း၊ ရေကန် (၂၁) ကန်၊ လက်တူးတွင်း (၂၂) တွင်း၊ စိမ့်စမ်း (၄) တွင်း နှင့် အခြား (၄၂) တွင်း စုစုပေါင်း (၁၃၉) ခု ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေရရှိရေး ။ စိုက်ပျိုးမြေ (၁,၅၀၀) ဧက အကျိုးသက်ရောက်မည့် အရာတော် (၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ ရေပေးမြောင်းပြုပြင်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းတို့သည် ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်လုပ်ငန်းပိုင်းအနေဖြင့် ရာခိုင်နှုန်း (၉၀) အထိ ဆောင်ရွက် နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ ဆည်ရေရရှိမှု ကောင်းမွန်စေရေးအတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ရာဇဂြိုလ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတစ်ခုလုံး ပြီးစီးမှု ရာခိုင်နှုန်းများမှာ အကြိုတည်ဆောက်ခြင်း (၉၄.၂၆) ရာခိုင်နှုန်း၊ တမံ (၈၉.၃၃) ရာခိုင်နှုန်း၊ ရေအားလျှပ်စစ် (၃၉.၇၄) ရာခိုင်နှုန်း၊ ရေပိုလွှဲတည်ဆောက်ခြင်း

(၉၉.၈၁)ရာခိုင်နှုန်းနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း (၂၃.၄၆) ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

အလုပ်အကိုင်ရရှိရေး။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာစိုက်ပျိုးရေး ကို အခြေခံသော စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့် ထုတ်လုပ်နိုင်မှုအပေါ် အခြေခံ၍ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများနှင့် သစ်အခြေခံ စက်မှုလုပ်ငန်းများကို ဆင့်ပွားလုပ်ငန်းများအဖြစ် ဖန်တီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များသည် အသေးစားစက်မှုလက်မှုလုပ်ငန်းကို အခြေတည်၍ အလတ်စားနှင့် အကြီးစား စက်မှုလက်မှုလုပ်ငန်းအဖြစ်သို့ အဆင့်ဆင့် ဖွံ့ဖြိုးလာသော စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်လျက်ရှိကြ သည်။ သို့ဖြစ်ပါ၍ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises-SMEs) သည် အရေးပါ အရာရောက်သော အခန်းကဏ္ဍမှ ပါဝင် လျက်ရှိသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် SMIDB ဘဏ် နှင့် ဧရယျာပဒေသာ ဖောင်ဒေးရှင်းတို့မှ ချေးငွေများ ထုတ်ချေး ဆောင်ရွက်လျက် ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာစက်မှုဇုန်၊ ကလေးစက်မှုဇုန်၊ စစ်ကိုင်းစက်မှုဇုန်ခွဲနှင့် ရွှေဘိုစက်မှုဇုန်ခွဲ စုစုပေါင်း ဇုန်(၂) ခု နှင့် ဇုန်ခွဲ(၂) ခုတို့ဖြင့် ဖွဲ့စည်း တည်ထောင် ထားရှိပါသည်။ အလုပ်အကိုင် အခွင့်အလမ်းတိုးပွားရေး ဆောင်ရွက်လျက်ရှိပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများရရှိရန် ဒေသထွက်လက်မှုလုပ်ငန်းများ ပိုမိုချဲ့ထွင်ရန်၊ အရည်အသွေးမီသည့် ကုန်ပစ္စည်းများရရှိရန် စီမံဆောင်ရွက်လျက် ရှိပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် ဖြစ်သော ဟန်လင်းပျဉ်မြို့ဟောင်း၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ဖိုလ်ဝင်တောင်၊ မိုးညှင်းသမ္မုဒ္ဒေ၊ ဗောဓိတစ်ထောင်၊ လယ်တီ ကျောက်စာတိုက် စသည်တို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ နိုင်ငံခြားသားခရီးသွားဧည့်သည် (၁၁,၆၆၁) ဦးနှင့် ပြည်တွင်းခရီးသွားဧည့်သည် (၄၂,၉၉၀) ဦးတို့ ဝင်ရောက်ခဲ့ပါသည်။ ခရီးစဉ်ဒေသများတွင် မွမ်းမံပြုပြင်ခြင်း၊ အမွေအနှစ် ထိန်းသိမ်းခြင်း နှင့် ဝန်ဆောင်မှုများ ပိုမိုဖြည့်တင်းနိုင်ခြင်းတို့ကြောင့် ပွင့်လင်းရာသီတွင် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ယခင်ကထက် ပိုမိုဝင်ရောက်လာခဲ့ပါသည်။

ဝက်လက်မြို့နယ် ဟန်လင်းစံပြကျေးရွာရှိ ကမ္ဘာ့အမွေအနှစ် ဟန်လင်း ပျဉ်မြို့ဟောင်း သည် အေဒီ(၂)ရာစုမှ (၉)ရာစုတွင်းရှိ ပျူလူမျိုးများ မြို့ပြ တည်ထောင် တည်ဆောက်ခဲ့သော နေရာဖြစ်ပါသည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရွှေဘို-ဟန်လင်းဌာနစုရှိ ဟန်လင်းမြို့ဟောင်းကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် (၂၂-၆-၂၀၁၄)

ရက်နေ့တွင် အတည်ပြု သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းမြို့ဟောင်းတွင် တူးဖော်ပြီး ကုန်း(၃၆) ကုန်းရှိပြီး တူးဖော်တွေ့ရှိသော ရှေးဟောင်းအဆောက်အအုံများကို တူးဖော်တွေ့ရှိသည့် အနေအထားအတိုင်း ထိန်းသိမ်းပြသထားရှိပါသည်။ ဟန်လင်းမြို့ဟောင်းသည် အခြားသော ပျူမြို့ဟောင်းဖြစ်သည့် ဗိဿနိုး၊ သရေ ခေတ္တရာမြို့ဟောင်းများကဲ့သို့ ဗုဒ္ဓဘာသာကို အခြေခံ၍ တည်ထောင်ခဲ့သည့် မြို့ပြနိုင်ငံဖြစ်ပြီး အနုပညာလက်ရာမြောက် ရွှေထည်၊ ငွေထည်ပစ္စည်းများ၊ သတ္ထုပစ္စည်းအမျိုးမျိုး၊ ကျောက်စာများ၊ အရိုးစုများ၊ မြို့ရိုးမြို့တာများ၊ ရှေးဟောင်းအဆောက်အအုံ အကြွင်းအကျန်များစသည့် အထောက်အထားများသည် ဟန်လင်းပျူမြို့ဟောင်း၏ ထင်ရှားသော အမှတ်လက္ခဏာများ ဖြစ်ပါသည်။ ရှေးပျူမြို့ဟောင်းကို နိုင်ငံတကာမှ စိတ်ဝင်စားသောဧည့်သည်များ လာရောက်လေ့လာမှုများပြားလာပြီး ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံသည့် ခရီးသွားလုပ်ငန်း များ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် စီမံဆောင်ရွက်လျက် ရှိပါသည်။

ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုတက်ရေး။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းစားသုံးမှုဖူလုံရေး၊ စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ၊ လယ်လုပ်စက်ကိရိယာနှင့် ခိုင်းကျွဲနွားများဝယ်ယူရန် ကာလတိုချေးငွေများကို ထုတ်ချေးပေးလျက်ရှိ ပါသည်။ တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုထုတ်ချေးနိုင်ရန်အတွက် တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လအထိ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော ပုဂ္ဂလိကဘဏ်ခွဲ (၅၃) ဘဏ်ဖြင့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် IKBZ အာမခံ ကုမ္ပဏီ၊ အောင်သစ္စာဦးအာမခံကုမ္ပဏီနှင့် ဧရာမြန်မာကုမ္ပဏီတို့သည် အသက်အာမခံ၊ မီးအာမခံ၊ ကားအာမခံ (အလုံးစုံမော်တော်ယာဉ် အာမခံ)၊ ငွေသားလုံခြုံမှုအာမခံလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အသက်အာမခံတွင် ပြည်သူ/ပြည်သားများအာမခံ၊ စုပေါင်းအသက်အာမခံ၊ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ မြွေအန္တရာယ်ထိခိုက်မှုအာမခံ တို့ပါဝင်ပါသည်။

သီဟထွန်း ငွေရေးကြေးရေးကုမ္ပဏီကို မုံရွာမြို့နယ်တွင်လည်းကောင်း၊ အာရုံဦး လူမှုဖွံ့ဖြိုးရေးအသင်း(NGO)ကို ကလေးမြို့နယ်တွင်လည်းကောင်း၊ စေတနာငွေစုငွေချေး အသင်း(NGO)ကို မင်းကင်းမြို့နယ် တွင်လည်းကောင်း၊ ဇေယျာပဒေသာစေတနာ ငွေရေးကြေးရေးလုပ်ငန်း (NGO) ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း(NGO)ကို မုံရွာမြို့နယ်တွင်လည်းကောင်း၊ အောင်ကောင်း

ဈေးသမလီမိတက်(သ/မ)ကို တမူးမြို့နယ်တွင်လည်းကောင်း ဖွင့်လှစ်ပြီး ငွေရေးကြေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး။ အိန္ဒိယနိုင်ငံနှင့် အကျိုးရှိစွာ ကုန်သွယ်မှု ပြုလုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းနှင့် ပြင်ပဈေးကွက်များကို ချိတ်ဆက် ဆောင်ရွက်လျက် ရှိပါသည်။

လက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် သတ္တုကဏ္ဍတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီ (၂) ခု၊ ဟောင်ကောင်နိုင်ငံမှ ကုမ္ပဏီ (၂)ခု၊ စက်မှုကဏ္ဍတွင် စက်ဘူနိုင်ငံမှ ကုမ္ပဏီ(၄)ခု၊ ဂျပန်နိုင်ငံမှ ကုမ္ပဏီ(၁)ခု၊ ယူကေနိုင်ငံမှ ကုမ္ပဏီ (၁)ခု၊ စွမ်းအင်ကဏ္ဍတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီ (၂)ခု၊ စက်ဘူနိုင်ငံမှ ကုမ္ပဏီ (၁)ခု၊ ရုရှားနိုင်ငံမှ ကုမ္ပဏီ(၁)ခု၊ အိန္ဒိယနိုင်ငံမှ ကုမ္ပဏီ(၁)ခု၊ ကနေဒါနိုင်ငံမှ ကုမ္ပဏီ(၁)ခု၊ စုစုပေါင်းကုမ္ပဏီ (၁၆)ခုမှ လာရောက် လုပ်ကိုင်လျက် ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့ချရေး။ မြန်မာနိုင်ငံ၏ လူဦးရေ (၇၀) ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသမှာ နေထိုင်ကြသူများဖြစ်ပြီး လယ်ယာ၊ သားငါး၊ ကုန်ထုတ်လုပ်ငန်းများမှာ အများဆုံး နေထိုင်ကြသည့် တိုင်းပြည်၏ အဓိကကုန်ထုတ်လုပ်မှု စွမ်းအားစုကြီးဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူဦးရေ၏ (၈၀) ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်၍ ၄င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့ချရေးသည် အရေးကြီးသည့် လုပ်ငန်းဖြစ်ပါသည်။ ထောင်စုနှစ်ရည်မှန်းချက်များအရ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျော့ချရေးသည် (၁၆) ရာခိုင်နှုန်းအထိ ဆောင်ရွက်သွားရမည်ဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး၏ အခြေအနေမှာ ၂၀၁၀ ခုနှစ် စာရင်းများအရ (၁၅.၅) ရာခိုင်နှုန်း ရှိရာမှ ၂၀၁၅ ခုနှစ်တွင် (၁၃.၃) ရာခိုင်နှုန်း အထိ လျော့ချသွားရန် စီစဉ် ဆောင်ရွက်လျက် ရှိပါသည်။

ကျေးလက်လမ်းများ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ကျေးလက်ကတ္တရာလမ်း (၈) လမ်း လမ်းအရှည် (၃၂/၁.၂၅၇) မိုင်၊ ကျောက်လမ်း (၄၄) လမ်း လမ်းအရှည် (၁၃၃/၄.၉၁၆) မိုင်၊ ဂျင်းလမ်း (၆)လမ်း လမ်းအရှည် (၁၆/၇.၈)မိုင်၊ မြေလမ်း (၃၇)လမ်း လမ်းအရှည် (၂၃၄/၃)မိုင် စုစုပေါင်း(၉၅)လမ်း၊ လမ်းအရှည် (၄၁၇/၀.၉၇၃) မိုင် ဆောင်ရွက်ရန် လျာထားသည့်အနက် ကတ္တရာလမ်း (၃၀/၁.၈၅၇) မိုင်၊ ကျောက်လမ်း (၁၁၄/၂.၆၆၀၈) မိုင်၊ ဂဝံ (၁၄/၂.၆)မိုင်၊ မြေ (၂၂၁/၀)မိုင်၊ စုစုပေါင်း (၃၇၉/၇.၁၁၇၈)မိုင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ကျေးလက်တံတားများ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တံတား(၅၉)စင်း၊ ရေကျော် (၃၈) စင်း၊ ရေပြွန် (၁၁၆) ခု စုစုပေါင်း (၂၁၃) ခု ဆောင်ရွက်ရန် လျာထားသည့် အနက်

တံတား (၃၉)စင်း၊ ရေကျော် (၂၆)စင်း၊ ရေပြွန် (၁၀၅)ခု စုစုပေါင်း (၁၇၀)စင်း ဆောင်ရွက်ခဲ့ပါသည်။

ကျေးလက်ရေပေးရေး။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ကျေးလက်ရေပေးရေးလုပ်ငန်းအနေဖြင့် ကျေးရွာပေါင်း (၃၃၀) ရွာတွင် တွင်းတိမ် (၂၉)၊ တွင်းနက် (၁၈၇)၊ လက်တူး (၂၂)၊ ရေကန် (၂၅)၊ စိမ့်စမ်း (၅၄)၊ အခြား (၁၉) လုပ်ငန်းပေါင်း (၃၃၆)အား ဆောင်ရွက်ရန်လျာထားပြီး၊ ဆောင်ရွက်ပြီးစီးမှုမှာ တွင်းတိမ် (၂၉)တွင်း၊ တွင်းနက် (၁၆၁)တွင်း၊ လက်တူး (၂၂)၊ ရေကန် (၂၄)၊ စိမ့်စမ်း (၅၂)၊ အခြား (၁၇)ခု ပေါင်း (၃၀၅)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။

စည်ပင်သာယာရေးအဖွဲ့များမှ ကျေးလက်ဒေသ ကျေးလက်ရေပေးရေးလုပ်ငန်းတွင် တွင်းတိမ် (၆) တွင်း၊ တွင်းနက် (၄၄) တွင်း၊ ရေကန် (၂၁) ကန်၊ လက်တူးတွင်း (၂၂) တွင်း၊ စိမ့်စမ်း (၄) တွင်း နှင့် အခြား (၄၂) တွင်း၊ စုစုပေါင်း (၁၃၉) ခု ဆောင်ရွက်ခဲ့ပါသည်။

ကျေးလက်မီးလင်းရေး။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ကျေးလက်မီးလင်းရေးလုပ်ငန်းအနေဖြင့် ရေအားလျှပ်စစ်(၁)ခု၊ ဆိုလာစနစ်ဖြင့် (၂၀,၉၉၁)ခု၊ ဓာတ်အားဖြင့် (၇)ခု၊ စုစုပေါင်း (၂၀,၉၃၄)ခု ဆောင်ရွက်ရန် လျာထားသည့်အနက် ဆိုလာစနစ်ဖြင့် (၁၈,၅၀၄)ခု၊ ဓာတ်အားဖြင့် (၆)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ကျေးလက်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှု။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အများသုံး နှင့် အိမ်ထောင်စုသုံး ယင်လုံ အိမ်သာ (၂၂) လုံး ဆောင်ရွက်ရန်လျာထားပြီး အများသုံးအိမ်သာ (၁၁) လုံး ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ကျေးလက်အိမ်ရာလုပ်ငန်း။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ(၁၅)ရွာတွင် ကျေးလက်အိမ်ရာ (၇၈)လုံး ဆောင်ရွက်ရန် လျာထားပြီး (၆၆) လုံး (၈၄)ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး။ စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ မိုးနည်းရေရှား အပူပိုင်းရပ်ဝန်းဒေသ၌ တည်ရှိခြင်း၊ ကြီးမား ကျယ်ပြန့်သော တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးတွင်လည်း မြေမျက်နှာသွင်ပြင် တည်ရှိမှုအရ အကန့်အသတ်များ ရှိနေခြင်း၊ အချို့သောနေရာများသည် ရေလမ်းတစ်ခုတည်းကိုသာ အားကိုးအားထားပြုနေရခြင်းတို့ကြောင့် ဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ပျက်စီးဆုံးရှုံးမှုနည်းနိုင်သမျှ လျော့နည်းစေရန်အတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ ကယ်ဆယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို စနစ်တကျ စီမံချက်ရေးဆွဲ ဆောင်ရွက်လျက် ရှိပါ သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

တည်နေရာ = မြောက်လတ္တီတွဒ်- ၂၅ ဒီဂရီ ၀ မိနစ် မှ ၂၇ဒီဂရီ ၁၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ်-၉၅ဒီဂရီ ၁၅ မိနစ် မှ ၉၇ဒီဂရီ ၀ မိနစ်၊

အကျယ်အဝန်း = ၅,၁၆၈.၂၀၇ စတုရန်းမိုင် ၃,၃၀၇,၆၅၂ ဧက

လူဦးရေ = ဦးရေ ၁၁၇ (ထောင်) (၂၀၁၄-၂၀၁၅)

မြို့တော် = လဟယ်မြို့

ထူးခြားမှတ်သား = စာရာမေရိတောင် (၁၂,၂၉၀ ပေ)

မြို့နယ် = (၃) မြို့နယ်

မြို့နယ်ခွဲ = (၅) ခု

ရပ်ကွက် = (၂၁) ခု

ကျေးရွာအုပ်စု = (၁၁၆) အုပ်စု

ကျေးရွာ = (၂၆၅) ရွာ

အဓိကစီးပွားရေး = လယ်ယာကဏ္ဍ

ဆက်စပ်ဒေသများ = အရှေ့ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့တောင်ဘက်တွင် ခန္တီးမြို့နယ်၊ ဟုမ္မလင်း မြို့နယ်၊ အနောက်ဘက်နှင့် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၃၃,၀၀၉.၂) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ (၉.၃) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်အထိ **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၃၂,၄၉၃.၄) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၈.၄) ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ (၇.၁) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၁၈) စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဧရိယာ (၃,၃၀၇,၆၅၂) ဧက ကျယ်ဝန်းပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အသားတင် စိုက်ပျိုးမြေဧက (၃၇,၅၃၉) ဧက၊ မြေရိုင်း (၅,၃၂၂) ဧက၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော (၁,၁၁၆,၁၆၀) ဧက၊ တောရိုင်းမြေ (၆၁၂,၄၃၈) ဧက၊ စိုက်ပျိုးခြင်း မပြုနိုင်သည့်မြေ (၁,၅၃၆,၁၉၃) ဧက ဖြစ်ပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဒေသဝမ်းစာဖူလုံမှုမှာ (၇၉.၈၇) ရာခိုင်နှုန်းသာ ရှိပါသည်။ သီးနှံ စုစုစိုက်ဧရိယာ (၀.၉၅) ဧကသိန်း စိုက်ပျိုးရန် ရည်မှန်းခဲ့ရာ (၀.၈၆) ဧကသိန်း စိုက်ပျိုးနိုင်ခဲ့သဖြင့် ရည်မှန်းချက်ထက် (၀.၀၉) ဧကသိန်း လျော့နည်းခဲ့ပါ သည်။ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊နေကြာ၊အာလူး၊ စိုက်ဧကများ လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

သီးနှံထွက်ရှိမှုမှာ မိုးစပါးရည်မှန်းချက် တင်း(၁၆.၁၈)သိန်းအပေါ်တင်း(၁၃.၈၂) သိန်း၊ ပဲပုတ် ရည်မှန်းချက် (၀.၁၈)သိန်းအပေါ် တင်း(၀.၁၆၆)သိန်း၊ မြေပဲ ရည်မှန်းချက် တင်း (၀.၁၈)

သိန်းအပေါ် တင်း (၀.၀၃) သိန်း၊ နှမ်းရည်မှန်းချက် တင်း (၀.၀၃) သိန်းအပေါ် တင်း (၀.၀၃) သိန်း ဖြစ်ပါသည်။

မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်မှုအခြေအနေမှာ ရွှေရင်အေး(၂,၈၇၇) ဧက၊ ရတနာအောင်(၂၀၀) ဧက၊ ရွှေဘို (၁) (၁၆၃) ဧက၊ နေပြည်တော် (၂) (၅၇)ဧက၊ ဆင်းဧကရီ (၃) (၂၂၀) ဧက၊ ဒေသမျိုးစပါး (၂၁,၁၇၇)ဧက၊စုစုပေါင်း (၂၄,၆၉၄) ဧက ဖြစ်ပါသည်။

သားငါးကဏ္ဍ။ လေရှိုးမြို့နယ် ပန်ဆပ်ကျေးရွာတွင် နွားနောက် (၂၀၂) ကောင်၊ ကူကီးကျေးရွာတွင် နွားနောက် (၂၂၄)ကောင်၊မြို့မရပ်ကွက်တွင် နွားနောက် (၁၅၈) ကောင်၊ ဝမ်းဘဲကျေးရွာတွင် နွားနောက်(၁၁၃) ကောင်၊ စုစုပေါင်း (၆၉၇) ကောင်ကို ကျေးရွာအုပ်စု (၄) ခု ခွဲ၍ မွေးမြူရေး ဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

စက်မှုလက်မှုကဏ္ဍ။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တိုင်းရင်းသားလူမျိုးများ ဆင်းရဲမှု လျှော့ချရေးအတွက် အမျိုးသမီးအိမ်တွင်းမှု အသက်မွေး ပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခဲ့ပါသည်။ ရိုးရာဂျပ်ခုတ်လုပ်ငန်းနှင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သဖြင့် တိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး စက်မှုလက်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဆောင်ရွက်ခဲ့သည့် လမ်းများမှာ ဆင်သေ-လဟယ်လမ်း၊ ထမံသီ-လေရှီလမ်း (အထူးပြင်ဆင်ထိန်းသိမ်းခြင်း)၊ နန်းယွန်း-ရှင်ဘွေယန်လမ်း တို့ ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ GSM ဆက်သွယ်ရေး တာဝါတိုင် (၂) တိုင် တိုးချဲ့ဆောက်လုပ်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အလကမှ ထခွဲသို့ (၁) ကျောင်း၊ မူလွန်မှ လခွဲသို့ (၁) ကျောင်း၊ အမကမှ မူလွန်သို့ (၆) ကျောင်း၊ အမကခွဲမှ အမကသို့ (၄) ကျောင်း၊တွဲအမကမှ အမကသို့ (၂)ကျောင်း၊ တွဲအမက မှအမကခွဲ သို့ (၁၁) ကျောင်း၊ စုစုပေါင်း ကျောင်း (၂၉) ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် အန္တရာယ်ကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း (၆) ကျောင်း၊ ကျောင်းသားဦးရေအရ စာသင်ခန်းလိုအပ်၍ တိုးချဲ့အသစ်ဆောက်လုပ်ခြင်း (၂) ကျောင်း၊ ဥပဓိရုပ်မကောင်းသောကျောင်းဆောင်များဆောက်လုပ်ခြင်း (၅) ကျောင်း၊ စုစုပေါင်း (၁၃) ကျောင်း ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ပညာရေး ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းများ

ဖွင့်လှစ်ထားရှိမှုမှာ အထက်တန်း ကျောင်း (၈)ကျောင်း၊ အလယ်တန်းကျောင်း (၉)ကျောင်း၊ အလယ်တန်းခွဲ (၃)ကျောင်း၊ အမကလွန် (၂၂)ကျောင်း၊ အမက (၁၈၁)ကျောင်း၊ အမကခွဲ (၅၂)ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာသင် ကျောင်း(၂)ကျောင်း စုစုပေါင်း (၂၇၇)ကျောင်း ဖွင့်လှစ်ထားရှိပါသည်။ ယခင်နှစ်ကထက် (၁၈) ကျောင်း တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လေရှိုး၊ လဟယ်မြို့နယ်များ၌ လူငယ်သင်တန်းကျောင်း (၁) ကျောင်းစီ၊ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာသင်တန်းကျောင်း(၁) ကျောင်းစီဖွင့်လှစ်ထား၍ နန်းယွန်းမြို့နယ်၌ အမျိုးသမီး အိမ်တွင်းမှု အသက်မွေးပညာ သင်တန်းကျောင်း (၁) ကျောင်းဖွင့်လှစ်ထားရှိပါသည်။ နာဂဒေသရှိ တိုင်းရင်းသူလေးများကို အိမ်တွင်းမှု အတတ်ပညာ၊ စက်ချုပ်၊ သိုးမွေးစက်ဆွဲနှင့် ကြိမ်ထည်ယက်လုပ်ခြင်းစသည့် အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်စေရန် သက်ဆိုင်ရာသင်တန်း အသီးသီးကို တစ်နှစ်လျှင် (၃) ကြိမ် ဖွင့်လှစ်၍ သင်တန်းသူ (၆၃၀) ဦး သင်ကြား ပေးခဲ့ပါသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျန်းမာရေး လွမ်းခြုံမှုရရှိရန် ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ဆေးရုံဆေးပေးခန်းများ ဖွင့်လှစ်ထားရှိမှုမှာ (၂၅) ကုတင် ဆုံဆေးရုံ (၃)ရုံ၊ တိုက်နယ်ဆေးရုံ (၅)ရုံ၊ ကျန်းမာရေးဌာန (၁၄)ခု၊ ကျန်းမာရေးဌာနခွဲ (၇၀) ခု၊ ငှက်ဖျားတိုက်ဖျက်ရေးဌာန (၂)ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန (၃)ခု၊ စုစုပေါင်း (၉၇) ခု ဖွင့်လှစ်ခဲ့ပါသည်။ ကျန်းမာရေးဦးစီးဌာနမှ လဟယ်မြို့နယ် ဆေးရုံ မြေထိန်းနံရံနှင့် ရင်ခွဲရုံဆောက်လုပ်ခြင်း လုပ်ငန်းသစ် (၁၀၀) ရာခိုင်နှုန်း ပြီးစီးခဲ့ပါသည်။ ကျေးလက်ကျန်းမာရေးဌာန (၃) ခု ဆောက်လုပ်ခြင်း (၅၀) ရာခိုင်နှုန်း ပြီးစီးခဲ့ပါသည်။

ကုန်သွယ်ရေးကဏ္ဍ။ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိသည့် ဒေသဖြစ်သဖြင့် အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှု ပြုလုပ်ဆောင်ရွက် နိုင်ပါသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပန်ဆောင် နယ်စပ်စျေးဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။

လျှပ်စစ်မီးရရှိရေး။ တိုင်းဒေသကြီးဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် (၂၄)နာရီ မီးလင်းရေးအတွက် လေရှိုးမြို့နယ်၊ မတူဂီချောင်း အသေးစားရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းကို မြန်မာဟိုက်ဒြုပါဝါကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိရာ လုပ်ငန်း တစ်ခုလုံး (၇၆) ရာခိုင်နှုန်း ပြီးစီးပြီး ဖြစ်ပါသည်။ လဟယ်မြို့နယ် ကျလေချောင်း ရေအားလျှပ်စစ်လုပ်ငန်းမှာ (၈၀) ရာခိုင်နှုန်း နှင့် နန်းယွန်းမြို့နယ် တိုင်းခမ်းချောင်း ရေအားလျှပ်စစ်လုပ်ငန်းမှာ(၁၅.၈) ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ပါသည်။

သောက်သုံးရေရရှိရေး။ သောက်သုံးရေ ရရှိရေးလုပ်ငန်းအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၅၄) ရွာ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၄၇) ရွာ စုစုပေါင်း (၁၀၁) ရွာ ဆောင်ရွက်ခဲ့ပါသည်။

အလုပ်အကိုင်ရရှိရေး။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အခြားဌာနများမှ ခွင့်ပြုသည့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသခံလူငယ်များ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိလာလျက် လဟယ်တွင် လုပ်သားဦးရေ (၂,၀၀၀) ၊ လေရှီးတွင် (၁,၈၅၀)၊ နန်းယွန်း တွင် (၁၆၇၀)၊ စုစုပေါင်း (၅,၅၂၀) ခန့် အလုပ်အကိုင်များ ရရှိခဲ့ပါသည်။ အခြားလုပ်ငန်းများဖြစ်သည့် ရိုးရာဂျပ်ခုတ်လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ဆိုင်ကယ်ဝပ်ရှော့ လုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားများ ဝင်ငွေပိုမိုရရှိလာပြီး စားဝတ်နေရေး အဆင်ပြေ လာပါသည်။

ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။ နာဂဒေသ၏ နှစ်စဉ်ကျင်းပသော နာဂ ရိုးရာပွဲတော်များ၊ လေရှီးမြို့နယ် စာရာမေရိတောင်၊ ပန်ဆောင်မြို့ နောင်ယမ်းအင်းတို့သည် နိုင်ငံခြားခရီးသွားများကို အဓိက ဆွဲဆောင်လျက်ရှိသော နေရာများဖြစ်ပါသည်။ နှစ်စဉ်နာဂရိုးရာပွဲတော်ကို နိုင်ငံခြားသားများ လာရောက်လည်ပတ်လျက်ရှိပြီး ၂၀၁၄ ခုနှစ် တွင် နိုင်ငံခြားသား (၄၈)ဦး လာရောက် လည်ပတ်ခဲ့ပါသည်။ ထို့အပြင် အခါအားလျော်စွာ နိုင်ငံခြားသားတစ်ဦးချင်း နာဂရိုးရာဓလေ့ ထုံစံများကို လာရောက်လေ့လာမှု ရှိပါသည်။ သို့ဖြစ်၍ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်၍ ဒေသ၏စီးပွားရေး ဝင်ငွေတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုတက်ရေး။ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် အောင်သီရိရန်ပုံငွေ(နာဂဒေသ) မှ အစုအဖွဲ့များ ဖွဲ့စည်း၍ ချေးငွေများ ထုတ်ချေးပေးခြင်း၊ မြစိမ်းရောင်စီမံကိန်းမှ လဟယ်မြို့နယ်တွင် ကျေးရွာ (၂) ရွာ၊ လေရှီးမြို့နယ်တွင် ကျေးရွာ (၁) ရွာ၊ နန်းယွန်းမြို့နယ်တွင် ကျေးရွာ (၂) ရွာ၊ စုစုပေါင်း(၅) ရွာကို တစ်ရွာလျှင် ကျပ်သိန်း (၃၀၀)နှုန်းဖြင့် ထောက်ပံ့ဆောင်ရွက်ပေးလျက် ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီး



တည်နေရာ	= မြောက်လတ္တီတွဒ် - ၉ ဒီဂရီ ၅၈ မိနစ် နှင့် ၁၅ ဒီဂရီ ၆၀ မိနစ် အတွင်း အရှေ့လောင်ဂျီ တွဒ် - ၉၇ ဒီဂရီ ၄၆ မိနစ်နှင့် ၉၉ ဒီဂရီ ၄၀ မိနစ် အတွင်း
အကျယ်အဝန်း	=ဧရိယာ-၁၆,၇၃၅.၅၆ (စတုရန်းမိုင်) ၁၀၇၁၀၇၅၇ (ဧက)
မြို့တော်	= ထားဝယ်မြို့
ထူးခြားသောဒေသ	= ထားဝယ်အထူးစီးပွားရေးဇုန်၊ မောင်းမကန်
လူဦးရေ	= ဦးရေ ၁,၄၁၄(ထောင်) (၂၀၁၄-၂၀၁၅)
ခရိုင်	= (၃)ခရိုင်(ထားဝယ်၊ မြိတ်၊ ကော့သောင်း)
မြို့နယ်	= (၁၀)မြို့နယ်
အဓိက စီးပွားရေးကဏ္ဍ	= လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊
ဆက်စပ်ဒေသများ	= အရှေ့ဘက်နှင့် တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပွလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၃,၅၃၆,၁၆၆.၂)သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ (၉.၄) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ(၇-၁၉)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ပုံ(၇-၂၀)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် (၃,၅၀၄,၀၇၆.၈) သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ (၉၉.၁) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ယခင်နှစ်အလားတူကာလထက် (၈.၄) ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

ပုံ(၇-၂၁) တနင်္သာရီတိုင်းဒေသကြီး
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်ထိ
အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ မိုးစပါးအထွက်အနည်းငယ်လျော့ကျခဲ့သော်လည်း နွေစပါး စိုက်ပျိုးမှုတွင် ယခင်နှစ်ထက် ရာသီဥတုကောင်းမွန်မှုတခဲ့သဖြင့် အထွက်နှုန်းပိုမိုခဲ့ခြင်း၊ ရာဘာပင်များ အားအပင်အိုခုတ်လှဲ၍ အပင်ပျိုအစားထိုး စိုက်ပျိုးခဲ့ခြင်းကြောင့် အထွက်နှုန်းတိုးလာခြင်း၊ အစေးလှီးဧရိယာ တိုးလာခြင်း၊ နည်းပညာဖြန့်ဖြူးပေးမှုများကို တောင်သူများမှ လက်ခံကျင့်သုံးလာခြင်း၊ အစေးလှီးနည်းစနစ်မှန်များ အသုံးပြုလာခြင်း၊ ကွမ်းသီးနှင့်ကွမ်းရွက်ဈေးများ မြင့်တက်လာခြင်း၊ တောင်သူများ ပိုမိုစိတ်ဝင်စားစွာစိုက်ပျိုးဆောင်ရွက်ခြင်း တို့ကြောင့် လယ်ယာကဏ္ဍတိုးတက်ခဲ့ရခြင်းဖြစ်ပါသည်။

သားငါးကဏ္ဍ။ အသားထုတ်လုပ်မှုတွင် တစ်နိုင်တစ်ပိုင်တိရစ္ဆာန်မွေးမြူမှုမှ စီးပွားဖြစ် မွေးမြူမှုကြောင့်လည်းကောင်း၊ တိုင်းဒေသကြီး၏ အဓိကထွက်ကုန်ဖြစ်သော ပုလဲနှင့် မုတ်ခွံထုတ်လုပ်မှုတွင် သားဖောက်မုတ်ကောင်များ ပိုမိုမွေးမြူပြီး ဝတ်ဆံသွင်းခြင်း၊ ဝတ်ဆံမြဲရာခိုင်နှုန်း ကောင်းမွန်ခြင်း၊ မုတ်ကောင်သေဆုံးမှုနည်းပါး၍ ပုလဲပိုမို ထုတ်လုပ်နိုင်ခြင်း

တို့ကြောင့် ယခင်နှစ်ထက် သိသာစွာတိုးတက်ခဲ့ခြင်းနှင့် ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် လျော့ကျခြင်း၊ ပွင့်လင်းရာသီတွင် ငါး၊ ပုစွန်ဖမ်းဆီးရရှိမှုများလာခြင်း၊ သတ်မှတ်ရက်များအတွင်း အချိန်စောစွာ ဝင်ရောက်လာသည့် ခွင့်ပြုငါးဖမ်းရေယာဉ်များကြောင့် ကုန်ချိန်ပိုမိုရလာခြင်းနှင့် ဘုံငါးဖမ်း လုပ်ငန်းများ တိုးတက်ခဲ့ခြင်းကြောင့် သားငါးကဏ္ဍ တိုးတက် ခဲ့ပါသည်။

သစ်တောကဏ္ဍ။ နိုင်ငံပိုင်အခန်းမှ သစ်မာထုတ်လုပ်မှု နှင့် ပုဂ္ဂလိပိုင်အခန်းမှ ကျွန်း နှင့် သစ်မာမျော၊ ဓနိသက်ကယ်၊ လင်းနို့ချေး၊ ငှက်သိုက်၊ သစ်ခေါက် ထုတ်လုပ်မှု ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ ရဲတံခွန်သဘာဝဓာတ်ငွေ့ရေနံမြေမှ ယခင်နှစ်တွင် ကမ်းလွန်ရေနံစိမ်း(၃,၃၇၉.၅၁၄) (အမေရိကန်စည်ထောင်) နှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့မှာ (၁၃၇,၈၂၃) (ကုဗပေသန်း) ထွက်ခဲ့သော်လည်း ယခုနှစ်တွင် ကမ်းလွန်ရေနံစိမ်း (၂,၈၆၉.၈၇၀) (အမေရိကန်စည်ထောင်) နှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့မှာ (၁၂၇,၈၄၆.၁၅) (ကုဗပေသန်း) သာ ထွက် ရှိခဲ့ပါသည်။

သတ္တု နှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ပုဂ္ဂလိပိုင်အခန်းမှ ရွှေထုတ်လုပ်မှုတွင် လုပ်ကွက်အချို့ သက်တမ်းကုန်ဆုံးပြီဖြစ်၍ ပြန်လည်အပ်နှံခဲ့ခြင်း၊ ခဲမဖြူသန့်စင်(၆၅)ရာခိုင်နှုန်း၊ မဂ္ဂနီဒိုင် အောက်ဆိုဒ်၊ ကျောက်မီးသွေး၊ ဂေါဒန်ကျောက် ထုတ်လုပ်မှုမှာ ယခင်နှစ်ထက် လျော့နည်းခြင်း၊ စက်ဴပူနိုင်ငံ အခြေစိုက် STAR HIGH ASIA PACIFIC PTE,LTD ကုမ္ပဏီမှ ပင်လယ်သဲကို ထားဝယ်ဒေသတွင်သာ ထုတ်လုပ်ပြီး မြိတ်နှင့် ကော့သောင်းဒေသတို့တွင် ထုတ်လုပ်မှုမရှိခြင်း တို့ကြောင့် သတ္တုကဏ္ဍထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ စက်မှုလက်မှုကဏ္ဍတွင် မြိတ်စက်မှုဇုန်မှ ရေခဲ၊ ငါးပုစွန်အခြောက် ခံလုပ်ငန်း၊ ငါးအသားလွှာလုပ်ငန်း၊ ဇုန်ပြင်ပလုပ်ငန်းများဖြစ်သည့် ငပိ၊ ငါးခြောက်၊ ပုစွန်ခြောက် လုပ်ငန်းများ၊ ဆီအုန်း ဆီကြမ်းလုပ်ငန်းများ ယခင်နှစ်ထက် တိုးတက်ထုတ်လုပ် နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကပိုင် သင်္ဘော ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ဆီအုန်းကြိတ်စက်ရုံလုပ်ငန်းများ၊ ရေခဲစက်၊ ငါးအမှုန့်ကြိတ် လုပ်ငန်းများ၊ ငါးအအေးခန်းစက်ရုံလုပ်ငန်းများမှ လျှပ်စစ်ယူနစ်များပိုမိုသုံးစွဲခဲ့၍ လျှပ်စစ်ကဏ္ဍ တိုးတက်ခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း (၁,၂၃၀) ရွာအနက်၊ မီးလင်းပြီး ကျေးရွာပေါင်း (၆၉၁) ရွာ ဖြစ်ပြီး၊ မီးလင်းပြီးမြို့ (၁၆) မြို့ဖြစ်ပါ သည်။

ဆောက်လုပ်မှုကဏ္ဍ ။ တိုင်းဒေသကြီးဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသဖွံ့ဖြိုးရေးမှလုပ်ငန်းများ၊ ဌာနဆိုင်ရာများမှ တိုင်းဒေသကြီးရန်ပုံငွေ၊ ပြည်ထောင်စု

ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ ကျောင်း၊ ရုံးစသည့် အဆောက်အဦများ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သည့် ပုဂ္ဂလိက နေအိမ်အဆောက်အဦ၊ လမ်းတံတား ဆောက်လုပ်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကဘဏ်များ၊ ဟိုတယ်များ၊ သာသနိက အဆောက်အဦများ ဆောက်လုပ်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲခြင်း၊ ပုဂ္ဂလိက အဆင့်မြင့်မှန်လုံလိုင်းကားများ တိုးချဲ့ပြေးဆွဲခြင်း၊ နယ်စပ်ကုန်သွယ်ရေး စခန်းများ (ထီးခိုး၊ မောတောင်)သို့ ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်း ကုန်စည်နှင့် ခရီးသည် ပို့ဆောင်မှုလုပ်ငန်းများ တိုးတက်လာသောကြောင့် ယခင်နှစ်ထက် တိုးတက်ခဲ့ပါသည်။

လေယာဉ်များဘေးအန္တရာယ် ကင်းရှင်းစွာ ဆင်း/တက် အသုံးပြုနိုင်ရန် ထားဝယ်လေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နားရာနေရာ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်းမြို့များသို့ လေကြောင်းလိုင်း (၈) လိုင်းဖြင့် သယ်ယူပို့ဆောင်ပေးလျက် ရှိပါသည်။

ရေလမ်းအနေဖြင့် မြစ်ချောင်းအရေအတွက် (၁၈) ခုရှိပြီး မိုင်အားဖြင့် (၉၈၇/၅) ရှည်လျားကာ ထားဝယ်၊ မြိတ်၊ ကော့သောင်း ဆိပ်ကမ်းများဖြင့် ပို့ဆောင်ရေးလုပ်ငန်းများကို အမြန်ရေယာဉ်များပြေးဆွဲခြင်းနှင့် သင်္ဘောလိုင်းပြေးဆွဲခြင်းများဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

ကုန်းလမ်းပို့ဆောင်ရေးတွင် ရန်ကုန်-ထားဝယ်-မြိတ် မော်တော်ယာဉ်လိုင်း(၂၃) လိုင်းဖြင့် လည်းကောင်း၊ မြို့တွင်း၊ မြို့ပြင်၊ ခရိုင်အတွင်း၊ ခရိုင်အပြင်၊ တိုင်းအတွင်း၊ တိုင်းအပြင်ကားလိုင်းများဖြင့်လည်းကောင်း၊ မြို့နယ်တွင်းသယ်ယူ ပို့ဆောင်ရေးတွင်အဓိကအားဖြင့်ကား၊ မြင်းလှည်း၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ကော့သောင်း၊ မြိတ်၊ ထားဝယ်လမ်းပိုင်းအား အမြန်လမ်းမကြီးအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်မနှင့် ရာသီမရွေးသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုကို လျင်မြန်သွက်လက်စေမည် ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် အော်တို (၈၂) လုံး ဖြစ်ပြီး မိုဘိုင်းဖုန်း (၈၈,၅၂၁) လုံး ရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မတ်လကုန်တွင် အော်တို (၂၉) လုံး နှင့် မိုဘိုင်းဖုန်း (၁၄၆,၀၄၉) လုံးရှိခဲ့သောကြောင့် ပုဂ္ဂလိကဖုန်းလုံးရေများ တိုးတက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဖိုင်ဘာဆက်ကြောင်းတည်ဆောက်မည့် မြို့နယ်များတွင် လိုအပ်သည့် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ လူဦးရေ (၁,၀၀၀) လျှင် မိုဘိုင်းဖုန်း (၁၉၇) ဦး အသုံးပြုနိုင်ခဲ့ခြင်းနှင့် ဖုန်းအသုံးပြုသူ၏ (၅၀) ရာခိုင်နှုန်းခန့် အင်တာနက် အသုံးပြုနိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ နိုင်ငံပိုင်ဘဏ်များ၏ အတိုးရငွေများ လျော့ကျခဲ့သော်လည်း ယခုနှစ် ထားဝယ်မြို့၌ မြဝတီဘဏ်၊ မြိတ်မြို့တွင် CB ဘဏ်နှင့် ကမ္ဘောဇဘဏ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန အောက်ရှိ ရတနာစုဗူးအသင်းအဖွဲ့နှင့် မြိတ်အများပိုင် အသင်းအဖွဲ့များမှ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်ဘဏ် (၂၂) ခု၊ သမဝါယမပိုင်ဘဏ် (၁) ခု၊ ပုဂ္ဂလိကပိုင်ဘဏ် (၂၉) ခုနှင့် အပေါင်ဆိုင် (၆၇) ခုတို့မှ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။ ပညာရေး ဝန်ဆောင်မှုအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပညာသင်နှစ်တွင် အန္တရာယ်ရှိကျောင်းဆောင် (၃၃) ဆောင်အား ခွင့်ပြုရန်ပုံငွေ ကျပ်(၁,၆၇၅.၈) သန်း၊ စာသင်ခန်းနှင့် ကျောင်းသားဦးရေ လုံလောက်မှုမရှိသည့် အခြေခံ ပညာကျောင်းများ၌ စာသင်ဆောင် (၁၉) ဆောင်အား ခွင့်ပြုရန်ပုံငွေ ကျပ်(၁,၁၄၂.၄) သန်း၊ အခြေခံပညာကျောင်း (၂၃) ကျောင်းကို ပြင်ဆင်မွမ်းမံ ထိန်းသိမ်းခြင်း၊ ကျောင်းသုံး ပရိဘောဂများ ဖြည့်ဆည်းခြင်း၊ ပြင်ဆင်ခြင်း၊ သန့်စင်ခန်းများဆောက်လုပ်ခြင်း၊ လက်ဆေးခွက်များ တပ်ဆင်ခြင်း လုပ်ငန်းများကို စုစုပေါင်းရန်ပုံငွေကျပ် (၂,၀၅၃.၃၄၆) သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်မှုအရ ဆရာဝန် (၄၅) ဦး၊ သူနာပြု (၅၁) ဦး၊ သားဖွားဆရာမ (၂၇) ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) (၉၀) ဦးဖြည့်ဆည်း ခန့်ထားနိုင်ခဲ့ပါ သည်။ သရက်ချောင်းမြို့နယ် ပဲဒက်ကျေးရွာတွင် (၁၆) ကုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျွန်းစု၊ တနင်္သာရီ၊ ပုလော၊ ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ဘုတ်ပြင်းမြို့နယ်များတွင် ပြည်သူ့ကျန်းမာရေး ကြီးကြပ် (၂) တစ်ဦးနှင့် သားဖွားဆရာမ တစ်ဦးစီတို့ဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၁၅)ခု ကို လည်းအသစ်တိုးချဲ့ ဖွင့်လှစ်နိုင် ခဲ့ပါသည်။

ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ အများပြည်သူများအတွက် ဝန်ဆောင်မှု ပေးလျက်ရှိသော တည်းခိုခန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ၊ ဆံပင်အလှပြုပြင်ဆိုင်များ၊ ရုပ်ရှင်၊ ဗွီဒီယို၊ ကာရာအိုကေ၊ ရှေ့နေ၊ ကျူရှင်၊ ဆရာဝန်၊ သူနာပြု၊ ဇာတ်အငြိမ့်နှင့် ကန်ထရိုက်လုပ်ငန်းများ၏ အရေအတွက်နှင့် ဝင်ငွေတိုးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ဟိုတယ် (၂၂) လုံးနှင့် တည်းခိုခန်း (၉၈) လုံး ဖြင့် ဝန်ဆောင်ပေးနိုင် ခဲ့ပါသည်။

ကုန်သွယ်ရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လယ်ယာကဏ္ဍတွင် နွေစပါး၊ ဆီအုန်း၊ ကြက်ပေါင်စေး၊ ကွမ်းသီး၊ ကွမ်းရွက်အထွက်များ ယခင်နှစ်ထက် တိုးတက်ခဲ့ခြင်း၊ သားငါးကဏ္ဍတွင် တိုင်းဒေသကြီး၏ အဓိကထွက်ကုန်ဖြစ်သော ပုလဲထုတ်လုပ်မှု သိသာစွာ

တိုးတက်ခဲ့ခြင်းနှင့် မုတ်ခွံ၊ ရေငန်ငါး ပုစွန်၊ ဘုံငါးဖမ်းစသည့်လုပ်ငန်းများ တိုးတက်ခဲ့ခြင်း၊ စက်မှုလက်မှုကဏ္ဍတွင် မြိတ်စက်မှုဇုန်မှ ရေခဲ၊ ငါးပုစွန်အခြောက်ခံလုပ်ငန်း၊ ငါးအသားလွှာ လုပ်ငန်း၊ ဇုန်ပြင်ပ လုပ်ငန်းများဖြစ်သည့် ငပိ၊ ငါးခြောက်၊ ပုစွန်ခြောက်လုပ်ငန်းများ၊ ဆီအုန်း ဆီကြမ်းလုပ်ငန်းများ တိုးတက်ခဲ့ခြင်းများကြောင့်လည်းကောင်း၊ နယ်စပ်ဒေသ ဖြစ်သည့် အလျောက် ကုန်သွယ်စခန်းများဖြစ်သည့် မြိတ်နယ်စပ် ကုန်သွယ်စခန်း၊ ကော့သောင်းနယ်စပ် ကုန်သွယ် စခန်းများအပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ထားဝယ်ခရိုင် မေတ္တာမြို့တွင် ထီးခီး နယ်စပ်ကုန်သွယ်စခန်း၊ တနင်္သာရီမြို့နယ်တွင် မောတောင်နယ်စပ်စခန်းများ ထပ်မံ ဖွင့်လှစ် နိုင်ခဲ့ခြင်းတို့ကြောင့် ကုန်သွယ်ရေးကဏ္ဍ တိုးတက်ခဲ့ပါသည်။

လျှပ်စစ်မီးရရှိရေး။ နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား မရရှိသည့်အတွက် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့မီးလင်းရေး ကော်မတီတို့မှ မီးစက်လုံးရေ စုစုပေါင်း (၁၀၈) လုံးဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက် ရှိရာ ဓာတ်အားလိုအပ်ချက် အပေါ် (၂၅.၅)ရာခိုင်နှုန်း သာရရှိနေပြီး ဓာတ်အားဖူလုံမှုမှာ (၄၁.၁၇) ရာခိုင်နှုန်းသာ ရှိပါသည်။ ဂျပန်နိုင်ငံမှ ပေးအပ်သည့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၃၃ ကေဗွီလိုင်း (၂၆) မိုင်၊ ထားဝယ်မြို့နယ်တွင် ၁၁ ကေဗွီလိုင်း (၃၀)မိုင်၊ မြိတ်မြို့နယ်တွင် ၃၃ ကေဗွီလိုင်း (၁၅) မိုင်၊ ၁၁ ကေဗွီလိုင်း (၁၆) မိုင် တပ်ဆင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မလိတွင် 63 x 3kv Mini Hydro Power Station Renovation လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒီဇယ်ဓာတ်အားပေးစက် (၃၃) လုံး တပ်ဆင်နိုင်ရန် ရည်မှန်းခဲ့ရာ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း (၁၀)လုံး တပ်ဆင် ဆောင်ရွက်နိုင် ခဲ့ပါသည်။

သောက်သုံးရေရရှိရေး။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စိမ့်စမ်းရေသွယ်တန်းခြင်း၊ သောက်သုံးရေ သွယ်ယူခြင်း၊ အဝီစီတွင်းတူးခြင်း စသည့် လုပ်ငန်းပေါင်း (၄၀) ကို တိုင်းဒေသကြီး ရန်ပုံငွေ ကျပ် (၅၉၁.၂၀၅) သန်းဖြင့် ဆောင်ရွက် နိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး။ နွေရာသီတွင် ရေချိုလျော်နိုင်သော ဆည်၊ တမံများ တည်ဆောက်၍ အောင်ရေ လုံလောက်စွာ ပေးဝေ၍ နွေစပါးတိုးချဲ့စိုက်ပျိုးသွားခြင်း၊ ရေထိန်းတံခါးပြင်ဆင်ခြင်း၊ ချောင်းပိတ် မြောင်းပိတ်လုပ်ငန်းနှင့် ဌာနထိန်း ရေငန်တာတမံများ ကို ပုံစံကျပြုပြင်ခြင်း၊ လယ်ယာမြေ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ချောင်းကော မြောင်းကော တူးဖော်ခြင်း၊ မြစ်ချောင်းများမှ ရေကို စိုက်ပျိုးရေပေးဝေရန်အတွက် ရေစုပ်စက်ဖြင့် စုပ်တင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။

အလုပ်အကိုင်ရရှိရေး။ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် မိသားစုဝင်ငွေ တိုးတက်လာစေရန် ရည်ရွယ်လျက် ကျေးရွာ (၂၈) ရွာ၌ တစ်ရွာလျှင် အရင်း မပျောက် မတည်ရန်ပုံငွေ ကျပ်သန်း (၃၀) နှုန်းဖြင့် လည်းကောင်း၊ ငါးကဏ္ဍအား ကျေးရွာ (၁၆) ရွာ၌ အရင်းမပျောက် မတည်ငွေ ကျပ်သန်း (၃၀) ဖြင့် လည်းကောင်း၊ အသားကဏ္ဍအား ကျေးရွာ (၇) ရွာတွင် ကျပ်သန်း (၃၀) နှုန်းဖြင့် လည်းကောင်း မြစိမ်းရောင်စီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး အတွက် သမဝါယမအသင်းစု (၁၆) သင်း နှင့် အခြေခံ သမဝါယမအသင်း (၃၅၃) သင်း ဖွဲ့စည်းထားရှိပြီး အသင်းသားများကို China Exim Bank၊ CB Bank နှင့်သမဝါယမ အရင်းမပျောက် ဖွံ့ဖြိုးရေး ရန်ပုံငွေများမှ ပံ့ပိုးချေးငွေ ကျပ် (၃၆၂.၂၇၂) သန်းကို ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ လူမှုစီးပွားဘဝ ဘက်စုံ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရာတွင် မြိတ်မြို့နယ် ကလွင် ကျေးရွာအုပ်စု ကမ်းသာယာ ဒေသတစ်ဝိုက်ရှိ မြေဓာတု (၇၀၀) ကျော်တွင် မြိတ်စီးပွားရေးဇုန် တည်ဆောက် ပြီးစီးပါက စီးပွားရေး အခွင့်အလမ်းသစ်များ၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာမည် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ တနင်္သာရီတိုင်းဒေသကြီးသည် ကမ်းလွန် ပင်လယ်ပြင်၌ ကျွန်းပေါင်း (၈၄၀) ရှိပြီး၊ ရေတံခွန်ငယ်များ၊ ရေပူစမ်းများ၊ ပင်လယ် သဲသောင် ကမ်းခြေတို့ဖြင့် လှပဝေဆာသည့် မြေမျက်နှာသွင်ပြင် ရှိပါသည်။ ထူးခြားသော သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ၊ မောင်းမကန်ကမ်းခြေနှင့် လောင်းလုံးမြို့နယ်ရှိ ရေပူတွင်းနှင့် ကော့သောင်း မြို့နယ်ရှိ သူဌေးကျွန်း အပန်းဖြေစခန်းတို့ တည်ရှိသည့်အတွက် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ခဲ့ပါသည်။ ကော့သောင်းမြို့နယ်နှင့် မြိတ်ကျွန်းစုများတွင် ကျွန်းအပန်းဖြေစခန်းများ တည်ဆောက်ခဲ့ခြင်း၊ ထိုင်းနိုင်ငံနှင့် ဆက်စပ်လျက် ရှိသည့် ထီးခိုးနှင့် ကန်ချနာပူရီ၊ မောတောင် နှင့် ပဂျော့၊ ကော့သောင်းနှင့် ရနောင်းတို့အား ညီအစ်မမြို့များအဖြစ် ဆောင်ရွက်နေခြင်းတို့ ကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေခဲ့ပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန် ဆောင်ရွက် လျက် ရှိသည့်အတွက်လည်း ခရီးသွားလုပ်ငန်း တိုးတက် ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး



တည်နေရာ = မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် မှ ၁၈ ဒီဂရီ၂၀မိနစ်အတွင်း
အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် မှ ၉၇ ဒီဂရီ ၁၂ မိနစ် အတွင်း

အကျယ်အဝန်း = ၁၅,၂၁၄.၁၃ စတုရန်းမိုင်
၉,၇၃၇,၀၄၃ ဧက

လူဦးရေ = ဦးရေ ၄,၈၈၁ (ထောင်)
(၂၀၁၄-၂၀၁၅)

မြို့တော် = ပဲခူးမြို့

ထူးခြားအမှတ်အသား = ကမ္ဘောဇသာဒီ နန်းတော်ရာ မိုးယွန်းကြီးအင်း ဘေးမဲ့တော

ခရိုင် = ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်

မြို့နယ် = ၂၈ မြို့နယ်

အဓိကစီးပွားရေးကဏ္ဍ = လယ်ယာ၊ သားငါး၊ စက်မှု၊ ပို့ဆောင်ရေး

ဆက်စပ်ဒေသများ = အရှေ့ဘက်တွင်ကရင်ပြည်နယ်၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တောင်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မြောက်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီး၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၅,၁၈၈,၆၇၄.၁) သန်း ဖြစ်ပေါ်ရန် နှင့် **ပုံမှန်ဈေးနှုန်း**အရ (၈.၇) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး
၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှုန်း၊ ဝန်ဆောင်မှုနှုန်း တိုးတက်မှုနှုန်း



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်အထိတွင် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၅,၁၈၈,၉၂၀.၉) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၁၀၀.၀) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ (၇.၅) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၂၄) ပဲခူးတိုင်းဒေသကြီး
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ စိုက်ပျိုးရေးရရှိရေးအတွက် ဆည်မြောင်းတာတမံတည်ဆောက်ခြင်း၊ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးအတွက် မြစ်ကြောင်းထိန်းသိမ်းမှု လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်သုံးစွဲရန်အတွက် သင်တန်းပို့ချခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်လုပ်ငန်း(၂၁)ခုမှ နွေသီးနှံများ အပါ အဝင် နွေစပါး (၄,၅၅၉) ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ခြင်းကြောင့် နွေသီးနှံများထွက်ရှိမှု တိုးတက်ပါသည်။ မိုးစပါး(၆၃,၄၁၂)ဧက ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့်အတွက် မိုးစပါး (၄၅,၉၆၉)ဧက အစားထိုးစိုက်ပျိုးခြင်း၊ ပုလဲသွယ်စပ်မျိုးစပါးမျိုး ထုတ်လုပ်မှုကို စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး (၂,၂၈၇,၁၈၂)တင်း၊ နွေစပါး(၂၃,၂၇၉)ဧက၊ ဇီးကုန်းမြို့နယ် ပြည့်ဟိန်းသာကုမ္ပဏီမှ မိုးစပါး (၂,၈၀၈)တင်း၊ နွေစပါး(၆၅.၅)ဧက၊ နတ်တလင်းမြို့နယ် မြတ်အိန္ဒြေကုမ္ပဏီမှ မိုးစပါး(၃,၈၀၅)

တင်း၊ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၊ ကြက်တက်ညောင်ပင်ကျေးရွာအုပ်စုမှ နွေစပါးဧက (၂၀) တို့မှ မျိုးစေ့ ထုတ်လုပ်နိုင် ခဲ့ပါသည်။

ပဲတီစိမ်း၊ စွန်တာနီ၊ ကုလားပဲ၊ ပဲစဉ်းငုံ၊ ပဲနောက်၊ ပဲပုပ်၊ ပဲလွမ်းတို့၏ စိုက်ဧကနှင့် ရိတ်ဧကများ ယခင်နှစ်ထက်တိုးလာသဖြင့် အထွက်များတိုးခဲ့ပါသည်။ မြေပဲအထွက် ကောင်းမျိုးများဖြစ်သည့် မကွေး-၁၂၊ မကွေး-၁၅၊ ဆင်းပဒေသာ-၇၊ ဆင်းပဒေသာ-၁၁၊ တွန်တာနီတို့ကို ရွေးချယ်စိုက်ပျိုးခဲ့ခြင်း၊ ဆောင်းနှမ်း၊ ကြက်ပေါင်စေး စိုက်ဧကများ ယခင်နှစ်ထက်တိုးလာခြင်း ၊ ဒေသနှင့်ကိုက်ညီသည့် 2000 Series, BPM-24, PB-260, PB-235 တို့ကို ရွေးချယ်စိုက်ပျိုးခဲ့ခြင်း တို့ကြောင့် လယ်ယာကဏ္ဍထွက်ကုန်များ တိုးလာပါသည်။

သားငါးကဏ္ဍ။ သားငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် နွားမျိုးကောင်း မျိုးသန့်များဖြင့် မျိုးမြှင့်သားစပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ပညာပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ အသားစားကြက်၊ ဥစားကြက်များ တိုးချဲ့မွေးမြူရန် ပညာပေးစည်းရုံးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ငါးမျိုးကောင်း မျိုးသန့်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့၍ စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ထွန်းကားစေခြင်း၊ ကျေးလက်နေ ပြည်သူများ အပိုဝင်ငွေ ရရှိရေးအတွက် အထောက်အကူ ပြုလုပ်ငန်းများဖြစ်သည့် မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ နည်းပညာသစ်များကို သင်တန်းပို့ချပေးခြင်း၊ ငါးများတွင် ကျရောက်တတ်သော ရောဂါများ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် အသားထုတ်လုပ်မှု (၂၃၈,၇၂၇) ပိဿာ (ထောင်)၊ ဥထုတ်လုပ်မှုတွင် (၁,၅၈၄,၁၀၂) လုံး(ထောင်)၊ ငါးထုတ်လုပ်မှုတွင် (၂၆၂,၁၇၈) ပိဿာ(ထောင်) တိုးတက် ထုတ်လုပ်နိုင်ခဲ့ ပါသည်။

သစ်တောကဏ္ဍ။ ကျွန်း(၈,၈၆၉) ကုဗတန်၊ သစ်မာ (၁၇၆,၉၉၈) ကုဗတန်၊ ထင်း (၁,၅၂၄,၃၈၃)ကုဗတန်၊ မီးသွေး(၄၄,၆၃၃) ကုဗတန်၊ ဝါး (၁၃၁,၇၇၈) လုံး(ထောင်)၊ ကြိမ် (၃,၉၁၁) လုံး(ထောင်)နှင့် ဓနိသက်ငယ် (၁၂၀,၃၆၀) ပျစ်(ထောင်) ထုတ်လုပ် ခဲ့ပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် တောခေါင်းကြီး နေအိမ် (၂)လုံး၊ သာယာဝတီခရိုင်တွင် ပျိုးပင်တစ်သိန်းဆံ့ ပျိုးဥယျာဉ် (၁)ခု တည်ဆောက် ခဲ့ပါသည်။ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ပဲခူးမြို့၊ ကျောက်ကြီးစု ရုပ်ကွက်၌ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၄)လုံး ဆောက်လုပ်ခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ပဲခူးတိုင်းဒေသကြီး အတွင်း လုပ်ကွက် (၃) ကွက် တင်ဒါအောင်မြင်ပြီး လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ပဲခူးတိုင်းဒေသကြီးတွင် ဒေသအလိုက် ဖြစ်တည်နေသောသယံဇာတများစွာရှိပါသည်။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ရွှေသတ္တု တူးဖော်ထုတ်လုပ်ခြင်းကို ပုဂ္ဂလိကကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး၏ လက်ရှိအခြေအနေတွင် သစ်တောကြိုးဝိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေစသည့် ကန့်သတ်မှုများနှင့် နှစ်ရှည်စိုက်ပျိုးရေး လုပ်ငန်းများ တိုးချဲ့လာမှုကြောင့် သတ္တုကဏ္ဍဖွံ့ဖြိုးမှု နည်းပါးပါသည်။ ရွှေသတ္တုကို ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ်များတွင် ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီများနှင့် အသေးစား ဖက်စပ်အဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံပိုင်ကဏ္ဍတွင် ကျောက်မာထုတ်လုပ်မှုမှာ အကျဉ်းဦးစီးဌာန၊ (၄)မိုင် ကျောက်ထုတ်လုပ်စခန်းမှ ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်း၊ သမဝါယမပိုင်ကဏ္ဍတွင် သဲထုတ်လုပ်မှုကို ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့တွင် ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်း၊ ပုဂ္ဂလိပိုင်ကဏ္ဍတွင်ရွှေထုတ်လုပ်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် ကုမ္ပဏီ(၄)ခု၊ လုပ်ကွက်(၄)ကွက်ဖြင့် ရွှေဖက်စပ် ထုတ်လုပ်ခဲ့ပါသည်။ ထုတ်လုပ်မှုများမှ ရွှေသတ္တု(၂၅၂.၀၁) ထရိုင်အောင်စတို့ကို ထုတ်လုပ်ရန် ရည်မှန်းရာမှ မတ်လကုန်အထိ (၇၅.၆၀) ထရိုင်အောင်စ ထုတ်ယူနိုင်ခဲ့ပါသည်။ ရည်မှန်းချက်ပြည့်မီအောင် မထုတ်လုပ်နိုင်ခြင်းမှာ ကျောက်ကြီးမြို့နယ်မှ ရွှေလုပ်ကွက်(၂)ခုသည် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်ပေးဆောင်ပြီး ဖြစ်သော်လည်း နယ်မြေလုံခြုံရေးအကန့်အသတ်အရ တူးဖော်ထုတ်လုပ်ခွင့် မရရှိခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းများထုတ်လုပ်မှုကို ခေတ်မီစက်ကိရိယာများဖြင့် စီးပွားဖြစ် ပိုမိုထုတ်လုပ်လာခဲ့ခြင်းကြောင့် သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍသည် ပိုမိုတိုးတက်လာခဲ့ရခြင်း ဖြစ်ပါသည်။

စက်မှုလက်မှုကဏ္ဍ။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ပံ့ပိုးပေးခြင်းနှင့် ဖြေလျော့မှုများ ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကပြည်တွင်းပြည်ပစက်ရုံ၊ အလုပ်ရုံများကို ပဲခူးစက်မှုနယ်မြေအတွင်း ဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာခဲ့ပါသည်။

မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်း များမှာ အကြီးစား (၃၁၄) ခု၊ အလတ်စား (၈၉၀) ခု၊ အသေးစား (၃,၄၃၃) ခု၊ စုစုပေါင်း (၄,၆၃၇) ခုရှိပါသည်။ အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ)ရှိ Foundary Plant တွင် စက်နှင့်စက်ပစ္စည်း လဲလှယ်နိုင်ရေးအတွက် ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် ဆောင်ရွက်ရန် လျာထားခဲ့ပြီး အပြီးသတ် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ပုဂ္ဂလိကပိုင်ကဏ္ဍတွင် Hung Kiu အထည်ချုပ်စက်ရုံ Ward A,B,C (၃)ရုံ လည်ပတ်နေပြီဖြစ်ခြင်း၊ အင်းတကော်စက်မှုနယ်မြေ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းစက်ရုံမှ City Bus (၄၀) စီး၊ Sight Seeing Bus (၉) စီး၊ Prime Mover (၆) စီး၊ Trailer (၆)စီး၊ ကိုးရီးယားနိုင်ငံ KM Healthcare Co.Ltd မှ ဆေးရုံသုံး ခွဲခန်းသုံးဝတ်ရုံ၊ ခြံလွှာဝတ်ရုံ (၃၂၉,၁၂၅) စုံ၊ Delta AIG ကားကူရှင်စွပ်စက်ရုံမှ ကားကူရှင်စွပ် (၃,၇၈၀) ထည်၊ သာယာဝတီခရိုင်အုတ်ဖိုမြို့တွင် JMKS အထည်ချုပ်စက်ရုံမှ အထည် (၉၆,၅၁၅) ထည်တို့ကို တိုးတက်ထုတ်လုပ် လာနိုင်ခဲ့ပါသည်။ KM Healthcare Co.Ltd တွင် လုပ်သားအင်အား (၂၂၁) ဦး နှင့် Delta AIG ကားကူရှင်စွပ်စက်ရုံတွင် လုပ်သားအင်အား (၄၅) ဦးတို့ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေပါသည်။

လျှပ်စစ်မာတ်အားကဏ္ဍ။ စီးပွားရေးနှင့်ခေတ်မီလူနေမှုဘဝအတွက် အရေးပါသည့် လျှပ်စစ်မာတ်အားကဏ္ဍတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင် လျှပ်စစ်မာတ်အား အသုံးပြုမှု (၅၀၉,၈၆၄) ယူနစ် (ကီလိုဝပ်နာရီထောင်) ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံပိုင် လျှပ်စစ် မာတ်အား အသုံးပြုမှု (၇၈၁,၇၀၁) ယူနစ်(ကီလိုဝပ်နာရီထောင်) ဖြစ်သဖြင့် ယခင်နှစ် အလားတူ ကာလအပေါ် (၂၇၁,၈၃၇) (ကီလိုဝပ်နာရီထောင်) ပိုမိုသုံးစွဲနိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မာတ်အားစနစ်ဖြင့် မီးလင်းသည့်ကျေးရွာ(၈၄၅) ရွာ ရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် မာတ်အားစနစ်ဖြင့် မီးလင်းသည့်ကျေးရွာ(၁,၁၀၆)ရွာ တိုးတက် ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီးစီးသည့် သောက်ရေခပ်(၂) (၁၂၀) မင္ဂါဝပ် ရေအားလျှပ်စစ်မာတ်အားပေးစက်ရုံကို (၃၀.၁၂.၂၀၁၄)ရက်နေ့တွင် လည်းကောင်း၊ ဖြူးချောင်း (၄၀)မင္ဂါဝပ် ရေအားလျှပ်စစ်မာတ်အားပေးစက်ရုံကို (၈.၁.၂၀၁၅) ရက်နေ့တွင် လည်းကောင်း စတင်ဖွင့်လှစ်ထုတ်လုပ်ခဲ့ခြင်းကြောင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အသုံးပြုမှု ယူနစ် တိုးတက်လာရခြင်း ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်ဆဲ တံတားစီမံကိန်းလုပ်ငန်းများဖြစ်သော တောင်ငူ-ကျောက်ကြီး- စစ်တောင်း- မုပွလင်လမ်းပေါ်ရှိ တံတားအမှတ် (၁/၇၆) ဘောဂထာတံတား၊ ညောင်လေးပင်-ပုဇွန်မြောင်း မဒေါက်-ရွှေကျင်လမ်းပေါ်ရှိ တံတားအမှတ်(၄/၁၂)မဒေါက်ကလေးတံတား၊ ရှမ်းတော-အင်းပုတ်ကုန်း-မိုးညိုလမ်းပေါ်ရှိ ထန်းပင်ကုန်းတံတား၊ ပဲခူးမြို့ရှောင်လမ်းပေါ်ရှိ ပဲခူးမြစ်ကူးတံတား၊ ပဲခူးမြို့ရှောင်လမ်းပေါ်ရှိ ကလိချောင်းကူးတံတား၊ ခပေါင်း-မြင်းစု-ထန်းတပင်လမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား အမှတ်(၃) ထန်းတပင်၊ ရန်ကုန်-ပြည်လမ်း

ပေါ်ရှိ(၁/၁၈၅)နတ်တလင်းတံတား၊ပန်းတောင်း-တောင်ကုတ် လမ်းပေါ်ရှိ တံတားအမှတ်(၁/၂၀) (ဥသျှစ်ပင်တံတား)များကို ခွင့်ပြုရန်ပုံငွေအပေါ် ရာခိုင်နှုန်း ပြည့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် တိုင်းဒေသကြီး စည်ပင်သာယာ ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ (၂၈)ဖွဲ့မှ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်းတို့ကို မြို့ပြလမ်း စုစုပေါင်းလမ်း အရှည် (၅၇) မိုင် (၁.၂၆၉) ဖာလုံ၊ ကျေးလက်လမ်း စုစုပေါင်းလမ်းအရှည် (၂၅) မိုင် (၂.၀၁၄) ဖာလုံ၊ ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ရေပြွန်တံတားနှင့် အခြားလုပ်ငန်းစသည့် မြို့ပြတံတား (၁၈၉) စင်း၊ ကျေးလက်တံတားတွင် တံတား (၂၂) စင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်း (၄၇၈/၇.၃၁)မိုင်၊ ကျေးလက်တံတား (၃၆၆) စင်း (၇,၆၇၀) ပေ တို့ကို ဆောင်ရွက်ရန် လျာထားခဲ့ရာ လျာထားချက်အပေါ် ရာခိုင်နှုန်းပြည့် လုပ်ငန်းပြီးစီး ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန နိုင်ငံပိုင်အခန်းမှ ရန်ကုန်- မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရန်ကုန်-ပြည်ရထားလမ်းအဆင့်မြှင့်တင် ခြင်းလုပ်ငန်း၊ ပဲခူး-ထားဝယ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ဇလီဖားတုံး ထုတ်လုပ်ခြင်း လုပ်ငန်း၊ ခပေါင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းအပြင် မြန်မာ့မီးရထား တိုင်း (၆) မှ ခရီးသည်နှင့် ကုန်စည်များပို့ဆောင်နိုင်ခဲ့ပါသည်။ သမဝါယမပိုင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို တိုင်းဒေသကြီးသမဝါ ယမ အသင်းစုချုပ်အပါအဝင် ပဲခူး၊ သနပ်ပင်၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ပန်းတောင်း၊ သာယာဝတီ၊ မင်းလှမြို့နယ် (၈) မြို့နယ်တွင် သမဝါ ယမပိုင် ခရီးသည်ယာဉ် (၂၀) စီး၊ ကုန်တင်ယာဉ်(၁) စီး၊ သုံးဘီး ဆိုင်ကယ် (၁၀) စီး၊ ပုဂ္ဂလိကပိုင်သုံးဘီးဆိုင်ကယ် (၁၉) စီး၊ စုစုပေါင်း (၅၀) စီးဖြင့် လုပ်ကိုင် လျက်ရှိပါသည်။ ခရီးသည်ဦးရေ (၃၇၇)(ထောင်)၊ ခရီးသည်မိုင် (၇,၂၅၃)(ထောင်)၊ ခရီးသည်ပို့ဆောင်ခရငွေ ကျပ် (၁၆၄,၉၈၅)(ထောင်)၊ ကုန်စည်ပို့ဆောင်ခြင်းမှ ကုန်တန်ချိန် (၁၆၁.၄) (ထောင်)၊ ကုန်တန်မိုင် (၂၄၁) (ထောင်)၊ ကုန်စည်ပို့ဆောင်ခရငွေကျပ် (၁၉,၈၈၄) (ထောင်) တို့ကို အသီးသီး ဆောင်ရွက်နိုင်ခဲ့ပါသည်။ သယ်ယူပို့ဆောင်ရေး သမဝါယမပိုင်အခန်းတွင် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်းများဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပို့ဆောင်ရေးအပိုင်းတွင် မြို့အင်္ဂါရုပ်နှင့်အညီ သုံးဘီးဆိုင်ကယ်များ ကို Light Truck ယာဉ်ငယ်များဖြင့် အစားထိုးပြောင်းဆွဲခြင်း၊ ပဲခူး-ရန်ကုန်-ညောင်လေးပင် အမှတ်(၅)၊ အမှတ်(၆) Hilux ယာဉ်ငယ်လိုင်းများကို Mini Bus များဖြင့်ပြောင်းလဲ ပြောင်းဆွဲခြင်းဖြင့် ခရီးသွားပြည်သူများကို သွားလာရေး အဆင်ပြေစေရန် ဝန်ဆောင်မှု ပေးခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် နယ်သာလန်နိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် ထုတ်လုပ်ပြီး ကျပ် (၃၀၃,၉၆၀) (ထောင်) တန်ဖိုးရှိသည့် (ဃ နှင့် င) ယာဉ်မောင်းစစ်ဆေးသည့် စက်အား (၁၇.၃.၂၀၁၅) နေ့မှ စတင် အသုံးပြုလျက်ရှိပါသည်။ ယာဉ်စီးရေ (၁၈,၀၆၈) စီး၊ ယာဉ်မောင်းလိုင်စင် (၃၀၈,၀၇၇) စောင်ရေ၊ ဆိုင်ကယ်စီးရေ (၃၅၉,၆၇၇) စီးတို့အား မှတ်ပုံတင် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ တပ်ဆင်အသုံးပြုမှုတွင် ပဂ္ဂလိက ကုမ္ပဏီများ၏ ထိုးဖောက်ဝင်ရောက်မှုအားကောင်းလာခြင်းကြောင့် ပြည်သူများ ဆက်သွယ်မှုစနစ် ပိုမိုကောင်းမွန်လာပြီး ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက် လာပါသည်။ အော်ရီဒူးကုမ္ပဏီမှ တာဝါတိုင် (၁၈၁) တိုင်နှင့် တယ်လီနောကုမ္ပဏီမှ တာဝါတိုင် (၂၁၅) တိုင်ကို တည်ဆောက် ခဲ့ပါသည်။၂၀၁၄ ခုနှစ် ဒုတိယ(ဖ) လပတ်မှ စတင်၍ အော်ရီဒူးနှင့် တယ်လီနောကုမ္ပဏီများ၏ ဆက်သွယ်ရေး ကွန်ယက် ဝန်ဆောင်မှုလုပ်ငန်းများ အသုံးပြုလာနိုင်ပြီး ဖြစ်ပါ၍ ဆက်သွယ်ရေး ကဏ္ဍ၏ ဝင်ငွေများ တိုးတက်လာခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ အခြေခံ သမဝါ ယမ အသင်းများသို့ ပံပိုးချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေး နိုင်ခဲ့ပါသည်။ ပဂ္ဂလိကဘဏ် (၄၂) ခု နှင့် သမဝါ ယမ ဘဏ် (၆)ခု စုစုပေါင်း ဘဏ်(၄၈) ခုထိ တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အသေးစား ငွေရေးကြေးရေး ဥပဒေ ထုတ်ပြန်ထား ပြီးဖြစ်၍ အသေးစားချေးငွေ လုပ်ကိုင်ခွင့်လိုင်စင်များကို ထုတ်ပေးခဲ့ ပါသည်။ သမဝါ ယမ၊ INGO ,NGO (၂၁) ဖွဲ့ကို လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခဲ့ပြီး၊ အဆိုပါအဖွဲ့အစည်း များမှ ချေးငွေ ကျပ် (၁၅,၃၉၀.၃) သန်း ထုတ်ချေးပေးခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ တိုင်းဒေသကြီးတွင် ခရိုင်ကျန်းမာရေးရုံး၊ စားသုံးသူ ရေးရာဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ အမှတ်(၁) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲရုံး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးရုံးသို့ စက်မှု ဝန်ကြီးဌာန (၅) ခုမှ ဝန်ထမ်းပြောင်းရွှေ့လာခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စုစုပေါင်း ဝန်ထမ်းဦးရေ (၁,၂၆၉) ဦးတို့ ထပ်မံတိုးလာသောကြောင့် လစာများတိုးလာခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ (၂၈) မြို့နယ်အတွက် လိုအပ်သော ဆေးဝါးစရိတ်များကို ယခင်နှစ် ထက်တိုးတက် သုံးစွဲခွင့်ပြုခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့သည် ဖွဲ့စည်းပုံ အသစ်အရ ယခင် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်မှ ယခုညွှန်ကြားရေးမှူး အဆင့်သို့ တိုးမြှင့်ခဲ့၍ လစာနှင့် အသုံးစရိတ်များ ပိုမိုလာခဲ့ ပါသည်။

ပညာရေးတွင် အခြေခံပညာအနေဖြင့် အထက(ခွဲ)မှ အထကသို့ (၂၀)ကျောင်း၊ အမကမှ မူလတန်း(လွန်)ကျောင်းသို့ (၈၃) ကျောင်း၊ အမကခွဲမှ အမကသို့ (၃၃) ကျောင်း၊ တွဲဘက်အမက နှင့် ကိုယ့်အားကိုယ်ကိုးကျောင်းမှ အမကခွဲသို့ (၁၁၃) ကျောင်း၊ အလကမှ အထကခွဲသို့ (၃၃) ကျောင်း၊ အလကခွဲမှ အလကသို့(၄၂)ကျောင်း၊ အမကမှ အလကခွဲသို့ (၆၄) ကျောင်း၊ စုစုပေါင်း (၃၃၈) ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းအဆောက်အဦသစ်ကို ကျပ် (၇၄,၀၄၇.၀၀) သန်းဖြင့် ဆောက်လုပ်ခဲ့ပါသည်။ အထက်တန်းကျောင်း (၁၇၂) ကျောင်း၊ အလယ်တန်း ကျောင်း(၂၄၅) ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း စုစုပေါင်း (၄,၀၉၀) ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။ ယခင်နှစ်ကထက် (၃၃) ကျောင်း တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

ကျန်းမာရေးတွင် (၂၀၀) ကုတင်ဆံ့ ဆေးရုံ (၃) ရုံ၊ (၁၀၀) ကုတင်ဆံ့ဆေးရုံ (၃) ရုံ၊ (၅၀) ကုတင်ဆံ့ဆေးရုံ(၈)ရုံ၊ (၂၅) ကုတင်ဆံ့ ဆေးရုံ (၁၅)ရုံ၊ တိုက်နယ်ဆေးရုံ(၇၂)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၁၅၆) ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၈၁၂)၊ ငှက်ဖျား တိုက်ဖျက်ရေးဌာန(၂)ခု၊ အနာကြီးရောဂါတိုက်ဖျက်ရေး (၃) ခု၊ တီဘီရောဂါ တိုက်ဖျက်ရေးဌာန (၉) ခု၊ မိခင်ကလေးကျန်းမာရေး ဌာန (၃၀) ခု၊ ဒေသန္တရကျန်းမာရေးဌာန (၄) ခု ဖွင့်လှစ်ထားပါသည်။ တိုက်နယ် ဆေးရုံ(၁၃) ရုံ၊ ကျေးလက်ကျန်းမာရေး ဌာန(၁၆)ခု နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၁၆) ခု တို့ကို ဆောက်လုပ်ခဲ့ပါသည်။ တိုင်းဒေသကြီး ကျန်းမာရေးဌာနမှ ကုတင် (၁၀၀) နှင့် လက်အောက်ခံမြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ အတွက် ဆေးကုမ္ပဏီ (၄၇) ခုမှ ဆေးအမျိုးအစား (၁၆၀) ခန့်ကို ဆေးဝါးဝယ်ယူဖြန့်ဖြူးခွင့် ရရှိသည့် ရန်ပုံငွေဖြင့် တင်ဒါဖွင့်ဖောက်ဝယ်ယူခဲ့ပြီး (၂၈) မြို့နယ် အရောက် ဆေးကုမ္ပဏီများမှ ဖြန့်ဖြူးပေးပို့ခဲ့ပါ သည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ပဲခူးတိုင်းဒေသကြီးသည် ရေမြေသဘာဝအနေအထားကောင်းမွန်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်များဆိုင်ရာ ဆွဲဆောင်မှုများကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်နိုင်သောဒေသတစ်ခု ဖြစ်ပါသည်။ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ အင်တာနက်ဂိမ်းဆိုင်များ၊ အလှပြုပြင်ဆိုင်များ တိုးတက်ခဲ့၍ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပါသည်။

ကုန်သွယ်ရေးကဏ္ဍ။ ပဲခူးတိုင်းဒေသကြီးအတွင်း ထုတ်လုပ်မှု လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ရန်အတွက် ကုန်ထုတ်အရင်းအနှီးများ စုးစိုက်သုံးစွဲလာကြခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့

ကြောင့် ကုန်စည်စီးဆင်းမှု ချောမွေ့မြန်ဆန်လာပြီး ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပါသည်။ ကုန်စည်စီးဆင်းမှု လွယ်ကူ ချောမွေ့စေရန်၊ သယ်ယူစရိတ် ကြီးမြင့် မှုများကို လျှော့ချနိုင်စေရန် အဝေးပြေးကုန်စည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း အသင်းကို ဖွဲ့စည်းခြင်း၊ သီးနှံအမျိုးအစားအလိုက်၊ အစုအဖွဲ့များ၊ သီးနှံဇုန်များဖွဲ့စည်းခြင်း၊ တရားမဝင်လမ်းကြောင်းမှ ကုန်သွယ်မှုများကို လမ်းကြောင်းမှန်ပေါ် ရောက်ရှိရေးအတွက် Mobile Team လှုပ်ရှားတားဆီးရေးအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်ခြင်း၊ ကုန်စည်ဒိုင်များ၊ လက္ကားဈေးကွက်၊ စီးပွားရေးအသင်းအဖွဲ့၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး Public Private Partnership (PPP) ဆောင်ရွက်ခြင်း၊ ကုန်သည်များနှင့် ဆွေးနွေးခြင်း၊ ရာသီအလိုက်သီးနှံများအပေါ် ရိတ်သိမ်းချိန်လွန် နည်းပညာ ကွင်းဆင်းပညာပေးခြင်း၊ ကျေးလက်အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ SMEs ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ ပါသည်။

လျှပ်စစ်မီးရရှိရေး။ ကျေးလက်ဒေသ မီးလင်းရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဘဏ်မှ နှစ်ချင်းဆပ်ချေးငွေရယူ၍ ကျေးလက်မီးလင်းရေးကို ကျေးရွာပေါင်း (၄၇) ရွာ တွင် ဆောင်ရွက်ခဲ့ပါသည်။ ချေးငွေရရှိပြီး ကျေးရွာပေါင်း(၁၈)ရွာ၊ ချေးငွေကျပ် (၇၉၆.၇၁) သန်း ဖြစ်ပါသည်။ ကျန်ကျေးရွာ (၂၉) ရွာအတွက် ချေးငွေရရှိရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) နှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်သို့ တင်ပြဆောင်ရွက်ထားဆဲ ဖြစ်ပါသည်။

သောက်သုံးရေရရှိရေး။ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ ရေကန်အဆင့်မြှင့်တင်ခြင်း၊ အခြားလုပ်ငန်းများအတွက် မြို့ပြရေပေးရေး (၄၉)ခု ကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ခွင့်ပြုငွေကျပ် (၁၃၂.၂၈၄) သန်း၊ ကျေးလက် ရေပေးရေး (၇၈) ခု အတွက် ခွင့်ပြုငွေကျပ် (၇၀.၄၇၆၉၉)သန်း၊ စုစုပေါင်းကျပ် (၂၀၂.၇၆၀၉၉) သန်းဖြင့် ဆောင်ရွက်ခဲ့ ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ကျေးလက် ရေပေးရေးအတွက် တွင်းတိမ် (၁၃၀) ခု၊ တွင်းနက် (၁၁၄) ခု၊ လက်တူးတွင်း(၂၆) ခု၊ မြေသား ရေကန်(၁၀၄) ကန် တူးဖော်ခြင်းနှင့် အခြားလုပ်ငန်း (၂၁) ခု အပါအဝင်လုပ်ငန်း ပေါင်း (၃၉၅) ခုကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြို့နယ် (၄) မြို့နယ်တွင် စက်ရေတွင်း(၅) တွင်း၊ မြေသားကန် (၇) ကန်ကို ကျပ်(၄၈.၀) သန်းဖြင့် Unicef ထောက်ပံ့ငွေဖြင့် ဆောင်ရွက် နိုင်ခဲ့ပါသည်။

စိုက်ပျိုးရေရရှိရေး။ ဆည်နှင့်ကန်များမှ ရေပေးဝေနိုင်သော ဧရိယာမှာ ဆည်မှ (၁၇၁,၆၂၈) ဧက၊ ရေတံခါး(၇,၁၄၅) ဧက၊ တမံပိတ်(၂၉,၂၁၅) ဧက၊ လျှပ်စစ်မြစ်ရေတင်

(၃,၁၉၁) ဧက၊ အင်းအိုင်(၁၅,၁၄၆)ဧက၊ စက်ရေတွင်း (၁၄၉) ဧက၊ နွေစပါး နည်းလမ်းအလိုက် စပါး/ငါး (၂,၄၉၃) ဧက၊ စကမုရင်း (၅,၁၉၆) ဧက၊ မုရင်း (၁၁,၅၅၅) ဧက၊ စုစုပေါင်း (၂၄၅,၇၁၈) ဧက ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး။ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသခံတောင်သူများ၊ ပြည်သူများ ပူးပေါင်း၍ မျိုးပြောင်းစိုက်ပျိုးခြင်း၊ အထွက်ကောင်း၊ အထွက်တိုး သီးနှံမျိုးများ ထုတ်လုပ် ဖြန့်ဖြူးခြင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးသို့ ကူးပြောင်းခြင်း၊ ကျေးရွာ တစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) လုပ်ငန်းတူ အစုအဖွဲ့များမှတစ်ဆင့် အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်း တိုးတက်လာစေခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ မိုဘိုင်းဖုန်းများ တိုးတက်သုံးစွဲလာခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးမှု တိုးတက်လာခြင်း၊ မြို့ပြရေပေးရေး၊ ကျေးလက်သောက်သုံးရေရရှိရေး စသည့် အခြေခံ အဆောက်အဦများ တိုးတက်လာခြင်းတို့သည် ဆင်းရဲမှုကို လျော့ကျစေသည့် အကြောင်းရင်း များဖြစ်ပါသည်။ စီမံကိန်းများအရ ဆောင်ရွက်သည့် တည်ဆောက်မှု လုပ်ငန်းများသည်လည်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေး၍ မိသားစုဝင်ငွေ တိုးပွားစေပြီး ဆင်းရဲမှု လျော့ကျစေပါသည်။

ကျေးလက်ဒေသ ငါးစားသုံးမှုတိုးတက်စေရန်နှင့် ငါးသယ်ဓာတများ ပေါများစေရန် ရည်ရွယ်၍ ဆည်၊ ရေလှောင်တမံ၊ သဘာဝရေပြင် (၅၁) ခုအတွင်း နှစ်စဉ်နှစ်တိုင်း ငါးမြစ်ချင်း၊ ရွှေဝါ ငါးကြင်း၊ ငါးခုံးမ၊ တီလားပီးယားသားပေါက်များ ထည့်သွင်း မွေးမြူနိုင်ခဲ့ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်ရန် ကျေးရွာပေါင်း (၁၅၃) ရွာအား ရွေးချယ်ထားရာ ထိုကျေးရွာများရှိ ငွေချေးယူသူ ကျေးလက် နေပြည်သူ (၂၁,၆၃၀) ဦးကို ကျပ် (၄၃,၈၉၆.၆) သန်းထုတ်ချေး နိုင်ခဲ့ပါသည်။ ကျေးလက်ရေပေးရေးလုပ်ငန်း (၃၉၅) ခု၊ ကျေးလက် မီးလင်းရေး လုပ်ငန်း ဆိုလာ (၂၇,၈၁၂) ခု၊ လျှပ်စစ်ဓာတ်အား (၂၂) ခု၊ အသေးစားရေအား (၅) ခု၊ ကျေးလက် အိမ်သာလုပ်ငန်း (၃၆) လုံး၊ ကျေးလက်အိမ်ရာ လုပ်ငန်း (၉၉) လုံးတို့ကိုဆောင်ရွက်နိုင် ခဲ့ပါသည်။

အလုပ်အကိုင်ရရှိရေး။ စက်မှုနယ်မြေများဖွင့်လှစ်၍ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးအတွင်းတည်ဆောက် လည်ပတ်ပြီးသော စက်ရုံ၊ အလုပ်ရုံ (၃၉) ခုတွင် အလုပ်သမား (၁၉,၉၈၁) ဦးဝင်ရောက်လုပ်ကိုင်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ပဲခူးစက်မှုနယ်မြေ၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများတွင် အလုပ်သမားဦးရေ

(၄,၅၀၀)ခန့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခဲ့ပါသည်။ လက်ရှိ ဆောင်ရွက်နေသော စက်ရုံအချို့နှင့် အလုပ်သမား အင်အားများမှာ-

(၁)	မြန်စတားအထည်ချုပ်စက်ရုံ	လုပ်သား (၁,၇၅၂)ဦး
(၂)	ဆု(စ်)စတားအထည်ချုပ်စက်ရုံ	လုပ်သား(၁,၄၇၄)ဦး
(၃)	ယန်စီကျန်အထည်ချုပ်စက်ရုံ	လုပ်သား(၁,၂၉၃)ဦး
(၄)	ပဲခူး Sports လက်အိတ်စက်ရုံ	လုပ်သား(၃၀၄)ဦး
(၅)	မြန်မာNew Hope အစာစပ်စက်ရုံ	လုပ်သား(၆၁)ဦး
(၆)	Hung Kiu အထည်ချုပ်စက်ရုံ	လုပ်သား(၂,၂၆၁)ဦး
(၇)	Melody Global ရှူးဖိနပ်စက်ရုံ	လုပ်သား(၂၄၃)ဦး
(၈)	Delta AIG ကားထိုင်ခုံအစွပ်စက်ရုံ	လုပ်သား(၄၅)ဦး
(၉)	မြန်မာ Dwpp အထည်ချုပ်စက်ရုံ	လုပ်သား(၁,၁၃၀)ဦး
(၁၀)	Carlsberg ဘီယာစက်ရုံ	လုပ်သား(၅၉)ဦး
(၁၁)	ချင်စုအထပ်သားစက်ရုံ	လုပ်သား(၈၅၅)ဦး
(၁၂)	အင်းလေးရှူးဖိနပ်စက်ရုံ	လုပ်သား(၃,၁၇၁)ဦး

တို့ဖြစ်ပြီး တိုင်းဒေသကြီး အတွင်းရှိ ဒေသခံပြည်သူများ ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သရေခေတ္တရာ ယဉ်ကျေးမှုဇုန်၊ ကမ္မောဇသာဒီ နန်းတော်ရာနှင့် ပဲခူးယဉ်ကျေးမှုဇုန်တို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံခြားသား ခရီးသွားဧည့်သည် (၁၃၂,၅၅၃) ဦး နှင့် ပြည်တွင်းခရီးသွားဧည့်သည် (၁၉၂,၈၇၆) ဦး၊ စုစုပေါင်း (၃၂၅,၄၂၉) ဦးတို့ လာရောက် လည်ပတ်ခဲ့ကြပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လည်ပတ်သူဦးရေမှာ (၂၆၃,၄၇၇) ဦး ဖြစ်သဖြင့် ယခင်နှစ်အလားတူကာလထက် (၂၃.၅) ရာခိုင်နှုန်းပို၍ လာရောက်ခဲ့ကြပါသည်။ လက်ရှိ အနေအထားအရ တိုင်းဒေသကြီးအတွင်းတွင် ဟိုတယ်၊ မိုတယ်၊ အင်း(၄၃) လုံးနှင့် တည်းခိုနိုင်သည့် အခန်းဦးရေ (၁,၁၀၂) ခန်း၊ တည်းခိုခန်းဦးရေ (၁၅၂) လုံး နှင့် တည်းခိုနိုင်သည့် အခန်းအရေအတွက် (၁,၇၇၂) ခန်းရှိပါ သည်။

သဘာဝဘေးအန္တရာယ်များဆိုင်ရာစီမံခန့်ခွဲရေး။ ပဲခူးတိုင်းဒေသကြီးတွင်ဖြစ်ပွားသော ဘေးအန္တရာယ်များမှာ မီးဘေး၊ လေဘေး၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးအန္တရာယ်၊ ကမ်းပြိုခြင်းများ ဖြစ်ပါသည်။ပဲခူးမြစ်သည် မြို့အလယ်တွင် စီးဆင်းနေသဖြင့် မိုးရာသီတွင် မိုးရွာသွန်းမှုများပြီး မြစ်ရေကြီးပါက အနိမ့်ပိုင်း လူနေရပ်ကွက်အချို့သို့ ရေဝင်ရောက်ခြင်း၊ မဒေါက်မြစ်ရေ

ကြီးမှုကြောင့် ရွှေကျင်မြို့နှင့် ညောင်လေးပင်မြို့ အနိမ့်ပိုင်း ကျေးရွာ/ရပ်ကွက်များသို့ ရေ ဝင်ရောက်ခြင်းတို့ကြောင့် နှစ်စဉ် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် မြစ်ရေမြင့်တက်မှု၊ မိုးအဆက် မပြတ်ရွာသွန်းမှုကြောင့် ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင် မြို့နယ်၊ ဝေါမြို့နယ်များတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရပြီး ဒေသခံ ပြည်သူများအခက်အခဲများနှင့် ကြုံရခြင်း၊ နောက်ဆက်တွဲရောဂါများ ဖြစ်ပွားခြင်းတို့ကို ခံစားခဲ့ရပါသည်။

အနာဂတ်ကာလတွင် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် ချောင်းကော မြောင်းကော များ ပြုပြင်မွမ်းမံခြင်း၊ ဆည်မြောင်းတာတမံများ တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်း တို့ အပြင် ရေမြုပ်ခံစပါး၊ ရက်တိုစပါးမျိုးများ အသင့်ထားရှိခြင်း၊ တောင်သူများအား စိုက်နည်းစနစ် များ ကြိုတင်ပညာပေးခြင်း၊ ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ ဝယ်ယူထားရှိခြင်း၊ သိုလှောင် စုဆောင်းထားရှိခြင်းများ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်လျော့ပါးစေရေးအတွက် ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်အခြေ အနေများ ဖြစ်ပေါ်လာပါက စီမံခန့်ခွဲနိုင်ရန် စီမံခန့်ခွဲမှု ကော်မတီများကို အဆင့်ဆင့် ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးသည် သဘာဝမှပေးသော လက်ဆောင်ကောင်းများ ရရှိထားသည့် ရေမြေဒေသ အနေအထားကောင်းမွန်ခြင်း၊ စီးပွားရေးအချက်အခြာဖြစ်သည့် ရန်ကုန်မြို့နှင့် မြို့တော် နေပြည်တော်တို့၏ အကြားတည်ရှိနေခြင်းတို့ကြောင့် ပြည်သူဗဟိုပြုလုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် စက်မှုကဏ္ဍကြီးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည့်အပြင် စက်မှုနယ်မြေများ ထူထောင်ပေးခြင်းဖြင့် ဒေသခံ ပြည်သူများနှင့် ပတ်ဝန်းကျင်ဒေသများရှိ ပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံရန် အလား အလာကောင်းများရှိနေခြင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် ရင်းနှီး မြှုပ်နှံမှုများ ပြုလုပ်နိုင်ရန်ညှိနှိုင်း ဆွေးနွေးမှုများရှိခဲ့၍ ပြည်တွင်းပြည်ပ ကုန်ထုတ်လုပ်ငန်းများမှ ထွက်ရှိလာသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ရောက်ရှိစေရန် သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးမှုအခွင့်အလမ်းကောင်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ ကဏ္ဍ အလိုက် ဦးစားပေးအစီအစဉ်များဖြင့် ဖြစ်ပေါ်ပြောင်းလဲလာသော စီးပွားရေးအခြေအနေ အရပ်ရပ်ပေါ် မူတည်ပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

မကွေးတိုင်းဒေသကြီး



တည်နေရာ = အရှေ့လောင်ဂျီတွဒ် - ၉၃ ဒီဂရီ ၅၂ မိနစ်နှင့် ၉၅ ဒီဂရီ ၅၁ မိနစ် အတွင်း မြောက်လတ္တီတွဒ် - ၁၈ ဒီဂရီ ၅၂ မိနစ် နှင့် ၂၂ ဒီဂရီ ၄၃ မိနစ် အတွင်း

အကျယ်အဝန်း = ဧရိယာ ၁၇,၃၀၅.၃၂ စတုရန်းမိုင် ၁၁,၀၇၅,၄၀၅ ဧက

မြို့တော် = မကွေးမြို့

လူဦးရေ = ၃,၉၂၄(ထောင်)(၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်)

ထူးခြားမှတ်သား = မကွေးမြသလွန်၊မင်းဘူးရွှေစက်တော်ဘုရား

ခရိုင် = ၅ ခု

မြို့နယ် = ၂၅ မြို့နယ်

ကျေးရွာ = ၄,၇၉၅ ရွာ

အဓိကစီးပွားရေး = လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ

ဆက်စပ်ဒေသများ = အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင်ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မြောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တောင်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၆,၁၃၉,၁၃၂.၃) သန်း ဖြစ်ပေါ်ရန် နှင့် **ပုံမှန်ဈေးနှုန်း** အရ (၈.၂) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၊ ဒေသန္တရစီမံကိန်းရည်မှန်းချက် အပေါ်မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး နှင့် တိုးတက်မှုနှုန်း



ဇစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၅,၉၅၂,၇၇၉.၅) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၇.၀) ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ (၈.၇) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၂၇) မကွေးတိုင်းဒေသကြီး
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)



ဇစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ လယ်ယာကဏ္ဍကြီးသည် မကွေးတိုင်းဒေသကြီး၏ စီးပွားရေး အခြေအနေတွင် ပါဝင်မှုအများဆုံးကဏ္ဍ ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး၏ မြေအသုံးချမှုအခြေအနေတွင် စိုက်ပျိုးနိုင်သည့်မြေရိုင်းများ ပိုမိုတိုးချဲ့စိုက်ပျိုးလာနိုင်ခြင်းကြောင့် မြေရိုင်းဧရိယာများ လျော့နည်းပြီး အသားတင်စိုက်ပျိုးမြေဧရိယာ တိုးမြှင့်ခဲ့ပါသည်။ အထွက်နှုန်းမြင့်မား၍ အရည်အသွေး ကောင်းမွန်သည့် ပြည်ပဈေးကွက်ဝင် စပ်မျိုးစပါး (Hybrid Rice) ကို ဒေသရေမြေအခြေအနေပေးသည့် ဧရိယာများတွင် ဧက(၅,၀၀၀) ပွားများ စိုက်ပျိုးနိုင်ခဲ့ပါသည်။

ပွင့်ဖြူမျိုးသန့်ခြံ၌ မျိုးသန့်မျိုးပွား မျိုးစေ့ ဧက (၁၀၀) ဖြင့် နှစ်စဉ်ပွားများထုတ်လုပ်ပြီး တိုင်းဒေသကြီးအတွင်း မျိုးသန့်ခုံအဖြစ် ဖြန့်ဖြူးစိုက်ပျိုးမည်ဖြစ်ပါသည်။ မနောသုခ ဧက (၃,၃၀၀)၊ ဆင်းသုခ ဧက(၅၀၀)၊ ရတနာတိုး ဧက(၃၀၀)နှင့် ရွှေပြည်ဌေး ဧက(၃၀၀)၊ ဧရာမင်း ဧက (၁၀၀)နှင့် စုစုပေါင်းဧက(၁,၅၀၀) ပွားများပြီး အကျိုးပြုဧက (၇၅,၀၀၀)ကို မျိုးသန့်ပွားများ စိုက်ပျိုးနိုင်ခဲ့ပါသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း အဆင့်မြင့်သီးနှံစိုက်ခင်းများ၊ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများကို မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ တောင်သူဦးရေ (၂၆၇) ဦးကို ရွေးချယ်၍ လေ့လာရေးခရီး ပို့ဆောင်ပေးခဲ့ပါသည်။

ငွေချည်(ဖ)ချည်မျှင်ရှည်ဝါ သိပ္ပံနည်းကျစိုက်နည်းစနစ် (Good Agriculture Practice) (၁၀)ချက်ဖြင့် မြို့နယ် (၂၁)မြို့နယ်တွင်(၅)ဧက စံပြကွက် (၅၂)ကွက် နှင့် ဧက(၁၀၀) စံပြကွက် (၄)ကွက် စိုက်ပျိုးရန် လျာထားသတ်မှတ်ပြီး ကြံသီးနှံအနေဖြင့် မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် (၃) ဧက၊ သရက်ခရိုင်၊ အောင်လံမြို့နယ်တွင် (၄) ဧက၊ ကံမမြို့နယ်တွင်(၂) ဧက၊ စုစုပေါင်း တစ်ဧက စံပြကွက် (၉)ကွက်ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

ဆည်မြောင်းဦးစီးဌာန(မြို့ပြ) မှ ဆည်၊ ကန်၊ တမံ (၆၁) ခု၊ ကျေးလက်ဖွံ့ဖြိုးရေးဆည် (၉၉၇) ခု၊ လျှပ်စစ်မြစ်ရေတင် (၁၃) ခုတို့ မှ (၄၇၁,၉၃၉) ဧက သို့ ရေပေးဝေနိုင်ခဲ့ပါသည်။ လယ်ယာသုံး စက်ကိရိယာများအနေဖြင့် ထွန်စက် (၈၂၀) စီး၊ လက်တွန်းထွန်စက် (၉,၄၇၇) စီး၊ ရေစုပ်စက် (၁၅,၂၃၄) လုံး၊ ချွေလှေ့စက် (၁,၅၅၆) ခု၊ ရိတ်သိမ်းချွေလှေ့စက်(၂၃) လုံးတို့ကို အသုံးပြုခဲ့ပါသည်။ မိုးစပါး (၉၁၆,၃၈၇) ဧက၊ နွေစပါး(၁၂၂,၅၆၂)ဧက၊ ပဲအမျိုးမျိုး(၂,၁၂၂,၃၉၆) ဧက၊ ဆီထွက်သီးနှံများ (၂,၄၂၂,၂၁၅) ဧကနှင့် အခြား စက်မှုသုံးသီးနှံများ (၉၇၇,၆၃၀) ဧက စုစုပေါင်း (၇,၉၄၆,၁၈၁) ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါး (၆၇,၄၀၉)တင်း၊ နွေစပါး (၁၂,၄၀၂) တင်း၊ ပဲတီစိမ်း (၁၁,၄၇၈) တင်း၊ ကုလားပဲ (၄,၄၂၅) တင်း၊ ပဲစဉ်းငုံ (၈,၁၀၀) တင်း၊ မြေပဲ (၃၀,၉၂၂) တင်း၊ နှမ်း (၁၅,၈၁၈) တင်း၊ ချဉ်မျှင်ရှည်ဝါ (၁၆၅,၉၃၄)ပိဿာ ထွက်ရှိခဲ့ပါသည်။

သားငါးကဏ္ဍ။ သားငါးကဏ္ဍတွင် မွေးမြူသူ အစုအဖွဲ့အနေဖြင့် ဒေသန္တရ (၁၈၅) ဖွဲ့၊ နို့စားနွား (၆၉)ဖွဲ့၊ ဝက်မွေးမြူရေး (၂၅၁)ဖွဲ့၊ ဆိတ်မွေးမြူရေး (၂၆၂)ဖွဲ့၊ အသားစားကြက် မွေးမြူရေး (၄၄)ဖွဲ့၊ ဒေသကြက်မွေးမြူရေး (၁၈)ဖွဲ့၊ ဘဲမွေးမြူရေး (၁)ဖွဲ့၊ စုစုပေါင်းအစုအဖွဲ့ (၈၃၀)ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ တိရစ္ဆာန်မွေးမြူရေးအနေဖြင့် ဒေသနှင့်ကိုက်ညီသော ကျွဲ (၁၆၉,၃၃၅) ကောင်၊ နွား (၂,၈၅၅,၅၈၇)ကောင်၊ သိုး (၇၈၁,၃၆၃)ကောင်၊ ဆိတ် (၃,၃၁၂,၈၂၄) ကောင်၊ ဝက် (၃,၃၆၃,၁၃၂) ကောင်၊ ကြက် (၄၂,၂၇၁,၈၃၀) ကောင်၊ ဘဲ (၃၆၇,၀၉၂)ကောင်နှင့် ကြက်ဆင်ဘဲငန်း (၁၇,၆၄၈) ကောင်တို့ကို မွေးမြူနိုင်ခဲ့ပါသည်။ မွေးမြူရေးငါး နှင့် ရေချိုငါး ထုတ်လုပ်မှုများတိုးတက်စေရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် အသေးစားငါးဖောက်ရုံ(၇)ခု တိုးချဲ့ ဖွင့်လှစ်၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ မြန်မာ့အဖိုးတန်သစ်တောများ အခွန်ရှုံးကြောင်း တည်တံ့စေရန် သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစနစ် (Sustainable Forest Management) ဖြစ်သည့် မြန်မာ့ရွေးချယ်ခြင်းစနစ် (Myanmar Selection System)ဖြင့် လုပ်ကိုင်လျက် ရှိပါသည်။ မကွေးတိုင်းဒေသကြီး

အတွင်း သစ်တောကြိုးဝိုင်းဧရိယာ (၂,၂၈၃,၁၁၉) ဧက၊ ကြိုးပြင်ဧရိယာ (၃၂၅,၁၈၆) ဧက၊ သဘာဝတောထိန်းနယ်မြေ ဧရိယာ (၄၀,၆၂၃) ဧက နှင့် အခြားတောရိုင်းမြေ (၂,၀၄၃,၈၃၉) ဧက ရှိပါသည်။ နိုင်ငံပိုင်သစ်စက် (၇) လုံး နှင့် ပုဂ္ဂလိကပိုင် သစ်စက် (၁၆၀) ဖြင့် ထုတ်လုပ်ဆောင်ရွက်လျက် ရှိပါသည်။ ကျွန်းနှင့် သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာမျော နှင့် ထင်း စသည့် သစ်တောထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ရေနံစိမ်းထုတ်လုပ်ခဲ့ပါသည်။ နိုင်ငံပိုင်ရေနံစိမ်းတွင်း များပြုပြင်ခြင်း၊ တွင်းဟောင်းများအား ပြန်လည်တူးဖော်ခြင်း၊ သဲကြောတိုးချဲ့ သေနတ်ဖောက်ခြင်း၊ တွင်းသစ်များ တူးဖော်ခြင်းတို့ကြောင့် ရေနံစိမ်းများ ပိုမိုထွက်ရှိခဲ့ပါသည်။ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ရေး ကုမ္ပဏီများအနေဖြင့် ရေနံတွင်း (၁၀,၁၀၀) ဖြင့် ထုတ်လုပ်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ အဓိကအားဖြင့် ပုဂ္ဂလိကပိုင်အခန်းမှ အခြားကျောက် နှင့် ကျောက်မီးသွေး ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ကျောက်မီးသွေး ထုတ်လုပ်မှုမှာ အမှတ် (၃) သတ္တုတွင်းလုပ်ငန်း၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီ(၃) ခု တိုး ထုတ်လုပ်နိုင်ခဲ့ပါသည်။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၏ ခွင့်ပြုချက်ဖြင့် မင်းဘူးခရိုင်အတွင်း၌ ခရိုမိုယမ်၊ ကြေးနီနှင့် ရောရာသတ္တုရိုင်းများ ထုတ်လုပ်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ စက်မှုဝန်ကြီးဌာန အောက်ရှိအချို့ရည်နှင့် ရေခဲစက်ရုံ (မကွေး) ၊ ဆပ်ပြာစက်ရုံ(မကွေး)၊ ပြောင်းဖူးဆီစက်ရုံ (တောင်တွင်းကြီး)၊ ဟိုက်ဒြိုက္ကျင်ပါအောက်ဆိုဒ်စက်ရုံ (ချောက်)၊ အမှတ် (၁၁) အထည်စက်ရုံ (ပခုက္ကူ) တို့မှာ ပုဂ္ဂလိကသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပြုထားသည့်အတွက် လုပ်ခ (နဝါလီ)သာ ရရှိ၍ နိုင်ငံပိုင်အခန်းထုတ်လုပ်မှု လျော့နည်းသော်လည်း ပုဂ္ဂလိကပိုင်အခန်းမှ ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်း၊ မြို့နယ်တိုင်းတွင် သောက်ရေသန့်စက်ရုံများ တည်ထောင်လာနိုင်ခြင်းနှင့် နည်းပညာအဆင့်မြှင့် အထွေထွေစက်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်လာခြင်းတို့ကြောင့် ထုတ်လုပ်မှု တိုးတက်လာပါသည်။ စက်မှုကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ ရေနံချောင်းစက်မှုဇုံနှင့် ပခုက္ကူ စက်မှုဇုံ(၂)ဇုံ အပါအဝင် စက်မှုကြိုးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ မှတ်ပုံတင်ထားသော လုပ်ငန်းကြီး (၁၆၇)ခု၊ လုပ်ငန်းလတ် (၃၄၈)ခု၊ လုပ်ငန်းငယ် (၂,၄၄၁)ခု၊ စုစုပေါင်းလုပ်ငန်းဦးရေ (၂,၉၅၆)၊ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် (၁၁,၆၇၄.၆၂၈)၊ U S $ (၀.၂၃၂) သန်းဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

လျှပ်စစ်ဓါတ်အားကဏ္ဍ။ ဒေသအတွင်းရှိ မြစ်ချောင်းများ၏ အရင်းအမြစ်အပေါ် အခြေခံ၍ အကောင်အထည်ဖော်လျက်ရှိရာ ထရန်စဖော်မာလုံးရေ (၁၀) အသစ်တည်ဆောက်ခြင်း၊ (၁၁) ကေဗွီဓာတ်အားလိုင်း (၁၀,၇၅၀) ပေ အသစ်တည်ဆောက်ခြင်း၊ ဗို့ (၄၀၀) ဓာတ်အားလိုင်း (၄၈,၆၄၀) ပေ အသစ်တည်ဆောက်ခြင်း၊ သံတိုင်၊ သစ်သားတိုင်(၄၅၀) ကို ကွန်ကရစ်တိုင် များဖြင့် အသစ်လဲလှယ်ခြင်း၊ (၅)အမ်ဗွီအေ ခွဲရုံအသစ်(၁)ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပခုက္ကူခရိုင်တွင် ထရန်စဖော်မာ(၂၈)လုံး အသစ်တည်ဆောက်ခြင်း၊ (၁၁)ကေဗွီ ဓာတ်အားလိုင်း (၂၀၅,၉၄၃.၆) ပေ အသစ်တည်ဆောက်ခြင်း၊ ဗို့ (၄၀၀) ဓာတ်အားလိုင်း (၁၃၁,၀၉၁.၆) ပေ အသစ်တည်ဆောက်ခြင်း၊ သံတိုင်၊ သစ်သားတိုင် (၁၂၆) ကို ကွန်ကရစ်တိုင်များဖြင့် အသစ်လဲလှယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ မင်းဘူးခရိုင်တွင် ထရန်စဖော်မာလုံးရေ (၁၀) အသစ်တည်ဆောက်ခြင်း၊ (၁၁)ကေဗွီ ဓာတ်အားလိုင်း (၁၆,၃၄၂)ပေ အသစ်တည်ဆောက်ခြင်း၊ ဗို့ (၄၀၀) ဓာတ်အားလိုင်း (၂၁,၃၃၆.၄)ပေ အသစ်တည်ဆောက်ခြင်း၊ သံတိုင်၊ သစ်သားတိုင်(၃,၇၀၅)တိုင်ကို ကွန်ကရစ်တိုင်များဖြင့် အသစ်လဲလှယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ သရက်ခရိုင်တွင် ထရန်စဖော်မာ (၇)လုံး အသစ်တည်ဆောက်ခြင်း၊ (၁၁)ကေဗွီဓာတ်အားလိုင်း ပေ (၂၉,၀၀၀) အသစ်တည်ဆောက်ခြင်း၊ ဗို့ (၄၀၀) ဓာတ်အားလိုင်း ပေ (၃,၀၀၀) အသစ်တည်ဆောက်ခြင်း၊ သံတိုင်၊ သစ်သားတိုင် (၁၃၈) ကို ကွန်ကရစ်တိုင်များဖြင့် အသစ်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဂန့်ဂေါခရိုင်တွင် ထရန်စဖော်မာ (၃)လုံး အသစ်တည်ဆောက်ခြင်း၊ (၁၁)ကေဗွီ ဓာတ်အားလိုင်း (၄,၇၅၀) ပေ အသစ်တည်ဆောက်ခြင်း၊ ဗို့ (၄၀၀)ဓာတ်အားလိုင်း (၂,၆၄၀) ပေ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကတ္တရာလမ်းသစ်ခင်းခြင်း (၁၄၁/၅.၇၃) မိုင်၊ ကတ္တရာလမ်းခွဲခြင်း (၁၈၅/၀.၅၆) မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁၀၂/၃.၂၈၇) မိုင်၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၆၉/၂.၀၉) မိုင်၊ လမ်းပေါက်ဖာထေးခြင်း(၂၈၉,၀၃၂) စတုရန်းပေ၊ ကျောက်လမ်းခင်းခြင်း (၁၀၉/၀.၁၄) မိုင်၊ အမာခံလမ်းခင်းခြင်း (၁၁၃/၀.၅)မိုင်၊ မြေသားတာဘောင်ခွဲခြင်း(ကျင်း) (၆,၄၈၂,၄၈၁.၄၃)၊ ကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်း (၅၆၄) စင်း လုပ်ငန်းတို့အား ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။ ပေ ၂၀ နှင့်အထက် ပေ ၅၀ အထိ (RCC) တံတား (၃၄) စင်း၊ ပေ ၅၀ အထက် (RCC) တံတား (၄၇) စင်း တည်ဆောက်ခြင်း ၊ သစ်သားတံတားများ ပြုပြင်ခြင်း (၁၄)

စင်း၊ ကွန်ကရစ် ရေကျော် (၂၃) စင်း၊ မြေကာနံရံ တည်ဆောက်ခြင်း (၈၄) ခု (၂၄,၁၅၀)ပေ၊ ကျောက်စီရေမြောင်း ပြုလုပ်ခြင်း (၈၈,၆၃၃) ပေ၊ စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် မြို့ပြလမ်း (၂၁/၁.၈၄) မိုင် အတွက် ကျပ် (၁,၂၃၄.၅,၄၉၂) သန်း၊ မြို့ပြတံတား (၁၆၅)စင်း၊ မြို့ ရေပေးရေးအနေဖြင့် စက်ရေတွင်း(၆) တွင်း၊ ရေပိုက်သွယ်ခြင်းလုပ်ငန်းများ(၁၅)ခု၊ Transformer မီးလိုင်းသွယ်ခြင်း(၆) ခု၊ ပစ္စည်း ဝယ်ခြင်း(၂၈) ခု၊ အခြားလုပ်ငန်း(၄၈)ခု၊ ပြင်ဆင်ထိန်းလုပ်ငန်း(၅၄)ခုအတွက်ကျပ် (၆၁၅.၃၀၂) သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရေရှရှိရေးအတွက် လက်နှိပ်ရေတုံကင်နှင့် ရေကန်တည်ဆောက်ခြင်း၊ သောက်သုံးရေတွင်းများ တူးဖော်ခြင်း နှင့် ရေပိုက်သွယ်တန်းခြင်း ၊ ရေကာတာများ၊ ရေကျချောင်းများ ပြုလုပ်ခြင်း၊ အုတ်ရေကန်များ တည်ဆောက်ခြင်း၊ စက်ရေတွင်းများတူးဖော်ခြင်း ၊ မြောင်းများပြင်ဆင်ခြင်းနှင့် စိမ့်စမ်းရေများသွယ်တန်းခြင်း စသည့် လုပ်ငန်းပေါင်း (၁၈၅) ခုကိုလည်းကောင်း၊ မီးရရှိရေး အတွက် ကွန်ကရစ်တိုင်များနှင့် မီးကြိုးသွယ်တန်းခြင်း လုပ်ငန်းပေါင်း (၁၈) ခု ကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ မြန်မာ့မီးရထားမှ ခရီးသည်(၂,၂၃၄,၀၀၀)ဦး၊ ခရီးသည်မိုင် (၂၀၈,၁၃၁,၀၀၀) တို့ကို ပို့ဆောင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လိုင်း (၆၀)၊ ခရီးသည်တင်ကား (၅၉၄) စီး၊ စုစုပေါင်း(၈၂၁) စီးဖြင့် ပြေးဆွဲခဲ့ပါသည်။ မော်တော်ယာဉ်များ အစားထိုးလဲလှယ်ခြင်း၊ ယာဉ်သစ်များဝယ်ခြင်း၊ ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ အများပြည်သူများတယ်လီဖုန်း ဆက်သွယ်ပြောဆိုမှု လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန်အတွက် WCDMA ဖုန်း (၄၄၂,၁၂၁)လုံး၊ CDMA ဖုန်း (၂၆,၀၀၀) ၊ GSM မိုဘိုင်းဖုန်း (၅၄,၆၂၁) လုံးနှင့် Auto ဖုန်းအလုံး (၂၁၀) တို့ကို တိုးချဲ့တပ်ဆင်ပေးခဲ့ပါသည်။ တယ်လီဖုန်းများ ပိုမိုတိုးချဲ့ တပ်ဆင်ခြင်းကြောင့် နှစ်စဉ်ကြေး နှင့် ခေါ်ဆိုခများ ပိုမိုရရှိခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ပုဂ္ဂလိကဘဏ် (၁၁) ခု၊ သမဝါယမဘဏ် (၁) ခုတို့အား အသစ်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် စုစုပေါင်း ပုဂ္ဂလိကဘဏ်(၅၄)ခု၊ ပုဂ္ဂလိက အာမခံလုပ်ငန်း (၁) ခု၊ သမဝါယမဘဏ် (၅) ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။

အသစ်ဖွင့်လှစ်ခဲ့သည့်ဘဏ်များမှာ ထွန်းဖောင်ဒေးရှင်းဘဏ် (မကွေး)၊ ကမ္ဘောဇဘဏ် (၂)(မကွေး)၊ ကမ္ဘောဇဘဏ်(ရေနံချောင်း)၊ ကမ္ဘောဇဘဏ်(သရက်)၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (စလင်း)၊ မြန်မာနိုင်ငံသားများဘဏ် (အောင်လံ)၊ ယူနိုက်တက် အမရာဘဏ် (မကွေး)၊

မြန်မာ့ရှေ့ဆောင်ဘဏ် (သရက်)၊ ကမ္ဘာ့ရတနာဘဏ် (မကွေး)၊ ကမ္ဘာ့ရတနာဘဏ် (ရေနံချောင်း)၊ ကမ္ဘာ့ရတနာဘဏ်(မင်းလှ) စသည်ဖြင့် စုစုပေါင်း ဘဏ် (၁၁)ခု ဖြစ်ပါသည်။

သမဝါယမပိုင်လုပ်ငန်းအနေဖြင့် သမဝါယမဘဏ်(ရေနံချောင်း) အသစ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ NGO / INGO (၉)ခု တို့ဖြင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပညာသင်နှစ်တွင် အဆင့်မြင့်ပညာဦးစီးဌာနအောက်၌ တက္ကသိုလ်ကောလိပ်(၃)ခု၊ ကျန်းမာရေးဝန်ကြီးဌာနရှိ တက္ကသိုလ် (၂) ခု၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနရှိ တက္ကသိုလ် (၅) ခု၊ အခြေခံပညာ အထက်တန်းကျောင်း (၁၂၂) ကျောင်း၊ အလယ်တန်းကျောင်း (၂၀၈) ကျောင်း၊ မူလတန်းကျောင်း (၃,၆၆၃) ကျောင်း၊ မူလတန်း (ခွဲ) (၁၅၄) ကျောင်း၊ မူလတန်း(တွဲဖက်) (၇) ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။

အထက(၂၃)ကျောင်း၊ အထက(ခွဲ)(၄၃)ကျောင်း၊ အလက (၃၆) ကျောင်း၊ အလက(ခွဲ) (၃၇)ကျောင်း၊ မူလတန်းလွန် (၁၅၅) ကျောင်း၊ အမက (၄၀) ကျောင်း၊ အမက (ခွဲ) (၅၃) ကျောင်း၊ အမက(တွဲဖက်) (၆)ကျောင်း၊ စုစုပေါင်း(၇၂၈) ကျောင်းအား အဆင့်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းဖြင့် အထက(၅) ကျောင်း၊ အထက(ခွဲ) (၈) ကျောင်း၊ အလက(၃) ကျောင်း၊ အလက(ခွဲ)(၁၁)ကျောင်း၊ အလက(တွဲဖက်)(၂)ကျောင်း၊ မူလတန်းလွန်(၂၇)ကျောင်း၊ အမက (၆၂) ကျောင်း၊ စုစုပေါင်း(၁၁၈) ကျောင်းအတွက် ကျပ် (၅,၁၃၄.၂) သန်းဖြင့် ဆောက်လုပ်ခဲ့ပြီး ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေ ကျပ် သိန်း (၁,၀၀၀) ဖြင့် ပညာရေးအတွက် ကျောင်းအခင်းအကာများ ပြင်ဆင်ခြင်း၊ ကျောင်းပရိဘောဂများနှင့် စာသင်ခုံများဝယ်ယူခြင်း၊ ကျောင်းဆောင်ဟောင်းများ ပြန်လည် ပြုပြင်ခြင်း၊ စာကြည့်တိုက်များ ဆောက်လုပ်ခြင်းတို့အတွက် လုပ်ငန်းပေါင်း (၂၃၀) ကို ဆောင်ရွက်ခဲ့ပါသည်။။

အခြေခံပညာဦးစီးဌာနသို့ ပုဂ္ဂလိကတစ်ဦးချင်း အလှူရှင်များမှ လှူဒါန်းသည့် ကျောင်းများအနေဖြင့် မကွေးခရိုင်၊ နတ်မောက်မြို့နယ်အတွင်း ထန်းပင်ကုန်းကြီးကျေးရွာတွင် အလက (ခွဲ)(၁)ကျောင်း၊ ကံကြီးကုန်းကျေးရွာတွင် မူလတန်းလွန်ကျောင်း (၁)ကျောင်း၊ ညောင်ကျပင် ကျေးရွာတွင် အထက(ခွဲ) (၁)ကျောင်း၊ လဲဘူးကျေးရွာ အထက(၁) ကျောင်း၊ ပင်းရွာတွင် အထက (ခွဲ) (၁)ကျောင်း၊ အောင်ချမ်းသာကျေးရွာတွင် အမက(၁)ကျောင်း၊ ဝမ်းဘဲအင်း ကျေးရွာမူလွန်ကျောင်း(၁) ကျောင်း၊ မြို့သစ်မြို့နယ်အတွင်း မကြီးကုန်းကြီး ကျေးရွာတွင် အထက(ခွဲ) (၁)ကျောင်း၊ ထောက်ရှာတန်း ကျေးရွာတွင် အမက(၁) ကျောင်း၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊

ကန်ရေ ကျေးရွာတွင် အလက(ခွဲ) (၁)ကျောင်း၊ ကြီးပင်ကန်ကျေးရွာတွင် အမက(၁)ကျောင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်၊ ဂျပန်သံရုံးမှ ပွင့်ဖြူမြို့နယ်တွင် အထက(၁) ကျောင်း ၊စလင်းမြို့နယ်တွင် အထက(၁) ကျောင်း၊ အထက(ခွဲ) (၁)ကျောင်း တို့ကို လည်းကောင်း၊ အာရှဆရာဝန်များ အသင်းအဖွဲ့အစည်းမှ ပခုက္ကူခရိုင်၊ ပခုက္ကူ မြို့နယ်၊ ချိုက်ကျေးရွာတွင် အလက(၁)ကျောင်း၊ အရှေ့ကမ်းဖြူကျေးရွာတွင် အလက(ခွဲ) (၁) ကျောင်း၊ ဇီးကုန်းကျေးရွာတွင် အလက(ခွဲ)(၁) ကျောင်း၊ အရှေ့သီရိကျေးရွာတွင် အလက(ခွဲ) (၁) ကျောင်း၊ ဝါဇီရွာလေးကျေးရွာတွင် မူလတန်းလွန်(၁)ကျောင်း၊ ငွေသောင်ကျေးရွာတွင် အမက (၁)ကျောင်း၊ မြင်းစခေါကျေးရွာတွင် အမက(၁)ကျောင်းတို့ကိုလည်းကောင်း၊ Mr.GRESSNER (ဂျာမနီ) မှ အင်းဝိုင်းကျေးရွာတွင် အမက(၁) ကျောင်း၊ နန်းတော်ရပ်ကျေးရွာတွင် အထက(၁) ကျောင်း ကိုလည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မကွေးတက္ကသိုလ်မှ ဆရာ/ဆရာမ များအတွက် (၂)ထပ်ဆောင် (၂)လုံးဆောက်လုပ်ခြင်း၊ စာသင်ဆောင်ပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၂)ထပ်ဆောင် (၄)လုံး၊ (၃)ထပ်ဆောင် ရိုးရိုး (၁)လုံး၊ ဘက်စုံခန်းမ လျှောက်လမ်းကွန်ကရစ်ခင်းခြင်း၊ ဘက်စုံခန်းမ အတွင်း/အပြင် နံရံဆေးသုတ်ခြင်း၊ (၃)ထပ် စာသင်ဆောင် (၄)လုံး ဆောက်လုပ်ခြင်း၊ သိပ္ပံသုတေသနဆောင် ကွန်ကရစ်လမ်းခင်းခြင်း၊ ထရန်ဖော်စမာတည်ဆောက်ခြင်း၊ ပါမောက္ခချုပ်နေအိမ် ချိန်းလင့်ကာရံခြင်း၊ (၈")အဝိစိတွင်း တူးဖော်ခြင်း၊ အဓိပတိလမ်း ရေနူတ်မြောင်းအုတ်ရိုးအသစ် ပြုလုပ်ခြင်း၊ ပင်မဆောင် အုတ်တံတိုင်း ပြင်ဆင်ခြင်း၊ သိပ္ပံသုတေသနဆောင် ချိန်းလင့်ကာရံခြင်း လုပ်ငန်းများအတွက် ကျပ် (၃,၆၁၈.၇) သန်း အကုန်အကျခံ ဆောက်လုပ်ပြီး ဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်နယ်ဆေးရုံအသစ် တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးရုံး (၂)ထပ် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်း၊ မင်းဘူးပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ (၆) ခန်းတွဲ (၂)ထပ်တစ်လုံး ဆောက်လုပ်ခြင်း၊ စလင်းပြည်သူ့ဆေးရုံတိုးချဲ့ လူနာဆောင်(၂)ဆောင် ဆောက်လုပ်ခြင်း၊ ဆင်ပေါင်ဝဲပြည်သူ့ဆေးရုံ သူနာပြုနေအိမ် (၄)ခန်းတွဲ (၁)လုံး ဆောက်လုပ်ခြင်း၊ ရေစကြို ပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင် (၂)ထပ် ဆောက်လုပ်ခြင်း တို့အတွက် နိုင်ငံတော်ဘတ်ဂျက်မှ ကျပ် (၆,၈၈၆.၇)သန်း ဖြင့် ဆောင်ရွက် ခဲ့ပါသည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍတွင် ဆေးရုံ၊ ဆေးပေးခန်းများ၊ အိမ်၊ အဆောက်အဦငှားရမ်းခများ ဟိုတယ်နှင့်တည်းခိုရိပ်သာများ၏ ဝင်ငွေများ၊ အထူးသဖြင့် မင်းဘူး (စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်တွင် တည်းခိုဆောင်နှင့် ဆိုင်ခန်းငှားခ ဝင်ငွေများ များပြားလာခြင်းကြောင့် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် တိုးတက်လာခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် အခြေခံကျသည့် ကုန်စည်ဒိုင် (၆)ခုကို ဖွင့်လှစ်ထားရှိပြီး ဒေသတွင်း ကုန်စည်များကို တိုင်းဒေသကြီး/ပြည်နယ်များနှင့် နယ်စပ် ဒေသများသို့ ကူးသန်းရောင်းဝယ်လျက် ရှိပါသည်။

ကျေးလက်မီးလင်းရေး။ ဒီဇယ်သုံးဓာတ်အားပေးစက်ဖြင့် (၂,၁၁၈)ရွာ၊ အသေးစားရေအား လျှပ်စစ်ဖြင့် (၅၄) ရွာ၊ ဧဝလောင်စာသုံး ဓာတ်အားဖြင့် (၂) ရွာ၊ စပါးခွံမီးစက်ဖြင့် (၆၅) ရွာ၊ နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားဖြင့် (၂၆၃)ရွာ၊ ပင်မဓာတ်အားလိုင်းမှ (၅၂၀) ရွာ၊ စုစုပေါင်း ကျေးရွာ (၃,၀၂၂) ရွာနှင့် ၆၃ ရာခိုင်နှုန်း မီးလင်းပြီး ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး အတွင်းတွင် ကျေးရွာစုစုပေါင်း (၄,၇၉၅) ရွာရှိရာ မီးလင်းပြီး ကျေးရွာ စုစုပေါင်းမှာ (၃,၀၂၂)ရွာ ဖြစ်ပြီး မီးလင်းရန်ကျန်ရှိသည့် ကျေးရွာစုစုပေါင်းမှာ (၁,၇၇၃)ရွာ ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးအတွက် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် တိုင်းဒေသကြီး အတွင်း ကျေးလက်လမ်း ကတ္တရာလမ်း (၇/၄.၄၄)မိုင်၊ ကျောက်ခင်းလမ်း(၂၂၃/၃.၄၃)မိုင်၊ ဂဝံလမ်း (၇၂/၃) မိုင်၊ မြေလမ်း (၁၇၂/၆.၉၉) မိုင် စုစုပေါင်း (၄၇၆/၁.၈၆) မိုင်ကို ကျပ် (၁၂,၃၃၃.၉,၀၃၆) သန်းဖြင့် ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား (၁၅)စင်း၊ သစ်သား (၁၆)စင်း၊ ရေပွန် (၁၉၀)စင်း၊ အခြား(၁)စင်း စုစုပေါင်း(၂၆၉) စင်း တည်ဆောက် ခဲ့ပါသည်။

လမ်း/တံတားလုပ်ငန်းများအနေဖြင့် ကျေးရွာချင်းဆက်လမ်းမှ သစ်သားတံတားများ ဆောက်လုပ်ပြုပြင်ခြင်း၊ မြေနီကျောက်ခင်း၍ လမ်းသစ်ခင်းခြင်း၊ သစ်သားချောင်းကူးတံတား များ ဆောက်လုပ်ခြင်း၊ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းပေါင်း (၃၉၁) ခု၊ မီးသတ်ကားများ ဝယ်ယူခြင်း နှင့် ကျေးလက်အိမ်ရာများ ဆောက်လုပ်ခြင်း စသည့် လုပ်ငန်းများ ကို ဆောင်ရွက်ခဲ့ပါသည်။

သောက်သုံးရေရရှိရေး။ ကျေးလက်ရေပေးရေး လုပ်ငန်းများအတွက်ကျေးရွာ (၃၂၀) တွင် အိမ်ထောင်စု (၄၇,၁၇၈) နှင့် လူဦးရေ(၂၃၂,၈၄၅) တို့အတွက် ရေဖူလုံစွာရရှိရေးအတွက် စက်ရေတွင်း(၂၀၄)တွင်း၊ တွင်းတိမ် (၁၆)တွင်း၊ မိုးရေလှောင်ကန်(၇၆)ကန်၊ လက်တူးတွင်း (၆) တွင်း၊ အခြားနည်းလမ်းဖြင့် ရေရရှိရေး(၂၁)ခုဖြင့် ဆောင်ရွက်ခဲ့ရာ မကွေးတိုင်းဒေသကြီးအတွင်း

တွင် ရေရရှိရေး ဆောင်ရွက်မှုမှာ(၉၄.၅၇) ရာခိုင်နှုန်း၊ မကွေးခရိုင်တွင် (၉၂.၅) ရာခိုင်နှုန်း၊ မင်းဘူးခရိုင်တွင် (၁၀၀) ရာခိုင်နှုန်း၊ သရက်ခရိုင်တွင် (၉၁.၃၃) ရာခိုင်နှုန်း၊ ပခုက္ကူခရိုင်တွင် (၉၄.၀) ရာခိုင်နှုန်း နှင့် ဂန့်ဂေါခရိုင်တွင်(၉၅.၀) ရာခိုင်နှုန်း တို့ဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းရရှိရေး။ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ပညာရေးကဏ္ဍတွင် လုပ်ငန်းခွင်အကြို မူလတန်းပြဆရာ/ဆရာမ(၁၂၀)အား ခန့်ထားပါသည်။ ကျန်းမာရေးကဏ္ဍတွင်လည်း ပြည်သူများ၏ ကျန်းမာရေး အပြည့်အဝ စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကုသရေးဆိုင်ရာ ဆရာဝန်များနှင့် သွားဆရာဝန်စုစုပေါင်း (၁၈၃) ဦး ခန့်ထားခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်း အခြေခံအဆောက်အဦများ၊ လမ်းတံတား တည်ဆောက်ခြင်း လုပ်ငန်းများတွင် အခြေခံလူတန်းစားများအပြင် ကျွမ်းကျင်လုပ်သား ပညာရှင်များကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်း။ တိုင်းဒေသကြီးအတွင်း မကွေးမြသလွန်ဘုရား၊ ရွှေစက်တော်ဘုရား၊ ကျောင်းတော်ရာဘုရား၊ သမိုင်းဝင်ကျောက်စာတိုက်၊ အုံကိုးပါးဝင် စနေနံစေတီတော်၊ အလောင်းစည်သူမင်းကြီး၏ ပင်းစက္ကလံပဘုရား စသည့် တန်ခိုးကြီးဘုရားများကို အနယ်နယ် အရပ်ရပ်မှ ရာသီမရွေး ဖူးမျှော်နိုင်ပါသည်။ စလေရုပ်စုံကျောင်းနှင့် တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်သော ပျူမြို့ဟောင်းဖြစ်သည့် ဗိဿနိုးမြို့ဟောင်း၊ နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၊ မင်းလှခံတပ်၊ ရွှေစက်တော် ဘေးမဲ့ကာကွယ်တော စသည့် ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝအလှများ ပေါများသည့် နေရာများသို့ လေ့လာကြည့်ရှုနိုင်သောကြောင့် တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုပါသည်။ မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ်(၁၈) လုံး၊ တည်းခိုရိပ်သာ (၁၁၃) လုံး ဖြင့် ခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်လျက် ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး



တည်နေရာ	=	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀မိနစ် နှင့် ၂၃ ဒီဂရီ ၄၅ မိနစ် အတွင်း အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀မိနစ် နှင့် ၉၆ ဒီဂရီ ၅၀ မိနစ် အတွင်း
အကျယ်အဝန်း	=	၁၁,၉၂၅.၉၅ (စတုရန်းမိုင်) ၇,၆၃၂,၆၁၂ (ဧက)
လူဦးရေ	=	ဦးရေ ၆,၁၈၂(ထောင်) (၂၀၁၄-၂၀၁၅)
မြို့တော်	=	မန္တလေး
ထူးခြားသည့် အမှတ်အသား	=	နန်းတော် ၊ ကျုံး
ခရိုင်	=	၇ ခရိုင်
မြို့နယ်	=	၂၈ မြို့နယ်
အဓိက စီးပွားရေးကဏ္ဍ	=	လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်း
ဆက်စပ်သည့် ဒေသများ	=	အရှေ့ဘက်တွင်ရှမ်းပြည်နယ်၊ တောင်ဘက်တွင်နေပြည်တော်၊ အနောက်တောင်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ အနောက်မြောက်ဘက်နှင့်အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၆,၇၈၆,၀၈၅.၆) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ (၁၂.၄) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်း



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၆,၆၄၈,၇၀၃.၉) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၈.၀) ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ (၉.၈) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ (၇ - ၃၀) မန္တလေးတိုင်းဒေသကြီး
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ လယ်ယာကဏ္ဍ၏ သီးနှံစိုက်ပျိုးမှုမှာ (၅,၀၇၅,၂၆၂) ဧက စိုက်ပျိုးခဲ့ပါသည်။ ယခင်နှစ် မတ်လကုန်အထိ စိုက်ပျိုးခဲ့သည့်စိုက်ဧက (၅,၁၉၈,၄၅၆) နှင့် နှိုင်းယှဉ်ပါက (၁၂၃,၁၉၄) စိုက်ဧက လျော့နည်းခဲ့ပါသည်။

ပြောင်း၊ ပဲတီစိမ်း၊ မြေပဲ၊ နေကြာ၊ ချည်မျှင်ရှည်ဝါ စသည့် သီးနှံများ ပိုမိုစိုက်ပျိုးခဲ့ပြီး စပါး၊ နှမ်း၊ ကြံ စသည့် သီးနှံများ လျော့နည်းခဲ့ပါသည်။ ပဲတီစိမ်း၊ နေကြာ၊ ငရုတ်ခြောက်၊ ချည်မျှင်ရှည်ဝါ၊ ကော်ဖီ၊ လက်ဖက် အစရှိသည့် သီးနှံများ အထွက်နှုန်း ကောင်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် စိုက်ဧကလျော့နည်းသော်လည်း တောင်သူများအနေဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄) ချက်မှ အရေးကြီးသော နည်းပညာများကို လိုက်နာဆောင်ရွက်ပြီး သက်တမ်းတို အထွက်ကောင်းမျိုးများဖြစ်သည့် စပါးသီးနှံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးလာနိုင်ခြင်းကြောင့် စိုက်ဧကလျော့နည်းသော်လည်း တစ်ဧကသီးနှံ ပျမ်းမျှအထွက်နှုန်း တိုးလာခဲ့ခြင်း ဖြစ်ပါသည်။

သားငါးကဏ္ဍ။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စံပြတိုင်းရင်းကြက် မျိုးပွားခြံ ထူထောင်၍ ကြက်များ တိုးချဲ့မွေးမြူခြင်း၊ ကူးစက်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ နွားမျိုးကောင်းမျိုးသန့်များ ပြန့်ပွားရေး ပိုမိုဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု၊ ကျွဲနို့၊ နွားနို့ နှင့် ကျွဲနွားထွက်ပစ္စည်းများ၊ ငါးပုစွန် မွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုတွင် ကျွန်း(၁,၀၃၂)ကုဗတန်၊ သစ်မာ (၁၁၃,၃၈၈) ကုဗတန်၊ ကျွန်းနှင့်သစ်မာတိုင် (၈,၃၈၁)ကုဗတန်၊ သစ်ခေါက် (၂၁,၁၂၅) ပိဿာ နှင့် လျော် (၁၂,၇၃၆) ပိဿာ ထုတ်လုပ်နိုင်ခဲ့ပါသည်။ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းခဲ့သည့်အတွက် သစ်လုံးများကို ထုတ်လုပ်ဆဲအဆင့်မှ သဘော်တင်ပို့နိုင်သည့် အဆင့်အထိ စာချုပ်ကြွေးကျန်ရှင်းလင်းရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်ထိ ရေနံစိမ်း အမေရိကန်စည် ထောင်ပေါင်း (၇.၇၁၆) ထုတ်လုပ်ခဲ့ပါသည်။ တွင်းဟောင်းများ၏ သက်တမ်းကာလ ကြာမြင့်ပြီဖြစ်သဖြင့် အထွက်နှုန်းများတဖြည်းဖြည်း ကျဆင်းလာခြင်း၊ တွင်းသစ်များမှလည်း စီးပွားဖြစ် ထွက်ရှိမှု မရှိခြင်းတို့ကြောင့် ကုန်းတွင်းရေနံစိမ်း ထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

သတ္တုနှင့်တွင်းထွက်စွည်းကဏ္ဍ။ နိုင်ငံပိုင်အခန်းမှ ထုံးကျောက်တန်ရည် (၁၅၀,၈၀၀)၊ သမဝါယမပိုင်အခန်းမှ ကျောက်မျက်ရတနာ (၁,၆၃၆,၁၁၃) ကာရက်၊ ပုဂ္ဂလိကပိုင်အခန်းမှ ကျောက်မီးသွေး မက်ထရစ်တန် (၆,၃၀၀)၊ မာဘယ်လ်ကျောက်တုံး (၂,၄၂၅) တန်နှင့် ရွှေ (၂၃,၁၀၈.၈) ထရိုင်အောင်စ ထုတ်လုပ်နိုင် ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ ၂၀၁၄ ခုနှစ် မတ်လကုန်အထိ နိုင်ငံပိုင်စက်ရုံ (၈၁) ရုံ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် စက်ရုံ (၈) ရုံ၊ ပုဂ္ဂလိကမှတ်ပုံတင်ပြီး လုပ်ငန်းများ (၇၄,၄၃) ရုံ၊ အခြားစုစုပေါင်းအလုပ်ရုံဦးရေ (၁၂,၄၄၀) ရုံဖြင့် စက်မှုလက်မှုကုန်ပစ္စည်းများ ထုတ်လုပ်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း သမဝါယမပိုင်အခန်းမှ စားသောက်ကုန်၊ လူသုံးကုန်၊ အထည်အလိပ်နှင့် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ လျှပ်စစ်ကဏ္ဍ လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်စေရေးအတွက် နည်းလမ်း (၃) ခု ဖြင့် လျှပ်စစ်စီမံကိန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ဝန်ကြီးဌာန အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မန္တလေးခရိုင်တွင် ပစိဖိတ်ကုမ္ပဏီ၊ မြန်မာပေါင်းစည်း စွမ်းအားကုမ္ပဏီနှင့် ပြင်ဦးလွင်ခရိုင်တွင် နယူးအဲဗားလိုက် ကုမ္ပဏီများမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကြောင့် လျှပ်စစ်ကဏ္ဍ ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ မန္တလေးခရိုင်တွင် မြို့တော်စည်ပင်မှ မြရည်နန္ဒာ တန်ဖိုးနည်း အိမ်ရာနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း၊ ပြင်ဦးလွင်ခရိုင်၊ မိတ္ထီလာခရိုင်၊ ညောင်ဦးခရိုင်များတွင် ဥပဒေရုံးဝန်ထမ်း အိမ်ရာများဆောက်လုပ်ခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်ကြီးမင်္ဂလာစီမံကိန်းမှ လူနေအိမ်မဟုတ်သော အဆောက်အဦများ ဆောက်လုပ်ခြင်း၊ မြင်းခြံနည်းပညာ တက္ကသိုလ်ဆောက်လုပ်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ မန္တလေးခရိုင်တွင် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ လူနေအိမ်မဟုတ်သော အဆောက်အဦများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနတို့မှ လမ်း နှင့် တံတားဆောက်လုပ်ခြင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် ကျေးလက်ဦးစီးဌာနတို့မှ ကျေးလက်၊ မြို့ပြရေရရှိရေး ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော် ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ နိုင်ငံပိုင်အခန်းမှ ခရီးသည်နှင့် ကုန်စည်များကို မြန်မာ့မီးရထား၊ မြန်မာ့လေကြောင်းတို့မှ ပိုမိုပို့ဆောင်နိုင်ခဲ့ခြင်း၊ မြန်မာ့လေကြောင်းမှ လုပ်ငန်းလိုအပ်ချက်အရ စင်းလုံးငှားခရီးစဉ်များ ပြေးဆွဲခြင်း၊ သမဝါယမပိုင်အခန်း မော်တော်ယာဉ်နှင့် ရေယာဉ် ခရီးသည် ပို့ဆောင်မှုတိုးတက်လာခြင်း၊ ပုဂ္ဂလိကပိုင် လေကြောင်းပို့ဆောင်ခြင်းလုပ်ငန်း၊ အငှားယာဉ်အဝေးပြေးကားလိုင်း၊ လိုင်းပေါင်းစုံဘတ်စ်ကားများ တိုးချဲ့ခြင်းတို့ကြောင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ အော်တိုတယ်လီဖုန်းလုံးရေ (၄၉၀) ၊ GSM Mobile ဖုန်း (၉၄,၁၄၈) လုံး၊ WCDMA Mobile ဖုန်း (၁,၇၀၀,၅၀၃) လုံး ၊ CDMA 800 Mobile ဖုန်း အလုံး (၁၁၈,၀၀၀) တို့ကို အသစ်တပ်ဆင်နိုင် ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ နိုင်ငံပိုင် နှင့် ပုဂ္ဂလိကပိုင်ဘဏ်များ၏ ဝန်ဆောင်မှုများ တိုးတက်လာခြင်း၊ သမဝါယမငွေစုငွေချေးအသင်းများမှ ဝင်ငွေများ ပိုမိုရရှိလာခြင်း၊ ပုဂ္ဂလိကဘဏ်ခွဲအသစ်များ ထပ်မံဖွင့်လှစ်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်များအရ ကျေးလက်နေပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (၄) ဖွဲ့ ၊ ပြည်တွင်း (၂) ဖွဲ့၊ သမဝါ ယမ (၃) ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ (၃၄) ခု၊ ပြည်ပကုမ္ပဏီ (၃) ခု နှင့် အသေးစား ငွေချေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းခွဲ မှ အခြေခံပညာ အထက်တန်းကျောင်းသို့ (၂၆) ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ (၇) ကျောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်တွင် မူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်း ကျောင်းခွဲသို့ (၁၂၆) ကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်းခွဲ မှ အခြေခံပညာ အလယ်တန်းကျောင်းသို့ (၁၇) ကျောင်း နှင့် မူလတန်းအဆင့်တွင် တွဲဘက်မူလတန်း (၁၂) ကျောင်း၊ ကိုယ်အားကိုယ်ကိုး (၂၉) ကျောင်းကို မူလတန်းကျောင်းခွဲသို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

ပြည်သူများ၏ကျန်းမာရေးကို ပိုမိုစောင့်ရှောက်နိုင်ရန်အတွက် ခုတင် (၁၀၀) ဆံ့ ဆေးရုံ (၁) ရုံ၊ ခုတင် (၅၀) ဆံ့ ဆေးရုံ (၃) ရုံ၊ (၂၅) ခုတင်ဆံ့ဆေးရုံ (၁) ရုံ၊ (၂၅) ခုတင်မှ (၅၀) ခုတင် ဆံ့ဆေးရုံ (၁) ရုံတို့ကိုအဆင့်မြှင့်နိုင်ခဲ့ပါသည်။ တိုက်နယ်ဆေးရုံ(၄)ရုံ၊ ဒေသန္တရကျန်းမာရေး ဆေးခန်း (၁) ခု၊ ကျေးလက်ကျန်းမာရေးဌာန (၁) ခု နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၀) တို့ကိုလည်း အသစ်ဆောက်လုပ် ခဲ့ပါသည်။

ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ စည်ပင်သာယာရေး ကော်မတီများ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတို့၏ ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ ပြည်တွင်း ပုဂ္ဂလိကပိုင် ဟိုတယ်လုပ်ငန်း (၂၁၉) ခု၊ တည်းခိုခန်း (၄၀၃) ခု၊ နိုင်ငံခြားနှင့် ပြည်တွင်းဖက်စပ်ဟိုတယ် (၁) ခုတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ငန်းအရေအတွက်နှင့် ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ကုန်ပစ္စည်းထုတ်လုပ်သည့် ကဏ္ဍများဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တု နှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှုကဏ္ဍတို့မှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် သွင်းကုန်ပစ္စည်းများ၏ ကုန်သွယ်နိုင်မှုမှာ ယခင်နှစ် အလားတူကာလထက် တိုးတက်ခဲ့ပါသည်။

လျှပ်စစ်မီးရရှိရေး။ အသေးစားရေအားဖြင့် ကျေးရွာ(၁၄၀)၊ ဇီဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ဖြင့် ကျေးရွာ (၃၀)၊ မဟာဓာတ်အားလိုင်းစနစ်ဖြင့် (၁,၀၇၈) ရွာ၊ နေစွမ်းအင်သုံးစနစ်ဖြင့် (၃၈၆) ရွာ၊ ဒီဇယ်စက်ဖြင့် ကျေးရွာ (၁၃၈၀) ၊ စပါးခွံသုံး ဓာတ်အားပေးစက်ဖြင့် (၁၈) ရွာ၊ စုစုပေါင်း (၃,၀၃၂) ရွာ မီးလင်းပြီး ဖြစ်ပါသည်။ မီးလင်းရန်(၁,၇၄၈) ရွာ ကျန်ရှိပါသည်။

သောက်သုံးရေရရှိရေး။ သောက်သုံးရေဖူလုံရေးအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်များရှိ မြို့နယ်များတွင် မြို့ပြနှင့် ကျေးလက်ရေပေးဝေမှုတွင် သောက်သုံးရေ

လွှမ်းခြုံနိုင်မှု ရာခိုင်နှုန်းမှာ (၈၄) ရာခိုင်နှုန်း မှ(၉၅) ရာခိုင်နှုန်း ကြားတွင်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးစည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့တော်စည်ပင်သာယာရေး မှ မြို့ပြရေရှိရေးအတွက် တွင်းပေါင်း (၂၈) တွင်း၊ ရေပိုက်လိုင်းလုပ်ငန်း (၂၇၂)၊ ရေကန်(၄)ခု၊ အခြားရေပေးရေး(၁၀၆)ခု၊ ကျေးလက်ရေရရှိရေး အတွက်(၃၈) တွင်း၊ ရေကန်(၇)ခု၊ အခြားရေပေးရေး(၅)ခု၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်ရေရရှိရေးအတွက် (၂၈၈)တွင်း၊ ရေကန်(၆၄)ခု၊ စိမ့်စမ်းရေသွယ်(၁၁)ခု၊ အခြားရေပေးရေး(၆၆)ခု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး။ တိုင်းဒေသကြီးရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ စက်ရေတွင်း (၁,၈၆၃) တွင်း တူးဖော်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိုးသီးနှံ (၃၂,၇၃၉)ဧက နွေစပါး (၃) ဧကနှင့် အခြားသီးနှံ(၇,၂၆၁) ဧက စုစုပေါင်း (၃၉,၆၄၃) ဧကကို ရေပေးဝေနိုင်ခဲ့ပါသည်။

စိုက်ပျိုးရေပိုမိုရရှိရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျိုးနိကန်၊ ကျောက်ဆည်ကန်၊ ဆည်ငယ်ကန်ငယ် (၂၅၂) ခု ပြုပြင်ခြင်းလုပ်ငန်းကို သီးသန့်ရန်ပုံငွေဖြင့်လည်းကောင်း၊ ချောင်းဖုံရေလှောင်တမံစီမံကိန်း၊ မင်းငြမ်းကန်ပြုပြင်ခြင်း၊ မိတ္ထီလာကန်နှင့် ချောင်းမကြီးကန် ဆည်ရေသောက်စနစ် အကြီးစားပြန်လည်ပြုပြင်ခြင်း၊ အလောင်းစည်သူမြောက်ကန်နှင့် မိတ္ထီလာမြောက်ကန် သဲနုန်းတူးဖော်ခြင်း စီမံကိန်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်အကိုင်ရရှိရေး။ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် မန္တလေးစက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်၊ မြင်းခြံစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများအား အဆင့်မြှင့်တင်ခြင်း၊ စက်မှုဇုန်အသစ်များ ထူထောင်ပေးခြင်း၊ စက်ရုံစုများ ထပ်မံတိုးချဲ့ ဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။ ဆီမီးခုံဆိပ်ကမ်းစီမံကိန်း ပထမအဆင့် နှင့် မြို့သာစက်မှုဥယျာဉ် ပထမအဆင့်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် တည်ဆောက်ပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ဟိုတယ် (၁၁၉)လုံး၊ အခန်းပေါင်း(၈,၃၃၃) ရှိပြီး ခရီးသည်ဦးရေ (၁၄,၈၄၉) တည်းခိုနိုင်ပါသည်။ တည်းခိုခန်း (၄၀၃) ခန်း၊ အခန်းပေါင်း (၆,၈၅၁) ခန်း ရှိပြီး ဦးရေ (၁၂,၂၁၃) တည်းခိုနိုင်ပါသည်။ မှတ်ပုံတင်ထားသည့် ဧည့်လမ်းညွှန် (၈၂၅)ဦး ရှိသဖြင့် ခရီးသွားလာရေးလုပ်ငန်းတွင် များစွာအထောက်အကူ ဖြစ်စေပါသည်။

မန္တလေးမြို့တော်သည် အချက်အချာကျသည့် လမ်းဆုံမြို့တော်ဖြစ်ခြင်း၊ အာဆီယံလမ်းကြောင်းဖြတ်ခြင်း၊ တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ရှိခြင်း၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံ၊ နန်းတော်၊ စေတီပုထိုးများ လက်မှုပညာလုပ်ငန်း (၁၀) မျိုးတို့ ရှိခြင်း၊ ရေလမ်း၊ ကုန်းလမ်းနှင့် လေကြောင်းလမ်းတို့ဖြင့် ပြည်တွင်းပြည်ပ ဆက်သွယ်သွားလာနိုင်ခြင်း၊ သဘာဝရေမြေနှင့် ရာသီဥတု ကောင်းမွန်ခြင်းများကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဧည့်သည်ဝင်ရောက်မှုမှာ ပြည်တွင်းမှ (၄၅၈,၈၄၅) ဦး၊ ပြည်ပမှ (၅၁၄,၄၉၃) ဦး ဝင်ရောက်ခဲ့ပါသည်။

မွန်ပြည်နယ်

တည်နေရာ	=	မြောက်လတ္တီတွဒ် - ၁၄ဒီဂရီ ၅၉မိနစ် နှင့် ၁၇ဒီဂရီ၃၄ မိနစ် အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၅၂မိနစ်နှင့် ၉၆ ဒီဂရီ၁၂မိနစ်
အကျယ်အဝန်း	=	၄,၇၄၇.၈ (စတုရန်းမိုင်) ၃,၀၃၈,၅၆၄- (ဧက)
လူဦးရေ	=	ဦးရေ - ၂,၀၅၆ (ထောင်) ၂၀၁၄-၂၀၁၅
မြို့တော်	=	မော်လမြိုင်
ထူးခြားမှတ်သား	=	ကျိုက်ထီးရိုး
ခရိုင်	=	၂ ခရိုင် (မော်လမြိုင်၊ သထုံ)
မြို့နယ်	=	၁၀ မြို့နယ်
အဓိကစီးပွားရေးကဏ္ဍများ	=	လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့၊တောင်ဘက်တွင် တနင်္သာရီတိုင်း၊မြောက်ဘက်တွင် ပဲခူးတိုင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၂,၆၅၈,၇၁၉.၆) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ (၁၀.၄) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

မွန်ပြည်နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်ထိ **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် (၂,၅၆၂,၇၈၄.၄) သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၆.၄) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ (၉.၃) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၃၃) မွန်ပြည်နယ်
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်စျေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မြေယာအသုံးချမှု။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းမြေဧရိယာ ဧက (၃၀,၃၈) သိန်းရှိပြီး မြေအမျိုးအစားအလိုက် မြေယာအသုံးချမှုအနေဖြင့် အသားတင် စိုက်ပျိုးမြေ (၁,၅၁၉,၉၉၁) ဧက ၊ စိုက်ပျိုးနိုင်သောမြေရိုင်း (၂၀,၈၆၁) ဧက၊ သစ်တောကြိုးဝိုင်း (၅၃၂,၆၈၆) ဧက၊ အခြားသစ်တောမြေ (တောရိုင်း) (၂၀၅,၉၅၂) ဧက၊ အခြားမြေ (၇၅၉,၀၇၄) ဧကတို့ ဖြစ်ပါသည်။

လယ်ယာကဏ္ဍ။ လယ်ယာကဏ္ဍသည် အဓိက ဦးဆောင်သော ကဏ္ဍဖြစ်၍ ပါဝင်မှု အချိုးအစား အများဆုံး ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော ပြည်နယ်တစ်ခု ဖြစ်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် တစ်ဧက အထွက်နှုန်း တိုးတက်ရေးကို အလေးထား ဆောင်ရွက်ခဲ့ပါသည်။ အထွက်နှုန်း တိုးစေရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးစနစ်များအသုံးပြုခြင်း၊ အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သီးနှံစုစုပေါင်းစိုက်ဧက (၁,၉၁၄,၇၃၉) ဧက စိုက်ပျိုးရန် ရည်မှန်းထားရာ (၁,၇၆၀,၃၅၇) ဧက စိုက်ပျိုးနိုင် ခဲ့ပါသည်။ မိုးစပါး (၆၉၁,၄၄၅) ဧက၊ မတ်ပဲ

(၅,၅၇၁) ဧက၊ ပဲတီစိမ်း (၂၅,၁၈၉) ဧက ၊ မြေပဲ (၂၃,၄၈၂) ဧက ၊ နှမ်း (၃,၇၁၈) ဧက၊ နေကြာ (၅၃၁) ဧက၊ ချက်ကြီရင့် (၇၇) ဧက ၊ ငရုတ်ကောင်း (၂၉,၅၂၇) ဧက စိုက်ပျိုးနိုင် ခဲ့ပါသည်။

သီးနှံထွက်ရှိမှုတွင် မိုးစပါး တင်း(၄၅၈.၃၁) သိန်း၊ မတ်ပဲ တင်း (၀.၈၂) သိန်း၊ ပဲတီစိမ်း တင်း (၄.၁၄) သိန်း၊ မြေပဲ တင်း (၁၄.၃၂) သိန်း၊ နှမ်း တင်း (၀.၄၅) သိန်း၊ နေကြာ တင်း (၀.၀၈) သိန်း၊ ကြီတန်ရှည် (၀.၂၁) သိန်း၊ ငရုတ်ကောင်း ပိသာ (၂၃.၂၂) သိန်း ထွက်ရှိခဲ့ပါသည်။

စက်မှုကုန်ကြမ်း သီးနှံဖြစ်သည့် ကြက်ပေါင်စေးကို (၄၈၉,၀၅၃) ဧက စိုက်ပျိုးနိုင်ပြီး အစေးလှီးနိုင်သည့် ဧကမှာ (၃၁၃,၈၉၃) ဧက၊ အထွက် ပေါင်ထောင်ပေါင်း (၂၂၉,၃၄၆) ပေါင် ထွက်ရှိပါသည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် မုန်တိုင်းမိုး ရွာသွန်းခဲ့၍ ကြက်ပေါင်စေးသီးနှံများ ထွက်ရှိမှု လျော့နည်းခဲ့ပါသည်။

မျိုးကောင်းမျိုးသန့်များဖြစ်သော မနောသုခ ဧက (၆,၄၀၀)၊ ပေါ်ဆန်းရင်(၁၅,၅၁၆) ဧက၊ ဗီယက်နမ် ဧက (၄၀) နှင့် ပုလဲသွယ် (၈၅၃) ဧက စုစုပေါင်း (၂၂,၈၀၉) ဧက ပြောင်းလဲ သုံးစွဲ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ခါတ်မြေဩ အသုံးပြုမှုအနေဖြင့် ယူရီးယား (၁၈,၁၄၀.၅၆) မ/တန်၊ တီဆူပါ မ/တန် (၆,၅၆၀)၊ ပိုတက်ရှ် (၂,၄၃၇.၃) မ/တန်၊ ကွန်ပေါင်းခါတ်မြေဩ (၇,၃၁၅.၄၈) မ/တန် စုစုပေါင်း (၃၄,၄၅၃.၀၄) မ/တန် သုံးစွဲခဲ့ပါသည်။ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှု အနေဖြင့် မိုးစပါး ထုတ်ချေးငွေ ကျပ် (၂၉,၉၈၈.၃) သန်း၊ ဆောင်းသီးနှံ ထုတ်ချေးငွေ ကျပ် (၂,၄၁၈.၈၂) သန်း၊ မိုးကြို ထုတ်ချေးငွေ (ချက်ကြီ) ကျပ် (၄.၂) သန်း၊ စုစုပေါင်းထုတ်ချေးငွေ ကျပ် (၃၂,၄၁၁.၃၂) သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။

စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်(ဒေါင်ဖန်း၊လက်ကိုင်ရှည်ရိတ်စက်၊ ခြွေစက်၊ (အင်ဂျင်စက်) များကို လယ်ယာဖွံ့ဖြိုးရေးဘဏ်စနစ်၊ အရစ်ကျ/လက်ငင်းစနစ် တို့ဖြင့် စုစုပေါင်း (၂၄၃) စီးကို ဖြန့်ဖြူးခဲ့ပါသည်။

သားငါးကဏ္ဍ။ ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် ပိသာထောင်ပေါင်း (၁၇၄,၃၇၀)ထုတ်လုပ်နိုင် ခဲ့ပါသည်။ ပြည်နယ်အတွင်းရှိ ဆည်များ၊ စပါးခင်းများ၊ သဘာဝမြစ်ချောင်းများ အတွင်းသို့ ငါး သားပေါက် ကောင်ရေ (၉၆၅,၀၀၀) ကို မျိုးစိုက်ထည့်ပေးနိုင်ခဲ့ပါသည်။ သံဖြူဇရပ်မြို့နယ်၊ ကရင်သောင်ကျေးရွာအုပ်စု အနမ်းစမ်းကျေးရွာရှိ ကျောက်ပုစွန် ဘေးမဲ့ဇုန်နှင့် ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာအနီး ကျိုက်မဝက်ကမ်းခြေရှိ ကျောက်ပုစွန် ဘေးမဲ့ဇုန်များတွင် အရွယ်အစား ပြည့်မီခြင်းမရှိသော ကျောက်ပုစွန်ကောင်ရေ (၅၀၀) ကို မျိုးစိုက်ထည့်နိုင်ခဲ့ပါသည်။

ဘီးလင်းမြို့နယ်၊ မရမ်းကြာအင်းအတွင်း ငါးမျိုးချုန်လှုပ်၍ မွေးမြူသည့် စနစ်ဖြင့် ဈေးကွက်ဝင်ငါးမျိုးများ ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်လျက် ရှိပါသည်။ ကျေးလက်ဒေသ

ဖွံ့ဖြိုးရေးအတွက် တစ်နိုင်တစ်ပိုင် ငါးကဏ္ဍအစုအဖွဲ့ (၃၇) ဖွဲ့၊ ပေါင်းစည်းလယ်ယာ (၁၄) ခု၊ ရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး အစုအဖွဲ့ (၅) ဖွဲ့၊ ငါးကုန်ထုတ် သမဝါ ယမ အသင်း (၁၂) ဖွဲ့ စုစုပေါင်း အစုအဖွဲ့ (၆၈) ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

အသားထုတ်လုပ်မှု ပိဿာထောင်ပေါင်း (၅၄,၇၉၂) ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပြည်နယ်အတွင်း မွေးမြူရေးလုပ်ကိုင်ရန် ရေ၊ မြေ၊ ရာသီဥတု သင့်တင့်ခြင်း၊ ဒေသထွက်အစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ ရေလိုအပ်ချက် လုံလောက်ခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု တိုးတက်လာခြင်း၊ မွေးမြူရေးလုပ်ငန်းအပေါ် စိတ်ဝင်စားသူများပြားခြင်း၊ လျှပ်စစ်မီးရရှိမှု တိုးတက်ခြင်း၊ မွေးမြူရေးအတွက် ကျေးလက်ဘဏ်မှ ချေးငွေများ ထုတ်ပေးခြင်း၊ မွေးမြူရေး တိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ လှည့်ပတ်ရန်ပုံငွေ ထုတ်ပေး၍ မွေးမြူရေးကျေးရွာ ထူထောင်ပေးခြင်းများ ဆောင်ရွက်ပေးသဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိကြောင်း တွေ့ရှိရပါသည်။

သစ်တောကဏ္ဍ။ နိုင်ငံပိုင်အခန်း သစ်မာထုတ်လုပ်မှု လျော့နည်းခဲ့သော်လည်း ပုဂ္ဂလိကပိုင်အခန်းမှ သစ်မာထုတ်လုပ်မှု ပိုမိုခြင်း၊ အခြားသစ်တောထွက်ပစ္စည်းများ ဖြစ်သော ထင်း၊ ဝါး၊ ကြိမ် နှင့် ခနို သက်ငယ်တို့ ထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ သဘာဝအလျောက် ပေါက်ရောက်နေသော တန်ဖိုးရှိသည့် အပင်များအား ထိန်းသိမ်းကာကွယ်ပေးခြင်းနှင့် ပြုပြင်ပေးခြင်းဖြင့် သဘာဝတောအတွင်းရှိ တန်ဖိုးရှိသော အပင်များ ဆက်လက်ရှင်သန်ပေါက်ပွားမှု ပိုမိုကောင်းမွန်၍ မျိုးဆက်စေနိုင်သော လုပ်ငန်း(၁)ခုဖြစ်သော ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းကို ဧက (၄၂၀) ဆောင်ရွက်နိုင်ခဲ့ပါသည်။ သစ်တောလုပ်ငန်းများ စစ်ဆေးရာတွင် သွားလာမှု လွယ်ကူအဆင်ပြေစေရန် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊ ဒေသခံပြည်သူများအတွက် သွားလာရေး အထောက်အကူဖြစ်စေရန် သစ်တောလမ်း ပြင်ဆင်ခြင်း မိုင် (၃၀) ဆောင်ရွက်နိုင်ခဲ့ပါသည်။

စိမ်းလန်းစိုပြေရေး၊ ရာသီဥတုမျှတကောင်းမွန်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုအထောက်အကူဖြစ်စေရန်၊ ကျေးလက်နေပြည်သူတို့၏နေအိမ်ဆောက်လုပ်ရန်နှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် သစ်၊ တိုင်၊ မျော၊ ထင်းစသည်တို့ကို ဖြည့်ဆည်းပေးနိုင်စေရေးအတွက် လူထုဖြန့် ပျိုးပင်များပျိုးထောင်ခြင်း အပင်(၂၁၀,၀၀၀) ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

သတ္တုကဏ္ဍ။ ကျိုက်ထိုမြို့နယ်အတွင်း ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီ (၃) ခုမှ ရွှေထုတ်လုပ်ခြင်း၊ သထုံခရိုင်အတွင်းရှိ နိုင်ငံပိုင်ကျောက်ထုတ်စခန်း(၅)ခု၊ ပုဂ္ဂလိကပိုင်ကျောက်မိုင်း

(၃၉)ခုမှ လမ်းခင်းကျောက်များထုတ်လုပ်ခြင်း၊ ကျိုက်မရောမြို့နယ်တွင် ထုံးကျောက်(အလှဆင်) ထုတ်လုပ်ခြင်း၊ ပြည်နယ်အတွင်းရှိ သဲနှင့်ကျောက်စရစ်တို့ကို ပိုမိုထုတ်လုပ်ခြင်းကြောင့် သတ္တု ကဏ္ဍ တိုးတက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ တာယာထုတ်လုပ်မှု၊ ရထားပို့ဆောင်ရေးယာဉ် တည်ဆောက် ပြုပြင်ခြင်းလုပ်ငန်းများ ကွန်ကရစ်အုတ်လုပ်ငန်း၊ သံပန်းသံတံခါးလုပ်ငန်း၊ သစ်သီးယိုစုံ လုပ်ငန်း၊ ရေသန့်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ဝပ်ရှော့လုပ်ငန်း၊ တွင်ခုံ/သံခုံလုပ်ငန်းနှင့် ရာဘာအစေးခံခွက် ထုတ်လုပ်ခြင်းလုပ်ငန်းများမှ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော စက်မှုဇုန်အပါ အဝင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း စာရင်းအရ ကုန်ထုတ်လုပ်မှု လုပ်ငန်း အုပ်စု (၁၃) မျိုး၊ လုပ်ငန်းကြီး (၁၃၂) ခု၊ လုပ်ငန်းအလတ် (၂၅၀) နှင့် လုပ်ငန်းငယ် (၁,၈၀၃)ခု၊ စုစုပေါင်း (၂,၁၈၅) ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ မော်လမြိုင်မြို့တွင် ဓာတ်အားခွဲရုံ (၂) ရုံ၊ ကျိုက်ထိုမြို့တွင် ဓာတ်အားခွဲရုံ (၂) ရုံ၊ မုဒုံမြို့တွင် ဓာတ်အားခွဲရုံ (၁) ရုံ၊ မုတ္တမမြို့တွင် ဓာတ်အားခွဲရုံ (၁) ရုံ တည်ဆောက်နိုင်ခဲ့ပါသည်။

တိုးချဲ့လုပ်ငန်းများအနေဖြင့် မော်လမြိုင်မြို့တွင် ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာအတွက် ၁၁ ကေဗွီ ပေ (၆၀၀) တိုးချဲ့တည်ဆောက်ခြင်း၊ မုဒုံမြို့တွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗီအေ ဓာတ်အားခွဲရုံမှ ကျေးရွာများသို့ ဓာတ်အားပေးရန် ၁၁ ကေဗွီ ၂ ထပ်လိုင်း (၂) မိုင်နှင့် ၁၁ ကေဗွီ ၂၅၀၀ ပေ (၀.၄၈) မိုင် တည်ဆောက်ခြင်း၊ ကျိုက်ထိုမြို့တွင် ၁၁ ကေဗွီဓာတ်အားလိုင်း (၀.၈) မိုင် ၄၀၀ဗို့ ဓာတ်အားလိုင်း (၁) မိုင်တည်ဆောက်ခြင်း၊ ဘီးလင်းမြို့တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၀.၂၇) မိုင် နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း (၁.၅) မိုင် တည်ဆောက်ခြင်း၊ ကျိုက္ခမီမြို့တွင် ၁၁ / ၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာအသစ် တည်ဆောက်ရန် ၁၁ ကေဗွီအေ ဓာတ်အားလိုင်း (၁) မိုင် တည်ဆောက်ခြင်း၊ သံဖြူဇရပ်မြို့တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ (၂,၆၀၀) တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထရန်စဖော်မာအသစ် တည်ဆောက်ခြင်းကို မော်လမြိုင်မြို့တွင် (၁) လုံး၊ ချောင်းဆုံမြို့ တွင် (၁) လုံး၊ ကျိုက်မရောမြို့တွင် (၁)လုံး၊ ကျိုက္ခမီနှင့် သံဖြူဇရပ်မြို့တို့တွင် (၂) လုံး စုစုပေါင်း (၅) လုံး တည်ဆောက်နိုင်ခဲ့ပါသည် ။

မော်လမြိုင် ဓာတ်အားပေး စက်ရုံဝင်းအတွင်း Myanmar Lighting (IPP) Co,Ltd မှ Gas Turbine တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မဂ္ဂါဝပ် ၉၀ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ နိုင်ငံပိုင်အခန်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ရန်ကုန်-မြိတ် လမ်းပေါ်ရှိ လမ်းပိုင်းများ ပြင်ဆင်ခြင်း၊ မော်လမြိုင်မြို့ပတ်လမ်း၊ ချောင်းဆုံ-သင်္ကော-မုဒွန်း-ဒေါင်းဥလမ်း၊ မုဒုံ-မြဝတီလမ်း၊ မုဒုံ-အဘစ်-တံခွန်တိုင်လမ်း၊ သံဖြူဇရပ်-ကျိုက္ခမီလမ်း၊ ကျိုက်ထို-ကင်မွန်းစခန်းလမ်း၊ ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်း၊ သိမ်ဆိပ်-ဝီယော်-လေးကေလမ်းနှင့် သံလွင်မြစ်ကူးတံတား(ချောင်းဆုံ) ချဉ်းကပ်လမ်း မြေသားတာဘောင် တည်ဆောက်ခြင်း၊ ရန်ကုန်-မြိတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတားများ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးဦးစီးဌာနမှ ကျိုက်မရောမြို့နယ်တွင် ချောင်းနှစ်ခွ တိုက်နယ်ဆေးရုံ၊ သံဖြူဇရပ်မြို့နယ်တွင် ကျုံကဒတ်ဆေးရုံ၊ ဘီးလင်းမြို့နယ်တွင် အဝင်းကြီး ကျေးလက်ကျန်းမာရေးဌာနနှင့် ကျောက်ရေတွင်း ကျေးလက်ကျန်းမာရေးဌာန၊ ပေါင်မြို့နယ်တွင် သဲကုန်းတိုက်နယ်ဆေးရုံ စသည့် လုပ်ငန်းများ ဆောက်လုပ်နိုင်ခဲ့ပါသည်။

ပဂ္ဂလိကပိုင်အခန်းမှ မော်လမြိုင်မြို့နယ်တွင် ရေလမ်းကြောင်း ကောင်းမွန်ရန်အတွက် သောင်တူးခြင်းလုပ်ငန်း၊ တောင်ရိုးတန်းလမ်းချဲ့ခြင်းနှင့် ကွန်ကရစ်တိုင် အစားထိုးလဲလှယ်ခြင်း၊ ချောင်းဆုံမြို့နယ်တွင် ကလော့ကျေးရွာ ကတ္တရာလမ်းခင်းခြင်း၊ သံဖြူဇရပ်မြို့နယ်တွင် ကမ္ဘောဇဘဏ်ဆောက်လုပ်ခြင်း၊ ကျိုက်ထိုမြို့နယ်တွင် တည်းခိုဆောင် ဆောက်လုပ်ခြင်း နှင့် စိန်ပန်းလမ်းသွယ် ကွန်ကရစ်လမ်းခင်းခြင်း၊ သထုံမြို့နယ်တွင် နောင်ကုလား၊ ရှမ်းရွာ ကွန်ကရစ်လမ်းခင်းခြင်း၊ ပေါင်မြို့နယ်တွင် ဒေးကင်းကျေးရွာ မြေသားလမ်း ထပ်မံအဆင့်မြှင့်ပြုပြင်ခြင်း၊ ကျွဲခြံရွာ ကွန်ကရစ်တံတားခင်းခြင်း၊ ကမ္ဘာ့ရတနာဘဏ်နှင့် နေအိမ်အဆောက်အဦများ ဆောက်လုပ်ခြင်း ၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပဂ္ဂလိကပို့ဆောင်ရေးတွင် ပြည်နယ်အခြေစိုက် ယာဉ်လိုင်းအနေဖြင့် မှန်လုံနှင့် ဟိုင်းလတ် (၂၇) လိုင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များကို အခြေပြု၍ မွန်ပြည်နယ်အတွင်းသို့ ခရီးစဉ် ပြေးဆွဲခွင့် ပြုထားသည့် မှန်လုံနှင့် ဟိုင်းလတ် (၄၁) လိုင်း၊ မြို့တွင်း (၉) လိုင်းတို့ဖြင့် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ဒေသဖွံ့ဖြိုးတိုးတက်မှု ပိုမိုလာသည်နှင့်အမျှ မော်တော်ကားလမ်းနှင့် တံတားများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ကုန်းလမ်းခရီးသွားလာမှု ပိုမိုကျယ်ပြန့်လာခြင်း၊ မှန်လုံခရီးသွား ယာဉ်အများစုကို အထူးကားများအဖြစ် အဆင့်မြှင့်တင် ပြေးဆွဲလာကြခြင်းကြောင့် ယာဉ်စီးခနှုန်းထားများ တိုးမြင့်လာ၍ ယာဉ်လိုင်းများမှ ဝင်ငွေများ တိုးတက်ရရှိလာပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ အော်တိုတယ်လီဖုန်း(၄၄) လုံး၊ CDMA 800 Mobile ဖုန်းအလုံး (၁၈,၁၀၀)၊ GSM Mobile ဖုန်း (၃၆,၄၉၁) လုံး၊ WCDMA Mobile ဖုန်း (၃၅၉,၀၅၆) လုံး အသုံးပြုနိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ဘီးလင်းမြို့နယ်တွင် ကမ္ဘာ့ရတနာဘဏ်ခွဲ(၁)ခု၊ မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်တို့တွင် ကမ္ဘောဇောဘဏ်ခွဲ (၁) ခုစီ၊ ကျိုက်ထိုမြို့နယ်တွင် ဧရာဝတီဘဏ်ခွဲ (၁) ခု၊ သထုံမြို့နယ်တွင် မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ (၁) ခု နှင့် ရေးမြို့နယ်တွင် မြဝတီဘဏ်ခွဲ (၁) ခု စုစုပေါင်းဘဏ်ခွဲ (၈)ခု အသစ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ အခြေခံပညာဦးစီးဌာနမှ အထက်တန်း(၅)ကျောင်း၊ အလယ်တန်း (၈) ကျောင်း ၊ မူလတန်း (၅၅) ကျောင်း၊ စုစုပေါင်း (၆၈) ကျောင်း အသစ်တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပြီး၊ အထက်တန်း(၁၂) ကျောင်း၊ အလယ်တန်း(၁၄) ကျောင်း၊ မူလတန်းကျောင်း (၈၀) စုစုပေါင်း (၁၀၆) ကျောင်း ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် သံဖြူဇရပ်မြို့နယ်တွင် တိုက်နယ်ဆေးရုံ (၄) ရုံ၊ ဘီးလင်းမြို့နယ်တွင် တိုက်နယ်ဆေးရုံ (၁) ရုံ နှင့် ပေါင်မြို့နယ်တွင် တိုက်နယ်ဆေးရုံ (၁) ရုံ၊ စုစုပေါင်း တိုက်နယ်ဆေးရုံ (၆) ရုံ အသစ်တည်ဆောက်ခဲ့ပါသည်။ ကျေးလက်ကျန်းမားရေးဌာနတည်ဆောက်ရေး လုပ်ငန်းအနေဖြင့် ချောင်းဆုံမြို့နယ်တွင် (၁) ခု ၊ ကျိုက်မရော မြို့နယ်တွင် (၁) ခု၊ ရေးမြို့နယ်တွင် (၁) ခု ၊ ဘီးလင်းမြို့နယ်တွင် (၂) ခု နှင့် ပေါင်မြို့နယ်တွင် (၂) ခု ၊ စုစုပေါင်း (၇) ခု တည်ဆောက်နိုင်ခဲ့ပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်မှုမှာ မုဒုံမြို့နယ်တွင်(၁)ခု၊ သံဖြူဇရပ်မြို့နယ်တွင်(၁)ခုနှင့် ဘီးလင်းမြို့နယ်တွင်(၁)ခု၊ စုစုပေါင်း၃ခု ဖြစ်ပါသည်။

ပြည်သူလူထုထည့်ဝင်ငွေဖြင့် ကျေးရွာစာကြည့်တိုက် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်တွင် (၄) ခု၊ ချောင်းဆုံမြို့နယ်တွင် (၁)ခု၊ ကျိုက်မရော မြို့နယ်တွင် (၂) ခု၊ မုဒုံမြို့နယ်တွင် (၂) ခု၊ သံဖြူဇရပ်မြို့နယ်တွင် (၆) ခု၊ ရေးမြို့နယ်တွင် (၄) ခု၊ သထုံမြို့နယ်တွင် (၂) ခု၊ ကျိုက်ထိုမြို့နယ်တွင် (၁) ခု၊ ဘီးလင်းမြို့နယ်တွင် (၃) ခု၊ ပေါင်မြို့နယ်တွင် (၂) ခု အသီးသီး တည်ဆောက်နိုင်ခဲ့ပါသည်။

ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ပုဂ္ဂလိကပိုင်လုပ်ငန်းများ အများဆုံးပါဝင်သော ဌာနရမ်းခ နှင့် အခြားဝန်ဆောင်မှု ကဏ္ဍအနေဖြင့် ပုဂ္ဂလိကဆေးရုံ (၁၀) ရုံ ၊ ဆေးကုသခန်း (၃၂၈)ခု၊ တိုင်းရင်းဆေးကုသခန်း (၆၃) ခု တို့ဖြင့် ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ခဲ့ခြင်း ၊ ပုဂ္ဂလိကစာသင်ကျောင်း (၄) ကျောင်း၊ ဘော်ဒါဆောင် (၇၉) ခု၊ နေ့ကလေးထိန်း/မူကြို (၁၁၂)ခု တို့ဖြင့် ပညာရေးဝန်ဆောင်မှုများ ပေးနိုင်ခြင်း၊ အခြားပုဂ္ဂလိက

ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စားသောက်ဆိုင်လုပ်ငန်း၊ အလှပြင်လုပ်ငန်းနှင့် ဆက်စပ်နေသော လုပ်ငန်းများ၊ Internet Café ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ခဲ့ခြင်းကြောင့် တိုးတက်ခဲ့ပါသည်။

ကုန်သွယ်ရေးကဏ္ဍ။ မတ်လကုန်အထိ အကောင်အထည်ဖော်နိုင်မှုတွင် ထုတ်လုပ်မှုကဏ္ဍများဖြစ်သော လယ်ယာကဏ္ဍ နှင့် သစ်တောကဏ္ဍတို့၏ ထုတ်လုပ်မှုများ ရည်မှန်းချက်ပြည့်မီခြင်း မရှိသဖြင့် ကုန်သွယ်မှုကဏ္ဍလျော့နည်းခဲ့သော်လည်း မော်လမြိုင်မြို့နယ်တွင် ကုန်စည်ဒိုင် (၁)ခု၊ ရတနာထွန်းပွဲရုံနယ်မြေတွင် ပွဲရုံ (၇၆) ခု တို့ဖြင့် မြို့နယ်အသီးသီးမှ ထွက်ရှိသော ကုန်ပစ္စည်းများကို ရောင်းဝယ်ဖြန့်ဖြူခြင်း လုပ်ငန်းများ၊ သစ်သီးဝလံထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ခရမ်ရာဘာ နှင့် ရေထွက်ပစ္စည်းများကို ကုန်ချော ထုတ်လုပ်ပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်မီးရရှိရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း (၂၁) ရွာ မီးလင်းရန် ဆောင်ရွက်နိုင်ခဲ့သဖြင့် ပြည်နယ်တွင်း ကျေးရွာပေါင်း (၆၅၆) ရွာ မီးလင်းပြီး ဖြစ်ပါသည်။ မီးလင်းပြီး ရာခိုင်နှုန်းအနေဖြင့် (၅၅) ရာခိုင်နှုန်း ရှိပြီးဖြစ်ပါသည် ။

စိုက်ပျိုးရေးရရှိရေး။ ရေကြီးနစ်မြုပ် အန္တရာယ်လျော့နည်းစေရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ ချောင်းတူး၊ မြောင်းတူးလုပ်ငန်းများ (၈၂) ခု တူးဖော်ခဲ့ပြီး ရေဘေးကာကွယ် ဧရိယာ (၅၀,၆၄၆) ဧက ကို အကျိုးပြုနိုင်ရန် ဆောင်ရွက်ခဲ့သည်။

ရေပေးဝေရေးလုပ်ငန်းများအနေဖြင့် ပြည်နယ်အတွင်း ရေလှောင်တမံ(၅)ခုရှိပြီး ရေပေးဝေနိုင်သည့် ဧရိယာ ဧကပေါင်းမှာ (၂၀,၈၈၅) ဧကဖြစ်ပါသည်။ နွေစပါး စိုက်ပျိုးရေးရရှိရေးအတွက် မြို့နယ်အလိုက် လိုအပ်သော နေရာများတွင် နှစ်စဉ်ချောင်းပိတ်မြောင်းပိတ် လုပ်ငန်းများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေးအတွက် ချောင်းတူး၊ မြောင်းတူးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

သောက်သုံးရေရရှိရေး။ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးရွာများတွင် တွင်းနက်(၁)တွင်း၊ လက်တူးတွင်း(၄) တွင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်း (၁) ခုနှင့် အခြားတွင်းများ တူးဖော်ခြင်း(၆၆) ခု၊ လုပ်ငန်း စုစုပေါင်း (၇၂) ခုကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အသေးစားငွေရေးကြေးရေး လုပ်ငန်းအစုအဖွဲ့ (၂၃) ဖွဲ့ ရှိပြီး ထုတ်ချေးငွေကျပ် (၉,၇၇၂,၄၄) သန်းရှိပါသည်။

ရပ်ကွက်/ကျေးရွာများ၏ အခြေခံလူတန်းစားများကို အကျိုးပြုသော ထုတ်လုပ်မှု သမဝါ ယမ အသင်း (၁၂၆) သင်းနှင့် ဝန်ဆောင်မှု သမဝါယမအသင်း (၁၈) သင်း စုစုပေါင်း

(၁၄၄) သင်း တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးရွာတစ်ရွာ သမဝါယမအသင်း တစ်သင်းဖြစ်စေရေးအတွက် (၁၄၄) သင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ စုစုပေါင်းချေးငွေ ကျပ် (၂,၆၅၃,၈၆၆) သန်း ကို သမဝါယမအသင်း (၃၇၀) သင်းသို့ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ကျိုက်ထီးရိုးစေတီတော်၊ ကျိုက္ခမီရေလယ်ဘုရား၊ စက်စဲကမ်းခြေ၊ မီးရထားပြတိုက်၊ မုဒုံဝင်းစိန်တောရလျောင်းတော်မူဘုရား၊ ကျိုက်မရော ဆုတောင်းပြည့်ဘုရား၊ မော်လမြိုင်တောင်ရိုးတန်းဘုရား၊ ဇင်းကျိုက်ရေတံခွန်တို့သည် ဘုရားဖူး အပန်းဖြေသွားလာမှုများ များပြားခဲ့ခြင်းကြောင့် ခရီးသွားပြည်သူများ တည်းခိုနေထိုင်ရန် ဟိုတယ်(၂၁)လုံး၊ တည်းခိုခန်း (၁၀၉) ခုတို့ဖြင့် ဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်း ဆွဲဆောင်နိုင်ရန် ရေးမြို့နယ်တွင် ကဗျာဝကမ်းခြေ သာယာလှပရေးနှင့် အပန်းဖြေစခန်း တည်ဆောက်ရေးလုပ်ငန်း၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် Cable Car Project လုပ်ငန်း များဖြင့် ခရီးသွားဖွံ့ဖြိုးရန် ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျိုက်ထီးရိုးဆံတော်ရှင်စေတီသို့ ကမ္ဘာလှည့်ခရီးသည် (၁၂၂,၇၀၂) ဦး ဝင်ရောက်ခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး။ မွန်ပြည်နယ်ရှိ မြို့နယ်များအတွင်း ပင်လယ်နှင့် ထိစပ်လျက်ရှိသော ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဘေး၊ ရေဘေးနှင့်မိုးကြိုးဘေးအန္တရာယ် များကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှု နည်းပါးစေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကယ်ဆယ်ရေးအတွက် ကြိုတင်အစုဖွဲ့ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျှင်မြန် စွာ ဆောင်ရွက်နိုင်ရန်၊ အချိန်ကာလအလျောက် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများကို ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီ (၁၀) ခု ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ သဘာဝဘေး အန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးလျော့ပါးရေး၊ စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့ဝင်ပေါင်း (၃,၃၄၅) ဦး ဖြင့် ဖွဲ့စည်း ဆောင်ရွက်ထားရှိပါကြောင်း တင်ပြအပ်ပါသည်။

ရခိုင်ပြည်နယ်

တည်နေရာ	=	မြောက်လတ္တီ တွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် မှ ၂၂ ဒီဂရီ ၃၀ မိနစ် အတွင်း အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် မှ ၉၃ ဒီဂရီ ၅၀မိနစ် အတွင်း တည်ရှိ ပါ သည်။
အကျယ်အဝန်း	=	၁၄,၂၀၀.၀၈ စတုရန်း မိုင် ဧကေ ၉,၀၈၈,၀၅၃
လူဦးရေ	=	ဦးရေ ၃,၂၀၈ (ထောင်ပေါင်း) (၂၀၁၄-၂၀၁၅)
မြို့တော်	=	စစ် တွေ
ထူးခြားသည့် အမှတ်အသား	=	View Point စစ်တွေ၊ ငပလီ(ကမ်းခြေ)သံတွဲ
ခရိုင်	=	၅ ခရိုင်
မြို့နယ်	=	၁၇ မြို့
အဓိကစီးပွား ရေးကဏ္ဍ	=	လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင်မကွေးတိုင်း၊ပဲခူးတိုင်း၊ တောင်ဘက်တွင် ဧရာဝတီတိုင်းနှင့် ဘင်္ဂလားပင်လယ်အော်၊ နောက်ဘက်တွင် ဘင်္ဂလား ပင်လယ်အော် နှင့် အနောက်မြောက်ဘက်တွင်ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ချင်းပြည်နယ်၊

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၂,၉၅၆,၄၀၆.၄) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ (၅.၇)ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ရခိုင်ပြည်နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်း



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်အထိ **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၃,၀၄၁,၅၉၅.၈) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၁၀၂.၉) ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ (၅.၄) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၃၆) ရခိုင်ပြည်နယ်
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်စျေးနှုန်းအရ)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မြေယာအသုံးချမှု။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အသားတင်စိုက်ပျိုးမြေ (၁,၂၄၄,၆၇၉) ဧက၊ ပလပ်ထားသည့်မြေ(၆၂,၂၈၃)ဧက၊ စိုက်ပျိုးနိုင်သောမြေရိုင်း (၂၇၀,၀၂၇) ဧက၊ သစ်တောကြိုးဝိုင်း(၁,၆၇၈,၃၄၃) ဧက၊ အခြားသစ်တောမြေ (၃,၅၃၂,၄၀၁)ဧက၊ အခြားမြေ (၂,၃၀၀,၃၂၀) ဧက ရှိပါသည်။

လယ်ယာကဏ္ဍ။ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း စက်မှုလယ်ယာမြေ (၇၃၈.၇၅) ဧကကို ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်နှင့် ဂွမြို့နယ်တို့တွင် ဖော်ထုတ်နိုင်ခဲ့ပါသည်။ စက်မှုလယ်ယာစခန်း (၃) ခု၊ လယ်ယာလုပ်ငန်းသုံး ထွန်စက် (၅၀) စီး၊ လက်တွန်းထွန်စက် (၄၂) စီး၊ ကိုင်းရှည် (၁) စီး တို့ကို တောင်သူလယ်သမားများသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်မှုသင်တန်း (၄) ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ထူးကဲဒီရေတက်ခဲ့ပြီး ဆားငံရေ ဝင်ရောက်ခဲ့မှုနှင့် ရမ်းဗြဲမြို့၌ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ရွှံ့မီးတောင် ပေါက်ကွဲခဲ့မှုကြောင့် လယ် (၂၈,၈၂၂) ဧက ရေလွှမ်းခဲ့ပြီး (၁,၇၃၄) ဧက ပျက်စီးခဲ့ပါသည်။ ပျက်စီးသွားသော လယ်အချို့မှာ

ပြန်လည်လုပ်ကိုင်နိုင်ခြင်း မရှိသေးသဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စိုက်ဧက လျော့နည်းခဲ့ပါသည်။

သားငါးကဏ္ဍ။ ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ရေချို၊ ရေငန် ပုစွန်သားဖောက်လုပ်ငန်းများနှင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရေထွက်ပစ္စည်းများကိုလည်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်တွင်းခွင့်ပြု ငါးဖမ်းရေယာဉ် (၂၈၅) စီး၊ ကမ်းနီးစက်တပ် ရေယာဉ် (၃,၄၂၆) စီးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ပုစွန်ကန် (၆,၈၄၂) ကန်တွင် မွေးမြူဧက (၁၁၀,၈၉၅) ဧကကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေလုပ်သားများကို လေ့၊ ပိုက် နှင့် ကွန်များ မြို့နယ်အလိုက် ဖြန့်ဝေပေးခဲ့ပါသည်။

သစ်တောကဏ္ဍ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည့် သဘာဝတောတန်ဖိုးမြင့်စိုက်ခင်း (၃၈၅) ဧက၊ ဓမ္မတာမျိုးစပ်ခြင်း ဧက (၃၀၀) ၊ ဌာနပိုင် စိုက်ခင်း ဧက (၆၀၀)၊ ပုဂ္ဂလိကပိုင် စိုက်ခင်းဧက(၆၂၀) နှင့် ကျေးရွာပိုင်စိုက်ခင်း ဧက (၈၀) ဆောင်ရွက်နိုင်ခဲ့ပါသည်။ သစ်တောပြုစုထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံရေး ဆောင်ရွက်ခြင်း၊ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ခြင်း၊ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ခြင်းစသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများဖြစ်သော စည်ပင် သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အသေးစိတ် လုပ်ငန်းများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

သစ်တောစိုက်ခင်း ဧက (၈၀) တည်ထောင်ထားခဲ့ပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ကျွန်းဧက (၃၀၀) နှင့် သစ်မာ ဧက (၇၀) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ကျေးလက်နေပြည်သူများ သဘာဝတောများအပေါ် မှီခိုမှု လျော့ကျစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်အဖြစ် လမ်းဘေး ဝဲ/ယာ၊ တစ်အိမ်ထောင် ကျွန်း(၃) ပင်၊ သစ်မာပင် (၂၀)၊ တစ်ရွာ (၁) ဧက၊ ဌာနဆိုင်ရာလူထုအတွက် သစ်တောဦးစီးဌာန မှ ပျိုးပင် (၄၀၀,၀၀၀) ဖြန့်ဝေခြင်း၊ စိုက်ပျိုးနည်းပြသပေးခြင်းကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရွှေသဘာဝဓာတ်ငွေ့ ကုဗပေ သန်း (၁၃၄,၇၅၈) ထုတ်လုပ်နိုင်ခဲ့ပါသည်။

သတ္ထုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ရခိုင်ပြည်နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လမ်းခင်းကျောက်၊ ကျောက်စရစ်၊ သဲထုတ်လုပ်မှု များပြားလာပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ လမ်းခင်းကျောက် (၄၅၇,၀၀၈) ကျင်း၊ ကျောက်စရစ် ကျင်း (၄၇,၆၇၀)၊ သဲ ကျင်း (၁၉၄,၇၃၀) ထုတ်လုပ်နိုင်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင် ထားသည့် ဆန်ကြိတ်လုပ်ငန်း၊ အမှုန့်ကြိတ်လုပ်ငန်း၊ တွင်ခုံသံဂဟေလုပ်ငန်း၊ သစ်ခွဲလုပ်ငန်း၊ ကျောက်ခွဲလုပ်ငန်း၊ သံတံခါးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အကြီးစားလုပ်ငန်း(၆၁)ခု၊ အလတ်စားလုပ်ငန်း (၁၁၆)ခု နှင့် အငယ်စားလုပ်ငန်း (၁,၈၄၁) ခု တို့ကို လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ခဲ့ပါသည်။ ပုဏ္ဏားကျွန်းစက်မှုဇုန် နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ ဖွင့်လှစ် နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ရခိုင်ပြည်နယ်အတွင်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ် ဓာတ်အား စတင်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။ ပေါက်တော၊ ရသေ့တောင် နှင့် မင်းပြားမြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးရန် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ ရွှေပိုက်လိုင်းမှ ရရှိသော သဘာဝ ဓာတ်ငွေ့ကို အသုံးပြု၍ ကျောက်ဖြူဒေသနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် Parami Energy Service ကုမ္ပဏီမှ (၁) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့ သုံး အင်ဂျင်စက် (Gas Engine) (၄) လုံး ငှားရမ်း၍ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိခြင်း၊ ကျောက်ဖြူ၊ အမ်း၊ သံတွဲနှင့် တောင်ကုတ်မြို့နယ်များတွင် ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ်မီး ရရှိအောင် ဖြန့်ဖြူးပေးလျက်ရှိခြင်း၊ ဒေသတွင်း ကိုယ့်အားကိုယ်ကိုး ပုဂ္ဂလိကဒီဇယ်၊ ဆိုလာစနစ် လျှပ်စစ်မီး ထုတ်လုပ်မှုများ ပိုမိုလာခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကပိုင် မီးလင်းရေးကို ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊ ဖိုးသီးချို မီးလင်းရေးကုမ္ပဏီမှ ဒီဇယ်ဖြင့် မြောက်ဦး၊ ကျောက်တော် နှင့် ရမ်းဗဲမြို့များကို ၂၄နာရီမီးရရှိအောင် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပြည်နယ်၏ လျှပ်စစ် ဓာတ်အားကဏ္ဍ တိုးတက်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ပြည်နယ်အတွင်းရှိ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သော ရန်ကုန်-ကျောက်ဖြူလမ်း၊ တောင်ကုတ်-မအီ-ပဒဲကြော-အမ်းလမ်း၊ ရန်ကုန်-စစ်တွေလမ်းတို့ကို ဆောင်ရွက်လျက် ရှိပါ သည်။ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်း စသည့် လမ်း အမျိုးအစား(၅) မျိုးကိုလည်း ဖောက်လုပ်နိုင်ခဲ့ပါသည်။ ကွန်ကရစ်လမ်း၊ ကတ္တရာထပ်ပိုးလွှာခင်း ခြင်း၊ လမ်းချဲ့ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပေ (၁၈၀) နှင့်အထက် တံတားကြီးများဖြစ်သော ရွာချောင်းကြီးတံတား၊ ဇင်ချောင်း တံတား၊ စွန်ရဲမြစ်ကူးတံတား၊

ဆင်ခုံတိုင် မြစ်ကူးတံတား၊ စံမတီးချောင်း တံတား၊ ဂယ်လောင်း တံတားနှင့် သဲတန်းတံတား တို့ကို တည်ဆောက်လျက်ရှိပါသည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦးနှင့် သံတွဲမြို့နယ်တို့တွင် မြို့ပြစီမံကိန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပဂ္ဂလိကကဏ္ဍ နေလသစ္စာကုမ္ပဏီမှ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စစ်တွေမြို့ မန်မိုရီ ဟိုတယ်ဆောက်လုပ်ခြင်း၊ ကျောက်ဖြူမြို့ ဗာရာဏသီဟိုတယ်တို့ကို တည်ဆောက်ခဲ့ပါသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စာသင်ကျောင်းများ၊ လယ်သမား တာ (ကာရီ) များ၊ ရေတွင်းများ နှင့် နေအိမ်များ တည်ဆောက် နိုင်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေး လုပ်ငန်းအနေဖြင့် မြန်မာ့အမျိုးသားလေကြောင်းနှင့် ပဂ္ဂလိကလေကြောင်းလိုင်းများဖြစ်သော အဲပုဂံ၊ အဲမန္တလေး၊ အဲကမ္ဘောဇနှင့် မန်းရတနာပုံ လေကြောင်းလိုင်းတို့မှ တိုးချဲ့ပြေးဆွဲလျက်ရှိပါသည်။ ရထား ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်တော်သာ-ရေချမ်းပြင်လမ်းအား ပြင်ဆင်၍ ပြန်လည် ပြေးဆွဲလျက်ရှိပါသည်။ စစ်တွေမြို့တွင်း ပြည်နယ်အစိုးရမှ သုံးဘီးဆိုင်ကယ်အစား လိုက်ထရပ် မော်တော်ယာဉ်များ အစားထိုးလဲလှယ် ပြေးဆွဲပေးခြင်း၊ ရေကြောင်းလိုင်းတွင် ပဂ္ဂလိက စက်တပ်ရေယာဉ်များဖြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ တွင်ကျယ်လာခြင်းကြောင့် ခရီးသွားလုပ်ငန်းများမှ ဝင်ငွေများ တိုးလာခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မှ ပြည်တွင်းတယ်လီဖုန်းလိုင်းများ တိုးချဲ့ခြင်း၊ အော်တိုတယ်လီဖုန်း (၁၉၆) လုံး၊ CDMA 800 (၂၆,၆၅၄) လုံး၊ CDMA (၂,၀၀၀,၀၀၀) လုံး တို့ကို ဈေးသက်သာစွာ ရောင်းချပေးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဘူးသီးတောင်မြို့နယ် နှင့် ရမ်းဗြဲမြို့နယ်များတွင် Auto ဖုန်းလိုင်း များ တိုးချဲ့တပ်ဆင်ခြင်း၊ ပဂ္ဂလိကပိုင်ကဏ္ဍမှ ဖုန်းဆင်းကဒ်များ ရောင်းချခြင်း၊ ငွေဖြည့်ကတ် များ၊ အင်တာနက်ဝန်ဆောင်မှု နှင့် မြန်နှုန်းမြှင့်ဆက်သွယ်ရေးစနစ်တို့ကို ဆောင်ရွက်နိုင်ခဲ့ ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ သမဝါယမပိုင်အခန်းမှ ကျောက်ဖြူမြို့နယ်တွင် သမဝါ ယမ ဘဏ် (၁) ခု နှင့် ပဂ္ဂလိကပိုင်အခန်းမှ မောင်တောမြို့နယ်တွင် ကမ္ဘောဇဘဏ် (၁) ခု တိုးချဲ့ ဖွင့်လှစ်ခြင်းတို့ကြောင့် ငွေလွှဲခြင်း၊ ပဂ္ဂလိက လုပ်ငန်းရှင်များသို့ အရင်းအနှီးငွေများ ထုတ်ချေးခြင်း၊ အလိုအလျောက် ငွေထုတ်စက်များ တပ်ဆင်ခြင်းစသည့် ဝန်ဆောင်မှုများ တိုးတက်လုပ်ဆောင်နိုင်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ ပညာရေးအနေဖြင့် စာသင်ကျောင်းများ ပြုပြင်မွမ်းမံခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျန်းမာရေးအနေဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဆောက်လုပ်ခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ တိုက်နယ်ဆေးရုံနှင့် တိုင်းရင်းဆေးရုံများ တိုးချဲ့ဆောက်လုပ်သည့်အပြင် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားဆောင်ရွက်နိုင်ခဲ့ပါသည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စားသောက်ဆိုင်လုပ်ငန်းများ၊ အလှပြင်ဆိုင်လုပ်ငန်းများ၊ ကွန်ပျူတာမိတ္တူဆိုင်များ၊ ရွှေဆိုင်များ၊ စတိုးဆိုင်များ၊ ကန်ထရိုက်လုပ်ငန်းနှင့် ကျူရှင်လုပ်ငန်းတို့မှ ဝင်ငွေများတိုးလာခြင်း၊ ပွင့်လင်းရာသီချိန်ဖြစ်၍ ခရီးသွားလာမှု များပြားလာခြင်း၊ ဟိုတယ်လုပ်ငန်းမှ ဝင်ငွေများတိုးလာခြင်းတို့ကြောင့် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။ နိုင်ငံပိုင်ဟိုတယ်၊ ပြည်တွင်းပုဂ္ဂလိကပိုင်ဟိုတယ် စုစုပေါင်း ၆၆ ခု၊ တည်းခိုရိပ်သာ ၁၀၈ ခု တို့ဖြင့် ခရီးသွားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ရခိုင်ပြည်နယ်ရှိ စစ်တွေနှင့် မောင်တောနယ်စပ် စခန်းများမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်၊ နန္နင်းတက်၊ လဲမျိ့၊ မကျည်းစေ့၊ ကုလားပဲ၊ ကွမ်းသီး၊ ဂဏာန်း၊ ငါးကုန်းညိုခြောက်၊ ငါးလေးစိုခြောက်၊ ငါးနီတူခြောက်၊ ရေငန်ပုဇွန်၊ ငါးသလောက်၊ ဝါးကြီး၊ ကြိမ်နှင့် အခြားသောကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့ပါသည်။ မောင်တော၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ စစ်တွေနှင့် ကျောက်ဖြူမြို့နယ်များမှ ထွက်ရှိသော ဆားများကို ရန်ကုန်တိုင်းသို့ တင်ပို့ပါသည်။

လျှပ်စစ်မီးရရှိရေး။ လျှပ်စစ်မောတ်အားသုံးစွဲနိုင်သည့် ကျေးရွာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၁,၁၇၉) ရွာ မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁,၂၆၆)ရွာ တိုးတက်ခဲ့ပါသည်။

သောက်သုံးရေရရှိရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့ပြရေပေးဝေရေး လုပ်ငန်း (၂၉) ခု၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်း (၂၂) ခု၊ တွင်းတိမ် (၄) ခု၊ မြေသားကန် (၂၄) ခုနှင့် အခြား (၃) ခု တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးရွာသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာများတွင် တွင်းတိမ် (၄) တွင်း၊ လက်တူးတွင်း (၇) ခု၊ မြေသားကန် (၂၅) ကန်၊ အခြား(၉) တွင်း တို့ကို ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

စိုက်ပျိုးရေရရှိရေး။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၏ အဓိကဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ရေငန်တားတာ၊ လယ်သမားတာကာရီ၊ ဆည်/ကန် ရေလှောင်တမံများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ရေလှောင်တမံ၊ အသက်ကယ်ကုန်း၊ လျှိုပိတ်ဆည်၊ ရေငန်တားတာနှင့်

ရေတံခါးတို့ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆည်မြောင်းဦးစီးဌာနမှ လယ် (၅,၉၈၅) ဧက ကို ရေပေးဝေနိုင်ခဲ့ပါသည်။ မြစ်ရေတင်လုပ်ငန်းမှ လယ်ဧက (၁,၆၀၀) ကို ရေပေးဝေနိုင်ခဲ့ ပါသည်။

အလုပ်အကိုင်ရရှိရေး။ ပြည်နယ်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် လမ်းတံတားတည်ဆောက်ခြင်း၊ ရေပေးရေးလုပ်ငန်းနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ ကို တိုးချဲ့လုပ်ကိုင်လျက်ရှိရာ ထိုလုပ်ငန်းများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပါသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်း ပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ချုပ် သင်တန်း (အခြေခံ/အဆင့်မြင့်) သင်တန်း (၄) ကြိမ် တွင် သင်တန်းသား (၂၈၁)ဦး၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်မှ (စိုက်/မွေး) သင်တန်း (၂) ကြိမ်တွင် သင်တန်းသား (၂၈၅) ဦး၊ မြန်မာ့ရွှေပြည်ကုမ္ပဏီမှ စက်ယန္တယားသင်တန်း (၃) ကြိမ်တွင် သင်တန်းသား (၃၀) ဦး၊ စက်မှု ဝန်ကြီးဌာနမှ လျှပ်စစ်+သံဂဟေသင်တန်း (၄) ကြိမ် တွင် သင်တန်းသား (၁၇၉) ဦး၊ စက်မှု ဝန်ကြီးဌာနမှ စိုက်ပျိုးရေးသုံးနှင့် မော်တော်ဆိုင်ကယ်ပြင်သင်တန်း (၂) ကြိမ်တွင် သင်တန်းသား (၄၆) ဦးတို့ကို သင်တန်းပေးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ငွေကြေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောက်ဖြူမြို့နယ် ၌ သမဝါယမဘဏ် (၁) ခုဖွင့်လှစ်နိုင်ခဲ့ပြီး သမဝါယမဦးစီးဌာနမှ မြို့နယ် (၁၇)မြို့နယ်တွင် ငွေစု ငွေချေးသမအသင်း (၅၂) သင်း၊ ဈေးသမဝါယမအသင်း (၁၉)သင်းတို့ကို ငွေထုတ်ချေးပေးနိုင်ခဲ့ ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် သံတွဲမြို့နယ်တွင် ဟိုတယ်ဇုန်ထူထောင်ခြင်း၊ ဟိုတယ်များ အဆင့်မြှင့်တင်ခြင်း၊ မြောက်ဦးမြို့နယ်တွင် ဟိုတယ်များ အဆင့်မြှင့်တင်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှု သင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများ၊ ခရီးသွားဝန်ဆောင်မှု သင်တန်းများ ဖွင့်လှစ်နိုင်အောင် စီစဉ် ဆောင်ရွက်လျက် ရှိပါသည်။

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေထွက် ပစ္စည်းများနှင့် အခြားထွက်ကုန်များ တင်ပို့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်း နယ်ပယ်အလိုက် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု အသင်းအဖွဲ့များ ပိုမိုခိုင်မာလာအောင် အားပေး မြှင့်တင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန်စီမံဆောင်ရွက်ခြင်း၊ လက်ကား ဈေးကွက်နှင့် ကုန်စည်ဒိုင်ဈေးကွက်များ ပိုမိုဖွံ့ဖြိုးလာအောင် အားပေးခြင်းများကို ဆောင်ရွက် လျက် ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး

တည်နေရာ	=	မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၅မိနစ်မှ၁၇ဒီဂရီ၅၀မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၂မိနစ်မှ ၉၆ ဒီဂရီ ၄၆ မိနစ်ကြား။
အကျယ်အဝန်း	=	၃,၉၆၇.၈၆ စတုရန်းမိုင်
လူဦးရေ	=	ဦးရေ - ၇,၄၁၁ (ထောင်) ၂၀၁၄-၂၀၁၅
မြို့တော်	=	ရန်ကုန်မြို့
ထူးခြားအမှတ်အသား	=	ရွှေတိဂုံဘုရား
ခရိုင်	=	အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်
မြို့နယ်	=	၄၅ မြို့နယ်၊ မြို့နယ်ခွဲ ၁ ခု
အဓိကစီးပွားရေးကဏ္ဍ	=	စက်မှု လက်မှု၊ ပို့ဆောင်ရေး
ဆက်စပ်သောဒေသများ	=	အရှေ့ဘက်နှင့်မြောက်ဘက် - ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်- ဧရာဝတီတိုင်း ဒေသကြီး၊ တောင်ဘက် - မုတ္တမပင်လယ်ကွေ့

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ်(၁၃,၉၉၀,၉၈၆.၅) သန်း အကောင်အထည်ဖော်နိုင်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ (၉.၃) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း





ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို မတ်လကုန်အထိ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် (၁၄,၄၄၇,၉၃၅.၅) သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၁၀၃.၃) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း** အရ (၉.၇) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၃၉) ရန်ကုန်တိုင်းဒေသကြီး
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်စျေးနှုန်း)



ဧကစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ စပါးစိုက်ပျိုးမှုမှာ (၁,၃၈၇,၉၇၆) ဧက၊ အစေ့ထုတ်ပြောင်း (၁၆၄) ဧက၊ ဖူးစားပြောင်း (၁,၀၃၉) ဧက၊ စုစုပေါင်းနှံစားသီးနှံစိုက်ပျိုးမှုမှာ (၁,၃၈၉,၁၇၉) ဧကဖြစ်ပါသည်။ ဆီထွက်သီးနှံ (၁၃,၃၅၆) ဧက၊ ပဲအမျိုးမျိုး (၄၂၉,၀၂၅) ဧကနှင့် အခြားသီးနှံများ (၃၁၉,၉၀၇) ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ နွေစပါး (၉,၃၄၀) ဧက စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး စက်မှုလယ်ယာမှ (၃၀,၇၅၂) ဧကလွှာ ထွန်ယက်နိုင်ခဲ့ပါသည်။ စက်မှုလယ်ယာထွန်စက်စခန်းများ၌ တောင်သူဦးရေ (၁၅၀) ကို လယ်ယာစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ဆည်မြောင်းဦးစီးဌာနမှ ဧပြီလမှမတ်လအထိ လုပ်ငန်းပြီးစီးမှုမှာ ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်း ရေတံခါးတည်ဆောက်မှု (၅)ရာခိုင်နှုန်း၊ ငမိုးရိပ်တူးမြောင်းမကြီး အကြီးစားပြုပြင်ခြင်း (၄၆.၇)ရာခိုင်နှုန်း၊ တဘူးလှ ဆည်ရေသောက်စနစ်အတွင်း နွေစပါးရေရရှိရေးနှင့် စိုက်ကေတိုးတက်စေရေးအတွက် ရေထိန်းရေမြှင့်အဆောက်အဦ(၄)ခု တည်ဆောက်ခြင်း (၆၃) ရာခိုင်နှုန်း၊ ရွှေလင်ပန်း ရေထိန်းတံခါးတည်ဆောက်ခြင်း (၄၀) ရာခိုင်နှုန်း၊ လဂွမ်းပြင်

ရေတံခါးတည်ဆောက်ခြင်း (၁၀) ရာခိုင်နှုန်း၊ တော်ကူးရေတံခါးတည်ဆောက်ခြင်း (၁၀) ရာခိုင်နှုန်းဆောင်ရွက်ပြီး ဖြစ်ပါသည်။ လဂွမ်းပြင်ရေလှောင်တမံ၊ ပန်တိုင်-ဒေါင့်ကြီးတာ (ဒေါင့်ကြီးကွေ့) တွင် ဖြတ်တာတည်ဆောက်ခြင်း၊ တွံတေးမြို့နယ် မြောင်း(၈) မြောင်းတူးဖော်ခြင်း၊ လှည်းဆိပ်သဘော့ချောင်းတာမြွင့်ခြင်း၊ ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေးအတွက် ဆောင်ရွက်သော လုပ်ငန်း(၈)ခု ဒွန်းတပဲ့တာမြွင့်ခြင်း၊ ကံဝိုင်းအမှတ်(၃) ရေတံခါးတည်ဆောက်ခြင်း တို့ကို ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

သားငါးကဏ္ဍ။ ပဂ္ဂလိကပိုင်အခန်းအနေဖြင့် ငါးမွေးမြူရေးလုပ်ငန်းများတွင် ဈေးကွက်ဝင် တန်ဖိုးမြင့်ငါးများ တိုးချဲ့မွေးမြူခြင်းနှင့် ဈေးကွက်လိုအပ်ချက် နှင့်အညီ ငါးမျိုးစိတ်များ အစားထိုးမွေးမြူလာခြင်းကြောင့် တိုးတက်ထုတ်လုပ်နိုင်ခြင်း ဖြစ်ပါသည်။ သားငါးကဏ္ဍအနေဖြင့် ပဂ္ဂလိကမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးလာခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးခြင်းကြောင့် အသားနှင့်ဥထုတ်လုပ်မှု တိုးတက်ကောင်းမွန်ရခြင်း ဖြစ်ပါသည်။

ပုစွန်မွေးမြူရေးလုပ်ငန်းအနေဖြင့် သမားရိုးကျ သဘာဝ မွေးမြူရေးစနစ်မှ (Extensive Plus) မွေးမြူရေးအဖြစ် သားပေါက် အစာထည့်သွင်းကျွေးမွေး၍ မွေးမြူလာခြင်းကြောင့် ထုတ်လုပ်မှု တိုးတက်လာခြင်း ဖြစ်ပါသည်။ ရန်ကုန်အခြေစိုက် ကမ်းဝေး ငါးဖမ်းလုပ်ငန်းကို ငါးဖမ်းရေယာဉ် (၈၁၆)စီးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

သစ်တောကဏ္ဍ။ ကျွန်း (၅၈၈)ကုဗတန်၊ သစ်မာ(၄၇,၉၀၉) ကုဗတန်၊ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ် နှင့် ခနို-သက်ငယ် ထုတ်လုပ်ခဲ့ခြင်း၊ ဖမ်းဆီးသစ်များကို ထုခွဲရောင်းချခြင်း တို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ တိုက်ကြီးမြို့နယ် အဖျောက်ရေနံ သဘာဝဓာတ်ငွေ့ တွင်းသစ်မှ ဗူးသွင်းသဘာဝဓာတ်ငွေ့များ ထုတ်လုပ်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ အမှတ်(၃) သံမဏိစက်ရုံမှ Billet (သံမဏိတုံး) နှင့် ပဂ္ဂလိကပိုင် လုပ်ငန်းများမှ သဲထုတ်လုပ်မှုနှင့် ကျောက်စရစ် ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ နိုင်ငံတော်အနေဖြင့် ပဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SMEs လုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။ ပဂ္ဂလိကကဏ္ဍသည် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးရေးတွင် အလွန်အရေးပါ ပါသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ စာရင်းအရ စားသောက်ကုန်ပစ္စည်း ဖတ်ဆင်ရေး၊ နေထိုင်ရေး၊ လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်း၊ စာပေနှင့်အနုပညာလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်း၊ ဓာတ်သတ္တုပစ္စည်း ပြုပြင်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးကိရိယာ ထုတ်လုပ်မှု၊

သယ်ယူပို့ဆောင်ရေးယာဉ်များထုတ်လုပ်မှု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုနှင့် အထွေထွေစက်မှုလုပ်ငန်းတို့တွင် ထုတ်လုပ်မှုတန်ဖိုး ကျပ် (၅,၅၈၆,၈၃၄.၁၀၈) သန်း၊ အမေရိကန်ဒေါ်လာ (၁,၇၅၂.၃၀၇) သန်း၊ ယူရို (၅.၃၄၄) သန်း၊ ယွမ် (၂၁.၁၂) သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ လီမိတက်မှ ဇုန် A အနေဖြင့် ဟက်တာ (၄၀၀) စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ (၃၅) ဟက်တာတွင် အိမ်ရာအဆောက်အဦများ ဆောက်လုပ်ရန်၊ (၂၁၁) ဟက်တာတွင် ဂျပန်၊ ထိုင်ဝမ်၊ ထိုင်း၊ စင်္ကာပူ၊ အမေရိကန်၊ တရုတ်၊ ဆွီဒင်၊ ဟောင်ကောင်၊ ဩစတြေးယား၊ မလေးရှား၊ မြန်မာ ကုမ္ပဏီများ နှင့် (၈၃.၄)ရာခိုင်နှုန်း စာချုပ်ထားပြီး ဖြစ်ပါသည်။ (၃၃) ကေဒီလျှပ်စစ်ဓာတ်အား လိုင်းသွယ်တန်းလျက်ရှိပြီး ရေဖြန့်ဖြူးရေးနှင့် ရေဆိုးသန့်စင်စက်ရုံတို့ကို တည်ဆောက်နေပြီ ဖြစ်ပါသည်။ အထည်ချုပ်၊ ရှူးဖိနပ်၊ ဝိုးချဲ့၊ ဆေးဝါး၊ စက်ပစ္စည်း၊ အမိုးပြား၊ ပလပ်စတစ်ပစ္စည်းများ၊ သံဗူးခွံ၊ ကစားစရာ၊ အစားအစာ၊ သစ်သားနှင့် ပြုလုပ်သောပစ္စည်းများ၊ အော်တိုမိုဘိုင်း၊ ကားအစိတ်အပိုင်းများ စသည်တို့ ထုတ်လုပ်သွား မည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ကောင်းကင်ဓာတ်အားလိုင်းများ အစားထိုးတည်ဆောက်ခြင်း၊ Control Building တည်ဆောက်ခြင်း၊ မြေအောက်ဓာတ်ကြိုးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ Switchgear တပ်ဆင်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ခရိုင်(၄)ခရိုင်အတွင်း ထရန်စဖော်မာများနှင့် လိုင်းပစ္စည်းများ တည်ဆောက်ခြင်း၊ ဆွေးမြေ့သစ်သားတိုင်များအား ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ခြင်း၊ ACSR ကြိုးများအား HDBC ကြိုးများဖြင့် လဲလှယ်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ မင်္ဂလာဒုံမြို့နယ်ပြည်လမ်း၊ အောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့လူကူးခုံးကျော်တံတား၊ ကျောက်တံတားမြို့နယ် ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းဆုံလူကူးခုံးကျော်တံတား၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း၊ ဂမုန်းပွင့် ကုန်တိုက်ရှေ့လူကူးခုံးကျော်တံတားနှင့် မြေနီကုန်းခုံးကျော်တံတားများ အပြီးသတ် တည်ဆောက်ခဲ့ပြီး ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ရွှေမိုးကောင်းကွန်ဒိုစီမံကိန်း၊ ရွှေမြဲယာ(၂) အဆင့်မြင့်အိမ်ရာစီမံကိန်း၊ ကန်တော်ကြီးရိပ်သာ အဆင့်မြင့်အိမ်ရာစီမံကိန်း၊ Shwe Zebu River View Comples စီမံကိန်း၊ River View Point Condominium စီမံကိန်း၊ စံပယ်ဖြူအဆင့်မြင့်အိမ်ရာစီမံကိန်း၊ ရန်ကင်းအဆင့်မြင့်အိမ်ရာ စီမံကိန်း၊ (၂၇) ထပ် DEG Tower A နှင့် (၂၁) ထပ် DEG Tower B စီမံကိန်း၊ ကန်သာယာ Construction Tower စီမံကိန်း၊ဗိုလ်ချုပ်အောင်ဆန်း SQUARE စီမံကိန်း၊ Time City Project စီမံကိန်း၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းတွင် ဟိုတယ်၊ လူနေတိုက်ခန်း နှင့် ရောဂါရှာဖွေရေးဆေးခန်း ဆောက်လုပ်ရေးစီမံကိန်း၊ MGW INYA HOTEL၊

SEDONA ဟိုတယ် တိုးချဲ့(၂၉)ထပ် ဆောက်လုပ်ခြင်း၊ ဗဟန်းမြို့နယ်အတွင်း ဇီယက်နမ် ဟိုတယ်တည်ဆောက်ခြင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ဗိုလ်ဗထူးနှင့် ဗိုလ်မင်းရောင် အိမ်ရာစီမံကိန်း၊ မရမ်းကုန်းမြို့နယ်တွင် မင်းဓမ္မဒုတိယစီးပွားရေးဇုန် တည်ဆောက်ရန်၊ ဒဂုံ ဆိပ်ကမ်းမြို့နယ် ရွှေလီလမ်း၌ စီးပွားရေးဖွံ့ဖြိုးမှု အဆောက်အအုံနှင့် အိမ်ရာစီမံကိန်းများ၊ ငမိုးရိပ်ချောင်း ရွှေပေါက်ကံတံတား၊ ထန်းတပင် ကုက္ကိုဝတံတား၊ ခရမ်းဇွဲတွန် တံတား၊ အင်းစိန် မီးရထား ခုံးကျော်တံတား၊ ဒေါပုံ-မင်္ဂလာတောင်ညွန့် ငမိုးရိပ်ချောင်းကူးတံတား၊ ငမိုးရိပ် (သုဝဏ္ဏ) တံတား၊ ဒုံဗျုိက်တံတား၊ အင်းလန်တံတား တို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ မြန်မာ့မီးရထားခရီးမိုင် (၅၅၂,၁၂၇)၊ ကုန်တန်မိုင် (၁၁၇,၅၁၉) မိုင် ပို့ဆောင်နိုင်ခဲ့ပါသည်။ မြန်မာ့မီးရထား၏ခရီးသည်ဦးရေနှင့် ဝင်ငွေမှာ ယခင်နှစ်ကထက် ပိုမို ရရှိခဲ့ပါသည်။ ရေကြောင်းပို့ဆောင်ရေးတွင် စီးပွားရေးအရ တွက်ခြေကိုက်သည့် ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ အထူးစီမံကိန်းဝင် တံတားစီမံကိန်းများ တည်ဆောက်မှုတွင် ရေယာဉ်များ ဌားရမ်း ပေးနိုင်ခြင်း၊ ရန်ကုန်မြစ်တွင်း ခေါက်တိုင်ဌားရမ်းလုပ်ကိုင်ခြင်းလုပ်ငန်းများ တိုးတက်ဆောင်ရွက် နိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တယ်လီဖုန်းခေါ်ဆိုခ၊ တယ်လီဖုန်း တပ်ဆင်ခ(ဌားရမ်းခ)များ၊ e-telegram ကြေးနန်းလုပ်ငန်း၊ ဖက်စ်အမြန် ကြေးနန်းလုပ်ငန်း၊ အများပြည်သူသုံး အင်တာနက်လုပ်ငန်း၊ စာပို့တံဆိပ်ခေါင်း ရောင်းချခြင်း၊ အမြန်ချောပို့ လုပ်ငန်း၊ ငွေပို့လွှာလုပ်ငန်း (ရိုးရိုး/အမြန်) တို့မှ အဓိကဝင်ငွေ ရရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ရန်ကုန်မြို့ရှိ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေများ၊ အတိုးရငွေများ၊ အသေးစားချေးငွေလုပ်ငန်းများ၊ အာမခံ လုပ်ငန်းများ တိုးတက်လာသဖြင့် ငွေရေးကြေးရေးကဏ္ဍတွင် တိုးတက်မှုရှိခဲ့ပါသည်။ ဘဏ် လုပ်ငန်းများအနေဖြင့် ATM (Automatic Teller Machine)ကတ်ဖြင့် ငွေထုတ်ခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ ငွေပို့ / ငွေလွှဲလုပ်ငန်းများ မိနစ်ပိုင်း အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း၊ Money Changer များ ဖွင့်လှစ်ပေးနိုင်ခြင်းတို့ကြောင့်လည်း ပုဂ္ဂလိကပိုင်အခန်းတွင် တိုးတက်ခဲ့ ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ ပညာရေးဝန်ကြီးဌာနအနေဖြင့် (C,D,E) အဆင့်ရှိ ကျောင်းများတွင် မူလတန်းပြ ဆရာ/ဆရာမများကို နေ့စားဖြင့်ခန့်ထားခြင်း၊ သမဝါယမဦးစီး ဌာနမှ ဝန်ထမ်းတိုးချဲ့ခန့်ထားခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဘတ်ဂျက် အောက်သို့ ရောက်ရှိလာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သာမန်ရငွေစာရင်းများ ပါဝင် လာပါသည်။

အမှတ်(၃) အခြေခံပညာ ဦးစီးဌာနအနေဖြင့် အန္တရာယ်ရှိကျောင်း၊ ကျောင်းသား ဦးရေအရ တိုးချဲ့ရန် လိုအပ်သည့် ကျောင်းနှင့် ဥပဓိရုပ် မကောင်းသည့် ကျောင်းများ၊ သိပ္ပံဆောင်များ၊ မြို့နယ်ရုံးများ၊ ခရိုင်ရုံးများ ဆောက်လုပ် ပြင်ဆင်လျက်ရှိရာ စုစုပေါင်း (၄၂၂) ကျောင်း ပြင်ဆင်ဆောက်လုပ်လျက် ရှိပါသည်။

ကျန်းမာရေးဦးစီးဌာနအနေဖြင့် တိုက်နယ်ဆေးရုံ (၉) ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၅) ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၄၃) ခု ဆောက်လုပ်လျက် ရှိပါသည်။ မြို့နယ်ဆေးရုံ (၁) ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၁) ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၀) ခု ၊ ဒေသန္တရ ဆေးပေးခန်း (၂) ခု အား အကြီးစားမွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံတွင် အတွင်းလူနာ (၉၈၆) ဦး၊ ပြင်ပလူနာ (၁၁၄,၂၄၁) ဦး ကုသပေး နိုင်ခဲ့ပါသည်။

ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ဟိုတယ်လုပ်ငန်းများ၊ ပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်းများမှ ဝင်ငွေများ၊ စည်ပင်သာယာရေးကော်မတီမှ ဌာနရမ်းခရငွေများ၊ တည်းခိုခန်း လိုင်စင်ခွန်၊ ဘော်ဒါဆောင်လုပ်ငန်းလိုင်စင်၊ မော်တော်ယာဉ်ဖြင့် လှည့်လည် ရောင်းချခွင့်လိုင်စင်၊ ကိုယ်ပိုင်ဈေးလိုင်စင်နှင့် ကိုယ်စားလှယ်လုပ်ငန်းတို့မှ ရငွေများ တိုးတက် ခဲ့ပါသည်။

ကုန်သွယ်ရေးကဏ္ဍ။ ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်စည်ထုတ်လုပ်မှုများ၊ ရင်းနှီး မြှုပ်နှံမှုများအပေါ် မူတည်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ပြည်တွင်းပြည်ပ ကုန်စည် စီးဆင်း နိုင်သောရေကြောင်း၊ လေကြောင်းနှင့် ကုန်းကြောင်းတို့မှ ဝင်ထွက်နိုင်သော Gate Way ဒေသ ကြီးဖြစ်သဖြင့် ပို့ကုန်သွင်းကုန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ သွက်လက် မြန်ဆန်စွာ ဆောင်ရွက် လျက် ရှိပါသည်။

လျှပ်စစ်မီးရရှိရေး။ ကျေးလက်မီးလင်းရေးအနေဖြင့် ဓာတ်အားစနစ် (၅၄၈) ရွာ၊ ပုဂ္ဂလိကမီးစက်ဖြင့် (၄၂)ရွာ၊ ဆိုလာစနစ်ဖြင့် (၈)ရွာ၊ ကျေးရွာပေါင်း(၅၉၈)ရွာ မီးလင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

သောက်သုံးရေရရှိရေး။ စည်ပင်သာယာရေးအဖွဲ့များက ရေပေးရေးအတွက် ဆောင်ရွက် လျက်ရှိရာ ကျောက်တန်းမြို့နယ်၌ တွင်းနက် (၃) တွင်း၊ အခြားရေပေးရေး လုပ်ငန်း(၁၁) ခု၊ ကွမ်းခြံကုန်းမြို့နယ်၌ ရေကန် (၁) ကန်၊ ခရမ်းမြို့နယ်တွင် တွင်းနက် (၆) တွင်း၊ တွင်းတိမ် (၄) တွင်း နှင့် အခြားရေပေးရေးလုပ်ငန်း (၁) ခု၊ သုံးခွမြို့နယ်၌ ရေကန် (၂) ကန်၊ တံတားမြို့နယ် တွင် တွင်းနက် (၁)တွင်း၊ ကိုကိုးကျွန်းမြို့နယ်တွင် အခြားရေပေးရေးလုပ်ငန်း (၂) ခု ဆောင်ရွက် နိုင်ခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ နေ့စဉ် ရေဖြန့်ဝေသည့် ပမာဏမှာ ဂျူးဖြူကန်မှ ရေဂါလန် (၂၇) သန်း၊ လှော်ကားကန်မှ ရေဂါလန် (၁၄) သန်း၊ ဖူးကြီးရေလှောင်ကန်မှ ရေဂါလန် (၅၄) သန်း၊ ရန်ကုန်မြို့တော် ရေပေးဝေရေး(ငမိုးရိပ်)မှ ရေဂါလန် (၄၅) သန်း၊ အဝီစိစက်ရေတွင်းမှ ရေဂါလန် (၁၆) သန်း၊ ၄င်းအပြင် ရေပေးဝေရေးစခန်းများမှ တစ်နေ့ ရေဂါလန် (၄) သန်း၊ စုစုပေါင်း ရေဂါလန် (၂၀၅) သန်း တို့ကို နေ့စဉ် ဖြန့်ဝေပေးလျက် ရှိပါသည်။

အိမ်ရေဆက်သွယ်ခွင့်ပြုခြင်းအနေဖြင့် ကော်မတီပိုင် ရေပိုက်လိုင်းမှ ရေဆက်သွယ်ခွင့် (၂,၉၃၈) ခု ခွင့်ပြုချက် ထုတ်ပေးခဲ့ပါသည်။ အဝီစိတွင်းများ တူးဖော်ခြင်း (၂၃၇) လုံး နှင့် ပန့်(၁၀၈)လုံး၊ မော်တာ(၁၀၈)လုံး၊ အဲယားကွန်ပရက်ဆာပြုပြင်ခြင်း (၁၀)လုံး၊ စက်တပ်ဆင်ခြင်း (၂၁၇)လုံး၊ အဝီစိတွင်းသစ်(၂၅)တွင်း တူးဖော်ခြင်း၊ အဝီစိတွင်းဟောင်း (၃၄) တွင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ တံတားနှင့် ထန်းတပင်မြို့နယ်များ၌ ကွန်ကရစ်လမ်း (၆၂) မိုင် (၄.၁) ဖာလုံ၊ ကတ္တရာလမ်း (၄) မိုင် (၃) ဖာလုံ၊ ဂဝံလမ်း (၂) မိုင် (၆.၅) ဖာလုံ၊ မြေသားလမ်း (၇၈) မိုင် (၃.၉) ဖာလုံ၊ တံတားပေါင်း(၁၆)စင်း၊ Box Colvert ခု(၁၀၀) ၊ ရေပေးရေးအတွက် တွင်းနက် (၄၆) တွင်း၊ တွင်းတိမ် (၁၅) တွင်း၊ လက်တူးတွင်း (၁၅) တွင်း၊ ရေကန် (၅၂) ကန်၊ အခြား(၁၀)ခု၊ နေရောင်ခြည်စွမ်းအင် (၇,၇၂၀) ခု၊ ကျေးလက်အိမ်ရာ (၂၉) လုံး၊ ကျေးလက်ကျန်းမာရေးအတွက် ယင်လုံအိမ်သာ (၁၃) လုံး တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု။ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အန္တရာယ်အကဲဖြတ်ခြင်း၊ စောစီးစွာသတိပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် ထိခိုက်မှု နည်းပါးသက်သာစေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေး စီမံခန့်ခွဲမှု ကော်မတီနှင့် ဆပ်ကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေး စီမံခန့်ခွဲမှု ကော်မတီ

(ခ) သတင်းနှင့် ပညာပေးရေး ဆပ်ကော်မတီ

(ဂ) ရှာဖွေကယ်ဆယ်ရေးဆပ်ကော်မတီ

(ဃ) ပျက်စီးမှု ပမာဏ သတင်းရရှိရေးနှင့် အရေးပေါ် ထောက်ပံ့ရေး ဆပ်ကော်မတီ

(င) ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီ

(စ) ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေး ဆပ်ကော်မတီ

သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက နိုင်ငံတော်က သတ်မှတ်ထားသည့် မမျှော်မှန်းနိုင်သော ကိစ္စရပ်များအတွက် ရန်ပုံငွေများ ခွဲဝေသုံးစွဲနိုင်ရေး၊ ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့် တစ်ပြေးညီ ရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရှမ်းပြည်နယ်



တည်နေရာ	=	မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၈ မိနစ်မှ ၂၄ ဒီဂရီ ၉ မိနစ် အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၅ မိနစ်မှ ၁၀၁ဒီဂရီ ၁၃ မိနစ်
အကျယ်အဝန်း	=	၆၀,၁၅၅.၂၃ စတုရန်းမိုင်၊ ၃၈,၄၉၉,၃၄၅ ဧက
လူဦးရေ	=	ဦးရေ ထောင်ပေါင်း (၅,၈၆၀) (၂၀၁၄-၂၀၁၅)
မြို့တော်	=	တောင်ကြီးမြို့
ခရိုင်	=	၁၃ ခရိုင်
မြို့နယ်	=	၅၅ မြို့နယ်
ထူးခြားမှတ်သား	=	အင်းလေးကန်
အဓိကစီးပွားရေး	=	လယ်ယာ၊သတ္တုနှင့်တွင်းထွက်
ကဏ္ဍများ		ပစ္စည်း၊စက်မှု၊ပို့ဆောင်ရေး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း	=	‘၀’
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ	=	ပအိုဝ်း၊ ဓနု၊ ပလောင် ကိုးကန့်
ဆက်စပ်ဒေသများ	=	မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင်လာအိုနိုင်ငံ၊အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရကျပ် (၄,၁၇၃,၄၄၆.၁) သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ (၅.၀) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ရှမ်းပြည်နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း





ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် **(၄,၀၂၁,၃၅၃.၉)** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ (၉၆.၄) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ယခင်နှစ်အလားတူကာလထက် (၅.၄) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၄၂) ရှမ်းပြည်နယ်
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)


(ကျပ်သန်း)
၁၄၀၀၀၀၀.၀
၁၂၀၀၀၀၀.၀
၁၀၀၀၀၀၀.၀
၈၀၀၀၀၀.၀
၆၀၀၀၀၀.၀
၄၀၀၀၀၀.၀
၂၀၀၀၀၀.၀
၀.၀
၁၂၅၉၃၆၄.၀
၁၂၂၆၁၉၂.၂
၁၆၂၂၀၈.၀
၁၆၆၄၀၄.၃
၁၉၈၉၀.၉
၁၈၅၀၀၀.၀
၈၆၂၆၅.၀
၇၆၅၆၅.၂
၂၂၆၅၅၅.၅
၂၀၆၂၂၂.၅
၂၂၆၅၅၅.၅
၂၀၆၂၂၂.၅
၃၄၄၅၅.၀
၆၆၂၂၂.၅
၂၂၆၅၅.၅
၂၂၆၅၅.၅
၂၂၆၅၅

ခြင်း၊ ကြိုးဝိုင်းနယ်နမိတ်ပြင်ဆင်ခြင်း၊ အကွက်နယ်နမိတ်ပြင်ဆင်ခြင်း၊ မီးဘေးကာကွယ်ခြင်း၊ ကြိုးဝိုင်း တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ သဘာဝစိုက်ခင်းထူထောင်မှု ဧက (၄၅၀)၊ ခမွတာ မျိုးဆက်ခြင်း စိုက်ခင်းဧက (၂,၆၀၀)၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း (၃,၂၂၉) ပင်၊ ကျွန်းစိုရိုက်မှတ်ခြင်း (၁၈) ပင် ထူထောင်နိုင်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ ခနောက်စိမ်းနှင့်ရောရာသတ္တု၊ ဂေါဒန်ကျောက်၊ ထုံးကျောက်၊ ဒိုလိုမိုက်၊ ခဲနှင့်ရောရာ သတ္တုရိုင်း၊ ကျောက်မီးသွေးတို့ကို ထုတ်လုပ်ခဲ့ပါသည်။ အခြားတွင်းထွက်ပစ္စည်း(ကျောက်မာ၊ ကျောက်စရစ်၊ သဲနှင့် လမ်းခင်းကျောက်) ထုတ်လုပ်မှုများတွင် ပုဂ္ဂလိကပိုင် အကျိုးတူကုမ္ပဏီများမှ တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ ရှမ်းပြည်နယ်(တောင်ပိုင်း)၏စက်မှုဇုန်ပြင်ပရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှ ထုတ်လုပ်မှုများကို ဈေးကွက်လိုအပ်ချက်အရ ပိုမိုထုတ်လုပ်ခဲ့ပါသည်။ ပင်လောင်းမြို့နယ် (တီကျစ်) နဂါးဘိလပ်မြေစက်ရုံမှ တစ်ရက်လျှင် ကလင်ကာတန် (၃၀၀) ကျ(၂)လိုင်းဖြင့် လုပ်ငန်းလည်ပတ်နိုင်ခဲ့ခြင်းကြောင့် ဘိလပ်မြေတစ်ရက်လျှင် ပျမ်းမျှတန် (၆၀၀) ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်တွင် ဘိလပ်မြေစက်ရုံနှင့် သကြားစက်ရုံများ လုပ်ငန်းစတင်လည်ပတ်နိုင်ခဲ့ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အုတ်နှင့်အုတ်ဘလောက်ထုတ်လုပ်မှုများ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ရှမ်းပြည်နယ်ဖွံ့ဖြိုးရေး အစီအစဉ်များအရ ကျေးရွာပေါင်း (၃,၂၁၁) ရွာ မီးလင်းစေရန် ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာများ မီးလင်းရေးအတွက် ကျေးလက်ဦးစီးဌာန အစီအစဉ်နှင့် ပြည်နယ်ဘတ်ဂျက်များမှ ကျခံဆောင်ရွက်နိုင်ရန် ဦးစားပေး အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း မြို့ပေါ်ရပ်ကွက်များအတွက် ပုဂ္ဂလိကကုမ္ပဏီအသင်းအဖွဲ့များမှ ရေအားလျှပ်စစ် (၆၀,၀၉၉) ကီလိုဝပ်နာရီထောင်ပေါင်း ထုတ်လုပ် နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ရှမ်းပြည်နယ်အတွင်း ဆည်မြောင်းဦးစီးဌာနမှ ပြင်ထိန်းလုပ်ငန်းများ၊ သဲနုန်းတူးဖော် ချောင်းချဲ့ခြင်းလုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ ဖောက်လုပ် ပြုပြင်ခြင်းလုပ်ငန်းများ၊ ပုဂ္ဂလိကလူနေအိမ် အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတားတည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဆင်းရဲမှုလျော့ကျစေရေး လုပ်ငန်းများအတွက် ရန်ပုံငွေများ ခွဲဝေဆောင်ရွက်ခဲ့ခြင်း၊ ပြည်သူ့လွတ်တော်ကိုယ်စားလှယ်များ၏ တစ်မြို့နယ်လျှင် သိန်း (၁,၀၀၀)ဖြင့် ဖွံ့ဖြိုးရေး

လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် တောင်ကြီးဆေးတက္ကသိုလ် တည်ဆောက်ခြင်း၊ အားကစားသိပ္ပံ တည်ဆောက်ခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုး တက္ကသိုလ် အဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် လေယာဉ်ကွင်း အထူးအဖွဲ့ (၄) ၊ တံတားအထူးအဖွဲ့ (၉) နှင့် အထူး စီမံကိန်း (၃) များမှ ဆောက်လုပ် ပြုပြင်ထိန်းသိမ်းခြင်း၊ လာအိုချစ်ကြည်ရေးတံတား တည်ဆောက်ခြင်းနှင့် ကျိုင်းတုံတက္ကသိုလ်တွင် အဆောက်အအုံများ တိုးချဲ့ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင် ဆောက်လုပ်မှုများအနေဖြင့် တောင်ကြီး (Taunggyi Shopping Center)၊ တောင်ကြီး(Hotel Convention) တည်ဆောက်ခြင်း၊ အင်းလေးဟိုတယ်ဇုန် စီမံကိန်း တည်ဆောက်ခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုးမန်ဆူဟိုတယ်နှင့် မန်ဆူစျေး တည်ဆောက်ခြင်း၊ လားရှိုးမြို့ရှောင်လမ်းဖောက်လုပ်ခြင်း၊ မူဆယ်ဗဟိုစီးပွားရေးဇုန် တည်ဆောက်ခြင်း၊ မူဆယ် ဟိုမွန်ရပ်ကွက် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်တွင် ပါဆတ်ကားလေးကွင်းနှင့် ဝမ်ကောင်းမြို့မစျေး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းသစ်များဖြစ်သော ရွှေမြန်မာနှင့် မန်းရတနာပုံ လေကြောင်းအသစ် တိုးချဲ့ပျံသန်းခြင်း၊ ကျန်လေကြောင်းခရီးစဉ်များကို တာချီလိတ်မြို့ နှင့်ကျိုင်းတုံမြို့တို့တွင် တိုးချဲ့ ပြေးဆွဲနိုင်ခဲ့ခြင်း၊ တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် ကားလမ်းကြောင်းတွင် မော်တော်ယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲခြင်း၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထော်လာဂျီများ သုံးစွဲလာခြင်းတို့ကြောင့် ခရီးသည်နှင့် ကုန်တန်ချိန်များ တိုးတက်ပို့ဆောင်နိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ပြည်သူအများ ဆက်သွယ်မှု လွယ်ကူစေရန် CDMA ဖုန်း အလုံး (၆၂,၂၅၀) ၊ GSM ဖုန်း(၅၄,၉၉၆) လုံး၊ WCDMA ဖုန်း(၅၆၄,၃၆၃) လုံး တို့ကို ခွဲဝေ ချထားခဲ့၍ ဆက်သွယ်ရေးလုပ်ငန်းများ ပိုမို တိုးတက်ခဲ့ပါသည်။

ဌေးရေးကြေးရေးကဏ္ဍ။ နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်၏ ဝန်ဆောင်မှုများတိုးလာခြင်း၊ ပုဂ္ဂလိကပိုင်ဘဏ်များဖြစ်သော ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်၊ အင်းဝဘဏ်နှင့် မြဝတီဘဏ်များအပြင် မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကမ္ဘောဇမိနီဘဏ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းကြောင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ တောင်ကြီးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ (အေးသာယာ၊ကျိုင်းတုံ) နည်းပညာတက္ကသိုလ်များ၊ (ဟိုပုံး၊

ကျိုင်းတုံ၊လားရှိုး) ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာ အထက်တန်း ကျောင်းများ ဖွင့်လှစ်၍ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဝန်ထမ်းများ တိုးချဲ့ခန့်ထားခဲ့ခြင်း၊ ဆည်မြောင်း ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနတို့မှ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာအသုံးစရိတ်များ ပိုမိုသုံးစွဲလာခြင်း၊ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

အခြေခံမူလတန်း (၄,၉၁၄) ကျောင်း၊ အလယ်တန်း (၃၈၃) ကျောင်းနှင့် အထက်တန်း (၃၁၃) ကျောင်း၊ စုစုပေါင်းကျောင်း(၅,၆၁၀) တို့ဖြင့် လူစွမ်းအားအရင်းအမြစ် တိုးတက်ရေး အတွက် ဆောင်ရွက်လျက် ရှိပါသည်။ အခြေခံပညာအဆင့်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လွတ်တော်မှတင်ပြသော ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း(၁၇) ကျောင်း၊ အန္တရာယ်ရှိသော ကျောင်းဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း(၆၅) ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့ ဆောက်လုပ်ခြင်း (၄၁)ကျောင်း၊ ဥပဓိရုပ်မကောင်းသည့်ကျောင်းများကို အသစ်ဆောက်လုပ်ခြင်း (၅၆) ကျောင်း၊ အဆင့်တိုးမြှင့်သည့်ကျောင်း (၂၅၆) ကျောင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံ (၁၅၆) ရုံ၊ တိုင်းရင်းဆေးရုံ (၁)ရုံ၊ ကျေးလက် ကျန်းမာရေးဌာန(၁၉၃) ဌာနကို ဆရာဝန်(၁,၁၈၈) ဦး၊ သူနာပြုဆရာမ (၂,၉၄၁) ဦး တို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပင်းတယမြို့နယ် မိုင်အင်း ကျေးလက်ကျန်းမာရေးဌာန၊ ဆီဆိုင်မြို့နယ် နောင်ထောနှင့် ဆိုက်ခေါင်ကျေးလက် ကျန်းမာရေး ဌာနတို့ကို (၁၆) ကုတင်ဆံ့ တိုက်နယ်ဆေးရုံအဆင့်သို့ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။ ပုဂ္ဂလိကပိုင်ကဏ္ဍမှ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းအတွက် လိုင်စင်ရဟိုတယ်နှင့်တည်းခိုခန်းစုစုပေါင်း (၂၁၂)လုံးဖြင့် ဝန်ဆောင်မှုပေး လျက်ရှိပါသည်။ ပုဂ္ဂလိကယာဉ်လိုင်းများ ညအိပ်ရပ်နားရာ စခန်းများတွင် စားသောက်မှုနှင့် ညအိပ်နိုင်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် ခရီးသွားလာမှုပိုမို များပြားလာ ခြင်း၊ ဟိုတယ်နှင့်တည်းခိုခန်းများမှ နိုင်ငံခြားသားများ တည်းခိုနိုင်ရန် ဝန်ဆောင်မှုပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ကျောင်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ကြော်ငြာ လုပ်ငန်းများ၊ ကုန်တင်ကုန်ချလုပ်ငန်းများမှ ဝင်ငွေများ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

ကုန်သွယ်ရေးကဏ္ဍ။ မူဆယ် (၁၀၅)မိုင် နယ်စပ်စခန်း၊ တာချီလိတ်နယ်စပ်စခန်းနှင့် ချင်းရွှေဟော်နယ်စပ်စခန်းများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အထောက်အကူ ဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံး ကုန်ပစ္စည်းများကို တင်သွင်းနိုင်ခဲ့ပါသည်။

မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းများ ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေးကို အထောက်အကူ ဖြစ်စေခဲ့ပါသည်။

လျှပ်စစ်မီးရရှိရေး။ ရှမ်းပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် လျှပ်စစ်မတတ်အား ဖြန့်ဖြူးရေးစနစ် ကောင်းမွန်စေရေးအတွက် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် စုစုပေါင်းလုပ်ငန်း (၂၀၃) ခုကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးရွာပေါင်း (၁၄,၃၅၉) ရွာ ရှိသည့်အနက် မီးလင်းပြီး ကျေးရွာပေါင်း (၃,၂၁၁)ရွာ ဖြစ်ပြီး အိမ်ခြေ (၃,၁၈၉) အိမ်ကို အကျိုးပြုနိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ဂျပန် (JICA) ODA ချေးငွေဖြင့် (တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ရပ်စောက်၊ လွိုင်လင်၊ မောက်မယ်) မြို့နယ်ရှိကျေးရွာများသို့ ကေဗွီအေ (၅၀) မီးစက်များကို မြန်မာ့လျှပ်စစ်မတတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ယူတပ်ဆင်ပေးပြီး ကျေးရွာမီးလင်းရေးကို အထောက်အကူ ပြုနိုင်ခဲ့သည်။

သောက်သုံးရေရရှိရေး။ သောက်သုံးရေရရှိရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်ဦးစီးဌာနတို့မှ ကျေးရွာပေါင်း(၁၄,၃၅၉)ရွာတွင်တွင်းတိမ် (၇၆)တွင်း၊ တွင်းနက် (၁၁၀)၊ လက်တူးတွင်း (၈၁)တွင်း၊ မြေသားကန် (၁၂၉) ခု ၊ စိမ့်စမ်းရေ (၁,၀၂၉) ခု ၊ စုစုပေါင်းလုပ်ငန်း (၁,၄၂၅) ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးရရှိရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဇော်ဂျီ(မြို့ကြီးဆည်) ရေလှောင်တမံ၊ နမ့်တဘက်၊ ဆည်ကြီး၊ နမ့်ပေါင်လင်း၊ နမ့်ခွိုး၊ နမ့်မဲသာ၊ မြို့မ၊ နမ့်ကွတ်၊ နားဆိုင်း၊ အင်းတိန် နှင့် လဝရေလွှဲဆည်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဖိုင်းခမ်း၊ မိုင်းလုံ၊ မိုင်းငေါ့၊ ဖာဖိတ်၊ နားလီ၊ ရှီဖန် ရေလွှဲဆည်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နမ့်လပ်၊ နမ့်ကွတ်၊ ဖိုင်မိုလစ်၊ မိုင်းပါလျှိုး၊ မယ်ဆတ်၊ ဆိုက်ခေါင်ရေလွှဲဆည်များနှင့် ရေလှောင်တမံများကို ဆောင်ရွက်ခဲ့ရာ စိုက်ဧက (၄၅,၃၆၃) ဧကကို အကျိုးပြုနိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး။ မျိုးကောင်းမျိုးသန့်အနေဖြင့် မိုးစပါး ပုလဲသွယ် (၅၈) ကီလို၊ နွေစပါးပုလဲသွယ် (၄၂) ကီလို၊ မိုးစပါး ရွှေရင်အေး (၅၉၅) တင်း၊ မိုးစပါးဆင်းဧကရီ တင်း (၃၈၀)၊ DU မျိုး (၁၀၈) တင်း၊ အခြားမျိုးကွဲ တင်း (၈၀)၊ အစေ့ထုတ်ပြောင်း (၃,၉၃၇) တင်း၊ နေကြာ (၁၄၂) တင်း၊ ပဲစဉ်းငုံ တင်း (၉၀) ၊ ပဲရာဇာ တင်း (၄၀)၊ ကုလားပဲ (၆၅) တင်း၊ ကြက်သွန်နီစေ့ (၂) ကီလို၊ အာလူး (၅) ပိသာ ထုတ်လုပ် ဖြန့်ဖြူး နိုင်ခဲ့ပါသည်။

အလုပ်အကိုင်ရရှိရေး။ ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်လာခြင်း၊ ပုဂ္ဂလိကပိုင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုအပြင် အင်းလေးဟိုတယ်ဇုန်စီမံကိန်း၊ မူဆယ်ဗဟိုစီးပွားရေးဇုန်၊ တောင်ကြီးအဝေးပြေးယာဉ်ရပ်နားစခန်း၊ လားရှိုး(နားမခေါ်)အဆင့်မြင့်အဝေးပြေး ယာဉ်ရပ်နား

စခန်း၊ မူဆယ်အဝေးပြေးယာဉ်ရပ်နားစခန်း၊ တာချီလိတ်ပါဆတ်ကားလေးကွင်း၊ တောင်ကြီး ဟိုတယ်ကွန်းဗေးရှင်း၊ တောင်ကြီး Shopping Center ၊ လားရှိုးဖနံဘူအဆင့်မြင့်စျေး၊ တာချီလိတ် ဝမ်ကောင်းမြို့မစျေး၊ လားရှိုးမြို့ရှောင်လမ်း စီမံကိန်းများဆောင်ရွက်နိုင်ခဲ့ခြင်း၊ နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအဖြစ် ပြည်ထောင်စု/ ပြည်နယ်ဘတ်ဂျက်ဖြင့် လုပ်ငန်း စီမံကိန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာပြီး တစ်ဦးချင်းဝင်ငွေမှ ပြည်နယ်တစ်ခုလုံးကို ဝင်ငွေ တိုးတက်လာခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း လုပ်နိုင်စွမ်းရှိသော အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နည်းပညာကျွမ်းကျင်သူများ၊ စိုက်ပျိုးမွေးမြူ တောင်သူများအဆင့်အထိ၊ စားသုံးသူရေးရာဦးစီးဌာနမှ သက်မွေးဝမ်းကြောင်းပညာသင်တန်း(၅) ကြိမ်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အထောက်အကူပြုသင်တန်း (၃) ကြိမ် ပို့ချဆောင်ရွက် နိုင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ အာဆီယံ အမွေအနှစ်ဒေသဖြစ်သော ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ထမ့်စမ်းသဘာဝလိုဏ်ဂူ၊ တောင်ကြီးမြို့နယ်အတွင်းရှိ သမိုင်းဝင်မွေတော်ကက္ကူနှင့် ခနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်မှ ရွှေဥမင်သဘာဝလိုဏ်ဂူ၊ ကလောမြို့နယ် မြင်းမထိ သဘာဝလိုဏ်ဂူများသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် (၂၁၇,၅၀၆)ဦး လာရောက် လည်ပတ် ခဲ့ပါသည်။ အင်းလေးကန်တည်ရှိရာ ညောင်ရွှေမြို့နယ်တွင် ဟိုတယ်ဓုန် စီမံကိန်းကို ကျပ် (၃၅,၆၇၉) သန်း ဖြင့် အကောင်ထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုမြန်ဆန် ချောမွေ့စေရေးအတွက် ပဉ္စလိကပိုင်ဘဏ်များဖြစ်သော၊ ကမ္ဘောဇဘဏ်၊ အာရှ စိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်များနှင့် ကမ္ဘောဇဘဏ်၏ မိနီဘဏ်ခွဲများဖြင့် ဆောင်ရွက် နိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ စိုက်ပျိုးစရိတ် ချေးငွေအတွက် ကျပ် (၁၅,၆၁၃.၅) သန်း ဖြင့် သီးနှံစိုက်ဧက (၁၆၀,၄၃၉) ဧကကို အကျိုးပြုစေခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း သမဝါယမငွေစုငွေချေးအသင်းပေါင်း (၄၁၄) သင်းမှ ကျပ် (၄၅,၁၁၈.၅၇၈) သန်းကို ထုတ်ချေးနိုင်ခဲ့ပါသည်။

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း



တည်နေရာ	=	မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၀ မိနစ်မှ ၂၂ ဒီဂရီ ၅၄ မိနစ် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၅၅ မိနစ် မှ ၉၉ ဒီဂရီ ၅၅ မိနစ်
အကျယ်အဝန်း	=	၅,၆၇၀.၈၅ စတုရန်းမိုင်
လူဦးရေ	=	ဦးရေ (၅၄၆) ထောင်ပေါင်း (၂၀၁၄-၂၀၁၅)
မြို့နယ်	=	(၆) မြို့နယ်
အဓိကစီးပွားရေးကဏ္ဍများ	=	လယ်ယာ၊ လျှပ်စစ်၊ သတ္တုနှင့်တွင်းထွက်
ဆက်စပ်ဒေသများ	=	မြောက်ဘက်တွင်လောက်ကိုင်မြို့နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်၊ကွမ်းလုံမြို့နယ်၊ အရှေ့ဘက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လွိုင်လင်ခရိုင်၊တောင်ဘက်တွင်မိုင်းပျဉ်းမြို့နယ်၊အနောက်ဘက်တွင်ကွမ်းလုံမြို့နယ်၊ သိန်းနီမြို့နယ်၊ တန့်ယန်း မြို့နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရကျပ် (၃၅၀,၉၉၅.၁) သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ (၄.၅) ရာခိုင်နှုန်း လျော့နည်းမည် ဖြစ်ပါသည်။

ရှမ်းပြည်နယ်၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ (၇-၄၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်စျေးနှုန်း)



ပုံ (၇-၄၄) တိုးတက်မှုနှုန်း
(ပုံမှန်စျေးနှုန်း)



ဇာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိစာရင်းအရ **နှစ်အလိုက်စျေးနှုန်း** ဖြင့် ကျပ် (၂၂၈,၄၉၅.၈) သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ (၆၅.၁) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်စျေးနှုန်း**အရ ယခင်နှစ်အလားတူကာလထက် (၄.၇) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၄၅) ရှမ်းပြည်နယ်၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်စျေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသည် တောင်ကုန်းမြင့်များ ဖြစ်သည့် အတွက် စိုက်ပျိုးမြေများ တိုးချဲ့ရန်ခက်ခဲသဖြင့် စျေးကွက်တွက်ခြေကိုက်သည့် ရာဘာ၊ ကြံ နှင့် ပြောင်းများကိုသာ ဦးစားပေး၍စိုက်ပျိုးကြပါသည်။ ရာဘာမှ ထွက်ရှိလာသည့် ကြက်ပေါင်စေး များကို ခရမ်ရာဘာ ပြုလုပ်၍ ကုန်ကြမ်းအဖြစ်လည်းကောင်း၊ ကြံတန်ချိန်ပေါင်း များစွာအား အပင်လိုက် ကုန်ကြမ်းအဖြစ်လည်းကောင်း တရုတ်နိုင်ငံသို့ ရောင်းချပါသည်။ ကုန်ချောထုတ်လုပ် နိုင်မည်ဆိုပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည့်အပြင် ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သဖြင့် ၎င်းစက်ရုံများ တည်ဆောက်နိုင်ရေးအတွက် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့မှ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ် စည်းရုံးဆောင်ရွက် လျက်ရှိပါသည်။

သစ်တောကဏ္ဍ။ သဘာဝဘေးအန္တရာယ်နှင့် အရိပ်ရပြီး စိမ်းလန်းစိုပြေရေးအတွက် ကြီးထွားသစ်ပင်များဖြစ်သည့် ဒေသနှင့်ကိုက်ညီသော မယ်ဇလီ၊ ရေသင်းဝင်း၊ ယူကလစ်အပင် မျိုး ၁၅ ဇက ကို စိုက်ပျိုးနိုင်ခဲ့ပါ သည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ဟိုပန်မြို့နယ်တွင် (၂၅၀)ကီလိုဝပ် ဓာတ်အားကို ခလရ (၁၄၃)၊ (၁၄၅)၊ ကျေးရွာအုပ်စု (၃) အုပ်စုနှင့် ကျေးရွာ (၅)ရွာ တို့တွင် ပုဂ္ဂလိက ရေအား လျှပ်စစ်ကို နမ့်တစ်မြို့နယ်ခွဲအတွင်း မှ တစ်ယူနစ် လျှင် ၁ ယွမ် (၁၇၀)ကျပ်နှုန်းဖြင့် ဟိုပန်မြို့နှင့် ကျေးရွာပေါင်း (၂၂) ရွာ အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင် ခဲ့ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်ဖြင့် မက်မန်းခရိုင်အတွင်းတွင် ဦးစားပေး အစီအစဉ်အရ ဆိုလာစနစ်ဖြင့် မီးလင်းရေးကို နမ့်ဟန်နကျေးရွာ၊ တာကော်လေးကျေးရွာ၊ ကွန်ဟောင်းကြီးကျေးရွာ၊ မတ်ခါးကျေးရွာတို့တွင် ဆောင်ရွက်နိုင် ခဲ့ပါသည်။

သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ။ လုပ်ငန်းလိုအပ်ချက်အပေါ် တည်မှီ၍ သဲ၊ ဖြုန်း၊ ကျောက်မာများကို ပုဂ္ဂလိက လုပ်ငန်းရှင် (၉) ဦးတို့မှ ထုတ်လုပ်လျက် ရှိပါသည်။

ဆောက်လုပ်ရေးကဏ္ဍ။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျပ်(၆၇၈၁.၂၇) သန်း အကုန်အကျခံပြီး ပြည်ထောင်စုလမ်းမကြီးကို ကတ္တရာခင်းခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက် နိုင်ခဲ့ပါသည်။

ပို့ဆောင်ရေး။ ဟိုပန်မြို့နယ်သည် လားရှိုး-သိန္နီ-ချင်းရွှေဟော်-လောက်ကိုင်လမ်း တစ်လျှောက်တွင် တည်ရှိပြီး သံလွင်၊ "ဝ"တောင်တန်း၊ စွမ်းရည်၊ လားရှိုး-မန်း စသည့် ပို့ဆောင်ရေးယာဉ်လိုင်းများမှ ကုန်စည်နှင့်ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင် ခဲ့ပါသည်။ သိန္နီ- ကွမ်းလုံ- ချင်းရွှေဟော်- ပြည်ထောင်စုလမ်းမကြီးကို အဆင့်မြှင့်နိုင်လွန် ကတ္တရာလမ်း ဖောက်လုပ်လျက် ရှိပါသည်။ အဆင့်မြင့်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ရေး စီမံ ဆောင်ရွက်လျက် ဖြစ်ပါသည်။ ဟိုပန်မြို့နယ်တွင် ယာဉ်လိုင်း(၃) လိုင်းမှ ယာဉ်စီးရေ(၂၄)စီး၊ ပန်လုံမြို့နယ်ခွဲတွင် ယာဉ်လိုင်း(၁) လိုင်းမှ ယာဉ်စီးရေ(၇)စီး တို့ဖြင့် ပြေးဆွဲဆောင်ရွက်လျက် ရှိပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဟိုပန်မြို့နယ်အတွင်း ဟိုပန်-မော်ဟွ-နောင်ဟေ့လမ်း၊ ဟိုပန်-အကျွတ်-ပတ်ဟာလမ်း၊ ပတ်ဟာ-နောင်ဟွယ်လမ်း၊နာစရပ်-နောင်ဟွယ်လမ်း၊ နမ့်ပိန်-မန်ကောင်း-ခုံကော်ကျိုင်လမ်း၊ နမ့်ပိန်-ကုန်းသာလမ်းများနှင့် မက်မန်းမြို့ပေါ်ရှိ လမ်းများအား ကတ္တရာခင်းခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

သောက်သုံးရေရရှိရေး။ ဟိုပန်မြို့သို့ ရေအရင်းအမြစ် (၄) ခုမှ ရေပေးဝေလျက် ရှိပါသည်။ ကျေးလက်ဦးစီးမှ ဟိုပန်မြို့နယ် တွင် ကောင်းတပ်ကျေးရွာ၊ ဟွပုံကျေးရွာ၊ လုပ်စေ့ကျေးရွာ၊ လျံကိန်းကျေးရွာ၊ ဖာလင် ကျေးရွာ၊ ရောင်စဥ်ကျေးရွာ၊ မတ်ဝမ်းကျေးရွာ၊ စင်ကျိုင်းကျေးရွာ၊ ချိန်ဟုန်ကျိုင်းကျေးရွာများ ကိုလည်းကောင်း၊ မက်မန်းမြို့နယ်တွင် ကောင်းလင်းကျေးရွာ၊ ငှက်ယောင်း ကျေးရွာ၊ ရောင်ခွန်ကျေးရွာ၊ မိန်ပိန်းကျေးရွာများသို့သောက်သုံးရေ ဖူလုံရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ



တည်နေရာ	=	မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၂၃ မိနစ် မှ ၂၄ ဒီဂရီ ၁၀ မိနစ် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၂၄ မိနစ်မှ ၉၈ ဒီဂရီ ၅၀ မိနစ်
အကျယ်အဝန်း	=	၇၃၁.၆၅ စတုရန်းမိုင်
လူဦးရေ	=	ဦးရေ (၁၅၆) ထောင်ပေါင်း (၂၀၁၄-၂၀၁၅)
မြို့နယ်	=	၂ မြို့နယ်(လောက်ကိုင်၊ကုန်းကြမ်း)
အဓိကစီးပွားရေး ကဏ္ဍများ	=	လယ်ယာ၊ လျှပ်စစ်၊ စက်မှု၊
ဆက်စပ်ဒေသများ	=	မြောက်ဘက်တွင်မူဆယ်မြို့နယ်၊အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ တောင်ဘက်တွင်ဟိုပန်မြို့နယ်၊ အနောက်ဘက်တွင် ကွတ်ခိုင် မြို့နယ်၊

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရကျပ် (၁၀၀,၃၂၉.၆) သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ (၁၅.၂) ရာခိုင်နှုန်း လျော့နည်းမည် ဖြစ်ပါသည်။

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ (၇-၄၆) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ပုံ (၇-၄၇) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)



ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် (၈၈,၆၁၈.၁) သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ (၈၈.၃) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ယခင်နှစ်အလားတူကာလထက် (၁၈.၂) ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

ပုံ(၇-၄၈) ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် လောက်ကိုင်မြို့နယ် နမ့်ခုံးဟော် ကျေးရွာနှင့် ကုန်းကြမ်းမြို့နယ် ရှင်ပင်ကိုင်းကျေးရွာ များတွင် စိုက်ပျိုးရေးလုပ်ငန်း (၂) ခု ကိုကျပ် (၁၂) သန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့၏ ရန်ပုံငွေဖြင့် seed industry ဖော်ထုတ်မှုအား လောက်ကိုင်မြို့နယ်တွင်(၃) ဧက နှင့် ကုန်းကြမ်းမြို့နယ်တွင် (၂) ဧကကို ရင်းနှီးမြှုပ်နှံမှု ကျပ် (၇.၅) သန်း၊ ကုန်းကြမ်းမြို့နယ် ချင်စိုက်ထန်ကျေးရွာတွင် ပုဂ္ဂလိကအစီအစဉ်ဖြင့် စိုက်ပျိုးမြေဧရိယာ ဧက (၂၀၀) ဖော်ထုတ်ခြင်း ကို ကျပ် သန်း(၂၀) တို့ဖြင့် အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် (CARE myanmar) အဖွဲ့မှ လောက်ကိုင်မြို့နယ်အတွင်းရှိ တာရွေထန်း ကျေးရွာအုပ်စု ကျေးရွာ (၁၇) ရွာ တွင် လက်ဖက် စိုက်ပျိုး ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ဈေးကွက်ရှာဖွေရေး စီမံကိန်းကို ကျပ် (၁၇၁.၆) သန်း ဖြင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများကို ကူညီထောက်ပံ့ပေးခဲ့သည်။

သစ်တောကဏ္ဍ။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့၏ ရန်ပုံငွေဖြင့် ရေဝေရေလဲဧရိယာဧက (၈၇၀) ပြုစုပျိုးထောင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် ကျပ် (၆၉.၆) သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ လျှပ်စစ်ဓာတ်အား ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆိုလာပါဝါ(၇၅၆)ယူနစ်၊ အသေးစားရေအားစနစ်လုပ်ငန်းများ ကျပ် (၂၄၈.၉၆၅) သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆိုလာပါဝါ ယူနစ် (၁,၆၀၀) အတွက် ကျပ်သန်း(၄၅၀)၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကျေးရွာမီးလင်းရေး လျှပ်စစ်ဓာတ်အား လိုင်းသွယ်တန်းခြင်းလုပ်ငန်း ကျပ်(၁၅)သန်းတို့ဖြင့် အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ကျေးရွာချင်းဆက်လမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေ၊ ပြည်ထောင်စု လွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေတို့ဖြင့် လောက်ကိုင်မြို့တွင် ကျေးလက်တံတား (၁၂) ခု၊ ကုန်းကြမ်းမြို့နယ်တွင် ကျေးလက်တံတား (၄၆)ခုတို့ကို တည်ဆောက်နိုင်ခဲ့ပြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့တို့မှ မြို့ပြချင်းဆက်လမ်းများနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းအတွက် လောက်ကိုင်မြို့နယ်တွင် လုပ်ငန်း (၈) ခု နှင့် ကုန်းကြမ်းမြို့နယ်တွင် လုပ်ငန်း (၂) ခု တို့ကို ဆောင်ရွက် နိုင်ခဲ့ပါသည်။

သောက်သုံးရေရရှိရေး။ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း (၂)ခုကို ကျပ် (၄၅) သန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း (၅၃) ခုကို ကျပ်သန်း (၇၅၀)၊ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေး လုပ်ငန်း (၂၉) ခုကို ကျပ် (၁၃၅.၇) သန်း တို့ဖြင့် အသီးသီး အကောင်အထည် ဖော်ဆောင်ရွက် နိုင်ခဲ့ပါသည်။

ပညာရေး။ ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးစေရန် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျောင်းဆောင်သစ် (၃) ကျောင်းကို ကျပ် (၉၇.၂) သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးရန်ပုံငွေဖြင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းခြင်းလုပ်ငန်းကို ကျပ် (၅) သန်းတို့ဖြင့် အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်နိုင် ခဲ့ပါသည်။

ကျန်းမာရေး။ ကျန်းမာရေးကဏ္ဍ ပိုမို ဖွံ့ဖြိုးစေရန် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာရှဆရာဝန်များအသင်း (AMDA)၏ အကူအညီ အထောက် အပံ့ဖြင့် ကုန်းကြမ်းမြို့နယ် ဆုံကန်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦ ကို ကျပ်သန်း (၁၀၀) ဖြင့်ဆောင်ရွက် ခဲ့ပါသည်။ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်း တစ်ခုဖြစ်သည့် အာရှဒေသဆိုင်ရာ ဘေးဖြစ်စေတတ်သော ဆေးဝါးများအန္တရာယ် လျော့ပါးရေး ကွန်ယက် (AHRN)၊ အာရှဆရာဝန်များအသင်း၊ နယ်စည်းမခြားကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့ (HPA)အဖွဲ့တို့မှ ဒေသအတွင်းပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု နှင့် အကူအညီ အထောက်အပံ့များ ဆောင်ရွက်ပေးနိုင် ခဲ့သည်။

အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် သာသနာရေးလုပ်ငန်းတစ်ခုကို ကျပ်သန်း (၁၀၀)၊ ရုပ်သံလုပ်ငန်း (၂)ခုကို ကျပ် သန်း (၈၀) ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (၅) ခုကို ကျပ်သန်း (၁၅၀) တို့ဖြင့် အသီးသီး အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

တည်နေရာ = မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၄၀ မိနစ်မှ ၂၃ ဒီဂရီ ၃၈ မိနစ်
အရှေ့လောင်ဂျီတွဒ်၉၇ဒီဂရီ ၀၈မိနစ်မှ ၉၇ ဒီဂရီ ၅၀ မိနစ်

အကျယ်အဝန်း = ၁,၄၁၈.၆၅ စတုရန်းမိုင်

လူဦးရေ = ဦးရေ (၁၁၂) ထောင်ပေါင်း (၂၀၁၄-၂၀၁၅)

မြို့နယ် = ၂ မြို့နယ်(နမ့်ဆန်၊မန်တုံ)

အဓိကစီးပွားရေး = လယ်ယာ၊ စက်မှု၊ ခရီးသွားလုပ်ငန်းကဏ္ဍများ

ဆက်စပ်ဒေသများ = မြောက်ဘက်တွင် နမ္မတူမြို့နယ်နှင့် မန်တုံ မြို့နယ်၊ အရှေ့ဘက်တွင် သီပေါမြို့နယ်၊တောင်ဘက်ကျောက်မဲမြို့နယ်နှင့် အနောက်ဘက်တွင် မိုးမိတ်မြို့နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရကျပ် (၄၈,၃၂၀.၀) သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ (၉.၅) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း





ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် (၆၂,၇၅၀.၉) သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ (၁၂၉.၉) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ယခင်နှစ်အလားတူကာလထက် (၁၀.၁) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၅၁) ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)


(ကျပ်သန်း)
၃၅၀၀၀.၀
၃၀၀၀၀.၀
၂၅၀၀၀.၀
၂၀၀၀၀.၀
၁၅၀၀၀.၀
၁၀၀၀၀.၀
၅၀၀၀.၀
၀.၀
၂၂၃၀၀.၉
၁၅၆၆၅.၉
၂၂၃၀၀.၉
၁၅၆၆၅.၉
၈၂၅.၉
၁၂၆.၉
၆၆၈.၉
၂၀၅.၉
၁၆၄၂.၉
၂၆၅.၉
၁၀၀.၀
၆၆.၀
၂၀၆.၉
၈၇၂.၉
၆၅၂.၉
၂၂၅.၉
၂၂၅.၉
၁၂၅.၉
၂၂၅.၉
၁၂၅.၉
၂၆၅.၂
၈၀၄.၉
၁၆၅.၉
၂၄၅.၂
၂၆၅.၉
၂၂၅.၉
၂၂၅.၉
၂၂

လျှပ်စစ်ဓာတ်အားကဏ္ဍ။ လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ရွှေလီလျှပ်စစ်ဓာတ်အားလိုင်းမှလည်းကောင်း၊ တစ်ပိုင်တစ်နိုင် ရေအားထုတ်လုပ်သုံးစွဲရေးစနစ်နှင့် ဆိုလာစနစ်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် နမ့်ဆန်မြို့နယ် သီပေါ-ပန်လုံ-နမ့်ဆန်လမ်း၊ သီပေါ-ပန်လုံ-နမ့်ဆန်လမ်း အထူးပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်း၊ ကျောက်မဲ-မိုင်းငေါ်-နမ့်ဆန်လမ်းနှင့် သီပေါ-ပန်လုံ-နမ့်ဆန်လမ်း အထူးပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မန်တုံမြို့နယ်တွင် နမ္မတူ-ဘော်တွင်း-မန်တုံလမ်းများ ဖောက်လုပ်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာရေး။ အထက်တန်း (၄) ကျောင်း၊ အထက်တန်းကျောင်းခွဲ(၃)ကျောင်း၊ အလယ်တန်းကျောင်းနှင့် အလယ်တန်းကျောင်းခွဲပေါင်း (၂၀)၊ မူလတန်း(၁၄၅) ကျောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန လေ့ကျင့်ပညာဦးစီးဌာနမှ လူငယ်သင်တန်းကျောင်း (၁) ကျောင်း ဖွင့်လှစ်ပြီး လူစွမ်းအားအရင်းအမြစ်တိုးတက်ရေး အတွက် ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေး။ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်ခြုံတိုးတက်ကောင်းမွန်စေရေးနှင့် ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခုတင် (၅၀) ဆံ့ဆေးရုံ (၁) ရုံ၊ ခုတင် (၂၅) ဆံ့ ဆေးရုံ (၁) ရုံ ၊ ကျေးလက် ကျန်းမာရေးဌာန (၈) ခု နှင့် ကျေးလက် ကျန်းမာရေး ဌာနခွဲ (၃၁) ခု တို့ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

သောက်သုံးရေရရှိရေးဆောင်ရွက်မှု။ စိမ့်စမ်းရေသွယ်လုပ်ငန်းဖြင့် မြို့နယ် (၂)မြို့နယ်မှ ကျေးရွာ (၂၇၆) ရွာအနက် ကျေးရွာ (၁၃၆) ရွာတွင် ရေဖူလုံစွာရရှိပါသည်။ ကျေးရွာပေါင်း (၁၄၀)အတွက် သောက်သုံးရေဖူလုံစွာရရှိရေးဆောင်ရွက်ရန် ကျန်ရှိပါသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ



တည်နေရာ = မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ၂၂ မိနစ်မှ ၂၁ ဒီဂရီ ၁၃ မိနစ် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ် မှ ၉၆ ဒီဂရီ ၅၇ မိနစ်

အကျယ်အဝန်း = ၁,၂၈၀.၈၅ စတုရန်းမိုင်၊ ၈၁၉,၇၅၀ ဧက

လူဦးရေ = ဦးရေ (၁၆၃) ထောင်ပေါင်း (၂၀၁၄-၂၀၁၅)

မြို့နယ် = ၂ မြို့နယ်(ပင်းတယ၊ ရွာငံ)

အဓိကစီးပွားရေး = လယ်ယာ၊ စက်မှု၊ ခရီးသွားလုပ်ငန်း ကဏ္ဍများ

ဆက်စပ်ဒေသများ = မြောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ကလော မြို့နယ်နှင့်ရပ်စောက်မြို့နယ်၊ တောင်ဘက် နှင့် အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရကျပ် (၁၆၅,၇၅၇.၈) သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ (၈.၁) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ရှမ်းပြည်နယ်၊ ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ (၇- ၅၂) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ပုံ (၇- ၅၃) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် (၁၅၇,၇၀၂.၉) သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ (၉၅.၁) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ယခင်နှစ်အလားတူကာလထက် (၀.၄) ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

ပုံ(၇-၅၄) ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်စျေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထွက်နှုန်းကောင်းသည့် လယ်စပါး မျိုးကောင်း မျိုးသန့်များကို ဖြန့်ဖြူးပေးခြင်း၊ အစေ့ထုတ်ပြောင်း ဧက (၃,၆၁၀) ဖော်ထုတ်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသီးနှံများနှင့် ပဲအမျိုးမျိုးကို ဒေသခံတောင်သူများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

သားငါးကဏ္ဍ။ ခိုင်းကျွဲ/နွား ကောင်ရေ တိုးတက်မွေးမြူရန်၊ မွေးမြူရေး လုပ်ငန်းများမှ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန် ဆောင်ရွက်လျက် ရှိပါသည်။ နို့စားနွားနှင့် ဒေသနွား မျိုးကောင်းမျိုးသန့်များကို မေထုံမဲ့သားစပ်ခြင်း၊ ကျေးရွာအလိုက် ကွင်းဆင်းစည်းရုံး၍ အခမဲ့သားစပ်ခြင်း၊ မျိုးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက် နိုင်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ အတိုးနှုန်းသက်သာသော ချေးငွေရရှိမှုဖြင့် အထည်ချုပ်လုပ်ငန်း၊ ဒေသအုတ်ရိုက်လုပ်ငန်း၊ လက်ဖက်စို/ခြောက်လုပ်ငန်း၊ ယက္ကန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကလုပ်ငန်း အလတ်စား(၄)ခု၊ အသေးစား (၂၆၁)ခု ဖြင့် စီးပွားဖြစ် လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒေသအလိုက်ထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ရေရှည်ထားရှိနိုင်ရန် သီးနှံအခြောက်ခံစက်ရုံ တည်ဆောက်နိုင်ရေးအတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင် ခဲ့ပါသည်။

လျှပ်စစ်မောတ်အားကဏ္ဍ။ လျှပ်စစ်မောတ်အား ရရှိရေးအတွက် ပင်းတယ မြို့နယ်အတွင်းရှိ ကျေးရွာ(၁၁)ရွာကို လျှပ်စစ်မောတ်အား သွယ်တန်းပေးခြင်း၊ အချို့ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ ရွာငံမြို့နယ်တွင် ကျေးရွာပေါင်း (၄၆)ရွာကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်းပိုင်း၊ ပင်းတယ-ဘော်ဆိုင်း-ဟဲဟိုးလမ်းပိုင်း၊ ပင်းတယ-ရွာငံမြို့ချင်းဆက်လမ်း၊ အောင်ပန်း-ရွာငံ-ဟန်မြင့်မိုရ်-မန္တလေးလမ်းစသည့် အဓိကကျသောလမ်းမကြီးများကိုလမ်းဧရိယာတိုးချဲ့ခြင်း၊ လမ်းမျက်နှာပြင်ချောမွေ့ အောင်ဆောင်ရွက်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းပခုံးတိုးချဲ့ခြင်း၊ မြေတားနံရံတည်ဆောက်ခြင်း၊ လမ်းပိုင်းအလိုက် တည်ရှိသည့် တံတားများကို ပြင်ဆင်မွမ်းမံတည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာရေး။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးအဆင့်အတန်း မြှင့်တင်ရာတွင် ပင်းတယမြို့နယ်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း (၁၁) ကျောင်း၊ ရွာငံမြို့နယ်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း(၅) ကျောင်းတို့တွင် ကျောင်းသားနှင့်စာသင်ခန်း မျှတစေရေးအတွက် တိုးချဲ့ဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင် ခဲ့ပါသည်။

ကျန်းမာရေး ။ ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာ၊ အင်းငယ်ကျေးရွာ၊ သပြေကုန်းကျေးရွာ၊ မိုင်းလီကျေးရွာ၊ ညောင်ကောက်ကျေးရွာနှင့် တောင်ရွှေပုထိုးကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦများ တည်ဆောက်ခြင်း၊ မြို့နယ်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ဆောင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ၊ ရွာငံမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်ခြင်းနှင့် မြို့ကြီးတိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင် ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့ချရေး။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းကို ပင်းတယမြို့နယ်တွင် ကျေးရွာပေါင်း (၅) ရွာ၊ ရွာငံ မြို့နယ်တွင် ကျေးရွာပေါင်း (၉) ရွာ၊ စုစုပေါင်း(၁၄) ရွာတို့တွင်

ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်ယင်လုံအိမ်သာ ဆောက်လုပ်ခြင်းလုပ်ငန်း အနေဖြင့် ပင်းတယမြို့နယ်တွင် ကျေးရွာ (၉) ရွာ၊ ရွာငံမြို့နယ်တွင် ကျေးရွာ (၅) ရွာအတွက် အိမ်သာ အလုံး (၅၂၀) ကို တည်ဆောက်နိုင်ခဲ့ပါသည်။

ခရီးသွားလာရေး။ ဘုရားဖူးဧည့်သည်များ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် ပင်းတယမြို့နယ်တွင် ရွှေဥမှင်သဘာဝလိုဏ်ဂူ ဘုရားတည်ရှိနေခြင်းကြောင့် လာရောက်လည်ပတ်ကြခြင်းဖြင့် အလှူငွေနှင့်နိုင်ငံခြားသုံးငွေများ ရရှိနေပါသည်။ အဆိုပါ ရွှေဥမှင် သဘာဝလှိုဏ်ဂူဘုရားတွင် ဘုရားဖူးဧည့်သည်များ အလွယ်တကူ တက်နိုင်ဆင်းနိုင်ရန်အတွက် ယခင် တပ်ဆင်ထားသည့် (၉)ယောက်စီး ဓာတ်လှေကားအပြင် ၂၀၁၃ ခုနှစ်၊မှစ၍ (၂၄) ယောက်စီး အဆင့်မြှင့် ဓာတ်လှေကားတစ်စင်းကို ဂေါပက ရန်ပုံငွေမှ ကျပ်သန်း (၆,၀၀၀) ကျော်ခန့် အကုန်အကျခံ၍ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပင်းတယမြို့တွင် ပုဂ္ဂလိကပိုင် ဟိုတယ် (၄)လုံး နှင့် မိုတယ်/အင်း (၄)လုံး၊ ရွာငံမြို့တွင် ဟိုတယ်(၁)လုံး နှင့် တည်းခိုခန်း(၂)ခု တည်ရှိပြီး၊ နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များကို ဖိတ်ခေါ်လျက်ရှိပါသည်။ ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းနယ်မြေဖြစ်သော ပြဒါးလင်းဂူသို့ ကျောက်ချောလမ်း ဖောက်လုပ်လျက်ရှိပြီး ပြီးစီး ပါက နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်နိုင်မည် ဖြစ်ပါသည်။

သောက်သုံးရေရရှိရေး။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပင်းတယမြို့နယ် ကျေးရွာပေါင်း (၄၉) ရွာတွင် တွင်းနက်တူးဖော်ခြင်းလုပ်ငန်း (၃) ခု၊ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်း (၁၅) ခု၊ မြေသားနှင့် အုတ်မိုးရေလှောင်ကန် (၁၅) ခု၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (၂၂) ခု၊ စုစုပေါင်းလုပ်ငန်း (၅၅) ခု၊ ရွာငံမြို့နယ်တွင် ကျေးရွာပေါင်း (၁၁) ရွာအတွက် ပေ (၃၀၀) စက်ရေတွင်း (၄) တွင်း၊ စိမ့်စမ်းရေသွယ်ယူ ခြင်းလုပ်ငန်း (၇)ခု တို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု။ သဘာဝသစ်တောများထိန်းသိမ်းခြင်း အနေဖြင့် ဇော်ဂျီကြိုးဝိုင်း (၇,၅၀၈) ဧက၊ ပေါနွကြိုးပြင်ကာကွယ်တောအဖြစ် (၂၀၁) ဧက၊ ရွာငံမြို့နယ်တွင်၊ ဇော်ဂျီကြိုးဝိုင်း (၂၉,၁၈၂၉) ဧက၊ ထိုးကြီး တောင်ကြိုးဝိုင်းဧက (၈၀၀)၊ ပြဒါးလင်းဂူကြိုးဝိုင်း (၁၀,၁၈၈) ဧက၊ သံဖိုချောင်း ကြိုးပြင်ကာကွယ်တော ဧက (၃၄,၅၆၀)၊ ထီးလှိုင် ကြိုးပြင်ကာကွယ်တောဧက (၂,၂၄၀) နှင့် ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော (၈၂,၄၈၃) ဧက တို့ကို ဆောင်ရွက်လျက် ရှိပါသည်။ ပင်းတယမြို့နယ် ပွေးလှကျေးရွာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ



တည်နေရာ = မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၃၀ မိနစ် မှ ၂၁ ဒီဂရီ ၂၇ မိနစ် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁၃ မိနစ် မှ ၉၇ ဒီဂရီ ၁၄ မိနစ်

အကျယ်အဝန်း = ၃,၆၅၂.၈၄ စတုရန်းမိုင်

လူဦးရေ = ဦးရေ (၄၆၁) ထောင်ပေါင်း (၂၀၁၄-၂၀၁၅)

မြို့နယ် = ၃ မြို့နယ် ၊မြို့နယ်ခွဲ၁ခု (ဟိုပုံး၊ဆီဆိုင်၊ ပင်လောင်း၊ နောင်တရား)

အဓိကစီးပွားရေး ကဏ္ဍများ = လယ်ယာ၊ စက်မှု၊ သတ္တုထုတ်လုပ်ရေး၊ခရီးသွားလုပ်ငန်း

ဆက်စပ်ဒေသများ = မြောက်ဘက်တွင်မိုင်းကိုင်မြို့နယ်၊ အရှေ့ဘက်တွင်လွိုင်လင်ခရိုင် တောင်ဘက်တွင် ကယားပြည်နယ် အနောက်ဘက်တွင် မန္တလေးတိုင်း ဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရကျပ် (၂၅၉,၃၄၇.၇) သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း** အရ (၀.၈) ရာခိုင်နှုန်း လျော့နည်းမည် ဖြစ်ပါသည်။

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း

ပုံ (၇-၅၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ပုံ (၇-၅၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိစာရင်းအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် (၂၇၀,၀၇၂.၁) သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ (၁၀၄.၁) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ယခင်နှစ်အလားတူကာလထက် (၄.၉) ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

ပုံ(၇-၅၇) ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်စျေးနှုန်း)


(ကျပ်သန်း)
၁၄၀၀၀၀.၀
၁၂၀၀၀၀.၀
၁၀၀၀၀၀.၀
၈၀၀၀၀.၀
၆၀၀၀၀.၀
၄၀၀၀၀.၀
၂၀၀၀၀.၀
၀.၀
၁၂၄၄၀၇.၉
၁၃၅၂၅၅.၆
၁၁၀၁.၀
၈၆၆.၄
၈၂၇၆.၀
၆၉၄၄.၂
၁၀၉၅၆.၅
၁၂၉၂၂.၅
၁၂၀၆.၅
၁၂၆၆.၅
၁၀၆၆.၅
၁၂၂၂.၅
၁၂၂၂.၅
၁၂၂၂

သစ်တောကဏ္ဍ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောပြုစု ပျိုးထောင်ရေးလုပ်ငန်းများတိုးချဲ့ ဆောင်ရွက်လျက်ရှိပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ သတ္တုထုတ်လုပ်ရေးကုမ္ပဏီများမှ ခနောက်စိမ်းသတ္တုရိုင်း၊ သွပ်ရောရာသတ္တုရိုင်းနှင့် ကျောက်မီးသွေးများ၊ လမ်းခင်းကျောက်များ ထုတ်လုပ်နိုင်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ အကြီးစားစက်မှုလုပ်ငန်းများအနေဖြင့် ပင်လောင်း မြို့နယ်တွင် ဘိလပ်မြေစက်ရုံ(၂)ရုံမှ လျာထားချက် ပြည့်မီစွာ ထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ပင်မဓာတ်အားလိုင်း နယ်နိမိတ်ဘောင်အတွင်းမှ ရရှိပြီး ဟိုပုံးမြို့နယ်တွင် ၃၃/၁၁ ဓာတ်အားခွဲရုံ တည်ဆောက်ခဲ့ပါသည်။ ဆီဆိုင်မြို့နယ်တွင် ၃၃/၁၁ ဓာတ်အားခွဲရုံ တည်ဆောက်လျက် ရှိပါသည်။ ပင်လောင်းမြို့နယ်အနေဖြင့် ပင်မဓာတ်အားလိုင်းနှင့်နီးသည့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးကျေးလက် မီးလင်းရေးလုပ်ငန်း ဆောင်ရွက်လျက် ရှိပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစီအစဉ်ဖြင့် ဆီဆိုင်မြို့နယ် ကျေးရွာအုပ်စု (၃)ခုတွင် ရေအားလျှပ်စစ် တည်ဆောက် ပေးနိုင်ခဲ့ ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ဟိုပုံးမြို့နယ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မီးသတ်ဦးစီးဌာန၊ အိုးအိမ်ဦးစီးဌာနများ၏ ဝန်ထမ်းအိမ်ရာများ၊ ပညာရေးဝန်ကြီးဌာနကျောင်းများ၊ ပြည်နယ်ရန်ပုံငွေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး၊ ရသုံးခန့်မှန်းခြေ ငွေစာရင်း ဦးစီးဌာနရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ကျောင်းများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ ဘာသာရေးအဆောက်အအုံများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ ဆောက်လုပ်ပေးနိုင်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းရန်ပုံငွေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် ဆောင်ရွက် ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော်လမ်းအား အဆင့်မြှင့်ဆောင်ရွက်ပေးခဲ့သဖြင့် ဆီဆိုင်၊ ဟိုပုံး တောင်ကြီးခရီးစဉ်များ တိုးချဲ့ ပြေးဆွဲလျက်ရှိပါသည်။ ကျေးလက်လမ်းများ၊ တံတားများကောင်းမွန်လာသဖြင့် ကျေးလက်မြို့ပြ ပို့ဆောင်ရေးလုပ်ငန်းများတိုးတက်ကောင်းမွန်လာပြီး ဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာဖြင့် အချိန်တိုကာလအတွင်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် တန်ဖိုးနည်းမိုဘိုင်းဖုန်းများလွယ်ကူစွာ ဝယ်ယူရရှိပါသဖြင့် ကျေးလက်ဒေသများတွင် ဆက်သွယ်ရေး ကောင်းမွန်လျက်ရှိပါသည်။ တောင်ကုန်းတောင်တန်း ထူထပ်သည့် ဒေသဖြစ်သဖြင့် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူရန် လိုအပ်ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ငွေရေးကြေးရေးကဏ္ဍအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး အစီအစဉ်ဖြင့် ထုတ်ချေးထားသည့်ချေးငွေများ၊ သမဝါယအသင်းအစီအစဉ်ဖြင့် ထုတ်ချေးထားသော ချေးငွေများကို ပြန်လည် ကောက်ခံလျက် ရှိပါသည်။

ပညာရေး။ အထက်တန်း (၁၆) ကျောင်း၊ အလယ်တန်း (၃၁) ကျောင်း၊ မူလတန်း (၆၃၅) ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၁) ကျောင်းဖြင့် ပညာသင်ကြားလျက်ရှိပါသည်။ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာအထက်တန်းကျောင်းနှင့် ဆီဆိုင်မြို့နယ်ထီတယမ်း မူလတန်းကျောင်းတို့အား ဂျပန်နိုင်ငံနီပွန်ဖောင်ဒေးရှင်းတို့မှ လှူဒါန်း ဆောက်လုပ်ပေးခဲ့ပါသည်။

ကျန်းမာရေး။ မြို့နယ်ဆေးရုံ (၃)ရုံ တိုက်နယ်ဆေးရုံ (၇)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန၌ (၈၉) ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေ၊ ပြည်သူ့လွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်သူများ ထည့်ဝင်လှူဒါန်းငွေများဖြင့် မြို့နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများအား ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အထောက်အကူပြုရန် ကျေးလက်အရန် သားဖွားဆရာမများအား သင်တန်းများဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

ရေရှရှုရေး။ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေတို့ဖြင့် သောက်သုံးရေရှရှုရေးအတွက် စိမ့်စမ်းရေသွယ်လုပ်ငန်း၊ မြေအောက်ရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဂျပန်နိုင်ငံသံရုံး၏ ကူညီထောက်ပံ့မှုဖြင့် လွယ်အွန့်ရေထွက်မှ စိမ့်စမ်းရေ သွယ်၍ ဟိုပုံးမြို့ပေါ်သို့ ရေပေးဝေနိုင်ပြီ ဖြစ်ပါသည်။

ခရီးသွားလာရေး။ ဟိုပုံးမြို့နယ် ထမ့်စမ်းသဘာဝလှိုဏ်ဂူသည် ခရီးသွားများစိတ်ဝင်စားရာ ဒေသတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်း ခရီးစဉ်များတွင် ထည့်သွင်းရေးဆွဲဆောင်ရွက် သဖြင့် နေ့စဉ်ခရီးသွားများ လာရောက်လျက် ရှိပါသည်။

ကုန်သွယ်ရေးကဏ္ဍ။ လယ်ယာထွက် သီးနှံများဖြစ်သည့် စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်းများ ရောင်းဝယ်လျက်ရှိပါသည်။ ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လောင်းမြို့နယ်တွင် ပင်လောင်းကုန်စည်ဒိုင်ကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ဖြင့် တည်ဆောက်လျက်ရှိရာ (၅၅) ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး

တည်နေရာ = မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ် မှ ၁၈ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ်မှ ၉၆ ဒီဂရီ ၁၅ မိနစ်အတွင်း၊

အကျယ်အဝန်း = (၁၃,၅၂၅.၈၈) စတုရန်းမိုင် (၈,၆၅၆,၅၆၄) ဧက

လူဦးရေ = ဦးရေ - ၆,၁၉၄ (ထောင်) (၂၀၁၄ - ၂၀၁၅)

မြို့တော် = ပုသိမ်

ထူးခြားသည့် အမှတ်အသား = ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေ

ခရိုင် = (၆) ခရိုင် (ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ လပွတ္တာ)

မြို့နယ် = (၂၆) မြို့နယ်

အဓိကစီးပွားရေး ကဏ္ဍ = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ခရီးသွားလုပ်ငန်း

ဆက်စပ်ဒေသများ = အရှေ့- ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီး
အနောက် - ဘင်္ဂလားပင်လယ်အော်
တောင် - ကပ္ပလီပင်လယ်
အနောက်မြောက် - ရခိုင်ပြည်နယ်
မြောက် - ပဲခူးတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၈,၉၇၄,၇၉၈.၂) သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ (၆.၂) ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်မတ်လကုန်ထိ

စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်း



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်အထိ **နှစ်အလိုက်ငွေးနှုန်း** အရ ကျပ် (၈,၃၅၁,၆၄၉.၇) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၃.၁) ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ငွေးနှုန်း**အရ (၇.၆) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၆၀) ဧရာဝတီတိုင်းဒေသကြီး
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ သီးနှံစုစုပေါင်း စိုက်ဧက (၈.၅၇၇) သန်းအပေါ် မတ်လကုန်အထိ စိုက်ဧက (၈.၂၂၉) သန်း စိုက်ပျိုးခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၅.၉) ရာခိုင်နှုန်းသာ အကောင်အထည်ဖော်ခဲ့ပါသည်။ မိုးစပါးရည်မှန်းချက် စိုက်ဧက (၃.၆၉၀) သန်းအပေါ် မတ်လကုန်အထိ (၃.၆၉၅) ဧကသန်း စိုက်ပျိုးနိုင်ခဲ့၍ ရည်မှန်းချက်အပေါ် (၅,၂၃၃) ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်ကထက် ဧက (၅၃,၇၅၀) ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါသည်။ နွေစပါးစိုက်ပျိုးမှုတွင် ယခုနှစ် လျာထားချက်ထက် (၄,၁၉၉) ဧက တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ် စိုက်ဧကထက် (၂၅,၅၂၄) ဧက တိုးတက် စိုက်ပျိုးနိုင်ခဲ့ပါသည်။ အထွက်နှုန်းတွင် မိုးစပါးသည် ယခင်နှစ်ကထက် (၂.၂၂) တင်း ပိုမိုထွက်ရှိပြီး နွေစပါးတွင် အထွက်နှုန်း (၉၇.၂၁) တင်း ထွက်ရှိခဲ့၍ ယခင်နှစ်ကထက် (၃.၂၅) တင်း ပိုမိုထွက်ရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မိုးစပါး စိုက်ပျိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခရိုင် (၃) ခရိုင်ရှိ (၁၀) မြို့နယ်တွင် စိုက်ပျိုးပြီး မိုးစပါး (၆၁,၇၅၅) ဧက ရေနစ်ခဲ့ပြီး (၁,၀၄၂) ဧက ပျက်စီးခဲ့ပါသည်။ ပျက်စီးဧကတွင် မိုးစပါး (၉၇၅) ဧက ပြန်လည်စိုက်ပျိုးပြီး မြန်အောင်မြို့တွင် အောင်ရေမရရှိနိုင်ခြင်း၊ အနိမ့်ကွင်းများဖြစ်ခြင်း၊ ရာသီဥတု မမှန်ခြင်းကြောင့် မတ်ပဲ (၆၇) ဧက ကို အစားထိုးစိုက်ပျိုးခဲ့ပါသည်။

သားငါးကဏ္ဍ။ စုစုပေါင်းအသားထုတ်လုပ်မှုရည်မှန်းချက် (၁၄၂,၈၆၉) ပိသာ (ထောင်) အပေါ် မတ်လကုန်အထိ (၁၆၂,၀၅၂) ပိသာ(ထောင်) ထုတ်လုပ်နိုင် ခဲ့ပါသည်။ နှစ်စဉ် ကျွဲနွားမွေးမြူ ထုတ်လုပ်ရောင်းချသူ များပြားလာခြင်းကြောင့် တိုးတက်ခဲ့ရခြင်း ဖြစ်ပါသည်။ ငါး၊ ပုစွန်ထုတ်လုပ်မှုအနေဖြင့် တိုင်းအတွင်းရှိ ရှားခဲကြီး၊ ရှားခဲလေးအင်း၊ တဘူးချောင်းအင်းနှင့် ညောင်ချောင်းစက်ထုံးအင်းများကို အင်းအဖြစ်မှ ဘုံငါးဖမ်းလုပ်ကွက်အဖြစ် ဖြေလျှော့ပေးခဲ့သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရည်မှန်းချက် (၁,၁၅၇,၀၅၂) ပိသာ (ထောင်) အပေါ် မတ်လကုန်အထိ (၁,၁၇၉,၄၈၅) ပိသာ(ထောင်) ထုတ်လုပ်ခဲ့ပါသည်။ တိရစ္ဆာန်ရောဂါများ ကုသပေးနိုင်မှုတွင် ကျွဲနွား (၈၃,၃၇၈) ကောင်၊ ကြက်နှင့် အခြား (၁၇၃,၈၇၇) ကောင်တို့ကို ကုသပေးနိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ အစီရင်ခံသည့် မတ်လကုန်အထိ မြန်မာ့သစ်လုပ်ငန်းမှ ကျွန်းသစ်ထုတ်လုပ်မှုမရှိသော်လည်း သစ်တောဦးစီးဌာနမှ ကျွန်းသစ် (၂၉) ကုဗတန် ထုတ်လုပ်ခဲ့ပါသည်။ မြန်မာ့သစ်လုပ်ငန်းမှ သစ်မာထုတ်လုပ်ရန် ရည်မှန်းချက် (၈၆,၃၂၈) ကုဗတန်အပေါ် မတ်လကုန်အထိ (၈၆,၆၅၀) ကုဗတန် ထုတ်လုပ်ခဲ့သဖြင့် ယခင်နှစ် ထုတ်လုပ်မှု (၈၇,၇၄၅) ကုဗတန်ထက် (၁,၉၀၅) ကုဗတန် တိုးတက်ထုတ်လုပ်ခဲ့ပါသည်။ သစ်ခေါက်၊ လျှော်၊ ခနို-သက်ငယ်၊ သင်ပေါင်းသား ထုတ်လုပ်မှုများသည် ရည်မှန်းချက် ပြည့်မီခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ။ ရေနံစိမ်းထုတ်လုပ်မှု ရည်မှန်းချက်အပေါ် (၁၄၉,၄၉၃) အမေရိကန်စည်(ထောင်) ထုတ်လုပ်ခဲ့သဖြင့် ယခင်နှစ်ထက် (၂,၉၄၇) အမေရိကန်စည်(ထောင်) လျော့နည်းခဲ့ပါသည်။ အဓိကအားဖြင့် ဟင်္သာတခရိုင်ရှိ မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေ၊ အဖျောက် (ဇလွန်)ရေနံမြေနှင့် မအူပင်ခရိုင်၊ ညောင်တုန်းရေနံမြေမှ ရေနံစိမ်းထုတ်လုပ်မှုများ လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ မြန်အောင်နှင့် ရွှေပြည်သာ ရေနံမြေ၊ အဖျောက်ရေနံမြေများမှ တွင်းများမှာ တွင်းဟောင်းများဖြစ်ပြီး သက်တမ်းကြာမြင့်ပြီဖြစ်သောကြောင့် အထွက်နှုန်းကျဆင်းပြီး တွင်းသစ်များ တူးဖော်ခဲ့သော်လည်း ထွက်ရှိမှုမရှိသေးသောကြောင့် ဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် ယခင်နှစ် ကထက် ကုန်းတွင်း၌ (၇၆၅) ကုဗပေ(သန်း) နှင့် ကမ်းလွန်၌ (၁၀၃,၀၇၇) ကုဗပေ(သန်း) တိုးတက်ထုတ်လုပ်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ နိုင်ငံပိုင်အခန်းတွင် ကြံခင်းဘိလပ်မြေစက်ရုံအတွက် ကုန်ကြမ်းပစ္စည်းဖြစ်သော ထုံးကျောက်ထုတ်လုပ်ရန် ရည်မှန်းချက် (၄၈၂,၈၂၆)တန် အပေါ် မတ်လကုန်အထိ (၂၂၈,၇၈၀) တန် ထုတ်လုပ်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းထုတ်လုပ်မှုတန်ဖိုးမှာ ယခင်နှစ်ထက် ကျပ် (၁,၈၁၉.၅) သန်း ပိုမို ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ။ နိုင်ငံပိုင်စက်ရုံများဖြစ်သည့် မအူပင်စက္ကူစက်ရုံမှ အဆင့်မြင့်စက္ကူ ထုတ်လုပ်ရန် ရည်မှန်းချက် မက်ထရစ်တန် (၃,၀၀၀)အပေါ် (၆၂၅.၂)တန်၊ အထပ်သား ထုတ်လုပ်ရန် ရည်မှန်းချက် (၁၉,၅၂၅.၄) စတုရန်းပေ(ထောင်) အပေါ် (၁၈,၉၀၂.၀) စတုရန်းပေ(ထောင်) ထုတ်လုပ်ခဲ့ပါသည်။ နိုင်ငံပိုင်စက်ရုံများမှ မြန်မာ့မီးရထား အကြီးစား ပြင်ဆင်ခြင်း၊ အသေးစားပြင်ဆင်ခြင်း၊ ဓာတ်မြေဩာ၊ ရေနံဓာတ်ငွေ့ရည်နှင့် ဓာတ်ဆီ ထုတ်လုပ်မှုများသည် ယခင်နှစ်ကထက် တိုးတက်ထုတ်လုပ်ခဲ့ပါသည်။ ဆန်စက်များကို ပေါင်းဆန်စက်များအဖြစ် အဆင့်မြှင့် ဆောင်ရွက်ခြင်းကြောင့် ဆန်ထုတ်လုပ်မှု တိုးတက်လာခြင်း၊ ဆီစက်၊ ရေခဲစက်၊ သောက်ရေသန့်စက်များတိုးလာခြင်း၊ အလျှုမီနီယံ အမိုးပြား ထုတ်လုပ်မှု၊ သစ်ခွဲစက်၊ ပရိဘောဂ ထုတ်လုပ်မှုများတိုးတက်လာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ရေယာဉ်၊ မော်တော်ယာဉ် ပြင်ဆင်သည့် အသေးစားစက်မှုလုပ်ငန်းများ တိုးလာခြင်း၊ အထည်ချုပ်စက်ရုံ(၃) ရုံမှ အားကစား ဝတ်စုံ၊ တီရှပ်၊ ဂျာကင်၊ သားမွေး အနွေးထည်၊ အမျိုးသား/ အမျိုးသမီးဝတ် ဘောင်းဘီများကို CMP စနစ်ဖြင့် ကုန်ချောထုတ်လုပ်မှုများ တိုးတက်လာခဲ့ခြင်းတို့ကြောင့် ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် လျှပ်စစ် ဓာတ်အားသုံးစွဲမှုသည် (၁,၂၅၉,၃၅၈) ကီလိုဝပ်နာရီ(ထောင်) ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူ ကာလထက် (၇၆,၃၇၁) ကီလိုဝပ်နာရီ(ထောင်) ပိုမိုထုတ်လုပ်သုံးစွဲနိုင်ခဲ့ပါသည်။ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်တွင် တရုတ်နိုင်ငံမှချေးငွေဖြင့် တည်ဆောက်လျက်ရှိသော အသုတ်-ပုသိမ် (၂၃၀) ကေဗွီ ဓာတ်အားလိုင်း မိုင် (၄၀) နှင့် ခွဲရုံများအနက် (၂၃၀) ကေဗွီဓာတ်အား ခွဲရုံ အဆောက်အဦမှာ (၁၀၀) ရာခိုင်နှုန်း ပြီးစီးပြီး ခွဲရုံသုံး Main Transformers များနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်လျက်ရှိပါသည်။ (၂၃၀) ကေဗွီဓာတ်အားလိုင်း တာဝါတိုင်များ၏ Foundation များမှာလည်း (၉၀) ရာခိုင်နှုန်းကျော်ပြီးစီး၍ လိုင်းနှင့်ဆက်စပ်ပစ္စည်းများဖြင့် လိုင်းဆွဲသားခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ဝါးခယ်မမြို့၊ ဝါးခယ်မခွဲရုံတွင် (၃၃/၁၁) ကေဗွီ၊ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ အဆောက်အဦကို တည်ဆောက်၍ Control Room တွင် ပစ္စည်းများတပ်ဆင်မှု (၁၀၀) ရာခိုင်နှုန်းနှင့် အခြားခွဲရုံသုံးပစ္စည်းများ တပ်ဆင်ပြီးဖြစ်ပါသည်။ မြောင်းမြ- ဝါးခယ်မ (၃၃) ကေဗွီလိုင်း (၁၉) မိုင်ကိုတည်ဆောက် ရာ (၇၀) ရာခိုင်နှုန်းကျော် ပြီးစီးပြီးဖြစ်ပါသည်။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ပုသိမ် တိုင်းဒေသကြီးရုံးတွင် 66/11 KV 10 MVA Transformers မှ 66/11 KV 20 MVA အသစ်တိုးမြှင့်ခြင်း၊ ပုသိမ်မြတ်တိုရုံးခွဲတွင် 66/11 KV 5 MVA Transformer မှ 66/11 KV 10 MVA အသစ်တိုးမြှင့်ခြင်း၊ ရေကြည်ဓာတ်အားခွဲရုံတွင် 66/11 KV 5 MVA Transformer

တည်ဆောက်ခြင်း၊ ဟသ်ာတမာတ်အားခွဲရုံတွင် 66/11 KV 10 MVA Transformer တည်ဆောက်ခြင်း၊ မြောင်းမြ-ဝါးခယ်မ 33 KV မာတ်အားလိုင်း (၁၉) မိုင် တည်ဆောက်ခြင်းတို့ ဆောင်ရွက်ပြီးဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၇၅) လမ်း ရှိရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၈၁) လမ်း ရှိလာပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ရှိတာဝန်ယူ ဆောင်ရွက်လျက်ရှိသော လမ်းများမှာ (၇၈) လမ်း ၊ BOT စနစ်ဖြင့်ဆောင်ရွက်သောလမ်း (၃) လမ်းရှိပြီး စုစုပေါင်းမိုင်အရှည် (၁,၆၇၉) မိုင် (၇.၃) ဖာလုံဖြစ်ပါသည်။ လမ်းဆောင်ရွက်မှုများအနေဖြင့် မအူပင်-ရေလဲ ကလေး-ရွှေတောင်မှော် - ကျိုက်ပိ - မော်လမြိုင်ကျွန်းလမ်းတွင် ကျပ် (၉,၆၇၄.၆၇) သန်း၊ ဘိုကလေး-ကြိမ် ချောင်း - ကဒုံကနိလမ်း ကျပ် (၁,၇၃၉.၀၅) သန်း၊ လပွတ္တာ-အိမ်မဲ-မြောင်းမြ-ကျောင်းကုန်း-ကျံုပျော်လမ်း ကျပ် (၄,၆၇၃.၂၂၀) သန်း၊ ကြိမ်ပင်ဆည်-စက္ကော့-ဓနုဖြူ-ဇလွန်လမ်း ကျပ် (၃,၃၀၂.၈၇၄) သန်း နှင့် ဆောင်ရွက်လျက် ရှိပါသည်။ တံတားများအနေဖြင့် ဘိုကလေး မြစ်ကူးတံတား ကျပ်သန်း (၁,၄၈၀)၊ ကွဲခြံရေကျော်တံတား ကျပ်သန်း (၉၀၀) တို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ စက်မှုဇုန်တွင် Snow White အထည်ချုပ်စက်ရုံ ၊ KIDO အထည်ချုပ်စက်ရုံ၊ Blossom Wealth အထည်ချုပ်စက်ရုံ ၊ Sakura Garment အထည်ချုပ်စက်ရုံ ၊ Princess Garment အထည်ချုပ်စက်ရုံ ၊ Tile Factory ကြွေပြားကျောက်ပြား သဘာဝကျောက်စက်ရုံ ၊ Steel Structure စက်ရုံ ၊ Talenor ဆက်သွယ်ရေး လုပ်ငန်းနှင့် (၂၃၀) ခန်းတွဲ Short House များအား ကျပ် (၂၃,၆၆၆.၈၁) သန်းဖြင့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်လျက် ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ နိုင်ငံပိုင်အခန်း မြန်မာ့မီးရထားအနေဖြင့် ပုသိမ် - ဟသ်ာတ-ဥသျစ်ပင် ရထားလမ်းများ ကြံ့ခိုင်တောင့်တင်း ကောင်းမွန်စေရန် ရထားလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ဟသ်ာတ-ဇလွန် - စက္ကော့ - ညောင်တုန်း -လှိုင်သာယာ ရထားလမ်းပိုင်းကိုလည်း ၂၄-၅-၂၀၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့၍ ဟသ်ာတမှ ရန်ကုန်သို့ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခဲ့ပါသည်။ ပုသိမ်-ရန်ကုန် ရထားလမ်း ဖောက်လုပ်ရေးကိုလည်း အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကပိုင် အဝေးပြေး ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများအနေဖြင့် ပုသိမ်-နေပြည်တော်၊ ပုသိမ်-ပြည်၊ ပုသိမ်-ငပုတော၊ ပုသိမ်-ဟိုင်းကြီး ယာဉ်လိုင်းများထပ်မံတိုးချဲ့ ပြေးဆွဲလာခြင်းကြောင့် လျာထားချက်ထက် ပြည့်မီကျော်လွန် အကောင်အထည်ဖော်နိုင်ခြင်းဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စာတိုက်လုပ်ငန်းတွင် စာတိုက်စခန်းပေါင်း (၁၃၉) ရုံး ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး စာတိုက်ဝင်ငွေအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လျာထားချက် ကျပ် (၁၁၇.၉၃၅) သန်းတွင် မတ်လကုန်အထိ

(၁၁၉.၅၁၉) သန်းရရှိခဲ့ရာ (၁၀၁.၃) ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင် ခဲ့ပါသည်။ ကြေးနန်း လုပ်ငန်းတွင် ကြေးနန်းရုံးပေါင်း (၃၀) ရှိ၍ စာတိုက်၊ ကြေးနန်းပူးတွဲရုံး (၁၅) ရုံးကို ဖွင့်လှစ် ထားရှိပြီး လျာထားချက်အပေါ် (၁၀၃.၈) ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ တယ်လီဖုန်းလုပ်ငန်းတွင် အော်တိုအိတ်ချိန်း (၃၉) ရုံး၊ GSM ရေဒီယို (၉၁) စခန်း၊ WCDMA ရေဒီယို (၁၂) စခန်း၊ CDMA-450 ရေဒီယို (၃၉) စခန်း၊ CDMA-800 ရေဒီယို (၃) စခန်း၊ MECTEL-800 ရေဒီယို (၄၇) စခန်းတို့ တည်ဆောက်ဖွင့်လှစ်ထားရှိပါသည်။ တယ်လီဖုန်း ဝင်ငွေအနေဖြင့် မတ်လကုန်အထိ ကျပ် (၅၉,၆၉၀.၃၂၀) သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၁၆၀.၁) ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာ့ စီးပွားရေးဘဏ်နှင့် ခရိုင်ဘဏ်ခွဲများတွင် ATM စက်တပ်ဆင်၍ ဘဏ်နှင့် ဆက်သွယ် ဆောင်ရွက်သည့် Customer များကို (၂၄) နာရီ ပိတ်ရက်မရှိ ငွေထုတ်ပေးနိုင်ရေးနှင့် မြို့နယ် ဘဏ်ခွဲများအားလုံးတွင် CCTV များအသုံးပြုနိုင်ရေးနှင့် ပုသိမ်ဘဏ်ခွဲများတွင် Manual စနစ်အစား Customer စနစ်သုံး Over the Customer System သို့တိုးမြှင့်ဆောင်ရွက်ပြီး Online ကွန်ပျူတာစနစ် အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ATM စနစ် အနေဖြင့် ကမ္ဘောဇဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုရေးဘဏ်၊ ဧရာဝတီဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ သမဝါ ယမဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်များတွင် အသုံးပြုတပ်ဆင်လျက်ရှိပြီး အာမခံ လုပ်ငန်းအနေဖြင့် ကမ္ဘောဇအာမခံလုပ်ငန်း (၁) ခု ဖွင့်လှစ်ထား ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍတွင် မြန်မာ့စီးပွားရေးဘဏ်မှ ဝင်ငွေပိုမိုရရှိခဲ့ပြီး မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ သောကြောင့် ဝင်ငွေပိုမိုများပြားခဲ့ပါသည်။ သမဝါယမပိုင် ငွေစုငွေချေးအသင်းမှ ချေးငွေပိုမို ထုတ်ချေးနိုင်ခဲ့ပြီး ပုဂ္ဂလိကဘဏ်များနှင့် ချေးငွေလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အထက်တန်း (၁၃) ကျောင်း၊ အထက်တန်းကျောင်းခွဲ (၁၆) ကျောင်း၊ အလယ်တန်း (၄) ကျောင်း၊ အလယ်တန်း ကျောင်းခွဲ (၂၅) ကျောင်း၊ မူလတန်းလွန် (၁၈) ကျောင်း၊ မူလတန်း (၁၄၃) ကျောင်း၊ မူလတန်း ကျောင်းခွဲ (၄) ကျောင်း၊ စုစုပေါင်း (၂၂၃) ကျောင်းအတွက် ရန်ပုံငွေ ကျပ် (၈,၈၃၂.၂) သန်းကို ပြည်ထောင်စု ဘတ်ဂျက်ဖြင့် အသစ်တိုးချဲ့ ဆောက်လုပ်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ အမှုထမ်းနေအိမ်များဆောက်လုပ်ခြင်း၊ ပုသိမ်ပြည်သူ့ဆေးရုံကြီး အကြီးစားမွမ်းမံခြင်းနှင့် ထိခိုက်ဒဏ်ရာရနှင့် အရေးပေါ်လူနာဆောင် ဆောက်လုပ်ခြင်း၊ လုပ်ငန်း များအပါအဝင် ဆောင်ရွက်ဆဲလုပ်ငန်း (၂၃) ခု အတွက် ရန်ပုံငွေ ကျပ်သန်း (၄,၄၈၀) ၊ ဖြည့်စွက်

လုပ်ငန်းစီမံကိန်း (၁၅) ခု အတွက် ရန်ပုံငွေ ကျပ် (၉၅၄.၅၄၈) သန်း၊ လုပ်ငန်းစီမံကိန်းသစ် (၈၀) အတွက် ရန်ပုံငွေ ကျပ် (၄,၀၂၂) သန်း၊ စုစုပေါင်းရန်ပုံငွေ ကျပ် (၉,၄၅၆.၅၄၈) သန်းဖြင့် အသစ်မွမ်းမံ ဖြည့်စွက် တိုးချဲ့ဆောင်ရွက်နိုင် ခဲ့ပါသည်။

တိုင်းဒေသကြီးအတွင်း ဆေးရုံဆေးခန်းများအနေဖြင့် အစိုးရဆေးရုံ၊ ဆေးခန်း (၁၀၈) ခု၊ ပုဂ္ဂလိကဆေးရုံဆေးခန်း (၉) ခု၊ ဆေးခန်း (၂၂၅) ခု၊ ကျေးလက်ကျန်းမာရေးဌာန (၂၂၂) ခု၊ ဆရာဝန် (၇၄၅) ဦး၊ သူနာပြု (၁,၂၄၅) ဦး၊ သားဖွားဆရာမ (၁,၄၇၅) ဦး၊ တိုင်းရင်းဆေးရုံ (၁) ခု၊ တိုင်းရင်းဆေးကုဌာန (၃၀) ၊ ပုဂ္ဂလိကတိုင်းရင်းဆေးခန်း (၅၁) ခု၊ တိုင်းရင်းဆေးဆရာ (၈၄) ဦး၊ ပြင်ပဆေးဆရာဦးရေ (၁၄၀) ရှိပါသည်။

ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုများ၊ ပုဂ္ဂလိက ဟိုတယ်တည်းခိုခန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။ အထူးသဖြင့် ချောင်းသာနှင့် ငွေဆောင်အပန်းဖြေစခန်းများ တိုးတက်လာသည့်အတွက် ယင်းနှင့်ဆက်စပ်နေသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် တိုးတက်ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ကုန်သွယ်မှုမြို့တင်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ဆန်စပါးနှင့်ပဲမျိုးစုံ အထူးပြုကုမ္ပဏီများ၏ စိုက်စရိတ်ပေးအပ်ငွေမှာ ကျပ် (၅,၉၂၉.၃၃) သန်းဖြစ်ပြီး ကောက်ခံရရှိငွေ ကျပ် (၃၀.၁၈) သန်း ဖြစ်သဖြင့် (၀.၅၁) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ အများပိုင်ကုမ္ပဏီ (၂) ခု ကို ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ကုန်စည်ဒိုင် (၁၁) ခု ဖွင့်လှစ်နိုင်ခဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

လျှပ်စစ်မီးရရှိရေး။ နည်းလမ်းအလိုက် လျှပ်စစ်မီးရရှိမှု အခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ မဟာဓာတ်အားလိုင်းမှ (၅၆၈) ရွာ၊ အခြား နည်းလမ်းများဖြစ်သည့် အင်ဂျင်စက်ဖြင့် မီးလင်းသည့်ရွာ(၄,၈၈၀)၊ ဇီဝအစားထိုးလောင်စာစနစ်ဖြင့် (၁၇) ရွာ၊ စပါးခွံလောင်စာစနစ်ဖြင့် (၅၅၄) ရွာ၊ ဆိုလာစနစ်ဖြင့် (၃၆၆) ရွာ၊ အသေးစားရေအားစနစ်ဖြင့် (၁၈) ရွာ၊ လေအားစနစ်ဖြင့် (၁) ရွာ၊ စုစုပေါင်း(၆,၄၀၄) ရွာ မီးလင်းပြီး (၅,၅၃၁) ရွာ မီးလင်းရန် ကျန်ရှိပါသည်။

သောက်သုံးရေရရှိရေး။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သောက်သုံးရေအတွက် တွင်းတိမ် (၁၀၆) တွင်း၊ တွင်းနက် (၂၆၀) ၊ လက်တူးတွင်း (၁၁) တွင်း၊ မိုးရေလှောင်ကန် (၃၁၆) ကန်၊ စိမ့်စမ်းရေသွယ် (၁) ခု၊ အခြားလုပ်ငန်း (၅၄) ခု၊ စုစုပေါင်းလုပ်ငန်းဦးရေ (၅၃၅) ခုအတွက် ရန်ပုံငွေကျပ် (၃,၉၅၈.၅) သန်းဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ ပုသိမ်မြို့နယ်တွင် စပ်မျိုးစပါး (၂၅) ဧက၊ စပ်မျိုးနေကြာ (၂၂)ဧက ကို ထုတ်လုပ်စိုက်ပျိုးပြီး၊ မျိုးသန့် မျိုးသစ်

များကို စပ်မျိုးစပါး ကီလို(ထောင်) (၁,၀၀၀) ၊ အစေ့ထုတ်ပြောင်း (၅၉၅) ကီလို၊ မတ်ပဲ (၅၁) တင်း၊ ပဲတီစိမ်း (၁၅) တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

ဆည်မြောင်းဦးစီးဌာနမှ တိမ်ကောလျက်ရှိသော ချောင်း၊ မြောင်း အလျား (၆၃) မိုင်ကို ပြန်လည်တူးဖော်ခြင်း၊ ရေငန်ဒေသများ ရေငန်မဝင်ရောက်စေရန် ရေငန်တားတာပြုပြင်ခြင်း၊ ရေတံခါးပြုပြင်ခြင်းနှင့် ရေချိုရှားပါးသောဒေသတွင် ရေချိုသိုလှောင်နိုင်ရန် လှိုဏ်ပိတ်တာတမံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ တာတမံများ တောင့်တင်းခိုင်မာရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ပုသိမ်ခရိုင်အတွင်း ရေဘေးကာကွယ်မှု ဧရိယာ (၂၀၀,၂၇၄) ဧက ၊ ဟသ်ာတခရိုင်တွင် (၃၆,၃၃၅) ဧက ၊ မအူပင်ခရိုင်တွင် (၁၀၆,၁၃၄) ဧက၊ ဖျာပုံခရိုင်တွင် ဧက (၂၁,၆၂၀) ရေဘေးကာကွယ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ နန်ကသူရေလှောင်တမံမှ နွေစပါးစိုက်ဧက (၅၃၅) ဧက ၊ ကွန်ချောင်းရေလှောင်တမံမှ (၇,၁၂၇) ဧက ၊ မမြရေလှောင်တမံမှဧက (၇၅၀) နှင့် ကညင်ရေလှောင်တမံမှ (၂,၉၇၉) ဧက စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါသည်။ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ လက်ရိုက်တွင်း (၂၃၈) တွင်း၊ စက်ရေတွင်း (၁၄၄) တွင်း တူးဖော်ပေးနိုင်ခဲ့ပြီး အကျိုးပြုဧက (၂,၃၇၀) ကို ရေပေးဝေနိုင်ခဲ့ပါသည်။

စိုက်ပျိုးစရိတ် ထုတ်ချေးပေးနိုင်မှုအနေဖြင့် မိုးရာသီ ဘဏ်ချေးငွေကျပ် (၂၄၅.၅) သန်း နှင့် နွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုးမှုအတွက် ဆောင်းရာသီ ဘဏ်ချေးငွေကျပ် (၉၈.၁) သန်း ထုတ်ချေးထားပြီးဖြစ်ပါသည်။

အလုပ်အကိုင်ရရှိရေး။ ပုသိမ်စက်မှုဇုန်၊ ဟသ်ာတစက်မှုဇုန်၊ မြောင်းမြစက်မှုဇုန်တို့တွင် စက်မှုလုပ်ငန်းပေါင်း (၆,၀၈၇) ရှိပြီး လုပ်ငန်းလုပ်ကိုင်နေသည့် လုပ်သားဦးရေ (၃၂,၃၃၀) ရှိပါသည်။ North Shore အထည်ချုပ်စက်ရုံမှာ တည်ဆောက်ဆဲဖြစ်ပြီး ထိုစက်ရုံမှ လုပ်သားဦးရေ (၃,၀၀၀) ခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်ရရှိမှုနှင့် ပတ်သက်၍ ပုသိမ်မြို့နယ် စက်မှုဇုန်တွင် အသေးစားစက်မှု လုပ်ငန်းများအပြင် အဆင့်မြှင့်နိုင်ငံခြားပို့ကုန်အတွက် အထည်ချုပ်စက်ရုံ DIG Haker & Donglong အထည်ချုပ်စက်ရုံများမှ လုပ်သားအင်အား (၃,၀၈၄) ဦးခန့်၊ ဟသ်ာတ စက်မှုဇုန်တွင် (၉၂) ဦး၊ မြောင်းမြစက်မှုဇုန်တွင် (၃၉၄) ဦး၊ စုစုပေါင်းဦးရေ (၃,၅၇၀) အလုပ်အကိုင်ရရှိခဲ့ပါသည်။ ထပ်မံတည်ဆောက်နေသော အထည်ချုပ်စက်ရုံများ၊ အလုပ်ရုံများမှလည်း အလုပ်အကိုင်နေရာများ ထပ်မံရရှိလာမည်ဖြစ်ပါသည်။

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေစိစစ်ရေးကော်မတီက အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ လုပ်ငန်းရှင်အစုအဖွဲ့ (၅) ဖွဲ့ရှိ လုပ်ငန်းရှင်

(၁၇) ဦးအားချေးငွေ ကျပ်သန်း (၄၉၀) ထုတ်ချေးသည့်အတွက် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက် လုပ်ကိုင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ တိုင်းဒေသကြီးအတွင်းအပန်းဖြေကမ်းခြေဒေသ ဟိုတယ်ဇုန် (၂) ခုရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဟိုတယ်၊ တည်းခိုခန်းအနေဖြင့် ပုသိမ်မြို့တွင် (၁၀) လုံး၊ ချောင်းသာကမ်းခြေတွင် (၂၁) လုံးနှင့်ငွေဆောင်ကမ်းခြေတွင် (၂၃) လုံး တို့ကို လုပ်ငန်းဆိုင်ရာလိုင်စင်များ ထုတ်ပေးခဲ့ပါသည်။

ခရီးသည်ဝင်ရောက်မှုအနေဖြင့် ချောင်းသာကမ်းခြေတွင် ပြည်တွင်းခရီးသည် (၁၅၄,၆၄၂) ဦး၊ ပြည်ပခရီးသည် (၉,၆၀၃) ဦး၊ ဝင်ငွေရရှိမှုအနေဖြင့် ကျပ် (၁,၈၁၅.၀၄၀) သန်း နှင့် အမေရိကန် ဒေါ်လာ (၃၁,၉၉၁)၊ ငွေဆောင်ကမ်းခြေတွင် ပြည်တွင်းခရီးသည် (၅၉,၄၂၄) ဦး၊ ပြည်ပခရီးသည် (၃၀,၅၂၅) ဦး၊ ဝင်ငွေရရှိမှုအနေဖြင့် ကျပ် (၁,၄၅၁.၅၅၉) သန်းနှင့် အမေရိကန် ဒေါ်လာ (၂,၂၅၂,၂၄၄)၊ ပုသိမ်ဒေသတွင် ပြည်တွင်းခရီးသည် (၂၃,၅၃၆) ဦး၊ ပြည်ပခရီးသည် (၄,၉၂၅) ဦး၊ ဝင်ငွေ ရရှိမှုအနေဖြင့် ကျပ် (၁၄၉.၈၆၁) သန်း နှင့် အမေရိကန် ဒေါ်လာ (၂၂,၀၆၂)၊ စုစုပေါင်း ဟိုတယ် (၅၉) လုံးတွင် ပြည်တွင်းခရီးသည် (၂၃၇,၆၀၂) ဦး၊ ပြည်ပခရီးသည် (၄၅,၀၅၃) ဦး၊ ဝင်ငွေ ကျပ် (၃,၄၁၆.၄၆) သန်း နှင့် အမေရိကန်ဒေါ်လာ (၂,၃၀၆,၂၉၇) တို့ရရှိခဲ့ပါသည်။

ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အသစ်ဖွင့်လှစ်ခဲ့သော ပုဂ္ဂလိကဘဏ်ခွဲများမှာ ပုသိမ်မြို့တွင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ မြောင်းမြမြို့တွင် ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ အိမ်မဲမြို့တွင် မြန်မာ့အရှေ့တိုင်းဘဏ်၊ ဝါးခယ်မမြို့တွင် သမဝါယမဘဏ်၊ ကမ္ဘာ့ရတနာဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ ကျိုက်လတ်မြို့တွင် ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘာ့ရတနာဘဏ်၊ လပွတ္တာမြို့တွင် သမဝါယမဘဏ်၊ မော်လမြိုင်ကျွန်းမြို့တွင် ကမ္ဘောဇဘဏ်နှင့် သမဝါယမဘဏ်များ ဖွင့်လှစ်ခဲ့ပါသည်။

တိုင်းဒေသကြီးအတွင်း (၂၆) မြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များကို မြို့နယ်တိုင်းဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။ ပုဂ္ဂလိကဘဏ်ခွဲများအနေဖြင့် ပုသိမ်ခရိုင်တွင် (၁၄) ဘဏ်၊ ဟသ်ာတခရိုင်တွင် (၁၁) ဘဏ်၊ မြောင်းမြခရိုင်တွင် (၁၁) ဘဏ်၊ မအူပင်ခရိုင်တွင် (၁၀) ဘဏ်၊ ဖျာပုံခရိုင်တွင် (၆) ဘဏ် နှင့် လပွတ္တာခရိုင်တွင် (၅) ဘဏ် စုစုပေါင်း (၅၇) ဘဏ် အသီးသီးဖွင့်လှစ်၍ တိုင်းဒေသကြီး၏ လူမှုစီးပွားမြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်ပေးလျက် ရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းအတွင်းရှိ (၂၆) မြို့နယ်သို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ (၃,၉၀၅,၄၃၉) ဧကအတွက် ကျပ် (၃၄၃,၅၈၈.၇၈၀) သန်း ထုတ်ချေးပေးခဲ့ပြီး ချေးငွေပြန်လည်ရရှိမှုမှာ ကျပ် (၁၂၄,၂၂၂.၅၈၂) သန်း ဖြစ်သဖြင့် (၃၆.၁၅) ရာခိုင်နှုန်းဖြစ်ပါသည်။

လိုင်စင်လျောက်ထားသည့် INGO (၃)ဖွဲ့ NGO (၄) ဖွဲ့၊သမဝါယမ (၆) ဖွဲ့၊ ပုဂ္ဂလိက ပြည်တွင်းကုမ္ပဏီ (၂၉) ဖွဲ့၊ ပုဂ္ဂလိကပြည်ပကုမ္ပဏီ (၃) ဖွဲ့၊ စုစုပေါင်း (၄၅) ဖွဲ့ရှိပြီး ကျေးရွာပေါင်း (၁၁,၆၂၈) ရွာတွင် အသင်းပေါင်း (၁၃၈) သင်း ၊ အသင်းဝင်ပေါင်း (၁,၈၁၁,၁၅၅) ဦး၊ ချေးငွေကျပ် (၃၇၄,၂၆၉.၁၉) သန်း ထုတ်ချေးနိုင်ပြီးကျပ် (၁၈,၈၈၆.၈၉) သန်း စုဆောင်းနိုင်ခဲ့ပါသည်။

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး။ အထူးပြုကုမ္ပဏီများမှ စိုက်စရိတ် ကျပ် (၅,၉၂၉.၃၃) သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ ဆန်နှင့်ပဲမျိုးစုံ စီးထွက်မှုအနေဖြင့် မတ်လကုန်အထိ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းမြောက်၊ တနင်္သာရီတိုင်းများသို့ ဆန်(၄၃၉,၀၁၇) အိတ် တင်ပို့နိုင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးသို့ ပဲမျိုးစုံ မ/တန် (၄,၈၀၀) တင်ပို့နိုင်ခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်လျော့ပါးရေး။ တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် သဘာဝဘေး ကျရောက်ပါက ဆုံးရှုံးမှုများ လျော့နည်းအောင် အစီအမံများ ဆောင်ရွက်ထားရှိပါသည်။

ရေကြီးရေလျှံခြင်းအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် မြစ်များ၊ ချောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ပေးခြင်း၊ မြစ်ချောင်းများအတွင်း သဲနုန်းများ လျှော့ချရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေး အန္တရာယ် လျော့ပါးစေရေး ကြိုတင်ကာကွယ် တားဆီးခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းစီမံချက်များ ကြိုတင်ရေးဆွဲထားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအတွက် ထင်းအစားထိုး စိုက်ခင်းများ ပြန်လည်စိုက်ပျိုးခြင်း ဒီရေတောများ ဖြည့်စွက်စိုက်ပျိုးခြင်းတို့ဖြင့် ဂေဟစနစ်များ ပြန်လည်ကောင်းမွန်လာရန် ဆောင်ရွက်လျက် ရှိပါသည်။

နာဂစ်မုန်တိုင်း ကျရောက်ပြီးနောက် လူ (၅၀၀) ဆံ့ Cyclone Shelter များကို ပြင်စလူဒေသတွင် (၂)လုံး၊ စလူဆိပ်ကျေးရွာအုပ်စုတွင် (၂) လုံး၊ သဃ်နိုးကြီးကျေးရွာ အုပ်စုတွင် (၁) လုံး၊ သပြုကုန်းကျေးရွာအုပ်စုတွင် (၁) လုံး၊ ပိုးလောင်းကျေးရွာအုပ်စုတွင် (၂) လုံး၊ စုစုပေါင်း (၈) လုံးအပြင် နိုင်ငံတော်နှင့် NGOs / INGOs များမှ ကျောင်းနှင့် ဆေးပေးခန်းအသေးစား Shelter များကိုလည်း ဆောက်လုပ်ခဲ့ပြီး ဖြစ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေ



တည်နေရာ	=	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၈မိနစ် မှ ၂၀ဒီဂရီ ၂၅ မိနစ် အတွင်း၊ အရှေ့ လောင်ဂျီတွဒ်၉၅ ဒီဂရီ ၉၆ မိနစ် မှ ၉၆ ဒီဂရီ ၄၅ မိနစ် အတွင်း
အကျယ်အဝန်း	=	၁,၇၄၃,၈၄၄ ဧက ၂,၇၂၄.၇၆ စတုရန်းမိုင်
လူဦးရေ	=	ဦးရေ ၁,၁၆၅ (ထောင်) (၂၀၁၄ - ၂၀၁၅)
မြို့တော်	=	နေပြည်တော်
ခရိုင်	=	၂ ခရိုင်(ဥတ္တရခရိုင်၊ ဒက္ခိဏခရိုင်)
မြို့နယ်	=	၈ မြို့နယ်
ထူးခြားသည့် အမှတ်အသား	=	ပြည်သူ့လွှတ်တော်အဆောက်အဦ၊ရေပန်းဥယျာဉ်
အဓိကစီးပွားရေး	=	လယ်ယာ၊ဆောက်လုပ်ရေး၊ငွေရေးကြေးရေးကဏ္ဍ
ဆက်စပ်သည့် ဒေသများ	=	မြောက်ဘက်တွင် ရမည်းသင်းမြို့နယ် အရှေ့ဘက်တွင် ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ တောင်ဘက်တွင် သံတောင်မြို့နယ်၊ ရေတာရှည်မြို့နယ် အနောက်ဘက်တွင် ဆင်ပေါင်ဝဲမြို့နယ် တောင်တွင်းကြီး မြို့နယ်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် နေပြည်တော်ကောင်စီနယ်မြေ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် (၁,၄၄၄,၃၁၂.၉) သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**အရ (၂၈.၂) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

နေပြည်တော်ကောင်စီနယ်မြေ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း



ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

နေပြည်တော်ကောင်စီနယ်မြေ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်အထိ **နှစ်အလိုက်ငွေးနှုန်း**အရ ကျပ် (၁,၄၁၇,၈၅၉.၁) သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် (၉၈.၂) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ငွေးနှုန်း**အရ (၁၃.၀) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၇-၆၃) နေပြည်တော်ကောင်စီနယ်မြေ
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်ထိ
အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)



ဧာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ။ သီးနှံစိုက်ဧက စုစုပေါင်း (၅၈၇,၂၇၈) ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆောင်းသီးနှံများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲကြီး၊ ဆောင်းမြေပဲ၊ ဆောင်းနှမ်းသီးနှံများ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်များ ပိုမိုထွက်ရှိခဲ့ပါသည်။ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်သည့် ပုလဲသွယ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်လျက် ရှိပါသည်။ အဆင့်မြင့်လယ်ယာ (၉,၃၉၂) ဧက ဖော်ထုတ်နိုင်ခဲ့ပါသည်။ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါး ထုတ်လုပ်ခြင်းကို ပျဉ်းမနားမြို့နယ်နှင့် ဒကွိဏာသီရိမြို့နယ်များတွင် ဆောင်ရွက်ထားရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နွေစပါး စိုက်ပျိုးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး (၄၅,၅၈၄) ကီလို ဖြန့်ဖြူးပြီး ဧက (၆,၅၁၂) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဇဗျူသီရိမြို့နယ်တွင် နယူးဧရာကုမ္ပဏီက တဆက်တစပ်တည်း ပုလဲသွယ်စပ်မျိုးစပါးကို တဲကြီးကုန်းကျေးရွာတွင် ဧက (၁၀၀)၊ အလျင်လိုကျေးရွာတွင် (၃၄၄) ဧကနှင့် နွေစပါးစိုက်ခင်းများကို စိုက်ပျိုးခဲ့ပါသည်။

သားငါးကဏ္ဍ။ နေပြည်တော်ကောင်စီနယ်မြေ၏ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းရှင်များ၏ အရင်းအနှီးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်

ငွေထုတ်ချေးခြင်း၊ သမဝါယမအသင်းများဖွဲ့စည်းခြင်း၊ အစုအဖွဲ့များဖွဲ့၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်းတို့ ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ခိုင်းနွားအကောင် (၁,၀၀၀)၊ နို့စားနွားအကောင် (၇၈၀)၊ အသားတိုးနွားအကောင် (၁၂၀)၊ စုစုပေါင်းအကောင် (၁,၉၀၀) အား မျိုးမြှင့်သားစပ်ပေးနိုင်ရန် ရည်မှန်းထားလျက်ရှိပြီး အကောင်အထည်ဖော်ပြီးစီးမှုမှာ ခိုင်းနွား (၉၁၇) ကောင်၊ နို့စားနွား (၈၅၂) ကောင်၊ အသားတိုးနွား (၄၃၇) ကောင်၊ စုစုပေါင်း (၂,၂၀၆) ကောင်အား မျိုးမြှင့်သားစပ်မှု ပြုလုပ်ပေးခဲ့ပါသည်။ ငါးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစည်းလယ်ယာစနစ်ဖြင့် ဆောင်ရွက်ပြီး ငါးဒိုင်၊ ငါးရှဉ့်မွေးမြူရေး၊ ငါးမွေးမြူရေးတို့အတွက် အစုအဖွဲ့(၃)ဖွဲ့ ဖွဲ့စည်း၍ မြို့နယ် (၃)မြို့နယ်တွင် ငါးကန် (၆.၇၃) ဧက ကျော် တူးဖော်ကာ ငါးအကောင် (၄၄,၀၈၀) မွေးမြူထားရှိပါသည်။ မြို့နယ်(၈)မြို့နယ်တွင် ငါးမွေးမြူရေးကဏ္ဍအနေဖြင့် (၄၆၇.၆၄၆)ဧကခွဲငါးအကောင် (၇၃၆,၅၀၀) မွေးမြူထားရှိပါသည်။ အင်းလုပ်ငန်းမှ ငါးပိသာ (ထောင်) (၄၀၉)၊ ငါးမွေးကန်မှ ငါးပိသာ (ထောင်) (၆၈၅)၊ ဘုံငါးဖမ်းလုပ်ငန်းမှ ငါးပိသာ(ထောင်) (၁,၆၄၃) ထုတ်လုပ်နိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ။ နိုင်ငံပိုင်သစ်စက်(၅)စက်၊ ပုဂ္ဂလိကပိုင် အငှားသစ်စက်(၁)စက် တို့ဖြင့် ဧလီဖားများ၊ ခွဲသားများခွဲစိတ်ထုတ်လုပ်လျက် ရှိပါသည်။ သဘာဝတော တန်ဖိုးမြှင့်သစ်တောစိုက်ခင်းများကိုလည်း ထူထောင်လျက်ရှိရာ သစ်တောပြုစုထိန်းသိမ်းခြင်း (၁၅,၁၆၅) ဧက၊ ပုဂ္ဂလိကစိုက်ခင်း (၁၀,၇၄၅) ဧက စိုက်ပျိုးပြီး၊ တစ်အိမ်ထောင် ယူကလစ် ပင် (၂၀)၊ ကျေးရွာပိုင်တစ်ဧက (ကျွန်း၊ သစ်မာ) စိုက်ခင်းများ စိုက်ပျိုးလျက်ရှိပါသည်။

စက်မှုလက်မှုကဏ္ဍ။ တပ်ကုန်းမြို့နယ်စက်မှုဇုန်အတွက် မြေ (၅၆၂.၄၆) ဧကတွင် နေရာချထားရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ဒကွိဏသီရိမြို့နယ်တွင် အလတ်စား စက်မှုဇုန် ထူထောင်ရန် မြေ (၁၀၁) ကွက်၊ အကျယ် (၃၈၅) ဧကကို ဖော်ထုတ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ လူသုံးကုန်ပစ္စည်းစက်ရုံ၊ ဆောက်လုပ်ရေး အလှဆင်စက်ရုံ၊ သံနန်းဆွဲစက်ရုံ၊ ပရိဘောဂလုပ်ငန်း၊ ဆီစက်၊ အောက်စီဂျင်စက်ရုံ၊ ဆေးပစ္စည်းလုပ်ငန်း၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်း၊ စတီးအမိုးပြား၊ အထည်ချုပ်စက်ရုံ စသည့်စက်ရုံ(၁၄)ရုံ အမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်မြန်မာ့သစ်လုပ်ငန်းမှ သစ်စက်(၅)စက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ရေသန့်စက်ရုံ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီမှ ဘိလပ်မြေစက်ရုံ၊ ယုဇနကုမ္ပဏီလိမိတက်မှ သကြားစက်ရုံ၊ International Gate Way Company မှ သကြားစက်ရုံ (၂) ရုံနှင့် အခြားစက်မှုလက်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ။ မဟာဓာတ်အားလိုင်းကွန်ယက်မှတစ်ဆင့် ကျေးရွာပေါင်း (၂၂၃) ရွာသို့ ဓာတ်အား ဖြန့်ဖြူးပေးထားပြီး မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပြီး အခြားစွမ်းအင်

အသုံးပြုသော ကျေးရွာများမှာ ဒီဇယ်အင်ဂျင်ဖြင့် (၃၁၀) ရွာ၊ ဧဝမာတ်ငွေ့ဖြင့် (၂)ရွာ၊ အသေးစား ရေအားလျှပ်စစ်ဖြင့် (၁၈) ရွာ၊ နေရောင်ခြည်စွမ်းအင်ဖြင့် (၁၄၈)ရွာ၊ စပါးခွံဖြင့် (၃) ရွာ စုစုပေါင်း (၄၈၁) ရွာ တို့အား လျှပ်စစ်မာတ်အား ဖြန့်ဖြူးထားရှိပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော် ပတ်လမ်း (၂၂)မိုင်၊ ပျဉ်းမနား-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း (၃၂) မိုင်(၂) ဖာလုံ၊ စမတောင် အဝင် လမ်း (၄)မိုင် (၂) ဖာလုံ၊ နေပြည်တော်-ကင်းသာ-ကိုးကွေ့-ပင်လောင်းလမ်း (၂၀) မိုင် (၄) ဖာလုံ၊ ကမ်းပါးနီ-သဲဖြူလမ်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း၊ ကုန်ထုတ် ဆက်သွယ်ရေးလမ်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း(၅၇)မိုင် စသည့် လမ်းတိုးချဲ့တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော်ကောင်စီအတွင်းရှိ လမ်းများ ပြုပြင်ထိမ်းသိမ်းခြင်း၊ စိုက်ပျိုးရေး တက္ကသိုလ်(ရေဆင်း)၊ မွေး/ဆေးတက္ကသိုလ်(ရေဆင်း)၊ သစ်တောတက္ကသိုလ်(ရေဆင်း)ရှိ ကျောင်းဆောင်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဒကွိဏသီရိမြို့နယ်တွင် ဟိုတယ်အသစ်(၃)လုံး စတင်ဆောက်လုပ်လျက် ရှိပါသည်။

အမှတ်(၁) တည်ဆောက်ရေး (ရေအားလျှပ်စစ်) မှ အထက်ပေါင်းလောင်းနှင့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ခြင်းများ တိုးချဲ့လျက် ဒေသတွင်း လျှပ်စစ်မာတ်အားတိုးချဲ့ရရှိရေးဆောင်ရွက်ချက်များ၊ ဆည်မြောင်းဦးစီးဌာနမှ ပေါင်းလောင်းရေလှောင်တမံစီမံကိန်း၊ ချောင်းမငယ်ရေလှောင်တမံစီမံကိန်း၊ မဒန်းရေလှောင်တမံစီမံကိန်း၊ ဖောင်းလောင်ရေလှောင်တမံစီမံကိန်း၊ နေပြည်တော် စိမ်းလန်းစိုပြေရေးအတွက် ရေကန်တိုးချဲ့တူးဖော်ခြင်းစီမံကိန်းများ၊ ငလိုက်တူးမြောင်းများ ကျောက်လိုင်နင်စီခြင်း၊ ရေဆင်းတူးမြောင်းများ ကျောက်လိုင်နင်စီခြင်း၊ ဆင်သေတူးမြောင်းများ ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ဆည်ရေရှိရေးအတွက် တိုးချဲ့ဆောင်ရွက်ခြင်းများ၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းမှ လမ်း၊ တံတားတည်ဆောက်မှုများ၊ အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်မာတ်အားလိုင်းတည်ဆောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းများ၊ ရေနှင့်သန့်ရှင်းမှုလုပ်ငန်းများ စသည်တို့ကို တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။ ပုဂ္ဂလိက ကိုယ်ထူကိုယ်ထဖြင့် လမ်းတံတား တည်ဆောက်ခြင်းများ၊ သာသနိက အဆောက်အဦ ဆောက်လုပ်ခြင်းများကို တိုးချဲ့လုပ်ဆောင်လျက် ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာပြီး နေပြည်တော် အခြေပြုယာဉ်လိုင်း (၁၉) သင်း၊ အခြားဒေသအခြေစိုက်ယာဉ်လိုင်း (၅၁)သင်းတို့မှ တိုင်းဒေသကြီး/ပြည်နယ် (၃၅)မြို့သို့ ကွန်ယက်သဖွယ် ပြေးဆွဲဆောင်ရွက်ခဲ့ပါသည်။ ယာဉ်လိုင်း (၃) သင်း၊ အခြားဒေသအခြေစိုက်ယာဉ်လိုင်း (၅)သင်း တိုးတက်ခဲ့ပါသည်။ ပုဗ္ဗသီရိ

မြို့နယ်တွင် နေပြည်တော်ဘူတာကြီး တည်ရှိပြီး နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-မော်လမြိုင်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မြင်းခြံ ခရီးစဉ်များဖြင့် နေ့စဉ်အစုန်အဆန် ပြေးဆွဲလျက်ရှိပြီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ပုဂ္ဂလိကဘဏ်များဖြစ်သောရိုးမဘဏ်ခွဲ(၁)ခု၊ ကမ္ဘောဇဘဏ်ခွဲ (၆) ခု၊ မြဝတီဘဏ်ခွဲ (၂) ခု၊ အသေးစားနှင့်အလတ်စား စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ခွဲ(၁)ခု၊ ပထမပုဂ္ဂလိကဘဏ်ခွဲ (၁) ခု၊ ထွန်းဖောင်ဒေးရှင်းဘဏ်ခွဲ (၁) ခု၊ ဧရာဝတီ ဘဏ်ခွဲ (၃) ခု၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်ခွဲ (၁) ခု၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ (၂) ခု၊ ယူနိုက်တက်အမရာဘဏ်ခွဲ (၁) ခု၊ မြန်မာနိုင်ငံသားများဘဏ်ခွဲ (၁) ခု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်ခွဲ (၁) ခု၊ ကမ္ဘာ့ရတနာဘဏ်ခွဲ (၂) ခု၊ အာရှ-ရန်ကုန်ဘဏ်ခွဲ (၁) ခု၊ CB ဘဏ်ခွဲ (၁) ခု၊ မြန်မာအရှေ့တိုင်းဘဏ်ခွဲ (၁)ခုနှင့် စည်ပင်သာယာရေးဘဏ်ခွဲ (၁) ခု စုစုပေါင်းဘဏ်ခွဲ (၂၇) ခုမှ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ WCDMA (Mobile) (၁၅၀၀ကျပ်) ဖုန်းလုံးရေ (၆၃၆,၁၇၈)လုံးနှင့် အော်တိုတယ်လီဖုန်း (၆၇၅)လုံး တို့ကို ရောင်းချပေးနိုင်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။ ပညာရေးတွင် ကျောင်းတိုးချဲ့ဆောက်လုပ်မှု(၆၈)ကျောင်း၊ ပြင်ဆင်သည့်ကျောင်း (၂၇)ကျောင်း၊ ရေလောင်းအိမ်သာ (၈) လုံး၊ တစ်ယောက်ထိုင် စာရေးခုံ (၅၀) ဆောင်ရွက်ပေးခဲ့ပြီး အခြေခံပညာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ရှိ မူလတန်း (၅၁) ကျောင်းတွင် RCC တစ်ထပ် ကျောင်းဆောင်သစ် (၅၁) ခု၊ လယ်ဝေးမြို့နယ်ရှိ အလယ်တန်း (၅) ကျောင်းတွင် RCC တစ်ထပ် ကျောင်းဆောင်သစ် (၅) ခု၊ ဒက္ခိဏသီရိမြို့နယ်ရှိ အလယ်တန်းကျောင်းခွဲ တစ်ကျောင်းအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် (၁) ခု၊ လယ်ဝေးမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် အထက်တန်း (၄) ကျောင်းအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် (၄) ခု၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့တွင် အထက်တန်းကျောင်းခွဲ (၂) ကျောင်းအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် (၂)ခု၊ ဥတ္တရသီရိမြို့နယ်တွင် ခရိုင်ပညာရေးမှူးရုံးအတွက် RCC တစ်ထပ်အသစ် (၁) ဆောင် တည်ဆောက် ခဲ့ပါသည်။

ကျန်းမာရေးတွင် နေပြည်တော်ခုတင် (၁,၀၀၀)ဆံ့ ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ နှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နေပြည်တော်နိုင်ငံ့ဝန်ထမ်းများ ဆေးရုံတွင် ဝန်ထမ်းအိမ်ရာနှင့် အကြီးစားမွမ်းမံခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ လယ်ဝေးမြို့နယ်

သစ်ပုတ်ပင် (၁၆) ခုတင်ဆဲ့ တိုက်နယ်ဆေးရုံနှင့် အခြားမြို့နယ်များတွင် ကျေးလက်ကျန်းမာရေး ဌာန (၁၄) ခု၊ တပ်ကုန်း၊ လယ်ဝေး၊ သာဝတ္ထိ၊ တောင်ညိုတို့တွင် (၁၆) ခုတင်ဆဲ့ တိုက်နယ်ဆေးရုံ (၁)ရုံစီ အသစ်တည်ဆောက်ခြင်း၊ ပျဉ်းမနားခုတင် (၂၀၀) ဆဲ့ ပြည်သူ့ဆေးရုံ မွမ်းမံခြင်း လုပ်ငန်း များ ဆောင်ရွက်ခဲ့ပါသည်။

ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။ ပုဂ္ဂလိကပိုင်အခန်းတွင် ပွင့်လင်းရာသီဖြစ်သဖြင့် ဗုဒ္ဓဂါယာ၊ ဥပ္ပါတသန္တိစေတီတော်၊ ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိုင်းရင်းသားကျေးရွာ များသို့ ကမ္ဘာလှည့်ခရီးသည်နှင့် ပြည်တွင်းခရီးသွားများ ပိုမိုဝင်ရောက်လာသဖြင့် ဟိုတယ်၊ တည်းခိုခန်းနှင့်ခရီးသွားလုပ်ငန်းများ၏ဝင်ငွေများ၊ တိုးဂိတ်လုပ်ငန်းများ ဝင်ငွေများတိုးတက်ခဲ့ ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ နေပြည်တော်ကောင်စီနယ်မြေတွင် ဖွင့်လှစ်ထားသော ဈေးများ၊ ပွဲရုံများမှတစ်ဆင့် လူသုံးကုန်ပစ္စည်းနှင့် စပါး၊ မြေပဲ၊ နေကြာ၊ ပဲမျိုးစုံသီးနှံများအား ဖြန့်ဖြူး ရောင်းချလျက် ရှိပါသည်။ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးတွင် ကုန်စိမ်းလက်ကားဒိုင် (၇) ခုဖြင့် ရှမ်းပြည်နယ် အောင်ပန်းနှင့် တပ်ကုန်းမြို့တို့မှ ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံများ တင်သွင်းရောင်းချလျက် ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ဆန်တင်သွင်းမှုရှိပြီး ပြောင်းနှင့်မတ်ပဲကို အခြားဒေသများသို့ တင်ပို့ပါသည်။ ပုဗ္ဗသီရိမြို့နယ် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးခြံမှ အရည်အသွေးမီသီးနှံများ ရောင်းချလျက် ရှိပါသည်။

လျှပ်စစ်မီးရရှိရေး။ လျှပ်စစ်မီး ရရှိသုံးစွဲနိုင်ရေးအတွက် ပင်မဓာတ်အားခွဲရုံ (၄) ရုံ၊ ဓာတ်အားခွဲရုံငယ် (၁,၈၅၄) ရုံတို့မှ တပ်ဆင်အင်အား (အမ်ဗွီအေ) (၁,၅၀၄.၂၄၅) ကို မဟာ ဓာတ်အားလိုင်း ကွန်ယက်ချိတ်ဆက်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူး ပေးလျက် ရှိပါသည်။ ဓာတ်အားလိုင်းအရှည် စုစုပေါင်း (၁,၅၂၁.၂၆၅) မိုင် သွယ်တန်းပြီး ဖြစ်၍ မဟာဓာတ်အားလိုင်းမှ စုစုပေါင်း မီးသုံးစွဲသူ (၉၉,၄၅၆) ဦး (မီတာလုံးရေဖြင့်) ဓာတ်အား အသုံးပြုလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန် အထိ ယူနစ် (၆၂၈.၈၄၅) သန်း ထုတ်လုပ် ရောင်းချခဲ့ပါသည်။

ပေါင်းလောင်းရေလှောင်တမံကို ၂၀၁၅ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် မဂ္ဂါဝပ် (၇၀) စက် (၄)လုံး တပ်ဆင်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိပါသည်။ လယ်ဝေးမြို့နယ် ချောင်းမငယ်ရေလှောင်တမံစီမံကိန်းမှ ဒေသအတွင်း အသုံးပြုရန် လျှပ်စစ် ဓာတ်အား ကီလိုဝပ် (၅၀) ထုတ်လုပ်၍ ကျေးရွာ (၃) ရွာသို့ ဓာတ်အားလိုင်း ပြင်ပမှ ဖြန့်ဖြူးလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရှမ်းရွာမြစ်ရေတင်လုပ်ငန်းမှ ကျန်ရှိ

နေသည့် (၃၃) ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းဖြင့် ကျေးရွာ (၆) ရွာကို လျှပ်စစ်ဓာတ်အား ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးရွာစုစုပေါင်း၏ (၂၈) ရာခိုင်နှုန်းကို နိုင်ငံတော်ဓာတ်အားမှ လည်းကောင်း၊ ကျေးရွာစုစုပေါင်း၏ (၆၁) ရာခိုင်နှုန်းကို အခြားနည်းလမ်းများဖြင့် ပုဂ္ဂလိကကဏ္ဍမှ လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးနေသဖြင့် စုစုပေါင်းကျေးရွာ၏ (၈၃) ရာခိုင်နှုန်း လွှမ်းခြုံ၍ ဓာတ်အား ဖြန့်ဖြူးထားပြီး ဖြစ်ပါသည်။

သောက်သုံးရေရရှိရေး။ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် မြို့ပြရေရရှိရေး အတွက် ချောင်းမကြီးဆည်အား ရေအရင်းအမြစ်ရယူပြီး နေ့စဉ် ရေဂါလံ (၁၂)သန်း ဖြန့်ဝေ ပေးလျက်ရှိပါသည်။ အရန်ရေအရင်းအမြစ်အဖြစ် ရန်အောင်မြင်ဆည်၊ ရေငန်းဆည်၊ ဥတ္တရသီရိ ဆည်၊ မြောက်ပိန်းဆည်၊ တောင်ပိန်းဆည်၊ သပြေစမ်းဆည်၊ ချောင်းချောက်ဆည်၊ ဘုံးကွဲဆည်၊ တင်းဝါးဆည်၊ သရက်ရှင်းဆည်စသည့် ရေလှောင်တမံ (၁၀)ခုအား တည်ဆောက်ပြီး တိုးချဲ့ ရေပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။ ရာသီပြောင်းလဲမှုအရ သောက်သုံးရေ ပြတ်တောက်မှု မရှိစေရေးအတွက် ငလိုက်ချောင်းမှ ချောင်းမကြီးဆည်သို့ တစ်နေ့ရေဂါလံ (၁၅) သန်း ဖြည့်ဆည်းနိုင်သည့်စနစ်အား ဆောင်ရွက်ထားရှိပါသည်။

ကျေးလက်ဒေသများ၏ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ရေတွင်းရေကန်များတူးဖော်ခြင်း၊ စိမ့်စမ်းများပျိုးထောင်ခြင်း၊ ချောင်းရေတင် လုပ်ငန်းများနှင့် ပိုက်လိုင်းသွယ်တန်းခြင်းများအတွက် လုပ်ငန်း (၅၁) ခု ဆောင်ရွက်ပေးခဲ့ပါ သည်။ တွင်းတိမ် (၂၄) တွင်း၊ တွင်းနက် (၁၇) တွင်း တူးဖော်ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန အစီအစဉ်ဖြင့် စက်ရေတွင်း (၁၀) တွင်း တူးဖော်၍ ဒေသနေ လူဦးရေ (၃,၄၀၀) အား သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်ပေးခဲ့ပါသည်။

စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး။ စိုက်ပျိုးရေး တိုးတက်ကောင်းမွန်ရေး ဆောင်ရွက် ရာတွင် ခေတ်မီအဆင့်မြင့် လယ်ယာဖော်ထုတ်ခြင်းနှင့် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင် ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်အထိ စုစုပေါင်း (၉,၀၈၇) ဧကအထိ ဖော်ထုတ် ပြီး ဖြစ်ပါသည်။ မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ဧက တစ်သိန်းနှင့် နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ဧက အားလုံးကို သိပ္ပံနည်းကျစိုက်စနစ် (GAP)ဖြင့် စိုက်ပျိုးနိုင်ရေး ပညာပေးဆောင်ရွက် လျက်ရှိပါသည်။

စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ရာတွင် ဆည်(၈) ခု၊ ကန်(၈) ခု၊ တာတမံ (၅) ခု၊ ရေလှောင် တမံ (၁၀) ခု တည်ဆောက်ပြီးစီးပြီး ဧရိယာစုစုပေါင်း (၇၅,၆၃၅) ဧကသို့ ရေပေးဝေနိုင်ပြီ

ဖြစ်ပါသည်။ တပ်ကုန်းမြို့နယ်တွင် စက်ရေတွင်း (၈) တွင်း နှင့် ဇမ္ဗူသီရိ မြို့နယ်တွင် (၂) တွင်း တူးဖော်၍ စိုက်ပျိုးရေပေးဝေနိုင်ရန် စီစဉ်ခဲ့ပါသည်။ အထွက်နှုန်းနှင့် အရည်အသွေးကောင်းသည့် သီးနှံများ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပြီး နယ်မြေအတွင်းရှိ မြို့နယ် (၈) မြို့နယ်တွင် တောင်သူဦးရေ (၁၈,၅၁၀) အား သင်တန်းများ ပို့ချခြင်း၊ တောင်သူ (၄၈,၇၇၂)ဦးအား နည်းပညာပေးခြင်းများ (၂,၃၆၂) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နွေစပါး စိုက်ရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး (၄၅,၅၈၄) ကီလို ဖြန့်ဖြူးပေးခဲ့ပြီး၊ စိုက်ဧက (၆,၅၁၂) ဧက စိုက်ပျိုးခဲ့ပါသည်။ နှံစားသီးနှံစိုက်ပျိုးမှုတွင် မိုးရာသီတွင် အထွက်နှုန်း တင်း (၁၀၀) အထက် ထွက်ရှိနိုင်သည့် UH-008 စပ်မျိုးပြောင်း (၂,၂၂၉) ဧကစိုက်ပျိုးခဲ့ပါသည်။ သီးထပ်စိုက်ပျိုးနိုင်ရန် မတ်ပဲ မျိုးကောင်းမျိုးသန့်များ ဖြစ်သည့် ရေဆင်း (၂)၊ ရေဆင်း (၆)၊ LBG-17 များကိုမှာယူ၍ မျိုးသန့်ပွားများ စိုက်ပျိုးနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။

အလုပ်အကိုင်ရရှိရေး။ အလုပ်အကိုင်များ ဖန်တီးနိုင်ရေးအတွက် တပ်ကုန်းမြို့နယ်တွင် အလတ်စားစက်မှုဇုန်နှင့် ဒကွိုဏ်သီရိမြို့နယ်တွင် အသေးစားစက်မှုဇုန်များ တည်ထောင်ရန် နေပြည်တော်ကောင်စီမှ စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူမှု စာရင်းထုတ်ပြန်ချက်အရ နေပြည်တော်ကောင်စီနယ်မြေအတွင်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များအပါအဝင် အစိုးရဌာနများတွင် အလုပ်လုပ်ကိုင်သူစုစုပေါင်း (၈၇,၀၀၃) ဦး၊ ပုဂ္ဂလိကအဖွဲ့အစည်းများ နှင့် လုပ်ငန်းများ၏ လုပ်သားစုစုပေါင်း (၂၀၅,၁၃၈) ဦး ရှိပြီး အသက်(၁၅)နှစ် နှင့်အထက် အလုပ်လက်မဲ့ (၂.၉) ရာခိုင်နှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုးမှာ (၆၅) ရာခိုင်နှုန်း ဖြစ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် အမှတ်(၄) ဒဟတ်ကုန်းသကြားစက်၊ ပျဉ်းမနားသကြားစက်၊ တောင်စဉ်အေးသကြားစက်၊ MRTV ရုပ်သံလွှင့်စက်ရုံ၊ ပိတောက်မြေအသံလွှင့်စက်ရုံ၊ နေပြည်တော်ဘိလပ်မြေစက်ရုံ၊ မက်စ်မြန်မာဘိလပ်မြေစက်ရုံ၊ နေပြည်တော်အုတ်စက်ရုံ (၁) ရုံ၊ မင်းကုန်းအုတ်စက်ရုံ စုစုပေါင်း စက်ရုံ(၉)ခုနှင့် မှတ်ပုံတင် စက်မှုလက်မှုလုပ်ငန်း (၆၀၂) ခု အပါအဝင် ပုဂ္ဂလိကလုပ်ငန်းစုစုပေါင်း (၃,၀၁၇) ခု လုပ်ကိုင်လျက်ရှိပါ သည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး။ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းနှင့် နှီးနွယ်လုပ်ငန်းများ ဆက်စပ်ဖွံ့ဖြိုးစေရန် ဆောင်ရွက် လျက်ရှိပါသည်။ ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရန်

ခရီးစဉ်အမှတ်အသားများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ သဘာဝအခြေခံခရီးစဉ်များ၊ ဘုရားဖူး အစီအစဉ်များ၊ Land Mark အထင်အရှားနေရာများ၊ နယ်မြေအတွင်း အစည်းအဝေးများ၊ ကွန်ဖရင့်များကျင်းပခြင်း၊ ပြပွဲများခင်းကျင်းပြသခြင်းစသည့် အစီအစဉ်များ ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပပြုလုပ်နိုင်ရန် Myanmar Convention Center တည်ဆောက်ပြီးစီးခဲ့ပြီး အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။

ခရီးသွားများ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရန် ပုဂ္ဂလိကပိုင် အဆင့်မြင့်ဟိုတယ် အလုံး (၆၀)၊ အခန်းပေါင်း (၄,၆၇၈) ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် ဧည့်ရိပ်သာ (၂) ခုတွင် အခန်းပေါင်း (၁,၃၁၂) ခန်းဖြင့် ဝန်ဆောင်မှုပေးလျက် ရှိပါသည်။ နိုင်ငံတော်အဆင့် ဧည့်သည်များ တည်းခိုနိုင်ရန်အတွက် ဒကွိဏာသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဟိုတယ် (၁၀) လုံးတွင် အခန်းပေါင်း (၈၀၀)ဖြင့် တည်းခိုနိုင်ရန် စီစဉ်ခဲ့ပါသည်။ ဒကွိဏာသီရိမြို့နယ်တွင် ဟိုတယ် (၃)လုံး စတင်ဆောက်လုပ်လျက် ရှိပါသည်။

နေပြည်တော် နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းသစ်ကြီးကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သဖြင့် Myanmar National Airline (MNA) ၊ Bangkok Airway၊ China Eastern တို့မှ ပြေးဆွဲလျက် ရှိပါသည်။ ခရီးသွားလာရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအထောက်အကူ ဖြစ်စေရန် မော်တော်ကားလိုင်းများ ပြေးဆွဲလျက်ရှိရာ နေပြည်တော် အခြေပြု မော်တော်ယာဉ် (၁၈) သင်း ၊ အခြားဒေသအခြေပြု မော်တော်ယာဉ် (၅၁) သင်း၊ စုစုပေါင်း မော်တော်ယာဉ် (၆၉)သင်း က နေပြည်တော်မှ (၃၈) မြို့သို့ ပြေးဆွဲလျက် ရှိပါသည်။ ရထားလိုင်းအနေဖြင့် နေပြည်တော်ဘူတာကြီးမှ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-မော်လမြိုင်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မြင်းခြံ ခရီးစဉ်များဖြင့် နေ့စဉ် အစုန်-အဆန် ပြေးဆွဲလျက်ရှိပြီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။ ငွေကြေးစီးဆင်းမှုစနစ် လွယ်ကူချောမွေ့စေရေးအတွက် ဘဏ်အချင်းချင်း ဆက်သွယ်ရေးစနစ် မြန်ဆန်ကောင်းမွန်ခြင်းနှင့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုကောင်းမွန်စေရန် ဆောင်ရွက်ခဲ့ပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် မတည်ရင်းနှီးငွေ ရရှိစေရန် လုပ်ငန်း အမျိုးအစား

အလိုက် ချေးငွေ ကျပ်သန်း (၁,၅၀၀) ပံ့ပိုးပေးခဲ့ပြီး အကြီးစားစက်မှုလက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အထွေထွေလုပ်ငန်းများနှင့် အငှားချေးငွေ အပါအဝင် စီးပွားရေးလုပ်ငန်းကြီးများသို့ ကျပ် (၄,၅၈၄.၈၁၆) သန်း ပံ့ပိုးပေးခဲ့ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးစီးဆင်းမှု လွယ်ကူ စေရေးအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြဝတီဘဏ် စသည့် အထူးပြုဘဏ်လုပ်ငန်းများ တည်ထောင်ခွင့်ပြုခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်လုပ်ငန်းများအနေဖြင့် ကမ္ဘောဇဘဏ်၊ ရိုးမဘဏ်၊ ဧရာဝတီဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ အင်းဝဘဏ်၊ ကမ္ဘာ့ရတနာဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ မြန်မာ့အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ သမဝါယမဘဏ်၊ အာရှရန်ကုန်ဘဏ် စသည်ဖြင့် ဘဏ်ခွဲပေါင်း (၂၇) ခု ဖွင့်လှစ်ခွင့်ပြုပြီး လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေ လဲလှယ်ရေးကောင်တာများလည်း ဖွင့်လှစ်ပြီး ဖြစ်ပါသည်။ ဈေးဝယ်စင်တာများနှင့် အဓိကနေရာများတွင် အလိုအလျောက် ငွေထုတ်စက်များ တပ်ဆင်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ (၃၇)လုံး တပ်ဆင်ခဲ့ပါသည်။

မြို့နယ်သမဝါယမအသင်းစုလိမိတက်၊ မြစိမ်းရောင်လယ်ယာကုန်ထုတ်လုပ်မှုနှင့် လက်လုပ်လက်စားများအသင်း၊ ဝင်းဆုဝန်ဆောင်မှုကုမ္ပဏီလီမိတက်နှင့် IDE-Proximity Design နေပြည်တော်နှင့် ဒက္ခိဏသီရိဖောင်ဒေးရှင်း၊ မြန်မာ့နှလုံးသားလူမှုဖွံ့ဖြိုးရေးအဖွဲ့၊ သူရိယအသင်းစသည့် ပုဂ္ဂလိကအသင်းများ တည်ထောင်ခွင့်ပြုပေးခဲ့ပြီး အဆိုပါအသင်းများမှ ဒေသအတွင်း ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး။ ရောင်းဝယ်မှုပြုနိုင်ရန် အာဟာရသုခဈေးဖွင့်လှစ်၍ ၂၄ နာရီ လက်လီ/လက္ကား ကုန်စည်ရောင်းဝယ်လျက် ရှိပါသည်။ ဆန်နှင့် အဓိကစားသုံးကုန်စည်များ၊ လူသုံးကုန်စည်များအား ဒေသပြင်ပမှ တင်သွင်းလျက်ရှိပြီး ဒေသထွက်ကုန်များဖြစ်သော စပါး၊ မြေပဲ၊ နေကြာ၊ ပဲမျိုးစုံတို့အား ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက် ရှိပါသည်။ ကုန်စည်စီးဆင်းမှုအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းမှ ဆန် (၃၉၂,၁၇၃) အိတ် ဝင်ရောက်မှုရှိပြီး ဒေသတွင်း ဆန်တင်သွင်းမှုမှာ ယခင်နှစ် အလားတူကာလထက် (၉၈,၉၁၀) အိတ် ပိုမို တင်သွင်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ ပြည်တွင်း ပြည်ပ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ နိုင်ငံတကာအဆင့်မီဟိုတယ်လုပ်ငန်း နှင့် ဆက်နွယ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်(၁၄၇,၈၄၁.၀၄) သန်း ဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

အခန်း(၈)

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

၁။ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်အကောင်အထည်ဖော်ရာတွင်ပုဂ္ဂလိက ကဏ္ဍ မြှင့်တင်မှုဆောင်ရွက်ခြင်းသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း (Privatization) နှင့် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်း(Deregulation) များအပြင် အစိုးရနှင့် ပုဂ္ဂလိကတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Private Public Partnership PPP) ပုံစံဖြင့် ဆောင်ရွက်ခြင်းများ ရှိပါသည်။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု လှိုင်းအဆင့်ဆင့်၌ ပြုပြင်ပြောင်းလဲရေး ဒုတိယလှိုင်းအား မဟာဗျူဟာ (၄) ရပ် ချမှတ် အကောင် အထည်ဖော်လျက်ရှိရာ ပထမအဆင့် နိုင်ငံရေးပြုပြင် ပြောင်းလဲမှု၊ ဒုတိယအဆင့် စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု၊ တတိယအဆင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးနှင့် အစိုးရအုပ်ချုပ်ရေး ယန္တရားကို ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှု၊ စတုတ္ထအဆင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက် ရေး ပြုပြင်ပြောင်းလဲမှုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး တတိယလှိုင်းမူဘောင်များကို အရှိန်အဟုန်မြှင့်တင် ဆက်လက် အကောင်အထည်ဖော်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်သည် အဓိကအရေးပါသော မူဘောင်များ တွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။

၂။ နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍတွင် တစ်ခုအပါအဝင် ဖြစ်သော ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့် ၁၉၁၄ ကုမ္ပဏီများအက်ဥပဒေတို့အရ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိက လုပ်ငန်း ရှင်များမှ တိုးချဲ့ရင်းနှီး မြှုပ်နှံနိုင်ခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂၀၁၂) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှစ်ရပ်အား ဥပဒေတစ်ရပ်တည်းဖြစ်သည့် ရင်းနှီး မြှုပ်နှံမှုဥပဒေပေါ်ထွက်လာစေရန် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(International Finance Corporation-IFC) နှင့် ပူးပေါင်း၍ ရေးဆွဲလျက်ရှိရာ ဒုတိယ(မူကြမ်း)အား ဌာန၏ Website နှင့် ပြည်သူပိုင်သတင်းစာတို့တွင် ဖော်ပြပြီး ပြည်သူလူထု၏ သဘောထားအမြင်များကို တောင်းခံလျက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) အား အာရှ ဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအကူအညီဖြင့် အသစ်ပြန်လည်ရေးဆွဲခဲ့ရာ အခန်း(၁) မှ အခန်း (၈)အထိအား ဌာန၏ Website နှင့် ပြည်သူပိုင်သတင်းစာတို့တွင် ဖော်ပြပြီး ပြည်သူလူထု၏ သဘောထားအမြင်များကို တောင်းခံလျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ

၃။ ပဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား များစွာ ဖြေလျှော့ပေးမှုကြောင့် အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့ပေးခဲ့သည့်နောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ သိသာစွာ တိုးတက်ခဲ့ပါသည်။ ပဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုသင်တန်းများ၊ ဆွေးနွေးပွဲများအား ကွင်းဆင်း ဆွေးနွေးလျက်ရှိပါသည်။ ကုမ္ပဏီပိုင်းဆိုင်ရာများကိုလည်း ဖြေလျှော့ပေးလျက်ရှိရာ ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ရာတွင် ယခင်လုပ်ငန်းအဆင့်(၁၁)ဆင့်မှ ယခုလုပ်ငန်းအဆင့်(၄)ဆင့်သို့ လျှော့ချခဲ့ပြီးဖြစ်၍ ကြာမြင့်ချိန်အနေဖြင့် ယခင်(၇)ရက်မှ ယခု(၃)ရက်သို့ လျှော့ချပေးနိုင်ခဲ့ပါသည်။ ပဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရန် ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် ရင်းနှီးမြှုပ်နှံသူဖက်မှ တင်ပြလာသော အချက်အလက်များ ပြည့်စုံပါက ချက်ချင်းဆောင်ရွက်ပေးပါသည်။

၄။ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာကိစ္စ၊ အလုပ်သမား မှတ်ပုံတင်ဆိုင်ရာကိစ္စများ ဆောင်ရွက်ပေးခြင်း နှင့် ရင်းနှီးမြှုပ်နှံမှု သတင်းအချက်များ ပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လို၍ လာရောက်စုံစမ်းသည့် ပုဂ္ဂိုလ်များ အဖွဲ့များကို ဖြေကြားပေးခြင်းများ ပြုနိုင်ရန်အတွက် ဌာနပေါင်း (၁၃) ခုမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူအရာရှိများ ပါဝင်လျက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ (OSS) ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ပဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ လုပ်ငန်းများဆောင်ရွက်ရန်၊ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်အား ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး နေပြည်တော်ရုံးခွဲအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးရုံးခွဲအား ၂၀၁၄ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်ရုံးခွဲကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် လည်းကောင်း၊ မော်လမြိုင်ရုံးခွဲကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် လည်းကောင်း ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဖွင့်လှစ်ရန် ကျန်ရှိနေသော တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများအား ဆက်လက်၍ ဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဥပဒေဆိုင်ရာ ကိစ္စရပ်များ

၅။ ပဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ဖော်ပြပါ ဥပဒေနှင့် ဆက်စပ်သော ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်-

(က) စီးပွားရေးလုပ်ငန်း အမျိုးအစားများ ပြင်ဆင်သတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာ အမှတ် ၄၉/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ် သြဂုတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ခဲ့ပါသည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် ရယူရန်လိုအပ်သည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ စာရင်းကို သီးခြားအမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ (ည) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၁ (ဌ) တို့ပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန် မလိုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာ အမှတ် ၅၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ်၊ သြဂုတ်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။

ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းဖြေလျှော့မှုများ

၆။ နိုင်ငံတော်၏ စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးကဏ္ဍအသီးသီးမှ ဆောင်ရွက်နေကြသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီပိုင်းဆိုင်ရာ ဖြေလျှော့မှုများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

စဉ်	ယခင်ဆောင်ရွက်ပေးမှု	ယခု ဆောင်ရွက်ပေးမှု
(က)	ကုမ္ပဏီ ဖွဲ့စည်း မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းများကို ရုံးချုပ်အနေဖြင့် နေပြည်တော်တစ်ရုံးတည်းတွင်သာ ဆောင်ရွက်ပေးခဲ့ပါသည်။	၂၀၁၂ ခုနှစ် ဇွန်လတွင် ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)၊ ၂၀၁၄ ခုနှစ် ဧပြီလတွင် မန္တလေးတိုင်းဒေသကြီး (ရုံးခွဲ)၊ ၂၀၁၄ ခုနှစ် သြဂုတ်လတွင် ရှမ်းပြည်နယ် (ရုံးခွဲ) နှင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် မွန်ပြည်နယ်(ရုံးခွဲ)များ အဖြစ် ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ခြင်း နှင့် သက်တမ်းတိုးခြင်းများကို ပြည်နယ်/တိုင်းဒေသကြီး ရုံးခွဲ (၄) ရုံး ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စဉ်	ယခင်ဆောင်ရွက်ပေးမှု	ယခု ဆောင်ရွက်ပေးမှု
(ခ)	၂၀၁၄ ခုနှစ် ဇူလိုင်လတွင် နေပြည်တော် ရုံးချုပ်အား စီးပွားရေးလုပ်ငန်းရှင်များ ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ခြင်း နှင့် သက်တမ်းတိုးခြင်းများကို လွယ်ကူ လျင်မြန် ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အတွက် ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးချုပ်အဖြစ် ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါသည်။	၂၀၁၄ ခုနှစ် ဇူလိုင်လတွင် နေပြည်တော် ရုံးချုပ်အား နေပြည်တော်(ရုံးခွဲ) အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါသည်။
(ဂ)	မြန်မာ ကုမ္ပဏီများ ဖွဲ့စည်း မှတ်ပုံတင်ရာတွင် တံဆိပ်ခေါင်းခွန်ကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးရုံးများတွင်သွားရောက် ပေးဆောင်ရပါသည်။	၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ ရင်းနှီးမြှုပ်နှံမှုဌာန ဆိုင်ရာ ပူးပေါင်း အဖွဲ့ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနတွင်ပင် တံဆိပ်ခေါင်းခွန်များ ပေးဆောင်ရသဖြင့် တစ်နေရာတည်းတွင်ပင် ဆောင်ရွက်နိုင်၍ အချိန်ကြာမြင့်မှုကို လျှော့ချနိုင်ခဲ့ပါသည်။
(ဃ)	မြန်မာကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ရာတွင် အစုရှင် / ဒါရိုက်တာများမှ တင်ပြရမည့် အထောက်အထားများတွင် သန်းခေါင်စာရင်း မိတ္တူ တင်ပြရပါသည်။	၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ အစုရှင်/ ဒါရိုက်တာများမှတင်ပြရမည့် အထောက်အထားများတွင် သန်းခေါင်စာရင်းမိတ္တူ တင်ပြရန်အချက်အား လျှော့ချခဲ့ပါသည်။
(င)	-	မြန်မာ ကုမ္ပဏီ ဖွဲ့စည်းခွင့် တင်ပြရန် အတွက် လုပ်ငန်းစဉ်များ နှင့် အမည်စစ် ပုံစံများ ကို DICA (Website) တွင် တင်ပြထားပါသည်။

e-Government ဆိုင်ရာကိစ္စရပ်များ

၇။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များကို လွယ်ကူမှုရှိစေရန်နှင့် Ease of Doing Business ပြည့်မီရန် အောက်ပါအတိုင်း e-Government ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါသည်-

(က) နေ့စဉ်ခွင့်ပြုပေးသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပမာဏများကို DICA Website ၌ (၂၄) နာရီအတွင်း ပွင့်လင်းမြင်သာစွာ လွှင့်တင်လျက်ရှိပါသည်။

(ခ) ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို Online Registration System ဖြင့် ဝန်ဆောင်မှုပေးရာတွင် မှတ်ပုံတင်ပုံစံအား ဌာန၏ Website တွင် ပေးထားခဲ့ပြီး နောင်တွင် ကုမ္ပဏီမှတ်ပုံတင်ခြင်း ကိစ္စရပ်များအား Online မှ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) စာရွက်စာတမ်းများအား လျှော့ချနိုင်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအား Paperless စနစ်ဖြစ်စေရေးအတွက် MIC e-Meeting System အသုံးပြု ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) တိုင်းဒေသကြီး/ပြည်နယ် ရုံးခွဲများနှင့်လည်း E1 Line စနစ်အသုံးပြု၍ ကုမ္ပဏီမှတ်ပုံတင်ခြင်း ကိစ္စရပ်များကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

(င) ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်မြန်ဆန်နိုင်ရန် Database များ တည်ဆောက်သွားမည် ဖြစ်ပါသည်။

(စ) ဌာန၏ လက်ရှိအသုံးပြုနေသော Website အား Static Website မှ Dynamic Website သို့ ပြောင်းလဲသွားမည် ဖြစ်ပါသည်။

(ဆ) ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများကို Online မှ တင်ပြနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဇ) ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များ တင်ပြရာတွင် တည်ရှိမှုလမ်းကြောင်းအား Online မှ သိရှိနိုင်ရန်အတွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ

၈။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ကာလအလိုက် စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

သက်ဆိုင်သည့် နယ်ပယ်	ကာလတိုတွင် ဆောင်ရွက်ရန် (၂၀၁၂-၂၀၁၅)	ကာလလတ်တွင် ဆောင်ရွက်ရန် (၂၀၁၆-၂၀၂၅)	ကာလရှည်တွင် ဆောင်ရွက်ရန် (၂၀၂၆-၂၀၃၆)
ရင်းနှီးမြှုပ်နှံမှု	• အခွင့်သာသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးပေးရန် • ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးယန္တရားများအပါအဝင် စီမံခန့်ခွဲမှုဆိုင်ရာဆုံးဖြတ်ချက်များအတွက်ရှင်းလင်းသော သတ်မှတ်ချက်များနှင့်ပွင့်လင်းသော လုပ်ငန်းစဉ်များ တည်ဆောက်ပေးရန် • ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို အကဲဖြတ်ရာတွင် အသုံးပြုသည့် လမ်းညွှန်ချက်များနှင့် သတ်မှတ်ချက်များအား အများပြည်သူအလွယ်တကူ သိရှိနိုင်စေရန်	• နယ်ပယ်စုံမှ အကျိုးစီးပွား ဆက်စပ် ပတ်သက်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်မှုနှင့်အတူ ခိုင်မာသော အစိုးရ-ပုဂ္ဂလိက ပေါင်းစပ်မှု (ppp)ကို ဖန်တီးပေးရန် • ရင်းနှီးမြှုပ်နှံမှုများနှင့် သဟ ဇာတဖြစ်စေမည့် ဝန်းကျင်ကို ထိန်းသိမ်းထားရှိရန် • ဥပဒေအဖွဲ့အစည်း လုပ်ငန်းဘောင်စဉ်ဖြင့် ပံ့ပိုးပေးရန်	• ပုဂ္ဂလိက ဦးဆောင်သည့်ဝန်းကျင် ဖော်ဆောင်ပေးရန် • ဥပဒေ အဖွဲ့အစည်း လုပ်ငန်းဘောင် ခိုင်မာ စေရန်

၉။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အဆိုပြုလွှာများ တင်ပြလာမှုအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဇယား(၈-၁)

ကဏ္ဍအလိုက် ခွင့်ပြုထားသော မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအခြေအနေ

(ကျပ်သန်း)

စဉ်	လုပ်ငန်းကဏ္ဍ	၁၉၉၄ - ၁၉၉၅ မှ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်အထိ	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု
(က)	ဆောက်လုပ်ရေး ကဏ္ဍ	၈၇၅၀၆၁.၀၃	၁၄၁၇၄၇.၀၃
(ခ)	လျှပ်စစ်ဓာတ်အား ကဏ္ဍ	၄၅၅၃၈၃.၇၆	-
(ဂ)	စက်မှုကဏ္ဍ	၁၃၃၅၆၅၈.၃၄	၉၀၄၀၈.၇၇
(ဃ)	အိမ်ယာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ	၆၁၇၁၃၁.၄၃	၄၆၈၃၄၉.၄၇
(င)	သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ	၅၆၀၈၇၄.၇၂	၁၆၁၇၂၃.၅၄
(စ)	မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ	၃၀၆၆၃.၇၇	၃၁၈၈.၃၁
(ဆ)	သတ္တုကဏ္ဍ	၁၃၈၅၇.၉၂	၈၅၀.၀၀
(ဇ)	ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ	၈၄၈၃၉၅.၇၀	၂၀၂၃၇၅.၆၆
(ဈ)	စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ	၃၁၄၉၆၁.၀၄	၁၄၂၄၈.၂၅
(ည)	လယ်ယာကဏ္ဍ	၄၉၃၂၄.၃၉	၄၈၇၇၆.၄၉
(ဋ)	အခြားဝန်ဆောင်မှု ကဏ္ဍ	၅၉၅၉၈၅.၂၁	၇၅၂၅၄.၄၅
	စုစုပေါင်း	**၅၆၉၇၂၉၇.၃၁**	**၁၂၀၆၉၂၁.၉၇**

ဇယား(၈-၂)

တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ရှိဆောင်ရွက်နေသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအခြေအနေ

(ကျပ်သန်း)

စဉ်	လုပ်ငန်းကဏ္ဍ	၁၉၉၄ - ၁၉၉၅ မှ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်အထိ	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု
(က)	ရန်ကုန်တိုင်းဒေသကြီး	၂၄၅၉၉၅၀.၃၄	၆၄၉၉၆၅.၂၂
(ခ)	မန္တလေးတိုင်းဒေသကြီး	၇၃၄၈၇၂.၂၆	၃၂၉၅၄.၆၈
(ဂ)	နေပြည်တော်	၃၈၂၆၇၆.၅၃	၂၃၆၆၂၂.၇၇
(ဃ)	တနင်္သာရီတိုင်းဒေသကြီး	၃၂၈၉၁၈.၁၁	၉၅၆၄၈.၃၀
(င)	ရှမ်းပြည်နယ်	၂၉၆၃၁၁၉.၆၄	၉၄၁၄၅.၉၇
(စ)	ပဲခူးတိုင်းဒေသကြီး	၂၉၅၂၈၄.၇၀	၁၇၅၂၄.၁၀
(ဆ)	မွန်ပြည်နယ်	၂၁၁၉၀၆.၆၈	၁၀၀၀၀.၀၀
(ဇ)	ကယားပြည်နယ်	၁၇၇၀၁၆.၃၃	-
(ဈ)	ဧရာဝတီတိုင်းဒေသကြီး	၁၃၂၄၃၃၇.၀၃	၁၃၇၅၁.၇၈
(ည)	ကချင်ပြည်နယ်	၁၀၂၂၇၂.၉၅	-
(ဋ)	စစ်ကိုင်းတိုင်းဒေသကြီး	၅၃၂၈၆.၇၅	၁၇၇၁၈.၆၁
(ဌ)	ရခိုင်ပြည်နယ်	၄၉၆၈၀.၃၆	၁၈၂၈၅.၇၇
(ဍ)	မကွေးတိုင်းဒေသကြီး	၁၁၀၃၉၁.၁၇	၁၉၃၀၄.၇၇
(ဎ)	ကရင်ပြည်နယ်	၁၀၀၃၂၂.၉၁	၁၀၀၀၀.၀၀
	စုစုပေါင်း	**၅၃၄၅၀၄၅၅.၇၆**	**၁၂၀၆၉၂၁.၉၇**

ဇယား(၈-၃)

အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု

(ဦးရေ)

စဉ်	ကဏ္ဍ	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ		၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်	
		FIL	MCIL	FIL	MCIL
၁	စက်မှုကဏ္ဍ	၃၃၂၈၁၃	၁၉၄၅၆၄	၁၀၅၈၄၁	၆၇၉၂
၂	ဆောက်လုပ်ရေးကဏ္ဍ	၈၅၅	၂၃၆၃၅		၉၄၈
၃	မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ	၂၀၅၃၉	၁၃၅၈၂	၂၆၀၉	၁၉၆
၄	ဟိုတယ်နှင့် ခရီးသွားကဏ္ဍ	၁၅၆၃၁	၉၄၉၄	၇၇၉	၃၀၃၁
၅	အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း	၁၂၆၁၃	၈၇၅၇	၂၂၈၆	၂၅၉
၆	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ	၁၃၇၈၁	၄၅၇၆	၂၇၇၃	၅၁၀
၇	သတ္တုတွင်းကဏ္ဍ	၁၁၇၅၃	၃၅၀၀	၁၂၃	၃၈
၈	လျှပ်စစ်ကဏ္ဍ	၂၅၈၀၇	၃၃၅၈	၂၉	-
၉	စိုက်ပျိုးရေးကဏ္ဍ	၁၂၆၁၁	၈၄၉	၂၁၈၁	၁၅၈
၁၀	စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ	၁၄၅၅	၄၂၇	-	၁၁၂
၁၁	ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ	၂၀၃၁	-	၅၄	-
၁၂	အခြားဝန်ဆောင်မှုကဏ္ဍ	၄၄၀၄	၅၈၀၀	၁၄၁၂	၇၁၆
	စုစုပေါင်း	**၄၅၄၂၉၃**	**၂၆၈၅၄၂**	**၁၁၈၀၈၇**	**၁၂၇၆၀**

နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

၁၀။ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ အနေဖြင့် ကုမ္ပဏီထူထောင် ဆောင်ရွက်နိုင်ရေးအတွက် ဖြေလျှော့မှုများ စနစ်တကျ ဆောင်ရွက်ပေးခဲ့နိုင်ခြင်းကြောင့် ကုမ္ပဏီထူထောင်ဆောင်ရွက်နိုင်မှု တိုးတက်လာသည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဇယား(၈-၄)

နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

(အရေအတွက်)

စဉ်	ကုမ္ပဏီအမျိုးအစား	၁၉၈၈- ၁၉၈၉ မှ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ် အထိ	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်
(က)	ပုဂ္ဂလိကကုမ္ပဏီ	၄၃၂၂၆	၆၂၆၈
(ခ)	အများနှင့်သက်ဆိုင်သော ကုမ္ပဏီ	၁၉၂	၅၂

အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း

၁၁။ ပုဂ္ဂလိကကဏ္ဍ စနစ်တကျ စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များကိုလည်း တိုးချဲ့ဖွဲ့စည်းပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အသင်းအဖွဲ့ပေါင်း ၉၅ သင်းနှင့် ဖက်စပ်ကုမ္ပဏီ ၇၆ ခု တို့ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း အသင်းပေါင်း ၁၂ သင်း နှင့် ဖက်စပ်ကုမ္ပဏီ ၄ ခုကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၁၂။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍမှ ဖြေလျှော့မှုများ၊ ပွင့်လင်းမြင်သာမှုများစွာ ပြုလုပ်ပေးသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးသည် မိမိတို့၏ ပြည်တွင်းစီးပွားရေးဆိုင်ရာ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ်(Corporate Social Responsibility CSR) တို့အား ဖွံ့ဖြိုးမှုအတွက် ရှေးရှုဆောင်ရွက်ရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

အခန်း(၉)

အထူးစီးပွားရေးဇုန်များ ဆောင်ရွက်မှုအခြေအနေ

၁။ **မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ အစည်းအဝေး ကျင်းပခြင်း။** မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၂/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၄ခုနှစ် မေလ ၁၆ ရက်နေ့တွင်လည်းကောင်း၊ (၃/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၄ခုနှစ် သြဂုတ်လ ၁၃ ရက်နေ့တွင်လည်းကောင်း၊ (၄/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ **မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးတာဝန်အား ပြင်ဆင်ဖွဲ့စည်းခြင်း။** မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇၄/၂၀၁၂ ဖြင့် အဖွဲ့ဝင် စုစုပေါင်း ၁၄ ဦးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအရ နိုင်ငံတော်ဒုတိယသမ္မတ (၂) သည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် အတွင်းရေးမှူးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် တွဲဖက် အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းခဲ့ပြီး၊ နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၄ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၄ ဖြင့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးတာဝန်အား စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအစား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ **မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေ ပြဋ္ဌာန်းရန်ဆောင်ရွက်ခြင်း။** မြန်မာအထူး စီးပွားရေးဇုန် နည်းဥပဒေ (မူကြမ်း)နှင့် ပတ်သက်၍ Nippon Koei Consulting Co., မှ အကြံပေးပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာထမ်းများ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၄ခုနှစ် မတ်လ ၃၁ ရက်နှင့် ဧပြီလ ၁ ရက်နေ့တို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃၀ရက် နေ့တွင် လည်းကောင်း၊ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၄ခုနှစ် သြဂုတ်လ ၁၁ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ မြန်မာအထူးစီးပွားရေးဇုန်နည်းဥပဒေအား ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ၂၀၁၄ ခုနှစ် သြဂုတ်လ ၁၆ ရက်နေ့တွင် သဘောထား မှတ်ချက် တောင်းခံခဲ့ရာ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် သဘောထား မှတ်ချက်ရရှိပြီး ၎င်းသဘောထား မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်၍ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် သဘောထား ထပ်မံတောင်းခံခဲ့ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်

သဘောထားမှတ်ချက် ပြန်ကြားလာပါသည်။ အဆိုပါ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော နည်းဥပဒေမူကြမ်းအား ၂၀၁၅ ခုနှစ် မတ်လ ၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီသို့ တင်ပြရန် ၂၀၁၅ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး မှ အကြောင်းပြန်ကြားခဲ့ပါသည်။

၄။ ၂၀၁၄ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် မတ်လအတွင်း ထားဝယ် အထူးစီးပွားရေးဇုန်၏ ဆောင်ရွက်ချက်များ

(က) **Due Diligence Assessment ပြုလုပ်ရန်အတွက် အတည်ပြု ရွေးချယ်ခြင်း။** ၂၀၁၄ ခုနှစ် ဇူလိုင်လ ၈ရက်နေ့ နှင့် ၉ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နဝမ အကြိမ်မြောက် ITD ကုမ္ပဏီ၏ ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ကုန်ကျစရိတ်တို့အား Due Diligence Assessment ပြုလုပ်ရန်အတွက် အတည်ပြု ရွေးချယ်ထားပြီးဖြစ်သော Ernst & Young Corporate Services Limited (EY) နှင့် မြန်မာ-ထိုင်းလုပ်ငန်းအဖွဲ့တို့ ညှိနှိုင်းဆွေးနွေး၍ EY ထံသို့ လုပ်ငန်းအပ်နှံပါသည်။

(ခ) **Project Management Officer (PMO) ရွေးချယ်ခြင်း။** ထားဝယ် အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းများအတွက် Project Management Officer (PMO) အဖြစ် ဆောင်ရွက်ရန် Roland Berger Strategy Consultant ကုမ္ပဏီအား ရွေးချယ်ခဲ့ပါသည်။ ယင်းကနဦး စီမံကိန်းလုပ်ငန်းများအတွက် ITD ကုမ္ပဏီနှင့် ဂျပန်အဖွဲ့တို့အား Selective Bidding (Limited Tender) ခေါ်ယူသွားမည်ဖြစ်ပါသည်။ တင်ဒါအောင်မြင်သူကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလဆန်းတွင် စတင်လုပ်ကိုင်နိုင်စေရန် အစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

(ဂ) **အစည်းအဝေးများကျင်းပခြင်း**

(၁) အဋ္ဌမအကြိမ်မြောက် မြန်မာ-ထိုင်းလုပ်ငန်းအဖွဲ့ အစည်းအဝေးအား ၂၀၁၄ ခုနှစ် ဇွန်လ ၃ ရက်နေ့ တွင် လည်းကောင်း၊ နဝမအကြိမ်မြောက် မြန်မာ-ထိုင်း လုပ်ငန်းအဖွဲ့ အစည်းအဝေး ကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့နှင့် ၉ ရက်နေ့တွင် ပို့ဆောင်ရေး ဝန်ကြီးဌာန ၌ ကျင်းပခဲ့ပြီး မြန်မာနှင့် ထိုင်းဘက်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

(၂) ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ကျင်းပသည့် ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး

ဆိုင်ရာ မြန်မာ-ထိုင်းလုပ်ငန်းအဖွဲ့၏ (၁၁)ကြိမ်မြောက် အစည်းအဝေးသို့ ထားဝယ် အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအေးမြင့်၊ ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ မြန်မာ-ထိုင်း ဒါရိုက်တာ အဖွဲ့ဝင် များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ထားဝယ်အထူး စီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများ ပြန်လည် အကောင် အထည်ဖော်နိုင်ရေးအတွက် ကနဦးစီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက် နိုင်ရန် Project Management Office (PMO) အဖြစ် ဆောင်ရွက် လျက်ရှိသည့် Roland Berger ကုမ္ပဏီမှ ကနဦး စီမံကိန်းများအတွက် အီတာလျှံ-ထိုင်း ကုမ္ပဏီနှင့် ဂျပန်နိုင်ငံ Ministry of Economic, Trade and Industry (METI) Terms of Reference (TOR) ပေးပို့ဖိတ်ခေါ်ခဲ့မှုအပေါ် ကမ်းလှမ်းလွှာ တင်သွင်းလာမှု အနေအထား၊ TOR တွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှု မရှိသည် များ၊ အခြားဖော်ပြထားသည့် အချက်များကို ရှင်းလင်းတင်ပြခြင်း၊ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်း လုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် စတင်ဆောင်ရွက်မည့် ကနဦး စီမံကိန်း များအလိုက် သဘောတူ ချုပ်ဆိုသွားရမည့် Concession Agreement များနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းရန် လိုအပ်သည့် အချက်များအား ညှိနှိုင်းဆွေးနွေးခြင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ် များအား ညှိနှိုင်း အတည်ပြုခြင်း၊ အီတာလျှံ-ထိုင်း ကုမ္ပဏီ၏ ဆောင်ရွက် ခဲ့မှုများအပေါ် တန်ဘိုးတွက်ချက်ခြင်း (Due Diligence Assessment) နှင့် ပတ်သက်၍ အပြီးသတ် ညှိနှိုင်းခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။

(၃) ကနဦးစီမံကိန်း လုပ်ငန်းများအလိုက် Concession Agreement များအပြီး သတ်ရေးဆွဲ အတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးများကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ရက် နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပခဲ့ရာ ထားဝယ်

အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ သက်ဆိုင်သည့်ဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိသူများ၊ ထားဝယ်အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၊ Roland Berger ကုမ္ပဏီ၊ အီတလျံ-ထိုင်း ကုမ္ပဏီနှင့် ၎င်း၏ မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

(၄) ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ သည် National Economic and Social Development Board-NESDB ၏ အဖွဲ့ဝင်များ၊ ထားဝယ် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ အဖွဲ့ဝင်များနှင့် Roland Berger ကုမ္ပဏီ မှ တာဝန်ရှိသူများသည် ထားဝယ် အထူးစီးပွားရေးဇုန် နှင့် ဆက်စပ်စီမံကိန်းများ၏ ကနဦးစီမံကိန်း လုပ်ငန်းတွင် ပါဝင်သည့် 2-Lane Road Project ကိစ္စ၊ ဂျပန်နိုင်ငံ ပါဝင်မည့်ကိစ္စ၊ Joint High Level Committee (JHC)/Joint Coordination Committee (JCC) အစည်းအဝေးများ ပြုလုပ်မည့် ကိစ္စများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက် နေ့တွင် ကျင်းပခဲ့ပါသည်။

(ဃ) **ဆွေးနွေးပွဲများ ကျင်းပခြင်း**

(၁) ဂျပန်နိုင်ငံ စီးပွားရေးကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန Ministry of Economy, Trade and Industry(METI) ၏ ဖိတ်ကြားချက်အရ ထားဝယ် အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တို့သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ ထိုသို့ သွားရောက်ရာတွင် ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်း၏ ကနဦးစီမံကိန်းနှင့် ဆက်လက်အကောင်အထည်ဖော်မည့် ပင်မ စီမံကိန်းတွင် ဂျပန်နိုင်ငံ ပါဝင်လာစေရေးနှင့် ပတ်သက်၍ METI မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကာရိုးမား ပင်လယ်စက်မှုနယ်မြေအား လေ့လာခြင်း၊ ထားဝယ်အထူး

စီးပွားရေးဇုန် စီမံကိန်း၌ ဂျပန်နိုင်ငံမှ ပူးပေါင်းပါ ဝင်ရန် သုတေသန လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(၂) ၂၀၁၄ ခုနှစ်အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထားဝယ် အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ နှင့် ဂျပန်နိုင်ငံ Daiwe Institute of Research နှင့် Deloitte Tohmatsu Consulting Co.,Ltd တို့သည် ထားဝယ် အထူးစီးပွားရေးဇုန် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီးဌာန (Ministry of Economy, Trade and Industry-METI) မှ ဦးဆောင်ပြီး အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသနဌာန (Economic Research Institute for ASEAN and East Asia-ERIA)မှ တာဝန်ယူဆောင်ရွက်မည့် သုတေသနလုပ်ငန်း(၃)ခုနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။ ထိုသို့ ဆွေးနွေးရာတွင် ထားဝယ် အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးအေးမြင့်က ပထမ သုတေသန လုပ်ငန်းဖြစ်သည့် မြန်မာနိုင်ငံစက်မှု လုပ်ငန်းဆိုင်ရာ စီမံကိန်း နှင့် မဲခေါင်-အိန္ဒိယ တောင်ဖက် စီးပွားရေး စကြံ့ဖွံ့ဖြိုးမှု တိုးမြှင့်စေရေး သုတေသန လုပ်ငန်းအား ERIA မှ Daiwe Research Institute နှင့် Deloitte Tohmatsu Consulting Co.,Ltd. သို့ လုပ်ငန်းအပ်နှံ ဆောင်ရွက်ခြင်းကို မူလသတ်မှတ်ထားသည့်အတိုင်း ၂၀၁၅ ခုနှစ် မတ်လ ကုန်တွင် ပြီးစီးအောင် ဆောင်ရွက်ရန်၊ လစဉ် တိုးတက်မှု အစီရင်ခံစာများ တင်ပြရန်၊ ကနဦး အစီရင်ခံစာအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် တင်ပြရန်နှင့် ယခု သုတေသနအပြင် ကျန်ရှိသည့် သုတေသနလုပ်ငန်း(၂)ခု ကိုလည်း အလားတူဆောင်ရွက်နိုင်ရေး အတွက် METI သို့ ဆက်လက် အကြောင်းကြားပေးရန် တို့ကို ဆွေးနွေးခဲ့ပါသည်။

(ဃ) **အစည်းအဝေးများကျင်းပခြင်း**

(၁) ထားဝယ်အထူး စီးပွားရေး ဇုန်နှင့် ဆက်စပ်စီမံကိန်းများ၏ ကနဦးစီမံကိန်း လုပ်ငန်းတွင် ပါဝင်သည့် 2-Lane Road Project ကိစ္စ၊ ဂျပန်နိုင်ငံပါဝင်မည့် ကိစ္စများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၂) ကနဦး စီမံကိန်းလုပ်ငန်းများအတွက် Concession Agreement များအား လက်မှတ်ရေးထိုးခြင်းမပြုမီ အီတာလျံ-ထိုင်း ကုမ္ပဏီမှ မြို့ပြအိမ်ယာ၊ ၂-လမ်း သွားကားလမ်း နှင့် ကနဦးစက်မှုနယ်မြေတို့တွင် ကြိုတင်လုပ်ငန်းများ ဆောင်ရွက်မည့် ကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၃) မြန်မာ-ထိုင်း ဆက်သွယ်ရေး လမ်းကြောင်းများဖြစ်သည့် မဲဆောက်နှင့် မြဝတီ လမ်းပိုင်းအတွက် ထိုင်းဘတ် (၁) ဘီလီယံ ထောက်ပံ့ငွေ နှင့် ထားဝယ် အထူး စီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်း နယ်စပ် ကမ်ချနဘူရီ (ဖူနမ်ရွမ်) လမ်းပိုင်း အတွက် ထိုင်းဘတ် (၄) ဘီလီယံ ချေးငွေဖြင့် တည်ဆောက်မည့် လုပ်ငန်းများ ဆိုင်ရာ အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံး၌ ကျင်းပခဲ့ပါသည်။

(၄) Diplomatic Tour ၂၀၁၅ ခရီးစဉ် အတွင်း ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ အခြေ အနေနှင့်ပတ်သက်၍ ထားဝယ်မြို့၊ နဘူးလည်ဒေသရှိ ထားဝယ် အထူး စီးပွားရေးဇုန် သို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် လာရောက် ကြည့်ရှု လေ့လာခဲ့ပါသည်။

(စ) **သုတေသန လုပ်ငန်း စီမံချက်။** ၂၀၁၄ ခုနှစ်တွင် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အောက်ပါ သုတေသနလုပ်ငန်းစီမံချက် ၃ ခု ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(၁) **မြန်မာနိုင်ငံ စက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်းနှင့် မဲခေါင်-အိန္ဒိယ တောင်ဖက် စီးပွားရေးစကြံ့ဖွံ့ဖြိုးမှုတိုးတက်စေရေးသုတေသန။** မြန်မာနိုင်ငံ စက်မှု လုပ်ငန်းဆိုင်ရာ စီမံကိန်း၊ အဓိက စက်မှုလုပ်ငန်းများရှိ ဖြစ်နိုင်စွမ်းရှိသည့် ဈေးကွက်၊ အထူးစီးပွားရေးဇုန် အားလုံးနှင့် စက်မှု နယ်ပယ်အတွက် အခန်းကဏ္ဍများ၊ မဲခေါင်-အိန္ဒိယတောင်ဖက် စီးပွားရေး စကြံ့ဖွံ့ဖြိုးမှု တိုးမြှင့်စေရေးနှင့် တရားဝင်ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ခြင်း ကို အာဆီယံ နှင့် အရှေ့အာရှ စီးပွားရေး သုတေသနဌာန (Economic Research Institute for ASEAN and East Asia -ERIA)၊ Daiwa သုတေသန အဖွဲ့အစည်းများ၊ အခြားကျွမ်းကျင်သူများ နှင့် ပူးပေါင်းလျက်

ERIA မှ JAIF အထောက်အပံ့ အမေရိကန် ဒေါ်လာ ၃၀၀,၀၀၀ ခန့်ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

(၂) **ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ လေ့လာသုံးသပ်ရေး သုတေသန။** ပတ်ဝန်းကျင်လေ့လာသုံးသပ်မှု အကောင်အထည်ဖော်ရေး သုတေသန၊ အိမ်ရာပြန်လည်နေရာချထားခြင်း၊ Smart Community စတင်ခြင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် တရားဝင်စနစ်တိုးတက်စေရေး၊ အထူးစီးပွားရေးဇုန်ရှိ အခြေခံစက်မှုလုပ်ငန်းများစတင်ခြင်း၊ အခြေခံ အဆောက်အအုံဖွံ့ဖြိုးမှုကို စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (Ministry of Economy, Trade and Industry -METI) Pacific Consultants Co., Ltd. နှင့် အခြား ကျွမ်းကျင်သူများ ပူးပေါင်းလျက် METI အထောက်အပံ့ အမေရိကန် ဒေါ်လာ ၂၀၀,၀၀၀ ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

(၃) **ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုအတွက် ပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍအကြား ငွေရေးကြေးရေး ပူးပေါင်း ဆောင်ရွက်ရေး သုတေသန။** ထားဝယ်အထူးစီးပွားရေးဇုန်ရှိ စက်မှုလုပ်ငန်းနှင့် အခြေခံ အဆောက်အအုံ အတွက် ပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍအကြား ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်ရေး သုတေသန၊ မြန်မာနိုင်ငံ အများပိုင်ရန်ပုံငွေ၊ တရားဝင် ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်ခြင်းကို အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသန ဌာန (Economic Research Institute for ASEAN and East Asia - ERIA) နှင့် Japan Research Institute နှင့် အခြား ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ ERIA မှ JAIF အထောက်အပံ့ အမေရိကန် ဒေါ်လာ ၂၀၀,၀၀၀ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဆ) **ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ကနဦး စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရန်အဆိုပြုလွှာတင်သွင်းခြင်း။** ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ကနဦးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အီတာလျှံ-ထိုင်း ကုမ္ပဏီနှင့် ဂျပန်အဖွဲ့သို့ ဖိတ်ခေါ်ခဲ့ရာ အီတာလျှံ-ထိုင်း ကုမ္ပဏီမှသာ အဆိုပြုလွှာ တင်သွင်းခဲ့ပါသည်။

(ဇ) **ထားဝယ် အထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားသားများ ရောက်ရှိ တာဝန် ထမ်းဆောင်ခြင်း။** ထားဝယ်အထူးစီးပွားရေးဇုန်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားသား ကျား

(၃၃၅) ဦးနှင့် မ (၇၀) ဦး စုစုပေါင်း (၄၀၅) ဦး ရောက်ရှိတာဝန်ထမ်းဆောင်လျက် ရှိပါသည်။

၅။ **၂၀၁၄ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် မတ်လ အတွင်း သီလဝါ အထူးစီးပွားရေးဇုန်၏ ဆောင်ရွက်ချက်များ**

(က) **ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေငြာခြင်း။** သီလဝါ အထူးစီးပွားရေးဇုန်တွင် စီးပွားရေး လုပ်ငန်းများ စတင် လုပ်ကိုင်နိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီမှ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ(က) နှင့်အညီ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၈၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

(ခ) **သီလဝါ အထူးစီးပွားရေးဇုန်၏ ရှယ်ယာများ ရောင်းချခြင်း။** သီလဝါ အထူးစီးပွားရေးဇုန် မြန်မာပုဂ္ဂလိက ကဏ္ဍကို ကိုယ်စားပြု၍ တည်ထောင်ထားသည့် အများပိုင်ကုမ္ပဏီ ဖြစ်သော Myanmar Thilawa SEZ Holding Public Ltd. မှ ပထမဦးဆုံးအနေဖြင့် စုစုပေါင်း ရှယ်ယာ ၂.၁၄၅ သန်းကို ရှယ်ယာတစ်ခုလျှင် မြန်မာ ငွေကျပ် ၁၀,၀၀၀/(ကျပ် တစ်သောင်း တိတိ) ဖြင့် ရောင်းချခြင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃ ရက် နေ့မှစတင်၍ မြို့နယ်ပေါင်း ၄၈ ခုတွင် ဘဏ်ပေါင်း ၁၈၂ ခုမှ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

(ဂ) **သီလဝါအထူးစီးပွားရေးဇုန်၏အစုရှယ်ယာများဖိတ်ခေါ်ရောင်းချခြင်း။** သီလဝါ အထူးစီးပွားရေးဇုန်အား တည်ဆောက်မည့် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက်တွင် ရင်းနှီးမြှုပ်နှံရန်နှင့် သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူ အများပြည်သူသို့ ကမ်းလှမ်း၍ အစုရှယ်ယာပေါင်း ၂၁,၄၅,၀၀၀ ကို မတ်လ ၃ ရက်နေ့မှ ဧပြီလ ၉ ရက်နေ့အထိ ဖိတ်ခေါ်ရောင်းချခဲ့ပြီး ဖြစ်ပါသည်။

(ဃ) **သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) တည်ဆောက်ခြင်း။** သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) တည်ဆောက်ရေး လုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဧပြီလ တွင် ရာနှုန်းပြည့် ဆောက်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

(င) **သီလဝါအထူးစီးပွားရေးဇုန် ဧရိယာအတွင်းရှိ လျော်ကြေး မပေးရသေးသည့် လယ်ယာများအား တိုင်းတာခြင်း။** ကျောက်တန်းမြို့နယ်ရှိ သီလဝါ အထူးစီးပွားရေးဇုန် ဧရိယာအတွင်းရှိ လျော်ကြေးမပေးရသေးသည့် လယ်ယာ၊ ဥယျာဉ်ခြံမြေ

၇၆၀ ဧကဧရိယာကို GPS ဖြင့် တိုင်းတာပြီး Aerial Photo တွင် ထည့်သွင်းထားခြင်းများကို ၂၀၁၄ခုနှစ် မေလတွင် ဆောင်ရွက်ခဲ့ပါသည်။

(စ) **သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းတွင် (JICA)မှ ရင်းနှီးထည့်ဝင်ငွေ ၁၀ ရာခိုင်နှုန်း ထည့်ဝင်ခြင်း။** Myanmar Japan Thilawa Development Co., Ltd. (MJTD)နှင့် Japan International Cooperation Agency (JICA) တို့သည် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းတွင် JICA မှ ၁၀ ရာခိုင်နှုန်း ရင်းနှီးငွေ ထည့်ဝင်ခြင်းအတွက် လက်မှတ် ရေးထိုးခဲ့ပါသည်။

(ဆ) **သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်း ဟတ်တာ (၄၀၀) ဆောင်ရွက်ခြင်း။** ပထမအဆင့်စီမံကိန်း ဟတ်တာ (၄၀၀) အနက် ၁၉၂ ဟတ်တာ မြေသားညှိခြင်း၊ မြေသိပ်သည်းခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ မြေဧရိယာ ဟတ်တာ(၄၀) စတင်ပြင်ဆင်ခြင်း၊ ရေမြောင်းများနှင့် ရေနုတ်မြောင်း Curvet ၆ လုံး ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။

(ဇ) **စာချုပ်ချုပ်ဆိုခြင်း။** အမေရိကန်နိုင်ငံ၊ Ball Corporation မှ သီလဝါ အထူးစီးပွားရေးဇုန်တွင် အချိုရည်ဘူးခွံ စက်ရုံတည်ဆောက်ရန် ၂၀၁၄ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် စာချုပ်ချုပ်ဆို လက်မှတ် ရေးထိုးခဲ့ပါသည်။

(ဈ) **သီလဝါအထူးစီးပွားရေးဇုန်၏ အစုရှယ်ယာများအတွက် ပိုင်ငွေများကိုလည်း ပြန်လည် ထုတ်ပေး ခြင်းနှင့် Share Certificate များ ထုတ်ပေးခြင်း။**

Myanmar-Thilawa SEZ Holdings Public Limited သည် ကမ်းလှမ်း အစုရှယ်ယာ (၂,၁၄၅,၀၀၀) ကို အများပြည်သူသို့ ဖိတ်ခေါ်ရောင်းချခဲ့ပြီး အပြည့် အဝ ဝယ်ယူခွင့် မရရှိသူများအား ၂၀၁၄ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် သက်ဆိုင်ရာ ဘဏ်ခွဲများမှတစ်ဆင့် ဝယ်ယူခွင့်ရရှိသည့် အစုရှယ်ယာများအတွက် ပိုင်ငွေများကိုလည်း ပြန်လည်ထုတ်ပေးပြီး ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှ စတင်၍ ဝယ်ယူခွင့်ရရှိထားသည့် အစုရှယ်ယာများအတွက် Share Certificate များ ထုတ်ပေးခဲ့ပါသည်။

(ည) **ဘိလပ်မြေအိတ်ခွံ စက်ရုံလုပ်ငန်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း။** သီလဝါ အထူး စီးပွားရေးဇုန် နယ်နိမိတ် အတွင်းရှိ Thilawa Cement & Building Materials Ltd. (TCBM) ကုမ္ပဏီ၏ ဘိလပ်မြေအိတ်ခွံသွပ်စက်ရုံ လုပ်ငန်းနှင့် စပ်လျဉ်း၍ ညှိနှိုင်း အစည်းအဝေးကို မြန်မာ

အထူး စီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဒုတိယသမ္မတ ဦးစီးရုံးခ၌ ကျင်းပခဲ့ပါသည်။

(၄) **အစည်းအဝေးများ ကျင်းပခြင်း**

(၁) အထူးစီးပွားရေးဇုန်အတွင်း One Stop Service လုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် ကိစ္စနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၈နှင့် ၂၆ ရက်နေ့ တို့တွင် ကျင်းပခဲ့ပါသည်။

(၂) အထူးစီးပွားရေးဇုန် အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများ ကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၃) သီလဝါ အထူးစီးပွားရေးဇုန်အတွင်း Investment Permit ထုတ်ပေးရန် ကိစ္စ၊ Trading နှင့် Logestic လုပ်ငန်း ဆောင်ရွက်နေခြင်း ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နှင့် ၂၁ ရက်နေ့တို့တွင် အစည်းအဝေးများ ကျင်းပခဲ့ပါသည်။

(၄) သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ (၈) ကြိမ်မြောက် သီလဝါ အထူးစီးပွားရေးဇုန် လုပ်ငန်းညှိနှိုင်းရေး အစည်းအဝေးကို ၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့ တွင် ကျင်းပခဲ့ပါသည်။

(၅) သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် Investment Permit ထုတ်ပေးရန်ကိစ္စ၊ သီလဝါ အထူးစီးပွားရေးဇုန်အတွင်း Trading နှင့် Logestic လုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

(၅) **အခြေခံအဆောက်အဦတည်ဆောက်နေမှု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ ။** MJTD Co., Ltd. (Developer) မှ ၂၀၁၅ ခုနှစ် မတ်လအထိ ပထမအဆင့် အေဟက်တာ (၄၀၀)တွင် ဆောက်လုပ်ရေးလုပ်ငန်း၌ ၈၀ရာခိုင်နှုန်း တည်ဆောက်ပြီးဖြစ်ပါ သည်။

(၆) **ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုအခြေအနေ။** သီလဝါအထူးစီးပွားရေးဇုန်၌ ကုမ္ပဏီဖွဲ့စည်း တည်ထောင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဇယား(၉-၁)

သီလဝါအထူးစီးပွားရေးဇုန်၌ ကုမ္ပဏီ ဖွဲ့စည်း တည်ထောင်မှု အခြေအနေ

စဉ်	ကုမ္ပဏီအမည်/ ခွင့်ပြုမိန့်အမှတ်/ရက်စွဲ	လုပ်ငန်း အမျိုးအစား	ရင်းနှီးမြှုပ်နှံမှု ပမာဏ (US$/ သန်း)	နိုင်ငံ	မှတ်ချက်
၁	Koyorad Myanmar Co-poration Co.Ltd., - (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Radiator	9.20	Japan	
၂	Lu Thai Textile Co.Ltd., (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Garments	12.00	China	
၃	Thilawa Cement Building Materials LTD., (JV) TSEZ-IP-001, 25-11-2014	Storage, Packaging and distribution of cement	13.91	France	
၄	Ball Asia Pacific (Yangon) Metal Container Limited (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Steel and Aluminium Cans	33.91	Singapore (USA)	
၅	Foster Electric (Thilawa) Co., Ltd. (100% Foreign) TSEZ-IP-001 25-11-2014	Manufacture of Spe a ker, Headphone, audio eclectronic & any other related products	15.00	Singapore (Japan)	
၆	Indorama Ventures Packaging (Myanmar) Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of PET Preform and Closure	15.00	Singapore (Thailand)	
၇	Golden Dowa Eco-system Myanmar Co.,Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Waste Manage-ment Service & related environmental Consulting service	36.04	Japan	
၈	Showa Glove Myanmar Co.,Ltd.(100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Knitting Gloves on CMP basis	14.00	Japan	
၉	Atsumi Myanmar Co., Ltd. (JV) TSEZ-IP-001, 25-11-2014	Manufacture of Garments on CMP basis	1.93	Japan Myanmar	

စဉ်	ကုမ္ပဏီအမည်/ ခွင့်ပြုမိန့်အမှတ်/ရက်စွဲ	လုပ်ငန်း အမျိုးအစား	ရင်းနှီးမြှုပ်နှံမှု ပမာဏ (US$/ သန်း)	နိုင်ငံ	မှတ်ချက်
၁၀	Cute Myanmar Thilawa Co., Ltd.(100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Stuffed Toys	1.10	Japan	
၁၁	Oji Myanmar Packaging Co., Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Corrugated Boxes, Import, Processing and wholesale of pulp/paper products, film products and packaging materials	9.00	Malaysia (Japan)	
၁၂	Guston Amava Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Winter Jackets, Trouser, Coat, Shirt, Vest, Coverall, Bib Trousers, Jacket and Skirt and Outdoor Cloths on CMPbasis	8.30	Hong Kong	
၁၃	Fujiwork Myanmar Thilawa SEZ Co.,Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Educational Services, Other Business Services and Renting rooms and apartment	5.00	Japan	
၁၄	UnimitEngineering (Myanmar) Co., Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Pressure Vessels, machinary Parts, Non Pressure Vessels and Machanical Instrallat-ion of the above men-tioned manufactured products	6.00	Hong Kong (Thailand)	

စဉ်	ကုမ္ပဏီအမည်/ ခွင့်ပြုမိန့်အမှတ်/ရက်စွဲ	လုပ်ငန်း အမျိုးအစား	ရင်းနှီးမြှုပ်နှံမှု ပမာဏ (US$/ သန်း)	နိုင်ငံ	မှတ်ချက်
၁၅	Millcion Engineering Ltd. (100% Foreign) TSEZ-IP-001 25-11-2014	Manufacture of Steel Products suchas Threded Deformed Bar and High Ten- sile Thread Stee l Bar	23.04	Singapore (Thailand)	
၁၆	RK Yangon Steel Co.,Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Coil Center (Metal cut sheets, Proces-sed cut sheets)	12.00	Japan	
၁၇	Acecook Myanmar Company Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Instant noodles (Frei and non-fried types)	20.00	Japan	
၁၈	ABBA Aluminium Thilawa Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Alluminium products (Doors, window frames, etc.)	11..60	Hong Kong	
၁၉	Myanmar Century Steel Structure Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of steel structure frame such as Box column, H-beam, Large truss, Large steel pipe	12.00	Hong Kong	
၂၀	Thilawa Global Lgistics Co., Ltd. (Joint Venture) TSEZ-IP-001, 25-11-2014	Logistics services related to supply chain management, Freight forwarding, etc.	12.00	Japan and Hong Kong	
၂၁	Marketech Intergrated Manufacturing Co.,Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Logistics services related to supply chain management, Freight forwarding, etc.	4.00	Taiwan	

စဉ်	ကုမ္ပဏီအမည်/ ခွင့်ပြုမိန့်အမှတ်/ရက်စွဲ	လုပ်ငန်း အမျိုးအစား	ရင်းနှီးမြှုပ်နှံမှု ပမာဏ (US$/ သန်း)	နိုင်ငံ	မှတ်ချက်
၂၂	Myanmar Wacoal Co. Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Lingerie (Brassieres, Shorts)	7.90	Japan and Thai	
၂၃	Popular Plastic Group TSEZ Co.,Ltd. (100% Myanmar) TSEZ-IP-001, 25-11-2014	Manufacture of plastic based wares and electrical wares for home & industrial use	1.00	Myanmar	
၂၄	Seiji (Myanmar) Co.,Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of garments and accessories	0.75	Hong Kong	
၂၅	Velbon Myanmar Co.,Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of tripods for cameras	3.00	Japan	
၂၆	Standard Urai Paint Co.,Ltd. (JV) TSEZ-IP-001, 25-11-2014	Manufacture of Paints	5.21	Thailand and Myanmar	
၂၇	Pacific -PSP Syntech Co.,Ltd.(JV) TSEZ-IP-001, 25-11-2014	Manufacture of Finished Lubricant and Grease	7.00	Thailand & Myanmar	
၂၈	Myarnak Co.,Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Assembly and sale of automotive parts made of rubber and/or plastic such as gasket, hose assembly and bush	3.50	Japan	
၂၉	Toyotsu Paragon Co.,Ltd. (Joint Venture Company) TSEZ-IP-001, 25-11-2014	Manufacture of dom -estic sale and export of Linear Alkyl Benz – ene Sulphonic Acid (LAS) and Dodecyl Benzene Sulphonic	7.25	Japan and Myanmar	

စဉ်	ကုမ္ပဏီအမည်/ ခွင့်ပြုမိန့်အမှတ်/ရက်စွဲ	လုပ်ငန်း အမျိုးအစား	ရင်းနှီးမြှုပ်နှံမှု ပမာဏ (US$/ သန်း)	နိုင်ငံ	မှတ်ချက်
		Acid (DBSA) as raw material of detergent			
၃၀	Matsunaga (Myanmar)Co.,Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Manufacture of Wheel chairs parts made of aluminium,steel, lastics, rubber and Assembly of wheel chairs	8.60	Japan	
၃၁	VJP Co.,Ltd. (Joint Venture Company) TSEZ-IP-001, 25-11-2014	Manufacture of Stressed High-trengrh concrete pile and installation of spun piles with pre-bored method	12.50	Japan and Myanmar	
၃၂	Zifam Pyrex Myanmar Co.,Ltd. (Joint Venture) TSEZ-IP-001, 25-11-2014	Manufacture of Medicines	7.00	Australia and Myanmar	
၃၃	Dizen Myanmar Co.,Ltd. (100% Foreign) TSEZ-IP-001, 25-11-2014	Services of ware housing services, Freight forwarding and transportation services such as quality inspection, presswork, labeling, tagging and pack aging, customs clear-ance services and Logestics consultat-ion and operation services	4.27	Japan	
	Total		**343.01**		

(ဃ) **တွေ့ဆုံ ဆွေးနွေးခြင်း။**

(၁) DOWA ECO-System Co., Ltd., Myanmar Japan Thilawa Development Ltd, Nippon Koei နှင့် Nippon Koei International တို့သည် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် သီလဝါ အထူး စီးပွားရေးဇုန်အတွင်း Solid Waste Management Plant ဆောင်ရွက်ရန် ကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

(၂) Sumitomo ကုမ္ပဏီမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၃) EIA+ DOWA Ecosystem Co.,Ltd.(Japan) Nippon Koei Co.,Ltd(Japan) Myanmar Koei Co.,Ltd. (Japan) တို့မှ သီလဝါ အထူး စီးပွားရေးဇုန်အတွင်း စွန့်ပစ်ပစ္စည်းများ၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၄) JICA Team + Expert Team Leader, Mr. Kazuo Mishima, Deputy Team Leader, Mr. Akohiko Morinaga မှ သီလဝါ အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ One Stop Services Center ဌာန ဆိုင်ရာ လုပ်ငန်းစဉ်များ တိုးတက်စေရေး ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(၅) Japan Assistant Team from Japan International Cooperation Agency မှ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းမှ ပြောင်းရွှေ့ထားသည့် အိမ်ထောင်စုများ၏ ဝင်ငွေ မူလအခြေအနေသို့ ရောက်ရှိရေး အစီအစဉ် (Income Restoration Program) ဆိုင်ရာ ကိစ္စရပ်များ၊ Koyorad Myanmar Cooperation Co.,Ltd.မှ ကုမ္ပဏီဖွဲ့စည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ကိစ္စများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့ တွင် သီလဝါ အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၆) Technical Assistant Team for Management Committee မှ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်း လျှောက်ထားခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကိစ္စ

နှင့် Japan International Cooperation Agency (JICA), Mr. Noriko Sakurai မှ သီလဝါအထူး စီးပွားရေးဇုန် ပထမအဆင့် ဧရိယာ ၄၀၀ ဟက်တာမှ ပြောင်းရွှေ့ ခဲ့သည့် အိမ်ထောင်စုများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ တွင် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၇) သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်တို့သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် သီလဝါ အထူးစီးပွားရေးဇုန် အခြေခံ အဆောက်အအုံဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၈) International Alert ကုမ္ပဏီ မှ Mr. Phit Champain နှင့် ၁ ဦးတို့သည် ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် သီလဝါအထူးစီးပွားရေးဇုန် ဧရိယာ အတွင်းရှိ အိမ်ထောင်စုများ၏ လူမှုစီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ တွင် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များအား လာရောက် တွေ့ဆုံဆွေးနွေးခဲ့ ပါသည်။

(၉) သီလဝါ အထူးစီးပွားရေးဇုန် ဒုတိယအဆင့် စီမံကိန်းဧရိယာ ၂၀၀၀ ဟက်တာရှိ အိမ်ထောင်စုများ၏ လူမှုစီးပွားအခြေအနေစစ်တမ်း ဒုတိယ အကြိမ် ကောက်ယူခြင်းကိစ္စ နှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၀) သီလဝါအထူးစီးပွားရေးဇုန် ဒုတိယအဆင့် စီမံကိန်းဧရိယာ ၂၀၀၀ ဟက်တာကိစ္စ၊ EIA ကိစ္စ၊ Master Plan Modification ကိစ္စများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၁) Technical Assistant Team for Thilawa Special Economic Zone မှ Mr. Koji Otsuka သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လျှောက်ထားခြင်း အပေါ် Approval Permit ထုတ်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက် အတွင်းရေးမှူးတို့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၁၂) Myanmar Japan Thilawa Development Co., Ltd.မှ ဦးမြင့်ဇော် နှင့် ခရိုင်အင်ဂျင်နီယာမှူး ဒေါသန်းသန်းဝင်းတို့သည် သီလဝါ အထူးစီးပွားရေး

ဇုန်တွင် ဆောင်ရွက်မည့် ၃၃ KVA Line ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၁၃) အသက်မွေးဝမ်းကြောင်း ပြန်လည်ထူထောင်ရေး ကော်မတီ အဖွဲ့သည် သီလဝါ အထူးစီးပွားရေးဇုန်တွင် အသက်မွေးဝမ်းကြောင်း ပြန်လည် ထူထောင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၁၄) Myanmar Japan Thilawa Development Ltd. မှ သီလဝါ အထူးစီးပွားရေးဇုန် တိုးတက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ တွင် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၁၅) သီလဝါ အထူးစီးပွားရေးဇုန် ပြန်လည်နေရာချထားရေးအဖွဲ့မှ Mr. Ujiie ၊ Ms. Ota Tomoko ၊ Mr. Tadeuchi (JICA Head Quarter) ၊ Mr. Orsta နှင့် Ms. Noriko Sakurai တို့သည် သီလဝါ အထူး စီးပွားရေးဇုန် ဟက်တာ ၂၀၀၀ ပြန်လည်နေရာချထားရေးကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့၊ ၁၇ ရက်နေ့ နှင့် ၁၈ ရက်နေ့တို့တွင် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်များအား လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၁၆) သီလဝါ အထူးစီးပွားရေးဇုန် အတွက် Streategic Envivonmental Assessment Draft ဆောင်ရွက်ထားရှိမှု တင်ပြခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၇) သီလဝါ အထူးစီးပွားရေးဇုန်အတွင်း IPC Building Design ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၈) သီလဝါ အထူးစီးပွားရေးဇုန်အတွင်း စက်ရုံအတွက် လိုအပ်သည့် တည်ဆောက်ရေး လုပ်ငန်းသုံး ပစ္စည်းများ တင်သွင်းရန်ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၉) သီလဝါအထူးစီးပွားရေးဇုန်အတွင်း Steel Product လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက် တင်ပြခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၂၀) သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ကုမ္ပဏီအစုရှယ်ယာ လွှဲပြောင်းရေး ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် တွေ့ဆုံ ဆွေးနွေး ခဲ့ပါသည်။

(ဏ) **အိမ်ထောင်စုများ၏ လူမှုစီးပွားရေးအခြေအနေ စစ်တမ်းကောက်ယူခြင်း။** သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သော စစ်တမ်းကောက်ယူရေးအဖွဲ့သည် သီလဝါ အထူးစီးပွားရေးဇုန် ဒုတိယအဆင့်စီမံကိန်း ဧရိယာ ဟက်တာ ၂၀၀၀ အတွင်းရှိ အိမ်ထောင်စုများ၏ စစ်တမ်း ကောက်ယူပြီးခဲ့ပါသည်။

(တ) **သီလဝါအထူးစီးပွားရေးဇုန်၏ မြေငှားရမ်းခြင်းနှင့် ငှားရမ်းမှု။** သီလဝါ အထူး စီးပွားရေးဇုန်၏ မြေကို Developer မှ Investor ထံသို့ မြေငှားခန့်နှုန်းထားကို တစ်စတုရန်း မီတာလျှင် ၇၀ ဒေါ်လာ ဖြင့် သတ်မှတ်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့အထိ Myanmar Japan Thilawa Development Ltd. (MJTD) နှင့် ကုမ္ပဏီ (၆) ခုတို့သည် မြေငှားရမ်းမှု ကို ကနဦးဆွေးနွေးညှိနှိုင်း သဘောတူပြီး Reservation Agreement ချုပ်ဆို၍ reservation fee ပေးသွင်းခဲ့ပြီး ဖြစ်ပါသည်။

(ထ) **ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေငြာခြင်း။** သီလဝါ အထူး စီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ရန်အတွက် စီမံခန့်ခွဲမှု ကော်မတီမှ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ (က) နှင့်အညီ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၈၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

(ဒ) **Resettlement Work Plan နှင့် Income Restoration Program ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းခြင်း။** Social Charity မှ Ms.Charlotte Bisley နှင့် အဖွဲ့တို့သည် သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် ဧရိယာ ၄၀၀ ဟတ်တာ၏ Resettlement Work Plan နှင့် Income Restoration Program ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များအား လာရောက် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(ဓ) **သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားသားရောက်ရှိတာဝန် ထမ်းဆောင်မှု အခြေအနေ။** Thilawa Cement & Building Materials Ltd. တွင် နိုင်ငံခြားသား ကျား(၂)ဦးနှင့် Myanmar Japan Thilawa Development Limited တွင် နိုင်ငံခြားသား ကျား(၈) ဦး စုစုပေါင်း (၁၀) ဦး တာဝန်ထမ်းဆောင် လျက်ရှိပါသည်။

၆။ **ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ ဆောင်ရွက်ချက်များ**

(က) **အစည်းအဝေးများ ကျင်းပခြင်း**

(၁) ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် တင်ဒါခေါ်ယူရေး နှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC), CPG တို့သည် စက်တင်ဘာလ ၆ ရက်နေ့တွင် EOI Evaluation နှင့် စပ်လျဉ်းသည့် အစည်းအဝေး၊ စက်တင်ဘာလ ၇ ရက်နေ့တွင် Discussion on Record for Proposal (RFP) key points နှင့် စပ်လျဉ်းသည့် အစည်းအဝေးနှင့် စက်တင်ဘာလ ၁၀ ရက်နေ့တွင် မြန်မာအများပိုင်ကုမ္ပဏီမှ တင်ပြလာသည့် Business Model ကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးများ ကျင်းပခဲ့ပါသည်။

(၂) ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပသည့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်အတွင်း ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ အစည်းအဝေး ကျင်းပခဲ့ကြပါသည်။

(၃) ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင်ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အစည်းအဝေး ကျင်းပခဲ့ပါသည်။

(၄) Master Plan အတည်ပြုရေးဆွေးခြေးဆိုင်ရာ အစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီနှင့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီတို့မှ ကျင်းပခဲ့ပါသည်။

(၅) ကျောက်ဖြူ အထူးစီးပွားရေးဇုန် ပင်မစီမံချက် တင်ပြသည့် အစည်းအဝေး ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပခဲ့ပြီး ကျောက်ဖြူအထူး

စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် BEAC အဖွဲ့ဝင်များ တက်ရောက်ကြပါသည်။

(၆) Master Plan အတည်ပြုရေးဆွေးခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အစည်းအဝေး ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၇) ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ GIZ, UN Habitat ၊ Swiss Contact နှင့် (Centre for Vocational Training-CVT)တို့သည် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

(၈) ကျောက်ဖြူ အထူးစီးပွားရေးဇုန် အတည်ပြုရေးနှင့် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေး ကော်ပိုရေးရှင်းများဖွဲ့စည်းရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၉) ကျောက်ဖြူ အထူးစီးပွားရေးဇုန် ပင်မစီမံချက် တင်ပြသည့် အစည်းအဝေး ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၁၀) ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းခြင်းအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပခဲ့ ပါသည်။

(၁၁) အလားအလာရှိသော ရင်းနှီးတည်ဆောက်သူများမှ တင်သွင်းသည့် တင်ဒါ စာရွက်စာတမ်းများအား အကြိုစိစစ် အကဲဖြတ်ခြင်းကိစ္စအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(၁၂) အလားအလာရှိသော ရင်းနှီးတည်ဆောက်သူများမှ တင်သွင်းသည့် တင်ဒါ အဆိုပြုလွှာများ စိစစ်တွေ့ရှိချက်များအား Creative Professional Group- CPG အကြံပေးကုမ္ပဏီအုပ်စုမှ လာရောက်တင်ပြခဲ့ပါသည်။

(၁၃) ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် အခြေအနေနှင့် ဒေသတွင်းပင်မစီမံချက် (Regional Master Plan) ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(၁၄) တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီ (BEAC) အဖွဲ့သည် ကျောက်ဖြူ အထူးစီးပွားရေးဇုန် တင်ဒါစိစစ် အကြိုအကဲဖြတ်မှု လုပ်ငန်းစဉ်

ညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃ ရက် နေ့နှင့် ၁၄ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၁၅) အသေးစိတ်အဆိုပြုလွှာ (Detailed Proposal) များ တင်သွင်းလာသည့် အလားအလာရှိသော ရင်းနှီးတည်ဆောက်သူများအား ပထမအကြိမ် လူတွေ့မေးမြန်းခြင်းအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့ အထိ ကျင်းပခဲ့ပါသည်။

(၁၆) ဒုတိယအကြိမ် လူတွေ့မေးမြန်းခြင်းအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့ အထိ ကျင်းပခဲ့ပါသည်။

(၁၇) မြန်မာအထူး စီးပွားရေးဇုန် နည်းဥပဒေဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်၊ ၂၁ ရက်နေ့ နှင့် ၂၄ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၁၈) တင်ဒါ လုပ်ငန်းစဉ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့ နှင့် ၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(၁၉) Local Developer ၏ အခန်းကဏ္ဍဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်၊ ၂၄ ရက်နှင့် ၃၀ ရက်နေ့များတွင် ပြုလုပ်ခဲ့ပါသည်။

(၂၀) ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စက်ကြီးမောင်း သင်တန်းဖွင့်လှစ်ခဲ့ရာ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ Caterpillar နှင့် ကျောက်ဖြူ ဒေသခံများ တက်ရောက်ခဲ့ပါသည်။

(၂၁) ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီသည် တင်ဒါခေါ်ယူရေးနှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ (BEAC) နှင့် Preferred Bidder အဖွဲ့ဝင်တို့သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ မှ ၆ ရက်နေ့ အထိ ဆွေးနွေးခဲ့ကြပါသည်။

(၂၂) အထူးစီးပွားရေးဇုန်များတွင် Landlord Port နှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်သည့် အစီအမံများ ညှိနှိုင်းအစည်းအဝေးအား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ မတ်လ ၇ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(ခ) **တွေ့ဆုံဆွေးနွေးခြင်း**

(၁) ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီနှင့် CPG Consultants Pte Ltd. တို့သည် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် Business Model သတ်မှတ်ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၂) ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ နှင့် BEAC တို့သည် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် BEAC Review Meeting on Record for Proposal (RFP) Key Points နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

(၃) တာမိုးညဲချမ်းသာ ကုမ္ပဏီ၊ Myanmar Golden Crown နှင့် UMFCCI မှ အထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက် နေ့တွင် လည်းကောင်း၊ Energize Myanmar မှ လျှပ်စစ်ဓါတ်အား ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် လည်းကောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီနှင့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီ (BEAC) အဖွဲ့ဝင်များနှင့် လာရောက် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၄) Energize Myanmar မှ လျှပ်စစ်ဓါတ်အား ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) အဖွဲ့ဝင်များ နှင့် လာရောက် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(ဂ) **ကွင်းဆင်းလေ့လာခြင်း။** CPG အဖွဲ့မှ တင်ပြလာသော Master Plan ပဏာမ မူကြမ်း ကို BEAC အဖွဲ့မှ အသေးစိတ် လေ့လာ သုံးသပ်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့မှ ၉ ရက်နေ့ အထိ ကျောက်ဖြူမြို့သို့ သွားရောက်၍ ကွင်းဆင်း လေ့လာခဲ့ပါသည်။

(ဃ) **အကြံပေးဝန်ဆောင်မှု သဘောတူစာချုပ် ချုပ်ဆိုခြင်း။** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီနှင့်

CPG Consultants Pte.Ltd. ဦးဆောင်သော အကြံပေးကုမ္ပဏီများ အုပ်စုတို့ အကြား ချုပ်ဆိုမည့်အကြံပေး ဝန်ဆောင်မှု သဘောတူ စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ၂၀၁၄ ခုနှစ် မေလ ၂၆ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။

(ဂ) **ကျောက်ဖြူအထူးစီးပွားရေးဇုန် ဈေးကွက်မြှင့်တင်ပွဲ အခမ်းအနား (Road Show) ကျင်းပခြင်း။** တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) အဖွဲ့သည် ကျောက်ဖြူ အထူးစီးပွားရေးဇုန် ဈေးကွက်မြှင့်တင်ပွဲ အခမ်းအနား (Road Show) ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုဌာန IBC တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၇ ရက် နေ့တွင် တင်ဒါ ခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီနှင့် CPG Consultants Pte Ltd. တို့သည် စင်္ကာပူနိုင်ငံတွင် လည်းကောင်း ကျင်းပခဲ့ပါသည်။

(စ) **ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ စိတ်ဝင်စားမှုဖော်ပြလွှာများတင်သွင်းခြင်း။** ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးတည်ဆောက်သူ (Developers) များအား ရေနက်ဆိပ်ကမ်းစီမံကိန်း (Deep Sea Port)၊ စက်မှုစီမံကိန်း (Industrial Park)နှင့် လူနေအိမ်ရာစီမံကိန်း (Integrated Residential Project)၊ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(၃) ခုခွဲကာ နိုင်ငံတကာသို့ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်အား ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့မှ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့အထိ စိတ်ဝင်စားမှုဖော်ပြလွှာ (EOI) များ တင်သွင်းရန် ဖိတ်ခေါ်ခဲ့ပါသည်။ နိုင်ငံပေါင်း ၅ နိုင်ငံမှ ကုမ္ပဏီ အုပ်စု ၇ ခုက စိတ်ဝင်စားမှုဖော်ပြလွှာ အထောက်အထား ၁၂ ခုကို ပြန်လည် တင်သွင်းခဲ့ကြပါသည်။ ၎င်းတို့မှာ ရေနက်ဆိပ်ကမ်းစီမံကိန်း (Deep Sea Port) အတွက် (၅) ခု (တရုတ် ၂ ခု၊ ဟောင်ကောင် ၁ ခု၊ မြန်မာ ၁ ခု၊ ဆွစ်ဇာလန် ၁ ခု) ဖြစ်ပြီး၊ စက်မှုစီမံကိန်း (Industrial Park) အတွက် (၄) ခု (တရုတ် ၃ ခု၊ ထိုင်း ၁ ခု)နှင့် လူနေအိမ်ရာစီမံကိန်း (Integrated Residential Project) အတွက် တရုတ် ကုမ္ပဏီအုပ်စုများမှ (၃) ခု ဖြစ်ပါသည်။

(ဆ) **သင်တန်းဖွင့်လှစ်ခြင်း**

(၁) ကျောက်ဖြူ အထူးစီးပွားရေးဇုန်အတွင်း စိုက်ပျိုးရေး/မွေးမြူရေး ကျွမ်းကျင်မှု ဆင့်ပွားသင်တန်းကို မဒေကျွန်းတွင် ဖွင့်လှစ်ခဲ့၍ ၂၀၁၄ ခုနှစ်

စက်တင်ဘာလ ၂၇ ရက်နေ့မှ အောက်တိုဘာ လ ၄ ရက် နေ့အထိ သင်တန်းသား ဦးရေ ၄၄ ဦး တက်ရောက် သင်ယူခဲ့ပါသည်။

(၂) ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပသည့် ကျောက်ဖြူ အထူး စီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်အတွင်း ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ အစည်းအဝေးကို ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီနှင့် တင်ဒါ ခေါ်ယူရေး နှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC)၊ CVT, GIZ, Swiss Contact, UN Habitat မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

(၃) ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (GIZ)၏ ငွေကြေးထောက်ပံ့မှု၊ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း၏ ပါဝင်ကူညီမှု၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ စီမံကြီးကြပ်မှုတို့ဖြင့် ကျောက်ဖြူဒေသခံ အမျိုးသမီးသင်တန်းသူ (၅၀) ဦး အား ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ အထည် ချုပ် လုပ်ငန်းရှင်များအသင်း၏ သင်တန်းခန်းမတွင် အထည်ချုပ် သင်တန်း (၁/၂၀၁၄) အား ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ တစ်လကြာ ဖွင့်လှစ်ပို့ချလျက် ရှိပါသည်။

(၈) **ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေရှင်းလင်းခြင်း။** ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းခြင်း အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပခဲ့ပြီး ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် ကျောက်ဖြူဒေသခံပြည်သူများ တက်ရောက် ကြပါသည်။

(၈) **ရင်းနှီးတည်ဆောက်သူများမှ တင်သွင်းသည့် တင်ဒါ စာရွက်စာတမ်းများအား အကြိုစိစစ် အကဲဖြတ်ခြင်း။** ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များနှင့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) အဖွဲ့တို့သည် အလားအလာရှိသော ရင်းနှီးတည်ဆောက်သူများမှ တင်သွင်းသည့် တင်ဒါ စာရွက်စာတမ်းများအား အကြိုစိစစ် အကဲဖြတ်ခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

(ည) **ရင်းနှီးတည်ဆောက်သူများမှ တင်သွင်းသည့် တင်ဒါ အဆိုပြုလွှာများ စိစစ်တွေ့ရှိချက်များအား Creative Professional Group- CPG အကြံပေး ကုမ္ပဏီ အုပ်စုမှ လာရောက်တင်ပြခြင်း။** အလားအလာ ရှိသော ရင်းနှီးတည်ဆောက်သူများမှ တင်သွင်းသည့် တင်ဒါအဆိုပြုလွှာများ စိစစ်တွေ့ရှိချက်များအား Creative Professional Group- CPG အကြံပေး ကုမ္ပဏီ အုပ်စုမှ လာရောက်တင်ပြခြင်း အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) အဖွဲ့နှင့် CPG Consortium အဖွဲ့တို့ တက်ရောက်ခဲ့ပါသည်။

(ဃ) **ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သည့် အခြေအနေနှင့် ဒေသတွင်းပင်မစီမံချက် (Regional Master Plan) ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း။** ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဒေသတွင်းပင်မစီမံချက် (Regional Master Plan) ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ပြည်နယ်ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) အဖွဲ့၊ ကျောက်ဖြူမြို့နှင့် ရခိုင်ပြည်နယ် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပါသည်။

အခန်း(၁၀)

ပြည်ပ အကူအညီအထောက်အပံ့ရရှိမှု

၁။ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စား၊ ဝတ်၊ နေရေး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ပိုမိုတိုးတက်အောင် ဖန်တီးပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထိုသို့ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေရေးကြေးရေး၊ အရင်းအနှီးများ၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များ လိုအပ်လျက်ရှိရာ နိုင်ငံတော်၏ ဘတ်ဂျက်တစ်ခုတည်းဖြင့် မလုံလောက်၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ငွေကြေးအကူအညီ အထောက်အပံ့များ ရယူရန် လိုအပ်ပါသည်။

၂။ မြန်မာနိုင်ငံတွင် လက်ရှိအစိုးရ တာဝန်ယူပြီးနောက် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ ပြောင်းလဲမှုများအပေါ် နိုင်ငံတကာ အသိုက်အဝန်းမှ များစွာ စိတ်ဝင်စားမှုရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ အကူအညီနှင့် ချေးငွေများ ပိုမိုပေးအပ်ရန် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

၃။ အဆိုပါအကူအညီများ စီမံခန့်ခွဲရာတွင် လမ်းညွှန်မှုနှင့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ အဆင့်မြင့် ညှိနှိုင်းရေး အဖွဲ့အစည်း(၂)ရပ် ကို ဖွဲ့စည်းထားပါသည်။

(က) **နိုင်ငံခြား အကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေး ဗဟိုကော်မတီ** (FAMCC) ကို နိုင်ငံတော်သမ္မတမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မူဝါဒဆိုင်ရာများချမှတ်၍ လိုအပ်သည့် လမ်းညွှန်မှုများ ချမှတ်ပေးပါသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှာ ဗဟိုကော်မတီ၏ အတွင်းရေးမှူး နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှာ တွဲဖက်အတွင်းရေးမှူးဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးများမှာ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

(ခ) **နိုင်ငံခြား အကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေး လုပ်ငန်း ကော်မတီ** (FAMWC) ကို သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဗဟိုကော်မတီမှ ချမှတ်ပေးသည့် မူဝါဒနှင့် မဟာဗျူဟာများကို အကောင်အထည်ဖော်ရာတွင် အဆင့်မြင့် ကြီးကြပ်မှုများ ဆောင်ရွက်ပေးပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ တွဲဖက် အတွင်းရေးမှူးများအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများမှာ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

၄။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနများအကြား ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် အဆိုပါကော်မတီ(၂)ရပ်၏ အတွင်းရေးမှူးရုံးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံချင်း(bilateral) အလိုက် သော်လည်းကောင်း၊ နိုင်ငံတကာ (multilateral) ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ညှိနှိုင်းမှုများ ပြုလုပ်ခြင်းနှင့် အမျိုးသားဦးစားပေး အစီအစဉ်များ၊ မဟာဗျူဟာများနှင့် အကူအညီ အရင်းအမြစ်များ သဟဇာတ ဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါသည်။ သို့ဖြစ်၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အဓိကဝင်ပေါက် တစ်ရပ်ပင်ဖြစ်ပါသည်။ ယင်းကိစ္စရပ်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနအတွင်းတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (Foreign Economic Relations Department - FERD) မှ ဆောင်ရွက်ပါသည်။

၅။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများဖြင့် ပြည်ထောင်စုဝန်ကြီးဌာန(၂၅)ဌာန နှင့် ဗဟိုအဖွဲ့အစည်း(၃)ခုနှင့် မန္တလေးတိုင်းဒေသကြီး တို့မှ စုစုပေါင်း **လုပ်ငန်းစီမံချက်(၁၁၅)ခုကို အမေရိကန်ဒေါ်လာ (၄၈၀.၃၃၈)သန်း** ဖြင့် ဆောင်ရွက်ရန် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ဇယား (၁၀-၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အကူအညီ ရရှိမှု

စဉ်	ဝန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/ အဖွဲ့အစည်း	ငွေကြေး အမျိုး အစား	ငွေပမာဏ (သန်း)	ငွေ ပမာဏ (US$ သန်း)
၁	မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေး လက်ဒေသ ဖွံ့ဖြိုးရေး	၁	ကျေးလက်ဒေသ ဖွံ့ဖြိုး ရေး အစီအစဉ်	Germany (KfW)	Euro	7.00	7.601
		၂	ကျေးလက်ဒေသ လျှပ်စစ် မါတ်အားသုံး စနစ်သို့ ကူး ပြောင်းခြင်းဆိုင်ရာ စီမံချက်	Japan	Yen	994.00	8.250

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၃	မြန်မာနို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ကဏ္ဍအတွက် အကူအညီ ပေးရေးစီမံချက်	Newzealand	NZ $	5.68	4.282
		၄	မြန်မာနိုင်ငံတွင် အပြင်းစား ကြက်ဥက် တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှု ကြိုတင် ကာကွယ် တားဆီးရေးအတွက် ကြက်ဥက် တုပ်ကွေးရောဂါအန္တရာယ် ပညာပေးလုပ်ငန်းစီမံချက် (ဒုတိယနှစ်)	USA	USD	0.30	0.300
		၅	မြန်မာနိုင်ငံ အပူပိုင်းဒေသရှိ ကျေးလက်ဒေသ အသက်မွေး ဝမ်းကျောင်းမှု လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တစ်ပိုင်တစ်နိုင် ရေနေသတ္တဝါ မွေးမြူရေး ဆိုင်ရာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး စီမံချက်	Japan	USD	2.00	2.000

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၆	ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ချရေး အတွက် စိုက်ပျိုး မွေးမြူရေး ဆိုင်ရာ မဟာဗျူဟာ စီမံချက်ရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး စီမံချက်	FAO	USD	1.78	1.780
		၇	မြန်မာနိုင်ငံ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်း နှင့် ဝင်ငွေ မြှင့်တင်ရေး စီမံချက်	ADB	USD	12.00	12.000
		၈	လူသားချင်း ကူညီစောင့်ရှောက်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရေရရှိရေး နှင့် သန့်ရှင်းရေး စီမံချက်	IRD	USD	3.00	3.000
		၉	ပြည်သူ့ လုပ်ငန်းစဉ် ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် တိုင်းရင်းသားများ နေထိုင်သည့် ဒေသများ နှင့် ဆင်းရဲနွမ်းပါးသည့် ဒေသများမှ ရပ်ရွာလူထုအတွက် ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်	UN-HABITAT	USD	12.16	12.160

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၁၀	တိုင်းရင်းသား လူမျိုးများနေထိုင်ရာ ဒေသများတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်လူမှု အဖွဲ့အစည်းအတွက် ပူးပေါင်း ဆောင်ရွက်ရေး စီမံချက်	Oxfam Novib	USD	2.00	2.000
		၁၁	မြန်မာနိုင်ငံ အလယ်ပိုင်းအပူပိုင်းဇုန် ကျေးလက်ဒေသများ၏ ဆင်းရဲမှုလျော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု အစီအစဉ်	Progetto Continenti	USD	2.25	2.250
		၁၂	မွေးမြူရေး ထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်စေရန် တိရစ္ဆာန် အစာဆိုင်ရာ မဟာဗျူဟာများ အတွက် ပံ့ပိုး ကူညီပေးရေး စီမံချက်	FAO	USD	0.28	0.280
		၁၃	ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ချရေးအစီအစဉ်	CARE Myanmar	USD	7.26	7.260

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၁၄	ရခိုင်ပြည်နယ် အတွင်း အစားအစာ ဘေးကင်း လုံခြုံရေး နှင့် ဘေးဒုက္ခ ကြုံတွေ့နေရသော ပြည်သူများအတွက် ပြန်လည် ထူထောင်ရေး စီမံချက်	French Fund for Food Aid AAP	USD	0.20	0.200
		၁၅	ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေ ပြည်သူများ လူမှုစီးပွား ဘဝ မြင့်မားလာစေရေး စီမံချက်	C.P Company	Baht	50.00	1.535
		၁၆	ကျေးလက်ဒေသ မီးလင်းရေး စီမံချက်	ICDF	USD	0.20	0.200
		၁၇	ကျေးလက်ဒေသ ရေရှည် ဖွံ့ဖြိုး တိုးတက်ရေး စီမံချက်	Help Age International	USD	4.00	4.000
		၁၈	ပြည်သူဗဟိုပြုကျေးလက် ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခြင်း စီမံချက်	HELVETAS	USD	1.50	1.500
		၁၉	ဘက်စုံကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ်	TDH (Italia)	USD	1.61	1.610
			စုစုပေါင်း				72.208

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
၂	လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး	၁	မသန်စွမ်းသူများ ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး စီမံချက်	AAR Japan	USD	1.70	1.700
		၂	မိုင်းအသိ ပညာပေး လုပ်ငန်း စီမံချက်	Mercy Corps	USD	5.00	5.000
		၃	သဘာဝဘေးအန္တရာယ်မှ ထိခိုက်မှု လျော့ချရေး နှင့် ကျေးလက်ဒေသ ရေရှည် ဖွံ့ဖြိုး တိုးတက်ရေး၊ ကလေး/လူငယ်များ ဖွံ့ဖြိုး တိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ထူထောင်ရေး စီမံချက်	Lutheran World Federation	USD	5.10	5.100
		၄	လူမှုစီးပွား ဘဝနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ထူထောင်ရေး၊ သဘာဝဘေးအန္တရာယ်မှ ထိခိုက်မှု လျော့ချရေး နှင့် ကျေးလက်ဒေသ ရေရှည် ဖွံ့ဖြိုး တိုးတက်ရေး စီမံချက်	Welthunger hilfe (Whh)	USD	5.00	5.000

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၅	သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး နှင့် အရေးပေါ် တုံ့ပြန်ရေးစီမံချက်	OXFAM	USD	5.00	5.000
		၆	အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ လူငယ်များ အပါအဝင် အကူအညီလိုအပ်နေသော ရပ်ရွာလူမှု အသိုင်းအဝိုင်းများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုး တိုးတက်စေရေး စီမံချက်	ACTED	USD	5.00	5.000
		၇	Gender နှင့် ပတ်သက်သော အသိပညာပေးခြင်းဖြင့် အမျိုးသမီး နှင့် လူငယ်တို့၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း စီမံချက်	DIAKONIA	USD	3.00	3.000
		၈	မြေမြှုပ်မိုင်းကြောင့် ထိခိုက် ဒဏ်ရာရသူများ၊ မသန်စွမ်းသူများနှင့်အခွင့်အလမ်း နည်းပါးသော ကလေးသူငယ်၊ လူငယ် လူရွယ်များအား ရပ်ရွာအခြေပြု ပြန်လည်ပြုစုပျိုးထောင်ရေး နှင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ လုပ်ငန်း စီမံချက်	World Education	USD	3.00	3.000

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၉	သဘာဝ ဘေးအန္တရာယ်ကျရောက်လွယ်သော ဒေသများရှိ ထိခိုက်လွယ်သော အိမ်ထောင်စုများအား အကျိုးခံစားခွင့်ရှိနိုင်ရန် အသိပညာ ပံ့ပိုးပေးခြင်း နှင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး စီမံချက်	Inter-national Service Volunteer Association (AVSI)	USD	5.10	5.100
		၁၀	အမျိုးသမီးများ တိုးတက်မြင့်မားရေး စီမံချက်	Trocaire	USD	5.00	5.000
		၁၁	အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ နှင့် လူငယ်လေးများ အတွက် အသက်မွေးပညာ အခြေခံသင်တန်းများ	Center for Vocational Training (CVT)	USD	2.70	2.700
		၁၂	ဘဝရုပ်တည်ရန် ခက်ခဲသော ပြည်သူ လူထုအတွက် လုပ်ငန်း စီမံချက်	New Humanity Myanmar	USD	3.00	3.000
		၁၃	အမျိုးသမီးများ အခွင့်အရေး နှင့် ခေါင်းဆောင်မှု စီမံချက်	Care Myanmar	USD	6.00	6.000
		၁၄	ပေါက်ကွဲ ပစ္စည်းများ၏ ခြိမ်းခြောက်မှု အန္တရာယ် လျော့ချရေး စီမံချက်	Dan Church Aid (Myanmar)	USD	5.00	5.000
			စုစုပေါင်း				**59.600**

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
၃	ကျန်းမာရေး	၁	အထွေထွေ ရောဂါကူဆေးရုံ စီမံချက် ဖြစ်နိုင်စွမ်း လေ့လာမှု အစီရင်ခံစာ ပြုစုခြင်း စီမံချက်	China	Yuan	0.45	0.072
		၂	ဌက်ဖျားရောဂါ၊ ခုခံကျကာလသားရောဂါ၊ တီဘီရောဂါ ကာကွယ်ရေး၊ ကလေးသူငယ် စောင့်ရှောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေး စီမံချက်	Population Services Inter-national (PSI)	USD	59.00	59.000
			စုစုပေါင်း				**59.072**
၄	ဆောက်လုပ်ရေး	၁	သာကေတတံတား အသစ်တည်ဆောက်ခြင်း စီမံချက်	Japan	Yen	4216.00	34.993
		၂	Transformation of Urban Management	ADB	USD	2.00	2.000
		၃	Provision of road construction and Maintenance equipment in Rakhine	Japan	Yen	738.00	6.125
			စုစုပေါင်း				**43.118**
၅	ပညာရေး	၁	တောင်ငူ ပညာရေး ကောလိပ် ပြန်လည် ထူထောင်ရေး စီမံချက်	Japan	Yen	2513.00	20.858

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၂	ကျောင်းများသို့ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချ၍ ငွေကြေးထောက်ပံ့သည့် စီမံချက်	Australia	USD	20.00	20.000
			စုစုပေါင်း				**40.858**
၆	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း	၁	အဆင့်မြင့် စိုက်ပျိုးရေးသုတေသန နှင့် ပညာပေးရေးဌာန တည်ထောင်ရေး စီမံချက်	India	USD	6.72	6.720
		၂	နေပြည်တော် ခေတ်မီစံပြစက်မှုလယ်ယာ စိုက်ကွင်းတွင် စပါး ဇီဝ ဥယျာဉ်ထူထောင်ရေး စီမံချက်	India	USD	1.60	1.600
		၃	မိသားစုသုံး ဇီဝဓါတ်ငွေ့ကန် အကူအညီပေးရေး စီမံချက်	China	Yuan	2.45	0.392
		၄	မြန်မာနိုင်ငံ၏ စပ်မျိုးစပါး ဖွံ့ဖြိုး တိုးတက်မှု အထောက်အကူပြု စီမံချက်	FAO	USD	0.02	0.020
		၅	ရိတ်သိမ်းချိန်လွန် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံချက်	Brazil	USD	0.11	0.110

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၆	မြစ်ရေတင် စီမံကိန်းများ ပြန်လည် အဆင့်မြှင့်တင်ခြင်း စီမံချက်	France	Euro	3.00	3.257
		၇	ချို့တဲ့သော တောင်သူလယ်သမားများ အတွက် စားနပ်ရိက္ခာ ဖူလုံစေရေး စီမံချက်	Japan	Yen	230.00	1.909
		၈	မြန်မာနိုင်ငံတွင် ဆေးမား အွန်ဒေါင်း စံပြ ကျေးရွာများ တည်ထောင်ခြင်း စီမံချက်	Korea	USD	22.00	22.000
		၉	မြန်မာနိုင်ငံတွင် ရိတ်သိမ်း ချိန်လွန် နည်းပညာ သုတေသန တည်ထောင်ခြင်း စီမံချက်	Korea	USD	4.50	4.500
		၁၀	စံပြ စက်မှုလယ်ယာမြေ ရှေ့ပြေး လေ့လာရေး စီမံချက်	Japan	Kyat	260.00	0.260
			စုစုပေါင်း				**40.768**
၇	ရထားပို့ဆောင်ရေး	၁	မြန်မာ့မီးရထားကွန်ယက် အတွင်း ရထားပြေးဆွဲမှုကို ဗဟိုမှ ထိန်းချုပ်သည့် စနစ် နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ ကိရိယာများ တပ်ဆင်ခြင်း စီမံချက်	Japan	Yen	4000.00	33.200
			စုစုပေါင်း				**33.200**

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
၈	ပို့ဆောင်ရေး	၁	သဘာဝ ဘေးအန္တရာယ် ရာသီဥတု စောင့်ကြည့် လေ့လာရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (Phase I)	Japan	Yen	3801.89	31.556
			စုစုပေါင်း				**31.556**
၉	သိပ္ပံနှင့် နည်းပညာ	၁	Project for Enhancing Technological Universities in Myanmar	Japan	Yen	2582.00	21.431
		၂	ရတနာပုံ နည်းပညာ တက္ကသိုလ် Cyber City ကွန်ယက်အတွက် လိုအပ်သော ပစ္စည်းကိရိယာများ ထောက်ပံ့ခြင်း စီမံချက်	China	Yuan	4.20	0.671
		၃	ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်	ADB	USD	2.00	2.000
		၄	Project for Deploying Private Cloud System for virtualized Laboratories for ICT Higher Education	Japan	USD	0.06	0.060
		၅	သင်ထောက်ကူ ပစ္စည်းများ လှူဒါန်းခြင်း (GmbH)	Germany	Euro	0.03	0.030

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၆	Design of e-Governance Master Plan and Review of Information and Communication Technology Capacity in Academic Institutions	ADB	USD	1.53	1.530
		၇	Marubeni Myanmar Scholarship Program	Japan	USD	0.30	0.300
		၈	ဆရာ/ဆရာမများ နှင့် ကျောင်းသူ ကျောင်းသားများ အတွက် Software ရေးသားရန် လက်တွေ့ခန်း တည်ထောင်ခြင်း	Japan	USD	0.06	0.060
		၉	သင်ကြားရေး နှင့် သုတေသန လုပ်ငန်းများ လုပ်ဆောင်ရန် Fujitsu ICT Laboratory လက်တွေ့ခန်း တည်ထောင်ခြင်း	Japan	USD	0.48	0.480
			စုစုပေါင်း				26.562

ဇယား (၁၈-၁) အဆက်

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
၁၈	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ	၁	ဆင်သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း စီမံချက်	UK	USD	0.05	0.050
		၂	မြိုင်ဟောဝန် ဆင်စခန်းအား ပြုပြင်၍ ဆင်ထိန်းသိမ်းရေးစခန်း တည်ဆောက်ခြင်း စီမံချက်	IEF	USD	0.01	0.010
		၃	မြန်မာနိုင်ငံတွင် ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းခြင်းဖြင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်စေရေး လုပ်ငန်း စီမံချက်	Korea	USD	0.06	0.060
		၄	ဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာ မျိုးစိတ် ခွဲခြားခြင်း၊ သုတေသန နှင့် ပညာပေး လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေး စီမံချက်	Germany	USD	0.01	0.010
		၅	ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်းဆိုင်ရာ ပဋိမအကြိမ်မြောက် အစီရင်ခံစာ ပြုစုရေး နှင့် နိုင်ငံအဆင့် ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ မဟာဗျူဟာ နှင့် လုပ်ငန်းစီမံချက် ပြင်ဆင်ရေးဆွဲရေး လုပ်ငန်း စီမံချက်	UNEP	USD	0.22	0.220

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၆	အာဆီယံ - ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့် ပညာပေးရေး သင်တန်း ကျောင်း (AFoCoRETC) တည် ထောင်ခြင်း စီမံချက်	Korea	USD	5.42	5.420
		၇	ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ ဒုတိယ အကြိမ် အမျိုးသား အစီရင်ခံစာ ရေးဆွဲ ပြုစုရေး လုပ်ငန်း စီမံချက်	UNEP/GEF	USD	0.50	0.500
		၈	ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသတွင်း ဒီရေတောများ ပြန်လည် တည်ထောင်ခြင်း အတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊သုတေသန နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း	World View International-WIF	USD	1.00	1.000
		၉	အာဆီယံအမွေအနှစ် ဥယျာဉ်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အသေးစား ရန်ပုံငွေ ထောက်ပံ့မှု အစီအစဉ်	ACB	USD	1.27	1.270

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၁၀	သစ်တော သယံဇာတများ ဆန်းစစ် လေ့လာခြင်း ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေး နှင့် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များ လျော့ပါးသက်သာစေရန် ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး စီမံချက်	Korea	USD	0.14	0.140
		၁၁	မြန်မာနိုင်ငံ အမျိုးသား သစ်တော သယံဇာတ ထိန်းသိမ်း ကြီးကြပ်ရေး စနစ် အားကောင်းစေရန် မြေယာအသုံးချမှု ဆန်းစစ်ခြင်း နှင့် လူစွမ်းအား အရင်းအမြစ် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်း စီမံချက်	FAO	USD	0.24	0.240
		၁၂	မြန်မာနိုင်ငံ အပူပိုင်း ဒေသအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ် နှင့် စားနပ်ရိက္ခာ ဖူလုံရေး အပေါ် ထိခိုက်နိုင်မှုများကို ဖြေရှင်းနိုင်ရေး လုပ်ငန်း စီမံချက်	GEF	USD	7.90	7.900

ဇယား (၁၀-၁) အဆက်

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၁၃	မြန်မာနိုင်ငံရှိ ဧဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်	World Wide Fund For Nature - WWF	USD	3.00	3.000
		၁၄	မြန်မာနိုင်ငံရှိ သဘာဝသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ခြင်း နှင့် စီမံအုပ်ချုပ်ခြင်း ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်	SCBI	USD	1.00	1.000
			စုစုပေါင်း				**20.820**
၁၁	သမ္မတရုံး (၅)	၁	မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအဖွဲ့အစည်း တည်ထောင်ရေး စီမံချက်	Korea	USD	20.00	20.000
			စုစုပေါင်း				**20.000**
၁၂	စက်မှု	၁	Improvement of Industrial Energy Efficiency in Myanmar	UNIDO	USD	3.10	3.100
		၂	Pilot National Resource Efficient and Cleaner Production (RECP) (Switzerland)	UNIDO	USD	0.57	0.570

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၃	Improvement of SME Sector in Myanmar	Germany	USD	1.30	1.300
		၄	Five years Compre-hensive Maintenance Plan to Industrial Plan to Industrial Training Centre (Pakokku)	India	Rupee	36.99	0.588
			စုစုပေါင်း				**5.558**
၁၃	ယဉ်ကျေးမှု	၁	ယဉ်ကျေးမှု စင်တာထူထောင်ရေး စီမံချက်	China		နည်းပညာ	
		၂	ယဉ်ကျေးမှု အမွေအနှစ်များ အဆင့်မြှင့်တင်ထိန်းသိမ်းရေး	China		နည်းပညာ	
		၃	Opening & Closing Ceremony of 7 ASEAN Para GAMES (TA)	China	Yuan	19.81	3.166
		၄	ကမ္ဘာ့အမွေအနှစ် မူဘောင်ဖြင့် ပုဂံမြို့ဟောင်းအား စီမံခန့်ခွဲနေသော အဖွဲ့အစည်း၏စွမ်းဆောင်ရည် ပိုမို တိုးတက်စေရန် တည်ဆောက်ခြင်း စီမံချက်	Switzerland	USD	0.11	0.110

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၅	Capacity Building for Safeguarding Cultural Heritage in Myanmar Phase (II)	Italy	Euro	1.00	1.086
		၆	မန္တလေးမြို့ ရွှေကျောင်းပြုပြင် ထိန်းသိမ်းခြင်း စီမံချက်	WMF	USD	0.51	0.510
		၇	Making an Inventory of Craftsmanship and Performing Arts of Myanmar Traditional Musical Instrument	Korea	USD	0.03	0.030
		၈	Technical Assistance for the Conservation of Built Heritage in Bagan	Japan	USD	0.30	0.300
			စုစုပေါင်း				**5.202**
၁၄	ပြည်ထဲရေး	၁	တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းတိုင်းတာခြင်း	UNODC	USD	3.23	3.230
		၂	အကျဉ်းထောင်များ၏ ရေနှင့် မိလ္လာလုပ်ငန်းရပ်များ ဆောင်ရွက်ပေးခြင်း	ICRC	USD	0.81	0.810
		၃	အပြည်ပြည်ဆိုင်ရာ ဖေဆပ်လူဝင်/ထွက်မှု စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် (စက်ပစ္စည်းများ)	INTERPOl	Euro	0.10	0.107
			စုစုပေါင်း				**4.147**

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
၁၅	လျှပ်စစ်စွမ်းအား	၁	Enhancing the Power Sector's Legal Regulatory Frame-work	ADB	USD	0.85	0.850
		၂	Support for Public Private Partnership (PPP) Framework Development	ADB	USD	2.00	2.000
			စုစုပေါင်း				**2.850**
၁၆	ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ	၁	Design of e-Government Master Plan	ADB	USD	1.50	1.500
		၂	အိုင်စီတီဆိုင်ရာ အကြံဉာဏ်ပေးခြင်း နှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်	Singapore	S$	0.80	0.625
			စုစုပေါင်း				**2.125**
၁၇	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	၁	EIF အစီအစဉ်	WTO	USD	0.15	0.150
		၂	ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်	Netherland	USD	1.90	1.900
			စုစုပေါင်း				**2.050**

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
၁၈	မန္တလေးမြို့တော်စည်ပင်	၁	ရေသန့်စင်မှု စနစ် နှင့် ရေပြုန်းတီးမှု လျှော့ချရေး၊ စွန့်ပစ်အမှိုက်များ ပြန်လည် အသုံးချရေး၊ စွမ်းအင် လျော့ချရေး စီမံချက်	France	USD	1.30	1.300
		၂	ရေပေးဝေရေး လုပ်ငန်းများ နှင့် သက်ဆိုင်သော အမှတ်(၈) ရေတွန်းစက်ရုံ အဆင့်မြှင့်တင်ခြင်း၊ ရေအလေအလွင့် ပြုန်းတီးမှု လျော့ချရေးစီမံချက်	Netherland	USD	0.15	0.150
		၃	အမှတ်(၈)နှင့် အမှတ်(၄) ရေတွန်းစက်ရုံတွင် ရေပိုးသတ် စနစ်နှင့် ရေထွက်ကောင်းအောင် ဆောင်ရွက်ခြင်း၊ ရေခါတ် ခွဲခန်းစမ်းသပ်မှု နည်းပညာသင်တန်း ပို့ချခြင်း စီမံချက်	Japan	USD	0.60	0.600
			စုစုပေါင်း				**2.050**
၁၉	နိုင်ငံခြားရေး	၁	မြန်မာနိုင်ငံမှ အာဆီယံ ဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်ရာတွင် ထိပ်သီး အစည်းအဝေးများ နှင့် ဆက်စပ် အစည်းအဝေးများ ကျင်းပရေးစီမံချက်	China	Yuan	10.00	1.598

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
		၂	အကူအညီပေးရေး စီမံချက်	India	USD	0.30	0.300
		၃	အင်တာနက် လိုင်းများ အဆင့်မြှင့်တင်ရန် စီမံချက်	China	Yuan	0.50	0.080
			စုစုပေါင်း				**1.978**
၂၀	ဘဏ္ဍာရေး	၁	ပြည်သူ့ကြေးမြီ ဆိုင်ရာ စီမံခန့်ခွဲမှု စနစ်အား အားဖြည့် ဆောင်ရွက်ရန်	ADB	USD	1.50	1.500
			စုစုပေါင်း				**1.500**
၂၁	ပြည်ထောင်စုစာရင်းစစ်ချုပ်	၁	ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု စီမံချက်	World Bank	USD	1.20	1.200
			စုစုပေါင်း				**1.200**
၂၂	နယ်စပ်ရေးရာ	၁	စာသင်ကျောင်းဆောက်လုပ်ရေး စီမံချက်	India	USD	1.00	1.000
			စုစုပေါင်း				**1.000**
၂၃	ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း	၁	မြန်မာနိုင်ငံတွင် တာဝန်သိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အပြုသဘော အားပေးတိုက်တွန်းမှု ဖွံ့ဖြိုးစေခြင်း စီမံချက်	Italy	Euro	0.70	0.760
			စုစုပေါင်း				**0.760**

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
၂၄	သတ္တုတွင်း	၁	မြန်မာနိုင်ငံ သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရေး စီမံချက်	Finland	Euro	0.58	0.630
		၂	သတ္တုတွင်းများ ဆေး အန္တရာယ် ကျရောက်ခြင်း အား စီမံခန့်ခွဲခြင်း စီမံချက်	Korea	USD	0.05	0.050
			စုစုပေါင်း				**0.680**
၂၅	ပြန်ကြားရေး	၁	မြန်မာနိုင်ငံတွင် ကလေးများ အတွက် စာအုပ်ထုတ်လုပ်ရန် နှင့် စာဖတ်စွမ်းရည် တိုးတက်ရန်၊ စာတတ်မြောက်စေရန် နှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဖြည့်ဆည်းပေးရန် စီမံချက်	Shanti Volunteer Association	USD	0.58	0.580
			စုစုပေါင်း				**0.580**
၂၆	အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး	၁	စာရင်းအင်း လုပ်ငန်းများ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်	ADB	USD	0.53	0.530
			စုစုပေါင်း				**0.530**

စဉ်	ပန်ကြီးဌာန		စီမံချက်အမည်	နိုင်ငံ/အဖွဲ့အစည်း	ငွေကြေးအမျိုးအစား	ငွေပမာဏ (သန်း)	ငွေပမာဏ (US$ သန်း)
၂၇	မြန်မာနိုင်ငံတော် ဗဟိုဘဏ်	၁	ငွေရေးကြေးရေး ကဏ္ဍ ပြုပြင် ပြောင်းလဲမှုဆိုင်ရာ နည်းပညာ အကူအညီ စီမံချက် (Training, Seminars and Conference)	ADB	USD	0.30	0.300
		၂	ငွေရေးကြေးရေး ကဏ္ဍ ပြုပြင် ပြောင်းလဲမှုဆိုင်ရာ နည်းပညာ အကူအညီ စီမံချက် (Miscellaneous Administration and Support Costs)	ADB	USD	0.02	0.020
			စုစုပေါင်း				**0.320**
၂၈	အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေး	၁	မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့၊ ကျွမ်းကျင်မှု အကဲဖြတ်စစ်ဆေးရေး ရှေ့ပြေးစီမံချက် (ပထမအဆင့်) (GIZ)	Germany	Kyat	25.55	0.026
			စုစုပေါင်း				**0.026**
၂၉	ပြည်ထောင်စု ရာထူးဝန်အဖွဲ့	၁	အဆင့်မြင့် စီမံခန့်ခွဲမှု ဆိုင်ရာ အရာရှိများ အရည်အသွေးမြှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း	Japan	USD	0.02	0.020
			စုစုပေါင်း				**0.020**
			စာရင်းပေါင်းချုပ်				**480.338**

ဇာစ်မြစ်- ပန်ကြီးဌာနနှင့်အဖွဲ့အစည်းများ

၆။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများမှ ရရှိသော နိုင်ငံခြားအကူအညီအထောက်အပံ့ကို အောက်ပါအတိုင်း ဂရုပြုဖြင့် တင်ပြအပ်ပါသည်။

ပုံ (၁၀-၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဝန်ကြီးဌာနအလိုက် နိုင်ငံခြားအကူအညီ ရရှိမှုအခြေအနေ

US$ သန်း



ဇာစ်မြစ်- ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ

၇။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အကူအညီပေးအပ်သည့် နိုင်ငံပေါင်း ၁၆ နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်း ၂ ခု ၊ ကုလသမဂ္ဂအဖွဲ့အစည်း ၅ ခု နှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အကူအညီရရှိမှုများကို တင်ပြအပ်ပါသည်။

ဇယား (၁၀-၂)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ

အဖွဲ့အစည်းများ အကူအညီ အထောက်အပံ့ပေးမှု

စဉ်	နိုင်ငံ/အဖွဲ့အစည်း	ငွေပမာဏ (US$သန်း)
1	ဂျပန်	162.402
2	ကိုရီးယား	52.200
3	ဩစတြေးလျ	20.000
4	အိန္ဒိယ	10.208

စဉ်	နိုင်ငံ/အဖွဲ့အစည်း	ငွေပမာဏ (US$သန်း)
5	ဂျာမနီ	8.967
6	တရုတ်	5.979
7	ပြင်သစ်	4.557
8	နယူးဇီလန်	4.282
9	နယ်သာလန်	2.050
10	အီတလီ	1.846
11	ဖင်လန်	0.630
12	စင်ကာပူ	0.625
13	အမေရိကန်	0.300
14	ဘရာဇီး	0.110
15	ဆွစ်ဇာလန်	0.110
16	ဗြိတိန်	0.050
အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများ		
1	အာရှဖွံ့ဖြိုးရေးဘဏ်	24.230
2	ကမ္ဘာ့ဘဏ်	1.200
ကုလသမဂ္ဂအဖွဲ့အစည်းများ		
1	ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည် ထူထောင်ရေး အစီအစဉ်	12.160
2	ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP/GEF)	8.620
3	ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း	3.670
4	ကုလသမဂ္ဂမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့	3.230
5	ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့	2.320
နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs)		150.592
	စာရင်းပေါင်းချုပ်	**480.338**

ပုံ (၁၀-၂) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အကူအညီ အထောက်အပံ့ပေးမှု

US$ သန်း



ဇယားမြစ်- ပန်ကြီးဌာနနှင့်အဖွဲ့အစည်းများ

၈။ ကဏ္ဍအလိုက် အကူအညီရရှိမှုများ အနေဖြင့် ပညာရေး (၁၈ ရာခိုင်နှုန်း)၊ ကျန်းမာရေး (၁၂ ရာခိုင်နှုန်း)၊ ကျေးလက်ဖွံ့ဖြိုးရေး(၁၀ ရာခိုင်နှုန်း)၊ သဘာဝဘေး(၉ ရာခိုင်နှုန်း)၊ ဆောက်လုပ်ရေး(၉ ရာခိုင်နှုန်း)၊ စိုက်ပျိုးရေး(၇ ရာခိုင်နှုန်း)၊ ပို့ဆောင်ရေး(၇ ရာခိုင်နှုန်း)၊ လူမှုရေး (၅ ရာခိုင်နှုန်း)၊ ယဉ်ကျေးမှု(၄ရာခိုင်နှုန်း)၊ သစ်တော(၄ရာခိုင်နှုန်း)၊ အသက်မွေးဝမ်းကျောင်း (၄ ရာခိုင်နှုန်း)၊ လျှပ်စစ်(၂ ရာခိုင်နှုန်း)၊ ရေရရှိရေးသန့်ရှင်းရေး(၂ ရာခိုင်နှုန်း)၊ သားငါး (၁ ရာခိုင်နှုန်း)၊ ဆက်သွယ်ရေး(၁ ရာခိုင်နှုန်း)၊ အခြား (၅ ရာခိုင်နှုန်း)(စာရင်းအင်း၊ စွမ်းအင်၊ ဘဏ္ဍာရေးစနစ်၊ ဟိုတယ်ခရီး၊ စက်မှု၊ သတ္တု၊ ကုန်သွယ်ရေးနှင့် ကျွမ်းကျင်မှု) အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပုံ (၁၀-၃) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ပေးမှု



ဇာစ်မြစ်- ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ချေးငွေ ရရှိမှု

၉။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ မှ ချေးငွေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန(၈)ခုနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့မှ လုပ်ငန်းစီမံချက် (၉)ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လွှတ်တော်သို့ တင်ပြပြီး ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ဇယား (၁၀-၃)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဝန်ကြီးဌာနများအလိုက် နိုင်ငံအချင်းချင်းမှ

ချေးငွေရယူမှု

စဉ်	ဝန်ကြီးဌာန		လုပ်ငန်းစီမံချက်	နိုင်ငံ/ အဖွဲ့အစည်း	ချေးငွေပမာဏ	ချေးငွေ ပမာဏ (အမေရိကန် ဒေါ်လာ သန်း)
၁	ဆက်သွယ်ရေး နှင့် သတင်းအချက် အလက် နည်းပညာ	၁	မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစီမံချက်	World Bank	USD 31.50	31.50
			စုစုပေါင်း			**31.50**
၂	ဆောက်လုပ်ရေး	၁	သီလဝါဒေသ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး အပိုင်း-၂ (သံလျင်-သီလဝါလမ်းမကြီးအဆင့်မြှင့်တင်ခြင်)	Japan	JPY 4613.00	44.34
			စုစုပေါင်း			**44.34**
၃	ပညာရေး	၁	ကျောင်းများသို့ ဘဏ္ဍာရေးဆိုင်ရာဗဟိုချုပ်ကိုင်မှု လျှော့ချ၍ ငွေကြေးထောက်ပံ့သည့်စီမံကိန်း	World Bank	USD 80.00	80.00
			စုစုပေါင်း			**80.00**

ဇယား (၁၀-၃) အဆက်						
စဉ်	ဝန်ကြီးဌာန		လုပ်ငန်းစီမံချက်	နိုင်ငံ/ အဖွဲ့အစည်း	ချေးငွေပမာဏ	ချေးငွေပမာဏ (အမေရိကန် ဒေါ်လာသန်း)
၄	ဘဏ္ဍာရေး/ စီမံစီးပွား/ စာရင်းစစ်ချုပ်/ စီးပွားရေးဘဏ်	၁	ပြည်သူ့ ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး စီမံကိန်း	World Bank	USD 30.00	30.00
			စုစုပေါင်း			**30.00**
၅	ရထားပို့ဆောင်ရေး	၁	ရန်ကုန်-မန္တလေး လမ်းပိုင်း အဆင့်မြှင့်တင်မွမ်းမံခြင်းလုပ်ငန်း စီမံကိန်းအဆင့်-၁(ရန်ကုန်-တောင်ငူ ၁၆၆ မိုင် ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း စီမံ ချက်)	Japan	USD 201.60	201.60
			စုစုပေါင်း			**201.60**
၆	ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ	၁	ရန်ကုန် ရေပေးဝေရေး တိုးချဲ့ရေး စီမံချက် (လဂွန်းပြင် ရေပေးဝေရေး)	Japan	JPY 23683.00	232.24
			စုစုပေါင်း			**232.24**

ဇယား (၁၀-၃) အဆက်						
စဉ်	**ဝန်ကြီးဌာန**		**လုပ်ငန်းစီမံချက်**	**နိုင်ငံ/ အဖွဲ့အစည်း**	**ချေးငွေပမာဏ**	**ချေးငွေပမာဏ (အမေရိကန် ဒေါ်လာသန်း)**
၇	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း	၁	မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန် နိုးကြားမှု မြှင့်တင်ခြင်း စီမံကိန်း	IFAD	USD 18.70	18.70
		၂	ပဲခူးတိုင်း ဒေသကြီး (အနောက်)ဆည်မြောင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်	Japan	USD 150.00	150.00
			စုစုပေါင်း			**168.70**
၆	လျှပ်စစ်စွမ်းအား	၁	ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း နှင့် မကွေးတိုင်း ဒေသကြီး တို့တွင် ဆောင်ရွက်မည့် ဓာတ်အား ဖြန့်ဖြူးမှုတိုးတက်ရေး စီမံကိန်း	ADB	USD 60.00	60.00
		၂	အသုတ်-ပုသိမ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း (၄၀) မိုင်နှင့် ခါတ်အားခွဲရုံများ	China	EUR 13.75	20.00
		၃	တောင်ငူ - ကမာနတ် ၅၀၀ ကေဗွီ ခါတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေး (တောင်ငူ-ပဲခူး-ဘုရားကြီး)	Korea	USD 100.00	100.00

ဇယား (၁၀-၃) အဆုံး စဉ်	ဝန်ကြီးဌာန		လုပ်ငန်းစီမံချက်	နိုင်ငံ/ အဖွဲ့အစည်း	ချေးငွေပမာဏ	ချေးငွေပမာဏ (အမေရိကန် ဒေါ်လာ သန်း)
			စုစုပေါင်း			**180.00**
၉	သမဝါ ယမ	၁	လယ်ယာသုံး စက်ကိရိယာများကို ကာလရှည် အရစ်ကျ ငွေချေစနစ်ဖြင့်ဝယ်ယူရေး စီမံကိန်း	Korea	USD 100.00	100.00
			စုစုပေါင်း			**100.00**
			စာရင်းပေါင်းချုပ်			**1068.38**

ဇာစ်မြစ်- ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ

၁၀။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း နိုင်ငံအချင်းချင်းအနေဖြင့် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် နှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးရန်ပုံငွေအဖွဲ့တို့မှ လုပ်ငန်းစီမံချက်(၉)ခုကို အမေရိကန်ဒေါ်လာ(၁၀၆၈.၃၈)သန်း ချေးငွေဖြင့် အကောင်အထည်ဖော်ရန် ချေးငွေစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ ပါသည်။

ဇယား (၁၀-၄)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း နိုင်ငံအချင်းချင်း ချေးငွေ ထောက်ပံ့ပေးမှု

စဉ်	နိုင်ငံ/အဖွဲ့အစည်း	ချေးငွေပမာဏ		ချေးငွေပမာဏ (US$ သန်း)
၁	ဂျပန်	JPY	28296.00	276.58
		USD	351.60	351.60
၂	ကိုရီးယား	USD	200.00	200.00

စဉ်	နိုင်ငံ/အဖွဲ့အစည်း	ချေးငွေပမာဏ		ချေးငွေပမာဏ (US$ သန်း)
ယား	(၁၀-၄) အဆုံး	D		
၃	တရုတ်	EUR	13.75	20.00
၄	ကမ္ဘာ့ဘဏ်	USD	141.50	**141.50**
၅	အာရှ ဖွံ့ဖြိုးရေးဘဏ်	USD	60.00	60.00
၆	အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ရန်ပုံငွေ အဖွဲ့ (IFAD)	USD	18.70	18.70
		စာရင်းပေါင်းချုပ်		**1068.38**

ဇယားမြစ်- ပန်ကြီးဌာနနှင့်အဖွဲ့အစည်းများ

ပုံ (၁၀-၄) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း နိုင်ငံအချင်းချင်း ချေးငွေ ထောက်ပံ့ပေးမှု

(US$ သန်း)



ဇယားမြစ်- ပန်ကြီးဌာနနှင့်အဖွဲ့အစည်းများ

၁၁။ ကဏ္ဍအလိုက် ချေးငွေရရှိမှုများမှာ စိုက်ပျိုးရေး(၂၅ရာခိုင်နှုန်း)၊ ဆောက်လုပ်ရေး(၂၃ရာခိုင်နှုန်း)၊ ရေရှရှိရေး (၂၂ရာခိုင်နှုန်း)၊ လျှပ်စစ်(၁၇ရာခိုင်နှုန်း)၊ ပညာရေး(၇ရာခိုင်နှုန်း)၊ ဆက်သွယ်ရေး(၃ရာခိုင်နှုန်း) နှင့် ပြည်သူ့ဘဏ္ဍာရေး (၃ရာခိုင်နှုန်း) တို့ ဖြစ်ပါသည်။

ပုံ (၁၀-၅) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် နိုင်ငံခြားချေးငွေရယူမှု



ဇယားမြစ်- ဂန်ကြီးဌာနနှင့်အဖွဲ့အစည်းများ

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီးစီးမှုများ

၁၂။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဂန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနနှင့် ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများ(FERD-DPWC) ပါဂင်သော လုပ်ငန်း ညှိနှိုင်း အစည်းအဝေးများကို (၃)လတစ်ကြိမ် ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာအစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းစီမံချက်များ ဖွံ့ဖြိုးမှု မိတ်ဖက်များမှ ပိုမို ပူးပေါင်း ပါဂင်လာနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၁၃။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2nd MDCF) တွင် နိုင်ငံတကာအကူအညီ အထောက်အပံ့များနှင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် စီမံကိန်းများ၊ အစီအစဉ်များကို ပိုမိုအရှိန်တိုးမြှင့် အကောင်အထည်ဖော်သွားရန် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံအစိုးရနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား အတူတကွ နီးကပ်စွာ ပူးပေါင်း လက်တွဲလုပ်ဆောင်သွားမည့် ကတိကဝတ်ကို ထပ်လောင်း အတည်ပြုသည့် **ပူးတွဲ ကြေညာချက်(Joint Statement)** ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

၁၄။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ စီမံကိန်းများနှင့် အစီအစဉ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် နေပြည်တော် သဘောတူညီချက် လုပ်ငန်းအစီအစဉ် (၂၀၁၄) နှင့်အညီ အကူအညီ အထောက်အပံ့ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်ကို တည်ထောင်ထားရှိပါသည်။

အဆိုပါ AIMS မှ အလှူရှင်နိုင်ငံများ၏ ဦးစားပေး ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆောင်ရွက်မှု အခြေအနေ၊ မည်သည့် ကြားခံအဖွဲ့အစည်းများမှ တစ်ဆင့်ပေးနေသည်ကို ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များ ရရှိခဲ့ပါသဖြင့် အကူအညီ အလိုအပ်ဆုံး နေရာများသို့ ပိုမို ထောက်ပံ့ပေးနိုင်ရန်၊ ထိရောက်မှု ရှိ-မရှိနှင့် ထပ်မံအလေးထားရမည့် နယ်ပယ်များ၊ လုပ်ဆောင်ချက်များကို စဉ်းစား သတ်မှတ်နိုင်ရေးတွင် အထောက်အကူပြုစေမည် ဖြစ်ပါသည်။ အဆိုပါ AIMS တွင် ဖွံ့ဖြိုးမှု မိတ်ဖက်များသည် ၎င်းတို့၏ လုပ်ဆောင်မှုများနှင့် အောင်မြင်ရရှိမှုများ၏ အသေးစိတ်ကို ဖော်ပြသွားရန် ကတိကဝတ်ထားသကဲ့သို့၊ မြန်မာနိုင်ငံ အစိုးရသည်လည်း "နိုင်ငံတကာ အကူအညီ ပွင့်လင်း မြင်သာမှုရှိစေရေး အစီအစဉ်" တွင် အဖွဲ့ဝင် ဖြစ်လာခြင်း "ပွင့်လင်းအစိုးရ မိတ်ဖက်နိုင်ငံများအဖွဲ့"နှင့် "သယံဇာတ အရင်းအမြစ် တူးဖော်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအစီအစဉ်"တို့တွင် အဖွဲ့ဝင် ဖြစ်လာရန် ဆောင်ရွက်ခြင်းဖြင့် အစိုးရ၏ ပွင့်လင်းမြင်သာမှု ရှိစေရေး ကတိကဝတ်များကို တိုးမြှင့် ဆောင်ရွက်လျက် ရှိပါ သည်။

၁၅။ ဆက်လက်၍ တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေးဖိုရမ် (3rd MDCF) ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၇-၈ ရက်များတွင် "***အခြေခံ အုတ်မြစ်များ တည်ဆောက် လို့ - အားလုံး အကျုံးဝင်သည့် အနာဂတ်ဖွံ့ဖြိုးမှုဆီသို့"*** ခေါင်စဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုထိရောက်မှုရှိရေး စည်းမျဉ်းများကို မြန်မာနိုင်ငံ၏ အခြေအနေနှင့်အညီ ချမှတ်ခဲ့သည့် "ထိရောက်မှုရှိသော ဖွံ့ဖြိုးမှု ပူးပေါင်းရေးအတွက် နေပြည်တော် သဘောတူညီချက်"ပါ ပူးတွဲကတိကဝတ်များကို ထပ်မံအတည်ပြုသည့် **ပူးတွဲကြေညာချက် (Joint Statement)** ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

၁၆။ ထို့ပြင် ပြည်ထောင်စု ဂန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများမှ ပေးပို့လာသော အစီရင်ခံစာများအရ နိုင်ငံခြား အကူအညီ/ အထောက်အပံ့ ၊ ချေးငွေစီမံချက်များ ဆောင်ရွက်နေမှု အခြေအနေကို စုစည်း၍ မြန်မာနိုင်ငံသို့ မည်သည့် နိုင်ငံအဖွဲ့အစည်းများမှ အကူအညီ အများဆုံး ပေးနေသည်ကို လည်းကောင်း၊ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများတွင် ဂန်ကြီးဌာနနှင့် နိုင်ငံအဖွဲ့အစည်းများ၏ ပူးပေါင်း ဆောင်ရွက်နေမှုများကို နိုင်ငံခြား အကူအညီ အထောက်အပံ့ စီမံခန့်ခွဲမှု ဗဟိုကော်မတီအစည်းအဝေးများသို့ တင်ပြရန် ဆောင်ရွက်ခဲ့ပါသည်။

၁၇။ အဆိုပါ နိုင်ငံခြားအကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အကူအညီအထောက်အပံ့များ ထိရောက်မှုရှိရေးနှင့်ဖွံ့ဖြိုးမှု ထိရောက်မှုရှိရေး (development effectiveness) တို့နှင့် ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း နှင့် သုံးသပ်

အကဲဖြတ်ခြင်း (Monitoring and Evaluation - M & E) လုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

၁၈။ ယင်းသို့ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း လုပ်ငန်းကို ထိရောက်စွာ လုပ်ဆောင်ခြင်းဖြင့် ပိုမို ထိရောက်ကောင်းမွန်သည့် ဆုံးဖြတ်ချက်ချမှုနှင့် အရင်းအမြစ်များ ခွဲဝေ အသုံးပြုမှု (better decision making and effective resource allocation) တို့ကို လုပ်ဆောင်နိုင်မည် ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ် တာဝန်ခံမှု နှင့် ပွင့်လင်း မြင်သာမှု (accountability & transparency) ကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

အခန်း(၁၁)

ပြည်ပစီးပွားရေးဆက်ဆံမှုများ

အာဆီယံ စီးပွားရေးအသိုက်အဝန်း၊ အာဆီယံ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု

အင်ဒိုနီးရှားနိုင်ငံ၊ ဆိုလိုမြို့၌ ၂၀၁၄ ခုနှစ် ဧပြီလ (၂၁) ရက်နေ့မှ (၂၅) ရက်နေ့အထိ ကျင်းပခဲ့သည့် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၂/၄၅) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အဆင့်မြင့်စီးပွားရေးအရာရှိ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး၌ ၂၀၁၄ ခုနှစ် မေလဆန်းတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် (၂၄) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၊ အာဆီယံစီးပွားရေးဝန်ကြီးများ၏ အကြိုညှိနှိုင်း အစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ တင်ပြမည့် ကိစ္စရပ်များ၊ အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံတို့၏ အစည်းအဝေးများတွင် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၁၅ ပြည့်မီအောင်မြင်ရေးနှင့် ၂၀၁၄ ခုနှစ် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌတာဝန် အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီတို့နှင့် (၁၅) ကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးကို (၈-၅-၂၀၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် လုပ်ငန်းကော်မတီ အသီးသီးမှ ဖြစ်ပေါ်တိုးတက်မှုများ၊ မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်မှုခံယူ ရမည့်ကိစ္စများ၊ ASEAN Summit သို့ တင်ပြ လမ်းညွှန်မှုခံရမည့်ကိစ္စ၊ အာဆီယံအစည်းအဝေးများတွင် ဆွေးနွေးရမည့် ကိစ္စရပ်များ၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရန် ရှိပါက အချိန်မီ ဆောင်ရွက်ရန်ကိစ္စတို့ကို အဓိက ဆွေးနွေးခဲ့ပါသည်။

(၂၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကာလအတွင်း အာဆီယံစီးပွားရေး မဏ္ဍိုင်အနေဖြင့် အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိများ၏ ညှိနှိုင်း အစည်းအဝေး၊ အာဆီယံ စီးပွားရေးဝန်ကြီးများ၏ ညှိနှိုင်း အစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီ အစည်းအဝေးတို့ကို ၂၀၁၄ ခုနှစ် မေလ (၉) ရက်နေ့မှ (၁၁) ရက်နေ့အထိ နေပြည်တော်၌ကျင်းပပြုလုပ်ခဲ့ပါသည်။

အင်ဒိုးနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသန (အီးအာရ်အိုင်အေ) ၏ အုပ်ချုပ်မှုဘုတ်အဖွဲ့ အစည်းအဝေးသို့

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန (ERIA)၏ ၂၀၁၃-၂၀၁၄ခုနှစ် သုတေသနလုပ်ငန်းများအား ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်မည့် သုတေသန လုပ်ငန်းစဉ်များအား ဆွေးနွေးအတည်ပြုခြင်း၊ အီးအာရ်အိုင်အေ အုပ်ချုပ်မှု ဘုတ်အဖွဲ့ဝင်များ၏ ထုတ်ပြန်ချက် (မူကြမ်း) အား ညှိနှိုင်းဆွေးနွေး အတည်ပြုခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးများတွင် ဖြေကြားခဲ့သော ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်၍ ဖြစ်ပေါ်ခဲ့သော ကတိကဝတ်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်ဆဲ အခြေအနေ(AFTA အကောင်အထည်ဖော်မှု နှင့် ပတ်သက်၍) မလျှိုင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအေးမောက်၏ မေးခွန်းများအား ၂၀၁၄ ခုနှစ် မေလ တွင် ဖြေကြားခဲ့ပါသည်။

အာဆီယံ- ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည် ဖော်ရေး သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ စီးပွားရေးရာကော်မတီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ တို့မှ ခွင့်ပြုချက်ရရှိခဲ့ပြီး၊ ပထမအကြိမ် ပြည်ထောင်စု လွှတ်တော်က မှတ်တမ်းတင်ပြီး ဖြစ်ပါသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်မှတ်ရေးထိုး လဲလှယ်ခွင့် အခွင့်အာဏာလွှဲအပ်လွှာ (Full Powers) အား ၂၀၁၄ ခုနှစ် ဇွန်လ (၂၀) ရက်နေ့ တွင် လက်ခံရရှိခဲ့ပါသည်။

အာဆီယံ - အိန္ဒိယ ဝန်ဆောင်မှု ကုန်သွယ်ရေး သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးနိုင်ရေး နှင့် စပ်လျဉ်း၍ စီးပွားရေးရာကော်မတီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့တို့မှ ခွင့်ပြုချက်ရရှိခဲ့ပြီး၊ ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် ဒဿမ ပုံမှန်အစည်းအဝေး တတိယနေ့၌ လွှတ်တော်က မှတ်တမ်းတင်ပြီး ဖြစ်ပါ သဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်မှတ်ရေးထိုး လဲလှယ်ခွင့် အခွင့်အာဏာလွှဲအပ်လွှာ (Full Powers) အား ၂၀၁၄ ခုနှစ် ဇွန်လ(၂၀) ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် တို့ ပူးပေါင်း၍ အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှု လက်မှတ်ရသင်တန်း (Certificate for ASEAN Economic Studies - CAES) အပတ်စဉ်(၆) ကို ၂၀၁၄ ခုနှစ် ဇွန်လ (၉) ရက်နေ့မှ

ဩဂုတ်လ (၂၈) ရက်နေ့အထိ ရန်ကုန်စီးပွားရေး တက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား (၉၁) ဦးအား အောင်လက်မှတ် ပေးအပ်ခဲ့ပါသည်။

အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၏ (၃/၄၅) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၄ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့မှ (၂၃) ရက်နေ့အထိ ရန်ကုန်မြို့ ၌ အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၁၅ ပြည့်မီအောင်မြင်ရေးနှင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန် အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် အာဆီယံ ဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်း စီမံချက်ပါ လုပ်ငန်း ကော်မတီတို့နှင့် (၁၆) ကြိမ်မြောက် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအား ၂၀၁၄ ခုနှစ် ဩဂုတ်လ(၆) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် လုပ်ငန်းကော်မတီ အသီးသီးမှ ဖြစ်ပေါ်တိုးတက်မှုများ၊ မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်မှုခံယူရမည့်ကိစ္စများ၊ (၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပ နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ (၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပရေးနှင့် စပ်လျဉ်းသည့် ပထမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးအား ၂၀၁၄ ခုနှစ် ဩဂုတ်လ(၈) ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်း အဝေးအား ၂၀၁၄ ခုနှစ် ဩဂုတ်လ (၁၈) ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့ပါသည်။

(၄၆) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးများ မတိုင်မီ အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ၏ အကြိုညှိနှိုင်းအစည်းအဝေးအား ၂၀၁၄ ခုနှစ် ဩဂုတ်လ (၂၃) ရက်နေ့မှ (၂၄) ရက်နေ့ အထိ နေပြည်တော်၌ ကျင်းပခဲ့ပြီး အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးများတွင် ဆွေးနွေးမည့် ဘာသာရပ်များအား ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

(၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်း အဝေးများ ဖြစ်သည့် -

- (၂၈) ကြိမ်မြောက် အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ ကောင်စီ အစည်းအဝေး
- (၁၇) ကြိမ်မြောက် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေး
- (၁၂) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေး

- (၁၃) ကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ ညှိနှိုင်းအစည်းအဝေး
- (၂၀) ကြိမ်မြောက် အာဆီယံ-ဂျပန်စီးပွားရေး ဝန်ကြီးများ ညှိနှိုင်းအစည်း အဝေး
- (၁၁) ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ ညှိနှိုင်းအစည်းအဝေး
- (၁၇) ကြိမ်မြောက် အာဆီယံ+၃ စီးပွားရေးဝန်ကြီးများ ညှိနှိုင်းအစည်းအဝေး
- (၁၉) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် စီးပွားရေးဝန်ကြီးများ ညှိနှိုင်းအစည်းအဝေး
- (၁၂) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ ညှိနှိုင်းအစည်းအဝေး
- (၆) ကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေး
- တတိယအကြိမ် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ ညှိနှိုင်းအစည်းအဝေး
- ဒုတိယအကြိမ် အရှေ့အာရှဝန်ကြီးများ အစည်းအဝေး
- ဒုတိယအကြိမ် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးဝန်ကြီးများအဆင့် အစည်းအဝေး
- ဒုတိယအကြိမ် အာဆီယံ-အမေရိကန် စီးပွားရေး ထိပ်သီးအစည်းအဝေး
- (၁၆)ကြိမ်မြောက် အာဆီယံ-မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးဝန်ကြီးများ ညှိနှိုင်းအစည်းအဝေး
- တတိယအကြိမ် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ ညှိနှိုင်း အစည်းအဝေး
- အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံ စီးပွားရေးအကြံပေး ကောင်စီညှိနှိုင်းအစည်းအဝေးများ
- (၁၃)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်ရေးကော်မရှင်နာများ ညှိနှိုင်းအစည်းအဝေး
- အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အီးယူ-အာဆီယံ စီးပွားရေးကောင်စီ ညှိနှိုင်းအစည်း အဝေး
- အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန် ကုန်သွယ်ရေးကော်မရှင်နာများညှိနှိုင်းအစည်းအဝေး
- (၆) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ စီးပွားရေးဝန်ကြီးများ အစည်းအဝေး

တို့အား ၂၀၁၄ ခုနှစ် ဩဂုတ်လ (၂၅) ရက်နေ့မှ (၂၈) ရက်နေ့အထိ နေပြည်တော်ရှိ MICC-1 ၌ ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးကာလအတွင်း သဘောတူညီချက် (၇) ခုအား လက်မှတ် ရေးထိုးနိုင်ခဲ့ပါသည်။

နေပြည်တော် Royal ACE Hotel ၌ ဂျပန်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ 1st Public-Private Dialogue on New Industries ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဩဂုတ်လ (၂၆) ရက်နေ့တွင် ကျင်းပခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား နယ်ပယ် သစ်များ ဖြစ်သည့် ကျန်းမာရေး၊ စွမ်းအင်နှင့်ပြန်ကြားရေးကဏ္ဍများတွင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်နိုင်ခဲ့သဖြင့် အာဆီယံနှင့် ဂျပန်နိုင်ငံတို့ရှိ အစိုးရနှင့် ပုဂ္ဂလိက၊ ပုဂ္ဂလိက အချင်းချင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဖြစ်ထွန်းနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ကျန်းမာရေး၊ စွမ်းအင်နှင့် ပြန်ကြားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ် နိုင်မည် ဖြစ်ပါသည်။

နေပြည်တော် Royal ACE Hotel ၌ UMFCCI နှင့် US-ASEAN Business Council တို့ပူးပေါင်း၍ 2nd ASEAN-US Business Summit အား ၂၀၁၄ ခုနှစ် ဩဂုတ်လ (၂၈) ရက်နေ့တွင် ကျင်းပခဲ့ပြီး အာဆီယံ-အမေရိကန် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး ခဲ့ပါသည်။

အာဆီယံပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးများ၏ ပထမအကြိမ်အစည်းအဝေး၊ အာဆီယံ ပေါင်းစပ်ဆက်သွယ်ရေး ဆိုင်ရာ အစည်းအဝေးများနှင့် ပဉ္စမအကြိမ် အာဆီယံပေါင်းစပ်ဆက်သွယ်မှု ဆွေးနွေးပွဲတို့အား ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၈)ရက်နေ့မှ (၁၁) ရက်နေ့အထိ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့တွင် အာဆီယံ ပေါင်းစပ် ဆက်သွယ်ရေး မဟာစီမံကိန်း အကောင်အထည်ဖော်နိုင်မှု ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း သတင်းအချက်အလက်များ ဖလှယ်နိုင်ရန် ကိစ္စရပ်များ ဆွေးနွေး ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များတို့ကို ဆွေးနွေးခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ (၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသား

ညှိနှိုင်းရေးမှူးများ၏ ပထမအကြိမ် အစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲအား ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၁၀)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အာဆီယံနှင့်အရှေ့အာရှစီးပွားရေးသုတေသနဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေး ဆွေးနွေးပွဲ (Capacity Building Seminar on Investment) ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၂၅) ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် အာဆီယံဒေသ စျေးကွက်ရရှိမှု ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ကဏ္ဍအလိုက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နှိုင်းယှဉ်မှုကို တွက်ချက်မည့်နည်းလမ်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အရေးပါမှုတို့ကို ဆွေးနွေးခဲ့ပါသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁၇) ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ASEAN-Japan Comprehensive Economic Patrnership Free Trade Area ၏ ကုန်စည်လိုင်းများ ချိတ်ဆက်ထားမှုအရ Category များခွဲခြားရန် ကိစ္စရပ်နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

အီတလီနိုင်ငံ၊ မီလန်မြို့တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁၆) ရက်နေ့မှ (၁၇) ရက်နေ့အထိ ကျင်းပခဲ့သည့် အာဆီယံ-အီးယူ သုံးပွင့်ဆိုင် အလွတ်သဘောခေါင်းဆောင်များ အစည်းအဝေးတွင် ဆွေးနွေးပြောကြားရန် အချက်အလက်များအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၌ ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၂၀) ရက်နေ့မှ (၂၂) ရက် နေ့အထိ ကျင်းပခဲ့သည့် အာဆီယံပေါင်းစပ်ဆက်သွယ်မှုတွင် ကိုရီးယားနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု (အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ) ဖိုရမ်သို့ မြန်မာကိုယ်စားလှယ် တက်ရောက်ခဲ့ပြီး အဆိုပါဖိုရမ်တွင် ကိုရီးယားသမ္မတနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများ၊ သဘောတူညီချက်ဖြင့် လုပ်ငန်းလုပ်ကိုင်နေသူများ၊ အခြားပုဂ္ဂလိက စီးပွားရေးအုပ်စုများအား အာဆီယံနိုင်ငံများ မှ တာဝန်ရှိသူများမှ သတင်းအချက်အလက်နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များနှင့် ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံ တစ်နိုင်ငံချင်းအကြား စီးပွားဆက်ဆံမှု ပိုမိုခိုင်မာမှု ရရှိစေရေး ကိစ္စများ ဆွေးနွေးခဲ့ကြပါသည်။

မန္တလေးမြို့၊ Mandalay Hill Resort Hotel ၌ ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၂၀) ရက် နေ့မှ (၂၃)ရက်နေ့အထိ ကျင်းပခဲ့သည့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ

အဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေးဆိုင်ရာ သတ္တမအကြိမ် အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် အာဆီယံ အဆင့်မြင့်လုပ်ငန်းအဖွဲ့မှ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးလုပ်ငန်းများ ခိုင်မာစေရေး၊ အာဆီယံ၏ လုပ်ငန်းစဉ်များနှင့် အာဆီယံအဖွဲ့များ၏ လုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန်အတွက် အကြံပြုချက်များကို ဆွေးနွေးခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာ၌ ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပမည့် AANZFTA Economic Cooperation Budget Subcommittee အစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးမှကိုယ်စားလှယ် တက်ရောက်နိုင်ရန်အတွက် ဘာသာရပ်ဆိုင်ရာ အချက်အလက်များအား ပြုစုပေးပို့ခဲ့ပါသည်။

ASEAN – Russia Trade and Investment Cooperation Roadmap တွင် နောက်ဆက်တွဲအဖြစ် ထည့်သွင်းရန် ရုရှားဖက်မှ အာဆီယံနိုင်ငံများသို့ ပေးပို့ထားသည့် စီမံချက် (၄၄) ခုတွင် စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် UMFCCI တို့မှ ပေးပို့ထားသော ပူးပေါင်းဆောင်ရွက်လိုသည့် စီမံချက် စာရင်းများ စုစည်း၍ (၂-၁၁-၂၀၁၄) ရက်နေ့တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ခဲ့ပါ သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့ရှိ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံး၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁၃) ရက်နေ့တွင် ကျင်းပမည့် (၁၄၁) ကြိမ်မြောက် ဘင်းမ်စတက်လုပ်ငန်းအဖွဲ့ အစည်းအဝေးအတွက် ဆွေးနွေးရန် အချက်အလက်များအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပါသည်။

မြန်မာနိုင်ငံ၊ နေပြည်တော်၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁၂) ရက်နေ့မှ (၁၃) ရက်နေ့အထိ ကျင်းပခဲ့သည့် (၂၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များ၌ နိုင်ငံတော်သမ္မတမှ ပြောကြားမည့်မိန့်ခွန်းများ၊ 25th ASEAN Summit - Plenary Session ၊ 12th ASEAN-India Summit၊ 17th ASEAN - Japan Summit၊ ASEAN-Australia 40th Anniversary Commemorative Summit၊ 6th Mekong - Japan Summit ၊ 2nd ASEAN-United States of America Summit နှင့် 17th ASEAN - China Summit တို့တွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထည့်သွင်းလိုသည့် အချက်အလက်များအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

ပုဂံမြို့၌ ၂၀၁၄ခုနှစ် နိုဝင်ဘာလ (၅) ရက်နေ့တွင် ကျင်းပခဲ့သည့် (၂၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကာလအတွင်း အမျိုးသမီးသီးခြား အစီအစဉ် ပြုလုပ်မည့်ကိစ္စနှင့် စပ်လျဉ်း၍ ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၏ ဝန်ဆောင်မှုအခန်းတွင် ပူးတွဲမည့် ဝန်ဆောင်မှုကဏ္ဍ/ကဏ္ဍခွဲ ကတိကဝတ်ပြုမှုဇယားများနှင့် စပ်လျဉ်းသည့် ကြိုတင်ညှိနှိုင်းအစည်းအဝေးအား ကျင်းပခဲ့ပြီး ဂျပန်ဘက်မှ ပေးပို့ထားသော ထပ်မံ အဆိုပြုချက်အပေါ် သက်ဆိုင်ရာဌာနများမှ offer ပေးနိုင်မည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ပါသည်။

အာဆီယံ-ဂျပန် ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၏ ဝန်ဆောင်မှုအခန်းတွင် ပူးတွဲမည့် ဝန်ဆောင်မှုကဏ္ဍ/ကဏ္ဍခွဲ ကတိကဝတ်ပြုဇယားများနှင့် စပ်လျဉ်း၍ ဂျပန်ကိုယ်စားလှယ်အဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ညှိနှိုင်း အစည်းအဝေးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၌ ၁၈-၁၁-၂၀၁၄ ရက်နေ့တွင် ကျင်းပခဲ့ ပါသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံမှ အခြားအာဆီယံ နိုင်ငံများနှင့်အတူ ဝန်ဆောင်မှု ကဏ္ဍ/ကဏ္ဍခွဲ ကတိကဝတ်ပြုစာရင်းများကို အချိန်နှင့် တစ်ပြေးညီ ညှိနှိုင်းဆွေးနွေး နိုင်ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UN ESCAP) တို့ ပူးပေါင်းကျင်းပခဲ့သည့် Advance Training on WTO Agreement and Notification Requirements နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ကုန်သွယ်မှုဆန်းစစ်ခြင်းလုပ်ငန်း (TPR) ဆိုင်ရာ WTO Notification Workshop သို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အာဆီယံဌာနမှ ကိုယ်စားလှယ်တစ်ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ WTO Notification နှင့်ပတ်သက်သည့် သင်တန်းနှင့် ဆွေးနွေးပွဲတွင် Overview of WTO, GATS and TLSA ၊ SPS နှင့် TBT တို့နှင့်ပတ်သက်သည့်အကြောင်းအရာများ၊ GATS ဆိုင်ရာ Notification ပြုလုပ်ရန် လိုအပ်သည့် ကိစ္စများ၊ WTO Website တွင် Notification နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရှာဖွေခြင်း၊ Agriculture နှင့်ပတ်သက်သည့် Notification ပြုလုပ်ရန် လိုအပ်နေသည့်

ကိစ္စများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပြီး သိရှိလိုအပ်သည်များကို မေးမြန်းဆွေးနွေး အဖြေရှာခြင်းများ ပြုလုပ်ကြပါသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၄-၂၆ ရက်နေ့တို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံ- ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အစည်းအဝေးတွင် ဆွေးနွေးနိုင်ရန် ကုန်သွယ်မှုစာရင်းများအား အချိန်မီပေးပို့နိုင်ရေးနှင့် Exclusion List မထားရှိရေးတို့နှင့် ပတ်သက်၍ ပြည်တွင်းဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသားစီမံကိန်း နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်း၍ AEC Awareness အတွက် "အာဆီယံ စီးပွားရေး ပညာရပ်ကျွမ်းကျင်မှု " လက်မှတ်ရ အချိန်ပိုင်းသင်တန်း (သတ္တမအသုတ်) အား (၂၅-၁၁-၂၀၁၄) ရက်နေ့မှ (၁၃-၂-၂၀၁၅) ရက်နေ့အထိ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ဖွင့်လှစ်ပြီး သင်တန်းသား (၉၀) ဦးကို ပို့ချ သင်ကြားပေးနိုင်ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသန (အီးအာရ်အိုင်အေ) တို့ ပူးပေါင်း၍ Myanmar-ERIA-Harvard Symposium ကို (၂၉-၁၁-၂၀၁၄) ရက်နေ့တွင် နေပြည်တော်၌ အောင်မြင်စွာ ကျင်းပခဲ့ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) နှင့် အရှေ့အာရှဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှ ပြည်သူထံသို့ ပို့ဆောင်ခြင်း၊ အေအီးစီ ၂၀၁၅ နှင့် ၂၀၁၅ အလွန် အသေးစား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စိန်ခေါ်မှုများနှင့် ညှိနှိုင်းမှုများအား ပြင်ဆင်ခြင်း၊ အာဆီယံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းယှဉ်ပြိုင်နိုင်မှု ပိုမိုဆောင်ရွက်ခြင်းအားဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အကျိုးကျေးဇူးများအား အမြင့်မားဆုံး ဆောင်ရွက်ခြင်းနှင့် ငြိမ်းချမ်းသာယာသောအသိုက်အဝန်း တည်ဆောက်မည့် နည်းလမ်းတို့ကို ဆွေးနွေးခဲ့ကြပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့မှ (၁၁) ရက်နေ့အထိ ကျင်းပခဲ့သည့် ၂၀၁၄ခုနှစ် အာဆီယံ-ကိုရီးယား အထိမ်းအမှတ်ထိပ်သီးအစည်းအဝေး၊ 2014 ASEAN- ROK Business Council အစည်းအဝေးနှင့် 2014 ASEAN-ROK CEO Summit သို့ ပြည်ထောင်စုဝန်ကြီး လိုက်ပါတက်ရောက်ခဲ့ပါသည်။

အာဆီယံပေါင်းစပ်ဆက်သွယ်ရေးဆိုင်ရာ ASEAN Public Private Partnership (PPP) Programme APP စီမံချက်နှင့် ပတ်သက်ပြီးနိုင်ငံအလိုက် လေ့လာစာရင်းပြုစုပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများ၊ ငွေအရင်းအနှီး အထောက်အပံ့ပြုလုပ်လိုသူ

အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံရှိ ဘာသာရပ်ဆိုင်ရာ ဌာနများ (၃-၁၂-၂၀၁၄) ရက်နေ့တွင် တွေ့ဆုံ၍ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး Master Plan on ASEAN Connectivity ပါ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် လုပ်ငန်းစီမံချက်များ၏ ဦးစားပေးအခြေအနေ ဆန်းစစ်ခြင်းအတွက် အချက်အလက်နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေတို့ကို ဖော်ပြဆွေးနွေးနိုင်ခဲ့ပါသည်။

Park Royal Hotel ၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ကျင်းပသည့် အာဆီယံ ဝန်ဆောင်မှုကဏ္ဍ ကတိကဝတ်ပြုဇယားများ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီးဆွေးနွေးပွဲတွင် ဝန်ဆောင်မှုကတိကဝတ်ပြုဇယားများ ရေးဆွဲရာတွင်အသုံးပြုသော positive list၊ negative list နှင့် hybrid list တို့၏ကွာခြားမှုများ၊ လက်မှတ်ရေးထိုးပြီးသည့် လွတ်လပ်သော ကုန်သွယ်မှု ဒေသသဘောတူစာချုပ်များ၏ negative list နှင့် hybrid list ရေးဆွဲမှုဥပမာများနှင့် negative list ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ စသည်တို့ လေ့လာသိရှိခွင့် ရရှိခဲ့ပါသည်။

အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၏ဝန်ဆောင်မှုအခန်းတွင် ပူးတွဲမည့် ဝန်ဆောင်မှုကဏ္ဍ/ကဏ္ဍခွဲ ကတိကဝတ်ပြုဇယားများအား အတည်ပြုရန်ကိစ္စနှင့် ဝန်ဆောင်မှုအခန်းနှင့် လူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုအခန်းအတွက် Initial offer ပြင်ဆင်/ အတည်ပြုပေးပါရန်ကိစ္စတို့ကို ဘာသာရပ်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၁၅ ပြည့်မီအောင်မြင်ရေးနှင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်အောင်မြင်စွာထမ်းဆောင်နိုင်ရေးအတွက် အာဆီယံဒေသတွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးလုပ်ငန်း စီမံချက်ပါ လုပ်ငန်းကော်မတီတို့နှင့် (၁၇) ကြိမ်မြောက် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး အေအီးစီ ၂၀၁၅ ပြည့်မီအောင်မြင်ရေးအတွက် လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် အထူးဖြေရှင်းဆောင်ရွက်ရန်ကိစ္စတို့ကို ညှိနှိုင်းခဲ့ပါသည်။

CLMV Action Plan 2014 အကောင်အထည်ဖော်နိုင်မှုအခြေအနေ နှင့် CLMV Action Plan 2015 updates များကို (၆-၁-၂၀၁၅) ရက်နေ့တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ကာ မူလအာဆီယံအဖွဲ့ဝင် (၆) နိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်

(၄) နိုင်ငံတို့အကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး အထောက်အကူပြုရန် ဘာသာရပ်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ လုပ်ငန်းစီမံချက်များ အဆိုပြုနိုင်ခဲ့ပါသည်။

အာဆီယံကနဦးပေါင်းစည်းရေးအစီအစဉ် (IAI) မှ IAI Work Plan III Post -2015 IAI Work Plan (မူကြမ်း) ရေးဆွဲရေးကိစ္စနှင့် စပ်လျဉ်းသည့် ဝန်ကြီးဌာန (၂၄) ခုမှ လုပ်ငန်းစီမံချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနသို့ (၆-၁-၂၀၁၅) ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိုမြို့တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့မှ (၁၆) ရက်နေ့အထိကျင်းပသည့်အကြိမ် (၈၀)မြောက် အာဆီယံဝန်ဆောင်မှုညှိနှိုင်းရေးကော်မတီ အစည်းအဝေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ ကမ္ဘောဒီးယားနိုင်ငံ၊ မြန်မာသံရုံးမှ ကိုယ်စားလှယ် တက်ရောက်ပေးနိုင်ရန်အတွက် ဘာသာရပ်ဆိုင်ရာ အချက်အလက်များ ပြုစုပေးပို့ခဲ့ပါသည်။

အာဆီယံ-အမေရိကန် မိတ်ဘက်ဆက်ဆံရေးတိုးမြှင့်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ် (၂၀၁၆-၂၀၂၀) (မူကြမ်း) အပေါ် ဘာသာရပ်ဆိုင်ရာဌာနများသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ (၁၉-၁-၂၀၁၅) ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

AEC အကဲဖြတ်မှတ်တမ်း အကောင်အထည်ဖော်မှုတွင် မြန်မာနိုင်ငံ၏ အခြေအနေအား Updated လုပ်နိုင်ရန်အတွက် ဘာသာရပ်ဆိုင်ရာဌာန (၃၀) သို့ အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေကို တောင်းခံခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးမှ ဆောင်ရွက်သော Measures များ၊ CLMV လေးနိုင်ငံမှ ဆောင်ရွက်သော Measures များ၊ အာဆီယံနိုင်ငံအချို့နှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်သော Measures များနှင့် မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျန်ရှိနေသော Measures များတို့နှင့် ပတ်သက်၍ Update ပြုလုပ်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ (၂၂- ၁-၂၀၁၅) ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၂၀၁၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၊ မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးထံသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ထောက်ခံပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တဆင့် (၂၂- ၁-၂၀၁၅) ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၂၁) ရက်နေ့မှ (၂၄) ရက်နေ့အထိ ကျင်းပခဲ့သည့် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၁/၄၆) ကြိမ်မြောက်

အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ် (၂) ဦး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အေအီးစီ ၂၀၁၅ အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် စိန်ခေါ်မှုများ၊ ၂၀၁၅ ခုနှစ်အလွန် ရည်မှန်းချက်များ၊ မလေးရှားနိုင်ငံ၏ ၂၀၁၅ ခုနှစ် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးကိစ္စနှင့် ASEAN Business Travel Card (ASEAN BTC) အကောင်အထည်ဖော်ရေးတို့ကို အဓိကဆွေးနွေးခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာနခွဲ ကျင်းပပြုလုပ်ခဲ့သည့် WCO HS (2017) နှင့် AHTN HS (2017) ပြင်ဆင်ချက်များကို အခြေခံပြီး မြန်မာ့အကောက်ခွန်နှုန်းစာရင်း (၂၀၁၇) (MCT 2017) ပြင်ဆင်ရေးဆွဲရေးဆိုင်ရာ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး H.S 2012 မှ H.S 2017 သို့ ပြောင်းရွှေ့ချိတ်ဆက်ရာတွင် အခန်း (၇၄) မှ (၈၄) အထိ ပြင်ဆင်ချက်များ၊ ပယ်ဖျက်ရေးများနှင့် အစားထိုးမှုများ ရှိနိုင်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါ သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် National Seminar on Industrial Designs and Trademarks သို့ တက်ရောက်ခဲ့ပြီး Seminar တွင် မြန်မာနိုင်ငံ၏ လက်ရှိ IP System၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ Trademark System နှင့် Design System တို့နှင့် ပတ်သက်၍ ၄င်းတို့၏ အသုံးပြုမှုများနှင့် သွင်ပြင်လက္ခဏာများကို ဆွေးနွေးခဲ့ကြပါသည်။

၂၀၁၅ ခုနှစ်၊ အာဆီယံစီးပွားရေး အသိုက်အဝန်းဖြစ်ပေါ်စေရေးတွင် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သော ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းစေနိုင်ရေးအတွက် စီးပွားရေးဝန်ဆောင်မှု ကဏ္ဍ (Business Services) နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဒဿမအသုတ်တွင် ဖြေလျှော့ပေးနိုင်မည့် ဝန်ဆောင်မှုကဏ္ဍခွဲ အသစ်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး သို့ အချိန်မီပေးပို့နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ဆောင်မှုကဏ္ဍခွဲအလိုက် Schedule of Specific Commitments ဇယားပြုစုပြီး ပြန်လည်ပေးပို့နိုင်ရန် (၂-၂-၂၀၁၅) ရက်နေ့တွင် ဘာသာရပ်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ဒုတိယအကြိမ် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် အရာထမ်းငယ်များ တွဲဖက်လေ့ကျင့်ရေးအတွက် မြန်မာနိုင်ငံမှ အရာထမ်းငယ်(၂) ဦးသည် (၂-၂-၂၀၁၅) ရက်နေ့မှ (၁-၂-၂၀၁၆) ရက်နေ့အထိ တွဲဖက်လေ့ကျင့်ရန် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့ရှိ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ စေလွှတ်နိုင်ခဲ့ပါသည်။

မလေးရှားနိုင်ငံ၌ ၂၀၁၅ ခုနှစ်၊ ဧပြီလအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီး အစည်းအဝေးဖွင့်ပွဲ အခမ်းအနား၏ အဓိကအစီအစဉ်တွင် ပြဿနိုင်ရန် မြန်မာနိုင်ငံမှ အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ မဏ္ဍိုင်အောက်ရှိ သက်ဆိုင်သည့် နယ်ပယ်အလိုက် အသိအမှတ် ပြုခံရသည့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ ကမ္ဘာ့အဆင့်နှင့် အာဆီယံအဆင့် စီးပွားရေးလုပ်ငန်း များတွင်လည်း ထူးချွန်ဆု ရရှိသူများ၏ အမည်စာရင်းနှင့် ဓာတ်ပုံ Hard Copy၊ Soft Copy များကို သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးနှင့် ညှိနှိုင်းစုစည်း၍ (၄-၂-၂၀၁၅) ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

တရုတ်နိုင်ငံ၊ ဘေကျင်းမြို့၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၄) ရက်နေ့မှ (၆) ရက်နေ့အထိ ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲ ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို အဆင့်မြှင့်တင်ရန် ဆွေးနွေး ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ခုနှစ်၊ မတ်လ (၁၀) ရက်နေ့မှ (၁၂) ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကျင်းပမည့် (၇) ကြိမ်မြောက် ဒေလီဆွေးနွေးပွဲတွင် Building Connectivity India and ASEAN ခေါင်းစဉ်အောက်တွင်ဆွေးနွေးမည့်အချက်အလက်များအား (၅-၂-၂၀၁၅) ရက်နေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ပြုစုပေးပို့ခဲ့ပါသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့မှ (၁၃) ရက်နေ့အထိ ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေး ညှိနှိုင်းမှုကော်မတီ (RCEP-TNC) အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေး များသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်(၄) ဦး စေလွှတ်ခဲ့ပြီး မြန်မာနိုင်ငံမှ အခြားအာဆီယံနိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်နိုင်မှု အခြေအနေကို တင်ပြဆွေးနွေးခဲ့ပါသည်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ(၁၅) ရက်နေ့တွင် ကျင်းပ ခဲ့သည့် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (၂၇) ကြိမ်မြောက် အစည်းအဝေး (27th HLTF-EI) အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်(၂) ဦး တက်ရောက် ခဲ့ပြီး AEC Blueprint Measure များကိစ္စ၊ RCEP ကိစ္စ၊ Post 2015 Vision and Framework Paper on 2025 တို့ကို ဆွေးနွေးခဲ့ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ စီးပွားရေးဝန်ကြီးများမှ လက်မှတ်ရေးထိုးခဲ့သော ASEAN Mutual Recognition Arrangement on Accountancy Services ၏ Certified True Copy အား အာဆီယံအတွင်းရေးမှူးချုပ်မှ ပေးပို့လာမှုအပေါ် ဆက်လက်ဆောင်ရွက်နိုင်ပါရန် (၁၈-၂-၂၀၁၅) ရက်နေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပေးပို့ခဲ့ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးသို့ ကမ္ဘာ့ဘဏ်မှ ပြုစုပေးပို့လာသည့် "Summary of Connectivity Consultations: Establishment of Short List of Potential PPP Projects" အပေါ် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဌာန အသီးသီးမှ ရရှိသော သဘောထားမှတ်ချက်များအား (၁၉-၂-၂၀၁၅) ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ အာဆီယံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးသို့ ပေးပို့ပါသည်။

AEC Blueprint Measures and Deliverables for 2015 နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန (၂၁) ခုနှင့် (၂၃-၂-၂၀၁၅) ရက်နေ့အထိ အစည်းအဝေးပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံမှ AEC အကောင်အထည်ဖော်မှု၏ နောက်ဆုံးအခြေအနေကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ပါသည်။

Economic Research Institute for ASEAN and East Asia (ERIA) သို့ ၂၀၁၄ခုနှစ်အတွက် ရန်ပုံငွေ အမေရိကန် ဒေါ်လာ (၁၀၀၀၀) ထည့်ဝင်ရေးအတွက် MFTB (ရန်ကုန်) သို့ (၂၃-၂-၂၀၁၅) ရက်နေ့တွင် ငွေပေးသွင်းခဲ့ပါသည်။

အာဆီယံ-ကိုရီးယား ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင် သဘောတူစာချုပ် အောက်ရှိ ကုန်စည်ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် (AKTIGA) ကို ပြင်ဆင်သည့် 3rd Protocol Draft အပေါ် ပြင်ဆင်ဖြည့်စွက်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ (၂၅-၂-၂၀၁၅) ရက်နေ့တွင် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

မလေးရှားနိုင်ငံ၊ ကီလန်တန်မြို့၌ (၂၈-၂-၂၀၁၅) ရက်နေ့မှ (၁-၃-၂၀၁၅) ရက်နေ့အထိ ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၂၁) ကြိမ်မြောက် သီးသန့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်(၄) ဦး တက်ရောက်ခဲ့ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းကို ၂၀၁၅ ခုနှစ် နှစ်ကုန်တွင် အကောင်အထည်ဖော်နိုင်ရေးအတွက် AEC Measures ကို ၂၀၁၅ ခုနှစ်တွင် ရည်မှန်းချက် ပြည့်မီအောင် အကောင်အထည်ဖော်ရန်ကိစ္စ၊ RCEP initial offer ကိစ္စနှင့် အာဆီယံစီးပွားရေးကောင်စီများမှ ဝန်ကြီးများထံ အစီရင်ခံမည့် နည်းလမ်းတို့ကို အဓိက ဆွေးနွေးခဲ့ပါသည်။

မလေးရှားနိုင်ငံ၊ ကီလန်တန်ပြည်နယ်၊ ကိုတာဘာရူမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ စီးပွားရေး အဆင့်မြင့်အရာရှိများ၏ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၂၁) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ သီးသန့် အစည်းအဝေးမှ ထွက်ပေါ်လာသည့် ရလဒ်များအား (၅-၃-၂၀၁၅) ရက်နေ့တွင် အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ဘာသာရပ်ဆိုင်ရာ ဌာနများသို့ အသိပေးခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၂၀၁၅ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့မှ (၂၆) ရက်နေ့အထိ ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ ဖိုရမ်တွင် ဆွေးနွေးပြောကြားနိုင်ရန် အတွက် အာဆီယံနှင့် ဩစတြေးလျ၊ မြန်မာနှင့် ဩစတြေးလျနိုင်ငံဆိုင်ရာ အချက်အလက်များ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ (၆-၃-၂၀၁၅) ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ် ဩဂုတ် (၂၄) ရက်နေ့တွင် ASEAN - Russia Expert Dialogue on E- Commerce ပြုလုပ်ရေးအတွက် ရုရှားနိုင်ငံ၏ အဆိုပြုချက် အပေါ် သဘောထားမှတ်ချက်ပေးပို့ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တစ်ဆင့် ပေးပို့လာပါ သဖြင့် ဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့နှင့် (၆-၃-၂၀၁၅) ရက်နေ့တွင် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ASEAN Policy Framework on Public-Private Sector Partnership for Technology Development and Innovation ရေးဆွဲပြုစုရေးနှင့် စပ်လျဉ်း၍ Questionnaire များအား ဖြေကြားပေးပါရန်ညှိနှိုင်း အကြောင်းကြားလာသည့် အပေါ် သဘောထားမှတ်ချက်ကို(၉-၃-၂၀၁၅) ရက်နေ့တွင် ပြန်ကြားခဲ့ပါသည်။

အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေး သဘောတူစာချုပ်ကိုပြင်ဆင်သည့် ပထမအခြေပြစာချုပ် အာဏာသက်ဝင်ရေးအတွက် ပြည်တွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးကြောင်း စာချုပ်ဝင်နိုင်ငံများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ (၁၀-၃-၂၀၁၅) ရက်နေ့တွင် အသိပေး အကြောင်းကြားစာ ပေးပို့ နိုင်ခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်တွင် ၂၀၁၅ခုနှစ် မတ်လ(၁၀) ရက်နေ့မှ (၁၂)ရက်နေ့အထိ ကျင်းပပြုလုပ်သည့် တတိယအကြိမ် အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး ကော်မတီ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်(၆) ဦးတက်ရောက်ခဲ့ပြီး အာဆီယံ-

ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အဓိက ဆွေးနွေးခဲ့ပါသည်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ၂၀၁၅ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် ကျင်းပခဲ့သည့် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးအတွက် ပူးတွဲအကြိုညှိနှိုင်း အစည်းအဝေးသို့ ကိုယ်စားလှယ်(၂) ဦးတက်ရောက်ခဲ့ပြီး အာဆီယံထိပ်သီး အစည်းအဝေးအတွက် မဏ္ဍိုင်အလိုက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များ၊ Notional Calendar နှင့် ထိပ်သီး အစည်းအဝေး အတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

နိုင်ငံတော်သမ္မတဦးစီးရုံး၏ခွင့်ပြုချက်ဖြင့် ASEAN Business Advisory Council (ABAC) မှ ဆောင်ရွက်သည့် ASEAN Young Entrepreneurs Association (AYEA) တွင် Myanmar Young Entrepreneurs Association (MYEA) အား မြန်မာနိုင်ငံ ကိုယ်စားပြုအသင်း အဖြစ် သတ်မှတ်ကြောင်းကို (၁၂-၃-၂၀၁၅) ရက်နေ့တွင် အာဆီယံစီးပွားရေး အကြံပေးကောင်စီဥက္ကဋ္ဌ ဖြစ်သည့် မလေးရှားနိုင်ငံသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။

အာဆီယံ+၃ မက်ခရို စီးပွားရေးသုတေသနရုံး ထူထောင်ခြင်း သဘောတူညီချက်(The Agreement Establishing ASEAN+3 Macroeconomic Research Office-AMRO) ကို စင်ကာပူသမ္မတနိုင်ငံအနေဖြင့် ၎င်း၏ ပြည်တွင်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးစီးကြောင်းကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး သို့ Instrument of Ratification ပေးပို့ပြီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြောင်းကြားလာပါသဖြင့် (၁၂-၃-၂၀၁၅) ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဗဟိုဘဏ် တို့သို့ အကြောင်းကြားခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အာဆီယံနိုင်ငံအချင်းချင်း ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ် (ASEA Framework Agreement on the Facilitation of Inter-State Transport) အား လက်ခံအတည်ပြုကြောင်း ပြန်ကြားနိုင်ရေး (Ratification) အတွက် သဘောထားမှတ်ချက်ကို (၁၈-၃-၂၀၁၅) ရက်နေ့တွင် ပြန်ကြားခဲ့ပါသည်။

ASEAN နှင့် EFTA အကြား FTA ထူထောင်ရေးအပေါ် မြန်မာနိုင်ငံမှ ထောက်ခံပေးပါရန် နော်ဝေနိုင်ငံမှ အဆိုပြုလာခြင်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြန်ကြားစာ ကို (၂၀-၃-၂၀၁၅) ရက်နေ့တွင် ပေးပို့ပါသည်။

စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး ဆပ်ကော်မတီအနေဖြင့် စီးပွားရေး ဝန်ဆောင်မှုကဏ္ဍ (Business Services) အောက်တွင် ဒဿမအသုတ်အတွက် ဖြေလျှော့ပေးနိုင်မည့် ဝန်ဆောင်မှုကဏ္ဍခွဲအသစ် (၄) ခုကို ဝန်ဆောင်မှုများလွတ်လပ်စွာ စီးဆင်းစေနိုင်ရေး လုပ်ငန်းကော်မတီသို့ (၂၅-၃-၂၀၁၅) ရက်နေ့တွင် ပေးပို့ပါသည်။

၂၀၁၅ ခုနှစ်အတွင်း အာဆီယံစီးပွားရေးဝန်ကြီးများမှ လက်မှတ်ရေးထိုးရန်ရှိသည့် ဒဿမအသုတ် ကတိကဝတ်များ အကောင်အထည်ဖော်ရေး အခြေပြုစာချုပ်အတွက် စီးပွားရေး ဝန်ဆောင်မှု ကဏ္ဍအောက်ရှိ ဝန်ဆောင်မှုကဏ္ဍခွဲများ ဖြေလျှော့နိုင်ရန် သက်ဆိုင်ရာဌာနများသို့ (၂၅-၃-၂၀၁၅) ရက်နေ့တွင် ညှိနှိုင်း အကြောင်းကြားခဲ့ပါသည်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ၂၀၁၅ခုနှစ် ဧပြီလ (၂၆) ရက်နေ့မှ (၂၇) ရက်နေ့အထိ ကျင်းပမည့် (၂၆) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်ရန်ရှိသည့် ပြည်သူကို ဗဟိုပြုသည့် အာဆီယံပေါ်ပေါက်ရေးဆိုင်ရာ ကွာလာလမ်ပူကြေညာချက် (Kuala Lumpur Declaration on a People Centered ASEAN) မူကြမ်းတွင် စီးပွားရေးအပိုင်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်သဘောထားအား (၂၅-၃-၂၀၁၅) ရက်နေ့တွင် ပြန်ကြားခြင်း၊ နိုင်ငံတော်သမ္မတကြီးမိန့်ခွန်း၌ Challenges Facing ASEAN ထည့်သွင်းဖော်ပြလိုသည့် အချက်အလက်များကို ပြုစုခြင်း၊ အာဆီယံနိုင်ငံများမှ အကြီးအကဲများ၏ ဧနီးဖိုရမ်တွင် နိုင်ငံတော်သမ္မတကြီး၏ ဧနီးမှ ဆွေးနွေးပြောကြားနိုင်ပါရန် အချက်အလက်များကို ပြုစုခြင်းတို့ကို ဆောင်ရွက်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း၌ မြန်မာနိုင်ငံစာရင်းကောင်စီမှ ကြီးမှူးပြုလုပ်သည့် ဒီပလိုမာစာရင်း (ပထမပိုင်း) သင်တန်း၌ ဧန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း တနလ်ာနေ့နှင့် သောကြာနေ့တို့တွင် စာရင်းအင်းပညာ ဘာသာရပ်အား သင်တန်းပို့ချခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့်ပူးပေါင်းဆောင်ရွက်မှု

အာရှဖွံ့ဖြိုးရေးနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့နှင့် ၃ရက်နေ့တို့တွင် ADB Awareness Building Seminars ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိများနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုင်းနိုင်ငံအခြေစိုက် IMF TA Office (TAOLAM) ၏အစီအစဉ်ဖြင့် Overview of Macroeconomics ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ မှ ၃

ရက်နေ့အထိ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၁)တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ ဆွေးနွေးပွဲ မှ Macroeconomic ဆိုင်ရာ ဆန်းစစ်လေ့လာမှု၊ ခန့်မှန်းတွက်ချက်မှုတို့နှင့် အကျွမ်းတဝင်ရှိစေရန်၊ Macroeconomic ဆိုင်ရာ မူဝါဒချမှတ်ခြင်းတို့ကို အခြေခံအားဖြင့် သိရှိနားလည်စေပြီး၊ မြန်မာနိုင်ငံတွင် Macroeconomic Frame work ထူထောင်ရေးအတွက် အထောက်အကူပြုစေမည့် အဓိကကျသည့် Macroeconomic Sectors များအကြောင်း ခြုံငုံသိရှိခဲ့ခြင်း၊ Macroeconomic Sectors များအကြား အပြန်အလှန် ချိတ်ဆက်ထားမှုများ နှင့် Macroeconomic Policy ဆိုင်ရာ ရည်မှန်းချက်များနှင့် အဆိုပါ ရည်မှန်းချက်များ ရရှိစေရေးအတွက် အဓိကကျသည့် Policy Tools များကို လေ့လာသိရှိခွင့် ရရှိစေ ခဲ့ပါသည်။

မဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(ကျိုအမ်အက်စ်)

ပဉ္စမအကြိမ်မြောက် ကျိုအမ်အက်စ်ထိပ်သီးအစည်းအဝေးကို "ကျိုအမ်အက်စ် ဒေသတွင် အားလုံး ပါဝင်ခံစားနိုင်ပြီး ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက် မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် မဲခေါင်နိုင်ငံ (၆) နိုင်ငံမှ နိုင်ငံခေါင်းဆောင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ကျိုအမ်အက်စ်ဒေသမှာ ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့ပြီး အားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးမှုဖြစ်ရေး၊ အခြားဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် အရင်းအမြစ်များ စုစည်းရရှိရေး နည်းလမ်းများ စသည့် ခေါင်းစဉ်ဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခေါင်းဆောင်များမှ ဆွေးနွေးခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှု မူဘောင် (၂၀၁၃-၂၀၂၂) (Regional Investment Framework-RIF-2013-2022) အရ အကောင်အထည်ဖော်မှု စီမံချက် (၂၀၁၄-၂၀၁၈) (RIF- Implementation Plan-2014-2018) ကို အတည်ပြုနိုင်ခဲ့ပါသည်။

မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ GMS Framework to Improve Competitiveness and climate-friendly agriculture learning program ကို ၂၀၁၅ ခုနှစ် ဧနနဝါရီလ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ပုဂံမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစီအစဉ်သို့ မြန်မာနိုင်ငံ အပါအဝင် မဲခေါင်ဒေသခွဲ နိုင်ငံ(၆) နိုင်ငံမှ ကိုယ်စားလှယ် (၃၀) ဦးခန့် ပါဝင်

တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်တွင် နိုင်ငံများ၌ ရာသီဥတုနှင့်အညီ စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အတွေ့အကြုံများ၊ စိန်ခေါ်မှုများ၊ စိုက်ပျိုးရေး ထုတ်ကုန်များအတွက် ယှဉ်ပြိုင်မှုများ စသည်တို့ကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (အိုအီးစီဒီ)နှင့် ပူးပေါင်းဆောင်ရွက်မှု

OECD မှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၌ Multi-Dimensional Review of Myanmar: second phase (Draft report) နှင့် စပ်လျဉ်း၍ နေ့တစ်ဝက်အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေး၏ရည်ရွယ်ချက်မှာ Second Reportတွင် ပါဝင်သည့် Transforming from an agricultural to an industry- and service-based economy, Filling the skills gap နှင့် Financing development ကိစ္စရပ်တို့အပေါ် ပြန်လည်ဆွေးနွေးသုံးသပ်ရန် ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ တိုးတက်မှုများ၊ အောင်မြင်မှုများ၊ အားနည်းချက်များ၊ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများအပေါ် သုံးသပ်ထားမှုကို ယင်းအစည်းအဝေးမှ လေ့လာသိရှိခဲ့ရပါသည်။

OECD အဖွဲ့သည် မူဝါဒဆိုင်ရာဆွေးနွေးခြင်း နှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Policy Dialogue and Capacity Development Workshop) ကို "Open Government from Recommendations to Implementation" ခေါင်းစဉ်ဖြင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် အမျိုးသားစီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ OECD အနေဖြင့် မြန်မာနိုင်ငံ၏ ပွင့်လင်းသည့် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကကဏ္ဍများ၏ ပြုပြင်ပြောင်းလဲမှုများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များ နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်များအား ရှင်းလင်းတင်ပြခြင်းအပေါ် မြန်မာနိုင်ငံမှလည်း လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားနိုင်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပွင့်လင်းအစိုးရဖြစ်ပေါ်လာရေးတွင် ပွင့်လင်းမှု၊ ထင်သာမြင်သာရှိမှုတို့ကို ဖော်ထုတ်ရာ၌ အထောက်အပံ့ပြုစေနိုင်မည့် အချက်အလက်များ (ကျင့်ဝတ်စည်းကမ်းများ-Code of Conduct အပါအဝင်) ကို လေ့လာသိရှိခွင့်ရခဲ့ခြင်း၊ ယင်းတို့တွင် OECD Open Government Analytical Framework – OGAF) နှင့် စပ်လျဉ်း၍ လည်းကောင်း၊ Open

Government reforms နှင့် သက်ဆိုင်သည့်ဧရိယာများ နှင့် ပွင့်လင်းသော အစိုးရမဟာမိတ်တွင် ပါဝင်နိုင်ရန်အတွက် နိုင်ငံများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် ဧရိယာ(၄) ခုနှင့် စပ်လျဉ်းသည့် ကတိကဝတ်ပြုမှုများတို့ကို သိရှိခဲ့ပါသည်။

မြန်မာနိုင်ငံမှလည်း Ongoing Public Sector Reforms in Myanmar နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့၍ လက်ရှိကာလ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အခြေအနေများကို နိုင်ငံတကာ အဖွဲ့အစည်းတို့သို့ ရှင်းလင်းပြောကြားနိုင်ခဲ့သည့် အကျိုးကျေးဇူးများ ရရှိစေခဲ့ပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ကျွမ်းကျင်မှုအကူအညီ Cluster Regional-Research and Development Technical Assistance (C-R-RDTA) Country Diagnostic Studies in Selected Developing Member Countries ဖြင့် နိုင်ငံဆိုင်ရာ အကဲဖြတ် ဆန်းစစ်လေ့လာမှု အစီရင်ခံစာ (Country Diagnostic Studies-CDS) ကို Myanmar: Unlocking the Potential ခေါင်းစဉ်ဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်နေမှုများ၊ လက်ရှိဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Organization of Economic and Cooperation Development-OECD) ၏ မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံပြန်လည်သုံးသပ်ချက် ဒုတိယ အစီရင်ခံစာ (Multi-Dimensional Review of Myanmar: Second Phase) ထုတ်ဝေသည့် အခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိ (၃၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။